# မဟာသတိပဋ္ဌာန်အကြောင်း

## သိကောင်းစရာ

ဝိပဿနာတရားများကို ကျင့်ကြံလိုသူ ဟောပြောလိုသူ
ဗဟုသုတလိုက်စားလိုသူတို့ အတွက်

ဦးဝရသာမိဘိဝံသ (ဓမ္မာစရိယ)

ရေးသားအပ်သော

# မဟာ
# သတိပဋ္ဌာန်အကြောင်း
## သိကောင်းစရာ

ဣန္ဒာသယပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
ပထမအကြိမ်။ (ဓမ္မဒါန) ၁၉၇၆-ခုနှစ်။
ဣန္ဒာသယ က

ဘာသာရေး ခွင့်ပြုချက် အမှတ်(၆၅၃)

ကင်းလွတ်ခွင့် အမှတ်(၁၇၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၂၁၃)

**ထုတ်ဝေသူ** .... ဦးဝရသာမိဘိဝံသ
တက္ကသိုလ်ပရိယတ္တိကျောင်း၊
အမှတ် ၇-ရပ်ကွက်၊ မြေနီလမ်း၊
သာကေတ၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** .... ဦးရွှေဝင်း မြဲ(၀၂၈၉၃)
ဣစ္ဆာသယပိဋကတ်စာပုံနှိပ်တိုက်၊
အမှတ်-၁၁၃၊ ၂၄-လမ်း၊
ရန်ကုန်မြို့။ ဖုံး-၇၅၀၀၅။

**အဖုံးရိုက်** .... ဣစ္ဆာသယစာပုံနှိပ်တိုက်။

**ပထမအကြိမ်** အုပ်ရေ (၁၀၀၀)

**ဓမ္မဒါန**

၁၃၄၈-ခု၊ သီတင်းကျွတ်လ။ ၁၉၈၆-ခု၊ အောက်တိုဘာလ။



ကျမ်းပြုဆရာတော် **ဦးဝရသာမီဘိဝံသ** (ဓမ္မာစရိယ)

# ဝိတ်ဆက်လွှာ

ကောယနော ယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောက
ပရိဒေဝါနံ သမတိက္ကမာယဲ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ
ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာ
ရော သတိပဋ္ဌာနာ။

ဤသတိပဋ္ဌာန်လေးပါးတရားတော်သည် သတ္တဝါတို့အား လောဘစသော ကိလေသာစင်ကြယ်ခြင်းငှာ တကြောင်းတည်းသော လမ်းခရီးဖြစ်၏၊ စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ကိုလည်း လွန်မြောက်တတ်၏၊ ဆင်းရဲခြင်း နှလုံးမသာယာခြင်းတို့၏ချုပ်ရာလည်းဖြစ်၏၊ မဂ်ဖိုလ်ကိုရရာလည်းဖြစ်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်လည်း ဖြစ်ပေတော့၏။

## ဝိပဿနာအားထုတ်လိုသူ

ထို့ကြောင့် ဤသတိပဋ္ဌာန်တရားတော်ကို ကြိုးစားအပ်ပေ၏၊ ကြိုးစားမှ သံသရာမှလွတ်မည်၊ ဤသို့ကြိုးစားရန် အတွက်လည်း ဤစာအုပ်သည် နေလပမာပေါ် ထွက်လာရပေ၏၊ ဤသတိပဋ္ဌာန် တရားတော်နှင့် ပတ်သက်၍ကား စာအုပ်စာပေ ပေါများပေ၏။ သို့ရာတွင် တချို့စာအုပ်များ ကျယ်ဝန်း၍၊ ကျက်မှတ်ခြင်းငှာလည်းကောင်း တရားအားထုတ်ခြင်းငှာလည်းကောင်း ခက်ခဲလှ၏၊ တချို့စာအုပ်များ ကျဉ်းလွန်း၍ ဟောပြောဖို့ရာ၌ အသုံးမဝင်ချေ၊ ထို့ကြောင့် ဤစာအုပ်သည် ကျယ်လည်း မကျယ်လွန်း၊ ကျဉ်းလည်း မကျဉ်းလွန်း၍ ကျက်မှတ်ဖို့လွယ်ကူ၏၊ ဆရာကိုယ်တိုင် ပြသည်နှင့်တူ၏၊ ဤ စာ အုပ် ပါ နည်းအတိုင်း ကျင့်ကြံအားထုတ်ဖို့ရန်လည်း ကောင်းကြောင်းကို ဤစာအုပ်ကို ဖတ်ရှုကြည့်က သက်သေခံပါလိမ့်မည်။

တရားအားထုတ်သောယောဂီသည် လျှောင်းထိုင်ရပ်သွား ဣရိယာပုထ် လေးပါတို့တွင် မိမိ တာရှည် နေနိုင်သော ဣရိယာပုတ် တခုခုဖြင့် ရှုပွားနိုင်၏။

ဤသုတ်လာ ကမ္ဗာအားလုံးကို ရုပ်နာမ်အားလုံးကို ရှုပွားဖို့မလို၊ ယောဂီ ကြိုက်နှစ်သက်ရာ နည်းတခုခုကို အားထုတ်နိုင်၏၊ တနည်းနည်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်နိုင်၏၊ နည်းအားလုံး ရုပ်နာမ်အားလုံးကိုသိဖို့ ရှုပွားဖို့မလိုပေ၊ အားလုံးကိုသိရခြင်းမှာ ဘုရားရှင်တို့၏ တာဝန်သာ။

## ဝိပဿနာတရားဟောလိုသူ

ဤစာအုပ်၌ တရားဟောလိုသူတို့ အတွက် ပါဠိအနက် ချောမော ပြေပြစ်၏၊ ဝတ္ထုသက်သေ သာဓကများကို ပါဠိတော်အဋ္ဌကထာ စသည် တို့မှ ထုတ်နုတ်ခါ ရေးသားထား၏၊ သရုပ် တရားကိုယ် များရာတို့၌ ဆောင်ပုဒ်တို့ဖြင့် ဖေါ်ပြထား၏၊ ဆောင်ပုဒ်များကို ကျက်မှတ်ခါ ဟောပြောရသောကြောင့် လွယ်လွယ်ကူကူ အချိန်ကြာကြာ ဟောနိုင် ပြောနိုင်၏။ စိတ်ပင်ပန်းခြင်း လူပင်ပန်းခြင်းမှ ကင်းလွတ်၏၊ ညတရား ရှည်ရှည်ဟောနိုင်၏။ အလိုရှိသောကမ္ဗာကို ထုတ်နုတ်၍ တိုတိုလည်း အချိန်ကာလအားလျော်စွာ ဟောပြောနိုင်၏။

လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်း ရေးသားထားသဖြင့် ပရိယတ် ဗဟုသုတလိုက်စားသူ၊ ကျောင်းသူကျောင်းသားသူငယ်ကအစ ဖတ်ရှု ကျက်မှတ်နိုင်၏။

အလ္လာပသလ္လာပ၊ ဝိပဿနာပြောဟောလိုသူတို့လည်း ပစ္စုပ္ပန်၊ သံသရာအကျိုးများတတ်ပါသဖြင့် ဤစာအုပ်ကို လက်ကိုင်ထားသင့် သည်ဟု သတိပေးလိုက်ရပေသတည်း။

ဦးဝရသာမိဘိဝံသ(မေ့ဝှာစရိယ)
တက္ကသိုလ်ပရိယတ္တိကျောင်း၊
(၇)ရပ်ကွက်၊ ရေဝဏ်လမ်း၊ သာကေတ။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **မိတ်ဆက်လွှာ** | (က) |
| | ရတနတ္တယပဏာမနှင့် ဝန်ခံချက် | ၁ |
| | မဟာသတိပဋ္ဌာနသုတ် ဟောရာဌာန | ၂ |
| | စကြာမင်း၏ အလှူဆန်း | ၃ |
| | သတိပဋ္ဌာန်လေးပါး | ၅ |
| | သံပျင်မင်းသမီး | ၈ |
| | ဗုဒ္ဓရက္ခိတ ကျေးသား | ၉ |
| | အမြတ်ဆုံးတရား | ၉ |
| | စိတ်စင်ကြယ်ဖို့ အရေးကြီးပုံ | ၁၀ |
| | သန္တတိအမတ်ကြီး | ၁၂ |
| | ဘုရားရှင်ဟောတော်မူသော ဂါထာ | ၁၃ |
| | သဒ္ဓေးသမီး ပဋ္ဌာစာရီ | ၁၅ |
| | ပေါင်ကျိုးတိဿ ရဟန်း | ၁၈ |
| | တိဿရဟန်း၏ ဥဒါန်းဂါထာ | ၁၈ |
| | ကျားစားရဟန်း | ၁၉ |
| | ကျားစားရဟန်း၏ ဥဒါန်းဂါထာ | ၁၉ |
| | လှံ့ထိုးခံရဟန်း | ၂၀ |
| | ပီတိမလ္လကမထေရ်၏ ဥဒါန်းဂါထာ | ၂၀ |
| | သိကြားမင်း | ၂၁ |
| | သူပြဟ္မာနတ်သား | ၂၁ |
| | **(၁) ကာယာနုပဿနာ သတိပဋ္ဌာန်အကြောင်း သိကောင်းစရာ** | ၂၃ |
| **(က)** | **အာနာပါနအကြောင်း သိကောင်းစရာ** | ၂၄ |
| | ဆောင်ပုဒ် | ၂၆ |
| | သူဆွံ့ဥပမာစသည် | ၂၆ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အသက်မရှည်သူရှစ်ယောက် | ၂၇ |
| | နှိုးသမား | ၂၉ |
| | ဆုံးမသင့်သောနွားငယ် | ၂၉ |
| | ပျဉ်ချပ်ဝတ်ရဟန္တာ | ၃၁ |
| (ခ) | **ဣရိယာပထအကြောင်း သိကောင်းစရာ** | ၃၉ |
| | သတ္တဝါများ အဘယ်ကြောင့်သွားသလဲ | ၄၀ |
| | တရားအားထုတ်ရခြင်းအကျိုး | ၄၁ |
| | ယသော်ဓရာထေရီလျှောက်ထားပုံ | ၅၁ |
| | လကုဏ္ဍလဘဒ္ဒိယထေရ် | ၅၆ |
| (ဂ) | **သမ္ပဇညအကြောင်း သိကောင်းစရာ** | ၅၇ |
| | သမ္ပဇညလေးပါး | ၆၀ |
| | အဘိက္ကန္တေပဋိက္ကန္တေ၊ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း | ၆၀ |
| | အာလောကိတေ ဝိလောကိတေ၊ တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း သံသဂ္ဂငါးမျိုး | ၆၁ |
| | သမိဉ္ဇိတေ ပသာရိတေ၊ လက်ကိုခွေခြင်း ဆန့်ခြင်း | ၆၂ |
| | သံဃာဋိပတ္တစီဝရဓာရဏေ ဒုကုဋ် သပိတ်သင်္ကန်းကို-ဆောင်ခြင်း | ၆၄ |
| | အသိတေပီတေ ခါယိတေ သာယိတေ၊ စားခြင်း သောက်ခြင်း ခဲခြင်း လျက်ခြင်း | ၆၄ |
| | အာဟာရ၌ ကျင့်ရန်ဆောင်ပုဒ် | ၆၅ |
| | အာဟာရ၌ ကျင့်ခြင်းအကျိုးဆောင်ပုဒ် | ၆၆ |
| | ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း | ၆၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဂတေဒွိတေ နိသိန္နေသုတ္တေ ဇာဂရိတေ ဘာသိတေ-တုဏှီဘာဝေ၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း နိုးကြားခြင်း စကားဆိုခြင်း ဆိတ်ဆိတ်နေခြင်း | ၆၈ |
| | မိတ္တကာဠီထေရီမ | ၇၁ |
| (ဿ) | **ပဋိကူလမနသိကာရအကြောင်း သိကောင်းစရာ** | **၇၄** |
| | သတ္တဝါအမျိုးမျိုး | ၈၃ |
| | မီးဆယ့်တမါးငြိမ်းပုံ | ၈၆ |
| | တောအုပ်ပမာ | ၈၈ |
| | ရုပ်နာမ်မမြဲပုံ | ၉၀ |
| | ကုလ္လမထေရ် | ၉၄ |
| (င) | **ဓာတုမနသိကာရအကြောင်း သိကောင်းစရာ** | **၉၆** |
| | ဓာတ်အားဖြင့်ရှုခြင်း အကျိုး | ၉၈ |
| | ပထဝီဓာတ် | ၉၉ |
| | ရှိသမျှဒုက္ခသာ | ၁၀၃ |
| | မုဒိတထေရ် | ၁၁၃ |
| | မုဒိတထေရ်ဟောတော်မူသောဂါထာ | ၁၁၃ |
| (စ) | **နဝသိဝထိကအကြောင်း သိကောင်းစရာ** | **၁၁၄** |
| | ရာဇဒတ္တထေရ် | ၁၂၁ |
| | ၎င်းမထေရ်၏ ဥဒါန်းဂါထာ | ၁၂၂ |
| | သံဝေဂယူဖွယ် | ၁၂၅ |
| | **(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်အကြောင်း သိကောင်းစရာ** | **၁၂၅** |
| | တရားမရ၍ ငိုသောရဟန်း | ၁၂၇ |
| | စိတ္တလတောင်နေ မထေရ်တပါး | ၁၂၉ |
| | ဝေဒနာကို ဘယ်သူခံစားသလဲ | ၁၂၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်အကြောင်း သိကောင်းစရာ | ၁၃၄ |
| | ဓမ္မပဒစိတ္တဝဂ် | ၁၃၅ |
| | (၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်အကြောင်း သိကောင်းစရာ | ၁၄၉ |
| (က) | နီဝရဏအကြောင်း သိကောင်းစရာ | ၁၄၉ |
| | နီဝရဏတရား မဖြစ်ပွားနည်း | ၁၅၂ |
| | ဝတ်ကြီးပတ်ငယ်ကိုပြုသူ | ၁၅၅ |
| | ကျမ်းဂန်ကိုပြုသူ | ၁၅၈ |
| | တိဿဘူတိထေရ် | ၁၅၉ |
| | ဓုတင်ဆောင်သူ | ၁၅၉ |
| | ကာဠုဒါယီမထေရ် | ၁၆၂ |
| | သမာဓိဖြစ်ပွားနေသူ | ၁၆၃ |
| | ဝိပဿနာစီးဖြန်းသူ | ၁၆၄ |
| | အမှုသစ်ကို ပြုနေသူ | ၁၆၅ |
| | ဗြဟ္မာပြည်မှလာသူ | ၁၆၅ |
| | ယောနိသော မနသိကာရရှိသူ | ၁၆၅ |
| | တနည်းကာမစ္ဆန္ဒကို ပယ်နိုင်ကြောင်းတရား ခြောက်ပါး | ၁၆၆ |
| | တနည်းဗျာပါဒကို ပယ်နိုင်ကြောင်းတရား ခြောက်ပါး | ၁၆၇ |
| | တနည်းထိနမိဒ္ဓကို ပယ်နိုင်ကြောင်တရား ခြောက်ပါး | ၁၆၈ |
| | တနည်းဥဒ္ဓစ္စကုက္ကုစ္စကို ပယ်ကြောင်းတရားခြောက်ပါး | ၁၇၁ |
| | တနည်းဝိစိကိစ္ဆာကို ပယ်ကြောင်းတရား ခြောက်ပါး | ၁၇၃ |
| | ပုဏ္ဏမာသထေရ် | ၁၇၅ |
| | ပုဏ္ဏမာသထေရ် ဟောတော်မူသောဂါထာ | ၁၇၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ခ) | **ခန္ဓာအကြောင်း သိကောင်းစရာ** | ၁၇၇ |
| | တရားမြင်၍ ထွက်ပြေးသူ | ၁၈၀ |
| | ရုပ်ဖောက်ပြန်ပုံ | ၁၈၅ |
| | ခန္ဓာငါးပါး ဥပမာ | ၁၈၈ |
| | ခန္ဓာငါးပါး ဆောင်ပုဒ် | ၁၉၆ |
| | တိုင်ချည်ခွေးပမာ | ၁၉၉ |
| | ဂင်္ဂါတီရိယထေရ် | ၁၉၉ |
| | ၎င်းထေရ်ဟောတော်မူသော ဥဒါန်းဂါထာ | ၂၀၀ |
| (ဂ) | **အာယတနအကြောင်း သိကောင်းစရာ** | ၂၀၂ |
| | အာရုံငါးပါး ဝတ္ထုသက်သေ | ၂၀၅ |
| | ရှေးဆရာတော်တပါး | ၂၀၆ |
| | မြစ်ရေယဉ်သည် တကျော | ၂၀၉ |
| | ဣန္ဒြေတရားစင်ကြယ်ဖို့ အရေးကြီးပုံ | ၂၁၃ |
| | ဉဂ္ဂသေနသဌေးသား | ၂၁၈ |
| (ဃ) | **ဗောဇ္ဈင်အကြောင်း သိကောင်းစရာ** | ၂၂၄ |
| | သတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းလေးပါး | ၂၂၈ |
| | ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ခုနစ်ပါး | ၂၂၉ |
| | ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ဆယ့်တပါး | ၂၃၁ |
| | မဟာမိတ္တထေရ် | ၂၃၃ |
| | ဆွမ်းခံရဟန်းတို့သာ | ၂၃၅ |
| | ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင် ဆယ့်တပါး | ၂၃၈ |
| | ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ခုနစ်ပါး | ၂၃၉ |
| | သမာဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ဆယ့်တပါး | ၂၄၀ |
| | ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ငါးပါး | ၂၄၂ |
| | ဗောဇ္ဈင်တရားကို ပွားများသင့်ကြောင်း | ၂၄၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၄) | **သစ္စာလေးပါး အကြောင်း သိကောင်းစရာ** | **၂၄၅** |
| | သစ္စာလေးပါးကို ထပ်ဆင့်ပြခြင်း | ၂၄၇ |
| | ဒုက္ခသစ္စာ အပါယ်ဒုက္ခ | ၂၄၇ |
| | လူ့ဒုက္ခ | ၂၄၈ |
| | နတ်ဒုက္ခ | ၂၅၀ |
| | ဗြဟ္မာဒုက္ခ | ၂၅၀ |
| | ပညတ် | ၂၅၂ |
| | အဋ္ဌကလာပ်ရုပ် | ၂၅၃ |
| | ဃနပညတ် | ၂၅၄ |
| | ခန္ဓာငါးပါး ရုပ်နာမ်တရားဖြစ်ပုံ | ၂၅၅ |
| | ဝဋ္ဋသုံးပါး | ၂၅၆ |
| | ပရိညာသုံးပါး | ၂၅၇ |
| | သမုဒယသစ္စာ | ၂၅၈ |
| | နိရောဓသစ္စာ | ၂၆၂ |
| | မဂ္ဂသစ္စာ | ၂၆၃ |
| | သစ္စာလေးပါး အရေးကြီးပုံ | ၂၆၄ |
| | တသုတ်လုံး ဆောင်ပုဒ် | ၂၇၀ |
| | ကျမ်းပြီးနိဂုံး | ၂၇၀ |


မာတိကာ ပြီး၏။



# မဟာသတိပဋ္ဌာန်အကြောင်း

## သိကောင်းစရာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ရတနတ္တယ ပဏာမနှင့် ဝန်ခံချက်

သုဒေသကံ မုနိန္ဒဉ္စ၊ သဒ္ဓမ္မဂဏုတ္တမံ။
ဝန္ဒိတွာ သတိပဋ္ဌာနံ၊ ကဿံ ဣမံ သုကာရိတံ။
(ပဏျာဝတ္တဂါထာ)

သဒ္ဓမ္မဂဏုတ္တမံ၊ မဂ်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်တွင်ခေါ် ဆယ်ပါးသောတရားတော်တည်းဟူသော ဓမ္မသုပ္ပဋိပန္နတာစသော ဂုဏ်အပေါင်းတို့ဖြင့် အထူးအထွေ မြင့်မြတ်ပေသည့် အရိယာသံဃာတော်အပေါင်းနှင့်တကွဖြစ်တော်မူသော။ သုဒေသကံ၊ဆန်းဆန်းကြယ်ကြယ် အံ့ဖွယ်ဘနန်း ဘယ်လူ့ဘယ်နတ် ဘယ်ဗြဟ္မာမှ ဟောပြောခြင်းငှာ မစွမ်းနိုင်သော တရားတော်ကို ဟောဖော်ညွှန်ပြ ဆုံးမတော်မူတတ်ထသော။ မုနိန္ဒဉ္စ၊ သစ္စာလေးဆိုင် ပွင့်ဖူးခိုင်ကို ဆွတ်ချိုင်ခူးတုံ သုံးဆယ့်တဘုံမှာ ဂုဏ်တော်အနန္တတို့ဖြင့် စံပြမူတင် လူ့ရှင်, ရဟန်း ထိပ်ပန်းထားတင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလည်း။

အဟံ၊ ဝရသာမိ မည်ရှိပညတ် တင်မှတ်မှည့်ခေါ် တပည့်တော်သည်။ ဝန္ဒာမိ၊ ဘယ, လာဘ ကုလကြည်ရှောင်း ဂုဏ်တော်ပေါင်းကို အောက်မေ့သဖြင့် အသင့်နှလုံး ဆို့ပိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်စွာသဒ္ဓါ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ သံသရာဝဋ်ဗွေ ကရွတ်ခွေမှ လွတ်စေရကြောင်း စိတ်ရည်ညောင်းလျက် ညွတ်ပျောင်းလက်မိုး ရှိခိုးဦး၍။ သုကာရိတံ. အောင်ကြောင်းဝေဖြာ အောင်ဇေယျာဟု အောင်ချာပန္နက် အောင်လက်နက်သို့ အောင်စက်ရှန်းသာ အဖြာဖြာသော ၁၁ဂြ် အရပ်ရပ်သောအဋ္ဌကထာ ဋီကာအဖုံဖုံ အစုံစုံဇာတ် စပ်ဟပ်ဆက်ပြေ သက်သေသာဓကတို့ဖြင့် သူ့ကဏ္ဍနှင့်သူ အကန့်အကန့် အလီလီပိုင်းခြား၍ ရေးသားအပ်သော။ ဣမံ သတိပဋ္ဌာနံ၊ လူ,နတ်,နိဗ္ဗာန် သုံးတန်အကျိုး မျှော်ကိုးလိုသူ, တရားဒေသနာ ဟောဖော်ညွှန်ပြ ဆုံးမလိုသူတို့အတွက် နည်းနာနိဿယ ရပါစေရန် စိတ်ရည်သန်၍ စီမံပြုပါ **ဤသတိပဋ္ဌာန်အကြောင်းသိကောင်းစေရာ** ရွေကျမ်းစာကို။ ကဿံ၊ သဒ္ဓါ,သီလ သုတ,စာဂီ ပါရမီပွားကာ ပညာစွမ်းအား လက်ကိုင်ထား၍ ရေးသားပေအံ့သတည်း။

## မဟာသတိပဋ္ဌာနသုတ် ဟောရာဌာန

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ ကမ္မာသဓမ္မံနာမ ကုရူနံ နိဂမော–စသည်လာရကား ဤ မဟာသတိပဋ္ဌာနသုတ်တရားဘော်ကို ဗုဒ္ဓရှင်တော်သည် ကမ္မာသဓမ္မမည်သော ကုရုတိုင်းတို့၏ နိဂုံးတခု၌ ဟောတော်မူသည်။

ကုရုတိုင်းဆိုသည်မှာ အစပထမ ကုရုဆိုသည်ကား မင်းသားတို့၏ နာမည်ပင် ဖြစ်သည်။ ၎င်းမင်းသားတို့၏ နေရာကိုလည်း ကုရုတိုင်း ခေါ်သည်။ ဇနပုဒ်တခု၏ နာမည်ပင်တည်း။

ရှေးအခါက မန္ဒာတုစကြာမင်းနှင့် နောက်ပါပရိသတ်တို့သည် ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းကား ဘုရား,ပစ္စေကဗုဒ္ဓါ ရဟန္တာ စကြဝတေးမင်းစသော သူတော်ကောင်းတို့ မွေးဖွားရာ ဖြစ်သည်။ ထို့ကြောင့် ပျော်ရွှင်ဖွယ်ကောင်းသည်ဟု ထင်ကြ၍ စကြာရတနာဖြင့် လှည့်လည်ရောက်လာကြ၏။ ထိုအခါ စကြာမင်းက သားကြီးရတနာအား ဤလူ့ပြည်လောကထက် ပျော်စရာကောင်းသောနေရာ ရှိသေးသလားဟု မေးသည်။

သားကြီးရတနာက အဘယ်ကဲ့သို့ ဆိုသနည်း၊ လ,နေတို့၏ အာနုဘော်ကို မမြင်လေသလော၊ ၎င်းတို့သွားရာဌာနသည် ပျော်ဖွယ်ကောင်းသည်ဟု ပြောသည်။

## စကြာမင်း၏ အလှူဆန်း

ရှေးအခါက စကြာမင်းအလောင်းသည့် ဆင်းရဲသား အပ်ချုပ်သမားဖြစ်ဖူးသည်၊ ရဟန်းတော်များအား ပဲကြီးလှော်ကိုပင်လျှင် များများမလှူနိုင်၍ ကောင်းကင်သို့ မြှောက်ကြဲခါ လှူ၏။

၎င်းပဲကြီးလှော်များသည် တစေ့မှ မြေကြီးသို့မကျပဲ ရဟန်းတော်တို့၏ သပိတ်ထဲသို့ အားလုံးဝင်သွား၏။ သူသည် ဤအလှူကြောင့် ကောင်းကင်ကို မော်ကြည့်က ရတနာမိုး ရွာပါစေသတည်းဟု ဆုတောင်းဖူး၏။ ဤကုသိုလ်စသည်ကြောင့် နောင်သောအခါ စကြာမင်း ဖြစ်လာ၏။

စကြာမင်းသည် စကြာရတနာဖြင့် စာတုမဟာရာဇ်နတ်ဘုံသို့ သွား၏။ ဝိရူဋ္ဌကစသော နတ်မင်းကြီးလေးယောက်တို့သည် ဤမင်းကား ဘုန်းကြီးသည် စစ်တိုက်၍ နိုင်မှာမဟုတ်ဟု နတ်ဘုံကို အပ်နှံကြ၏။

နောက် သားကြီးအား ဤစာတုမဟာရာဇ်နတ်ဘုံထက် ကာမဂုဏ်ကိုခံစားရာ၌ ပျော်စရာကောင်းသောနေရာ ရှိသေးသလားဟု

မေးရာ တာဝတိံသာနတ်ဘုံသည် ပျော်စရာကောင်းသည်ဟု ပြောကြား၏။

သိကြားမင်း၏ ဝေဇယန္တာနန်းပြာသာဒ်သည် ယူဇနာတထောင်ကျယ်၏၊ သုဓမ္မာနတ်သဘင်စည်းဝေးရာသည် ယူဇနာငါးဆယ် ရှိ၏၊ ဝေဇယန္တာရထားသည် ယူဇနာတရာ့ငါးဆယ် ရှိ၏၊ ရေဝဏ်ဆင်သည် ယူဇနာတရာ့ငါးဆယ် ရှိ၏၊ နန္ဒဝန်ဥယျာဉ်, စိတ္တလတာဥယျာဉ်, ဖာရုသကဥယျာဉ်, မိဿကနတ်ဥယျာဉ်ပန်းမာလ်များ ရှိသည်။ နတ်တို့၏ပန်းတို့ဖြင့် တန်ဆာဆင်ထားသည်၊ ပင်လယ်ကသစ်ပင်သည် ယူဇနာတရာ ရှိသည်၊ အလျားယူဇနာခြောက်ဆယ်၊ အပြန့်ယူဇနာငါးဆယ်၊ အစောက်တဆယ့်ငါးယူဇနာ ရှိသည်။

မြတ်လေးပန်း အဆင်းရှိသောပဏ္ဍုကမ္ဗလာ မြကျောက်ဖျာရှိသည်၊ သိကြားမင်း ထိုင်နေက ခါးတပိုင်း မြုပ်နေသည်ဟု ပါလာသူတို့က စကြာမင်းအား ပြောကြားကြ၏။

စကြာမင်းသည် ၎င်းသတင်းကို ကြား၍ သွား၏၊ စကြာရတနာကား ၎င်းနတ်ဘုံနှစ်ခုကြားမှ မြေသို့ကျသည်၊ စကြာမင်းတယောက်တည်းသာလျှင် တာဝတိံသာ နတ်ပြည်သို့ရောက်၏။ သိကြားမင်းကလည်း ဤမင်းကား ဘုန်းကြီး၏၊ စစ်တိုက်၍ရနိုင်မည်မဟုတ်ဟု တာဝတိံသာ နတ်နန်းကို တဝက်ခွဲ၍ ခံစားစေ၏။

စကြာမင်းသည် လူအသွင်ပျောက်၍ နတ်အသွင်ပြောင်း၏၊ စကြာမင်းနှင့် သိကြားမင်းသည် ပဏ္ဍုကမ္ဗလာမှာ ထိုင်နေကြစဉ် စကြာမင်းကား မျက်စိမှိတ်ရုံသာ ထူးခြား၏၊ စကြာမင်းသည် သိကြားမင်း သုံးဆယ့်ခြောက်ဆက် တိုင်အောင် နတ်တို့၏စည်းစိမ်ကို ခံစား စံစား၏၊ မရောင့်ရဲပဲ တာဝတိံသာနတ်ပြည်မှ စုတေခါ မိမိဥယျာဉ်၌ကျသည်ဖြစ်၍ လေ နေပူတွေ့သောကိုယ်ရှိသည်ဖြစ်လျက် စုတေလေ၏။

စကြာရတနာ ကျရောက်သော နေရာ၌ သားကြီး ရတနာသည် ရွှေပြားဝယ် **မန္တာတု**မင်း၏ ဖိနပ်ရုပ်ကိုရေး၍ ဤနေရာသည် **မန္တာတု**မင်း၏ တိုင်းပြည်ဟု မင်းလုပ်နေလေသည်။

သုံးကျွန်းမှ ပါလာကြသောသူတို့သည်လည်း မပြန်တတ်၍ နေရာတောင်းသဖြင့် ပုဗ္ဗဝိဒေဟ အရှေ့ကျွန်းမှ ပါလာသောသူတို့၏ နေရာကို **ရှေ့အတူ** ပုဗ္ဗဝိဒေဟတိုင်း ခေါ်၏၊ အပရဂေါယာန အနောက်ကျွန်းမှ ပါလာသော သူတို့၏နေရာကို အပရန္တတိုင်း ခေါ်၏၊ ဥတ္တရကုရုမြောက်ကျွန်းမှ ပါလာသောသူတို့၏ နေရာကို ကုရုတိုင်း ခေါ်တွင်ခါ နေထိုင်စေ၏။

ဤ မဟာ**သ**တိပဋ္ဌာနသုတ် ဒေသနာတော်ကို ဟောတော်မူရာကား ဤကုရုတိုင်းတည်း။

ကမ္မာသဒမ္မဟူသည်သစ်ငုတ်များထိုးမိ၍ခြေထောက်တို့သည်ပြောက်ပြောက်ကျားကျား ဖြစ်နေသည်ကို ကမ္မာသခေါ်၏၊ ၎င်းပြောက်ကျားသော ခြေထောက်ရှိသော ပေါရိသာဒမင်းကို ဘုရားလောင်းသုတသောမမင်းသည် ဆုံးမရာဖြစ်၍ ကမ္မာသဒမ္မ ခေါ်သည်။

တနည်း မြောက်ကျွန်းသားတို့၏ ငါးပါးသီလမြဲခြင်းစသောတရားရှိ၍ ကမ္မာသဓမ္မ ခေါ်ဆိုရလေသည်။

## သတိပဋ္ဌာန် လေးပါး

ကောယနော အယံ ဘိက္ခဝေ စသည်ဖြင့် ဘုရားရှင် ဟောတော်မူသောကြောင့် ဤသတိပဋ္ဌာန် တည်းဟူသော လမ်းခရီးသည် သတ္တဝါတို့အား ကိလေသာကင်းစင်စေနိုင်၏၊ စိုးရိမ်ခြင်းသောက ငိုကြွေးခြင်း ပရိဒေဝတို့ကို လွတ်မြောက်စေနိုင်၏၊ ဆင်းရဲခြင်းဒုက္ခ နှလုံးမသာယာခြင်း ဒေါမနဿတို့ချုပ်ကင်းပျောက်၏၊မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အရိယာဖြစ်စေနိုင်၏၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်၏၊ ၎င်းသတိပဋ္ဌာန် လေးပါးတို့ကား–

(က) ကာယာနုပဿနာ သတိပဋ္ဌာန်
(ခ) ဝေဒနာနုပဿနာ သတိပဋ္ဌာန်
(ဂ) စိတ္တာနုပဿနာ သတိပဋ္ဌာန်
(ဃ) ဓမ္မာနုပဿနာ သတိပဋ္ဌာန် တို့တည်း။

ကာယာနုပဿနာသတိပဋ္ဌာန်ဟူသည် ဆံပင်စသော သုံးဆယ့်နှစ်ပါးသော အစုအပေါင်းကို ကာယခန္ဓာကိုယ်၊ ၎င်းခန္ဓာကိုယ်၌ သတိတရားကို ပဋ္ဌာနထားခါ အဖန်တလဲလဲ ရှုဆင်ခြင်ခြင်းကို ကာယာနုပဿနာ သတိပဋ္ဌာန်ခေါ်၏။

ဝေဒနာနုပဿနာသတိပဋ္ဌာန်ဟူသည် ချမ်းသာဆင်းရဲကိုခံစားခြင်း၌ သတိတရားကို ပဋ္ဌာနထားခါ အဖန်တလဲလဲရှုဆင်ခြင်ခြင်းကိုဝေဒနာနုပဿနာ သတိပဋ္ဌာန်ခေါ်၏။

စိတ္တာနုပဿနာသတိပဋ္ဌာန်ဟူသည် စိတ်ကို အဖန်တလဲလဲ ရှုဆင်ခြင်ခြင်းကို စိတ္တာနုပဿနာ သတိပဋ္ဌာန်ခေါ်၏။

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟူသည် နီဝရဏစသောတရားတို့ကို အဖန်တလဲလဲ ရှုဆင်ခြင်ခြင်းကို ဓမ္မာနုပဿနာသတိပဋ္ဌာန် ခေါ်၏။

> ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။
>
> မဟာသတိပဋ္ဌာနသုတ်ပါဠိတော် (၂၉၀)။

ဘိက္ခဝေ၊ သတိပဋ္ဌာန်လမ်းစဉ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်လိုကြကုန်သောရဟန်းတို့။အယံ မဂ္ဂေါ၊ ကာယဝေဒနာ, တဖြာစိတ္တ, ဓမ္မမည့်ပြီး ဤလမ်းခရီးသည်။ သတ္တာနံ၊ ကျင့်ကြံကြိုးစားကြကုန်သောသတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ လောဘ စသော ကိလေသာတို့မှ စင်ကြယ်ခြင်းငှါ။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ကို။ သမတိက္ကမာယ၊

လွန်မြောက်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ၊ ဆင်းရဲခြင်း နှလုံးမသာယာ ခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ပျောက်ခြင်းငှါ။ ဉာယဿ၊ မဂ်ဖိုလ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ နိဗ္ဗာနဿ၊ သန္တိသုခံ မြတ်နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ ကောယနော၊ ဖြောင့်ဖြောင့် တန်းတန်း တခုတည်းသောလမ်း မည်၏။ စတ္တာရော၊ လေးပါးကုန်သော။ ယဒိဒံ-ယေ ဣမေ သတိပဋ္ဌာနာ၊ ဤ သတိပဋ္ဌာန်တရားတို့ပေတည်း။

အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ ဟူ၍ ဘုရားရှင် ဟောတော်မူသည့်အတိုင်း ဤသတိပဋ္ဌာန် တရားကို အားထုတ်စဉ်ပင်လျှင် လောဘစသောကိလေသာများကို ပူပန်စေတတ်၏၊ ပညာအဆင်အခြင်နှင့် ပြည့်စုံ၏၊ သတိတရားရှိ၏ သူတပါးကို မကောင်းအမှုရှောရှုကြံခြင်း နှလုံးမသာယာခြင်းကိုချေဖျက်တတ်၏။

ကုရုတိုင်း ရဟန်းရှင်လူတို့သည် ဥတုသပ္ပါယစသည်မျှတ၍ ကျန်းမာကြ၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့သည် ဤခက်ခဲနက်နဲသော သတိပဋ္ဌာနသုတ်ကို နာယူခြင်းငှာ စွမ်းနိုင်ကြ၏။

ရတနာမျိုးစုံကို သေတ္တာထဲမှာ ထည့်ထားသကဲ့သို့ လည်းကောင်း၊ အထူးထူးသော ပန်းတို့ကို ရွှေပန်းကလပ်မှာ ထည့်ထားသကဲ့သို့လည်းကောင်း၊ ဘုရားရှင်သည် ကုရုတိုင်းသားတို့အား ဤမဟာသတိပဋ္ဌာန်သုတ် ဒေသနာတော်ကို ဟောတော်မူလေသည်။

တနည်းအားဖြင့် ကုရုတိုင်းသားတို့သည် သတိပဋ္ဌာန် ကမ္မဋ္ဌာန်းဘာဝနာကို ကြိုးစား၍နေတတ်ကြသည်၊ ရေခပ်ဗိုင်းငင် နေရာ၌လည်း အကျိုးမရှိသော စကားကို မပြောတတ်ကြ။ မိန် မအချင်းချင်းတွေ့ကြရာဝယ် သင်ကား အဘယ်သတိပဋ္ဌာန်တရားကို အားထုတ်သနည်းဟုမေးရာ၊ ဘာမှမပြောက ထို သင်ကမသာနှင့် အတူတူဟု ပြောတတ်ကြသည်။

ၡင်းနောက် အလကားမနေနှင့်ဟု သတိပေးခါ သတိပဋ္ဌာန်တခုခုကို သင်ပေးတတ်ကြ၏၊ အချင်းချင်း တွေ့၍ မေးက ဤမည်သော

သတိပဋ္ဌာန်တရားကို အားထုတ်ပါသည်ဟု ပြောလေလျှင် သာဓု သာဓု သာဓု၊ သင်၏ အသက်ရှည်ခြင်းသည် ကောင်းသော အသက်ရှင်ခြင်းဖြစ်၏၊ သင်၏ လူ့ဘဝကို ရလာခြင်း၊ ဘုရားရှင် ပွင့်တော်မူလာခြင်းသည် သင့်အတွက်ပင်တည်းဟု ဤသို့ စသည်ဖြင့် ပြောဆိုလေ့ရှိကြသည်။

## သံပျင်မင်းသမီး

ထိုခေတ် ထိုအခါက ထိုဒေသ၌ လူများတို့သည် သတိပဋ္ဌာန်တရားကို ပွားများ လေ့လာသူ များ၏။

နည်းတူ ရှေးမြန်မာဘုရင် လက်ထက်ကလည်း ဗုဒ္ဓစာပေကိုလေ့လာသူ များဖူးသည်၊ ဗုဒ္ဓစာပေကိုတတ်မှ မင်း၊ အမတ်၊ သူကြီး စသည့်ရာထူးကိုရ၏၊ ယခုခေတ် အင်္ဂလိပ်စာတတ်ပုဂ္ဂိုလ်များ ရာထူးဌာနန္တရ ရသည်နှင့်တူ၏၊ သီပေါမင်း ပထမပြန်အောင်၏၊ မိန်းမများပင် ဗုဒ္ဓစာပေကို လိုက်စားကြ၏၊ စာပေကျမ်းဂန်တတ်ကြ၏၊ ကျမ်းပြုနိုင်၏၊ စာပေပို့ချကြ၏။

ရှင်ဘုရင်၏ သမီးတော် တယောက်သည် ကန့်လန့်ကာကို ကာ၍ ရဟန်းတော်များအား စာပေပို့ချ၏။

တနေ့သ၌ ၎င်းရှင်ဘုရင်သမီးကို ရဟန်းတော်တပါးသည် ကြည့်ချင်လွန်း၍စာပေကို ချပေးသည့်အတိုင်း မဆိုပဲအမှားချည်းဆို၏၊ မင်းသမီးသည် စိတ်တိုခါ ကန့်လန့်ကာကို အတင်းဖွင့်၍ ၎င်းရဟန်း၏ စာအုပ်ကို ကြည့်ရာ အမှားမရှိပဲ တမင်တကာ အမှားဖတ်နေသည်ကို သိ၏၊ ၎င်းရဟန်းသည် ၎င်းမင်းသမီးအား ချစ်ကြိုက်နေကြောင်းကို နန်းတော်နေဖခင် ရှင်ဘုရင်နားသို့ ပေါက်ကြားသွား၏။

ထိုအခါရှင်ဘုရင်က အရှင်ဘုရားသည် အများကြိုက်လောက်အောင် ကျမ်းစာတစောင် ဖွဲ့နိုင်ပါမူကား သမီးကိုပေးမည်ဟု ပြောလေသဖြင့် ၎င်းရဟန်းသည် သဒ္ဒါကြီး၏အဓိပ္ပါယ်ကို ပါဠိဘာသာ သက်သက်ဖြင့် ကျမ်းတစောင်ရေး၍ တင်ပြရာ မင်းနှင့်တကွ အများ သဘောကျကြ

သဖြင့် မင်းကြီးသည် သမီးကို ၎င်းရဟန်းအား ပေးလေသည် မင်းကြီးသည် ၎င်းရဟန်းလူထွက်အား သံပျင်ရာထူးကိုလည်း ပေးလေ၍ ၎င်းကျမ်းကိုလည်း သံပျင်ဋီကာဟု ခေါ်ကြသည်၊ ၎င်းမင်းသမီးကို သံပျင်မင်းသမီးဟု ခေါ်ကြသည်။

## ဗုဒ္ဓရက္ခိတကျေးသား

ဘိက္ခုနီမကျောင်းတကျောင်း၌ ကချေသည်မတယောက် ကျန်ရစ်သည့် ဗုဒ္ဓရက္ခိတမည်သော ကျေးသားတကောင်ကို ဘိက္ခုနီမများသည် အဋ္ဌိအရိုးစု အဋ္ဌိအရိုးစုဟု သင်ထားကြ၏။

တနေ့သောအခါ ၎င်းကျေးသားကို ငှက်တကောင်က ဖမ်းယူ၏၊ ၎င်းကျေးသား မြည်သံကြား၍ ၎င်း ဘိက္ခုနီမတို့သည် ခဲ စသည်တို့ဖြင့် ခြောက်သောကြောင့် လွတ်လာရာ ဘိက္ခုနီမများက သင်သည် ထိုငှက်ဖမ်းစဉ်က အဘယ်ကို စိတ်ကူးပါသနည်းဟု မေးကြ၏။ ထိုအခါ ထိုကျေးသားကအရိုးစုတခုသည်အရိုးစုတခုကိုဆောင်သွားသည်ဟုစိတ်ကူးကြောင်း ပြောဖူးသည်။ လူတို့သာလျှင်မဟုတ် လူတို့နှင့်အတူနေသော တိရစ္ဆာန်တို့ပင်လျှင် သတိပဋ္ဌာန်တရားကို နှလုံးသွင်းကြသည်။

## အမြတ်ဆုံးတရား

မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရောပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။

ဓမ္မပဒပါဠိတော် (၅၂)

မဂ္ဂါနံ၊ လိုရာအရပ်ကို ရောက်စေတတ်သော လမ်းခရီးတို့တွင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော မဂ်သည်။ သေဋ္ဌော၊ လိုရာလူ့ရွာ နတ်ပြဟ္မာမက နိဗ္ဗာန်ကျအောင် ပို့ဆောင်တတ်၍မြတ်လှပါ၏။ သစ္စာနံ၊ မှန်သောတရားဟူသမျှတို့တွင်။ စတုရောပဒါ၊ လေးပုဒ်ရှိသော အရိယသစ္စာတို့သည်။ သေဋ္ဌာ၊ လိုရာလူ့ရွာ နတ်ပြဟ္မာမက နိဗ္ဗာန်ကျအောင် ပို့ဆောင်တတ်၍ မြတ်လှပါကုန်၏။ ဓမ္မာနံ၊ သဘာဝတရား အစားစား

တို့တွင်။ ဝိရာဂေါ၊ ရာဂစသည် ကင်းရာအမှန်ပြည်နိဗ္ဗာန်သည်။ သေဋ္ဌော၊ လူနတ်ပြဟ္မာမက မြတ်လှပါ၏။ ဒွိပဒါနံ၊ အခြေ နှစ်ချောင်းရှိသော သတ္တဝါတို့တွင်။ စက္ခုမာ၊ စက္ခုငါးပါး အမြင်ရှိသောဘုရားရှင်သည်။ သေဋ္ဌော ကိလေသာကင်းစင် မြတ်သောအရှင် ဖြစ်ပါပေ၏။

မိစ္ဆာဒိဋ္ဌိအယူ စင်ကြယ်ခြင်း၌ ဤမဂ္ဂင်ရှစ်ပါးမှ တပါးသောတခြား လမ်းမရှိပေ၊ ဤမဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို လိုက်သောသူကား လောဘ စသော ကိလေသာမာရ်မင်းတို့ကို နှိပ်နင်းကာကွယ်နိုင်သည်. ဇာတိဒုက္ခ ကင်းနိုင်သည်၊ ဤမဂ္ဂင်ရှစ်ပါး တရားတော်ကို ဘုရားရှင်သည် ရာဂ စသော ဆူးငြောင့်ဘေးကင်းရန် ဟောတော်မူသည်၊ ထိုကြောင့် သင် ယောဂီအပေါင်းတို့သည် ကြိုးစားအပ်ပေ၏။

## စိတ်စင်ကြယ်ဖို့ အရေးကြီးပုံ

စိတ္တေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။
စိတ္တေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဣတိ ဝုတ္တံ မဟေသိနာ။

သုတ်မဟာဝါအဋ္ဌကထာပါဠ် (၃၃၇)

မာဏဝါ၊ ပုပုဒ္ဓွ မြင်ကြရသည့် သတ္တဝါဟူသမျှတို့သည်။ သံကိလိဋ္ဌေန၊ ရာဂစသည့် ညစ်နွမ်းအပ်သော။ စိတ္တေန၊ စိတ်ကြောင့်။ သံကိလိဿန္တိ၊ သံသရာ၌ ညစ်နွမ်းကုန်၏။ စိတ္တေ၊ စိတ်သည်။ သုဒ္ဓေ၊ ရာဂစသည် စင်ကြယ်သည်ရှိသော်။ ဝိသုဇ္ဈန္တိ၊ သံသရာ၌ အရိယာ အဖြစ်ဖြင့် စင်ကြယ်ကုန်၏။ ဣတိ၊ ဤသို့။ မဟေသိနာ၊ သီလက္ခန္ဓ စသည့်ဂုဏ်ထူး ဖြည့်ဆည်းဖူးသော ဘုရားရှင်သည်။ ဝုတ္တံ၊ သတ္တဝါများ နိဗ္ဗာန်သွားဖို့ ဟောကြားတော်မူတော့သည်သာတည်း။

ဆပ်ပြာနှင့်ရေချိုးခြင်း, အဝတ်လျှော်ခြင်းကြောင့် ရုပ်စင်ကြယ် သော်လည်း ကိလေသာစင်ကြယ်၏ဟု ဘုရားရှင် ဟောတော်မမူပေ။

လမ်းခရီးတို့တွင် မဂ္ဂင်ရှစ်ပါးသည် အမြတ်ဆုံး။
မှန်သောတရားတို့တွင် သစ္စာလေးပါးသည် အမှန်ဆုံး။

ဝါရားတို့တွင် ရာဂကင်းခြင်းသည် အမြတ်ဆုံး။
နိဗ္ဗာန်ကိုရောက်ရာ၌ မဂ္ဂင်ရှစ်ပါးသာလျှင် အစင်ကြယ်ဆုံး။

ဤမဂ္ဂင်ရှစ်ပါးလမ်းစဉ်ကိုလိုက်သူကား ကိလေသာမာရ်မင်းကို နိုင်၏။ ဇာတိဒုက္ခစသည်တို့၏ အဆုံးကိုပြုနိုင်၏ဟု မဂ္ဂါနုအဋ္ဌင်္ဂိကော သေဋ္ဌော-စသည်ဖြင့် ဘုရားရှင် ဟောတော်မူ၏။

သတ္တဝါတို့သည် ညစ်နွမ်းသောရုပ်ကြောင့် ညစ်နွမ်းကုန်၏၊ ရုပ် ဖြူစင်သည်ရှိသော် ဖြူစင်ကုန်သည်ဟု ဘုရားရှင် မဟောပေ။

သတ္တဝါတို့သည် ညစ်နွမ်းသောစိတ်ကြောင့် ညစ်နွမ်းကုန်၏၊ စိတ်ဖြူစင်သည်ရှိသော် ဖြူစင်ကုန်သည်ဟု ဘုရားရှင်ဟောတော်မူသည် ကို ရူပေန သံကိလိဋ္ဌေန-စသည် လာပေ၏။

သတ္တာနံ ဝိသုဒ္ဓိယာ-ဟု ဘုရားရှင်သည် သတိပဋ္ဌာန်တရားကိုကျင့်သူ အား သတ္တဝါတို့ ကိလေသာစင်ကြယ်၍ နိဗ္ဗာန်ရောက်သည်ဟူ၏။

ဤသတိပဋ္ဌာန်ကမ္မဋ္ဌာန်းလမ်းစဉ်ဖြင့်သာလျှင် ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် ကမ္ဘာတသိန်းအလွန်ရှိကုန်သော လေးအသင်္ချေ အထက်ရှိ တခုသောကမ္ဘာဝယ် ပွင့်ပေါ်တော်မူကြကုန်သော တဏှင်္ကရ၊ မေဓင်္ကရ၊ သရဏင်္ကရ၊ ဒီပင်္ကရအမည်တော်ရှိကုန်သော ဘုရားရှင်တို့ကိုအစပြု၍ များစွာကုန်သော ဘုရားရှင်တို့သည် လည်းကောင်း၊ များစွာကုန်သောပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ မရေတွက်နိုင်ကုန်သော အရိယာသာဝကတို့သည် လည်းကောင်း ဤ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့သည် လောဘစသော စိတ် အညစ်အကြေးကိုမျှော၍ စင်ကြယ်ခြင်းသို့ ရောက်ကုန်၏။

သောကပရိဒေဝါနံ သမတိက္ကမာယ-ဟု ဘုရားရှင်ဟောတော်မူ ရာဝယ် ဤသတိပဋ္ဌာန်တရားတော်သည် စိုးရိမ်ခြင်း, ငိုကြွေးခြင်းတို့ ကိုလည်း လွန်မြောက်နိုင်သည်ဟု ဟောတော်မူရာ၌ သန္တတိအမတ်ကြီး ပဋာစာရီစသည်တို့ကို သိအပ်၏။

ဠ္ဌ္ဌာသယ-၂

## သန္တတိအမတ်ကြီး

ကောသလမင်းသည် စစ်ပွဲနိုင်လာသော သန္တတိအမတ်ကြီးကို အောင်ပွဲခံစေသည်၊ ၎င်းအမတ်ကြီးသည် အငြိမ့်သူမတယောက်နှင့် မူးယစ်ကာ ပျော်မြူးနေ၏၊ ရေချိုးဆိပ်သို့ဆင်နှင့်ဆင်းရာ ဘုရားရှင်ကို ရှိခိုးပြီးခေါင်းညိတ်သဖြင့် ဘုရားရှင်သည် ပြုံးတော်မူသည်ကို အရှင်အာနန္ဒာမေး၍ ဘုရားရှင်က ဤသန္တတိအမတ်ကြီးသည် ယနေ့ငါ့ထံသို့လာ၍ လေးပါဒရှိသောဂါထာကို နာပြီးသည်၏အဆုံး၌ ရဟန္တာဖြစ်လတ္တံ့၊ ထန်းခုနစ်ဖျားရှိသောကောင်းကင်မှနေ၍ မိမိ၏အကြောင်းအရာများကိုလျှောက်ပြီးလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့ဟု မိန့်တော်မူရာ မိစ္ဆာဒိဋ္ဌိတို့က အရက်သမားသည် ရဟန္တာမဖြစ်နိုင်ဟု ယူဆကြသဖြင့် ဘုရားရှင်ကို မုသာဝါဒဖြင့် စွပ်စွဲကြ၏၊ သမ္မာဒိဋ္ဌိတို့ကမူကား ဘုရားရှင်၏ တင့်တယ်စမွယ်ခြင်း,သန္တတိအမတ်ကြီး၏ တင့်တယ်စမွယ်ခြင်းကို မြင်ရလတ္တံ့ဟု စိတ်ကူးနေကြ၏။

သန္တတိအမတ်ကြီးသည် ရေချိုးဆိပ်မှပြန်လာ၍ ဥယျာဉ်မှာနေ၏၊ ကချေသည်မသည် ကပြမည်ပြုစဉ် အစာအာဟာရကလည်း ခုနစ်ရက်လောက်ပြတ်နေ၍ နှလုံးသားကိုလေသင်ဓုန်းဖြတ်ခါ ပါးစပ်ကဟောင်းလောင်း၊ မျက်စိများပြူးခါ ပင်ပန်းပြီးသေလေ၏။ သန္တတိအမတ်ကြီးသည် များစွာသောစိုးရိမ်ခြင်းဖြင့် ကချေသည်မကို ထူမ, မည်ပြုစဉ် ခုနစ်ရက်ပတ်လုံးသောက်ထားသောအရက်သည် အိုးကင်းပူပေါ်ကျ ရေပေါက်ပမာ ခြောက်ကပ်လာ၏၊ သန္တတိအမတ်ကြီးသည် ကိုးကွယ်ရာရှာ၍ဥပင် ဘုရားရှင်ထံတော်မှောက်ရောက်လာခါ တပည့်တော်၏ သောကပရိဒေဝကို ပြေပျောက်အောင်လုပ်ပေးပါဟု လျှောက်၏။

ဘုရားရှင်က သန္တတိအမတ်ကြီး–သင်ကား ဤကချေသည်မသည် ဤကဲ့သို့သေ၍ငိုရသောမျက်ရည်ကား သမုဒ္ဒရာလေးစင်း မကတော့ပြီ၊

အတိတ်ကိုအစွဲအလမ်းဖြတ်၊ အနာဂတ်ကိုလည်းမတောင့်တနှင့်၊ပစ္စုပ္ပန်ကိုလည်း အစွဲအလမ်းကင်းပါမူ အေးငြိမ်းရလတ္တံ့သည်သာတည်းဟု ဟောတော်မူ၍ သန္တတိအမတ်ကြီး ရဟန္တာ ဖြစ်လေသည်၊ သန္တတိအမတ်ကြီး ရဟန္တာသည် ပရိနိဗ္ဗာန်ပြုအံ့သည်ကိုသိ၍ ဘုရားရှင်အား လျှောက်၏၊ ဘုရားရှင်က မိစ္ဆာဒိဋ္ဌိတို့သည် မုသာဝါဒဖြင့်မစွပ်စွဲစေရန်လည်းကောင်း၊ သမ္မာဒိဋ္ဌိတို့သည်လည်း ကုသိုလ်ကောင်းမှုတို့၌ရှိသေစွာပြုနိုင်ရန်လည်းကောင်း ငါဘုရားရှင်အား ရှေးအကြောင်းအရာများကို လျှောက်ထားပါဦးဟု မိန့်တော်မူ၍ သန္တတိအမတ်ကြီးသည် လူများ အကြောင်းအရာသိစေရန် ထန်းခုနစ်ဖျားလောက်ရှိသောကောင်းကင်သို့တက်၏၊ နောက်-ထန်းတဖျားလောက် အောက်သို့ဆင်း၍ ဘုရားရှင်အားလက်အုပ်ချီခါ အတိတ်ကိုဆောင်၏။

တပည့်တော်ကား ၉၁ကမ္ဘာမှပြန်၍ရေသည်ရှိသော် ကိုးဆယ့်တကမ္ဘာအထက်၌ ဝိပဿီဘုရားရှင်လက်ထက်တော်ဝယ် ဒါန, သီလ, ဘာဝနာပြုရန် သူတကာအား အနှစ်ရှစ်သောင်း နိဗ္ဗာန်ဆော်လုပ်ဖူးပါသည်ဘုရား၊ ထိုကြောင့် တပည့်တော်ကို ဝိပဿီဘုရားရှင်၏ဖခင်ဗန္ဓုမတီရှင်ဘုရင်က ပုလဲတကုံး, မြင်းတစီး, နောက်-မင်းဝတ်တန်ဆာဆင်တစီးစသည် ပေးဖူးပါသည်၊ ထိုအခါ တပည့်တော်၏ခန္ဓာကိုယ်မှ စန္ဒကူးအနံ့၊ ခံတွင်းမှ ကြာညိုပန်းအနံ့သည် မွှေးကြိုင်နေဖူးပါ၏ဟု လျှောက်၏။

## ဘုရားရှင် ဟောတော်မူသောဂါထာ

ယံ ပုဗ္ဗေ တံ ဝိသောဓေဟိ၊ ပစ္ဆာ တေ မာဟုကိဉ္စနံ။
မဇ္ဈေ စေ နောဂဟေဿတိ၊ ဥပသန္တော စရိဿသိ။
(သုတ်မဟာဝါအဋ္ဌကထာပါဠိ-၃၃၈)

ပုဗ္ဗေ၊ ရှေးရှေးအခါ၌။ ယံ၊ အကြင်ကိလေသာဖြစ်ကြောင်းရုပ်နာမ်အပေါင်းသည်။ အတ္ထိ၊ ရှိပေ၏။ တံ၊ ထိုကိလေသာဖြစ်ကြောင်း

ရုပ်နာမ်အပေါင်းကို။ ဝိသောဓေဟိ၊ သီလဝိသုဒ္ဓိ အစရှိသဖြင့် သုတ်သင်ပါလော့။ တေ၊ သင့်အား။ ပစ္ဆာ၊ နောက်ကာလ၌။ ကိဉ္စနံ၊ ကြောင့်ကြခြင်းသည်။ မာအဟု၊ မဖြစ်ပါစေလင့်။ စေ၊ အကယ်၍။ မဇ္ဈေ၊ ပစ္စုပ္ပန်ကာလ၌။ နောဂဟေဿတိ၊ မယူသည်ဖြစ်၏။ ဥပသန္တော၊ ကိလေသာမီး ငြိမ်းအေးသည်ဖြစ်၍။ စရိဿသိ၊ မုချမသွေ ကျင့်ရပေတော့မည်သာတည်း။

နောက် သန္တတိအမတ်ကြီးသည် ကောင်းကင်၌ထိုင်လျက် တေဇောဓာတ်ကိုဝင်စားခါ ပရိနိဗ္ဗာန်ပြုလေသည်၊ ခန္ဓာကိုယ်၏အသားအသွေးကို မီးလောင်ကျွမ်းသည်၊ ရွှေပန်းပွင့်ကဲ့သို့ ဓာတ်တော်များ ကြွင်းကျန်ကုန်၏၊ ဘုရားရှင်သည် စင်ကြယ်သောအဝတ်ဖြင့်ခံယူ၍ ဓာတ်တော်များကို စေတီတည်၏၊ ထိုအခါ ရဟန်းတို့က သန္တတိအမတ်ကြီးသည် အဝတ်တန်ဆာတို့ဖြင့်ကောင်းကင်၌တည်လျက် ရဟန္တာဖြစ်ပြီးပရိနိဗ္ဗာန်ပြု၏၊ သူ့ကိုလူဟုခေါ်ရမလား၊ သို့မဟုတ် ရဟန်းဟုခေါ်ရမလားဟု ရဟန်းတို့ကပြောဆိုနေကြစဉ် ဘုရားရှင်သည် ကြွတော်မူလာ၍ ငါ၏သားသန္တတိအမတ်ကို ရဟန်းဟူ၍လည်းခေါ်ဆိုနိုင်သည်၊ လူဟူ၍လည်း ခေါ်ဆိုနိုင်သည်ဟု အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

အလင်္ကတော စေပိ မံ စရေယျ၊
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော သမဏော သော ဗြာဟ္မဏော သဘိက္ခုတိ။
(ဓမ္မပဒအဋ္ဌကထာပါဠိ(ဒု)ဋ္ဌဝဏ္ဏသဃမူ-၅၃)

ယောနရော၊ အကြင်သူသည်။ သမံ၊ ကောင်းစွာ။ သန္တော၊ ရာဂစသည်ဖြင့် ငြိမ်းသက်သည် ဖြစ်၍။ ဒန္တော၊ ဋ္ဌန္ဒြေကိုဆုံးမသဖြင့် ယဉ်ကျေးသည်ဖြစ်၍။ နိယတော၊ မဂ်လေးပါးဖြင့် မြဲသည်ဖြစ်၍။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကိုကျင့်သည်ဖြစ်၍။ သဗ္ဗေသု ဘူတေသု၊

အလုံးစုံသောသတ္တဝါတို့၌။ ဒယ္ယံ၊ ဒယာကို။ နိခါယ၊ ချထား၍။ စေဝိ စရေယျ၊ အကယ်၍ကျင့်ငြားအံ့။ သော၊ ထိုသူသည်။ သမဏော၊ ကိလေသာကိုငြိမ်းစေတတ်၍ သမဏလည်းမည်၏။ သော၊ ထိုသူသည်။ ဗြာဟ္မဏော၊ အကုသိုလ်ကိုအပပြုတတ်၍ ဗြာဟ္မဏလည်းမည်၏။ သော၊ ထိုသူသည်။ ဘိက္ခု၊ ကိလေသာကိုဖြိုဖျက်တတ်၍ ဘိက္ခုလည်းမည်သည် သာတည်း။

## သဌေးသမီး ပဋာစာရီ

သဌေးသမီး ပဋာစာရီသည် သာဝတ္ထိပြည်သူ ကုဋေလေးဆယ်ကြွယ်သည့် သဌေးသမီးတည်း၊ အိမ်မှုကျွန်နှင့် လိုက်၍ပြေး၏၊ လမ်းခရီးတော မှာ ခလေးနှစ်ယောက် မွေးဖွား၏။ ဒုတိယ ခလေးကို မွေးဖွားခါနီး လင်မသိပဲ မိဘတို့အိမ်သို့ ထွက်ပြေး၍ တောထဲသို့ ရောက်နေစဉ် လင်က ရောက်လာ၏၊လင်အား မိုးမစွတ်သောနေရာကိုရှာခိုင်း၍ မြွေတချောင်းဖြင့် နေရာရှာစဉ် မြွေကိုက်၍ သေရလေ၏၊ ပဋာစာရီသည် ခလေးနှစ်ယောက်နှင့် ခရီးဆက်ပြီး မိခင်ဖခင်ရှိရာ သာဝတ္ထိပြည်သို့ လာရာ ချောင်းအကူး၌ နှစ်ယောက်လုံးကိုမချီနိုင်သဖြင့် တယောက်စီပို့ရာ သားငယ်ကို စွန်ချီ သားကြီးရေနစ်၍ သေလေ၏။

ခရီးဆက်စဉ် ရောက်ခါနီး လူတယောက်နှင့်တွေ့၍မိဘတို့အကြောင်းကိုမေးရာ ထိုလူက လက်ညှိုးထိုးပြီး ဟိုမီးခိုးကိုကြည့်ပါ ၎င်းမီးခိုးသည် မနေ့ညက နင်၏မိဘ မောင်ပါ တိုက်ပိ၍သေသဖြင့် သင်္ဂြိုဟ်ပြီး၍ ငါပြန်လာသည်ဟု ပြောလေ၏။ ထိုခဏ၌ ပဋာစာရီသည် ရူးသွားလေ၏။ လမ်းသွားစဉ် လူများတို့သည် အရူးမ အရူးမဟု ခဲဖြင့်ပေါက်ကြ၏။ နောက် ဘုရားရှင်၏ ထံတော်မှောက် ရောက်သွားလေသည်၊ ဘုရားရှင်သည် ပဋာစာရီ၏ ကမ္ဘာတသိန်းက ပဒုမုတ္တရဘုရားရှင် လက်ထက်၌ ဝိနည်းခိုရ် တဦးအား တေဒဂ်ပေးသည်ကို မြင်၍ ဆုတောင်းဖူးသည်၊ ဘုရားရှင်က ဂေါတမဘုရားလက်ထက်တော်၌ ဖြစ်လိမ့်မည်ဟု ဗျာဒိတ်

ပေးတော်မူဖူးသည်ကို မြင်တော်မူ၏။ ဘုရားရှင်၏အနားသို့ရောက်လာ၍ လူများက အဝတ်များပေးကြ၏။ ဘုရားရှင်အား အကြောင်းစုံကို လျှောက်ခါ မှိခိုရာတောင်း၏။ ထိုအခါ ဘုရားရှင်က ဤကဲ့သို့သံသရာ၌ ကျင်လည်သောသူတို့အား သားသေခြင်း စသည်ကြောင့် ငိုရသော မျက်ရည်သည် သမုဒ္ဒရာလေးစင်း မကတော့ပြီဟု ဟောတော်မူ၏။

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိတိ။

(ဓမ္မပဒအဋ္ဌကထာပါဠိ (ဒု) သုဝဓမ္မဝတီမူ ၅၂၉)

ဒုက္ခေန သားသေခြင်းစသော ဆင်းရဲဖြင့်။ ဖုဋ္ဌဿ၊ တွေ့ရသော။ နရဿ၊ သတ္တဝါအား။ သောစနာ၊ စိုးရိမ်ခြင်းကြောင့်။ စတူသုသမုဒ္ဒေသု၊ သမုဒ္ဒရာလေးစင်းတို့၌။ ဇလံ၊ ရေသည်။ ပရိတ္တံ၊ နည်းလှ၏။ တတော၊ ထိုထက်။ အဿုဇလံ၊ ငိုရသောမျက်ရည်သည်။ ဗဟုံ၊ များလှပါ၏။ အနပ္ပကံ၊မနည်းပေ။ အမ္မ၊ ချစ်သမီး။ တုဝံ၊ သင်သည်။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ပမဇ္ဇသိ၊ မေ့လျော့နေဘိသနည်း။

ဤသို့ ဟောတော်မူသည်ရှိသော် ပဋာစာရီသည် သောကနည်းလာသည်၊ ဘုရားရှင်သည် သိတော်မူ၍ အောက်ပါဒေသနာကိုလည်းဟောတော်မူ၏။

နသန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။
ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

(ဓမ္မပဒအဋ္ဌကထာပါဠိ (ဒု) သုဝဓမ္မဝတီမူ-၅၂၉)

ပုတ္တာ၊ သားသမီးတို့သည်။ တာဏာယ မှိခိုခြင်းငှါ။ နသန္တိ၊ မရှိကုန်။ ပိတာ၊ အဖတို့သည်။ နသန္တိ မရှိကုန်။ ဗန္ဓဝါ၊ အဆွေအမျိုးတို့သည်။

နာပိသန္တိ၊ ရှိလည်းမရှိကုန်။ အန္တကေန၊ သေမင်းသည်။ အဓိပန္နာ၊ လွှမ်းမိုးနှိပ်စက်သောသူအား။ ဉာတိသု၊ ဆွေမျိုးတို့၌။ တာဏတာ၊ မှီခိုကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိ။ ဧတမတ္ထဝသံ၊ ဤသို့အကျိုးအကြောင်း၏အလိုကို။ ဉတွာ၊ သိ၍။ ပဏ္ဍိတော၊ ပညာရှိသည်။ သီလသံဝုတော၊ သီလကို စောင့်စည်းသည်ဖြစ်၍။ နိဗ္ဗာနဂမနံ၊ နိဗ္ဗာန်သို့ သွားရာဖြစ်သော။ မဂ္ဂံ၊ လမ်းခရီးကို။ ခိပ္ပမေဝ၊လျင်စွာသာလျှင်။ ဝိသောဓယေ၊ သုတ်သင်ရာသတည်း။

ဒေသနာတော်၏ အဆုံး၌ ပဋာစာရီသည် ကမ္ဘာမြေကြီးမျှသော ကိလေသာတို့ကိုလောင်ကျွမ်းစေ၍ သောတာပန်ဖြစ်လေသည်၊သူမကားရှေးက ဆုတောင်းရှိ၍ ရဟန်းမိန်းမပြုသည်၊ တနေ့သ၌ ခြေဆေးရာ ပထမဆေးရေထက် ဒုတိယဆေးရေ၊ဒုတိယဆေးရေထက် တတိယဆေး ရေသည် အဝေးသို့ရောက်သွားသကဲ့သို့ ဤသတ္တဝါတို့သည်ပထမအရွယ်၌လည်း သေရ၏၊ ဒုတိယ အရွယ်၌လည်း သေရ၏၊ တတိယ အရွယ်၌လည်း သေရ၏ဟု သံဝေဂဉာဏ် ထက်သန်လာသည်။

ဘုရားရှင်က သိတော်မူ၍ ချစ်သမီး ပဋာစာရီ အကြင်သူသည် အဖြစ်အပျက်ကို မရှုပဲ အသက်တရာနေရငြားအံ့ အဖြစ်အပျက်ကို တနေ့တရက်မျှ ရှုသောသူလောက် မမြတ်ဟု ဟောတော်မူ၏။

ယော စ ဝဿသတံဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ဧကာ ဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

(ဓမ္မပဒပါဠိတော်-၃၀)

(အနက်နောက်၌ ရှုပါလေ)

ပဋာစာရီသည် တရားတော်၏ အဆုံး၌ ပဋိသမ္ဘိဒါဉာဏ် လေးပါးနှင့်တကွ ရဟန္တာမ ဖြစ်လေသည်။ သူ့တရားကြောင့်လည်း စန္ဒာထေရီ စသည်တို့ ရဟန္တာမ ဖြစ်ကြသည်။

ဒုက္ခဒေါမနဿာနံ၊ အတ္ထင်္ဂမာယဟု ဘုရားရှင်သည် သတိပဋ္ဌာန် တရားကို ပွားများသော ယောဂီအား ဆင်းရဲခြင်းဒုက္ခ၊ နှလုံးမသာ

ခြင်း ဒေါမနဿ တရားများလည်း ကင်းပျောက်တတ်သည်ဟု ဟော တော်မူရာ၌ တိဿရဟန်း စသည်ကို ရှုအပ်၏။

## ပေါင်ကျိုး တိဿရဟန်း

ရှေးအခါက သူကြွယ်သား နှစ်ယောက်တို့တွင် အစ်ကိုသည် ပစ္စည်း များကို ညီအားပေးပြီး ရဟန်းပြုခါ တောရဆောက်တည်၍ နေ၏။

ညီ၏ မယားသည် ခဲအိုလူထွက်လာက ပစ္စည်းကို တဝက်ခွဲပေးရမည် ကြောက်၍ ကြေးငွေပေးခါ ခိုးသားငါးရာတို့အား သတ်စေသည်။

ခိုးသားတို့သည် ထိုရဟန်းအား ဖမ်းမိလေ၍–ရဟန်းက သင်တို့သည် ငါ့ကို အဘယ်ကြောင့် ဖမ်းကြသနည်းဟု မေးရာ၊ ခယ်မက သင်ရဟန်း လူထွက်လာလျှင် ပစ္စည်းတဝက် ခွဲပေးရမည် ကြောက်၍ အသတ်ခိုင်း သဖြင့် လာရကြောင်းကို လျှောက်ကြ၏။

ထိုအခါ ၎င်းတိဿရဟန်းက ငါကား ရဟန္တာမဖြစ်သေး၊ ငါသည် ကိလေသာများနှင့် သေရမည်ကို ရှက်ပါ၏၊ စက်လည်း စက်ဆုပ်ပါ၏၊ ထို့ကြောင့် တညမျှအားထုတ်ပါရစေ စောင့်ကြပါဟု ပြောလေ၏။

ခိုးသားငါးရာတို့က အရှင်ဘုရား ထွက်ပြေးမည်ဖြစ်၍ မစောင့်နိုင် ကြောင်းကို လျှောက်ကြ၏၊ ယုံကြည်အောင် ထွက်မပြေးနိုင်ကြောင်း ကို ပြက စောင့်ကြမလားဟုမေးရာ စောင့်နိုင်ပါ၏ဟု ပြောကြသဖြင့် အနားရှိ ကျောက်တုံးကြီးတခုကို ကောက်ယူခါ ပေါင်ကို ရိုက်ချိုးပြ၍ သွေးသံစက်လက်ဖြင့် တရားအားထုတ်လေသည်။

အရုဏ်လည်းတက်၊ ၎င်းတိဿရဟန်းလည်း ရဟန္တာဖြစ်လေသည်။

### တိဿရဟန်း၏ ဥဒါန်းဂါထာ

ဝေါဟံ စိန္တယိတွာန၊ ယထာဘူတံ ဝိပဿိသံ။
သမ္ပတ္တေ အရုဏုဂ္ဂမှိ၊ အရဟတ္တမပါပုဏိံ ။

(သုတ်မဟာဝါအဋ္ဌကထာပါဠ်-၃၃၉)

အဲဟုံ၊ အပြောနှင့်အလုပ် ညီညွတ်သည်ကို ထုတ်ဆောင်ပြသည့် ငါ တိသာမထေရ်သည်။ ဧဝံ၊ ဤသို့။ စိန္တယိတွာန၊ ကြံစည်စိတ်ကူး အထူး သဖြင့် မနောခုတ်က ရည်စူး၍။ ယောနိသော၊ ဗုဒ္ဓရှင်တော် ဟော ဖော်မြွက်ကြား မြတ်တရားနှင့် လျော်သောအားဖြင့်။ သမ္မသိတ္တွာန၊ နိဗ္ဗာန်ရကြောင်း ဝိပဿနာလမ်းကောင်းကို ဆင်ခြင် အားထုတ်ပြီး၍။ အရဟတ္တမ္ပိ၊ စောစောစီးစီး နေအရုဏ် တက်မှီခြင်းသည်။ သမ္ပတ္တော၊ သူ့သဘာဝအလျောက် ရောက်လတ်သည်ရှိသော်။ အရဟတ္တံ၊ ပူဇော် အထူးကို ခံတော်မူထိုက်သည့် ကိလေသာအားလုံး ကင်းစင်ခါ ရဟန္တာ ၏ အဖြစ်သို့။ အပါပုဏ္ဏံ၊ဝိရိယခုတ်ခံ အကြောင်း အတန်တန်ကြောင့် မချွတ်ဧကန် အမှန်မုချ ရောက်ရတော့သည်သာတည်း။

## ကျားစား ရဟန်း

တောရဆောက်တည်နေသော ရဟန်း သုံးကျိပ်တို့တွင် ရဟန်းတပါး ကို ကျားစားရာ၊ ၎င်းရဟန်းသည် ဝေဒနာကို အာရုံမပြုပဲ တရားအား ထုတ်သဖြင့် ခြေမျက်စိကို ကိုက်သောအခါ သောတာပန်၊ ဒူးသို့ရောက် သောအခါ သကဒါဂါမ်၊ ချက်သို့ ရောက်သောအခါ အနာဂါမ်၊ နှလုံး သားကို စားခါနီး ရဟန္တာဖြစ်သည်။

## ကျားစားရဟန်း ဥဒါန်းကျူးဂါထာ

ကာမံ ခါဒတု မံ ဗျဂ္ဃော၊ အဋ္ဌိယာစ နှာရုယာစ။
ကိလေသေ ခေပယိဿာမိ၊ ဖုသိဿာမိ ဝိမုတ္တိယံ။
(သုတ်မဟာဝါအဋ္ဌကထာပါဠိ-၃၄၀)

ကာမံ၊ အကယ်၍။ မံ၊ သံ သ ရာ မှ လွတ် ကြောင်း ကို ရည်ရွယ်၍ ဝိပဿနာတရား ကြိုးစားအားထုတ် အကျွန်ုပ်ကို။ ဗျဂ္ဃော၊ ရက်စက် ယုတ်မာ ကျားသတ္တဝါသည်။ အဋ္ဌိယာစ၊ သုံးရာမျှသော အရိုးစုကို လည်းကောင်း။ နှာရုယာစ၊ ကိုးရာမျှသောအကြောစုကိုလည်းကောင်း။

ခါဒတု၊ မုချကေန် အမှန်တကယ် စားချင်စားပါစေ။ ကိလေသေ၊ သံသရာမှာ ပူပန်စေတတ် နှိပ်စက်တတ်သော လောဘစသည့် ကိလေသာ အယုတ်တမာတရားတို့ကို။ ခေပယိဿာမိ၊ မဂ်ဉာဏ်အဆက်ဆက် ထား သန်လျက်ဖြင့် ခုတ်ဖျက်ကုန်စေအံ့။ ဝိမုတ္တိယံ၊ ဝရဇိန်လက်နက် မိုးကြိုး စက်ပမာ ကိလေသာလွင့်ပျောက်၍ ရဟန္တာအဖြစ်ကို။ ဖုသိဿာမိ၊ မရမနေ အရိုးကြေကြေ အရေခန်းခန်း တကယ်တမ်းကြိုးစားခါ နေတော့မည်သာတည်း။

## လှိုထိုးခံ ရဟန်း

ဤပီတိမလ္လကဒယရ်အလောင်းသည့် လမ်းသွားစဉ် ရှုပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿတိ။

ရဟန်းတို့-ရုပ်သည် သင်တို့၏ဥစ္စာ မဟုတ်၊ ထိုရုပ်ကိုပယ်စွန့်ကြ ကုန်လော့၊ ထိုသို့ပယ်ခြင်းသည် သင်တို့အား ရှည်မြင့်စွာသောကာလ ပတ်လုံး အစီးအပွား ချမ်းသာအလို့ငှာ ဖြစ်လတ္တံ့-ဟူသောစကားကို ကြားရ၍ ရဟန်းပြုကာ တောမှာတရားအားထုတ်၏။ စကြံလျှောက်၍ အားထုတ်ရာ ညောင်းညာသဖြင့် ဒူးထောက်သွားပြီး တရား အားထုတ်သည်။

တနေ့သ၌ မုဆိုးတယောက်သည် သမင်ထင်၍ ဝမ်းပိုက်ကိုလှံနှင့် ထိုးသည်။ ၎င်းရဟန်းသည် အနာဝကိုမြက်ဖြင့်ပိတ်ဆို့လျက် တရား အားထုတ်ရာ ရဟန္တာဖြစ်လေသည်၊ ရောက်လာသောရဟန်းတို့အား ရဟန္တာဖြစ်ကြောင်းကို အောက်ပါဂါထာတို့ဖြင့် ဥဒါန်းကျူးရင့်တော် မူသည်။

### ပီတိမလ္လကမထေရ်၏ ဥဒါန်းကျူးဂါထာ

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

(သုတ်မဟာဝါအဋ္ဌကထာပါဠိ-၃၄၁)

သခ်ါရ၊ သုံးဆယ့်တဘုံ ပြုပြင်တုံငြား နှစ်စုံရုပ်နာမ် ဤနှစ်တန် ကုန်သော သတ္တ၀ါသခ်ါရတရားတို့သည်။ အနိစ္စာ၀တ၊ ကျောက်တောင် ကျောက်ခဲ ပမာမြဲသည်ဟူ၍ မရှိပါကုန်တကား။ ဥပ္ပါဒ၀ယဓမ္မိနော၊ ဘယ်တရားဖြစ်ဖြစ် ဖြစ်လျှင်ပျက်ရမြဲ ဓမ္မတာသဘောရှိကြပါပေကုန်၏။ ဥပ္ပဇ္ဇိတွာ၊ မြန်လွန်းလှသော ဥပါဒ် ခဏအားဖြင့် ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ မြန်လွန်းလှသောခဏအားဖြင့် ပျက်ချုပ်ကုန်သည်သာတည်း။ တေသံ၊ ထိုဘယ်သူမှမပြုပြင်ပဲ သဘာ၀အားဖြင့် မမြဲခြင်းတရား ဆင်းရဲခြင်းအများ အစိုးမရခြင်းသဘော ရုပ်နာမ်တရားတို့၏။ ဝူပ သမော၊ ဇာတိစသည်မရှိသဖြင့် မမြဲခြင်း, ဆင်းရဲခြင်း, အစိုးမရခြင်း ကင်းရာ နန်းနိဗ္ဗာန်ရွှေမြို့တော်သည်သာလျှင်။ သုခေါ၊ ဘယ်လူ,နတ်, ပြဟ္မာ ချမ်းသာနှင့်မတူ အပူမီးကင်းပ အံ့အေးငြိမ်းကြီးအေးငြိမ်းရာ သန္တိသုခ ရှိသည်သာလျှင်တည်း။

## သိကြားမင်း

သိကြားမင်းသည် နတ်တို့၏စုတိကြောင်း လက်ကတီးကြားမှ ချွေး ထွက်ခြင်းစသော နိမိတ်ငါးမျိုးထင်၍တွေးပြီးစိတ်ဆင်းရဲဒုက္ခဖြစ်နေ၏၊ ဗုဒ္ဓရှင်တော်က ဥပေက္ခာ ၀ေဒနာနှင့်စပ်၍ တရားဟောတော်မူရာ သိကြားမင်းကား သောတာပန်ဖြစ်လေသည်။

## သုပြဟ္မာနတ်သား

သုပြဟ္မာနတ်သားသည် နတ်သမီးတထောင်တို့နှင့် ပန်းခူးသူကခူး၊ က,သူက,က ပျော်ပါးနေကြစဉ် နတ်သမီးငါးရာတို့သည်လတ်တလော သေ၍ ငရဲမှာဖြစ်နေသည်ကို သိ၏၊ မိမိလည်း မကြာမီငရဲရောက်မည်ကို မြင်သောကြောင့် နှလုံးမသာမယာ ဖြစ်သည်။

သူကြောက်၍ နတ်မင်းကြီးလေးယောက် သိကြားမင်းတို့အား အကူအညီတောင်းရာ မတတ်နိုင်သဖြင့် ဘုရားရှင်ထံသို့ ရောက်လာ၏၊ ဘုရားရှင်က အောက်ပါဒေသနာတော်ကို ဟောတော်မူလေသည်၊

ရ္ဆ္ဘာသယ-၃

ဒေသနာတော်၏အဆုံး၌ သုပြဟ္မာနတ်သားနှင့်နတ်သမီးငါးရာတို့သည် သောတာပန်ဖြစ်ကြသည်။

နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။
(သုတ်မဟာဝါအဋ္ဌကထာပါဠ်–၃၄၁)

ဗောဇ္ဈာတပသာ၊ သစ္စာလေးဆင့် ငုံအာပွင့်ကို တက်လှမ်းဆွတ်ချူရာဖြစ်သော ဘုရားတဆူပွင့်ပြီးမှ တခါစီဖြစ်ပေါ်လာသည့် အထူးထူးအထွေထွေ အံ့သြဖွယ်ငြား ဗောဇ္ဈင်တရားမှ။ အညတြ၊ မဂ်ဖိုလ်အသင်းအပင်း ဗောဓိပက္ခိယခပင်းကို ကြဉ်ဖယ်ရှောင်ရှား၍။ ပါဏိနံ၊ ရုပ်နာမ်တရား တပါးပါးကို လက္ခဏာစသည်ဖြင့်သိထားပါမှ အရိယာဖြစ်၍ နိဗ္ဗာန်လှစ်မည်ဖြစ်သော သတ္တဝါတို့၏။ သောတ္ထိံ၊ တဏှာဖြတ်ခါ သိရာဒုက္ခ မဂ္ဂရှစ်ပါး ငှပွားများလျက် ထိုကိလေသာငြိမ်းအေးပါမည့် နိရောဓသစ္စာကို။ န ပဿာမိ၊ ဗောဓိပက္ခိယတရားတပါးပါးကို မပွားများက ငါဘုရားမြင်တော်မမူ။ ဣန္ဒြိယသံဝရာ၊ ဝိဿရဟန်းကို မိန်း က လေး တ ယောက် ပြုံး ၍ ပြ ရာ သွားကိုမမြင်အရိုးစုသာထင်သည့်သဘော စက္ခုစသော ဣန္ဒြေကိုစောင့်စည်းခြင်းမှ။ အညတြ၊ ကြဉ်၍။ ပါဏိနံ၊ ရူပါရုံစသား ကာမဂုဏ်ကား လေးမြားပမာ တဖွားဖွားစူးဝင်လာသော လောကီဘုံသားတို့၏။ သောတ္ထိံ အာရုံငါးပါး လှံသွားဒဏ်ချက် ဒုက္ခလက်နက်မှ လွတ်ခါထွက်လျက်အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ဖြင့် ချမ်းသာခြင်းအဆင့်ကို။ န ပဿာမိ အာရုံငါးဖြာ အယုတ်တမာစနက် လောဘတဏှာကွန်ရက်ကို မပယ်ဖျက်သမျှ ငါဘုရားမြင်တော်မမူ။ သဗ္ဗနိဿဂ္ဂါ၊ နှစ်ယောက်ပေါင်းပြု ကိုယ်ရုံတခုတည်းသာရှိသည်ကို ကောသာဋ္ဌကပုဏ္ဏားတို့ကဲ့သို့ လှူဒါန်းခြင်းပုဂ္ဂိုလ်မျိုးမှ။ အညတြ၊ ကြဉ်၍။ ပါဏိနံ၊ ပစ္စည်းဥစ္စာ ကိုယ်ခန္ဓာ၌ ငြိကပ်တွယ်တာခြင်းရှိသောသူတို့၏။ သောတ္ထိံ၊ ရက်စက်မှုဘုရားဖြစ်

စကားပုံလှစ်သကဲ့သို့ ရုပ်နာမ်ကင်းရာ နိဗ္ဗာန်ချမ်းသာကို။ န ပဿာမိ၊ ရောက်သည် ရသည် စံမြန်းရသည်ဟု တကယ်ပင် ငါဘုရားမြင်တော် မမူသည်သာတည်း။

## (၁) ကာယာနုပဿနာသတိပဋ္ဌာန်အကြောင်း သိကောင်းစရာ

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။
ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ
သုညာဂါရဂတောဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ
ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ၊
သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ၊
ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။
(သုတ်မဟာဝါမဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၃၁)

ဘိက္ခဝေ၊ သတိပဋ္ဌာန်လမ်းစဉ်ဖြင့် မဂ်ဖိုလ်လိုလား အိုယောဂီများတို့။ ဘိက္ခု၊ ဇာတိ စသော သံသရာဘေးကို ရှုဂုလှ့ရှိသောယောဂီသည်။ ကာယေ၊ ဆံပင်စသော တရားများစုဝေးရာ ဤခန္ဓာ၌။ ကာယာနုပဿီ၊ ခန္ဓာကိုယ်ကိုရှုသည်ဖြစ်၍။ ကထဉ္စပနဝိဟရတိ၊ အဘယ်ကဲ့သို့နေသနည်း ဟူမူကား။ ဘိက္ခဝေ၊ သတိပဋ္ဌာန်လမ်းစဉ်ဖြင့် မဂ်ဖိုလ်လိုလား အိုယောဂီများတို့။ ဘိက္ခု၊ ဇာတိစသော သံသရာဘေးကို ရှုလေ့ရှိသော ယောဂီသည်။ အရညဂတောဝါ၊ တောသို့ကပ်သည်ဖြစ်၍လည်းကောင်း။ ရုက္ခမူလဂတောဝါ အရိပ်ကောင်းသည့်သစ်ပင်ရင်းသို့ ကပ်၍လည်းကောင်း။ သုညာဂါရဂတောဝါ၊ သတ္တဝါတို့၏ အသံတိတ်သည့် ဆိတ်ငြိမ်ရာသို့ ကပ်၍ လည်းကောင်း။ ပလ္လင်္ကံ၊ ထက်ဝယ်ဖွဲ့ခြင်းကို။ အာဘုဇိတွာ၊ ခွေ၍။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ကာယံ၊ ခန္ဓာကိုယ်ကို။ ပဏိဓာယ၊ ဆောက်တည်၍။ ပရိမုခံ၊ ရှေးရှု။ သတိံ၊ သတိကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ သော၊ ထိုသံသရာမှ လွတ်လိုသောယောဂီသည်။ သတောဝ၊ သတိတရားရှိသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကိုပြု၏။ သတောဝ၊ သတို

တရားရှိသည်ဖြစ်၍ သာလျှင်။ ပဿသတိ၊ ဝင်သက်ကိုပြု၏။ ဒီဃံဝါ၊ ရှည်စွာလည်း။ အဿသန္တော၊ ထွက်သက်ကိုပြုသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိ၊ ထွက်သက်ကိုပြု၏။ဣတိ၊ ဤသို့။ ပဇာနာတိ၊ သတိတရား ခေါင်းဆောင်ထားကာ ပညာတရားဖြင့် တကယ်ပင် သိသည်သာတည်း။

## (က) အာနာပါနအကြောင်း သိကောင်းစရာ

ဤ ထွက်သက် ဝင်သက်လေ ခေါ် အာနာပါန၊ ကာယာနုပဿနာ သတိပဋ္ဌာန်ကို အားထုတ်လိုသော ယောဂီသည် တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်သို့ဖြစ်စေ တင်ပလ္လင်ခွေခါ သို့မဟုတ် ပါမူ တာရှည်နေနိုင်မည့် မိမိ၏ လျှောင်း ထိုင် ရပ် သွား ဣရိယာပုထ် လေးပါးတို့တွင် တပါးပါးဖြင့်နေ၍ ခန္ဓာကိုယ်ကို ဖြောင့်စွာထားပြီး သတိကိုဖြစ်စေလျက်၊လိမ္မာသော ပန်းပွတ်သမားသည် လည်းကောင်း၊ ပန်းပွတ်သမား၏ တပည့်သည်လည်းကောင်း ကြိုးကိုအရှည်ဆွဲသည်ကို အရှည်ဆွဲသည်ဟု သိ၏၊ အတိုဆွဲသည်ကို အတိုဆွဲသည်ဟု သိသကဲ့သို့ ရှည်သော ထွက်သက်လေကို ဖြစ်စေရာ၌ ရှည်သော ထွက်သက် လေကို ဖြစ်စေသည်။

နည်းတူရှည်သော ဝင်သက်လေ၊ တိုသော ထွက်သက်လေ ဝင်သက်လေ အလုံးစုံသောကိုယ်ကို သိသည်ဖြစ်၍၊ ထွက်သက်လေ ဝင်သက်လေ ထွက်သက် ဝင်သက်ခေါ် ကာယသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်လေ ဝင်သက်လေကို သိစေရမည်။

ဤသို့မိမိခန္ဓာကိုယ် အဇ္ဈတ္တကာယ၊ သူတပါးခန္ဓာကိုယ် ဗဟိဒ္ဓကာယ၊ အဇ္ဈတ္တ ဗဟိဒ္ဓကာယ၊ အဖြစ်တရား အပျက်တရား အဖြစ်အပျက်တရားကို ရှုပွား ဆင်ခြင်ရ၏။

ဤသို့ ထွက်သက်လေ ဝင်သက်လေ ဝါယောဓာတ်ကိုရှု၍ သတိဉာဏ် ပညာ စသည်ဖြင့် နေသောကြောင့် လောကကို မစွဲလမ်းပဲနေ၏။

ဤ အာနာပါနဿတိကမ္မဋ္ဌာန်းကို ဘုရားရှင်သည် များစွာကျေးဇူး ရှိ၍ သားတော် အရှင်ရာဟုလာအားပင် ဟောတော်မူဖူး၏။

ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ၊ အနိဿိတောစ ဝိဟရတိ၊ နစ ကိဉ္စိလောကေ ဥပါဒိယတိ၊ ဝေမ္ပိခေါ ဘိက္ခဝေ ဘိက္ခု ကာယေကာယာနုပဿီ ဝိဟရတိ။

(သုတ်မဟာဝါမဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၃၂)

ယာဝဒေဝ၊ အကြင်မျှလောက်လျှင်။ ဉာဏမတ္တာယ၊ အသိဉာဏ်ဖြစ် ခြင်းငှါ။ ပဋိဿတိမတ္တာယ၊ အဖန်တလဲလဲ သတိဖြစ်ခြင်းငှါ။ အနိဿိ တောစ၊ လောကကိုမမှီသည်ဖြစ်၍။ ဝိဟရတိ၊ ထွက်သက် ဝင်သက်ကိုရှု ပွား၍နေ၏။ ကိဉ္စိ၊ တစုံတခု ရူပါရုံစသည်ကို။ လောကေ၊ လောက၌။ နစဥပါဒိယတိ၊ တဏှာဥပါဒါန်တို့ဖြင့် မစွဲလမ်းပေ။ ဘိက္ခဝေ၊ အာနာ ပါနလမ်းစဉ်ဖြင့် မဂ်ဖိုလ်ရည်မှန်း အိုရဟန်းတို့။ ဝေမ္ပိခေါ၊ ဤသို့လျှင်။ ဘိက္ခု၊ မဂ်ဖိုလ်ရည်မှန်း သင်ရဟန်းသည်။ ကာယေ၊ ကိုယ်၌။ ကာယာ နုပဿီ၊ အာနာပါန ထွက်သက်ဝင်သက်ကို ရှုသည်ဖြစ်၍။ ဝိဟရတိ၊ လောဘ စသော ကိလေသာမဝင်ပဲနေခြင်း ဖြစ်တော့သည်သာတည်း။ သုံးဆယ့်တဘုံသားတို့သည် ဖြစ်ရာဘုံ၌ တဏှာရာဂ စွဲလမ်းကြ၏၊ အဝီစိ ငရဲ၌ ဖြစ်သောသူသည်ပင် အဝီစိငရဲ၏ မီးလျှံစသည်၌ စွဲလမ်းကြသည်။

အာသန္နမရဏဿ ဟိ မောဟေန အာကုလစိတ္တတ္တာ အဝီစိဇာ လာယပိ နိကန္တိ ဥပ္ပဇ္ဇတိ၊ ကိံ ပန သေသေသု နိမိတ္တေသု။

(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဒု - ၁၇၁)။

ဟိသစ္စံ၊ မှန်၏။ အာသန္နမရဏဿ၊ သေခါနီးသော သတ္တဝါအား။ မောဟေန၊ မောဟတရားသည်။ အာကုလစိတ္တတ္တာ၊ နှောင့်ယှက်သော စိတ်ရှိသည်၏ အဖြစ်ကြောင့်။ အဝီစိဇာလာယပိ၊ အဝီစိငရဲ၏ မီးလျှံ၌ လည်း။ နိကန္တိ၊ တပ်နှစ်သက်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သေသေသု၊

ကြွင်းကုန်သော။ နိမိတ္တေသု၊ နိမိတ်တို့၌။ ကိံပန၊ အဘယ် ဆိုဖွယ်ရာရှိ တော့အံ့နည်း။

ထွက်သက်ဝင်သက်တို့ကို တစ်နှစ်သုံး စသည်ဖြင့် ရေတွက်သော နည်းသည် ဂဏနာနည်း မည်၏။

ထွက်သက်ဝင်သက်ကို သတိမပြတ်စေခြင်းသည် အနုဗန္ဓနာနည်းမည် ၏။နှာသီးဖျား စသည်ကို ထွက်သက်ဝင်သက်ထိခြင်းသည် ဖုသနာနည်း မည်၏။

ချာန်သို့သက်ဝင်ခြင်းကို ဌပနာနည်း ခေါ်၏။

အနိစ္စ စသည်တို့ဖြင့် ရှုခြင်းကို သလ္လက္ခဏာနည်း ခေါ်၏။

အရိယာမဂ်ကို ဖြစ်စေခြင်းသည် ဝိဝဋ္ဋနာနည်း ခေါ်၏။

စင်ကြယ်ခြင်းကို ပါရိသုဒ္ဓိနည်း ခေါ်၏။

ပစ္စဝေက္ခဏာဉာဏ်ဖြင့် ရှုခြင်းသည် ပဋိပဿနာနည်း မည်၏။ ဤသို့ စသည်ဖြင့်ကား များစွာ၏။

## ဆောင်ပုဒ်

ဂဏနာရှု၊ အနုဗန္ဓနာ၊ ဖုသနာစ-ထပနာပါ။
သလ္လက္ခဏ ဝိဝဋ္ဋနာ၊ ပါရိသိ ပဋိပဿနာ။

## သူဆွံ့ဥပမာ စသည်

ပုခက်လွဲသောသူ ဆွံ့သည် စကားမပြောတတ်သော်လည်း ပုခက်ပျဉ် ကို ကြိုးမှုပြုတ်မပြုတ် အမြဲတမ်းသတိထားသကဲ့သို့လည်းကောင်း၊တံခါး စောင့်သည် ထွက်ဝင်သော သူတို့ကို အမြဲတမ်းသတိထားသကဲ့သို့ လည်း ကောင်း၊ လွှသမားသည် လွှကြောင်းကို အမြဲတပ်း လွှမလွဲ ကြည့်ကာ သတိထားသကဲ့သို့ လည်းကောင်း၊ အဿာပဿာသကို အမြဲတမ်း သတိမလွတ်စေရ၊ ကိုယ်စိတ်ပူပန်က ထွက်သက်ဝင်သက်လေခေါ် ကာယ သင်္ခါရ ရှန့်ရင်း၏၊ ကိုယ်စိတ်မပူပန်က ထွက်သက် ဝင်သက်လေ ခေါ် ကာယသင်္ခါရ သိမ်မွေ့၏။

အားထုတ်ဖန်များက တဖြည်းဖြည်း သိမ်မွေ့လာ၏၊ ထွက်သက်ဝင်သက်ကို အာရုံပြုသောစိတ်ကား ဖြစ်သေး၏၊ ကြေးစည်တခု ထိုးရာ၌ ပထမကျယ်သော အသံကို အာရုံပြု၍ နောက်၌ တဆင့်တဆင့်တိုးလာသော အသံကိုလည်း အာရုံပြုသည်နှင့် တူ၏။

ထို့နောက် အာရုံမျှပင်မထင်ပေ၊ သို့သော်လည်း ယောဂီသည်ထ၍ မသွားအပ်၊ ဤရိယာပုထ်ကို ဖျက်က ကမ္မဋ္ဌာန်း အသစ်အသစ်သာ ဖြစ်သည်၊ ဆရာထံသို့သွား၍ မေးစရာလည်းမလိုပေ။

ဤသို့ ကမ္မဋ္ဌာန်း မထင်သော အဖြစ်ကိုသိက ဤထွက်သက်ဝင်သက်တို့မည်သည် အဘယ်အရပ်၌ ရှိမရှိ ဘယ်သူ၌ ရှိမရှိ ဆင်ခြင်သော်။

**အသက်မရှူသူ ရှစ်ယောက်**

အမိဝမ်းတွင်လူ၊ သက်မရှူ၊ ရေမှုနစ်မြုပ်ပါ။
စတုတ္ထစျာန်၊ ဝင်စားပြန်၊ မှတ်ရန်အသညာ။
ရူပါရူပစျာန်၊ ဗြဟ္မာမှန်၊ မှတ်ရန် နိရောဓာ။
တွေ့ဝေသေသူ၊ သေသွားသူ၊ မှတ်ယူ အဋ္ဌာ။

ဟူသည်နှင့်အညီ ရှစ်ယောက် ရှိပေ၏။

မွေးခါစ ခလေးကား ရှေးဦးစွာ အတွင်းလေကို အပြင်သို့ထုတ်၏။

အမိဝမ်းတွင်း၌ကိန်းသူ၊ရေနစ်သူတို့ကား ချုပ်ပြီးသော အာကာသရှိသည်၏ အဖြစ်ကြောင့် အသက်မရှူပေ၊ ရေနစ်သူကား တနည်းအားဖြင့် စိတ်ဖြစ်ခြင်း အားနည်းသောကြောင့် အသက်မရှူပေ။ စတုတ္ထစျာန်ဝင်စားသူ ရူပဗြဟ္မာကား ဓမ္မတာအားဖြင့်လည်းကောင်း၊တနည်း နူးညံ့စွာ ဖြစ်ခြင်းကြောင့် လည်းကောင်း အသက်မရှူပေ၊ အသညသတ်ပုဂ္ဂိုလ်၊နိရောဓသမာပတ်ကိုဝင်စားသူ၊သေသူတို့ကားအဿာသပဿာသကို ဖြစ်စေတတ်သောစိတ် မရှိသောကြောင့်လည်းကောင်း၊အရူပဗြဟ္မာကား ရုပ်မရှိသောကြောင့် လည်းကောင်း အဿာသပဿာသ မရှိပေ၊ တွေ့ဝေသူကား ရေနစ်သူနှင့် တူပေလိမ့်မည်။

ဤသူတို့ကား အသက်မရှုသူတို့တည်း၊ ငါသည် ဤပုဂ္ဂိုလ်တို့လည်း မဟုတ်၍ ထွက်သက်ဝင်သက် ရှိသည်သာ၊ ပညာနုသည်၏အဖြစ်ကြောင့် သိမ်းဆည်းခြင်းငှါ မတတ်နိုင်သည်သာဟု အဿာသပဿာသ ထွက်ရာ ဝင်ရာတို့၌ စိတ်ကိုထား၍ နှလုံးသွင်းအပ်သည်သာ။

အပ်ချုပ်သည့်သူကား သေးငယ်သော အပ်နဖားပေါက်ကို အာရုံပြုနိုင်သကဲ့သို့ ဤအဿာသပဿာသကိုရှုသူသည် ထိုထက်ပင်သတိပညာကို လိုအပ်၏။

လိမ္မာသော နွားကျောင်းသားသည် လယ်ထွန်ပြီး၍ နွားများကို လွှတ်ထားသော်လည်း ပြန်၍ ထွန်ခါနီး ဟိုဟိုဒီဒီ လိုက်၍မရှာပဲ ရေဆိပ်မှ စောင့်ဖမ်းသကဲ့သို့၊ အဿာသပဿာသကို နှာသီးဖျား နှုတ်ခမ်းဖျား၌ စောင့်၍ ဖမ်းရသည်၊ သတိကြိုးဖြင့်ဖမ်း၍ ပညာနှင်တံဖြင့်မောင်းနှင်ရသည်။

ပရိကမ္မနိမိတ်ခေါ် တခုခုသောတရားကို ကမ္မဋ္ဌာန်း အားထုတ်ဖန်များလျှင် ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်များ ထင်တတ်ကုန်၏၊ အချို့အား ဝါဂွမ်း လဲမှို လေယာဉ်ကဲ့သို့လည်းကောင်း၊ သောက်ရှူးကြယ်၊ ပတ္တမြား၊ ပုလဲကဲ့သို့လည်းကောင်း ထင်တတ်၏၊ အချို့အား ဝါးရိုးတံကျင်ကဲ့သို့လည်းကောင်း၊ ရှည်သော ဆောက်လုံးကြိုးမျှင် ပန်းဆိုင်းအခိုးညွန့် ပင့်ကူခြည် တိမ်တိုက်လွှာ ပဒုမ္မာကြာပွင့် ရထားလှည်းဘီးလဝန်း နေဝန်းကဲ့သို့ လည်းကောင်း ထင်တတ်၏၊ တောင်ကျချောင်း တောအရေးကဲ့သို့ လည်းကောင်း ထင်တတ်၏။

တခုသောသုတ်သည်ပင် အမည်သညာ အထူးထူး ရှိသောကြောင့် အထူးထူး အပြားပြား ထင်သကဲ့သို့ တခုသော ကမ္မဋ္ဌာန်းသည် ပညာအထူးထူးရှိ၍ နိမိတ်အမျိုးမျိုး ထင်တတ်၏။

နိမိတ်ထင်သောသူအား ဆရာတို့က နိမိတ်ဟု မပြောအပ်၊ နိမိတ်ဟုပြောက တွန့်တတ်၏၊ နိမိတ်မဟုတ်ဟုပြောက အာသာပြတ်၍ ပင်ပန်း

တတ်သောကြောင့် နိမိတ် ဟုတ်မဟုတ်ကို မပြောအပ်ဟု ဝါဒတမျိုး ရှိ၏။

မဇ္ဈိမနိကာယ်ဆောင် ပုဂ္ဂိုလ်တို့၏ အယူကား နိမိတ် ဖြစ်သည်၊ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်ပါဟု ပြောသင့်ကြောင်းလာ၏။ မိဖုရားသည် စကြာမင်း ကိုယ်ဝန်ကို စောင့်ရှောက်သကဲ့သို့ လည်းကောင်း၊ လယ်သမားသည် စပါးခင်းစသည်ကို စောင့်ရှောက်သကဲ့သို့ လည်းကောင်း ထိုနိမိတ်ကို စောင့်ရှောက်ရ ချာန်စသည် ဖြစ်လာ၏။ နိမိတ်ထင်က လောဘစသော နီဝရဏကင်း၏၊ ကျန်သော ကိလေသာများငြိမ်း၏၊ သတိထင်၏။ ထို့ကြောင့်ပင်တည်း။

မြန်မာရာဇဝင်၌ တောင်သူကြီးတယောက်အား လူများက မင်းလုပ်ရန်သွား၍ ပြောကြရာ၊ မင်းတို့ မင်းဘဝကိုငါသည် ယာခင်း၌ ခွေးမ၏နို့ကို စို့နေကြသော ခွေးငယ်များကဲ့သို့ အတုံးအရုံး သီးနေကြသော သခွါးသီးများကို ကြည့်နေရသည်လောက် မနှစ်သက်နိုင်ပေဟု ပြောကြားလိုက်သည်။

## နှိုးသမား

ဘုရားရှင်သည် လိမ္မာသောနှိုးသမားကား ဝါးတလုံးတည်းကို လေးစိတ်ခွဲ၍ တောင်းစသည်ယက်သကဲ့သို့ များစွာသောမင်္ဂဖိုလ်နိဗ္ဗာန်ကိုရစေတတ်သော သတိတရားတခုတည်းကို စတ္တာရော သတိပဋ္ဌာနာစသည်ဖြင့် ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် ဟူ၍ လေးမျိုး လေးစားခွဲကာ ဟောတော်မူပေ၏။

## ဆုံးမသင့်သော နွားငယ်

အရွယ်ရောက်လာသော နွားငယ်ကို လယ်ထွန်လှည်းဆွဲရန် စသည့်အတွက် ဆုံးမသကဲ့သို့ ဆုံးမရာ၌ တိုင်မှာကြိုးဖြင့် ကျင့်ရသည့်နည်းတူ ယောဂီလည်း သတိ တည်း ဟူ သော တိုင် မှာ အမြဲတမ်း ချည်ထားဖို့ လို၏။

ဘုရားရှင်သည် မြို့, ရွာ စ သည် တို့ ၏ နေရာကို ရွေးတတ်သူကဲ့သို့ ဒေသနာအမျိုးမျိုးကို ပုဂ္ဂိုလ်အမျိုးမျိုးအား ဟောတော်မူတတ်၏။

တနည်း-ကျားသစ်သည် သားသမင် ကို ဖမ်း လို၍ မလှုပ်မယှက် ပုန်းအောင်းနေဘိသကဲ့သို့ ယောဂီသည် သတိတရားဖြင့် အမြဲတမ်း စောင့်စည်းဖို့လိုအပ်ပေ၏။

ယထာ ထမ္ဘေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမံ့ နရော ဣဓ။
ဗန္ဓေယျေဝံ သကံ စိတ္တံ၊ သတိယာရမ္မဏေ ဒဠှံ။

(သုတ်မဟာဝါအဋ္ဌကထာပါဠ်-၃၅၃)

နရော၊ ခန္ဓာငါးဖြာ သံသရာခရီး ဒုက္ခမီးမှ လွတ်ဖို့ရန်ဉာဏ် ရင့်သန်ခြင်းကိုအလိုရှိသော သူတော်ကောင်းသည်။ ဣဓ၊ ဂေါတမ ဘုရားရှင်သာသနာတော်သည် ဓမ္မက္ခန္ဓာ ဒေသနာတို့ဖြင့် နေရောင် လဝန်းပမာ တယိန့်ထိန့်တပြောင်ပြောင် ထွန်းတောက်ပသော၍အချိန် အခါမျိုး၌။ ဒမံ့၊ လူ့လောကအလယ် အ ရွယ် ရောက် လာ ပြီ ဖြစ် ၍ လယ်ထွန်လှည်းဆွဲ သုံးစွဲရန်ဆုံးမသင့်ပြန်သော။ ဝစ္ဆံ၊ အလုပ်လုပ်ရန် အားခွန်ဗလနှင့်ပြည့်ဝပေဆို ထိုနွားပျိုကို။ ထမ္ဘေ၊ ရုန်းထွက်ပြေး သွားမည်ဖြစ်၍ မိမိအလိုသို့ရအောင် အသေအချာ ခိုင်မာတောင့်တင်း သောတိုင်၌။ နိဗန္ဓေယျယထာ၊ စွဲစွဲမြဲမြဲ ကြိုးနှယ်များတွဲခါ ဖွဲ့ချည် ထားရာသကဲ့သို့။ ဧဝံတထာ၊ နွားပိုင်ရှင်သည် နွားငယ်ကို မိမိလိုရာ ရွှေနောက်ဆင်ခြင်၍ အတိုင်အဖောက် ထောက်ချင့်သင်ပြ ခိုင်းစေ ကြသည့်အတူ။ သကံစိတ္တံ၊ ရူပါရုံစသား လောကီအာရုံ ကာမဂုဏ် ငါးပါးတို့၌ မရပ်မနား ထိုနွားအလား လှည့်ပတ်သွားလာတတ်ငြား မိမိ၏ကြမ်းတမ်းယုတ်မာလှသော စိတ်နာမ်တရားကို။ ဒဠှံ၊ ကာယာ နုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်,ဓမ္မာနုပဿနာသတိပဋ္ဌာန် ထိုလေးတန်တွင် တခုခုသော ကမ္မဋ္ဌာန်းတရား၌ မြဲမြံခိုင်ခံ့အောင်။ သတိယာရမ္မဏေ၊ ဗောဓိပက္ခိယ တရား သုံး ဆယ့် ခု နစ် ပါး တွင် တ ပါး အ ပါ အ ဝင် သတိ

သည် တိုင်တည်းဟူသောအာရုံ၌။ဗန္ဓေယျ၊ သမ္မာဒိဋ္ဌိ စရှိရှစ်ပါး ပြင်ဆင်ထားလျက် မဂ္ဂင်ယာဉ်ရထားကို မိမိရရ တက်စီးခါ ဖွဲ့ချည်တုပ်နှောင်ရာသတည်း။

ဤအဿာသပဿာသကို အားထုတ်သောယောဂီသည် ပန်းပဲဖို၌လေဖြစ်သကဲ့သို့ ဤအဿာသပဿာသတို့သည် ဟဒယဝတ္ထု နှလုံးသားကို မှီကုန်၏၊ ဟဒယဝတ္ထုစသည်သည် ကရဇကာယခေါ် မိဘတို့၏သုက်သွေးတည်း၊ ဤကရဇကာယဟူသည် ပထဝီ, အာပေါ်, တေဇော, ဝါယော-ဟူသော မဟာဘုတ်လေးပါး၊ စက္ခုပသာဒရုပ်စသော ဥပါဒါရုပ် နှစ်ဆယ့်လေးပါး တည်းဟု သိမ်းဆည်း၏၊ ထို့နောက် ထိုရုပ်ကို အာရုံပြုတတ်သော ဖဿ, ဝေဒနာ, သညာ, စေတနာ,ဝိညာဏ်တို့ကို နာမ်ဟု သိလာ၏၊ ဤသို့ နာမ်ရုပ်ကိုသိပြီး၍ ထိုနာမ်ရုပ်တို့၏အကြောင်းကို ရှာမှီးသည်ရှိသော် အဝိဇ္ဇာ စသော ပဋိစ္စသမုပ္ပါဒ်တရားတို့ကိုမြင်သောကြောင့် "အကြောင်းအကျိုးတရားသာတည်း၊ တပါးသော ပုဂ္ဂိုလ်,သတ္တဝါ,ယောကျ်ား,မိန်းမ ဟူ၍မရှိ" ဟုယုံမှားသံသယပျောက်ပြီး ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဖြစ်ကာအကြောင်းဖြစ်သောရုပ်နာမ်တရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ-တည်းဟူသော လက္ခဏာရေးသုံးပါးသို့တင်၍ ဝိပဿနာပွားလျက် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ရောက်လေ၏။

ဤကား ဝိပဿနာယာဉ်ခေါ် ဝိပဿနာယာနိကတည်း။

သောတာပတ္တိမဂ်ဉာဏ်စသည်သို့တက်သောနည်းသည် သမထယာဉ်ခေါ် သမထယာနိက, ဝိပဿနာယာဉ်ခေါ် ဝိပဿနာယာနိက အားဖြင့်နှစ်ပါး အပြားရှိ၏။

ဝိပဿနာနည်း၌ကား အာနာပါနနည်းစသည်ဖြင့် များလှစွာ၏၊ ဝိပဿနာဟူသည် ပညာစေတသိက်တည်း၊ ဉာဏ်ဟူ၍လည်း ခေါ်၏၊ ဝိပဿနာကိုအားထုတ်က အာရုံကိုကြံစည်ခြင်းဝိတက်,အာရုံကိုသုံးသပ်ခြင်းဝိစာရ,အာရုံကိုနှစ်သက်ခြင်းပီတိ,ချမ်းသာခြင်းသုခ, အာရုံတခုခု၌

တည်ကြည်ခြင်း ဧကဂ္ဂတာသမာဓိတရားကို ရ၏၊ ၎င်းအင်္ဂါငါးပါးနှင့် ပြည့်စုံက ပဌမစျာန်၊ နောက်-ဝိတက်ကိုအပြစ်မြင်၍ နောက်လေးပါး နှင့်ပြည့်စုံက ဒုတိယစျာန်၊ ထိုနည်းတူ နောက်ဆုံးသုံးပါးနှင့်ပြည့်စုံက တတိယစျာန်၊ နောက် နှစ် ပါး နှင့် ပြည့် စုံ က စတုတ္ထစျာန်၊ နောက် ဉပေက္ခာဧကဂ္ဂတာနှင့်ပြည့်စုံက ပဥ္စမစျာန် ခေါ်၏။

ပဥ္စမစျာန်မှဆက်လက်အားထုတ်က အ ဘိ ညာဏ် ခြောက် မျိုး ကို ရ၏။

ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တ ဝိဇာနနာ။
ပုဗ္ဗေ နိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခုုတိ ပဥ္စဓာ။
(အဘိဓမ္မတ္ထသင်္ဂဟပါဠိ)

ဣဒ္ဓိဝိဓံ၊ အကြီးကိုအငယ် အငယ်ကိုအကြီး စသည်ဖြင့် ဖန်ဆင်း တတ်သောအဘိညာဏ်လည်းကောင်း။ ဒိဗ္ဗသောတံ၊ နတ်တို့၏နားကဲ့သို့ ကြား စွမ်း နိုင် သော အဘိညာဏ်လည်းကောင်း။ ပရစိတ္တဝိဇာနနာ၊ သူတပါးစိတ်ကို သိစွမ်းနိုင်သောအဘိညာဏ် လည်းကောင်း။ ပုဗ္ဗေ နိဝါသနုဿတိ၊ ရှေး ဘ ဝ ၌ ဖြစ် ဖူး သည် ကို သိနိုင်ခြင်း အဘိညာဏ် လည်းကောင်း။ ဒိဗ္ဗစက္ခု၊ နတ်တို့၏မျက်စိကဲ့သို့ မြင်စွမ်းနိုင်ခြင်းအဘိ ညာဏ် လည်းကောင်း။ ဣတိ၊ ဤသို့။ ပဥ္စဓာ၊ ငါးပါးအပြား ရှိ၏။

အာ သ ဝ တ ရား တို့ ၏ ကုန် ရာ ကုန် ကြောင်း ကို သိတတ်သော အဘိညာဏ်ကား အာသဝက္ခယအဘိညာဏ်ဟူ၏၊လောကမှထွက်မြောက် တတ်သော လော ကုတ္တ ရာ အ ဘိ ညာဏ် ခြောက် ပါး ကို ရ၍ သေက္ခ ဘုရားရဟန္တာဖြစ်ပါမူ နောင်တဖန် ဇာတိစသည်မရှိသော အ နု ပါ ဒိ သေသနိဗ္ဗာန်ကို ရ၏။

သ မ ထ ယာ နိ က နည်း ကား ကသိုဏ်းဆယ်ပါးစသော သမထ ကမ္မဋ္ဌာန်းလေးဆယ်တည်း၊ ၎င်း ကို အား ထုတ် က လောလောဆယ် သမာဓိတရားကို ရ၏၊ သမာဓိတရားဟူသည် အာရုံမပြားပဲ တခုခုသော အာရုံကို အာရုံပြုလျက် မရွေ့မယိုင် တည်နေနိုင်ခြင်းတည်း၊ စျာန်ငါး

ပါးကို ရ၏၊ အာသဝက္ခယအဘိညာဏ်မှတပါး ဝိပဿနာနည်း၌ကဲ့သို့ ရှေးအဘိညာဏ်ငါးမျိုးကို ရ၏၊ သေက ဖြဟ္မာပြည်ရောက်၏၊ ဇာတိ စသည်မကင်း၍ လောကီတရားသာတည်း၊ ဒေဝဒတ်ရဟန်း၏ ဈာန် အဘိညာဏ်နှင့် တူ၏။

ဈာန်အဘိညာဏ်တရားတို့ကား သမထနည်း၊ ဝိပဿနာနည်း တို့၌ သဘောအတူတူ ဖြစ်၏၊ သို့သော်လည်း သမထမှ ဈာန် အဘိညာဏ်သည် ဝိပဿနာ မဟုတ်၊ ဝိပဿနာမှ ဈာန်အဘိညာဏ် သည် သမထ မဟုတ်၊ ပုံစံတူရှိသာ။

ဂေါတမဘုရားရှင်သည် အစပထမ အာဠာရ ဥဒက ရသေ့တို့ထံမှာ သမထကို အားထုတ်၍ လောကီဈာန် အဘိညာဏ်များကို ရလာ၏၊ ဗောဓိမဏ္ဍိုင်သို့ ရောက်သောအခါ၌ကား ပဋိစ္စသမုပ္ပါဒ်တရားများကို ဆင်ခြင်ရာ ၎င်းဈာန်အဘိညာဏ်များ ပျောက်၍ ဤဝိပဿနာကြောင့် ရလာသော ဈာန်အဘိညာဏ်တို့သည်သာ ပရိနိဗ္ဗာန်ပြုသည်ထိ ပါသွား လေသည်။

သမထမှ ဝိပဿနာနည်းသို့ တက်ခြင်းသည် သောတာပန်စသည် ဖြစ်ဖို့ရန်အတွက် အားထုတ်ရ သက်သာ၏၊ မြစ်ကို ဖေါင်နှင့် ကူး၍ ဟိုဘက်ကမ်းကို ရောက်သည်နှင့်တူ၏၊ ဝိပဿနာနည်း သက်သက် အားထုတ်သော ယောဂီသည် မြစ်ကိုလက်ပစ်ကူးသည်နှင့် တူ၏။

ထို့ကြောင့် သမထယာနိကခေါ် ဈာန်မှစ၍ အားထုတ်သောသူ သည်လည်း ဤစိတ်စေသော ဈာန်အင်္ဂါတို့သည် ဟဒယဝတ္ထုကို မှီကုန်၏ စသည်ဖြင့် သိလာ၏၊ အထက်နည်းအတိုင်း အားထုတ်က အရဟတ္တဖိုလ်သို့ ရောက်လေသည်။

ပန်းထိမ်သည်တို့၏ မီးပြောင်းဖြင့် မှုတ်သည် ရှိသော် လေသည် ရွှေလျှောသကဲ့သို့ အဿာသ ပဿာသကိုရှူသူသည် ဟဒယဝတ္ထု၊ နှာ

ခေါင်း,စိတ်ကို စွဲ၍ အဿာသပဿာသဖြစ်သည်ဟု ရှုသူကား အဖြစ်ကို ရှုသူ မည်၏၊ ဘုရားရှင်က သမုဒယဓမ္မာနုပဿီ-စသည်ဖြင့် ဟောတော်မူ၏။

နည်းတူ မီးပြောင်းဖြင့် မမှုတ်သော် လေမဖြစ်သကဲ့သို့ ဟဒယဝတ္ထု, နှာခေါင်း,စိတ် ချုပ်သည်ရှိသော် အဿာသပဿာသမဖြစ်ဟု ရှုသူကား အပျက်ကို ရှုသူမည်၏၊ ဘုရားရှင်က ဝယဓမ္မာနုပဿီဟု ဟောတော်မူ၏။

အဿာသပဿာသကိုဖြစ်စေတတ်သောသတိသည် ဒုက္ခသစ္စာ၊ ၎င်း အဿာသပဿာသကို ဖြစ်စေတတ်သော တဏှာသည် သမုဒယသစ္စာ၊ ၎င်းနှစ်ပါး မဖြစ်ခြင်းသည် နိရောဓသစ္စာ၊ ဒုက္ခ, သမုဒယကို သိ၍ နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသော သမ္မာဒိဋ္ဌိစသော အရိယာမဂ်သည် မဂ္ဂသစ္စာ၊ ဤသို့ သစ္စာလေးပါးတို့၏အစွမ်းဖြင့် အားထုတ်၍ ငြိမ်းအေးခြင်းသို့ ရောက်လေ၏၊ ရဟန္တာဘဝသို့ ရောက်လေ၏။

(ဣရိယာပထပိုင်း စသည်တို့၌လည်း ဤသို့ သစ္စာလေးပါးကို သိအပ်၏)။

ထိုသူသည် လပြည့်နေ့ လရောင် တောက်ပတင့်တယ်သကဲ့သို့ သာသနာတော်၌ မဂ်ဖိုလ်အရောင်တို့ဖြင့် တင့်တယ်ပေ၏။

အာနာပါနာသတိ ယဿ၊ ပရိပုဏ္ဏာ သုဘာဝိတာ။
အနုပုဗ္ဗံ ပရိစိတာ၊ ယထာ ဗုဒ္ဓေန ဒေသိတာ။
သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာပါဠိ-၉၆)

ယဿ၊ အကြင်ယောဂီအား။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ဗုဒ္ဓေန၊ သစ္စာသိမြင် ဘုရားရှင်သည်။ ဒေသိတာ၊ ဟောတော်မူအပ်သော။ အာနာပါနာသတိ၊ အာနာပါနာသတိကို။ ပရိပုဏ္ဏာ၊ ပြည့်စုံစေအပ်၏။ အနုပုဗ္ဗံ၊ အစဉ်အတိုင်း။ ပရိစိတာ၊ လေ့လာဆည်းပူး အထူးကြိုးကုတ် အားထုတ်အပ်၏။ သော၊ ထိုယောဂီသည်။ အဗ္ဘာ၊

တိမ်တိုက်မှ။ မုတ္တော၊ လွတ်သော။ စန္ဒိမာဣဝ၊ လမင်းကဲ့သို့။ ဣမံ လောကံ၊ ဤလောကကြီးကို။ ပဘာသေတိ၊ မဂ်ဖိုလ်ဉာဏ်ရောင်တို့ဖြင့် ထွန်းလင်းတောက်ပြောင်စေနိုင်သည်သာတည်း။

အာနာပါန စသော တခုခုသောကမ္မဋ္ဌာန်းကို ပွားများသည်ရှိသော် ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ ပြည့်စုံကုန်၏။

> အာနာပါနဿတိသမာဓိ ဘိက္ခဝေ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော စတ္တာရော သတိပဋ္ဌာနေ ပရိပူရေတိ၊ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ၊ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။
>
> (အာနာပါနသံယုတ်ပါဠိတော်-၂၉၂)

ဘိက္ခဝေ၊ ရဟန်းတို့။ အာနာပါနဿတိသမာဓိ၊ အာနာပါနဿတိသမာဓိဟု ဆိုအပ်သော။ ဧကဓမ္မော၊ တခုသောတရားကို။ ဘာဝိတော၊ ပွားအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များးစွာ ပွားအပ်သည်ရှိသော်။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တရားတို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တရားတို့ကို။ ဘာဝိတာ၊ ပွားအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များးစွာ ပွားအပ်ကုန်သည်ရှိသော်။ သတ္တဗောဇ္ဈင်္ဂေ၊ ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။ သတ္တဗောဇ္ဈင်္ဂါ၊ ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့ကို။ ဘာဝိတာ၊ ပွားအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များးစွာပွားအပ်ကုန်သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရခြင်း ကိလေသာမှ လွတ်ခြင်းကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်သည်သာတည်း။

ဘုရားရှင်သည်လည်း အလောင်းတော် ဘဝ၌ ဤ အာနာပါန ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်ဖူးသည်။

အဟမ္ပိ သုဒံ ဘိက္ခဝေ ပုဗ္ဗေဝ သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓေါ ဗောဓိသတ္တောဝ သမာနော ဣမိနာ ဝိဟာရေန ဗဟုလံ ဝိဟရာမိ၊ တဿ မယှံ ဘိက္ခဝေ ဣမိနာ ဝိဟာရေန ဗဟုလံ ဝိဟရတော နေဝ ကာယော ကိလမတိ၊ န စက္ခူနိ၊ အနုပါဒါယစ မေ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။ (သံယုတ်ပါဠိတော်-၂၇၆)။

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားရှင်သည်။ သမ္ဗောဓာ၊ သစ္စာလေးပါးကို သိသည်မှ။ ပုဗ္ဗေဝ၊ ရှေးအခါကသာလျှင်။ အနဘိသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးကိုမသိသေးသော။ ဗောဓိသတ္တောဝ၊ ဘုရားလောင်းသည်သာလျှင်။ သမာနော၊ ဖြစ်လျက်။ ဣမိနာဝိဟာရေန၊ ဤအာနာပါနကမ္မဋ္ဌာန်းကိုအားထုတ်၍နေခြင်းဖြင့်။ ဗဟုလံ၊ များစွာ။ ဝိဟရာမိ၊ နေခဲ့ပါ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမိနာဝိဟာရေန၊ ဤအာနာပါန ကမ္မဋ္ဌာန်းကိုအားထုတ်၍ နေခြင်းဖြင့်။ ဗဟုလံ၊ စွာ။ ဝိဟရတော၊ နေသော။ တဿမယှံ၊ ထို ငါဘုရားလောင်းအား။ ကာယော၊ ကိုယ်တော်သည်။ နကိလမတိ၊ မပင်ပန်း။ စက္ခူနိ၊ မျက်စိတို့သည်။ နကိလမန္တိ၊ မပင်ပန်းကုန်။ မေ၊ ငါဘုရားအလောင်းတော်အား။ အနုပါဒါယ၊ လောက၌ မစွဲလမ်းမူ၍။ အာသဝေဟိစ၊ အာသဝတို့မှလည်း။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စိ၊ လွတ်သည်သာတည်း။

ဣဓ ဘိက္ခု အာနာပါနဿတိံ အနုယုတ္တော ကောသနေ နိသိန္နောဝ သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ၊ တထာ အသက္ကောန္တော မရဏကာလေ သမသီသီ ဟောတိ၊ တထာ အသက္ကောန္တော ဒေဝလောကေ နိဗ္ဗတ္တိတွာ ဓမ္မကထိက ဒေဝပုတ္တဿ ဓမ္မံ သုတွာ အရဟတ္တံ ပါပုဏာတိ၊ တတော ဝိရဒ္ဓေါ အနုပ္ပန္နေ ဗုဒ္ဓုပ္ပါဒေ ပစ္စေကဗောဓိံ သစ္ဆိကရောတိ၊ တံ အသစ္ဆိကရောန္တော ဗုဒ္ဓါနံ သမ္မုခီ ဘာဝေ ဗာဟိယတ္ထေ ရာဒယောဝိယ ခိပ္ပာဘိညော ဟောတိ၊ ဧဝံ မဟပ္ဖလာ။

(မဇ္ဈိမပဏ္ဏာသ၊ မဟာရာဟုလောဝါဒသုတ် အဋ္ဌကထာ-၉၆)။

ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အာနာပါန သတိံ၊ အာနာပါနသတိကို။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ ကောသနေ၊ တခုသောနေရာ၌။ နိသိန္နော၀၊ နေလျက် သာလျှင်။ သဗ္ဗာသဝေ၊ အလုံးစုံသော အာသဝတို့ကို။ ခေပေတွာ၊ ကုန်စေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ပါပုဏာတိ၊ ရောက်၏။ တထာ၊ ထိုသို့။ အသက္ကောန္တော၊ မတတ်နိုင်သည်ရှိသော်။ မရဏကာလေ၊ သေသော အခါ၌။ သမသီသီ၊ သမသီသီရဟန္တာသည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုသို့။ အသက္ကောန္တော၊ မတတ်နိုင်သည် ရှိသော်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဓမ္မကထိကဒေဝပုတ္တဿ၊ ဓမ္မကထိက နတ်သား၏။ ဓမ္မံ၊ တရားကို။ သုတွာန၊ ကြားနာရ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်၏။ တတော၊ ထိုဘဝမှ။ ဝိရဒ္ဓေါ၊ ချွတ်ယွင်းသည်ဖြစ်၍။ ဗုဒ္ဓုပ္ပါဒေ၊ ဘုရားပွင့်ပေါ်ခြင်းသည်။ အနုပ္ပန္နေ၊ မဖြစ်သည်ရှိသော်။ ပစ္စေကဗောဓိံ၊ ပစ္စေကဗောဓိဉာဏ် ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။ တံ၊ ထိုပစ္စေကဗောဓိဉာဏ်ကို။ အသစ္ဆိကရောန္တော၊ မျက်မှောက်မပြုသည်ရှိသော်။ ဗုဒ္ဓါနံ၊ ဘုရားရှင် တို့၏။ သမ္မုခီဘာဝေ၊ မျက်မှောက်တော်၌။ ဗာဟိယတ္ထေရာဒယော ဝိယ၊ ဗာဟိယထေရ် စသည်တို့ကဲ့သို့။ ခိပ္ပာဘိညော၊ လျင်သောပညာ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ မဟပ္ဖလာ၊ များသော အကျိုး ရှိသည်သာတည်း။

နတ်ပြည်၌ ရောက်နေကြသော ဝိသာခါအနာထပိဏ်တို့အား လူတို့ ၏ အရေအတွက် အားဖြင့် နှစ်ပေါင်း နှစ်ထောင်ကျော်သော်လည်း နတ်တို့၏ အရေအတွက်အားဖြင့်ကား ရက်လသာ ရှိသေးသည်၊ ယခု သေသွားသော သူတို့သည် နတ်ပြည်ရောက်က သူတို့နှင့် တွေ့နိုင် ၏၊ သူတို့သည် ဂေါတမဘုရားရှင်၏ တရားစကားများကို ဟောကြ ပြောကြမည်၊ တရားနာရ၍ သောတာပန်စသည် ဖြစ်နိုင်၏။

## ပျဉ်ချပ်ဝတ် ရဟန္တာ

ရှေးတချိန်က လူများစွာတို့သည် ကုန်ရောင်းသွားစဉ် သင်္ဘော ပျက်၍ သေကြ၏၊ ဤဗာဟိယထေရ်အလောင်းသည် ပျဉ်ချပ်တခုကို ရ၍ အသက်ရှင်၏၊ ၎င်းပျဉ်ချပ်ကို ဝတ်နေ၍ လူများတို့က ရဟန္တာဟု ထင်ခါ လှူဒါန်းနေကြ၏၊ သူသည် ရဟန္တာဟု ဝါကြွားနေ၏၊ ပျဉ် ချပ်ဝတ်နေ၍ ဗာဟိယဒါရုစိရိယဟု တွင်၏။

ဗာဟိယစသော ခုနစ်ပါးသော ရဟန်းတို့သည် ကဿပဘုရားရှင် ၏ သာသနာတော်နောက်ပိုင်း လှေခါးဖြင့် တောင်ထိပ်သို့ တက်ခါ တရားအားထုတ်ကြ၏၊ တရက်တည်းဖြင့် တပါးသည် ရဟန္တာဖြစ်၏၊ နှစ်ရက်မြောက် တပါးသည် အနာဂါမ်ဖြစ်၏၊ ကျန် ရဟန်းတော်များ အား ရဟန္တာနှင့် အနာဂါမ် ရဟန်းတို့က မြောက်ကျွန်းမှ ဆွမ်းခံ၍ ဘုဉ်းပေးစေသော်လည်း မဘုဉ်းပေးကြပေ။

ကျန်ငါးပါးတို့ကား ကုမာရကဿပ။ ပုက္ကုသာတိ၊ သဘိယပရိဗိုဇ်၊ ဒဗ္ဗ၊ ဗာဟိယဒါရုစိရိယဟု ဂေါတမဘုရားရှင်လက်ထက်၌ ဖြစ်လာကြ ၏၊ အနာဂါမ်ဖြစ်သူသည် ဗြဟ္မာပြည်မှ လာ၍ ဗာဟိယဒါရုစိရိယကို ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ လွှတ်၏၊ သုပ္ပါရကမှ ယူဇနာ တရာရှိခရီးကို နတ်၏အာနုဘော်,ဘုရားရှင်၏အာနုဘော်ကြောင့် တခဏ ဖြင့် ရောက်လာ၏။

ရဟန်းတို့က ဘုရားရှင်ကိုတွေ့လိုက ကျောင်းမှ စောင့်ရန်တားသော် လည်းမရပဲ ဘုရားရှင်အား ဆွမ်းခံ လမ်းခရီး၌ တရားဟောခိုင်းရာ ဘုရားရှင်သည် ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ စသော ဒေသနာကို ဟောတော်မူ၍ ရဟန္တာဖြစ်သည်။

ရဟန်းကျင့်ဝတ်ကို အနှစ် နှစ်သောင်း အားထုတ်ဖူး သော်လည်း သင်္ကန်း စသည်ကို သူတပါးအားမပေးဘူး၍ ဘုရားရှင်သည် ဟေ့ဘိက္ခု ခေါ်တော်မမူ၊ ပရိက္ခရာ အရှာခိုင်းရာ ရှေးပုက္ကုသာတိ စသည်တို့

သင်္ဘောသားဖြစ်စဉ် ပြည့်တန်ဆာမသည် ရန်ငြိုးထား၍ ဘီလူးမဖြစ်ကာ နွားမပုံဖန်ဆင်းပြီး တွေ့ရာ သေလေ၏။

ဘုရားရှင်သည် လျင်သော အသိဉာဏ်ကို ရရာ၌ တေဒဂ်ပေးတော်မူ၍ အောက်ပါ ဒေသနာတော်ကိုလည်း ဟောတော်မူ၏။

သဟဿမပိ စေ ဂါထာ၊ အနတ္ထပဒသဉှိတာ။
ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။
(ဓမ္မပဒအဋ္ဌကထာ (ပ) သုဓမ္မဝတီမူ-၄၉၈)။

အနတ္ထပဒသဉှိတာ၊ အကျိုးမရှိသည်နှင့်စပ်သော။ ဂါထာ၊ ဂါထာသည်။ သဟဿမပိ၊ တထောင်သည်လည်း။ စေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ယံဂါထာပဒံ၊အကြင်ဂါထာပုဒ်ကို။သုတွာ၊ ကြားသည်ရှိသော်။ ဥပသမ္မတိ၊ ကိလေသာ ငြိမ်းသည်ဖြစ်အံ့။ တံဂါထာပဒံ၊ ထိုဂါထာပုဒ်သည်။ဧကမ္ပိ၊တဂါထာပင်ဖြစ်သော်လည်း။ သေယျော၊ မြတ်လှပေသည်သာတည်း။

(အာနာပါနဿတိ ယဿ ဂါထာကိုပြန်ကောက်၍ အဆုံးသတ်)

## (ခ) ဣရိယာပထအကြောင်း သိကောင်းစရာ

ဣရိယာပထနည်း အားဖြင့် အားထုတ်ခြင်း ဟူသည် သွားသည်ကို သွားသည်ဟု သိ၊ ရပ်နေသည်ကို ရပ်နေသည်ဟု သိ၊ ထိုင်နေသည်ကို ထိုင်နေသည်ဟု သိ၊ လျောင်းနေသည်ကို လျောင်းနေသည်ဟု သိခြင်းပင်တည်း။ ဤသို့ အဇ္ဈတ္တ ဗဟိဒ္ဓအားဖြင့် ရှုအပ်၏။

ဤသို့ သွားခြင်းစသည်ကို ခွေး မြေခွေး စသည်တို့လည်း သိ၏၊ သို့သော် ခွေး မြေခွေးစသည်တို့ သိခြင်းကား သတ္တဝါဟူသော အမှတ်သညာ မပျောက်၊ ငါဟူသော အတ္တသညာ မကွာ၊ သတိပဋ္ဌာန် ဘာဝနာ မဖြစ်။

ဤကမ္မဋ္ဌာန်းအနေဖြင့် သိခြင်းကား သတ္တဝါဟူသော အမှတ်သညာ ပျောက်၏၊ ငါဟူသော အတ္တဒိဋ္ဌိ ကွာ၏၊ သတိပဋ္ဌာန်ဘာဝနာ ဖြစ်၏။

အဘယ်သူ သွားသနည်း၊ တစုံတယောက်သော သွားတတ်သော ပုဂ္ဂိုလ် သတ္တဝါ မရှိ။

အဘယ်သူ၏ သွားခြင်းနည်း၊ တစုံတယောက်သော ပုဂ္ဂိုလ်သတ္တဝါ၏ သွားခြင်းမဟုတ်။

အဘယ်ကြောင့် သွားသနည်း၊ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် လှုပ်ရှား၍ သွားသည်။

လှည်းကား နွား၊ လှေကား လေ၊ မြားကား လေးညှို့ကြိုး၊ ယန္တရားစက်ကား ကြိုးကြောင့် သွားသည်နှင့် တူလှပေ၏။

သတ္တဝါများ အဘယ်ကြောင့် သွားသလဲ။ ။လှည်း၊ လှေ၊ မြားများ၊ ယန္တရား၊ အသွား ဘာကြောင့် ဖြစ်သနည်း။

နွားလေညှို့အား၊ ကြိုးကြောင့်ထား၊ အသွားစဉ်တိုင်းဖြစ်သတည်း။

သတ္တဝါများ၊ လူတို့ကား၊ ထိုင် သွား လျောင်း ရပ် ဘာကြောင့်နည်း။

စိတ်ကြောင့်ဖြစ်ခါ၊ ဝါယောမှာ၊ မှတ်ပါထို့ကြောင့်ဖြစ်သတည်း။

ပုရစ ပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာပတိ၊ ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ၊ နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ၊ သယာနော ဝါ သယာနောမှီတိ ပဇာနာတိ၊ ယထာယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာတထာ နံ ပဇာနာတိ။

(သုတ်မဟာဝါ၊ မဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၇၂)။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ ဂစ္ဆန္တောဝါ၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်လှုပ်ရှား၍သွားသည် ရှိသော်။ ဂစ္ဆာမီတိ၊ သွား၏ဟု။ ပဇာနာတိ၊ ပညာဖြင့်သိ၏။ ဌိတောဝါ၊ ရပ်တည်သည်ရှိသော်လည်း။ ဌိတော၊ ရပ်တည်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ပညာဖြင့်သိ၏။ နိသိန္နောဝါ၊ ထိုင်နေသည် ရှိသော်လည်း။ နိသိန္နော၊ ထိုင်နေသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။

ပဇာနာတိ၊ ပညာဖြင့်သိ၏။ သယာနောဝါ၊ လျောင်းသည်ရှိသော်လည်း။ သယာနော၊ လျောင်းသည်။ အမှို၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ပညာဖြင့်သိ၏။ ယထာယထာ ဝါ ပန၊ အကြင် အကြင် အခြင်းအရာဖြင့် ကား။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ကာယော၊ ဆံပင်စသော အစု အပေါင်း ခန္ဓာကိုယ်သည်။ ပဏိဟိတော၊ ဆောက်တည်အပ်သည်။ ဟောတိ၊ ဖြစ်၏။ တထာတထာ၊ ထိုထိုသို့သော အခြင်းအရာဖြင့်။ နံ၊ ထိုဣရိယာပုထ် လေးပါးကို။ ပဇာနာတိ၊ သတိတရား ရှေးရှုထားခါ ပညာဖြင့် တကယ်ပင် သိသည်သာတည်း။

လျောင်း,ထိုင်,ရပ်,သွား ဣရိယာပုထ်လေးပါး၌ အဘိဇ္ဈာစသော နီဝရဏတရား ကင်းပျောက်ဖို့လိုသည်၊ ဝီရိယထားကာ အားထုတ်နေ သဖြင့် လောဘ စသော တရား မကပ်ငြိဖို့အရေးကြီး၏၊ ရုပ်နာမ်တို့၌ သတိတရားထင်နေဖို့ လို၏၊ ကိုယ်,စိတ်တရားကို ဝိပဿနာအလုပ်၌ ကြိုးစားနေသဖြင့် မခက်ထန်စေသင့်၊ ရုပ်နာမ်၌ စိတ်တည်ငြိမ်ဖို့ သတိ ထားရ၏၊ ဤသို့ မကောင်းမှုမှ ထိတ်လန့်မှုလည်း ရှိသည်ဖြစ်၍ သွား နေသောရဟန်းကိုလည်း အမြဲမပြတ်ထက်သန်သောလုံ့လရှိသူ,နိဗ္ဗာန်သို့ စေလွှတ်ထားသောစိတ်ရှိသူ-ဟု ဆိုရသည်။

ယတံ စရေ ယတံ တိဋ္ဌေ၊ ယတံ အစ္ဆေ ယတံ သယေ။
ယတံ သမိဉ္ဇယေ ဘိက္ခု၊ ယတံ မေနံ ပသာရယေ။
(ဣတိဝုတ်ပါဠိတော်-၂၇၅)

ဘိက္ခု၊ ရဟန်းသည်။ ယတံ၊ သမ္မပ္ပဓာန်လုံ့လဖြင့် အားထုတ်သည် ဖြစ်၍။ စရေ၊ သွားရာ၏။ ယတံ၊ သမ္မပ္ပဓာန်လုံ့လဖြင့် အားထုတ်သည် ဖြစ်၍။ တိဋ္ဌေ၊ ရပ်တည်ရာ၏။ ယတံ၊ သမ္မပ္ပဓာန်လုံ့လဖြင့် အားထုတ် သည်ဖြစ်၍။ အစ္ဆေ၊ နေရာ၏။ ယတံ၊ သမ္မပ္ပဓာန်လုံ့လဖြင့် အားထုတ် သည်ဖြစ်၍။ သယေ၊ အိပ်ရာ၏။ ယတံ၊ သမ္မပ္ပဓာန်လုံ့လဖြင့် အားထုတ် သည်ဖြစ်၍။ သမိဉ္ဇယေ၊ လက်,ခြေစသည်ကို ကွေးရာ၏။ ယတံ၊

သမ္မပ္ပဓာန်လုံ့လဖြင့် အားထုတ်သည် ဖြစ်၍။ နေ့၊ ထိုလက်,ခြေ စသည်ကို။ ပသာရယေ၊ ဖြန့်ဆန့်ရာသတည်း။

လျှောင်း,ထိုင်,ရပ်,သွား ဣရိယာပုထ်လေးပါးတို့တွင် တပါးပါး၌ ပုထုဇဉ်ပုဂ္ဂိုလ် လူ,ရှင်,ရဟန်းတို့အား ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက် ဖြစ်တတ်သည်၊ ထိုကာမဝိတက်စသည်ကို အကြင် အကြင်ပုဂ္ဂိုလ်သည် သည်းခံနေ၏၊မပယ်စွန့်၊မချေဖျက်၊ ကုန်ဆုံးအောင် မပြု၊ နောက်တခါမလာအောင် မကြိုးစား၊ ထိုသူသည် ကိလေသာကို ဖြစ်စေသည်မည်၏။ ကိလေသာကို မပူပန်စေတတ်၊ ကိလေသာကို မကြောက်လန့်၊ ကိလေသာကို မြဲစေ၏၊ ကိလေသာကို စုပေါင်း ထား၏၊ ထိုသူသည် ပျင်းရိသောသူမည်၏၊ ဆုတ်ယုတ်သော လုံ့လ ဝီရိယရှိသောသူ မည်၏။

စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
ယော ဝိတက္ကံ ဝိတက္ကေတိ၊ ပါပကံ ဂေဟနိဿိတံ။
(ဣတိဝုတ်ပါဠိတော်-၂၇၃)

ယော၊ အကြင်ရဟန်းသည်။ စရံဝါ၊ သွားနေသော်လည်းကောင်း။ ယဒိ၊ ထိုမှို။ တိဋ္ဌံဝါ၊ ရပ်နေသော်လည်းကောင်း။ နိသိန္နောဝါ၊ ထိုင် နေသော်လည်းကောင်း။ ဥဒဝါ၊ ထိုမှတပါး။ သယံဝါ၊ အိပ်နေသော် လည်းကောင်း။ ပါပကံ၊ ယုတ်မာသော။ ဂေဟနိဿိတံ၊ ကာမဂုဏ်ကို မှီသော။ ဝိတက္ကံ၊ ကာမဝိတက်စသည်ကို။ ဝိတက္ကေတိ၊ ကြံစည်၏။

ကုမ္မဂ္ဂံ ပဋိပန္နော သော၊ မောဟနေယျေသု မုစ္ဆိတော။
အဘဗ္ဗော တာဒိသော ဘိက္ခု၊ ဖုဋ္ဌုံ သမ္ဗောဓိ မုတ္တမံ။
(ဣတိဝုတ်ပါဠိတော်-၂၇၃)

ကုမ္မဂ္ဂံ၊ လမ်းကောက်လမ်းမှားသို့။ ပဋိပန္နော၊ သွားတတ်သော။ မောဟနေယျေသု၊ တွေဝေမှုကိုဖြစ်စေတတ်သော အာရုံတို့၌။ မုစ္ဆိတော၊ တွေဝေတတ်သော။ တာဒိသော၊ ထိုသို့သဘောရှိသော။ သောဘိက္ခု၊

ဘိုရဟန်းသည်။ ဥတ္တမံ၊ မြတ်သော။ သမ္မောဓိံ၊ အရိယာမဂ်ဉာဏ်ကို။ ဖုသ္ဆုံ၊ ရခြင်းငှာ။ အဘဗ္ဗော၊ မထိုက်သည်သာတည်း။

ဣရိယာပုထ်လေးပါးနှင့် ပတ်သက်၍ လေးပါးလုံး၌ သတိစသည် ရှိရသည်၊ မေ့မေ့ လျော့လျော့နေ၍ မဖြစ်ပေ၊ နိုးနိုး ကြားကြား ရှိရသည်၊ ဤပုဂ္ဂိုလ်တို့သည် လောကုတ္တရာတရားတို့မှ မဆုတ်ယုတ်တတ်။

ကမ္မာရာမော ဘဿာရာမော၊ နိဒ္ဒါရာမော စ ဥဒ္ဓတော။
အဘဗ္ဗော တာဒိသော ဘိက္ခု၊ ဖုဋ္ဌုံ သမ္ဗောဓိ မုတ္တမံ။
(ဣတိဝုတ်ပါဠိတော်–၂၄၇)

ဥဒ္ဓတော၊ စိတ်ပျံ့လွင့်သောသူသည်။ ကမ္မာရာမော စ၊ တရားအားမထုတ်ပဲ အလုပ်ချည်းသာ လုပ်နေ၏။ ဘဿာရာမော၊ စကားပြောဆိုခြင်း၌ ဝါသနာများ၏။ နိဒ္ဒါရာမော စ၊ အိပ်ခြင်းလည်းများ၏။ တာဒိသော၊ ထိုသို့ သဘောရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ဥတ္တမံ၊ မြတ်သော။ သမ္မောဓိံ၊ အရိယာမဂ်တရားကို။ ဖုဋ္ဌုံ၊ ရခြင်းငှာ။ အဘဗ္ဗော၊ မထိုက်သည်သာတည်း။

ထို့ကြောင့် အကြင်ယောဂီသည် တရက်ပတ်လုံး စင်္ကြံလျှောက်ခြင်းဖြင့် လောဘစသောမဂ်ဖိုလ်ကို တားမြစ်တတ်ကုန်သော နီဝရဏတရားတို့မှ စိတ်ကို သုတ်သင်ရှင်းလင်းရာ၏၊ ပထမယာမ်၌ တရားအားထုတ်ရသည်၊ မဇ္ဈိမယာမ်၌ သတိပညာထားခါ လက်ယာဘက်သို့ စောင်း၍ ခြေထောက်တဘက်အပေါ်၌ တဘက်ကို တင်၍ အိပ်ရသည်၊ ဤအိပ်ခြင်းမျိုးကို ဘုရားရှင်တို့ ကျိန်းစက်တော်မူသည်။ သီဟသေယျ မြတ်သောသူတို့၏ အိပ်ခြင်းမည်၏၊ လက်ဝဲဘက်ကို စောင်း၍ အိပ်ခြင်းသည် ကာမဂုဏ်မှီဝဲသူတို့၏ အိပ်ခြင်းမည်၏။ ကာမဘောဂီသေယျ ခေါ်၏၊ ပက်လက်အိပ်ခြင်းသည် ပြိတ္တာတို့၏အိပ်ခြင်းနှင့် တူ၏၊ ပေတသေယျခေါ်၏၊ မှောက်အိပ်ခြင်းသည် တိရစ္ဆာန်တို့၏ အိပ်ခြင်းမည်၏၊ တိရစ္ဆာနသေယျ ခေါ်၏။

သတော၊ သတိတရားရှိရသည်။ သမ္ပဇာနော၊ ပညာအဆင်အခြင် ရှိရသည်။ သမာဟိတော၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိနှင့်ပြည့်စုံရသည်။ ပမုဒိတော၊ အကျင့်၏အကျိုးကိုရှုသဖြင့် မဂ်ဖိုလ်ရခြင်း၌ ဝိရိယတရား၏ အချည်းအနှီးမရှိသည်ကို ဝမ်းမြောက်ရ၏။

ကာလဝိပဿီ-အခါအားလျော်စွာ ဣရိယာပုထ်တို့၌ အားထုတ်ခြင်းစသည် ရှိရသည်။

ဇာဂရိယာနုယောဂ-နိုးကြားခြင်းရှိသူ ခေါ်သည်။

ထိုသို့ နိုးနိုးကြားကြား တရားအားထုတ်နေသောသူအား-

အတ္တာနုဝါဒဘယံ-မိမိကို သူတပါးစွပ်စွဲခြင်းဘေး

ပရာနုဝါဒဘယံ-သူတပါးကို မိမိက စွပ်စွဲခြင်းဘေး

ဒဏ္ဍဘယံ-ကြိမ်ဒဏ်ရိုက်နှက်ခြင်းစသောဘေး

ဒုဂ္ဂတိဘယံ-အပါယ်လေးပါးဘေး

ဝဋ္ဋဘယံ-ဇာတိစသောဝဋ်ဆင်းရဲဘေး ကင်းသည်သာတည်း။

ဇာဂရန္တာ သုဏာထေတံ၊ ယေ သုတ္တာ တေ ပဗုဇ္ဈထ။
သုတ္တာ ဇာဂရိတံ သေယျော၊ နတ္ထိ ဇာဂရတော ဘယံ။
(ဣတိဝုတ်ပါဠိတော်-၂၂၃)

ဇာဂရန္တာ၊ အဝိဇ္ဇာတည်းဟူသောအိပ်ခြင်းမှ နိုးကြားသောသူတို့သည်။ ဧတံ၊ ဤစကားကို။ သုဏာထ၊ သတိသမ္ပဇဉ် တရားယှဉ်၍ နားထောင်ကြပါကုန်လော့။ ယေ၊ အကြင်သူတို့သည်။ သုတ္တာ၊ အဝိဇ္ဇာတည်းဟူသော အိပ်ပျော်ခြင်းရှိကြကုန်၏။ တေ၊ ထိုသူတို့သည်။ ပဗုဇ္ဈထ၊ ဣန္ဒြိယ,ဗလ,ဗောဇ္ဈင် တရားယှဉ်၍ နိုးကြားကြပါကုန်လော့။ သုတ္တာ၊ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ။ ဇာဂရိတံ၊ အရိယာမဂ်တရားဖြင့် နိုးခြင်းသည်။ သေယျော၊ မြတ်လှပါ၏။ ဇာဂရတော၊ သဒ္ဓါစသောတရားတို့ဖြင့် နိုးကြားသောသူအား။ ဘယံ၊ မိမိကိုယ်ကို စွပ်စွဲခြင်းစသောဘေးသည်။ နတ္ထိ၊ မရှိသည်သာတည်း။

ဘုရားရှင်သည်ပင်လျှင်–ပဌမယာမ်၌ အချို့သောရဟန်းတော်များ ဆည်းကပ်လာကြသည်၊ တချို့ ပုစ္ဆာပြဿနာ မေးကြသည်၊ တချို့ သမထဝိပဿနာတည်းဟူသော ကမ္မဋ္ဌာန်းတရားကို မေးလျှောက်ကြ၏၊ တချို့ တရားနာကြသည်။

ဤသို့အားဖြင့် မအားမလပ်ပဲ သတ္တဝါတို့အား ရာဟုလာသား ပမာ မေတ္တာထားကာ သံသရာမှ လွတ်စေသည်။

မဇ္ဈိမယာမ်၌ တသောင်းသောလောကဓာတ်မှ အလင်းတောက်ပ ကာ နတ်,ဗြဟ္မာများ လာ၍ ပြဿနာမေးကြ၏၊ ထိုအခါ ဘုရား ရှင်က ဖြေဆိုတော်မူရသည်။ မဇ္ဈိမယာမ်အချိန်ကို လေးဖို့ပြု၍ တဖို့၌ စင်္ကြံကြွရ၏၊ ဒုတိယအဖို့၌ ကျိန်းစက်တော်မူရသည်၊ တတိယအဖို့၌ ဖလသမာပတ် ဝင်စားတော်မူ၏၊ စတုတ္ထအဖို့၌ ကရုဏာသမာပတ်သို့ ဝင်စား၍ ဗုဒ္ဓစက္ခုဖြင့် လောက၌ ကျွတ်ထိုက်မကျွတ်ထိုက်သောသူတို့ကို ကြည့်ရှုတော်မူရသည်။ ဤသို့ ဘုရားရှင်သည် နိုးကြားခြင်းတည်းဟူ သော ဇာဂရိယာနုယောဂဂုဏ်နှင့် ပြည့်စုံတော်မူသည်။

ပေါ်ဋ္ဌိရိယဠ္ဌာစား၏သား သောဏထေရ်အလောင်းသည် ရှေးရှေး သော ဘုရား ရှင် တို့ ၌ ဆုတောင်းပါရမီ ရှိဖူးသည်၊ သိခီဘုရားရှင် လက်ထက်တော်၌ မုဆိုးဖြစ်၍ ဘုရားရှင်အား သစ်သီးလှူဖူး၏၊ သောဏ နာ မည် တွင် သည်၊ ဂေါတမဘုရားရှင်လက်ထက်တော်၌ ပေါ်ဋ္ဌိရိယ ဠ္ဌာစား၏သား ဖြစ်၏၊ သူသည် အရွယ်သို့ ရောက်လတ်သော် ဘဒ္ဒိယ သာကီဝင်မင်း၏ စစ်သူကြီး ဖြစ်သည်။

နောက် ဘဒ္ဒိယသာကီဝင်သည် သာသနာ့ဝန်ထမ်း ရဟန်းပြုသည်၊ သောဏသည် အ ရှင် သ ခင် မင်း သည် ပင် လျှင် ရဟန်းပြုနိုင်သေး၏၊ ငါကား အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ရဟန်းပြုသည်၊ သို့သော်လည်း သ မ ထ ဝိ ပဿ နာ ကို မကြိုးစား၊ အိပ်၍သာ နေ၏၊ ဘုရားရှင်သည် အနုပိယသရက်ဥယျာဉ်၌

သီတင်းသုံးတော်မူ၍ အရောင်အလင်းကို ဖြစ်စေလျက် အောက်ပါ ဂါထာကို ဟောတော်မူ၏။

န တာဝ သုပိတုံ ဟောတိ၊ ရတ္တိ နက္ခတ္တမာလိနီ။
ပဋိဇဂ္ဂိတုမေဝေသာ၊ ရတ္တိ ဟောတိ ဝိဇာနတာ။
(ထေရဂါထာပါဠိတော်-၂၇)

တာဝ၊ ရှေးဦးစွာ။ နက္ခတ္တမာလိနီ၊ နက္ခတ်တာရာ ကြယ်တကာ တို့ဖြင့် ထွန်းလင်းတောက်ပခြင်းရှိသော။ ရတ္တိ၊ ညဉ့်သည်။ သုပိတုံ၊ အိပ်ခြင်းငှာ။ န ဟောတိ၊ မဖြစ်။ ဧသာ ရတ္တိ၊ ဤညဉ့်သည်ကား။ ဝိဇာနတာ၊ ပညာရှိသည်၏အဖြစ်ကြောင့်။ ပဋိဇဂ္ဂိတုမေဝ၊ သမထ ဝိပဿနာတို့ဖြင့် ကိလေသာစင်ကြယ်အောင်သုတ်သင်ခြင်းငှာသာလျှင်။ ဟောတိ၊ ပစ္စုပ္ပန်,သံသရာ အကျိုးအမြားမြားဖြင့် ဖြစ်သည်သာတည်း။

နောက် သောဏထေရ်သည် ရဟန္တာ ဖြစ်လေသည်။

ကြိုးစားက ဘုရားဖြစ်နိုင်သည်ဆိုသည့်အတိုင်း သတိဝီရိယအပ္ပမာဒ တရားထားကြမှသာ သံသရာက လွတ်နိုင်မည်၊ပေါ့ပေါ့ဆဆ နေ၍ကား မရ၊ လောကသံသရာဟူသည် အထက်အထက်ဘုံမှ အောက်အောက်ဘုံ သို့သာ အသွားများသည်၊ အောက်အောက်ဘုံမှ အထက်အထက်ဘုံသို့ သွားသူကား နည်းပါးသည်၊ အကုသိုလ်ကို လုပ်သူ များသည်၊ ကုသိုလ် လုပ်သူကား နည်းပါးသည်။

ပုထုဇဉ်သတ္တဝါဟူသည် ပါမသိုံ ရမတိ မနော၊ အကုသိုလ်အာရုံ ၌သာ မွေ့လျော်ကြသည်။

ကြိုးစားက တဆင့်တဆင့် တိရစ္ဆာန်ဘဝမှ ရဟန္တာ ဖြစ်နိုင်သည်။

ဝနဝစ္ဆထေရ်အလောင်းတော်သည် အတ္ထဒဿီဘုရားရှင်လက်ထက်၌ လိပ်သတ္တဝါမျိုးဖြစ်ကာ ဝိနတာမည်သောမြစ်ဝယ် နေသည်၊ လှေငယ် ပမာဏရှိသည်၊ တနေ့သ၌ ဘုရားရှင်သည် မြစ်ကို ကူး ခါ နီး ၌ ဟို ဘက်ကမ်းသို့ ပို့မည့်ပုံ ဘုရားရှင်၏ ခြေရင်း ရောက်လာသည်၊ဘုရားရှင် သိ၍ တက်စီးသည်၊ ပီ တိ သော မ နဿ ဖြစ် ကာ မြားလောက်မြန်၍

ဟိုဘက်ကမ်းသို့ ရောက်သည်၊ ဘုရားရှင်သည် နောင်ဘဝအတွက် ဗျာဒိတ်ကြားတော်မူသည်။

ထိုလိပ်သတ္တဝါသည် ထိုကုသိုလ်ကြောင့် လူ့ပြည်၊နတ်ပြည်တို့၌ ကျင်လည်ရ၍ ဘဝပေါင်းများစွာ ရသေ့ရဟန်းပြုပြီး တောရ ဆောက်တည်သည်။

ကဿပဘုရားရှင်လက်ထက်တော်၌ ခိုဘဝမှာ လာ၍ ဖြစ်သည်၊ မေတ္တာကမ္မဋ္ဌာန်း ပွားများနေသောရဟန်းတပါးကို မြင်၍ ကြည်ညို သည်၊ နောက်–ဗာရာဏသီပြည်မှာ အမျိုးသားဖြစ်၍ ရဟန်းပြုကာ ဝဋ္ဋကင်းရာကုသိုလ် ပြုသည်၊ နောက်–လူ့ပြည်၊နတ်ပြည်တို့၌ ကျင်လည် ရ၍ ဂေါတမဘုရားရှင်လက်ထက်တော်ဝယ် ကပိလဝတ်ပြည်မှာ ဝစ္ဆ ဂေါတ္တပုဏ္ဏားမျိုး၌ ဖြစ်သည်၊ မိခင်သည် သူ့ကို ကိုယ်ဝန်ရှိစဉ် တော၌ လည်ပတ်လိုစိတ်ရှိ၍ တော၌သာ နေသည်၊ တောမှာ မွေးသည်၊ ပါရမီ ပြည့်စုံသောသားကို မွေးဖွားသည်၊ ဂေါတမဘုရားလောင်းနှင့် ကစား ဘက်ဖြစ်သည်၊ တောမှာ မွေး၍ ဝနဝစ္ဆ တွင်သည်၊ ဘုရားလောင်း တောထွက်စဉ် သူလည်း တောထွက်သည်၊ ရသေ့ရဟန်း ပြုသည်၊ သိဒ္ဓတ်မင်းသား ဘုရားဖြစ်စဉ် ကမ္မဋ္ဌာန်းယူပြီး တောမှာ ဝိပဿနာ အားထုတ်၍ ရဟန္တာ ဖြစ်သည်။

နောက်–သူသည် အောက်ပါဒေသနာတော်ကို ဟောတော်မူသည်။

နီလဗ္ဘဝဏ္ဏာ ရုစိရာ၊ သီတဝါရီ သုစိန္ဓရာ။
ဣန္ဒဂေါပကသဉ္ဆန္နာ၊ တေ သေလာ ရမယန္တိ မံ။

(ထေရဂါထာပါဠိတော်–၂၂၃)

ယေသေလာ၊ အကြင်ကျောက်တောင်တို့သည်။နီလဗ္ဘဝဏ္ဏာ၊ မိုးတိမ် ညိုအဆင်းရှိကုန်၏။ရုစိရာ၊ အရောင်ပြိုးပြိုးပြက်ထွက်ကုန်၏။သီတဝါရီ၊ အေးမြကြည်လင်သောရေလည်း ရှိကုန်၏။ သုစိန္ဓရာ၊ စင်ကြယ်သော မြေအဖို့လည်း ရှိကုန်၏။ဣန္ဒဂေါပကသဉ္ဆန္နာ၊သန္တာအဆင်းနှင့်တူသော နီသောအဆင်းရှိသော သိကြားကွမ်းသွေးကောင် (ဣန္ဒရုပ်ကောင်ဟု

အမည်ရသော) ပိုးပရန်တို့ဖြင့် ဖုံးလွှမ်းထားကုန်၏။ တေသေလာ၊ ထို ကျောက်တောင်တို့သည်။ မံ၊ ငါ့ကို။ ရမယန္တိ၊ မွေ့လျော်စေကုန်သည် သာတည်း။

ဥတ္တိယထေရ်လည်း မိကျောင်းဘဝမှ ကြိုးစား၍ ဤ ဝနဝစ္ဆထေရ် နည်းတူ ဘုရားရှင်ကို ကူးတို့ပို့ဖူးသည်၊ နောက် တဖြည်းဖြည်း အဆင့် မြင့်ကာ ရဟန္တာဖြစ်လေသည်။

ဘုရားရှင်သည် စမ္ပာပြည်ဝယ် ဂဂ္ဂရာရေကန်နား၌ တရားဟောတော် မူစဉ် ဖားတကောင်သည် ဘုရားရှင် တရားဟောမှန်းလည်း မသိ၊တရား ၏ အဓိပ္ပါယ်ကိုလည်း မသိ၊ အသံကို နားထောင်နေစဉ် နွားကျောင်း သားတယောက်၏ တုတ်နှင့် ထောက်မိ၍ သေပြီး ချက်ချင်း တာဝတိံ သာမှာ နတ်သားဖြစ်သည်၊အခြံအရံနှင့်လာ၍ဘုရားရှင်အား အကြောင်း အကျိုး လျှောက်ပြဖူးသည်။

ခင်ပုပ်ငှက်တကောင် ဘုရားရှင်ကိုရှိခိုး၍ ပစ္စေကဗုဒ္ဓါဖြစ်လေသည်။

ခွေးတကောင် ပစ္စေကဗုဒ္ဓါတပါး နေ့စဉ် ဆွမ်းခံကြွလာသည်ကို ခင်မင်၍ ခရီးဦးကြိုကာ ဘုတ်ဘုတ် ဟူသော အသံဖြင့် ဟောင်ဖူး၍ ဃောသကနတ်သား ဖြစ်သည်။

လင်းနို့သားငါးရာ ရဟန်းတို့၏ အဘိဓမ္မာတရား ရွတ်သံကြားနာရ ၍ နောက် ရဟန္တာဖြစ်ကြသည်။

ကြက်မတကောင်သည် တရားရွတ်သံ ကြားနာရ၍နောက်ရဟန္တာမ ဖြစ်သည်။

## တရားအားထုတ်ခြင်း၏ အကျိုး

ဤသို့ ဣရိယာပုတ်လေးပါးတို့ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းစသည် ဖြင့် သတိပဋ္ဌာန်တရားကို ရှုပွားနေသော သူအား- ပါဏာတိပါတ စသော ဒုစရိုက် ကင်းပျောက်၏၊လောဘ ဒေါသ မောဟကင်းပျောက် ၏၊ မဂ္ဂင်ရှစ်ပါးကို ပွားနေသည် မည်၏၊ မိစ္ဆာမဂ္ဂင်များ မဖြစ်နိုင်ပေ။

ကိုယ်စိတ် ထိုင်းမှိုင်းခြင်း ထိန မိဒ္ဓ၊ စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ၊ ယုံမှားခြင်း ဝိစိကိစ္ဆာ၊ အမျက်ထွက်ခြင်း ကောဓ၊ ကိလေသာဖွဲ့ခြင်း ဉပနာဟ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း မက္ခ၊ အဖျင်းမှုခြင်း ပလာသီ၊ ငြူစူခြင်း ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိ၊ စဉ်းလဲခြင်း သဌေ၊ လှည့်ပတ်ခြင်းမာယာဝီ၊ ခက်ထန်ခြင်း ထဒ္ဓ၊ မာန်ဝင့်ခြင်း အတိမာနီ၊ ဆုံးမခက်ခြင်း ဒုဗ္ဗစ၊ မကောင်းသော မိတ်ဆွေပါပမိတ္တ၊ မေ့လျော့ခြင်း ပမတ္တ၊ မယုံကြည်ခြင်း အသဒ္ဓါ မရှက်ခြင်း အဟိရိက၊ မလန့်ခြင်း အနောတ္တပ္ပ၊ အကြားအမြင် နည်းခြင်း အပ္ပဿုတ၊ ပျင်းရိခြင်း ကုသိတ၊ သတိလွတ်ခြင်း မုဋ္ဌဿတိ– စသည် ကင်းပျောက်တော့၏။

ဘုရားရှင် တရားဟောတော်မူခြင်းသည် မိမိ၏အလို အဇ္ဈာသယ အားဖြင့် ဟောတော်မူခြင်းလည်း ရှိသည်၊ အာကင်္ခေယျသုတ်ဝတ္ထသုတ်၊ မဟာသတိပဋ္ဌာန သုတ်စသည်တည်း။

သူတပါး၏ အလိုအဇ္ဈာသယ အားဖြင့် ဟောတော်မူခြင်းလည်း ရှိသည်၊ စူဠရာဟုလောဝါဒသုတ်၊မဟာရာဟု လောဝါဒသုတ်၊ဓမ္မစကြာသုတ်၊ ဓာတုဝိဘင်္ဂသုတ် စသည်တည်း။

သူတပါးမေး၍ ဟောတော်မူသည်လည်း ရှိ၏၊ ဒေဝတာ သံယုတ်၊ မာရသံယုတ်၊ သာမညဖလသုတ်၊ အာဠဝကသုတ် စသည်တည်း။

ဖြစ်သောအကြောင်းကို စွဲ၍ ဟောတော်မူသည်လည်း ရှိ၏၊ ဓမ္မဒါယာဒသုတ်၊ ဒါရုက္ခန္ဓောပမသုတ် စသည်တည်း။၎င်းတို့ကို အစဉ်အတိုင်း အတ္တဇ္ဈာသယ၊ ပရဇ္ဈာသယ၊ ပုစ္ဆာဝသိက၊ အတ္ထုပ္ပတ္တိကခေါ်သည်။

တနည်း– ဘုရားရှင်သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ယောကျာ်း၊မိန်းမ၊မင်း၊ ပုဏ္ဏား၊ နတ်၊မာရ်နတ် စသည်ဖြင့် သမ္မုတိဒေသနာ,အနိစ္စ၊ ဒုက္ခ၊အနတ္တ၊ ခန္ဓာ၊အာယတန၊ ဓာတ်၊ သတိပဋ္ဌာန် စသည်ဖြင့် ပရမတ္ထဒေသနာ ဟူ၍ ဟောတော်မူ၏။

ဘုရားရှင်သည် ဗေဒင် ကျွမ်းကျင်သူကား တပည့်များကို ဘာသာ စကားအမျိုးမျိုးဖြင့် ဟောပြောသင်ပြသည်နှင့် တူပေ၏။

ထို့ကြောင့် အာသဝတရားတို့၏ကုန်ရာ ကုန်ကြောင်းအတွက် သိဖို့ ကျင့်ဖို့လိုသည်၊ မသိမကျင့်က သံသရာမှ မလွတ်နိုင်၊ အသင့်အတင့်နှလုံးသွင်းခြင်း ယောနိသောမနသိကာရ လိုသည်၊ အသင့်အတင့် နှလုံးသွင်းသောသူအားသာ မဖြစ်သေးသော အာသဝတရား မဖြစ်ပေ၊ ဖြစ်ပြီးသော အာသဝတရားတို့ကို ပယ်နိုင်၏၊ အသင့်အတင့် နှလုံးမသွင်းခြင်း အယောနိသောမနသိကာရ ရှိသူအား မဖြစ်သေးသော အာသဝတရားများလည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော အာသဝတရားများလည်း တိုးပွားနိုင်၏။

ဇာနတော အဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ

နော အဇာနတော၊ နော အပဿတော။

(မူလပဏ္ဏာသပါဠိတော်-၉)။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာနတော၊ သိသောသူအား။ ပဿတော၊ ရှုသောသူအား။ အာသဝါနံ၊ အာသဝတရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အဇာနတော၊ မသိသောသူအား။ နော ဝဒါမိ၊ ဟောတော်မမူ။ အပဿတော၊ မရှုသောသူအား။ နော ဝဒါမိ၊ ဟောတော်မမူသည်သာတည်း။

စာသင်စာချ တရားဟော တရားနာ တရားအားထုတ် သူ အား ပစ္စုပ္ပန်မှာ သူများထက် သာအောင်၊ သူများထက် ငြင်းခုံနိုင်အောင်၊ ဘုန်းလာဘ်သပ္ပကာကြီးအောင်၊ ကျော်စောထင်ရှားအောင် စသည် စိတ်ကြံစည်ခြင်းကို အလွန်သတိပြုအပ်၏၊ ပင်ပန်းသလောက် အကျိုးမထင် ငွေကုန်၍ ဂုဏ်မရှိစကားပမာ ဖြစ်တတ်၏။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် လင်းတသတ်အမျိုး၌ ဖြစ်သော အရိဋ္ဌရဟန်းသည် ဘုရားရှင်အား စျာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို ဟောတော်မူ၏၊ ထိုတရားတို့ကို မှီဝဲသောသူအား စျာန်မဂ်ဖိုလ်တို့၏ အန္တရာယ် မဖြစ်ဟု အယူရှိ၏။

ဘုရားရှင်သည် ထိုအရိဋ္ဌရဟန်းအား အရိဋ္ဌရဟန်း- လောကီအာရုံကာမဂုဏ်တရားတို့သည် သာယာဖွယ် နည်းကုန်၏၊ များသောဒုက္ခရှိကုန်၏၊ အရိုး, သားတစ်, မီးမြက်ရှူး, မီးကျီး, အိပ်မက်, ငှါးရမ်းဉစ္စာ, သစ်သီး, စဉ်းနှီးတုံး, လှံတံကျင်, မြွေဦးခေါင်းနှင့် တူကုန်၏၊ သင်သည် ငါဘုရားရှင်ကိုလည်း စွပ်စွဲ၏၊ မိမိကိုယ်ကိုလည်း ဖျက်ဆီး၏၊ များစွာသောအကုသိုလ်ကိုလည်းပွားစေ၏၊သင်သည် မဂ်ဖိုလ်မှအချည်းနှီးသောယောကျ်ား ဖြစ်၏၊ ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးမဲ့ ဖြစ်၏ဟုဟောတော်မူ၏။

ဤလောက၌ အကြင် သူသည် တရားတော်ကို သင်၏၊ ပို့ချ၏၊နာယူ၏၊ တရားတော်ကို ပညာဖြင့် စူးစမ်းဆင်ခြင်ခြင်းကို မပြု၊ ထိုသူသည် သူတပါးတင်သော ဝါဒမှ လွတ်ရုံသာရှိ၏၊ အကြင်သူသည် မဂ်ဖိုလ်အလို့ငှါ သင်ယူ၏၊ ထိုသူသည် မဂ်ဖိုလ်အကျိုးကို ခံစားရ၏၊ ထိုသူနှစ်ယောက်တို့သည် မြွေကို မဖမ်းတတ်၍ အမြီးမှ ကိုင်ဖမ်းသဖြင့် မြွေပေါက်သတ်၍ သေရသူနှင့် တူပေ၏၊ ၎င်းမြွေကို ဖမ်းတတ်သောသူသည် လည်ပင်းမှ ကိုင်၍ ဖမ်းသဖြင့် မြွေမကိုက်နိုင်သူနှင့် တူပေ၏။

ဘုရားရှင်သည် တရားတော်ကို ဖောင်ဥပမာဖြင့် နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းကို ကူးမြောက်ရန် ဟောတော်မူခဲ့၏၊ ကောင်းစွာမနာယူသောသူကား မြစ်ချောင်းတို့ကို ဖောင်ဖြင့် ကူး၍ ဟိုဘက်ကမ်းသို့ ရောက်သောအခါ ဤဖောင်ကား ကျေးဇူးရှိသည်၊ ဖောင်ကို ထမ်းယူလိုသော်လည်း မဖြစ်နိုင်သူနှင့် တူ၏၊ ကောင်းစွာသင်ယူ နာကြား ကျင့်ကြံသော သူကား ဖောင်ဖြင့်ကူး၍ ဖောင်ကို စွန့်လွှတ်ထားခဲ့သူနှင့်တူ၏။

ဒိဋ္ဌိဖြစ်ကြောင်းတို့သည် ခြောက်ပါးရှိကုန်၏၊ ဤလောက၌ အကြင်သူသည် အရိယာတို့ကို မတွေ့မမြင်၊ အရိယာတို့၏ တရား၌ မလိမ္မာ၊ အရိယာတရားတို့၌ မဆုံးမ၊ သူတော်ကောင်းကို မတွေ့မမြင်၊ သူတော်ကောင်းတရားတို့၌ မလိမ္မာ၊ သူတော်ကောင်းတရားတို့၌ မဆုံးမ၊ ထိုသူသည် ရုပ်ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်, ရူပါရုံစသော ကာမဂုဏ်

တရားတို့ကို ငါ၏ဥစ္စာ, ငါ, ငါ၏ကိုယ်ဟု ရှု၏၊ ထိုငါသည် လောက တည်း၊ ငါသည် ကိုယ်တည်း၊ ငါသည် တမလွန်ဘဝ၌ ဖြစ်အံ့၊ မြဲအံ့၊ ခိုင်ခံ့ အံ့၊ တည်မြဲအံ့၊ ဖောက်ပြန်ခြင်းမရှိဟု ယူ၏။

ဘုရားရှင်အား ရဟန်းတပါးသည် အပဝတ္တုမရှိသော် စိတ်ပင်ပန်း ခြင်းဖြစ်ရအံ့လောဟု လျှောက်၏၊ ဘုရားရှင်က အကြင်သူအား ငါ့မှာ ပစ္စည်းဥစ္စာ ရှိခဲ့ဖူး၏၊ ယခု ငါ့မှာ မရှိတော့ပြီ၊ ငါ့အား ပစ္စည်းဥစ္စာမရ ပါတကား-ဟု အောက်မေ့၏၊ ထိုသူသည် ပင်ပန်း၏-ဟု ဟောတော် မူ၏။

အပဝတ္တုမရှိသော် စိတ်မပင်ပန်းခြင်း ဖြစ်ရအံ့လော-ဟု လျှောက် ၏၊ ဘုရားရှင်က အကြင်သူမှာ ပစ္စည်းဥစ္စာ ရှိခဲ့ဖူး၏၊ ထိုပစ္စည်းဥစ္စာသည် ငါ့မှာ မရှိတော့ပြီ၊ ငါ့အား ပစ္စည်းဥစ္စာ မရပါတကား-ဟု မအောက် မေ့၊ ထိုသူသည် မပင်ပန်း-ဟု ဟောတော်မူ၏။

ရုပ်အစရှိသော တရားတို့သည် အနိစ္စ, ဒုက္ခ,အနတ္တတည်း၊ ဥပ္ပါဒဝယ ဝတ္တိတခေါ် ဥပါဒ်ဌီဘင်အားဖြင့်ဖြစ်၍ လည်းကောင်း၊ ဝိပရိဏာမခေါ် ဖောက်ပြန်တတ်၍ လည်းကောင်း၊ တာဝကာလိကခေါ် အခိုက်အတန့် သာဖြစ်၍ လည်းကောင်း၊ နိစ္စပဋိက္ခေပဋ္ဌခေါ် မြဲခြင်း၏ ဆန့်ကျင် ဘက်ဖြစ်ခြင်းကြောင့် လည်းကောင်း အနိစ္စ။

သန္တာပခေါ် ပူပန်စေတတ်၍လည်းကောင်း၊ ဒုက္ခမ-ခေါ် သည်းခံ နိုင်ခဲ၍ လည်းကောင်း၊ ဒုက္ခဝတ္ထုခေါ် ဆင်းရဲ၏ တည်ရာဖြစ်၍လည်း ကောင်း၊ သုခပဋိက္ခေပဋ္ဌခေါ် ချမ်းသာခြင်း၏ ဆန့်ကျင်ဘက် ဖြစ်၍ လည်းကောင်း ဒုက္ခ။

သုညခေါ် အစိုင်အခဲမရှိ၍လည်းကောင်း၊ အသဿတိကခေါ် မမြဲ ၍လည်းကောင်း၊ အနိဿရခေါ် အစိုးမရ၍လည်းကောင်း၊ အတ္တပဋိက္ခေ ပဋ္ဌခေါ် အစိုးရခြင်း၏ ဆန့်ကျင်ဘက်ဖြစ်၍ လည်းကောင်း အနတ္တ မည်၏။

ဘုရားရှင်သည် အနိစ္စဖြင့် အနတ္တကို ဒုက္ခဖြင့် အနတ္တကို ၎င်းနှစ်ပါးစုံဖြင့် အနတ္တကို ဟောတော်မူ၏၊ အနတ္တလက္ခဏာ သုတ်ဖြင့် သိအပ်၏၊ မဖျားချင် မနာချင်လည်း မလွတ်ပေ။ အနိစ္စ ဒုက္ခကား ထင်ရှား၏၊ အနတ္တကား မထင်ရှား၊ ပရိဘောဂ ကွဲပျက်ရာ စသည်၌ သြော် အနိစ္စခလုပ်တိုက်မိရာ စသည်၌၊ သြော် ဒုက္ခဟု ပြောတတ်ကြ၏၊ အနတ္တဟုကား ဘယ်သူမှ မပြောကြပေ၊ထို့ကြောင့် ဘုရားရှင်သည် အနိစ္စဖြင့် လည်းကောင်း၊ ဒုက္ခဖြင့် လည်းကောင်း အနတ္တကို ဟောတော်မူ၏။

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံ နိဗ္ဗိန္ဒတိ၊ ဝေဒနာယနိဗ္ဗိန္ဒတိ၊ သညာယနိဗ္ဗိန္ဒတိ၊ သင်္ခါရေသု နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒါဝိရဇ္ဇတိ၊ ဝိရာဂါဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိဉာဏံ ဟောတိ၊ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာပဇာနာတိ။

(မူလပဏ္ဏာသပါဠိတော်-၁၉၂)။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ပဿံပဿန္တော၊ ရှုမြင်သော။ သုတဝါ၊ အကြားအမြင်ရှိသော။ အရိယသာဝကော၊ မြတ်စွာဘုရား၏ တပည့်သည်။ ရူပသ္မိံ၊ ရုပ်၌။နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ဝေဒနာယ၊ ဝေဒနာ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။သညာယ၊ သညာ၌။နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။သင်္ခါရေသု၊ သင်္ခါရတို့၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝိညာဏသ္မိံ၊ ဝိညာဏ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နိဗ္ဗိဒါ၊ ငြီးငွေ့ခြင်းကြောင့်။ ဝိရဇ္ဇတိ၊ တပ်ခြင်း ကင်း၏။ ဝိရာဂါ၊ တပ်ခြင်းကင်းခြင်းကြောင့်။ဝိမုစ္စတိ၊ကိလေသာမှလွတ်မြောက်၏။ဝိမုတ္တသ္မိံ၊ကိလေသာမှ လွတ်မြောက်သည်ရှိသော်။ ဝိမုတ္တမိတိ၊ကိလေသာမှ လွတ်မြောက်၏ ဟူ၍။ဉာဏံ၊ ဉာဏ်သည်။ဟောတိ၊ ဖြစ်၏။ ဇာတိ ပဋိသန္ဓေနေခြင်းသည်။ ခီဏာ၊ ကုန်ပြီ။ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ ဝုသိတံ၊ သုံးအပ်ပြီ။ ကရဏီယံ၊ ပြုဖွယ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။

အပရံ၊ တပါး။ဣတ္တတ္တာယ၊ ဤဘ၀အလို့ငှါ။ နပဟောဟိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဇာနာတိ၊ အပြားအားဖြင့် သိသည်သာတည်း။

နိဗ္ဗိန္ဒညာဏ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ခေါ်၏၊ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ကို သညာ၏ အဦးဖြစ်၍ သညာဂ္ဂတရား၏ တည်ရာဉာဏ် ဖြစ်၍၊ ဓမ္မဋ္ဌိတိဉာဏ် စင်ကြယ်သောတရား အားထုတ်ခြင်း၏ အင်္ဂါဖြစ်၍ ပါရိသုဒ္ဓိပဓာနိယင်္ဂ၊ အကျင့်စင်ကြယ်ခြင်းကို သိကြောင်းဉာဏ် ဖြစ်၍ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ထိုဉာဏ်ဖြင့်ပြီး၍ တမ္မယတာ ပရိယာဒါနခေါ် ၏၊ တချို့သုတ်၌ အမည်သုံးမျိုး တချို့သုတ်၌ အမည်နှစ်မျိုးဖြင့်ဟော တော်မူ၏။

ပေါဋ္ဌပါဒသုတ်၌ သညာဂ္ဂ၊ သုသိမသုတ်၌ ဓမ္မဋ္ဌိတိ၊ ဒသုတ္တရသုတ် ၌ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိပဓာနိယင်္ဂ၊ ရထဝိနီတသုတ်၌ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ၊ သဠာယတနဝိဘင်း၌ တမ္မယတာပရိယာဒါန၊ ပဋိသမ္ဘိဒါမဂ်၌ မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါနုပဿနာဉာဏ်, သင်္ခါရုပေက္ခာ ဉာဏ်၊ ပဋ္ဌာန်း၌ ဂေါတြဘုဉာဏ်, ဝေါဒါန်ဉာဏ်၊ အလဂဒ္ဒူပမသုတ်၌ နိဗ္ဗိဒါဉာဏ်ဟု လာ၏။

ဤပုဂ္ဂိုလ်ကို တံခါးကျည့်မင်းတုပ်ကို မြှောက်ပြီးသူဟူ၍ (ဥက္ခိတ္တ ပလိဃ)၊ကျုံးမြောင်းအားလုံးကို ဖျက်ဆီးပြီးသူဟူ၍ (သံကိဏ္ဏပရိက္ခ)၊ တံခါးတိုင်ကို နှုတ်ပြီးသူဟူ၍ (နိရဂ္ဂဠ)၊ ကိလေသာကင်းစင်သူ, အလံ ကို ချထားပြီးသူ, ဝန်ကိုချသူ, မာနကင်းပြီးသူဟူ၍ (အရိယ ပန္နဒ္ဓဇ၊ ပန္နဘာရ၊ ဝိသံယုတ္တ) ခေါ်ဆိုအပ်၏။

အဝိဇ္ဇာကို ပယ်၍ ဥက္ခိတ္တပလိဃ၊ ဇာတိသံသရာကို ပယ်၍ သံကိဏ္ဏ ပရိက္ခ၊ တဏှာကို ပယ်၍ အဗ္ဗူဠှေသိက၊ အောက်မင်ဖြင့် ပယ်အပ်သော သံယောဇဉ် ငါးပါးကို ပယ်၍ နိရဂ္ဂဠ၊ မာနကိုပယ်၍ အရိယ, ပန္နဒ္ဓဇ, ပန္နဘာရ, ဝိသံယုတ္တ-ဟု ခေါ်ဆိုအပ်၏။

ဤသို့ လွတ်မြောက်ပြီးသော စိတ်ရှိသောသူကို သိကြားဗြဟ္မာနှင့် မာရ်နတ် စသော နတ်တို့သည် သတ္တဝါတို့၏ စိတ်ဉာဏ်သည် ဤအရာကို

မို၏-ဟု ရှာကုန်သော်လည်း မသိနိုင်ကြကုန်၊ မျက်မှောက်၌ပင် သတ္တဝါ မရှိသောကြောင့်တည်း-ဟု ဟောတော်မူ၏။ ဤနေရာ၌ရဟန်းဂေါတမ သည် သတ္တဝါကို ဖျောက်ဖျက်တတ်၏-ဟု စွပ်စွဲတတ်ကြ၏။

ဘုရားရှင်သည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုတရားတို့ကို ပယ်စွန့်ကြကုန်လော့၊ ပယ်စွန့်သည် ရှိသော် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားခြင်းငှါ ချမ်းသာခြင်း ငှါ ဖြစ်လတ့်-ဟု ဟောတော်မူ၏။

ဇေတဝန်ကျောင်းတော်၌ မြက်သစ်ရွက်တို့ကို လူများယူဆောင်သည် ဖြစ်စေ၊ မီးရှို့သည် ဖြစ်စေ၊ လူများတို့သည် ယူဆောင်သည် မီးရှို့သည် ဟု မပြောမဆိုခြင်းသည် ကိုယ်သည် လည်းကောင်း, ကိုယ့်ဥစ္စာသည် လည်းကောင်း, မဖြစ်သောကြောင့်တည်း။

နည်းတူ ရုပ်စသည်၌ တပ်နှစ်သက်တတ်သော ဆန္ဒရာဂကို ပယ်စွန့် ကြကုန်လော့-ဟု ဟောတော်မူ၏၊ ဘုရားရှင်သည် ပုဆိုးသစ်သဖွယ် တရားတော်ကို ပေါ်ပေါ်လွင်လွင် ဟောတော်မူ၏၊ သံယောဇဉ် ဖြတ် ပြီးသော သူတို့မှာ ဝဋ်ဆင်းရဲမရှိတော့ပေ-ဟု ဟောတော်မူလေသည်။

ဒမြို့သည် သက္ကာယ၊ ဘေးကင်းရာ မြို့သည် နိဗ္ဗာန်၊ စစ်ဗိုလ်သည် ယောဂီ၊ ချပ်မိန်ညိုသည် သီလ၊ သန်လျက်သည် ပညာ၊ မင်းတုပ်သည် အဝိဇ္ဇာ၊ တံခွန်သည် မာနနှင့် တူလှပေ၏။

## ယသောဓရာထေရီ လျှောက်ထားပုံ

ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား-ယသော်ဓရာခေါ် တပည့်တော်မသည် သာကီဝင်မင်းမျိုး၌ မွေးဖွား၍ မိန်းမကောင်းအင်္ဂါ လက္ခဏာလည်း ရှိပါ၏၊ အရှင်ဘုရားစံတော်မူသော ရမ္မ သုဘ သုရမ္မ တည်းဟူသော နန်းမသုံးဆောင်၌ မိဖုရားကြီး ဖြစ်ပါ၏၊ တသိန်း ကိုး သောင်း ခြောက်ထောင်သော မိန်းမတို့ထက် သာလွန်ပါသည်၊ အကြီး အဲမှူး မိဖုရားဖြစ်ပါ၏၊ နန္ဒဝန်ဥယျာဉ်မှ နတ်သမီးတမျှ လှပပါ၏-စသည် ဖြင့် ဘုရားရှင်အား လျှောက်ထားလေသည်။

ဤသို့ လျှောက်ထားပြီး ကောင်းကင်သို့ ပျံတက်၍ စကြဝဠာနှင့် အမျှ ကရဝိက်ငှက် ဖန်ဆင်းပြီး ဦးခေါင်းကို မြောက်ကျွန်း၊ အရှေ့ကျွန်း အနောက်ကျွန်းတို့၌ တောင်ပံနှစ်ဖက်ကို ဖြန့်ကာ ဇမ္ဗူဒီပါ၌ ကိုယ်ကို ထား၊ တောင်ဘက် သမုဒ္ဒရာ၌ အမြီးကိုထား၊ လဝန်း နေဝန်းလောက် မျက်လုံး၊ မြင်းမိုရ်တောင်မျှ အမောက်၊ စကြဝဠာ တောင်ကြီးလောက် နှုတ်သီးဖြင့် ဇမ္ဗူသပြေပင်ကို နှုတ်ကာ ဘုရားရှင်အားရှိခိုးယပ်ခပ်လျက် တည်၏။ ထို့နောက် တောင်ကြီး ပုံ၊ ဆင်ပုံ၊ မြင်းပုံ စသည်ဖြင့် ဖန်ဆင်းကာ ရှိခိုးကန်တော့လေသည်။

ယခုအခါ တပည့်တော်သည် သံသရာကို ငြီးငွေ့၍ ရဟန်းပြုကာ တဆယ့်ငါးရက် မတိုင်မီ ရဟန္တာမ ဖြစ်ပါသည်-ဟု လျှောက်၏။

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂီဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမိ အနာသဝါ။
(ထေရီအပါဒါန်ပါဠိတော်-၂၇၃)။

ပယှံ၊ ယသောဓရာခေါ် တပည့်တော်မသည်။ ကိလေသာ၊ လောဘ စသော ကိလေသာများကို။ ဈာပိတာ၊ ဈာန်မဂ်ဖိုလ်တရားတို့ဖြင့်လောင် ကျွမ်းစေအပ်ပါပြီ။ သဗ္ဗေ၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော။ ဘဝါ၊ ကာမ ရူပ အရူပခေါ် ဘုံဌာနတို့ကို။ သမူဟတာ၊ နောက်ပိတ်ဆုံးကျ အရဟတ္တ မဂ်ဉာဏ်ဖြင့် နှုတ်ပယ်အပ်ပါပြီ။ နာဂီဝ၊ ဆင်မကဲ့သို့။ ဗန္ဓနံ၊ အနှောင် အဖွဲ့ သံယောဇဉ်တရားများကို။ ဆေတွာ၊ အရဟတ္တမဂ် ဓားသန်လျက် ဖြင့် ဖြတ်၍။ အနာသဝါ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ ခေါ် သံသရာ၌ ကျင်လည်စေတတ်သော တရားကင်းလျက်။ ဝိဟရာမိ၊ မြူအငွေ့မျှ မယှက်မသန်း ဆုံးခန်းတိုင်၍ နေရတော့သည်သာတည်း။

## လကုဏ္ဍကဘဒ္ဒိယထေရ်

ဤမထေရ်အလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်ဟံသာဝတီ မြို့၌ သဌေးမျိုးဝယ် ဖြစ်၏၊ ဘုရားရှင်၏ တရားတော်ကို နာနေစဉ်တရား

ဟောကောင်း အသံကောင်း ရဟန်းတပါးအား ဧတဒဂ်ပေးသည်ကို မြင်၍ ထိုပုဂ္ဂိုလ်မျိုးဆုကို တောင်းလျက် ဘုရားအမှူးရှိသော သံဃာ တော်အား အလှူကြီး ပေးလှူ၏၊ ဘုရားရှင်လည်း ဗျာဒိတ်ပေးတော် မူ၏။

ထိုသူသည် အသက်ရှည်သမျှကာလပတ်လုံး ကုသိုလ်ကောင်းမှု ပြု၍ လူ့ပြည် နတ်ပြည် ကျင်လည်ပြီးကာ ဖုဿဘုရားရှင်၏ လက်ထက်၌ ဆန်းကြယ်သော အတောင်ရှိသော ဥဩငှက် ဖြစ်၏၊ ဥယျာဉ်မှ သရက်သီး မှည့်ကို နှုတ်သီးဖြင့် ချီလာစဉ် ဘုရားရှင်ကို တွေ့၍ လှူလိုသောစိတ် ပေါ် ၏၊ ဘုရားရှင်သည် ဥဩငှက်၏အလိုကို သိတော်မူသဖြင့် သပိတ်ကိုကိုင် ကာ ထိုင်နေတော်မူ၏၊ ဥဩငှက်သည် ဘုရားရှင်အား ပေးလှူသဖြင့် ဘုရားရှင်သည် ဘုဉ်းပေးတော်မူ၏၊ ဥဩငှက်သည် အလွန်ဝမ်းမြောက် သဖြင့် ခုနစ်ရက်ပတ်လုံး ပီတိသုခဖြင့် အချိန်ကုန်ခဲ့၏။ ထိုကောင်းမှု ကြောင့် သာယာသောအသံ ရှိ၏။

ကဿပဘုရားရှင်လက်ထက်၌ကား လူအပေါင်းတို့နှင့် စေတီတည် မည်ပြုစဉ် လူများက ခုနစ်ယူဇနာတည်မည်ဆို၍ သူက ကြီး၏။နည်းတူ ခြောက်ယူဇနာ, ငါးယူဇနာ,လေးယူဇနာ, သုံးယူဇနာ,နှစ်ယူဇနာတည် မည်ဟု ပြောကြသော်လည်း သူက- ကြီးလွန်းသည်, နောင်လာနောက် သားတို့ ပြုပြင်ဖို့ ခဲယဉ်းသည်-ဟု ပြော၏၊ သူ၏စကားကြောင့် စေတီ ကား တယူဇနာမျှသာ ဖြစ်၏။ ထိုအကုသိုလ်ကံကြောင့် ဖြစ်လေရာဘဝ တို့၌ သူများထက် အရပ်ပုသည်။

သူသည် ငါတို့ဂေါတမဘုရားရှင် လက်ထက်၌ သာဝတ္ထိပြည်ဝယ် သဋ္ဌေးမျိုး၌ ဖြစ်၏၊ ဘဒ္ဒိယအမည်တွင်၏၊ အလွန် အရပ်တို၍ လကုဏ္ဍက ဘဒ္ဒိယတွင်၏၊ ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ စေတနာသဒ္ဓါ ထက်သန်ကာ ရဟန်းပြုသဖြင့် ဗဟုသုတရှိသော ဓမ္မကထိက ပုဂ္ဂိုလ်ဖြစ် ၍ အသံသာသာယာယာဖြင့် တရားဟောတတ်၏။

တနေ့သော် ပွဲလမ်းသဘင်၌ တဦးသောပုဏ္ဏား၏ ရထားဖြင့် သွားစဉ် ၎င်းမထေရ်ကို ပြည့်တန်ဆာမတယောက်သည် ပြုံးပြ၏၊၎င်းမထေရ်သည် လှပသည်ဟု ရာဂစိတ်မဖြစ်ပဲ အရိုးစုဟူသော ကမ္မဋ္ဌာန်း နိမိတ်ကို ယူ၍ ဈာန်ကို ဖြစ်စေကာ ၎င်းဈာန်ကိုအခြေခံပြု၍ ဝိပဿနာဖြစ်စေပြီး အနာဂါမ်ဖြစ်လေသည်၊ အမြဲ ကာယဂတာသတိကို ပွားများ၍ အရှင်သာရိပုတ္တရာ၏ ဆုံးမစကားကို ကြားနာရသဖြင့် ရဟန္တာဖြစ်လေသည်၊ ၎င်းထေရ်သည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူလေသည်။

အဇ္ဈတ္တဉ္စ ပဇာနာတိ၊ ဗဟိဒ္ဓါစ ဝိပဿတိ။
အနာဝရဏဒဿာဝီ၊ န သော ဟောသေန ဝုယှတိ။
(ထေရဂါထာပါဠိတော်-၂၉၂)။

အဇ္ဈတ္တဉ္စ၊ ကိလေသာကင်းရှင်း ရဟန္တာ၏ ခန္ဓာကိုယ်တွင်း၌လည်း။ ပဇာနာတိ၊ ရဟန္တာ၏ သီလကျေးဇူး ဂုဏ်အထူးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိ၏။ ဗဟိဒ္ဓါစ၊ ကိလေသာကင်းစင် ရဟန္တာ၏ ခန္ဓာကိုယ်အပြင်ပ၌လည်း။ဝိပဿတိ၊ အကျင့်သိက္ခာကို ကောင်းစွာမှတ်ခြင်းဖြင့် ထူးသော ဂုဏ်နှင့်ယှဉ်ခြင်းကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ရှုမြင်နိုင်၏။ အနာဝရဏဒဿာဝီ၊ အပိတ်အပင် အဆီးအတားမရှိ အရိယာတို့၏သီလစသော ဂုဏ်ကျေးဇူးတရားတို့ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မြင်ခြင်းငှါစွမ်းနိုင်၏။သော၊ ထိုသီလဖြူစင် အရိယာပုဂ္ဂိုလ်အရှင်သည်။ ဟောသေန၊ သူတပါးတို့၏ ပြောကြားသဖြင့်။ ဝုယှတိ၊ ကိလေသာတို့ကို ယထာဘူတ ဟုတ်တိုင်းမှန်စွာသော မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ပယ်စွန့်မျှောပစ်နိုင်သည်သာတည်း။

## (၈) သမ္ပဇညအကြောင်း သိကောင်းစရာ

သမ္ပဇညအားဖြင့် ရှုပွားခြင်းဟူသည်- အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးလုံး၌ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ လက်စသည်ကို ကွေးခြင်း၊ ဆန့်ခြင်း၊ သပိတ်သင်္ကန်း အဝတ်အစား စသည်ကို ဆောင်ခြင်း၊ စားခြင်း သောက်ခြင်း၊ ခဲခြင်း ၊လျက်

ခြင်း၊ ကျင်ကြီးကျင်ငယ် ပြုခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်း၊စကားပြောခြင်း၊ဆိတ်ဆိတ်နေခြင်း၌ ပညာအဆင်အခြင်ဖြင့် ရှုပွားခြင်းတည်း။

> ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သင်္ဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ၊ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ၊ ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ၊ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။

(မဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၃၃)။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ အဘိက္ကန္တေ၊ ရှေ့သို့တက်သည်ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်သည်ရှိသော်။ သမ္ပဇာနကာရီ၊ပညာအဆင်အခြင်ဖြင့်ပြုလေ့ရှိသည်။ဟောတိ၊ ဖြစ်၏။ အာလောကိတေ၊ တူရူ ကြည့်သည် ရှိသော်။ ဝိလောကိတေ၊ တစောင်းကြည့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာ အဆင်အခြင်ဖြင့် ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သမိဉ္ဇိတေ၊ လက်စသည် ကွေးသည်ရှိသော်။ ပသာရိတေ၊ လက်စသည် ဆန့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာအဆင်အခြင်ဖြင့် ပြုလေ့ရှိသည်။ဟောတိ၊ဖြစ်၏။သင်္ဃာဋိပတ္တစီဝရဓာရဏေ၊ဒုကုဋ်သင်္ကန်းသပိတ်သင်္ကန်းကို ဆောင်သည်ရှိသော်။ သမ္ပဇာနကာရီ၊ပညာအဆင်အခြင်ဖြင့်ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အသိတေ၊ စားသည်ရှိသော်။ ပီတေ၊ သောက်သည်ရှိသော်။ ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာအဆင်အခြင်ဖြင့် ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီးကျင်ငယ်အမှုကို ပြုသည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာ အဆင်အခြင်

ဖြင့် ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဂတေ၊ သွားသည်ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်။ သုတ္တေ၊ အိပ်သည်ရှိသော်။ ဇာဂရိတေ၊ နိုးကြားသည်ရှိသော်။ ဘာသိတေ၊ စကားဆိုသည်ရှိသော်။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေသည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာအဆင်အခြင်ဖြင့် ပြုလေ့ရှိသည်။ ဟောတိ၊ ဝိပဿနာ ယာဉ်စကြာဖြင့် ဘယာအပေါင်း အေးစေကြောင်း ဖြစ်တော့သည်သာတည်း။

## သမ္ပဇည လေးပါး

(က) အကျိုး ရှိမရှိကို ဆင်ခြင်ခြင်း သာတ္ထကသမ္ပဇည၊
(ခ) လျောက်ပတ် မလျောက်ပတ်သည်ကို ဆင်ခြင်ခြင်း သပ္ပါယသမ္ပဇည၊
(ဂ) ကျက်စားရာကို ဆင်ခြင်ခြင်း ဂေါစရသမ္ပဇည၊
(ဃ) ဣရိယာပုထ်ပြောင်းတိုင်း ပညာဖြင့် ဆင်ခြင်ခြင်း အသမ္မောဟသမ္ပဇည-ဟူ၍ လေးပါးရှိသည်။
သမ္ပဇည ဟူသည် ပညာတရားပေတည်း။
(က) အဘိက္ကန္တေ ပဋိက္ကန္တေ- ရှေ့သို့တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း။

ခရီးသွားသော ယောဂီ ရှင်လူရဟန်းသည် ရှေ့တက် နောက်ဆုတ်ရာ၌ ပညာဖြင့် ဆင်ခြင်ရသည်၊ ဘုရားဖူး တရားနာ အသုဘရှုသွားရာ၌ အကျိုးရှိသော သွားခြင်း ဖြစ်၏၊ ပွဲကြည့်သွားရာ စသည်တို့၌ကား အကျိုးမရှိသော သွားခြင်းဖြစ်၍ သမ္ပဇည မဖြစ်။

ကိုယ်ရင်ငယ်တပါးနှင့် ရဟန်းငယ်တပါး ဒန်ပူသစ် သွားခုတ်ကြ၏၊ ကိုယ်ရင်ကား အသုဘကိုတွေ့ကာ အနာဂါမ်ဖြစ်၍ အတူလာသူ ရဟန်းငယ်ကိုလည်း ခေါ်ပြ၏၊ တရားထူး ရကြ၏။

ဖိုမှာ မ- မ မှာ ဖို အာရုံသည် အထူးသဖြင့် ဆန့် ကျင် ဘက် ဖြစ်တတ်၏။

တတြိစသာ ဣဋ္ဌေ အာရမ္မဏေ လောဘော ဟောတိ။
အနိဋ္ဌေ ပဋိဃော၊ အသမပေက္ခနေ မောဟော ဟောတိ။
(သာမညဖလသုတ် အဋ္ဌကထာပါဠိ-၁၆၆)။

တတြိစဝစနေ၊ ထိုစကားရပ်၌လည်း။ အသာ၊ ထိုထိုအာရုံကိုရှုကြည့်သူအား။ ဣဋ္ဌေ၊ အလိုရှိအပ်သော။ အာရမ္မဏေ၊ ရူပါရုံစသောအာရုံ၌။ လောဘော၊ လိုချင်တပ်မက်မောခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အနိဋ္ဌေ၊ အလိုမရှိအပ်သော အာရုံ၌။ ပဋိဃော၊ ပြစ်မှားတတ်သောဒေါသသည်။ ဟောတိ၊ ဖြစ်၏။ အသမပေက္ခနေ၊ မညီမညွတ်ရှုရာ၌။ မောဟော၊ တွေဝေခြင်းသည်။ ဟောတိ၊ မှချကေန် အမှန်အားဖြင့် ဖြစ်တော့သည် သာတည်း။

အဘယထေရ်ကို ရဟန်းတပါးက တဂါဝုတ် တိုင်အောင် လိုက်၍ ဆဲသည်၊ နောက်ပါကိုယ်တော်က အဘယ်ကြောင့် မပြောသနည်း-ဟု မေးရာ သည်းခံရမှာက ငါ့တာဝန်-ဟု ပြောဖူးသည်။

(ခ) အာလောကိတေ ဝိလောကိတေ=တူရှုကြည့်ခြင်း၊ တစောင်းကြည့်ခြင်း။

တူရှုကြည့်ခြင်း တစောင်းကြည့်ခြင်း စသည်တို့၌လည်း ဝိပဿနာပညာဖြစ်ဖို့ အရေးတကြီး လိုအပ်၏။ ဤနေရာ၌ သံသဂ္ဂ ငါးမျိုးကို သိအပ်၏။

သံသဂ္ဂဟူသည် ရောနှော ဆက်ဆံခြင်းပင်တည်း။

မြင်ရာ၌ ရာဂဖြစ်ခြင်းကို ဒဿနသံသဂ္ဂ ခေါ်၏၊ ဆွမ်းခံသွားသော ဦးပဉ္စင်းငယ် တပါးနှင့် မိန်းကလေး တယောက် ချစ်ကြိုက်နေရာ မိန်းကလေးသည် ၎င်းပဉ္စင်းငယ်အား မရ၍ သေ၏။ ၎င်းမိန်းကလေးကို သင်္ဂြိုဟ်ရာမှ ရလာသော ဦးပဉ္စင်းတပါးမှ အဝတ်စကို မြင်၍၊ ၎င်းဦးပဉ္စင်းငယ်လည်း သေသည်။

ဆွမ်းခံသွားသော တိဿရဟန်းကို မိန်းကလေးတယောက် ဖောက်ပြန်စိတ်နှင့် ပြုံးပြရာ သွားကိုမြင်စဉ် အရိုးစုကမ္မဋ္ဌာန်းရှု၍ ရဟန္တာဖြစ်ဖူးသည်။

စိတ္တဂုတ္တထေရ်ကား အနှစ်ခြောက်ဆယ်ပတ်လုံး လိုဏ်ဂူ၌ နေသော်လည်း လိုဏ်ဂူပေါ်သို့ မကြည့်စဘူး၊ မိန်းမယောက်ကျား သိအောင်ပင် မကြည့်ဘူးပေ။

ကြား၍ ရာဂဖြစ်ခြင်းကို သဝနသံသဂ္ဂခေါ်၏၊ အနိတ္ထိဂန္ဓမင်းသား သီချင်းသံကြား၍ ရာဂဖြစ်ခြင်းကို သမုလ္လပနသံသဂ္ဂ ခေါ်၏။

တခုခုနှင့်ပတ်သက်၍ ဆက်ဆံခြင်းကြောင့် ရာဂဖြစ်ခြင်းကို သမ္ဘောဂသံသဂ္ဂ ခေါ်၏။

မရိစကျောင်း ပူဇော်ပွဲ၌ ရဟန်းတသိန်း ရဟန်းမိန်းမ ကိုးသောင်းရှိ၏၊ သာမဏေဘပါး၌ ယာဂုထည့်စရာခွက်မရှိ၍ သာမဏေရီတယောက်က ပေး၏၊ သူတို့လည်း အန္တရာယ်တခုကြောင့် မြစ်ကမ်းတခုသို့ ရောက်ကြသည်၊ ခွက်ကို မေး၍ ထုတ်ပြ၏၊ ဝါခြောက်ဆယ်ရှိပြီးမှ နှစ်ယောက်စလုံး လူထွက်ကြသည်။

ကိုယ်လက် နှိုးနှော၍ ရာဂဖြစ်ခြင်းကို ကာယသံသဂ္ဂခေါ်၏၊ တရားနာစဉ် ရဟန်းငယ်ဘပါး လက်ကိုဆန့်ရာ ရဟန်းမိန်းမငယ် တယောက်ကို ထိမိ၍ ရာဂဖြစ်ကာ လူထွက်ကြ၏။

ထို့ကြောင့် ဘုရားရှင်သည် အရှင်အာနန္ဒာအား မိန်းမနှင့်မတွေ့ခြင်းသည် ကောင်း၏၊ မကင်းသာ၍တွေ့က စကားမပြောခြင်းသည် ကောင်း၏၊မလွတ်သာ၍ ပြောက မိခင်သဘော အစ်မနှမသဘောထားရမည်ဟု ဟောတော်မူ၏။

(ဂ) သမိဉ္ဇိတေ ပသာရိတေ = လက်ခြေကို ခွေခြင်း ဆန့်ခြင်း။

လက်ခြေ စဘာဂ်တို့ကိုခွေရာ ဆန့်ရာတို့၌လည်း ပညာဖြင့် ဆင်ခြင်ရသည်၊ မဟာစေတီ၌ ရဟန်းတို့ တရားသရဇ္ဈာယ် နေကြစဉ် ရဟန်းတပါး ခြေကိုဆန့်၍ မီးဖိုကို နင်းမိသည်။

ရဟန်းတပါးက ခြေကိုဆန့်ရာ တောင်ပို့မှ မြွေကိုက်ခံရသည်၊ ရဟန်းတပါး သက်န်းကို တန်း၌တင်ရာ မြွေစိမ်းကိုက်ခံရ၏၊ တချို့ရဟန်းတော်များကမ္ဗဋ္ဌာန်းမှ လွတ်၍ လက်ကိုပင် မဆန့်၊ ဆန့်မိပြီးသော လက်ကိုပင် ပြန်၍ တဖြည်းဖြည်း ကမ္မဋ္ဌာန်းရှုကာ ရုပ်သိမ်းသည်။

မဟာဖုဿဒေဝထေရ်ကား ကမ္မဋ္ဌာန်းလွတ်က လှမ်းသောခြေကိုပင် ပြန်ဆုတ်သည်၊ လူများတို့ မြင်၍ လမ်းမှားသည် ထင်ကြ၏၊ ဝါနှစ်ဆယ်အတွင်း ရဟန္တာဖြစ်၏၊ ၎င်းနေ့ စင်္ကြံဦးနတ်က လက်ညှိုးကို မီးထွန်း၍ ပြ၏ နတ်မင်းကြီးလေးယောက် သိကြားမင်း သဟံပတိ ဗြဟ္မာမင်းတို့ အဖူးမျှော်ရောက်ကြသည်။

မိုးလင်းလျှင် တခြားသော ရဟန်းတို့က ညဥ့်အခါ အလင်းရောင် မြင်ရသည်ဟု မေးလျှင် အလင်းရောင် ဆိုသည်မှာ မီးရောင် ပတ္တမြားရောင်လည်းရှိသည်ဟု လွှဲကာပြော၏။

ဘုရား ရဟန္တာစသော သူတော်ကောင်းတို့သည် မိမိ၏ သီလ သမာဓိ ပညာ ဈာန် အဘိညာဏ် စသည်တို့ကို သူများသိအောင် ကြွားဝါလိုစိတ် မရှိပေ။

မဟာသုမနထေရ်သည် အနှစ် ခြောက်ဆယ်ပတ်လုံး သုသာနဓုတင် ဆောက်တည်သည်ကို မည်သူမျှ မသိရ။

တောနေ ရဟန်းများ သီလစသည် မရှိက ရုက္ခစိုးစသည်တို့ ကြောက်မက်ဖွယ်အသံကို ပြုကြ၏၊ ခေါင်းကို ရိုက်၍ ပြေးစေ၏၊ သီလ စသည် ပြည့်စုံက ရေ၌ ဆီပေါက်ကျသကဲ့သို့ ချီးမွမ်းသံပျံ့နှံ့စေကုန်၏။

ဖြစ်ပေါ်လာသော လောဘ စသော ကိလေသာကို ဖြစ်ဆဲသော ဣရိယာပုထ်၌ ပျောက်အောင် ဖျောက်ရ၏။

အရှင်အာနန္ဒာ နောက်မှ ဆွမ်းခံလိုက်နေသော ဝင်္ဂီသရဟန်းသည် မာတုဂါမ မြင်သဖြင့် ကိလေသာ ထကြွကြောင်းကို အရှင်အာနန္ဒာအား လျှောက်၍ အရှင်အာနန္ဒာက အသုဘကမ္မဋ္ဌာန်းကို ရှုစေ၏၊ ၎င်းဝင်္ဂီသမထေရ်ကား ၎င်းကမ္မဋ္ဌာန်းကို ရှုမှ ပျောက်၏။

(ဃ) သင်္ဃာဋိပတ္တစီဝရဓာရဏေ = ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ခြင်း။

ရဟန်းတို့အား ဒုကုဋ် သပိတ် သင်္ကန်း စသော ပရိက္ခရာ, လူတို့မှာကား အဝတ်စသည်တို့ကို ဆောင်ရာ၌လည်းကောင်း၊ သုံးစွဲရာ၌ လည်းကောင်း၊ ကျောင်းအိမ် စသည်တို့၌ နေထိုင်ရာ၌လည်းကောင်း ပညာအဆင်အခြင်ရှိရသည်။ သို့မဟုတ်ပါမူ အကုသိုလ်ပွား၍ အပါယ်ရောက်ခါ သံသရာကြောမှာ နစ်မျောရတော့မည်။

တချို့ လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်များ အဝတ်နေရာစသည်တို့၌ကြီးကြီးကျယ်ကျယ် ကောင်းအောင် ဖန်တီးတတ်ကြ၏၊ လှပအောင် ပြင်ဆင်လေ့ရှိကြ၏၊ ထိုထိုပုဂ္ဂိုလ်အား ထိုကျောင်းကန်နှင့် စပ်၍ ပလိဗောဓများကာ တရားအားထုတ်ချိန် နည်းတတ်ပေ၏။

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ- စသည်ကိုလည်းကောင်း။ ပံသုကုလစီဝရံ နိဿာယ စသည်ကိုလည်းကောင်း သိအပ်၏။

မဟာကဿပထေရ်, ကိသာဂေါတမီ ထေရီတို့သည် ခေါင်းပါးသော သင်္ကန်းကို ဆောင်ရာ၌ တေဒဂ်ရကြ၏။

တိဿရဟန်းသည် သင်္ကန်း၌ စွဲလမ်း၍ သေသော် သန်းဖျဖြစ်၏။

ရဟန်းတပါးသည် အဝတ်တခုကို ပံသုကူကောက်ရာ ပြိတ္တာက ငါ့ပစ္စည်းကို မယူနှင့်ဟု ထ၍ လိုက်၏။

မဇ္ဈန္တိကထေရ်သည် သပိတ် သင်္ကန်း အစုတ်အပြတ်နှင့်နေ၍ တခြားရဟန်းတို့က နေရာပင် အဖယ်ခိုင်းကြ၏၊ ဓမ္မာသောကမင်းကြီး ၏ ကျောင်းရေစက်ချပွဲ၌ ဤအလှူကို ငါမချီးမြှောက်က ဘယ်သူချီးမြှောက်မည်နည်းဟု မြေကြီးမှ ငုပ်၍ မထေရ်ကြီးအတွက် ချထားသော ဆွမ်းသပိတ်ကို ယူကာ ပေါ်၏။

(င) အသိတေ ပီတေ ခါယိတေ သာယိတေ=စားခြင်း သောက်ခြင်း ခဲခြင်း လျက်ခြင်း။

စားသောအခါ သောက်သောအခါ ခဲသောအခါ လျက်သောအခါ တို့၌လည်း ပညာဖြင့် ဆင်ခြင်ရသည်။

ဆွမ်းစသော အစာအာဟာရတို့၌လည်း အသားအရေလှပစေခြင်း ငှါမဟုတ်၊ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်ရန် အချမ်း အပူစသည်ကို ကာကွယ်နိုင်ရန် သုံးဆောင်ရ၏၊ ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ–စသည်ကိုလည်းကောင်း၊ ပိဏ္ဍိယာလောပဘောဇနံ စသည်ကိုလည်းကောင်း ရှုအပ်၏။

ရှေးအခါက တချို့ပုဏ္ဏားများ အဝတ်ကျွတ်ခံတွင်းကို ကျိုးနှိုက်စား မထနိုင်အောင် စားသည်လည်း ရှိ၏။

စားစရာစသည်တို့၌ ကန္တာရခရီးခဲဝယ် ရိက္ခာကုန်သော လင်မယား နှစ်ယောက် မိမိ၏သားငယ်ကို မတတ်သာ၍ သတ်စားသကဲ့သို့ နှလုံး သွင်းရမည်။

အစာအာဟာရနှင့် ပတ်သက်၍ သွားခြင်း ရှာခြင်း စားသုံးခြင်း သည်းခြေတည်ရာ အစာသစ်အိမ် ကျက်ခြင်း မကျက်ခြင်းအကျိုး,ယိုစီး ခြင်း လိမ်းကျံခြင်းစသော ဒုက္ခတို့ကို ရှုဆင်ခြင်ရသည်။

**အာဟာရ၌ ကျင့်ရန်ဆောင်ပုဒ်**

> သွား ရှာ သုံးပေ၊ သည်းခြေတည်လျက်၊ အစာအိမ်သစ်၊ ကျက် ငြိမ်မကျက်၊ အကျိုးယိုစီး၊ မှတ်ပြီးလိမ်းလျက်၊ အာဟာရ ဒုက္ခ သံသာစက်။
>
> (အကျယ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှု)။

ဤသို့ ဆင်ခြင်သော ယောဂီသည် အာဟာရ၌ တပ်ခြင်း ကင်း၏၊ လောဘစသော ကာမစ္ဆန္ဒနီဝရဏစသည် ကင်း၏၊ အရသာ၌ တပ်ခြင်း ကင်း၏၊ ကာမဂုဏ်၌ တပ်ခြင်းကင်း၏၊ ရူပက္ခန္ဓာကို ပိုင်းခြား၍ သိ၏၊ ကာယဂတာသတိဘာဝနာ ပြည့်စုံ၏၊ အသုဘဘာဝနာကို ကျင့်သည် မည်၏၊ နိဗ္ဗာန်မရောက်သော် သုဂတိသို့ ရောက်၏။

## အာဟာရ၌ ကျင့်ခြင်းအကျိုး ဆောင်ပုဒ်

အရသာစ ကာမဂုဏ်၊ တပ်ခါကင်းငြား ပိုင်းခြားရှုပါ။
ကာယ အသုဘ ကျင့်ပေမည်ခါ၊ သုဂတိ သွားဘိအာဟာရာ။

တခေတ်က သီဟိုဠ်မှာ ရဟန္တာမဖြစ်ဘူးသောဆွမ်းစားကျောင်းမရှိ၊ ရဟန်းတော်များ စျာန်ကစားနေ၍ လူများစပါးလှန်းဖို့ပင် နေရောင်မရ၊ ပုထုဇဉ်ဟူ၍ လက်ညှိုး ထိုးပြစရာပင် မရှိပေ။

လောဘကြီးသော ရဟန်းများ မိမိသပိတ်၌ ကျသောမုန့်ကို သေးသည်ထင်၍ သူများသပိတ်၌ ကျသောမုန့်ကို ကြီးသည်ထင်တတ်၏။

ဒုဋ္ဌဂါမဏိမင်းကား မလှူပဲ မစားဘူး၍မသေခင်ပင်လျှင် နတ်ရထားများ လာကြ၏။

သီဟိုဠ်ကျွန်း ဗြာဟ္မဏတိဿဘေး ဖြစ်စဉ် နာဂထေရီသည် မလှူပဲ မစားဘူး၍ ရုက္ခစိုးများ ဆွမ်းလောင်း၏။

သေနဂိရိဝါသီတိဿထေရ်စသည်တို့လည်း ထိုနည်းတူတည်း၊ သုမနာသုတ်၌ ဆွမ်းစားကျောင်းဘုန်းကြီး ဘတ္တဂ္ဂဝတ်ကို ကျင့်သော ရဟန်းသည် အမယ်၏သား၊ မလှူပဲမစားသော သာရဏီယဝတ်ကို ကျင့်သော ရဟန်းသည် မင်းသားဖြစ်သည်ဟု သူငယ်ချင်း ဖြစ်ဖူးသူနှစ်ပါး အကျိုးမတူပေ။

စေဘိယတောင်နေ ရဟန်းနှစ်ပါးတို့တွင် ညီရဟန်းက အစ်ကိုရဟန်းအား ကြံပိုင်းပေး၏၊ ဆွမ်းစားပြီး ပါးစပ်ဆေးနေ၍ မစားလိုဟု ပြောရာ၊ ညီက ဧကာသနိက်ဓုတင် ဆောက်တည်နေသလားဟု မေးမှ အနှစ်ငါးဆယ်ပတ်လုံး ဧကသနိက်ဓုတင် ဆောက်တည်နေသည်ဟု သိ၏။

အဂ္ဂိက္ခန္ဓော သမုဒ္ဒေါစ၊ မဟိစ္ဆော စာပိ ပုဂ္ဂလော။
သကဋေန ပစ္စယေ ဒေန္တု၊ တယော ပေတေ အတပ္ပိယာ။

(အင်္ဂုတ္တရအဋ္ဌကထာပါဠိ ပ-၅၇)။

အဂ္ဂိက္ခန္ဓောစ၊ မီးပုံကြီးလည်းကောင်း။ သမုဒ္ဒေါစ၊ သမုဒ္ဒရာလည်းကောင်း။ မဟိစ္ဆော၊ အစားအဝတ်စသည်၌ လောဘကြီးသော။ ပုဂ္ဂလော

စာပိ၊မည်သူမဆို အကြင်အကြင် ပုဂ္ဂိုလ်သည်လည်းကောင်း။သကဋ္ဌေန၊ လှည်းဖြင့်။ ပစ္စယေ၊ ဆွမ်းစသော ပစ္စည်းလေးပါးတို့ကို။ဒေန္တု'ပေးပါ စေကုန်။ တယောပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ဧတေ၊ထိုမီးပုံသမုဒ္ဒရာ အလိုရမ္မက်ကြီးသူတို့သည်။ အတပ္ပိယာ၊ ဘယ်လိုပင် ထည့်ထည့် ဘယ်လို ပင်ဖြည့်ဖြည့် ဘယ်လိုပင် ပေးပေး မရောင့်ရဲကုန်သည်သာတည်း။

ထို့ကြောင့် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် အောက် ပါဒေသနာတော်ကို ဟောတော်မူခဲ့၏။

စတ္တာရော ပဉ္စ အာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ။
အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။
(သာရိပုတ္တထေရာပဒါန်ပါဠိတော်–၃၄၃)။

စတ္တာရောပဉ္စအာလောပေ၊ဆွမ်းလုပ် လေးငါးလုပ်တို့ကို။အဘုတွာ၊ မစားမူ၍ (ဝါ) လေးလုပ်ငါးလုပ်သာ စား၍။ ဥဒကံ၊ ရေကို။ ပိဝေ၊ သောက်သုံးပြီးကာ နေပေရာ၏။ ပဟိတတ္တဿ၊နိဗ္ဗာန်သို့ စေလွှတ်သော ဝိပဿနာစိတ်ရှိသော။ ဘိက္ခုနော၊ ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီ အား။ ဖာသုဝိဟာရာယ၊ လျောင်းထိုင်ရပ်သွား ဣရိယာပုထ် လေးပါး မျှတခြင်းငှါ။ အလံ၊မုချကေန်အမှန်တကယ် သင့်တော့သည်သာတည်း။

(စ) ဥစ္စာရ ပဿာဝကမ္မေ = ကျင်ကြီးကျင်ငယ် စွန့်ခြင်း။

ကျင်ကြီးကျင်ငယ် စွန့်ရာ၌လည်း သတိပညာ ဆင်ခြင်ရာ၏၊ ရှင်သာ မဏေ ရဟန်းတော်တို့မှာ ကျင်ကြီးအိမ်၊ ကျင်ငယ်အိမ်၊ ချွေးဇရုံးအိမ်၊ မီးဖိုချောင် စသည်တို့၌ သန့်ရှင်းခြင်း၊ ကုဋီတက်ရာ၌ သင်းပိုင်ကိုပင့် ခြင်း စသည်တို့၌လည်း သတိပညာ ရှိရ၏၊ ၎င်းကို ဝစ္စကုဋိဝတ်၊ ဇန္တာဃရ ဝတ် စသည်၌ ဘုရားရှင် ဟောတော်မူ၏၊ ၎င်းဝတ္တရားများနှင့်ပြည့်စုံမှ သီလ စသည် ပြည့်စုံကာ၊ မဂ်ဖိုလ်နိဗ္ဗာန် ရတတ်ပေ၏၊ တရားအားထုတ် ၍ မရသောအချိန် မရှိ၊ ရဟန္တာမဖြစ်နိုင်သော နေရာ မရှိ၊ ဥဂ္ဂသေန သဌေးသား ဝါးလုံးထိပ်၌ ကျွမ်းထိုးနေစဉ် ရဟန္တာ ဖြစ်၏၊ ဓမ္မပဒ အဋ္ဌကထာကို ရှုလေ။

(ဆ) ဂတေ၊ ဌိတေ၊ နိသိန္နေ၊ သုတ္တေ၊ ဇာဂရိတေ၊ ဘာသိတေ၊ တုဏှီဘာဝေ=သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးကြားခြင်း၊ စကားဆိုခြင်း၊ ဆိတ်ဆိတ်နေခြင်း။

သွားခြင်း စသည်တို့၌လည်း သတိပညာ မလွတ်စေပဲ သွားခြင်း စသည်ကို ပြုအပ်၏။

သတ္တဝါတို့သည် သွားလိုသောစိတ်ကြောင့် လေဝါယောဓာတ်သည် ဝိညတ်ခေါ် သွားခြင်းအမူအရာကို ဖြစ်စေ၏၊ ထို့ကြောင့် သွားခြင်း စသည် ဖြစ်၏၊ သွားရန်ခြေကိုမြှောက်သူအား ခက်မာခြင်း ပထဝီဓာတ်၊ ဖွဲ့စည်းခြင်း အာပေါဓာတ် နည်း၏၊ လေဝါယောဓာတ်၊ အအေးအပူ တေဇောဓာတ် များ၏၊ ခြေချသော အခါ၌လည်း တေဇောဓာတ် ဝါယောဓာတ်ခေါ် ပေါ့ပါးသောသဘော နည်း၏။ ပထဝီဓာတ်၊ အာပေါဓာတ်ခေါ် လေးသောသဘောများ များလွန်း၏၊လက်ကိုကွေး ခြင်း စသည်၌လည်း ဤကဲ့သို့ သိအပ်၏။

ခြေကြွသောခဏ၌ ဖြစ်သော ရုပ်နာမ်တို့သည် ခြေချသော အခါ၌ မရှိတော့ပေ၊ ခြေကြွသော ရုပ်နာမ်က တခြား၊ ခြေချသော ရုပ်နာမ်က တခြားမှတ်၊ ထိုင်သောအခါ စသည်၌ဖြစ်သော ရုပ်နာမ်သည် ထသော အခါ မရှိတော့ပေ၊ ထိုင်သောအခါ၌ ဖြစ်သော ရုပ်နာမ်က တခြား၊ ထသောအခါ၌ဖြစ်သော ရုပ်နာမ်က တခြား၊ ဥပါဒ် ဌီ ဘင် ခဏအား ဖြင့် ဖြစ်ပျက်ကုန်၏၊ သို့သော်လည်း အဖြစ်အပျက် မြန်လွန်း၍ တစပ် တည်း ထင်၏။

မြစ်ရေယဉ်၊ ဆီမီးလျှံကို တစပ်တည်းကဲ့သို့ မြင်ရသည်နှင့် တူ၏၊ ရုပ်တရားတို့သည် အဟောင်းအဟောင်း ပျောက်၍ အသစ်အသစ် ဖြစ် နေ၏။

ဘယ်သတ္တဝါမှ သွားလာနေသည်မဟုတ်၊ရုပ်နာမ်ခေါ် ဓာတ်တရား တို့သည်သာလျှင် သွားလာနေထိုင် စားသောက်နေ၏၊ ထိုရုပ်နာမ်တရား တို့သည် မိမိ၏ဖြစ်ရာမှ တခြားနေရာသို့ တဆံခြည်မျှ မရွေ့ပဲပျက်ချုပ်၏၊

အဆစ်အဆစ် အစပ်အစပ် အပိုင်းအခြားအပိုင်းအခြားဖြစ်ပြီး အိုးကင်း ပွဲ၌ကျသောနှမ်းပမာ၊ တဖြစ်ဖြစ်မည်၍ ကွဲပျက်ကုန်တော့၏။

တတ္ထ တတ္ထေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ သြဓိသြဓိ ဟုတွာ တတ္တကပါ
လေ ပက္ခိတ္တတေလာနိ ဝိယ တဋတဋာယန္တာ ဘိဇ္ဇန္တိ။

(သာမညဖလသုတ်အဋ္ဌကထာပါဠိ-၁၇၃)။

တတ္ထ တတ္ထေဝ၊ ထိုရုပ်တရား နာမ်တရား ပရမတ္ထသဘော အဘိဓမ္မာ တရားတို့သည် မိမိတို့၏ ဖြစ်ရာ ချုပ်ရာ အရပ် ဥပါဒ် ဌီ ဘင် ခဏ၌ သာလျှင်။ ပဗ္ဗံ ပဗ္ဗံ၊ အဆစ်ဆစ်။ သန္ဓိ သန္ဓိ၊ အစပ်အစပ်။ သြဓိသြဓိ၊ အပိုင်းအခြား အပိုင်းအခြား။ ဟုတွာ၊ ဖြစ်၍။ တတ္တကပါလေ၊ လော လော ပူသော အိုးကင်း၌။ ပက္ခိတ္တတေလာနိဝိယ၊ ထည့်အပ်သောနှမ်းတို့ ကဲ့သို့။ တဋတဋာယန္တာ၊ တဖြစ်ဖြစ်မည်ကုန်သည်ဖြစ်၍။ ဘိဇ္ဇန္တိ၊ မုချမသွေ တကယ်ပင် အမြဲမရှိပဲ ကွဲပျက်ကုန်တော့သည်သာတည်း။

သုဝဏ္ဏ ဇာဂရိတေ စသည်၌ ဘုရားရှင် ကျိန်းစက်တော်မူပုံကို သတိပြုအပ်၏။

သီရိဓမ္မာသောကမင်းကြီးကို ဘုရားပုံ ဖန်ဆင်းပြသော ကာလနဂါး မင်းကား ဘုရားတဆူပွင့်မှ တခါစီ နိုး၏၊ လူ့ပြည်မှာ ဘုရား ခဏခဏ ပွင့်နေသည်-ဟု ပြောဖူးသည်။

ဘာသိတခေါ် စကားပြောရာ၌ မဂ်ဖိုလ်နိဗ္ဗာန်မှ အချည်းအနှီးဖြစ် ၍ ရာဇကထာစသော မင်းနှင့်စပ်သော စကားမျိုးကို တိရစ္ဆာနကထာ ခေါ်၏။

တချို့ကား ဘဿာရာမတာ-ဟူသည်နှင့်အညီ စကားပြောဆိုခြင်း၌ ပျော်မွေ့တတ်၏၊ ကမ္မဋ္ဌာန်းတရား ဆုတ်ယုတ်ကြောင်းဖြစ်၍ အချင်း ချင်း အကျိုးမရှိသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သင့်၏။

ရှေးရှေးသူတော်ကောင်းတို့ကား အကုသိုလ်ဖြစ်တတ်၍ ရှောင်ရှား ၏၊ မဟာနာဂထေရ်သည် သူများနှင့် စကားပြောနေက ကမ္မဋ္ဌာန်းအာရုံ ပျက်သည်-ဟု ရေငုံထား၏၊ လူတို့က ရဟန်း ဘယ်နှစ်ပါး ရှိသလဲ-ဟု

မေးရာ တပါးရှိက တစ်ထွေး၊ နှစ်ပါးရှိက နှစ်ထွေး ထွေးပြ၏။ ကလမ္ဗ တိတ္ထကျောင်းနေ ရဟန်းတော်များ စကားမပြောပဲ ရေငုံကာ ကျင့်ကြသည်၊ ရွာသားတို့သည် ရွာဝင်ဝ၌ ရေငုံထွေးထားသည်တို့ကို ကြည့်၍ တစ်ပါးလာသည်၊ နှစ်ပါးလာသည်-ဟု သိကြ၏၊ ရဟန်း အချင်းချင်း မတည့်-ဟု လူတို့က ထင်ကြ၏၊ လိမ်မာသောလူတယောက်က ကျောင်း ဝင်း၌ တံမြက်စည်း လှည်းထားခြင်းနှင့် ရေအိုးများ ဖြည့်ထားသည်ကို မြင်၍ မတည့်မဟုတ်-ဟု ပြောဖူး၏။

ဒဗ္ဗထေရ်စသော ရဟန်း ခုနစ်ပါးတို့သည် တရားမရက အစာပင် မစားဟု လျှေါ်းဖြင့် တောင်ထိပ်တက်ကာ လှေခါးကိုကန်ချပြီး တရား ကျင့်ကြသည်။

ဘုန်းလာဘ်သပ္ပကာကြီးလိုသော ရဟန်းတပါး သုသာန်စောင့်ရာ နွားလာသည်ကို ငါ့အား သိကြားမင်းက သိ၍ လာသည်ထင်ကာ တည လုံး ရှိခိုး၏။

ဘုရားရှင် ချီးမွမ်းခံချင်၍ တရားအားထုတ်သလို တညလုံး လမ်း လျှောက်နေသောရဟန်းတပါး ကျောက်ဖျာပေါ်မှာ ချော်လဲ၏။

အမှန်မှာ လာဘ်သပ္ပကာ စသည်ကိုလည်း မငဲ့ရာ၊ နဂါးတောင်ပို့၊ နတ်သစ်ပင်တို့ကို ပူဇော်ရာ၌လည်း ၎င်းတို့က ဝမ်းမသာ၊ ရရသမျှဖြင့် ရောင့်ရဲခြင်းကို သန္တောသခေါ်၏၊ လေးမှ လွတ်သောမြားသည် လေး ကို တွယ်တာမှုမရှိ၊ အမှုံယစ်သောဆင်သည် ဘယ်ဟာကိုမှ ဂရုမစိုက်၊ ကြံ့ချိုလို တချောင်းတည်း ကျင့်ရ၏၊ ခြုံထဲမှာရှိသောမျှစ် ချုံမငြိပေ၊ အသီးကိုစားပြီးသောငှက်သည် သစ်ပင်ကို မငဲ့ပဲ ပျံသွားသကဲ့သို့ ထိုထို အာရုံ၌ တပ်ငြိခြင်း မထားအပ်။

အနှစ်သုံးဆယ် တရားအားထုတ်၍ မိခင်ရွာသို့ ဆွမ်းခံလာသော အစ်ကို မဟာနာဂကို မိခင်က သင်ကား မဟာနာဂ မဟုတ်လော-ဟု မေးရာ နောက်က ကိုယ်တော်ကို မေးပါ-ဟု ပြောသွား၏၊ နောက်က

ကိုယ်တော်ကို သင်ကား စူဠနာဂ မဟုတ်လော-ဟု မေးရာ၊ ရှေးက ကိုယ်တော်ကို မမေးလိုက်ဘူးလား-ဟု ပြောသွားကြ၏။

မိခင်က မေးလွန်း၍ တခြားမှာနေသော တူရဟန်းကို ခေါ်ရန်လာသော ဦးလေးရဟန်းနှင့် ပြန်လာသော တူရဟန်း လမ်းမှာ တွေ့ကြ၏၊ ဦးလေးရဟန်းက တူရဟန်းနှင့် ပြန်၍ လိုက်မလာပဲ ရှေ့သို့သာ ဆက်သွား၏၊ သားရဟန်း ဆွမ်းခံလာ၍ လောင်းသော်လည်း မိခင်က မမှတ်မိ၊ သားကလည်း မပြောပဲ ပြန်သွားလေ၏။

မိခင်က မောင်ရဟန်း ပြန်လာက သားရဟန်းပါလာမည်-ဟု ထင်နေ၏၊ မောင်ရဟန်း ပြန်ရောက်လာ၍ သားရဟန်း ပါလာသလား-ဟု မေးရာ သင်၏အိမ်သို့ ရောက်လာ၏၊ သင် ငါ့အတွက် လှူလိုက်သော သက်န်းလျာပုဆိုးတည်း-ဟု ပုဆိုးကို ထုတ်ပြ၏။

တောရ ဆောက်တည်နေသော ရဟန်းတပါးသည် ကျောင်းသို့ ရောက်လာသောသူတို့ကို လိုက်ပို့ရာ နောက်ဖြစ်သော်လည်း အိုးကြီး တခုထဲမှာ ဝင်နေပြီး ပြန်၍ထွက်ကာ လူတို့ထက် ရှေ့က ရောက်နေ၍ လူတို့က မေးရာ ရဟန်းဟူသည် လမ်းမလိုပါ-ဟု ဈာန်အဘိညာဏ်ရသလို ပြော၏။

နောက် ရဟန်းတပါးသည် သစ်ပင် မြစ်ပျဉ်းကြားက လာ၍ လူတို့ ထက် အထက်ရဟန်းအတူ ရှေ့က ရောက်နေ၏၊ လူတို့က မေးရာ ဈာန် အဘိညာဏ်ရသလိုလို ပြော၏၊လူတယောက်က သိ၍ တနေ့သ၌ သစ်မြစ် ပျဉ်းများကို ဖြတ်ထားရာ မသွားတတ်တော့ပေ။

## မိတ္တာကာဠီထေရီမ

မိတ္တာကာဠီထေရီမသည် ဘုရားရှင် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး၌ မဟာသတိပဋ္ဌာနသုတ်ကို ဟော၍ ကြည်ညိုသဖြင့် ရဟန်းမိန်းမပြုလျက် မေ့မေ့လျော့လျော့ နေပြီးနောက် သံဝေဂစိတ်ဖြစ်၍ တရားအားထုတ်ရာ ရဟန္တာမဖြစ်စဉ် ဟောတော်မူ၏။

ဂ္ဂန္ထာသဃ - ၈

အပ္ပကံ ဇီဝိတံ မယှံ၊ ဇရာဗျာဓိ စ မဒ္ဒတိ။
ပုရာယံဘိဇ္ဇတိ ကာယော၊ န မေ ကာလော ပမဇ္ဇိတုံ။
(ထေရီအပဒါန်ပါဠိတော်-၃၉၀)

မယှံ၊ ရုပ်နာမ်နှစ်ဖြာ ပေါင်းစပ်ခါဖြင့် ငါသူတပါး ယောကျ်ား၊ မိန်းမ လူ,နတ်,ဗြဟ္မာ သတ္တဝါဟုဆိုအပ်သော ငါ၏။ ဇီဝိတံ၊ မိမိသူများ ရုပ်နာမ်အားကို သဘာဝအလျောက် အလုပ်လုပ်နိုင်အောင် စောင့်ရှောက်တတ်သော ရုပ်ဇီဝိတ နာမ်ဇီဝိတခေါ် အသက်သဘောသည်။ အပ္ပကံ၊ ထွက်သက်ဝင်သက် ဣရိယာပုထ်လေးချက် အချမ်းအပူ စားမှုဘုတ်လေးပါး ဤတရားတို့နှင့် ဆက်ဆံရသောကြောင့် တိုလှပါ၏။ ဇရာစ၊ ဆံဖြူသွားကျိုး အသားအရေ အကြေမျိုးများ တွန့်ကာခါးကိုင်း နားထိုင်းခြင်းစသော ဇာတိရှိက မလွှတ်နိုင်သည့် ဇရာတရားသည်လည်းကောင်း။ ဗျာဓိစ၊ မတွေ့ချင် မလိုချင်ပဲလည်း မလွှတ်နိုင် ဒုက္ခအစိုင်အခဲဖြစ်သော ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါသည်လည်းကောင်း။ မဒ္ဒတိ၊ ကျူ ထရံ အိမ်ကို မှုံ့မှုံ့ ညက်ညက် ဆင်နင်းဖျက်သည်ပမာ နင်းနှိပ်ဖျက်ဆီးပါ၏။ အယံကာယော၊ စက်ဆုပ်ဖွယ်ရာ အသားအကြော အရိုးများဖြင့် ပေါင်းစပ်ထားသော ဤကိုယ်ကောင်သည်။ ပုရေ၊ အနမတဂ္ဂ အစမထင် အတိတ်ဘဝ အချိန်ကာလ၌။ ဘိဇ္ဇတိ၊ ဥပါဒ်,ဌီ,ဘင် ခဏအားဖြင့် မျက်စိတမှိတ် လျှပ်တပြက်ခဏ၌ ကုဋေတသိန်းမက ဖြစ်ပျက်ပြီး၍ တဘဝမှ တဘဝသို့ ပြောင်းရ၏။ မေ၊ သံသရာဝဋ်ဆင်းရဲမှ လွှတ်ထွက်ပြီးကာ - မဂ်ဖိုလ် နိဗ္ဗာန်ကိုသာ ရည်ရွယ်ကာဖြင့် သမထဝိပဿနာအလုပ် အားထုတ်ရမည် ဖြစ်သောငါ့အား။ ကာလော၊ မနက်လော နေ့လည်လောဟု သုံးဆယ့် တဘုံမှာ ဘယ်သူမှတုပြိုင်ခြင်းငှာ မတတ်နိုင်သော ဘုရားရှင်သည် ပင်လျှင် ရှောင်လွှဲ၍မရပဲ ငါတို့တတွေမှာ သေရမည့်ကာလကို။ ပမဇ္ဇိတုံ၊ ရူပါရုံစသား လောကီအာရုံ ကာမဂုဏ်များဖြင့် မေ့လျော့ ခြင်းငှာ။ န သိယာ၊ ဘယ်သူမပြု မိမိမှုသာ သဘောမှာပိုက်လျက်

ကိုယ့်ဒုက္ခကို ကိုယ်မရှာပဲ ဘုံသုံးပါ.အလယ် ထွက်မြောက်ဖွယ်အတွက် အကျိုးမရှိခြင်း မဖြစ်ပေရာသတည်း။

(ဓမ္မပဒအဋ္ဌကထာလာ ဝက်မငယ်လည်း ဤသတိပဋ္ဌာန သုတ်ကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ရလေသည်)။

ဝီရိယနှင့် ပတ်သက်၍-ဗျဉ္ဇနပဋ္ဌ သတို့သားအား ဘုရားရှင် ဟောတော်မူပုံ၊ ပြာဟ္မဏတိဿဘေး၌ သီဟိုဠ်ရဟန်းတော်တို့ ကာလပျက်စဉ် စားစရာမရှိသော်လည်း ပိဋကတ်တော် ပျောက်မှာစိုးသဖြင့် သဲအိတ်ကို ဗိုက်အောက်ထား၍ စာပေများကို ရွတ်ဖတ်ပုံ၊ အရှင်အာနန္ဒာ၏ ပထမသင်္ဂါယနာတင်ခါနီး၌ ကမ္မဋ္ဌာန်းအားထုတ်ပုံ၊ ဘုရားရှင် ဒုက္ကရစရိယာကျင့်ပုံ၊ ဘုရားလောင်း မဟာဇနကမင်းသား သင်္ဘောပျက်စဉ် သမုဒ္ဒရာကူးပုံ၊ ဘုရားလောင်း ရှဉ့်နက်ကလေး သမုဒ္ဒရာထဲသို့ ကျသွား၍ သမုဒ္ဒရာရေကို အမြီးဖြင့် ဆွတ်၍ပစ်ပုံ၊ ကျီးကန်းတကောင် သမုဒ္ဒရာထဲသို့ အသိုက်ကျသွား၍ ကျီးကန်းများ သမုဒ္ဒရာရေကို နှုတ်သီးဖြင့် စွန့်ပစ်ကြပုံ၊ မာလကတိဿထေရ်သည် မငိုက်ချင်အောင် ခေါင်းပေါ်မှာ ရေဆွတ်ထားသော ကရွတ်ခွေတင်၍ ခြေထောက်ကို ရေအိုင်ထဲမှာ နှစ်ကာ ကမ္မဋ္ဌာန်းအားထုတ်ပုံ၊ ပီတိမလ္လကထေရ်သည် ညောင်း၍ လေးဘက်ထောက် တရားအားထုတ်ရာ သမင်ထင်၍ မြားနှင့် အပစ်ခံရသဖြင့် ဗိုက်ပေါက်သွားသော်လည်း မြက်ဖြင့်ဆို့ပိတ်ပြီး တရားအားထုတ်ပုံ၊ ကြေးမုံကို ဖုံသုတ်၍ ကြည့်ပုံ၊ ဆီထွက်အောင် ခဏခဏ ကြိတ်ရပုံ၊ ရေကြည်အောင် ခပေါင်းစေ့ကို ခဏခဏ အိုးအနား၌ ပွတ်တိုက်ပုံ၊ ညွန်ကို ပယ်၍ ရေခတ်ပုံ၊ အရေထွက်အောင် ထပ်ကာ ထပ်ကာ ကြံကိုညှစ်ရပုံ၊ အခါများစွာ လှေ့လာပြီးမှ သူခိုးခိုးပုံ၊ ကြာမြင့်စွာ ငါးများရပုံ၊ ခဏခဏ နို့ညှစ်ရပုံ၊ နွားငယ်ကို ခဏခဏ လေ့ကျင့်ရပုံ၊ တသက်လုံးမအိပ်ပဲ တရားအားထုတ်သော မောနေယျထေရ်၊ တစ်ဂါထာကို လေးလ ကျက်မရသော်လည်း ကြိုးစား၍

စူဋ္ဌပန်ထေရ် ရဟန္တာဖြစ်ပုံ၊ ပေါင်ကျိုးတိဿ၊ ကျွားစားရဟန်း စသည်တို့ကိုရှုအပ်၏)။

## (ဃ) ပဋိကူလမနသိကာရအကြောင်း သိကောင်းစရာ

နားလည်သောသူသည် တောင်းထဲ၌ ထည့်ထားသော စပါး စသည်တို့၌ ဤကား စပါး၊ ဤကား သလေး၊ ဤကား ကောက်၊ ဤကား ပဲကြီး၊ ဤကား ပဲလွန်း၊ ဤကား ပဲနောက်စသည်ဖြင့် သိသကဲ့သို့ ဤတလံမျှလောက်သောကိုယ်၌ ဆံပင်စသော သုံးဆယ့် နှစ်ပါးသော ကောဋ္ဌာသအစုအဝေးသာတည်း- ဟု ရှုအပ်၏။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ။

(မဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၃၃)

ဣမသ္မိံ ကာယေ၊ ဤတလံမျှလောက်သော ကိုယ်ခန္ဓာ၌။ ကေသာ၊ ဆံပင်။ လောမာ အမွေး။ နခါ၊ ခြေသည်းလက်သည်း။ ဒန္တာ၊ သွား။ တစော၊ အရေ။ မံသံ၊ အသား။ နှာရု၊ အကြော။ အဋ္ဌိ၊ အရိုး။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီ။ ဝက္ကံ၊ အညှို့။ ဟဒယံ၊ နှလုံး။ ယကနံ အသည်း။ ကိလောမကံ၊ အမြှေး။ ပိဟကံ၊ အဖျဉ်း။ ပပ္ဖါသံ၊ အဆုတ်။ အန္တံ အူ။ အန္တဂုဏံ၊ အူသိမ်။ ဥဒရိယံ၊ အစာသစ်။ ကရီသံ၊ အစာဟောင်း။ မတ္ထလုင်္ဂံ၊ ဦးနှောက်။ ပိတ္တံ၊ သည်းခြေ။ သေမှံ၊ သလိပ်။ ပုဗ္ဗော၊ ပြည်။ လောဟိတံ၊ သွေး။ သေဒေါ၊ ချွေး။ မေဒေါ၊ အဆီခဲ။ အဿု၊ မျက်ရည်။ ဝသာ၊ ဆီကြည်။ ခေဠော၊ တံတွေး။ သိင်္ဃာဏိကာ၊ နှပ်။ လသိကာ၊ အစေး။ မုတ္တံ၊ ကျင်ငယ်သည်။ အတ္ထိ၊ ရှိသည်သာလျှင်တည်း။

(အကျယ်ကို သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ တို့၌ရှု)။

ဤသုံးဆယ့်နှစ်ပါးတို့တွင် ရှေးကသောစသောနှစ်ဆယ်ကို အဖတ်များ၍ ပထဝီဓာတ်ခေါ်၏၊ နောက်ပိတ္တံစသောတဆယ့်နှစ်ပါးကို အရေများ၍ အာပေါဓာတ်ခေါ်၏။

ဤတရား သုံးဆယ့်နှစ်ပါးမှ တပါး လူ,နတ်,ဗြဟ္မာ သတ္တဝါပုဂ္ဂိုလ် ယောကျ်ား,မိန်းမ ဟူ၍မရှိပေ၊ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့မှ စီးကျလာသော မြစ်ရေတို့သည် မဟာသမုဒ္ဒရာသို့သာ စီးဝင်လာသကဲ့သို့ ခန္ဓာကိုယ်နှင့်ပတ်သက်သော ကာယဂတာသတိကို ပွားအပ်သည်ရှိသော် အလုံးစုံသောကုသိုလ်ဟူသမျှတို့သည် အကျုံးဝင်ကုန်၏။

ဤ ကာယာနုပဿနာသတိပဋ္ဌာန်ဒေသနာတော်၌ ကာယဟူသည်–

> ကုစ္ဆိတာနံ ပါပဓမ္မာနံ အာယော ပဝတ္တိဋ္ဌာနန္တိ ကာယော၊ ကာယိန္ဒြိယံ ဟိ ဖောဋ္ဌဗ္ဗဂ္ဂဟဏသဘာဝတ္တာ တဒဿာဒဝသပ္ပဝတ္တာနံ တဏှာလိကာနဥ္စ ပါပဓမ္မာနံ ဝိသေသကာရဏန္တိ တေသံ ပဝတ္တိဋ္ဌာနံ ဝိယ ဂယှတိ။
>
> (ဋီကာကျော်–၈၃)

ယံ ပဿာဒရုပ်၊ အကြင်ပဿာဒရုပ်သည်။ ကုစ္ဆိတာနံ၊ ရွံရှာစက်ဆုပ်အပ်ကုန်သော။ ပါပဓမ္မာနံ၊ အကုသိုလ်တရားတို့၏။ ပဝတ္တိဋ္ဌာနံ၊ ဖြစ်ရာသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ ရွံရှာကဲ့ရဲ့ စက်ဆုပ်ဖွယ်သော အကုသိုလ်တရားတို့၏ ဖြစ်ရာဖြစ်သည်၏ အဖြစ်ကြောင့်။ တံ ပဿာဒရုပ်၊ ထိုပဿာဒရုပ်သည်။ ကာယော၊ ကာယမည်၏။ ဟိသစ္စံ၊ မှန်၏။ ဝါ၊ ဟိယသ္မာ၊ အကြင်ကြောင့်။ ကာယိန္ဒြိယံ၊ ကာယိန္ဒြေသည်။ ဖောဋ္ဌဗ္ဗဂ္ဂဟဏသဘာဝတ္တာ၊ ဖောဋ္ဌဗ္ဗာရုံကို ယူခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်။ တဒဿာဒဝသပ္ပဝတ္တာနံ၊ မေထုန်ဖောဋ္ဌဗ္ဗအစရှိသော ထိုဖောဋ္ဌဗ္ဗာရုံကို သာယာသည်၏ အစွမ်းဖြင့်ဖြစ်ကုန်သော။ ပါပဓမ္မာနဥ္စ၊ ဖောဋ္ဌဗ္ဗတဏှာအစရှိသော အကုသိုလ်တရားတို့၏ လည်းကောင်း။ တံ မူလိကာနံ၊ ထိုဖောဋ္ဌဗ္ဗသာဒတဏှာလျှင်အကြောင်းရင်းအကြောင်းခံရှိကုန်သော။ ပါပဓမ္မာနဥ္စ၊ အဒိန္နာဒါန်အစရှိသော အကုသိုလ်တရား

တို့၏လည်းကောင်း။ ဝိသေသကာရဏံ၊ ထူးသောအကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ ပသာဒရူပံ၊ ထိုပသာဒရုပ်ကို။ တေသံ၊ ထိုအကုသိုလ်တရားတို့၏။ ပဝတ္တိဋ္ဌာနံဝိယ၊ ဖြစ်ရာကိုကဲ့သို့။ ဂယှတိ၊ ဆိုအပ်သည်သာတည်း။

ဤကာယပသာဒရုပ်သည် ဖောဋ္ဌဗ္ဗာရုံ၌ ထိခိုက်ခြင်းငှာ ထိုက်သော ဘုတ်ဘို့၏ ကြည်လင်ခြင်းလက္ခဏာ ရှိသည်၊ တနည်း–ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလိုသောသူ၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းရှိသော ကံလျှင်ဖြစ်ကြောင်းရှိသော ဘုတ်တို့၏ ကြည်လင်ခြင်း ဘူတပ္ပသာဒလက္ခဏာ ရှိ၏၊ ဖောဋ္ဌဗ္ဗာရုံတို့၌ စိတ်ကိုဆောင်ယူခြင်း ကိစ္စ အာဝိဉ္ဆနရသ ရှိသည်၊ ကာယဝိညာဏ်၏ တည်ရာ၏အဖြစ်လျှင် ယောဂီပုဂ္ဂိုလ်ဉာဏ်အားရှေ့ရှုထင်ခြင်း အာဓာရဘာဝပစ္စုပ္ပဋ္ဌာန်ရှိသည်၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့လိုသောသူ၏အဖြစ်တည်းဟူသောဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်လျှင် နီးစွာသောအကြောင်း ကမ္မဇဘူတ ပဒဋ္ဌာန် ရှိသည်။

ဘော ပသာဒ၊ လောဟိတ၊ ဇီဝ သည်းခြေသုက်။
ကိုယ်ယုံးနှံ့ဖြာ၊ တည်လေရာ၊ ကျမ်းလာမှန်သမုတ်။

ဤနေရာ၌ ကာယအရ ရူပကာယကို ယူအပ်၏၊ ထိုရူပကာယသည် ခြေ,လက်စသော အင်္ဂါကြီး,ငယ်တို့၏လည်းကောင်း၊ ဆံပင်စသော တရားတို့၏ အပေါင်းသည်လည်းကောင်း ကာယ–ခန္ဓာကိုယ် မည်၏၊ ဘီး, ထမ်းပိုးစသည်တို့၏အပေါင်းကို ရထားခေါ်သည်နှင့် တူပေ၏၊ စက်ဆုပ်ဖွယ်သောတရားအပေါင်းတည်း။

ကာယာနုပဿနာအရာ၌ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာတရားတို့ကို အဖန်တလဲလဲ ရှုပွား၍ မနေအပ်၊ အင်္ဂါကြီး,ငယ်မှလွတ်သော တခုတည်းသောတရားကို အဖန်တလဲလဲ ရှုပွား၍ မနေအပ်၊ ဆံပင်,အမွေး စသည်တို့ကို ပယ်၍ မိန်းမ,ယောကျ်ားဟု အဖန်တလဲလဲ ရှုပွား၍ မနေအပ်၊ ပထဝီစသော ဘူတရုပ်၊ စက္ခု

ပ်သာဒစသော ဥပါဒါရုပ်တို့မှ တပါးသော တရားတို့ကို အဖန်တလဲလဲ ရှုပွား၍ မနေအပ်၊ စင်စစ်သော် ကား ရထား၏အဆောက်အဦ ဖြစ်သော လှည်းဘီး, ဝင်ရိုး စသည် ကို အဖန်တလဲလဲရှုသောသူကဲ့သို့ အင်္ဂါကြီး,ငယ်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေရာ၏။

မြို့၏ အစိတ်အပိုင်းဖြစ်သော ပြာသာဒ်စသည်ကို အဖန်တလဲလဲ ရှုသောသူကဲ့သို့ ဆံပင်, အမွေး စသော အပေါင်းကို အဖန်တလဲလဲ ရှုအပ်၏၊ ငှက်ပျောရွက်ဖူးကို ခွာသောသူကဲ့သို့ လည်းကောင်း၊ တစုံတခုမျှမရှိသော လက်ဆုပ်ကိုဖြေသကဲ့သို့လည်းကောင်း ဘူတရုပ်, ဥပါဒါရုပ်အပေါင်းကို အဖန်တလဲလဲ ရှု၍ နေရာ၏၊ သတ္တဝါတို့သည် ဘူတရုပ်,ဥပါဒါရုပ်တို့ကို ယောကျ်ား,မိန်းမဟု အထင်မှားနေကြသည်။

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠော၊ ဗဇ္ဈမာနော န မုစ္စတိ။
(သုတ်မဟာဝါမဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာ-၃၄၇)

ယံ၊ အကြင် မိန်းမ,ယောကျ်ားကို။ ပဿတိ၊ သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသဖြင့် မြင်၏။ တံ၊ ထိုမိန်းမ, ယောကျ်ားသည်။ ဒိဋ္ဌံ၊ မြင်အပ်သောဘူတရုပ် ဥပါဒါရုပ်သည်။ န ဟောတိ၊ မဖြစ်။ ယံ၊ အကြင်ဘူတရုပ် ဥပါဒါရုပ်ကို။ ဒိဋ္ဌံ၊ မြင်အပ်၏။ တံ၊ ထိုဘူတရုပ် ဥပါဒါရုပ်ကို။ န ပဿတိ၊ ပညာစက္ခုဖြင့်မရှု။ အပဿံ-အပဿန္တော၊ ပညာစက္ခုဖြင့်မရှုသော။ မူဠော၊ တွေဝေသောသူကို။ ဗဇ္ဈတေ၊ ကိလေသာတည်းဟူသော နှောင်ဖွဲ့ခြင်းဖြင့် နှောင်ဖွဲ့အပ်၏။ ဗဇ္ဈမာနော၊ ကိလေသာတည်းဟူသော နှောင်ဖွဲ့ခြင်းဖြင့် အဖွဲ့ခံရသော သူသည်။ န မုစ္စတိ၊ သံသရာဝဋ်မှ မလွတ်သည်သာတည်း။

ဤခန္ဓာကိုယ်ကို အသုဘစသည်ဖြင့် ရှု၍ နေရာ၏၊ ရေနှင့်တံလှပ်ကဲ့သို့ သုဘ အသုဘ စသည်ကွဲပြားစွာ သိရာ၏၊ အနိစ္စ ဒုက္ခ အနတ္တ အသုဘ စသည်ဖြင့် ရှုရာ၏၊ ဆံပင်စသည်ဖြင့် အဖန်တလဲလဲ ရှုရာ၏၊ ငါ ငါ၏ဥစ္စာ

မဟုတ်ဟု ရှုရာ၏၊ ဆံပင်စသည်ကို ကံ စိတ် ဥတု အာဟာရတို့သည် ပြုပြင် အပ်သောတရားဟု ရှုအပ်၏။

အနိစ္စဟုရှုသူကား နိစ္စသညာကို ပယ်စွန့်၏၊ ဒုက္ခဟုရှုသူကား သုခ သညာကို စွန့်ပယ်၏၊ အနတ္တဟု ရှုသူကား အတ္တသညာကို ပယ်စွန့်၏။ ငြီးငွေ့ဖွယ်ရာဟု ရှုသူကား တဏှာကို ပယ်စွန့်၏။ချုပ်တတ်သော တရား ဟု ရှုသူကား ဖြစ်ခြင်းသမုဒယကို ပယ်စွန့်၏။ စွန့်တတ်သော တရားဟု ရှုသူကား စွဲလမ်းခြင်းကို ပယ်စွန့်၏။ ဤသို့ သုတ်မဟာဝါ အဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ်လာတိုင်း ရှုအပ်သည်သာတည်း။

ဤကာယဂတာသတိကမ္မဋ္ဌာန်းတရားသည် ဘုရားရှင်တို့ ပွင့်တော်မူ သောကာလ၌သာ ဖြစ်သည်၊ တိတ္ထိတို့ အရာမဟုတ်၊ ဤကာယဂတာ သတိကမ္မဋ္ဌာန်းသည် ထိတ်လန့်ခြင်းယောဂလေးပါးတို့ဖြင့် ဘေးမရှိခြင်း သတိပညာကို ရခြင်း၊ ဝိပဿနာဉာဏ်ကို ရခြင်း၊ မျက်မှောက်၌ချမ်းသာ စွာနေရခြင်း၊ ဝိဇ္ဇာသုံးပါး အရဟတ္တဖိုလ် နိဗ္ဗာန်ကို ရခြင်းကို ဖြစ်စေ တတ်၏။

ကာယဂတာသတိ ဟူသည် ကေသာ, လောမာ စသော သုံးဆယ့် နှစ်ပါးသော ကောဋ္ဌာသတို့ကို နှလုံးသွင်းခြင်းပင်တည်း။

ဤ၌ ကိုယ်ဟူသည် ခတ်ကြီးလေးပါးကို မှီသော အကောင်ပုပ်ကို ဆိုလိုသည်၊ စက်ဆုပ်ဖွယ်သော ဆံပင်စသည်တို့၏ လည်းကောင်း၊မျက်စိ နာ စသော ရောဂါတို့၏ လည်းကောင်း ဖြစ်ပွားရာ ဖြစ်သောကြောင့် ဤကိုယ်ကောင်ကို ကာယ-ဟု ဆိုသည်။

ခြေဘဝါးအပြင်မှ ဆံဖျားထိ ဤတလံမျှလောက်သော အကောင် ပုပ်ကို စူးစမ်း ဆင်ခြင်သည် ရှိသော် တစုံတယောက်သောသူမျှ ပုလဲ ပတ္တမြား ကြောင်မျက်ရွဲ အကျော် အမိုး အထုံကဲ့သို့ အဏုမြူမျှ သန့်ရှင်း စင်ကြယ်သည်ကို မမြင်ရ၊ စက်ဆုပ် ရွံရှာဖွယ်သောဆံပင်စသည်ကိုသာ မြင်ရမည်။

ဤကမ္မဋ္ဌာန်း၌- ဝစသာ၊ နှုတ်ဖြင့်။ မနသာ၊ စိတ်ဖြင့်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဒိသတော၊ အရပ်အားဖြင့်။ ဩကာသတော၊ တည်ရာအားဖြင့်။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်-

ဤသို့ ဥဂ္ဂဟကောသလ္လ- သင်ခြင်း၌ လိမ်မာခြင်း စသော ခုနစ်ပါး အပြားအားဖြင့် သင်အံ့ပို့ချ အားထုတ်အပ်၏၊ ဤစကားဆုပ် ရှုံ့ရှာဖွယ်ဟု နှလုံးသွင်းသော ကမ္မဋ္ဌာန်း၌ ပိဋ္ဌကတ်သုံးပုံဆောင်ဖြစ်စေကာမူ ရှေးဦးစွာ နှုတ်ဖြင့် ရွတ်ဆိုသရဇ္ဈာယ်ခြင်းကို ပြုအပ်၏၊ အချို့သော သူအား ရွတ်ဆိုသရဇ္ဈာယ်စဉ်ပင်လျှင် ကမ္မဋ္ဌာန်းသည် ထင်ရှားသည်။

မလယအရပ်၌ မဟာဒေဝထေရ်၏ တပည့်နှစ်ပါးတို့သည် ဤနည်းအတိုင်း ဤကောဋ္ဌာသပါဠိကို ရွတ်ဖတ်သရဇ္ဈာယ်၍ သောတာပန်ဖြစ်ကြသည်။

ရွတ်ဖတ်သရဇ္ဈာယ်သောစိတ်သည် မပြေးသွား၊ ကောဋ္ဌာသတို့ ထင်ကုန်၏၊ လက်ချောင်း အစဉ်ကဲ့သို့လည်းကောင်း၊ စောင်းတန်းခြေ အစဉ်ကဲ့သို့လည်းကောင်း တင်ကုန်၏၊နည်းတူ စိတ်ဖြင့်လည်း သရဇ္ဈာယ်ခြင်းကို ပြုအပ်၏၊ စိတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် လက္ခဏာကို ထိုးထွင်း၍ သိခြင်း၏ အကြောင်းဖြစ်၏။

အဆင်းအားဖြင့် ဆိုသည်ကား ဆံပင်စသည်တို့၏ အဆင်းကို မှတ်အပ်၏။

သဏ္ဌာန်အားဖြင့် ဆိုသည်ကား ထိုကောဋ္ဌာသတို့၏ ပုံပန်းသဏ္ဌာန်ကို မှတ်အပ်၏၊ အရပ်အားဖြင့် ဆိုသည်ကား ဤကိုယ်ကောင်၌ ချက်မှ အထက်သည် အထက်အရပ်၊ ချက်မှအောက်သည် အောက်အရပ်မည်၏၊ ထို့ကြောင့် ဤကောဋ္ဌာသသည် ဤမည်သောအရပ်၌ ဖြစ်သည် ဟူ၍ အရပ်ကို မှတ်အပ်၏။

တည်ရာအားဖြင့် ဟူသည်ကား ဤကောဋ္ဌာသသည် ဤမည်သော နေရာ၌ တည်၏-ဟု ထိုထိုနေရာအားဖြင့် မှတ်အပ်၏။

အပိုင်းအခြားအားဖြင့် ဆိုသည်ကား ဤကာယဋ္ဌာသကို အောက်၌လည်းကောင်း အထက်၌လည်းကောင်း၊ဖိလာ၌လည်းကောင်း။ဤမည်သော အရပ်ဖြင့် ပိုင်းခြားအပ်၏ဟု ဤသို့လျှင် သဘောတူ ပိုင်းခြားခြင်း၊ ဆံပင်သည်အမွေးမဟုတ်၊အမွေးသည် ဆံပင်မဟုတ်ဟု ဤသို့လျှင် မရောမယှက်သည်၏ အစွမ်းဖြင့် သဘောမတူသော ပိုင်းခြားခြင်းကို သိအပ်၏။

မဟာသတိပဋ္ဌာနသုတ်၌ စက်ဆုပ်ရွံရှာဖွယ်၏ အစွမ်းဖြင့် ဟောအပ်၏။ မဟာဟတ္ထိပဒေါပမသုတ်၊ မဟာရာဟုလောဝါဒသုတ်၊ ဓာတုဝိဘင်္ဂသုတ်တို့၌ ဓာတ်၏အစွမ်းဖြင့် ဟောအပ်၏၊ ကာယဂတာသတိသုတ်၌ကား အကြင်ပုဂ္ဂိုလ်အား ဆံပင် အစရှိသော ကောဋ္ဌာသသည် အညိုစသော အဆင်းအားဖြင့် ထင်၏၊ ထိုပုဂ္ဂိုလ်ကို ရည်၍ လေးပါးသောစျာန်တို့ကို ဝေဖန်အပ်ကုန်၏၊ ထိုကမ္မဋ္ဌာန်းတို့တွင် ဓာတ်၏ အစွမ်းဖြင့် ဟောအပ်သော ကမ္မဋ္ဌာန်းသည် ဝိပဿနာကမ္မဋ္ဌာန်း မည်၏၊ စက်ဆုပ်ရွံရှာဖွယ်၏အစွမ်းဖြင့် ဟောအပ်သောကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်း မည်၏။

ကောဋ္ဌာသ အစဉ်အတိုင်း နှလုံးသွင်းအပ်၏၊သုံးဆယ့်နှစ်ထစ်ရှိသော လှေခါးထစ်ကို ကျော်၍ မတက်သည်နှင့် တူ၏။

မလျင်မြန်လွန်းသော အားဖြင့် နှလုံးသွင်းအပ်၏ သုံးဆယ့် နှစ်ယူဇနာရှိ ခရီးကို အလျင်အမြန်သွားက မမှတ်မိသည်နှင့် တူ၏။

မနှေးလွန်းသောအားဖြင့် နှလုံးသွင်းအပ်၏၊ သုံးဆယ့်နှစ်ယူဇနာရှိ ခရီးကို တဖြည်းဖြည်းသွားက ရက်ကြာသည်နှင့် တူပေမည်။

စိတ်ပျံ့လွင့်ခြင်းကို တားမြစ်အပ်၏၊ကမ်းပါးစောက်သို့ သွားသူသည် လိမ့်၍မကျရန် သတိထားရသည်နှင့် တူ၏။

လောကသင်္ကေတပညတ်ကို လွန်ရမည် ဟူသည်–ပညတ်ကို လွန်၍ စက်ဆုပ်ရွံရှာဖွယ် စိတ်၌ဖြစ်အောင်အားထုတ်ရမည်၊ ရေရှားသောအရပ်၌ သစ်ခက်စသည်ကို အမှတ်ပြု၍ သွားသည်နှင့် တူရမည်။

မထင်ရှားသော ကောဋ္ဌာသကို လွှတ်ရမည်ဟူရာ၌ ကောင်းစွာထင်သော ကောဋ္ဌာသကို ရှုရမည်၊ ထန်းပင် သုံးဆယ့်နှစ်ပင်ရှိသော တော၌ ကျက်စားသော မျောက်ကို ဖမ်းသည်နှင့် တူ၏၊ သုံးဆယ့်နှစ်အိမ်ရှိသော ရွာကို ဆွမ်းခံသော ရဟန်းနှင့်လည်း တူ၏။

အပ္ပနာအားဖြင့် ဆိုသည်ကား အပ္ပနာစျာန်ဖြစ်ရာ ကောဋ္ဌာသကို ဆိုသည်၊ သုတ္တန်သုံးမျိုးအားဖြင့် ဆိုသည်ကား– အဓိစိတ္တသုတ်၊ သီတိဘာဝသုတ်၊ ဗောဇ္ဈင်္ဂကောသလ္လသုတ်၊ ဤသုတ်တို့ကို သိအပ်၏။

အဓိစိတ္တသုတ်ဟူသည်ကား-သင့်သည့်အခါ၌ သမာဓိနိမိတ်ကိုလည်းကောင်း၊ ပဂ္ဂဟနိမိတ်ကို လည်းကောင်း၊ ဥပေက္ခာနိမိတ်ကို လည်းကောင်း နှလုံးသွင်းအပ်၏၊ ရွှေပန်းထိမ်သည်တို့သည် မိုက်နှက်ကိုလိုသလို သုံးသည်နှင့် တူသည်။

သီတိဘာဝသုတ်ဟူသည်ကား– ပျံ့လွင့်သောစိတ်၊ တွန့်တိုသောစိတ်၊ ဖြူစင်သောစိတ်၊ လျစ်လျူရှုသောစိတ်၊ မဂ်ဖိုလ်၌ ညွတ်ကိုင်းသောစိတ်၊ နိဗ္ဗာန်၌ မွေ့လျော်သောစိတ်ကို သိခြင်းပင်တည်း။

ဗောဇ္ဈင်္ဂကောသလ္လသုတ်ဟူသည်ကား– ဗောဇ္ဈင်တရားကို ပွားသင့်သော အခါဟုတ် မဟုတ်ကို သိခြင်းပင်တည်း။

ဤသို့ မနသိကာရကောသလ္လ နှလုံးသွင်းခြင်းသည် ဆယ်ပါးရှိ၏၊ သံပင်၌ နိမိတ်ကိုယူလိုသော ယောဂီသည် တစ်ချောင်း နှစ်ချောင်းသော ဆံပင်ကို နှုတ်၍ လက်ဝါးပေါ်၌ တင်ပြီးလျှင် အဆင်းအားဖြင့် ရှေးဦးစွာ မှတ်အပ်၏၊ ခေါင်းရိတ်ပြီးသောနေရာ ရေခွက် ယာဂုခွက်၌ကြည့်ရှုအပ်၏၊ အမည်း အဖြူ–ဟု နှလုံးသွင်းအပ်၏။

အဆင်းသဏ္ဌာန် အနံ့ အကြောင်းအာသယ တည်ရာ ဩကာသဟူ၍ ငါးပါးသော စက်ဆုပ် ရွံရှာဖွယ်ရှိသည်ကို မှတ်အပ်၏။

ဆံပင်သည် မည်းနက်သောအဆင်းရှိ၏၊ ရှည်ရှည်လုံးလုံး သဏ္ဌာန်ရှိ၏၊ လျှော်မျှင်နှင့်တူ၏၊ မီးတွင်ထည့်က အနံ့ဆိုး၏၊ ရွာအနီး၌ ပေါက်ရောက်သော ဟင်းသီးဟင်းရွက်များကို စက်ဆုပ်သကဲ့သို့ ထို့အတူ ဆံပင်

တို့လည်း ပြည်သွေး ကျင်ငယ် ကျင်ကြီး သည်းခြေ သလိပ် စသည်တို့၏ အငွေ့အသက် အာကျိုးဆက်ဖြစ်သောကြောင့်၊စက်ဆုပ်ဖွယ်ရှိ၏၊ ဤကား အကြောင်း အာသယတည်း၊ ဤဆံပင်တို့သည် မစင်ပုံပေါ်၌ မှိုကဲ့သို့ သုံးဆယ့် တပါးသော ကောဋ္ဌာသအစု၌ ဖြစ်၏၊ သုသာန် တံမြက်ချေးစု ရာအရပ်၌ ပေါက်ရောက်သော ဟင်းသီးဟင်းရွက်,အသုံးမပြုသောကျုံး စသည်၌ ပေါက်ရောက်သော ကြာဖြူ ကြာနီ-စသည်ကဲ့သို့ စက်ဆုပ်ဖွယ် ရှိ၏၊ဤကား တည်ရာသြကာသအားဖြင့် ရှုခြင်းတည်း၊နောက်ကမ္မဋ္ဌာန်း များ နည်းတူ၏။

ဤသို့ ကာယဂတာသတိကို ပွားများသော သူသည် ကမ္မဋ္ဌာန်း၌ မွေ့လျော်၏၊ ကာမဂုဏ်ကို ပယ်စွန့်နိုင်၏၊ ဘေးကြီးဘေးငယ်ကို သည်းခံ နိုင်၏၊ အချမ်းအပူကို သည်းခံနိုင်၏၊ ရောဂါကိုလည်း သည်းခံနိုင်၏၊ စျာန် အဘိညာဏ်များကို ရနိုင်သည်သာတည်း။

တသ္မာ ဟဝေ အပ္ပမတ္တော၊ အနုယုဉ္ဇေထ ပဏ္ဍိတော။
ဧဝံ အနေကာနိသံသံ၊ ဣမံ ကာယဂတာသတိံ ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပ-၂၅၈)။

တသ္မာ၊ ထိုသို့ ပစ္စုပ္ပန်သံသရာ အကျိုးများသည်၏ အဖြစ်ကြောင့်။ ဟဝေ၊ စင်စစ်။ အပ္ပမတ္တော၊ နိဗ္ဗာန်ရောက်ကြောင်း သမထဝိပဿနာ တရားကောင်းတို့၌ မမေ့မလျော့သော။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင် သိ ပညာရှိသည်။ ဧဝံ ဤသို့။ အနေကာနိသံသံ၊ မိမိသူတပါး အမျိုး ဘာသာ သာသနာအတွက် အကျိုးများသော။ ဣမံကာယဂတာသတိံ၊ ဤသုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ၌ အားထုတ်သော ကာယဂတာ သတိ တရားဟု။အနုယုဉ္ဇေထ၊ အရိုးကြေကြေ အရေခန်းခန်း တကယ် တမ်း ကြိုးစား အားထုတ်ရာသတည်း။

မေ့မေ့လျော့လျော့ နေ၍ကား မဖြစ်နိုင်၊ မေ့မေ့လျော့လျော့ နေက အကုသိုလ်အာရုံများ ဝင်လာနိုင်သည်၊ အကုသိုလ်အာရုံများ ဝင်လာက သံသရာမှာ ငရဲမှအစ တဝဲလည်လည် ကျင်လည်ရပေမည်။

ပမတ္တဿစ နာမ စတ္တာရော အပါယာ သကဂေဟသဒိသာ။
(ဓမ္မပဒအဋ္ဌကထာ၊ စက္ခုပါလတ္ထေရဝတ္ထု)။

ပမတ္တဿစနာမ၊ မေ့လျော့သောသူအားကား။စတ္တာရော၊လေးပါးကုန်သော။ အပါယာ၊ အပါယ်ဘုံတို့သည်။ သကဂေဟသဒိသာ၊ မိမိနေအိမ်နှင့် တူသည်သာတည်း။

## သတ္တဝါအမျိုးမျိုး

ငရဲသား သတ္တဝါတို့သည် တချို့ကား တဂါဝုတ်၊ တချို့ကား ယူဇနာခွဲ၊ တချို့ကား တယူဇနာ၊ ဒေဝဒတ်၏ကိုယ်ခန္ဓာသည် ယူဇနာ တရာ ရှိ၏၊ တိရစ္ဆာန်တို့၌ တချို့ကား ကိုယ်ခန္ဓာသေး၏၊ တချို့ကား ကြီး၏၊ ပြိတ္တာဘုံ၌လည်း တချို့ကား အတောင်ခြောက်ဆယ်၊ တချို့ကား အတောင်ခုနစ်ဆယ်၊ တချို့ကား အတောင်ရှစ်ဆယ်၊ တချို့ကား အဆင်းလှ၏၊ တချို့ကား မလှပေ၊ ကာလကဉ္ဇိက အသူရာတို့လည်း နည်းတူ၏၊ တချို့ပြိတ္တာတို့သည် ယူဇနာခြောက်ဆယ် ရှိကုန်၏၊ ငရဲ တိရစ္ဆာန်,ပြိတ္တာတို့သည် အဟိတ်အကုသလဝိပါက် ပဋိသန္ဓေ ရှိကုန်၏ ဟု သုတ်မဟာဝါအဋ္ဌကထာ မဟာနိဒါနသုတ်(၁၀၁)၌ လာပေသည်။

နိဗ္ဗာန်မှာသာလျှင် ကိလေသဝဋ်, ကမ္မဝဋ်,ဝိပါကဝဋ်တည်းဟူသော ဝဋ်သုံးပါး ကင်းသည်၊ သုံးဆယ့်တဘုံမှာ ဝဋ်သုံးပါး ရှိသည်။

အဝိဇ္ဇာတဏှုပါဒါနာစ ကိလေသဝဋ္ဋံ၊ ကမ္မဘဝသင်္ခါတော ဘဝေကဒေသော သင်္ခါရာစ ကမ္မဝဋ္ဋံ၊ ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝသေသာစ ဝိပါကဝဋ္ဋန္တိ တီဏိဝဋ္ဋာနိ။
(သင်္ဂဟပါဠိ)

အဝိဇ္ဇာတဏှုပါဒါနာစ၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်တို့သည်လည်း။ ကိလေသဝဋ္ဋံ၊ ကိလေသဝဋ် မည်၏။ ကမ္မဘဝသင်္ခါတော၊ ကမ္မဘဝဟု ဆိုအပ်သော။ ဘဝေကဒေသောစ၊ ဘဝတစိတ်သည်လည်းကောင်း။ အဝသေသာစ၊ ကြွင်းကုန်သော ဝိညာဏ်,နာမ်,ရုပ်,သဠာယတန,ဖဿ,

ဝေဒနာ, ဇာတိ, ဇရာ, မရဏတရား ခုနစ်ပါးတို့သည် လည်းကောင်း။ ဝိပါကဝဋ္ဋံ၊ ဝိပါကဝဋ္ဋ မည်၏။ ဣတိ၊ ဤသို့။ တီဏိ၊သုံးပါးကုန်သော။ ဝဋ္ဋာနိ၊ ဝဋ္ဋတရားတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်သုံးပါးသည် ကိလေသဝဋ္ဋ မည်၏။ ဥပါဒါနပစ္စယာဘဝေါ ဘဝ၏အရ ကမ္မဘဝ ဥပပတ္တိဘဝနှစ်ပါးအပေါင်းမှ အစိတ်ဖြစ်သော, ဘဝပစ္စယာဇာတိဝယ် ဘဝ၏အရဖြစ်သော ကုသိုလ် အကုသိုလ်စေတနာဖြစ်သော ကမ္မဘဝဟုဆိုအပ်သော ဘဝတစိတ်သည် လည်းကောင်း သင်္ခါရပစ္စယာဝိညာဏံ၌ သင်္ခါရအရဖြစ်သော ကုသိုလ် အကုသိုလ်စေတနာဟူသော သင်္ခါရသည်လည်းကောင်း ကမ္မဝဋ္ဋမည်၏။

ကာမ, ရူပ, အရူပ, ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရ, သညီ,အသညီ,နေဝသညီ,နာသညီအားဖြင့် ကိုးပါးပြားသော သာမည တရားကိုယ်အားဖြင့် ကာမ, ရူပ, အရူပ, ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဥပါဒါနပစ္စယာဘဝေါ၌ ဘဝ၏အရဖြစ်သော ဥပပတ္တိဘဝ ဟူသော ဘဝတစိတ်သည်လည်းကောင်း ယင်းတို့မှ ကြွင်းကုန်သော ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ ဟူကုန်သော ခုနစ်ပါးတို့သည်လည်းကောင်း ဝိပါကဝဋ္ဋ မည်၏။

ကမ္မဘဝသင်္ခါရတို့၏ အထူးကိုလည်း အောက်ပါအတိုင်းသိအပ်၏။

> အာယတိံ ပဋိသန္ဓိယာ ပစ္စယစေတနာ ဘဝေါနာမ၊ ပုရိမ ဘဝသ္မိံ ဣမဿ ပဋိသန္ဓိယာ ပစ္စယစေတနာ သင်္ခါရာတိ ဝေဒိတဗ္ဗာ။ (ဋီကာကျော်-၂၃၉၊ ဣဿာသယ)

အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၏။ ပစ္စယ စေတနာ၊ အကြောင်းဖြစ်သောစေတနာသည်။ ဘဝေါနာမ၊ ဘဝ မည်၏။ ပုရိမဘဝသ္မိံ၊ ရှေးဘဝ၌။ ဣမဿပဋိသန္ဓိယာ၊ ဤဘဝပဋိသန္ဓေ၏။ ပစ္စယစေတနာ၊ အကြောင်းဖြစ်သောစေတနာသည်။ သင်္ခါရာ၊ သင်္ခါရ မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဝေဠု စတ္တာရိ သစ္စာနိ ယထာဘူတံ အရိယမဂ္ဂပညာယ
ဇာနတော ပဿတော ဘဝါဒီသု နတိဘူတာ တဏှာ နတ္ထိ၊
တဒဘာဝေ သဗ္ဗဿပိ ကိလေသဝဋ္ဋဿ အဘာဝေါ၊ တတော ဝ
ကမ္မဝိပါကဝဋ္ဋာနံ အသမ္ဘဝေါယေဝါတိ ဧဝံ ဘဂဝါ တေသံ
ဘိက္ခူနံ အနဝသေသဝဋ္ဋဒုက္ခ ဝူပသမဟေတုဘူတံ အမတမဟာ
နိဗ္ဗာနဿ အာနုဘာဝံ ပကာသေတိ။

(ဥဒါန်းအဋ္ဌကထာပါဠ်-၃၅၆)

ဝေဠု၊ ဤသို့လျှင်။ စတ္တာရိသစ္စာနိ၊ သစ္စာလေးပါးတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်စွာ။ အရိယမဂ္ဂပညာယ၊ အရိယမဂ်ပညာဖြင့်။ ဇာနတော၊ သိသော။ ပဿတော၊ မြင်သော။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်အား။ ဘဝါဒီသု၊ ကာမ,ရူပ,အရူပ, ဥပပတ္တိဘဝ စသည်တို့၌။ နတိဘူတာ၊ တောင့်တ တပ်မက် နှစ်သက်တွယ်တာ သာယာကိုင်းညွတ်တတ်သည် ဖြစ်၍ ဖြစ်သော။ တဏှာ၊ ဘဝ တဏှာသည်။ နတ္ထိ၊ နိဗ္ဗာန်လျှင်အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ပယ်ဖျက်အပ်သည်ဖြစ်၍ မရှိ။ တဒဘာဝေ၊ ထိုတဏှာမရှိသည်။ သတိ၊ ရှိသော်။ သဗ္ဗဿပိ၊ အလုံးစုံလည်းဖြစ်သော။ ကိလေသဝဋ္ဋဿ၊ ကိလေသဝဋ်၏။ အဘာဝေါ၊ မဖြစ်ခြင်းမရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တတော ဝ၊ ထိုကိလေသဝဋ် ကင်းလွတ်ကုန်ပြတ်ခြင်း မရှိခြင်းကြောင့်သာလျှင်။ ကမ္မဝိပါကဝဋ္ဋာနံ၊ ကမ္မဝဋ်,ဝိပါကဝဋ်တို့၏။ အသမ္ဘဝေါယေဝ၊ မဖြစ်နိုင်ခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိဧဝံ၊ ဤသို့။ ဘဂဝါ၊ ဘုရားရှင်သည်။ တေသံဘိက္ခူနံ၊ ထိုရဟန်းတို့အား။ အနဝသေသဝဋ္ဋဒုက္ခဝူပသမဟေတုဘူတံ၊ အကြွင်းအကျန်မရှိ အလုံးစုံသော ဝဋ်ဒုက္ခတို့၏ ကုန်ပျက်ချုပ်ငြိမ်းခြင်း၏ အကြောင်း ဖြစ် ၍ ဖြစ်သော။ အမတမဟာနိဗ္ဗာနဿ၊ မင်ဖိုလ်တို့၏ အာရုံဖြစ်သော ပျက်စီးခြင်းမရှိသော မြတ်သောနိဗ္ဗာန်၏။ အနုဘာဝံ၊ အာနုဘော် ဂုဏ်သတ္တိ တန်ခိုးကို။ ပကာသေတိ၊ ထင်ရှားပြတော်မူ၏။

## မီးဆယ့်တပါးငြိမ်းပုံ

သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အာဒိတ္တံ၊ စက္ခု ဘိက္ခဝေ အာဒိတ္တံ၊ ရူပါ အာဒိတ္တာ၊ စက္ခုဝိညာဏံ အာဒိတ္တံ၊ စက္ခုသမ္ဖဿော အာဒိတ္တော၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တံပိ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

(ဝိနည်းမဟာဝါပါဠိတော်-၄၄)

ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗံ၊ အလုံးစုံသည်။ အာဒိတ္တံ၊ တောက်လောင်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အသို့သာလျှင်။ သဗ္ဗံ၊ အလုံးစုံသည်။ အာဒိတ္တံ၊ တောက်လောင်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခု၊ စက္ခုပသာဒရုပ်သည်။ အာဒိတ္တံ၊ တောက်လောင်၏။ ရူပါ၊ ရူပါရုံတို့သည်။ အာဒိတ္တာ၊ တောက်လောင်ကုန်၏။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ အာဒိတ္တံ၊ တောက်လောင်၏။ စက္ခုသမ္ဖဿော၊ စက္ခုသမ္ဖဿသည်။ အာဒိတ္တော၊ တောက်လောင်၏။ စက္ခုသမ္ဖဿပစ္စယာ၊ စက္ခုသမ္ဖဿဟူသောအကြောင်းကြောင့်။ ဝေဒယိတံ၊ ခံစားအပ်သော။ ယမိဒံသုခံဝါ၊ အကြင်သုခဝေဒနာသည်လည်းကောင်း။ ယမိဒံဒုက္ခံဝါ၊ အကြင် ဒုက္ခဝေဒနာသည်လည်းကောင်း။ ယမိဒံအဒုက္ခမသုခံဝါ၊ အကြင် ဥပေက္ခာဝေဒနာသည် လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံပိ၊ ထိုဝေဒနာသည်လည်း။ အာဒိတ္တံ၊ တောက်လောင်၏။ ကေန၊ အဘယ်တရားကြောင့်။ အာဒိတ္တံ၊ တောက်လောင်သနည်း။ ရာဂဂ္ဂိနာ၊ ရာဂမီးဖြင့်။ ဒေါသဂ္ဂိနာ၊ ဒေါသမီးဖြင့်။ မောဟဂ္ဂိနာ၊ မောဟမီးဖြင့်။ အာဒိတ္တံ၊ တောက်လောင်၏။ ဇာတိယာ၊ ဇာတိဖြင့်။

ဇရာယ၊ ဇရာဖြင့်။ မရဏေန၊ သေခြင်းဖြင့်။ သောကေဟိ၊ စိုးရိမ်ခြင်းတို့ဖြင့်။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့ဖြင့်။ ဒုက္ခေဟိ၊ ဆင်းရဲခြင်းတို့ဖြင့်။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်းတို့ဖြင့်။ ဥပါယာသေဟိ၊ ကိုယ်,စိတ်ပူပန်ခြင်းတို့ဖြင့်။ အာဒိတ္တံ၊ တောက်လောင်၏။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောတော်မူသည်သာတည်း။

ဤသို့ သိက ခန္ဓာငါးပါး၌ မစွဲလမ်းပေ။ (အနတ္တလက္ခဏသုတ်အတိုင်းရှု)။

အသင်္ခတဓာတုတိ အသင်္ခတသဘာဝံ နိဗ္ဗာနံ၊ ယသ္မာပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ၊ တသ္မာ ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယောတိ ဝုတ္တံ။

(အာယတနဝိဘင်းအဋ္ဌကထာပါဠိ-၄၈)

အသင်္ခတဓာတုတိ၊ အသင်္ခတဓာတုဟူသည်ကား။ အသင်္ခတသဘာဝံ၊ အကြောင်းတရားတို့သည်ပေါင်းဆုံ၍မပြုပြင်အပ်သောသဘောရှိသော။ နိဗ္ဗာနံ၊ ပရမတ္ထနိဗ္ဗာန်တည်း။ ယသ္မာပန၊ အကြင်ကြောင့်ကား။ ဧတံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ ရာဂါဒယော၊ ရာဂစသည်တို့သည်။ ခီယန္တိ၊ ကုန်ပျက်တတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ရာဂက္ခယော၊ ရာဂက္ခယ မည်၏။ ဒေါသက္ခယော၊ ဒေါသက္ခယ မည်၏။ မောဟက္ခယော၊ မောဟက္ခယ မည်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

ငှက်ပျောသီးစသည် စားက ဖျားနာတတ်သည်၊ တင်လဲ ထောပတ်စသည် စားက သလိပ်နာဖြစ်တတ်သည်-သို့ လောကီအာရုံ ကာမဂုဏ်တရားကို လိုက်စားက ရာဂစသည် ဖြစ်ကာ သံသရာမှာ ကျင်လည်တတ်သည်။

တနည်း အားတိုးဆေး နို့စသည်စားက ခွန်အားပြည့်ဖြိုးသကဲ့သို့ လောကီအာရုံ ကာမဂုဏ်တရားသည် ဇာတိစသော သံသရာအားကို ပြည့်ဖြိုးစေတတ်၏၊ ထို့ကြောင့် သံသရာပြတ်ဖို့လို၏။

ပဋိသင်္ခါယ ပနေတ မဒ္ဒုဝံ၊ အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ။
သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ သမမေဿန္တိ စိရာယ သုဗ္ဗတာ။
(သင်္ဂဟပါဠိ-၉၄၊ ဆဋ္ဌ)

ဗုဓာ၊ တိပိဋကပဋိသန် ပညာဉာဏ်ရှိကုန်သော ယောဂီတို့သည်။ အဒ္ဒုဝံ၊ အဖန်ဖန်ပျက်စီးခြင်းရှိသည်ဖြစ်၍ မမြဲသော။ တေဘုမကသည်ကြောင့် ဖြစ်တတ်သော ဝဋ္ဋတရားကို။ ပဋိသင်္ခါယ၊ ဥပါဒ်,ဋ္ဌီ,ဘင်ကြောင့် အနိစ္စ ဒုက္ခ, အနတ္တဟု သိ၍။ စိရာယ၊ ရှည် မြင့် စွာ သော ကာ လ ပတ် လုံး။ သုဗ္ဗတာ၊ သီလစသည့်ကောင်းသောအကျင့်ရှိကုန်သည်ဖြစ်၍။ အစ္စုတံ၊ ရွှေလျော့ခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဓိဂန္တွာ၊ အရိယာတို့၏ မဂ်ဉာဏ်ဖြင့်ထိုးထွင်းသိ၍။ သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ မဂ်ဉာဏ်တို့ဖြင့် ကောင်းစွာဖြတ်အပ်သော ထိုထိုဘဝတို့၌ တပ် နှစ် သက် ခြင်း တဏှာ အနှောင်အဖွဲ့ကင်းကုန်သည်ဖြစ်၍။ သမံ၊ ခန္ဓာငါးပါးငြိမ်းအေးခြင်း ရှိသော နိဗ္ဗာန်သို့။ ဧဿန္တိ၊ ရောက်ကုန်လတ္တံ့သည်သာတည်း။

မီးရှို့ခံရသောသစ်စေ့သည် နောက်တဖန် အပင်မပေါက်သည်နှင့်လည်းကောင်း, အသီးမသီးသောအပွင့်နှင့်လည်းကောင်း တူလှပေ၏။

## တောအုပ်ပမာ

တောအုပ်ထဲ၌ အစာရေစာငတ်ပြတ်၍ သူခိုး,ဒမြ,ကျားရဲစသော အန္တရာယ်ကြုံနေသောသူသည် ၎င်းဘေးမှ လွတ်လာ၍ တောအုပ်၏ အဆုံး၌ ရေကိုမြင်၍ စိတ်သက်သာရာရသကဲ့သို့ ဇာတိစသောသံသရာ ခရီးခဲ၌ ဘု ရား ရှင် ၏ တ ရား တော် တည်း ဟူ သော လက် နက် ဖြင့် လွတ်လာသောသူသည် နိဗ္ဗာန်,မဂ်,ဖိုလ်ကို ရသည်နှင့် တူ၏။

တံ ဟိ ပါနဘောဇနာဒိသုညသဘယကန္တာရ ပရိတ္တမနေန ပရိဿမန္တဿ အဒ္ဒိကပုရိသဿ အဿာသဇနကဘာဝေန ဥပဋ္ဌိတံ ဝနန္တောဒကံ ဝိယ သဗ္ဗညုဗုဒ္ဓါနမ္ပိ ဝစနပထာတိက္ကန္တ မဟာဒုက္ခဘေရဝေ သံသာရကန္တာရေ ပရိဗ္ဗမနေန ပရိဿ

မန္တသာ တထာရူပံ ပဋိပတ္တိမဂ္ဂံ ပဋိပ္ပန္နသာ ယောဂါဝစရဿ
အနာဒိမတိသံသာရေ သုပိနန္တေနာပိ အဒိဋ္ဌပုဗ္ဗကာယ ဒဿန
သဝနကာလမေဝ ပရမဿာသံ ဇနေတိ။

(အဘိဓမ္မာဝတာရဋီကာပါဌ်)

ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ပါနဘောဇနာဒိသုညသဘာယကန္တာရ= ပရိဗ္ဗမနေန၊အဖျော်ဘောဇဉ်တို့မှ ကင်းဆိတ်သော အလွန်ကြောက်မက်ဖွယ်သော ဘေးရှိသော ကြီးကျယ်ရှည်လျားလှစွာသော ခရီးခဲ၌ မပြတ်လှည့်လည်ရသဖြင့်။ပရိဿမန္တသာ၊အလွန်ပင်ပန်းသော၊ အင်္ဂါကပုရိသဿ၊ ခရီးသွားသောယောကျ်ားအား။ ဝနန္တောဒကံ၊ စိမ်းရှင်သောတောအုပ်ရေသည်။ အဿာသဇနကဘာဝေန၊ သက်သာရာရခြင်းကိုဖြစ်စေတတ်သည်၏အဖြစ်ဖြင့်။ ဥပဋ္ဌိတံဝိယ၊ ရှေးရှုတည်သကဲ့သို့။ သဗ္ဗညုဗုဒ္ဓါနမ္ပိ၊ ဘုရားရှင်တို့၏သော်လည်း။ ဝစနပထာတိက္ကန္တ မဟာဒုက္ခဘေရဝေ၊ ဟောတော်မူအပ်သော သံသရာဒုက္ခကိုပြကြောင်းစကားကို လွန်မြောက်အောင် မြားမြောင်လှစွာသော ဒုက္ခအပေါင်းတို့ဖြင့် ကြောက်မက်ဖွယ်ကောင်းသော။ သံသာရကန္တာရေ၊ သံသရာခရီးခဲ၌။ ပရိဗ္ဗမနေန၊ တဘဝမှ တဘဝသို့ လည်ပတ်ရသဖြင့်။ ပရိဿမန္တသာ၊ ထက်ဝန်းကျင်အလွန်ပင်ပန်းသော။ တထာရူပံ၊ ထိုသို့သဘောရှိသော။ ပဋိပတ္တိမဂ္ဂံ၊ ဒါန, သီလ, သမထ, ဝိပဿနာလမ်းခရီးကို။ ပဋိပ္ပန္နဿ၊ ကျင့်သော။ ယောဂါဝစရဿ၊ ယောဂီအား။ အနာဒိမတိသံသာရေ၊ အစမရှိသော သံသရာ၌။ သုပိနန္တေနာပိ၊ အိပ်မက်မျှဖြင့်လည်း။ အဒိဋ္ဌပုဗ္ဗတာယ၊ မမြင်ဖူးသည်၏အဖြစ်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ ဒဿနသဝနကာလမေဝ၊ အနုမာနအားဖြင့် သိမြင်ရုံ ပစ္စက္ခအားဖြင့် ထင်ရှားရှိ၏ဟူသော နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကိုကြားရုံမျှသောကာလ၌ပင်လျှင်။ ပရမဿာသံ၊ လွန်စွာသက်သာရာရခြင်းကို။ ဇနေတိ၊ ဖြစ်စေတတ်၏။

ဤကား နိဗ္ဗာန်၏ အဿာသ က ရ ဏ ကိစ္စ ခေါ် သက်သာရာ ရအောင် ပြုခြင်းကိစ္စတည်း။

နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ- စသည်ဖြင့် သင်္ဂဟကျမ်းစသည်တို့၌ လာရကား က လျာ ဏ ပု ထု ဇဉ် တို့အား သမုဒယသစ္စာကြောင့် ဒုက္ခ သစ္စာ ရှိသ ကဲ့ သို့ မဂ္ဂသစ္စာရှိက နိရောဓသစ္စာခေါ် နိဗ္ဗာန်ရှိသည်ဟု သိခြင်းသည် အနုမာနဉာဏ်ဖြင့် သိသည် မည်၏။

သောဘာပန်စသော အရိယာတို့အားကား သူတို့၏ မဂ်ဉာဏ်,ဖိုလ် ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်ဝါးထင်ထင် သိ မြင် ရ ခြင်း သည် ပစ္စက္ခသိဒ္ဓိ မည်၏။

ကြိမ်လုံးမျှဖြင့် ရန်သူကို နှိပ် စက် ခြင်း သည် ကာ မ ကု သိုလ် ဖြင့် ကိလေသာကို သတ်ခြင်းမည်၏။ ကြီး စွာ သော တုတ် ဖြင့် ရန် သူ ကို နှိပ်စက်ခြင်းသည် မဟဂ္ဂုတ်ကုသိုလ်ဖြင့် ကိ လေ သာ ကို သတ် ခြင်း မည်၏။ ထား သန်လျက်ဖြင့် ရန် သူ ကို နှိပ်စက်ခြင်းသည် အရိယမဂ် ကုသိုလ်ဖြင့် ကိလေ သာကို သတ်ခြင်းမည်၏။

(တနည်း)ရန်သူကို ကြောက်သောသူသည် ပုန်းအောင်းနေသကဲ့သို့ ကိလေသာရန်သူကို ကြောက် သော သူ သည် ဇာ တိ စ သည် ကင်းရာ နိဗ္ဗာန်၌ ပုန်းအောင်းရာ၏။

## ရုပ်နာမ်မမြဲပုံ

တိဏိမာနိ မဟာရာဇ လောကေ နတ္ထိ၊ ကတမာနိ တိဏိ၊ သစေတနာ ဝါ အစေတနာ ဝါ အဇရာမရာ လောကေ နတ္ထိ၊ သင်္ခါရာနံ နိစ္စတာ နတ္ထိ၊ ပရမတ္ထေန သတ္တူပလဒ္ဓိ၊ ဣမာနိ ခေါ မဟာရာဇ တိဏိ လောကေ နတ္ထီတိ။

(မိလိန္ဒပဉှာပါဠိတော်)

မဟာရာဇ၊ မင်းမြတ်။ လောကေ၊ လောက၌။ ဣမာနိတိဏိ၊ ဤ သုံးပါးတို့သည်။ နတ္ထိ၊ မရှိကုန်။ ကတမာနိ တိဏိ၊ အဘယ်သုံးပါး

ဘို့နည်းဟူမှုကား။ သစေတနာ ဝါ၊ စေတနာရှိသောသတ္တဝါမှုလည်း ဖြစ်စေ။ အစေတနာ ဝါ၊ စေတနာမရှိသော သစ်ပင်ချုံနွယ် စသည်မှုလည်းဖြစ်စေ။ အဇရာမရာ၊ မ အို, မ သေ သော သ ဘော သည်။ လောကေ၊ လောက၌။ နတ္ထိ၊ မရှိ။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ နိစ္စတာ၊ မြဲခြင်းသည်။ နတ္ထိ၊ မရှိ။ ပရမတ္ထေန၊ ပရမတ္ထသဘော အားဖြင့်။ သတ္တူပလဒ္ဓိ၊ သတ္တဝါဟူ၍ ရအပ်သော သဘောသည်။ နတ္ထိ၊ မရှိ။ မဟာရာဇ၊ မင်းမြတ်။ ဣမာနိ ခေါ တီဏိ၊ ဤသုံးပါး တို့သည်။ လောကေ၊ လောက၌။ နတ္ထိ၊ မရှိကုန်သည်သာတည်း။

ရုပ် နာမ် တ ရား တို့ သည် နောက်ဘဝသို့ ကပ်ရောက်တတ်သည်၊ ထို့ကြောင့် ဂတိတရား၊ ဘင်၏အစွမ်းဖြင့် ပျက်တတ်၍ ဝိနာသတရား၊ ရွေ့လျောခြင်းရှိ၍ စုတိတရား-ဝစနတရား၊ ဥပါဒ်, ဌီ, ဘင်အားဖြင့် ပျက်စီးတတ်၍ အထာဝရတရား၊ အ တိတ် ၌ ချုပ်ပြီး၍ ဖောက်ပြန် တတ်သော ဝိပရိဏာမတရား၊ မီးတိုင်ကဲ့သို့ ချုပ်ငြိမ်းတတ်၍ ပဏ္ဏတ္တိက တရား၊ မမြဲတတ်၍ အနိစ္စတရား၊ ဆင်းရဲတတ်၍ ဒုက္ခတရား၊ အစိုး မရတတ်၍ အနတ္တတရား၊ ဥပါဒ်ခဏ၌သာရှိ၍ ပစ္စုပ္ပန္နတရား၊ ဥပါဒ်, ဌီ, ဘင်ခဏကို လွန်တတ်၍ အတီတတရား၊ မိမိ၏သဘောအားဖြင့် ဖြစ်ပြီး နောက်ကာလသို့ မပါတတ်၍ အနာဂတတရား၊ မဖောက် မပြန် မြဲမြံခိုင်ခံ့ခြင်းမရှိ၍ အဓုဝ အထိရ အသဿတတရား၊ ကံ,စိတ်, ဥတု,အာဟာရ စသည်ကြောင့် ဖြစ်တတ်၍ သပ္ပစ္စယတရား၊ ဥပါဒ်, ဌီ,ဘင်အဆုံးရှိ၍ အန္တတရား၊ ရုပ်နာမ်တရားတို့သည် အကြောင်း ကြောင့်ဖြစ်တတ်၍ နိမိတ္တတရား,ကာရဏတရား,ဌာနတရား,ပဒတရား, ဗီဇတရား,နိဗန္ဓနတရား,နိဒါနတရား,ပဘဝတရား,ဟေတုတရား, သမ္ဘဝ တရား,သေတုတရား,ပစ္စယတရားတို့တည်း။

သမင်, ဒရယ် စသည်တို့၏ ကိုးကွယ်ရာကား တော၊ ငှက် တို့ ၏ ကိုးကွယ်ရာကား ကောင်းကင်၊ သင်္ခတရုပ်နာမ်တရားတို့၏ ပျက်စီး ရာသည် ဂတိ၊ ရဟန္တာတို့၏ လားရာသည် နိဗ္ဗာန်။

ဂတိ မိဂါနံ ပဝနံ၊ အာကာသော ပက္ခိနံ ဂတိ။
ဝိဘဝေါ ဂတိ ဓမ္မာနံ၊ နိဗ္ဗာနံ အရဟတော ဂတိ။
(ပရိဝါပါဠိတော်-၂၉၃)

မိဂါနံ၊ ကျားစသည့်တို့ လိုက်လံဖမ်းဆီးအပ်ကုန်သော သမင် ဒရယ်စသော သားအပေါင်းတို့၏။ ဂတိ၊ ကိုးကွယ်ရာသည်။ ပဝနံ တောတည်း။ အာကာသော၊ ကောင်းကင်သည်။ ပက္ခိနံ၊ ငှက်တို့၏။ ဂတိ၊ ကိုးကွယ်ရာတည်း။ ဓမ္မာနံ၊ သင်္ခါရတရားတို့၏။ ဝိဘဝေါ၊ ပျက်စီးခြင်းသည်။ ဂတိ၊ မချွတ်လားရာ ဂတိသာတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အရဟတော၊ ရဟန္တာ၏။ ဂတိ၊ လားရာသာတည်း။

ရုပ်,နာမ်သင်္ခါတရားတို့မှာ ဥပ္ပါဒေါ ပညာယတိ၊ ဥပါဒ်ရှိသည်။ ဝယော ပညာယတိ၊ ဘင်ခဏပျက်စီးခြင်းရှိသည်။ ဌိတဿ အညထတ္တံ ပညာယတိ၊ တည်တတ်သောဌီခဏ ရှိ၏။

ဇရာမရဏ၊ ဒုက္ခဝဋ်တွင်း၊ အိုရခြင်းနှင့်၊ သေမင်းလွတ်အောင်၊ ဘယ်သို့ရှောင်အံ့၊ တောင်ခုနစ်ခွေ၊ ရေခုနစ်ထပ် လေးရပ်ကျွန်းခွင်၊ ကောင်းကင်သမုဒ္ဒရာ၊ စကြဝဠာမြေထဲ၊ ပုန်းခိုလှဲလည်း၊ အမြဲမချွတ်၊ သေဘေးဝဋ်မှ၊ မလွတ်တို့သာ မလွဲရာတည်း။

ဤသို့ စသည်ဖြင့် ရှုဆင်ခြင်ရာ၏။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မရဏာနုဿတိ စသည်ရှု)။

ဤကေသာစသော တရားများကို စုပေါင်းထား၍ ခန္ဓာကိုယ်ခေါ်သည်၊ ဤတရားတို့ကား ပရမတ္ထအားဖြင့် ရုပ်တရားသာတည်း၊ ၎င်းရုပ်တရားတို့သည်လည်း အနိစ္စ, ဒုက္ခ, အနတ္တတရား, အသုဘတရား, စက်ဆုပ် ရွံရှာဖွယ်တို့သာတည်း။

ဤခန္ဓာကိုယ်သည်မသေခင်လည်း ကိုးဆယ့်ခြောက်ဖြာဘေးရောဂါတို့ စုဝေးရာဖြစ်၏၊ အသားအရေ ဆုတ်ယုတ်ခြင်း စသော ဇရာဗျာဓိတရားတို့ အမြဲတမ်းနှိပ်စက်ရာဖြစ်၏၊ သေလျှင်ကား ဆိုဖွယ်ရာမရှိ၊ ဖူးဖူးရောင်၍ ယင်တလောင်းလောင်း ရှိ၏၊ အညို အနီ စသည် ရောလျက်

ပုပ်ဟောင်ညှီ၏၊ သွေးပြည်စသည် အက်ကွဲ၍ ယိုစီးကျ၏၊ လက်ခြေ စသည် အပိုင်းပိုင်းပြတ်ကျ၏၊ ကျီး လင်းတ စသည် ခဲစားကြ၏၊ ပိုးလောက် စသည် ပြည့်နေ၏၊ အရိုးစသည် ဖွာဖွေး၍ ပြန့်ကျဲရ၏၊ ဤတရားများကို မျက်စိဖြင့်မြင်ရုံသာမက မိမိသူတပါး မခြားအပြင် ဉာဏ်ဖြင့်မြင်အောင် ရှုအပ်၏။

ဇာတိဖြစ်လာက အကြီးအငယ် ယောက်ကျား မိန်းမ လူနတ် ဗြဟ္မာ တိရစ္ဆာန် စသော သက်ရှိသတ္တဝါဟူသမျှ သေကြရ၏။

သုံးဆယ့်တဘုံမှာ ဘုရားရှင်သော်မှ မလွတ်ကင်းနိုင်ပေ၊ ဤသတ္တဝါ တို့အား သေဖို့အန္တရာယ်ကားများပြားလှ၏၊ ကျား ,မြွေစသောတိရစ္ဆာန် တို့ ကိုက်၍လည်းကောင်း၊ သစ်ပင်စသော မြင့်သော အရပ်မှ လိမ့်ကျ၍ လည်းကောင်း၊ ရေတွင်း ရေကန်ထဲသို့ ကျ၍ လည်းကောင်း၊ ရန်သူမျိုး ငါးပါးနှိပ်စက်၍ လည်းကောင်း၊ စုန်း နတ် တစ္ဆေ ဖမ်းစား၍ လည်း ကောင်း၊ မသင့်သောအစာကို စားမိ၍ လည်းကောင်း၊ ဖျားနာခြင်း စသော ရောဂါဘေးဥပဒ် ဖြစ်၍ လည်းကောင်း၊ ဓာတ်ကြီး လေးပါး ဖေါက်ပြား၍ လည်းကောင်း၊ လေငန်း စသည်ဖြစ်၍ လည်းကောင်း၊ ကံစသော အကြောင်းတရား ကုန်၍ လည်းကောင်း၊ တရက်ကြီးလေ တရက်သုသာန်နှင့် နီးလေ ဖြစ်၏၊ဣရိယာပုထ် တပါးပါး၌ သေနိုင်၏၊ ဆင်းရဲချမ်းသာ ပညာတတ်မတတ်မရွေး သေဘေးမှ မလွတ်နိုင်ပေ။

ဤသို့ ဆင်ခြင်သောယောဂီအား အလွန်အဖိုးထိုက်တန်၏၊စိတ်ဉာဏ် ကြည်လင်၏၊ ဉာဏ် ကြီးထွား ထက်သန်၏၊ သေခြင်း၌ စိတ်စွဲမြဲလျက် တည်ကြည်၏။

ဤ ကေသာ လောမာ စသည်ကို အသင့် အနုလုံ၊ အပြန်ပဋိလုံ ဆင် ခြင် သုံးသပ်နိုင်၏၊ သုံးဆယ့်နှစ်ပါးလုံး မတတ်နိုင်လျှင်လည်းမိမိစရိုက် အားလျော်စွာ ဉာဏ်သက်ဝင်နိုင်ရာ တပါးပါးကို သမာဓိ ဝိပဿနာ တရားဆိုက်အောင် ကြိုးစားအပ်၏၊ ဉာဏ်မှာ ထင်အောင် အဖန်ဖန်

ရှုကြည့်ရာ၏၊ ရှုဖန်များက မျက်စိမှာ မြင်သကဲ့သို့ ဉာဏ်၌ ထင်မြင်လာ ပါလိမ့်မည်။

## ကုလ္လမထေရ်

ဤမထေရ်အလောင်းသည် ရှေးရှေးဘုရားရှင်တို့၌ ပါရမီဖြည့်ဆည်း ပူးသည်၊ ထိုထိုသို့သော ဘဝ၌ ကုသိုလ်များ ဖြည့်ဆည်းပူးလျက် ငါတို့ ဂေါတမဘုရားရှင်လက်ထက် သာဝတ္ထိပြည်ဝယ် သူကြွယ်အမျိုးမှာ ဖြစ်၍ ကုလ္လနာမည်တွင်၏၊ လိမ်မာသောအရွယ်၌ ဘုရားရှင်၏ တရားကို ကြား နာရ၍ ကြည်ညိုသဖြင့် ရှင်ရဟန်းပြု၏။

သူသည် ရာဂစရိုက်များလွန်းသူ ဖြစ်၏၊ ဘုရားရှင်သည် သိတော်မူ၍ အသုဘကမ္မဋ္ဌာန်းကို ပေးကာ သုသာန်၌ နေစေ၏၊ သုသာန်၌ ဖူးဖူး ရောင်သော အသုဘတို့ကို ရှု၍ သုသာန်မှ ပြန်ထွက်လာလျက် ချက်ချင်း သူ့အား ကာမရာဂသည် လွှမ်းမိုး နှိပ်စက်၏။

ဗုဒ္ဓရှင်တော်သည် ကုလ္လရဟန်း၏ အကြောင်းကို သိ၍ တနေ့သ၌ ကုလ္လရဟန်း သုသာန်သို့ သွားစဉ် လောလောဆယ် သေခါစ မိန်းမပျို ရုပ်ကို ဖန်ဆင်းပြ၏၊ ထိုကုလ္လရဟန်းသည် ထိုမိန်းမပျို အသေကောင်ကို မြင်ကာမျှဖြင့် အသက်ရှင်နေသော မိန်းမပျိုကဲ့သို့ ထိုဝိသဘာဂအာရုံ အား ရာဂစိတ်ဖြစ်လျက် တပ်မက်မော၏။

ထိုအခါ ဘုရားရှင်သည် ထိုကုလ္လထေရ်၏ ထိုထိုရုပ်ကို မြင်စဉ်ပင်လျှင် ကိုးပေါက်ဒွါရ အမာဝတို့မှ ကျင်ကြီး ကျင်ငယ် စသည် ယိုစီးစေ၏၊ ပိုးလောက်အမျိုးမျိုးတို့ဖြင့် ပြည့်စေ၏၊ အလွန်စက်ဆုပ်ဖွယ်ကို ဖြစ်စေ ၏၊ မကောင်းသော အနံ့ကို ဖြစ်စေ၏၊ ထိုအခါမှ ကုလ္လမထေရ်သည် ထိုရုပ်၌ တပ်ခြင်းကင်း၏။

ဘုရားရှင်သည် ထိုအဖြစ်ကို သိတော်မူ၍ ကုလ္လရဟန်း-ဤခန္ဓာကိုယ် သည် ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာတို့ဖြင့် ကျင်နာခံခက်လှ၏၊ သွေးပြည် စသည်ဖြင့် စက်ဆုပ်ဖွယ်ရှိ၏၊ ပုပ်ဟောင် ညှီနံ၏၊ အထက်မှ

လည်း အံထွက်၏၊ အောက်သို့လည်း ယိုစီး၏၊ ၎င်း အပုပ်ကောင်ကို ဝိပဿနာပညာမဲ့သူတို့ နှစ်သက်တတ်၏ စသည်ဖြင့် ဟောတော်မူ၏။

ကုလ္လရဟန်းသည် ထိုအခါမှ ထိုအသုဘ၌ သမထ အခြေခံလျက် ဈာန်ကို ဖြစ်စေ၏၊ ဈာန်ကို အခြေခံကာ ဝိပဿနာပွား၍ ရဟန္တာဖြစ်လေသည်။

ထို့ကြောင့် ကုလ္လထေရ်သည် အောက်ပါ ဒေသနာကို ဟောတော်မူခဲ့၏။

ဓမ္မာဒါသံ ဂဟေတွာန၊ ဉာဏဒဿနပတ္တိယာ၊
ပစ္စဝေက္ခိံ ဣမံ ကာယံ၊ တုစ္ဆံ သန္တရ ဗာဟိရံ။

(ထေရဂါထာပါဠိတော်-၂၇၄)။

ဉာဏဒဿနပတ္တိယာ၊ နိဗ္ဗာန်သို့ရောက်နိုင်သော ဉာဏ်အမြင်ကိုရောက်ခြင်း ရခြင်းငှါ။ ဓမ္မာဒါသံ၊ သမာဓိဝိပဿနာ တည်းဟူသော တရားမျက်မှန် တရားကြေးမုံကို။ ဂဟေတွာန၊ လက်ဆုပ်လက်ကိုင် ပိုင်နိုင်ကျနမိမိရရယူပြီး၍။ သန္တရဗာဟိရံ၊ အူသိမ် အူမ စသော အတွင်း အရေအသားတည်းဟူသော အပြင် မိမိခန္ဓာကိုယ် တည်းဟူသော အတွင်း သူတပါးခန္ဓာကိုယ် တည်းဟူသော အပြင်ဖြစ်သော။ တုစ္ဆံ၊ သုခသုဘ ဘာမျှမရှိ သက်သက် အချည်းနှီး သာလျှင်ဖြစ်သော။ ဣမံကာယံ၊ ဆံပင် စသော တရားတို့ကို စုပေါင်းထားသဖြင့် အများသတ္တဝါ ထင်မှားရှာသည့် ခန္ဓာတည်းဟူသော ဤကိုယ်ကောင်ကြီးကို။ ပစ္စဝေက္ခိံ၊ ဝိပဿနာဉာဏ် အတန်တန်ဖြင့် ဝေဖန်သုံးသပ် အထုံးပြုတ်အောင် ရှုမှတ်ဆင်ခြင်သည်သာတည်း။

ခန္ဓာကိုယ်တွင်းမှာ ကိန်းအောင်းနေသည့် လောဘ,ဒေါသ စသော ကိလေသာမီးတို့သည် ပန်းပဲဆရာတို့၏ သံတုံးသံခဲ၌ စွဲနေသော မီးသည် မကြာမီပင် ချုပ်ငြိမ်းရသကဲ့သို့ ချုပ်ငြိမ်းဖို့ အရေးကြီး၏။

လောက၌ ရူပါရုံစသော တရားတို့ကို ဉာဏ်ပညာမရှိသော လူဗာလတို့သည်ကား သုခတရားဟု သမုတ်ကြ၏၊ သို့ပေမဲ့ တနေ့ကျလျှင် ကွယ်ပျောက်ပျက်စီးရသည်သာ၊ အနိစ္စစသော တရားတို့နှင့် မကင်းနိုင်ပေ။

လူသေကောင်ထဲ ဝင်နေရသော နတ်သားကဲ့သို့ လည်းကောင်း၊ ခွေးသေကောင်ပုပ် အဆွဲခံရသော လူကဲ့သို့လည်းကောင်း၊ မစင်တွင်းသို့ လိမ့်ကျသောသူကဲ့သို့ လည်းကောင်း၊ ဤလောက ရုပ်နာမ် ကေသာစသော တရားများကား စက်ဆုပ်ဖွယ်ရှိလှပါ၏၊ ဉာဏ်နှင့် မြင်အောင်ရှုပါ၊ လောဘကင်းက လောဘအတွက်၊ ဒေါသကင်းက ဒေါသအတွက်၊ မောဟကင်းက မောဟအတွက် မရေတွက်နိုင်သောဒုက္ခ ကင်းငြိမ်းလှပါ၏။

## (င) ဓာတုမနသိကာရအကြောင်း သိကောင်းစရာ

ဓာတုမနသိကာရပိုင်းဟူသည် မိမိခန္ဓာ၊သူတပါးခန္ဓာကိုယ်ကို ဓာတ်ကြီး လေးပါးအားဖြင့် ရှုဆင်ခြင်ခြင်းပေတည်း။

လိမ္မာသော နွားသတ်ယောက်ကျားသည်လည်းကောင်း နွားသတ်ယောက်ကျား၏ တပည့်သည်လည်းကောင်း နွားများကို အရေတခြား အရိုးတခြား အသားတခြား အူတခြား ပေါင်တခြား လက်တခြား စသည်ပိုင်းဖြတ်ကာ ရောင်းချ စားသောက်သကဲ့သို့ ဤသတ္တဝါတို့၏ ခန္ဓာကိုယ်သည် ခက်မာခြင်း ပထဝီဓာတ်၊ ဖွဲ့စည်း ယိုစီးခြင်း အာပေါဓာတ်၊အေးခြင်း,ပူခြင်း တေဇောဓာတ်၊ထောက်ပံ့ ခိုင်စေခြင်း ဝါယောဓာတ် သာလျှင်တည်း၊၎င်းတရားတို့သည်လည်း သူတပါးအလိုသို့မလိုက် မိမိတို့၏ သဘောအတိုင်းသာ ဖြစ်ပျက်နေ၏။

၎င်းဓာတ်ကြီးလေးပါးကို ပညာနည်းသောငါတို့သည်ကား လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်,သတ္တဝါ,ယောကျ်ား,မိန်းမ ချစ်စရာ ခင်မင်စရာ ထင်မှားနေကြ၏။

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါသီ ဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ၊ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ။

(မဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၉၄)

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာ မည်သည်ကား။ ဒက္ခော၊ လိမ္မာသော။ ဂေါဃာတကော ဝါ၊ နွားသတ်ယောကျ်ားသည် လည်းကောင်း။ ဂေါဃာတကန္တေဝါသီ ဝါ၊ နွားသတ်ယောကျ်ား၏ တပည့်သည်လည်းကောင်း။ ဂါဝိံ၊ နွားကို။ ဝဓိတွာ၊ သတ်၍။ စတုမဟာပထေ၊ လမ်းခရီးလေးခွဆုံ၌။ ဗိလသော၊ အဖို့အစုအားဖြင့်။ ဝိဘဇိတွာ၊ ဝေဖန်၍။ နိသိန္နော၊ နေသည်။ အဿ၊ ဖြစ်ရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ဣမမေဝကာယံ၊ တလံမျှလောက်သော ဤခန္ဓာကိုယ်ကို။ ယထာဌိတံ၊ ရပ်ဘည်မြဲတိုင်း ရပ်တည်မြဲတိုင်း။ ယထာပဏိဟိတံ၊ ဆောက်တည်မြဲတိုင်း ဆောက်တည်မြဲတိုင်း။ ဓာတုသော၊ မိမိသဘောကိုဆောင်တတ်သောဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဣမသ္မိံကာယေ၊ ဤ တလံမျှလောက်သော ကိုယ်ခန္ဓာ၌။ ပထဝီဓာတု၊ ခက်မာခြင်းလက္ခဏာ ရှိသော ပထဝီဓာတ်သည်လည်းကောင်း။ အာပေါဓာတု၊ ဖွဲ့စည်းယိုစီး ခြင်းလက္ခဏာရှိသော အာပေါဓာတ်သည်လည်းကောင်း။ တေဇော ဓာတု၊ အအေး, အပူ လက္ခဏာရှိသော တေဇောဓာတ်သည် လည်းကောင်း။ ဝါယောဓာတု၊ လှုပ်ရှားတတ်သောဝါယောဓာတ်သည် လည်းကောင်း။ အတ္ထိ၊ ပုဂ္ဂိုလ်,သတ္တဝါ လူ,နတ်,ဗြဟ္မာ မရှိ ဓာတ် တရားအတိသာ ရှိပေတော့သည်သာတည်း။

ရူပနန္ဒာ, ခေမာမိဖုရားစသည်တို့ တဏှာဖြင့်ခန္ဓာကိုယ်ကို စွဲလမ်းနေကြ၏၊ ကပိလရဟန်း, ပေါဋ္ဌိလရဟန်းတို့ မာနဖြင့် ခန္ဓာကိုယ်ကို စွဲလမ်းနေကြ၏၊ ဗကဗြဟ္မာ,အင်္ဂုလိမာလ်,ဥရုဝေဠကဿပ,သစ္စကပရိဗိုဇ်, ပါယာသိမင်းစသည်တို့ကား ဒိဋ္ဌိဖြင့် ခန္ဓာ ကိုယ် ကို စွဲလမ်းနေကြ၏။ (ဤပုဂ္ဂိုလ်တို့ကို ချဲ့အပ်၏)

### ဓာတ်အားဖြင့်ရှုခြင်းအကျိုး

န္ဓွားအမဲသား၊ ဖျက်ခါထား၊ မှတ်သား ဤပမာ။
ပ,အာ,တေ,ဝါ၊ ဘုတ်လေးဖြာ၊ မှတ်ပါလူတကာ။
ယောကျ်ား,မိန်းမ၊ ဗြဟ္မာ ပ၊ နတ်က ဘယ်ကလာ။
သညာ,စိတ္တ၊ ဒိဋ္ဌိပ၊ မှတ်ကြ ဝိပလ္လာ။
သို့မို့ကြောင့်သာ၊ သံသရာ၊ လည်ခါနေကြရှာ။
စဉ်းစဉ်းစားစား၊ သတိထား၊ မှတ်သားကြောက်စရာ။
ဇာတိဒုက္ခ၊ နှိပ်စက်လှ၊ အနမတဂ္ဂါ။
ငရဲတိရစ္ဆာန်၊ တပြောင်းပြန်၊ ကြုံဖန်များလှပါ။
နင့်ကိုယ်နင်သား၊ နင်မသနား၊ နင်ကားခံရမှာ။
ဓာတ်ကိုလှလှ၊ ရှုပါမှ၊ ရောက်ရနိဗ္ဗူတာ။

ဘုရားရှင်သည် သာဝတ္ထိပြည်- ဇေတ ဝန် ကျောင်း၌ နေတော်မူစဉ် အရှင်သာရိပုတ္တရာသည် ရဟန်းတို့အား အောက်ပါဒေသနာတော်ကို ဟောတော်မူသည်။

အရှင်သာရိပုတ္တရာကား နှီးသည်သည် ဝါးတလုံးကို အမျိုးမျိုး စိတ်ဖြာ၍ အသုံးပြုသကဲ့သို့ သစ္စာလေးပါး တရားဒေသနာတော်ကို ဟောတော်မူသည်။ တနည်းအားဖြင့်-

ဘုရားရှင်သည် ရှင်ဘုရင်။ အရှင်သာရိပုတ္တရာသည် သားကြီး။
ရဟန်းတော်များကား သားလတ်,သားငယ်များ။
ရတနာများသည် သစ္စာလေးပါးတရား။

အရှင်သာရိပုတ္တရာ၏ တရားဟောခြင်းကား ပွဲလမ်းသဘင်ရှိ၍ သားလတ်,သားငယ်များအား ရတနာများကို ခွဲဝေပေးခြင်းနှင့် တူပေသည်။

ကုန်း၌သွားသော သတ္တဝါအားးလုံးတို့၏ ခြေရာသည် ဆင်ခြေရာ၌ အတွင်းဝင်ကုန်၏၊ ကြီးသည်၏အဖြစ်ကြောင့် ဆင်ခြေရာသည် ထိုထို သတ္တဝါတို့၏ ခြေရာထက် မြတ်သည်-ဟု ဖြေကြားအပ်သကဲ့သို့ ထို့အတူ ကုသိုလ်အားလုံးတို့သည် သစ္စာလေးပါး၌ အကျုံးဝင်ခြင်းသို့ ရောက်ကုန်၏၊ အကျဉ်းအားဖြင့် စွဲယူအပ်သောခန္ဓာငါးပါးတို့သည်လည်း ဒုက္ခတရားတို့တည်း။

ရုပ်ဟူသော စွဲအပ်သောခန္ဓာသည် ပထဝီ, အာပေါ, တေဇော, ဝါယောဓာတ်ဟူသော မဟာဘုတ်တို့တည်း။

## ပထဝီဓာတ်

ပထဝီမြေဓာတ်သည် မိမိကိုယ်နှင့်ပတ်သက်သော အဇ္ဈတ္တိက ပထဝီဓာတ်၊ မိမိကိုယ်နှင့် မပတ်သက်သော ဗာဟိရပထဝီဓာတ်အားဖြင့် နှစ်ပါး ရှိ၏။

အဇ္ဈတ္တိကပထဝီဓာတ်သည် ကိုယ်ကိုစွဲ၍ဖြစ်သော ကြမ်းတမ်း ခက်မာခြင်းသို့ရောက်သော စွဲယူအပ်သော ရုပ်တည်း။

ဤရုပ်တို့သည် ဆံပင်,အမွေး,ခြေသည်း,လက်သည်း,သွား,အရေ, အသား, အကြော, အရိုး,ရိုးတွင်းခြင်ဆီ,အညှို,နှလုံး,အသည်း,အမြှေး, အဖျဉ်း, အဆုတ်, အူမ,အူသိမ်,အစာသစ်,အစာဟောင်း,ဦးနှောက်ဟူ၍ ဤနှစ်ဆယ်သော (ကေသာ လောမာ စသော)တရားတို့တည်း။

ဗာဟိရပထဝီဓာတ်သည် သံ,ကြေး,သလွဲမည်း,ပုလဲ,ကြောင်မျက်ရွဲ, ခရုသင်း, ကျောက်, သန္တာ, ရွှေ, ငွေ,ပတ္တမြားနီ,ပတ္တမြားပြောက်,မြက်, ထင်းကျောက်စရစ်,အိုးခြမ်းကွဲ,မြေ,ကျောက်တောင်စသည်တည်း။

ကြမ်းတမ်းခက်မာခြင်းလက္ခဏာရှိ၍ ပထဝီဓာတ်ခေါ်၏၊ အမှန်မှာ အာပေါဓာတ်စသည်လည်း ပါဝင်လျက် ရှိ၏၊ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသော အဋ္ဌကလာပ်ရုပ်ထက် နည်းသောတရားကား မရှိ၊ သို့သော် ပထဝီဓာတ်များရာကို ပထဝီဓာတ်၊ အာပေါဓာတ်များရာကို အာပေါဓာတ် စသည်ဖြင့် ခေါ်ခြင်းတည်း၊ နောက်-အာပေါဓာတ်စသည်၌လည်း ဤနည်းသာတည်း။

ဤပထဝီဓာတ်သည် ငါပိုင် မဟုတ်၊ ငါ မဟုတ်၊ ငါ၏ ကိုယ် မဟုတ်ဟု ပညာဖြင့် ရှုအပ်၏၊ ရှုမြင်က ငြိုးငွေ့၏၊ ဤပထဝီဓာတ်၌ တပ်ခြင်းကင်း၏။

အကြင်အခါ၌ အပဖြစ်သောရေဓာတ်သည် ပျက်၏၊ ထိုအခါ အပဖြစ်သောပထဝီဓာတ် ကွယ်ပျောက်၏၊ အပဖြစ်သော ပထဝီဓာတ် မမြဲခြင်းသည် ထင်ရှားလတ္တံ့၊ ကုန်ခြင်း,ပျက်စီးခြင်း,ဖောက်ပြန်ခြင်း အဖြစ်သည် ထင်ရှားလတ္တံ့၊ အချိန်အနည်းငယ်သာ တည်တံ့ခြင်းရှိ၍ ဤခန္ဓာကိုယ်အား တဏှာဖြင့် စွဲယူခြင်းငှာ မသင့်။ သူတပါးတို့က ဆဲရေး, ရေရွတ်, ချုတ်ချယ် ညှဉ်းဆဲ ကုန်ငြားအံ့၊ ငါသည် နား၌ ကြားရ၍ ဆင်းရဲခြင်း ဖြစ်၏၊ ထိုဆင်းရဲခြင်းသည် တွေ့ထိခြင်းကို စွဲ၍ ဖြစ်၏၊ ထိုတွေ့ထိခြင်းသည် အမြဲမရှိ၊ ခံစားခြင်းသည် အမြဲမရှိ၊ မှတ်သားခြင်းသည် အမြဲမရှိ-ဟု ရှုမြင်၏၊ ထိုသူ၏စိတ်သည် ဓာတ်အာရုံ၌သာ သက်ဝင်ကြည်လင်၏၊ ကောင်းစွာတည်၏၊ဆုံးဖြတ်၏။

သူတပါးတို့က တုတ်, ဓားစသည်တို့ဖြင့် လုံ့လပြုငြားအံ့၊ ဤကိုယ်သည် တုတ်,ဓားစသည် တွေ့ထိရာ သဘောရှိ၏၊ လွှဖြင့် ကိုယ်ကို နှစ်ပိုင်း ဖြစ်အံ့၊ စိတ်ဖြင့် ပြစ်မှားငြားအံ့၊ ဘုရားအဆုံးအမကို နာယူသူ မဟုတ်။

မတွန့်တို မဆုတ်နစ်သောလုံ့လကို ပြုငြားအံ့၊ မခမ့်နိုင်သောသတိ ထင်လာ၏၊ ကိုယ်ပူပန်ခြင်း မရှိ၊ ငြိမ်းအေး၏၊ စိတ်တည်ကြည်၏၊

ဘုတ်,ခေါးလက်နက်ဖြင့် သတ်ပါစေ၊ ဘုရားရှင်၏ အဆုံးအမကို လိုက်နာမည်ဟု သိ၏။

ဘုရား,တရား,သံဃာတော်တို့၏ ဂုဏ်တော်တို့ကို အောက်မေ့လျက် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်း၌ မတည်၊ ငါသည် အရ မတော် လေစွတကား–ဟု ထိတ်လန့်ခြင်း ဖြစ်၏၊ ချွေးမ သည် ယောက္ခမကို ကြောက်သည်နှင့် တူပေ၏။

အကြင်သူသည် ဘုရား,တရား, သံဃာတော်တို့၏ ဂုဏ်ကို အောက်မေ့လျက် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်း၌ တည်၏၊ ထိုသူအား ဝမ်းမြောက်သောစိတ် ရှိ၏၊ အဆုံးအမကို လိုက်နာ၏။

## အာပေါဓာတ်

အာပေါဓာတ်သည် အဇ္ဈတ္တိက အာပေါဓာတ်၊ ဗာဟိရ အာပေါဓာတ်အားဖြင့် နှစ်ပါးရှိ၏။

အဇ္ဈတ္တိက အာပေါဓာတ်သည် သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ် အားဖြင့် တဆယ့်နှစ်ပါးတည်း၊ ပိတ္တံ သေမှံ စသည်ဖြင့် ဟောတော်မူလေသည်။

ဗာဟိရ အာပေါဓာတ်သည် အမြစ်ရည်,ပင်စည်ရည်,အခေါက်ရည်, အရွက်ရည်, အပွင့်ရည်, အသီးရည်, နို့, နို့ထမ်း, ထောပတ်, ဆီဦ, ဆီ စသည်တည်း။

ဤအာပေါဓာတ်သည် ငါ ပိုင်,ငါ, ငါ၏ကိုယ် မဟုတ်၊ ဤသို့ ပညာဖြင့် ရှုအပ်၏၊ ရှုမြင်က ငြီးငွေ့၏၊ တပ်မက်ခြင်း ကင်း၏။

အပဖြစ်သော ရေဓာတ် ပျက်စီး၏၊ ရွာ,နိဂုံး, ဇနပုဒ်, မြို့မျော၏၊ ယူဇနာ ငါးရာ ခြောက်ရာ ခုနစ်ရာရှိသော သမုဒ္ဒရာသည် ခန်းခြောက်၏၊ ထန်းခြောက်ဆင့် ခုနစ်ဆင့်ရှိသော ရေသည်လည်း တက်၏၊သမုဒ္ဒရာ၌ လက်တဆစ် စွတ်ရုံမျှသော ရေလည်း ရှိသည့်အခါ ရှိ၏၊ ထိုမျှလောက်

ကြီးကျယ်သော ဗဟိဒ္ဓအာပေါဓာတ်သည် မမြဲ၊ ကုန်ခြင်း ပျက်ခြင်း ဖောက်ပြန်ခြင်းသည် ထင်ရှားလတ့်၊ အချိန်အနည်းငယ်သာ တည်တံ့ခြင်းရှိသော တဏှာဖြင့် စွဲယူအပ်သည့် ဤခန္ဓာကိုယ်အား အဘယ်မှာ ငါပိုင်, ငါ, ငါ၏ဥစ္စာ ဟု စွဲယူသင့်မည်နည်း။

အကြင်သူသည် ဘုရား, တရား, သံဃာတော်တို့၏ ဂုဏ်ကို အောက်မေ့လျက် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်း၌ တည်၏၊ ထိုသူအား ဝမ်းမြောက်သောစိတ် ရှိ၏၊ အဆုံးအမကို လိုက်နာ၏။

## တေဇောဓာတ်

အအေး,အပူ တည်းဟူသော တေဇောဓာတ်သည်လည်း အဇ္ဈတ္တိကတေဇောဓာတ်, ဗဟိဒ္ဓတေဇောဓာတ်အားဖြင့် နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် အဇ္ဈတ္တိကတေဇောဓာတ်သည် သန္တပ္ပနတေဇော-တရက်ချန်ဖျားခြင်း၊ဇီရဏတေဇော- ရုပ်တို့၏ဆွေးမြေ့ခြင်း၊ပရိပါစကတေဇော- ရုပ်တို့၏ ရင့်ကျက်ခြင်း၊ဥဟတေဇော-လောင်ကျွမ်းခြင်းဟူ၍ လေးပါးရှိ၏။

ဗဟိဒ္ဓတေဇောသည် ထင်းမီး, ဖွဲမီး, မြက်မီး, နွားချေးမီး, အမှိုက်မီး,ပိုးစုန်းကြူးမီး,နေမီး, သစ်သားချောင်းမီး စသည်တို့တည်း။

ဤတေဇောဓာတ်သည် ငါပိုင်, ငါ,ငါ၏ကိုယ် မဟုတ်၊ဤသို့ ပညာဖြင့် ရှုအပ်၏၊ ရှုမြင်က ငြီးငွေ့၏၊ တပ်ခြင်း ကင်း၏။

အကြင်အခါ၌ ဗဟိဒ္ဓတေဇောဓာတ်သည် ပျက်စီး၏၊ ရွာ, နိဂုံး, ဇနပုဒ်မြို့များကို လောင်ကျွမ်း၏၊ ကြက်တောင်မျှင် သားရေမျှင်ဖြင့် ရှာမှီးရသည့်အခါလည်း ရှိ၏၊ ထိုမျှလောက် ကြီးကျယ်သော ဗဟိဒ္ဓတေဇောဓာတ်သည် မမြဲ၊ ကုန်ခြင်း ပျက်ခြင်း ဖောက်ပြန်ခြင်းသည် ထင်ရှားလတ့်၊ အချိန်အနည်းငယ်သာ တည်တံ့ခြင်းရှိသော တဏှာဖြင့် စွဲအပ်သည့် ဤခန္ဓာကိုယ်အား အဘယ်မှာ ငါပိုင်, ငါ, ငါ၏ ဥစ္စာ-ဟု စွဲယူသင့်မည်နည်း။

## ဝါယောဓာတ်

ဝါယောဓာတ်သည်လည်း အဇ္ဈတ္တိကဝါယောဓာတ်၊ ဗဟိဒ္ဓဝါယော ဓာတ်အားဖြင့် နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် အဇ္ဈတ္တိကဝါယောဓာတ်သည် ဥဒ္ဓင်္ဂမဝါတာ- အထက်သို့ ဆန်သောလေ၊ အဓောဂမဝါတာ- အောက်သို့ သက်သော လေ၊ ကုစ္ဆိသယဝါတာ -ဝမ်း၌တည်သော လေ၊ ကောဋ္ဌာသယဝါတာ- အူ၌တည်သော လေ၊အင်္ဂမင်္ဂါနုသာရိနောဝါတာ-အင်္ဂါကြီးငယ်၌ တည် သော လေ၊ အဿာသပဿာသဝါတာ- ထွက်သက်ဝင်သက်လေ- ဟူ၍ ခြောက်ပါးရှိ၏။

ဗဟိဒ္ဓဝါယောဓာတ်ကား ဓားလေ၊ သင်တုန်းလေ၊ ယပ်လေ၊ ကြာ ချက်လေ စသည်တို့တည်း။ ပထဝီဓာတ် စသည်တို့မှာကဲ့သို့ ရှုလေ။

ဥပမာကား- သစ်သားနှယ်၊ မနိစသည်ဖြင့် ပြုလုပ်ထားသည်ကို အိမ်ခေါ်သကဲ့သို့ အရိုး အကြော အရေ စသည် စုပေါင်းထား၍ ရုပ် ခေါ်သည်။

စက္ခုပသာဒရုပ် ရူပါရုံများ မတွေ့ဆုံက စက္ခုဝိညာဏ် မဖြစ်ပေ၊ သောတပသာဒရုပ် စသည်ကိုလည်း ဤနည်းသိအပ်၏။

(သတ္တသူရိယသုတ်အနမတဂ္ဂသုတ်တို့ကို ရှုပါ)။

## ရှိသမျှ ဒုက္ခသာ

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ-၂၂၈)။

ဟိသစ္စံ၊ မြတ် ဘုရား၏ သစ္စာလေးပါး ဟောတော်မူခြင်းသည် မှန်လှပါပေ၏။ ဒုက္ခမေဝ၊ သုံးဆယ့်တစ်ဘုံမှာ အပါယ်ဒုက္ခ လူ့နတ်, ပြဟ္မာဒုက္ခ ဇာတိစသော ရုပ်,နာမ်ဒုက္ခသစ္စာသည်သာလျှင်၊သမ္ဘောတိ၊ ဘယ်အရပ်က လာသည်မဟုတ် အလိုအလျောက် ပေါ်ပေါက်လာကာ

ဥပါဒ်ဟူ၍ ဖြစ်သည်သာတည်း။ ဒုက္ခံ၊ ရုပ်နာမ်တရား ဖြစ်ပွားသမျှ ဒုက္ခသစ္စာသည်သာလျှင်။ တိဋ္ဌတိ၊ ဘယ်နတ်,ဘယ်ဗြဟ္မာ ဘယ်ဘုရားမှ မပြုပြင်ပဲ ဌီဟူ၍ တည်၏။ ဝေတိစ၊ နေ,လ,ရွှေသွား ထိုနတ်သား ထက် စိတ်နာမ်တရားက ဖြစ်ပျက်မြန်၍ ခဏမကြာ ဘင်ဟူ၍လည်း ပျက်တတ်ပါ၏။ ဒုက္ခာ၊ ချမ်းသာမဖက် သက်သက်သော ရုပ်နာမ် နှစ်ဖြာ ဒုက္ခသစ္စာမှ။ အညတြ၊ ကြဉ်၍။ န သမ္ဘောတိ၊ ငါ,သူတပါး ယောကျ်ား,မိန်းမ လူ, နတ်, ဗြဟ္မာ အပါယ် သတ္တဝါများ လာ၍ ဖြစ်သည်မဟုတ်။ ဒုက္ခာ၊ ဖြစ်လျှင်ပျက်တတ်သောကြောင့် အမြဲမတည် အစိုးမရ ရုပ်နာမ်ဒုက္ခသစ္စာမှ။ အညံ၊ တပါးသော။ သတ္တာ၊ အတ္တ ဇီဝ ဝိညာဏ် လိပ်ပြာကောင်သည်။ န နိရုဇ္ဈတိ၊ ဘုရားရှင်၏ အလို ဓမ္မနိယာမအဆိုကျတော့ ဘယ်တရားမှ ချုပ်ခြင်းမရှိသည်သာတည်း။

သုံးဆယ့်တဘုံမှာ တခြားသောတရား မရှိ၊ ရုပ်နာမ်နှစ်ပါးသာ ရှိ၏၊ ၎င်းရုပ်နာမ်နှစ်ပါးကိုစွဲ၍ လူ,နတ်,ဗြဟ္မာ,သတ္တဝါ,ယောကျ်ား, မိန်းမ ခေါ်ဝေါ် သုံးစွဲနေကြ၏၊ ၎င်းရုပ်နာမ်နှစ်ပါးသည် ဆင်းရဲ ဧကန် အမှန် ဒုက္ခတရားသည်သာတည်း။

၎င်းရုပ်နာမ်တရားသည် ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ပျက်နေ၏၊ ဤရုပ်နာမ်နှစ်ပါးမှကင်း၍ တခြားသောတရားဟူ၍ ဖြစ်ပျက်ခြင်းမရှိ။

ဤရုပ်နာမ်နှစ်ပါးရှိသမျှကာလပတ်လုံး ချမ်းသာဟူ၍မရှိ၊ သုံးဆယ့် တဘုံမှာ ဇာတိဒုက္ခစသည်ဖြင့်သာ လည်နေကြရ၏၊ သို့သော်လည်း ပုထုဇဉ်တို့သည် အဝိဇ္ဇာကဖုံး တဏှာကတပ်မက်မော၍ သုံးဆယ့်တဘုံမှ မလွတ်နိုင်ကြပေ၊ ကိုယ့်ဒုက္ခကိုလည်း ကိုယ်မမြင်ကြ၊ စဉ်းစားကြရန် သင့်လှပေ၏။

၎င်းခေတ်လေးပါးသည် မဟာဘုတ် မည်၏၊ ထိုတွင် ပကတိသော မြေသည် တော,တောင်,သစ်ပင်,ချုံနွယ်စသည်တို့၏ တည်ရာအဖြစ်ဖြင့် ထင်ရှားသကဲ့သို့ မိမိနှင့်အတူဖြစ်သော အာပေါစသောရုပ်တရားတို့၏ တည်ရာဖြစ်၍ ပထဝီဓာတ် မည်၏။

တခြားသော အာပေါခါတ် စသည်တို့ကား မိမိမှ တ ပါး သော ရုပ်တရားတို့၏တည်ရာအဖြစ်ဖြင့် ဉာဏ်၌ မထင်ပေ၊ ထို့ကြောင့် ပထဝီ ဓာတ် မည်၏၊ တခြားသောအာပေါစသည်တို့သည် ပထဝီဓာတ် မမည်။

ဤပထဝီဓာတ်သည် ကြမ်းတမ်းခိုင်မာခြင်း ကက္ခဠလက္ခဏာ ရှိ၏၊ တခြားသောနှစ်ဆယ့်ခုနစ်ပါးသောရုပ်တရားတို့၏တည်ရာကိစ္စ ပတိဋ္ဌာန ရသ ရှိသည်၊ တခြားသောရုပ်တရားတို့ကို ခံခြင်းအဖြစ်ဖြင့် ရှေ့ ရှု ထင် ခြင်းသမ္ပဋိစ္ဆနပစ္စုပ္ပဋ္ဌာန် ရှိသည်၊ ထိုပထဝီဓာတ်၏ ကံ, စိတ် စ သော များစွာသောဖြစ်ကြောင်းတို့တွင် မိမိနှင့်တကွဖြစ်သော ကျန်မဟာဘုတ် သုံးပါးလျှင် နီးစွာသောအကြောင်း သေသဓာတုတ္တယပဒဋ္ဌာန် ရှိ၏။

ဤရုပ်သည် ပထဝီသာ မမည်မူ၍ ပထဝီဓာတ် အဘယ်ကြောင့် မည်လေသနည်းဟူမူကား ဤ ပ ထ ဝီ ဓာတ် တို့ သည် တိတ္ထိတို့ကြံဆ အပ်သော သတ္တ အတ္တ ဇီဝ ဝိညာဏ် လိပ်ပြာကောင်သဘောအားဖြင့် ထင်ရှား မရှိသည် မဟုတ်၊ မိမိ၏ ကြမ်းတမ်းခြင်းသဘော စသည်ကို ဆောင်ခြင်းကြောင့်လည်းကောင်း၊ များစွာသောသံသရာဝဋ်ဆင်းရဲကို ဆောင်တတ်သောကြောင့်လည်းကောင်း၊ ဝန်ထမ်းတို့ ဝန်ကို ဆောင် သကဲ့သို့ သတ္တဝါတို့သည် ရွက်ဆောင်အပ်သောကြောင့်လည်းကောင်း, တစုံတယောက်သောသူတို့၏အလိုသို့ မလိုက်တတ်၊ ဆင်းရဲခြင်းကိုစီရင် ခြင်းမျှသာဖြစ်သောကြောင့်လည်းကောင်း သတ္တ ဝါ တို့ ၏ အထူးထူး အပြားပြား သံသရာဆင်းရဲကို စီ ရင် ကြောင်း စီရင်ထားရာ ဖြစ်သော ကြောင့် ပထဝီဓာတ် မည်သည်။

မိမိတို့နှင့်အတူတကွဖြစ်သော နှစ်ဆယ့်ခုနစ်ပါးသောရုပ်တို့၌ ပြန့်နှံ့ ခြင်း,ပွားစေခြင်းသည် အာပေါဓာတ် မည်၏၊ ထိုအာပေါဓာတ်သည် ယိုစီးခြင်း ပဂ္ဃရဏလက္ခဏာ ရှိသည်၊ ပွားစေခြင်းကိစ္စဟူသော ဗြူဟန ရသ ရှိသည်၊ ပေါင်းစုတတ်သည်ဟူ၍ ယောဂီတို့ဉာဏ်၌ ရှေ့ရှုထင်ခြင်း သင်္ဂဟပစ္စုပ္ပဋ္ဌာန် ရှိသည်၊ ကြွင်းသော မဟာဘုတ်သုံးပါးလျှင် နီးစွာ သောအကြောင်း သေသဓာတုတ္တယပဒဋ္ဌာန် ရှိသည်။

ဆွေးမြေ့ရင့်ကျက်စေခြင်းသည် တေဇောဓာတ် မည်၏၊ ထိုတေဇောဓာတ်သည် ပူသည်၏အဖြစ်လျှင် ဥဏှတ္တလက္ခဏာ ရှိသည်၊ ရင့်ကျက်စေခြင်းကိစ္စ ပရိပါစနရသ ရှိသည်၊ နူးညံ့ပျော့ပျောင်းခြင်းကို ဖြစ်စေတတ်၏ဟူ၍ ယောဂီ၏ဉာဏ်၌ထင်ခြင်း မဒ္ဒဝါနုပ္ပါဒနပစ္စုပ္ပဋ္ဌာန် ရှိသည်၊ ကျန်မဟာဘုတ်သုံးပါးလျှင် နီးစွာသောအကြောင်း သေသဓာတုတ္တယပဒဋ္ဌာန် ရှိသည်။

ကျန်မဟာဘုတ်သုံးပါးကို ကလာပ်တပါးတည်း၌ တည်စေသောရုပ်သည် ဝါယောဓာတ်မည်၏၊ လေဖြင့်ပြည့်သောကြာရိုးသားရေအိတ်မွေ့ရာစသည်တို့ကဲ့သို့ ထောက်ပံ့ခြင်းဝိတ္ထမ္ဘနလက္ခဏာ ရှိ၏၊ လှုပ်ရှားပွားစေခြင်းကိစ္စဟူသော သမုဒီရဏရသ ရှိ၏၊ ရွေ့ရှူဆောင်တတ်သောတရားဟူ၍ ယောဂီတို့၏ဉာဏ်အား ထင်ခြင်း အဘိနီဟာရပစ္စုပ္ပဋ္ဌာန် ရှိ၏၊ ကျန်သောဘုတ်ရုပ်သုံးခုလျှင် နီးစွာသောအကြောင်း သေသဓာတုတ္တယပဒဋ္ဌာန် ရှိသည်။

ဤသို့ ဓာတ်လေးပါးစသည်တို့ကို မိမိရေ နေရာတကျသိအောင်ကောင်းစွာဆင်ခြင်ကြံစည်အပ်၏၊ သုတမယဉာဏ်ဖြစ်မှ စိန္တာမယဉာဏ်ဖြစ်သည်၊ စိန္တာမယဉာဏ်ဖြစ်မှ ပဋိဝေဓဉာဏ် ဖြစ်သည်၊ ပဋိဝေဓဉာဏ်ဖြစ်မှ ယထာဘူတဉာဏ် ဖြစ်သည်၊ ယထာဘူတဉာဏ်ဖြစ်မှ ဒိဋ္ဌိဇုကမ္မ ဖြစ်သည်၊ ဒိဋ္ဌိဇုကမ္မဖြစ်မှ ဒါန,သီလ,ဘာဝနာတရားသုံးပါးဖြစ်သည်ဟု မှတ်အပ်၏။

၎င်းဓာတ်ကြီးလေးပါးတို့တွင် ပထဝီ,တေဇော,ဝါယောဓာတ်ကြီးသုံးပါးတို့၌ သုခသမ္ဖဿဝေါ် ချမ်းသာသောအတွေ့, ဒုက္ခသမ္ဖဿဝေါ် ဆင်းရဲသောအတွေ့ဟူ၍ နှစ်ပါးစီ ရှိသည်။

နူး ညံ့ သော လက် ရှိ သော သူငယ်များ ခြေကိုဆုပ်နယ်သောအခါစသည်တို့၌ သုခသမ္ဖဿ ပထဝီဓာတ်၊ ဆောင်းတွင်း မီးလှုံသောအခါစသည်တို့၌ သုခသမ္ဖဿ တေဇောဓာတ်၊ နွေရာသီပူအိုက်သောအခါ၌ ယပ်လေခပ်ခြင်းစသည်တို့၌ သုခသမ္ဖဿဝါယောဓာတ် မည်၏။

ကြမ်းသောလက်ရှိသော သူငယ်များ ခြေကို ဆုပ်နယ်သောအခါ စသည်တို့၌ ဒုက္ခသမ္ဖဿပထဝီဓာတ်၊ နွေရာသီမီးဖိုနားသို့ ကပ်သောအခါ စသည်တို့၌ ဒုက္ခသမ္ဖဿ တေဇောဓာတ်၊ ဆောင်းတွင်းယပ်လေခပ်သော အခါ စသည်တို့၌ ဒုက္ခသမ္ဖဿဝါယောဓာတ် ဖြစ်သည်။

အာပေါဓာတ်ကိုကား သိမ်မွေ့သည်၏ အဖြစ်ကြောင့် တွေ့ထိခြင်း ငှါ မတတ်ကောင်းပေ။

အာပေါဓာတုယာ သုခုမဘာဝေန ဖုသိတုံ အသက္ကုဏေယျတ္တာ။
(ဋီကာကျော် ရုပ်ပိုင်း)။

အာပေါဓာတုယာ၊ အာပေါဓာတ်၏။ သုခုမဘာဝေန၊ သိမ်မွေ့သည် ၏ အဖြစ်ကြောင့်။ ဖုသိတုံ၊ တွေ့ထိခြင်းငှါ။ အသက္ကုဏေယျတ္တာ၊ မတတ် ကောင်းသည်၏ အဖြစ်ကြောင့်တည်း။

ပထဝီဓာတ်စသော ရုပ်တို့သည် ကံ စိတ် ဥတု အာဟာရလေးပါးတို့ ကြောင့် ဖြစ်ကုန်၏၊ ထိုလေးပါးတို့တွင်-

ဣစ္စေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ၊ ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ၊ ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ၊ ဩဇာ ဖရဏမုပါဒါယ အာဟာရသမုဋ္ဌာနာစေတိ စတုသမုဋ္ဌာနရူပက လာပသန္တတိ ကာမလောကေ ဒီပဇာလာဝိယ နဒီသောတော ဝိယစ ယာဝတာယုက မဗ္ဘောစ္ဆိန္နံ ပဝတ္တတိ။
(အဘိဓမ္မတ္ထသင်္ဂဟရုပ်ပိုင်း)။

ဣစ္စေဝံ ဣတိဧဝံ ယထာဝုတ္တနယေန၊ အကြင် အကြင် ဆိုအပ်ခဲ့ပြီး သောနည်းဖြင့်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို။ ဥပါဒါယ၊ အစပြု ၍။ ကမ္မသမုဋ္ဌာနာ၊ ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဒုတိယစိတ္တံ၊ ပထမဘဝင်ကို။ ဥပါဒါယ၊ အစပြု၍။ စိတ္တသမု ဋ္ဌာနာ၊ စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဌိတိကာလံ၊ ပဋိသန္ဓေစိတ်၏ ဌီကာလကို။ ဥပါဒါယ၊ အစပြု၍။ ဥတု

သမုဋ္ဌာန၊ ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဩဇာဖရဏံ၊ ဩဇာ၏ နှံ့ရာကာလကို။ ဥပါဒါယ၊ အစပြု၍။ အာဟာရ သမုဋ္ဌာန၊ အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧတံ၊ ဤသို့။ စတုသမုဋ္ဌာနရူပကလာပသန္တတိ၊ လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်သော ရုပ်ကလာပ်တို့၏ အစဉ်သည်။ ကာမလောကေ၊ ကာမဘုံ၌။ ဒီပဇာလာဝိယစ၊ ဆီမီးလျှံကဲ့သို့ လည်းကောင်း။ နဒီသောတောဝိယစ၊ မြစ်ရေလျှံကဲ့သို့လည်းကောင်း။ ယာဝတာယုကံ၊ အသက်ရှည်သမျှကာလပတ်လုံး။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်။ ပဝတ္တတိ၊ ဖြစ်သည်သာတည်း။

ရုပ် နှစ်ဆယ့်ရှစ်ပါးတို့တွင် ရုပ်ဇီဝိတသည် မိမိလည်း လက္ခဏရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်နှင့်အညီ အလုပ်ကိုလုပ်သည်၊ တခြားသော ပထဝီ ဓာတ်စသည်ကိုလည်း လက္ခဏ ရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်နှင့်အညီ အလုပ် လုပ်ရန် စောင့်ရှောက်ထားသည်။

နည်းတူ နာမ်ဇီဝိတက ဖဿဝေဒနာ စသော နာမ်တရားတို့ကိုစောင့် ရှောက်ထားသည်။

ခလေးထိန်း၊ ကြာရိုးထဲ၌ရှိသော ရေ၊ ကူးတို့သူကြီးနှင့်တူသည်၊ ၎င်း နှစ်ပါးကို အသက်ခေါ်သည်။

အစာအာဟာရကင်း၍ ဆာလောင်သူအား မိမိ၏တံတွေးကိုမျို၍ချ ရာ၌လည်း အာဟာရကြောင့်ဖြစ်သော ရုပ် ဖြစ်သင့်သလောက် ဖြစ်နိုင် သည့်နည်းတူ အင်ဂျက်ရှင်းဆေး ထိုးရာ၌လည်း အာဟာရကြောင့် ဖြစ် သောရုပ် ဖြစ်သင့်သလောက် ဖြစ်သည်။

ဤရုပ်တရားတို့သည် ညနေချမ်းအခါ တောင်ရိပ် သစ်ပင်ရိပ်တို့သည် တစပ်တည်း စပ်သကဲ့သို့ ဖြစ်ကုန်၏၊ ထိုသို့ဖြစ်သော်လည်း သစ်ရွက် သစ် ခက်တို့သည် အချင်းချင်း မရောယှက်ကုန်သကဲ့သို့ ဤနည်းအတူ ဤရုပ် တရားတို့သည်လည်း မရောယှက်ကုန်သည်သာတည်း။

ဤခန္ဓာကိုယ်ကို နေ့စဉ် အစာအာဟာရ သွင်းပေးရသည်၊ ဝမ်းထဲမှာ အစာမရှိက ဝမ်းထဲ၌ရှိသော ကံကြောင့်ဖြစ်သော တေဇောဓာတ်သည် ဝမ်းရေအပြင်ကို ထိခိုက်၏၊ ၎င်းကို ထမင်းဆာသည်ဟု ခေါ်၏၊ အစာအာဟာရ ဝမ်းထဲသို့ရောက်သောအခါ၌ကား ၎င်းကမ္မဇတေဇောဓာတ်သည် ပကတိနေမြဲတိုင်း နေ၏၊ ထိုအခါ သတ္တဝါတည်ငြိမ်၏။

ဤသို့ ခန္ဓာကိုယ်ကြီးအတွက် နေ့စဉ်စားသောက်ဖို့ အာဟာရ၊တလစာအတွက် အာဟာရ၊ တနှစ်စာအတွက် အာဟာရ၊ အသက်ခုနစ်ဆယ်ရှစ်ဆယ်အတွက် အာဟာရ၊ တယောက်အတွက် အာဟာရ နှစ်ယောက်အတွက် အာဟာရ၊ တရွာသားအတွက် အာဟာရ၊တမြို့အတွက်အာဟာရ၊ တတိုင်းပြည်အတွက် အာဟာရ၊တကမ္ဘာလုံးအတွက် အာဟာရအလို့ငှါ ထင်း မီး ရေရှာမှီး သိမ်းဆည်းရခြင်းဒုက္ခ, အစားမှား၍သေရခြင်းဒုက္ခကား– ရထား, လေယာဉ် စသည်ဖြင့် သွားရခြင်း သေရခြင်းဒုက္ခတို့ကို ရှုအပ်၏။

ဤခန္ဓာကိုယ်သည် ပိုးမျိုးရှစ်ဆယ်တို့၏ စားသောက်နေထိုင်ရာအိမ်၊ ကျင်ကြီးကျင်ငယ်စွန့်ရာ အိမ်သာ၊ သားဖွားရာ အိမ်၊ သေရာ သုသာန်နှင့် တူပေ၏။

ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာတို့၏ အစုအဝေး ဖြစ်၏။

ပိတ္တံ သေမှ၊ ဝါတသန္နိပါတ်၊မှတ်လေတစု၊ ဥတုဝိသမ၊ ဩပက္ကကမ္မာ၊ ဤရှစ်ဖြာကြောင့်၊ ရောဂါဥပဒ်၊ ဖြစ်တို့တတ်သည်၊ ကျမ်းမြတ်တော်ပြ၊ သံယုတ်က–

ဟူသည်နှင့်အညီ ရောဂါဝေဒနာ ဖြစ်ခြင်းသည် လေ သည်းခြေ သလိပ်တို့ စုဝေးခြင်း၊ ဥတု ကိုယ် မငြိမ်မသက်ခြင်း လုံ့လကံကြောင့် ဖြစ်ကုန်၏။

ထိုရှစ်ပါးတို့တွင် ရှေးခုနစ်ပါးကိုကား ဆေးကုခြင်း ပရိတ်နာခြင်း စသည်ကြောင့် ပျောက်တတ်၏၊ ကံကြောင့် ဖြစ်သော ရောဂါကိုကား ကုစား၍ မရကောင်းပေ။

လူ တိရစ္ဆာန်စသော သတ္တလောက၊ ရုပ်နာမ်တည်းဟူသော သင်္ခါရလောက၊ တောတောင်ရေမြေ စသော ဩကာသလောကတည်းဟူသော ရုပ်နာမ်သည်လည်း ပျက်တတ်၍ လေ-ကမည်၏။

ပထဝီဓာတ်သည် အာပေါဓာတ်ကို မထိမူ၍ တည်ရာဖြစ်၏၊တေဇောဓာတ်ဝါယောဓာတ်တို့ကားထိ၍တည်ရာဖြစ်၏၊အာပေါဓာတ်သည်ကား ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့ကို မထိမူ၍ဖွဲ့၏၊ အကယ်၍ အာပေါဓာတ်သည် ထိ၍ ဖွဲ့ငြားအံ့၊ အာပေါဓာတ်သည် ဖောဋ္ဌဗ္ဗာယတနဖြစ်ခဲ့ရာ၏၊ တေဇောဓာတ် ဝါယောဓာတ်တို့ကိုလည်း နည်းတူသိအပ်၏။

တေဇောဓာတ်သည် ပထဝီဓာတ်ကို ထိ၍ ပူစေ၏၊ သို့သော်လည်း ပထဝီဓာတ်ကား မပူ၊ ပူသော် ကက္ခဠလက္ခဏာမဟုတ်၊ ဥဏှလက္ခဏာရှိသည်ဖြစ်သွားလိမ့်မည်၊ အာပေါဓာတ်ကို မထိမူ၍ ပူစေ၏၊ သို့သော်လည်း အာပေါဓာတ်က မပူ၊ ပူက ဥဏှလက္ခဏာ ဖြစ်သွားလိမ့်မည်။

ဝါယောဓာတ်ကို ထိ၍ ပူစေ၏၊ သို့သော်လည်း ဝါယောဓာတ်က မပူ၊ ပူက ဥဏှလက္ခဏာ ဖြစ်သွားလိမ့်မည်။

ဝါယောဓာတ်သည် ပထဝီဓာတ်ကို ထိ၍ ခိုင်စေ၏၊ တေဇောဓာတ်ကို ထိ၍ ခိုင်စေ၏၊ အာပေါဓာတ်ကို မထိမူ၍ ခိုင်စေ၏။

ကြံရည်ကိုတင်လဲချက်၍ခဲသော်လည်း အာပေါကဓာတ်ကမခဲ၊ခဲသော် ပဂ္ဃရဏလက္ခဏာ ယိုစီးခြင်းလက္ခဏာ မရှိပဲ ကက္ခဠလက္ခဏာရှိသည် ဖြစ်သွားလိမ့်မည်၊ အရည်၏အဖြစ်ကိုကား စွန့်၏၊ လက္ခဏာကို မစွန့်ပေ၊ တင်လဲခဲ ကြေသည်ရှိသော် ပထဝီဓာတ်ကား မကြေ၊ အဖြစ်သာဖောက်ပြန်သည်၊ လက္ခဏာကား မဖောက်ပြန်၊ ပထဝီဓာတ်ဆေးမှုံကို အာပေါဓာတ်ရေနှင့် ဖျော်တိုက်၊ ပထဝီဓာတ် အာပေါဓာတ်ဖြစ်မသွားပေ၊ ဖြစ်သွားက ဆရာ၏ မျှော်လင့်ချက်သို့ မရောက်မူ၍ ရောဂါပျောက်မည်မဟုတ်၊ရွှေတခုတည်းမှ လက်ကောက် ဆွဲကြိုးနားဒေါင်း စသည်ပြောင်းလဲသည်နှင့်လည်း တူပေ၏။

ထို့ကြောင့် ဘုရားရှင်သည် ချစ်သား အာနန္ဒာ-ခေတ်ကြီးလေးပါးသည် အဖြစ်အားဖြင့် ဖေါက်ပြန်သည်၊ ဘုရားရှင်ကို ကြည်ညိုသော အရိယာသာဝကအား မဖေါက်ပြန်ဟု ဟောတော်မူ၏။

ဘိက္ခုနီမတယောက်သည်ပန်းချီဆေးရေးရုပ်ကိုရှုရာ ရာဂမီးတောက်၍ သေသည်၊ မနောပဒေါသိကနတ်သည် အမျက်ထွက်၍ သေသည်၊ ခိဍ္ဍာပဒေါသိနတ်သည် ပျော်ပါးခြင်း မေ့ာဟလွန်ကျူး၍ သေသည်၊ ဝမ်းမြောက်သောသူ၏ စိတ်သည် နီမြန်းသောအဆင်းရှိသည်၊ ပဒေါင်သီးအမှည့်နှင့် တူသည်၊ အမျက်ထွက်သော သူ၏ စိတ်သည် မည်းသောအဆင်းရှိသည်၊ သပြေသီးမှည့်နှင့် တူသည်၊ဥပေက္ခာစိတ်သည်ကြည်လင်သည်၊ နှမ်းဆီနှင့်တူသည်၊ အစာကြေသောအခါ၌ ကျင်ကြီးကျင်ငယ်ကို မစွန့်သောသူအား ချွေးထွက်သည်၊ မျက်စိ လည်သည်၊ စိတ်မငြိမ်ရောဂါဖြစ်တတ်သည်၊ စွန့်သောသူအား ထိုတရားတို့မဖြစ်၊ ဤသို့ စသည်ဖြင့်ဖြစ်ရာ၌လည်း ခေတ်တရားများ မရောနှော၊ လက္ခဏာစသည် မပြောင်းသည်ကို သိအပ်၏။

ဤခန္ဓာကိုယ်သည် ပိုးမျိုးရှစ်ဆယ်တို့ဖြင့် ပြွမ်း၏၊ ထိုကြောင့် ဘုရားရှင်သည် အဇ္ဈေဝ ကိစ္စ မာတပ္ပံ–စသည်ဖြင့် ဥပရိပဏ္ဏာသပါဠိတော် ဘဒ္ဒေကရသုတ်၌ ဟောတော်မူ၏၊ မဟာသေနေန–ကို တေမိဇာတ်အဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ပြ၏။

မဟာသေနေနာတိ ပဉ္စဝီသတိ ဘယ ဒွတ္တိံသ ကမ္မ ကရဏ
အဋ္ဌ နဝုတိ ရောဂါ ပမုခါဒိ ဝသေန ပုထုသေနေန။

မဟာသေနေနာတိ၊ မဟာသေနေနဟူသည်ကား။ ပဉ္စဝီသတိဘယ ဒွတ္တိံသကမ္မကရဏ အဋ္ဌနဝုတိရောဂါပမုခါဒိဝသေန၊ နှစ်ဆယ့် ငါးပါးသောဘေး သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ ကိုးဆယ့်ရှစ်ပါးသော ရောဂါစသည်တို့၏ အစွမ်းဖြင့်ဖြစ်သော။ ပုထုသေနေန၊များသောစစ်သည်ရှိသော။

ထို့ကြောင့် အဝတ်အစား စသည် သုံးဆောင်သော အခါ၌လည်း အဝတ်အစား စသည်ကလည်း ဓာတ်တရား၊ သုံးဆောင်သူကလည်း ဓာတ်တရား၊ ထမင်း ဟင်း အင်္ကျီ လုံချီ ယောက်ကျား မိန်းမတို့ကား ပညတ်သာ၊ အထင်အရှားမရှိ၊ဓာတ်တရားကို ဓာတ်တရားက သုံးဆောင်သည်ဟု မှတ်။

ငါကား ပထဝီဓာတ်၊ ငါကား အာပေါဓာတ်၊ ငါကား တေဇောဓာတ်၊ ငါကား ဝါယောဓာတ်-ဟူ၍ မိမိကိုလည်း မသိ၊ တပါးသည် တပါးကိုလည်း သူကား ပထဝီဓာတ်,သူကား အာပေါဓာတ် စသည်ဖြင့်လည်း မသိပေ။

ထိုရုပ်နာမ်ခန္ဓာငါးပါးတို့ကို လက္ခဏာ ရေး သုံး ပါး သို့ တင် ၍ သုံးသပ်အပ်၏၊ အနတ္တဟူရှုက သုညတာနုပဿနာ၊ အ နိစ္စ ဟု ရှု က အနိမိတ္တာနုပဿနာ၊ ဒုက္ခဟူရှုက အပ္ပဏိဟိတာနုပဿနာ ဖြစ်၏။

> တတ္ထ အနတ္တာနုပဿနာ အတ္တာဘိနိဝေသံ မုဉ္စန္တီ သုညတာနုပဿနာနာမ ဝိမောက္ခမုခံ ဟောတိ၊ အနိစ္စာနုပဿနာ ဝိပလ္လာသနိမိတ္တံ မုဉ္စန္တီ အနိမိတ္တာနုပဿနာနာမ ဝိမောက္ခမုခံ ဟောတိ၊ ဒုက္ခာနုပဿနာ တဏှာပဏိဓိံ မုဉ္စန္တီ အပ္ပဏိဟိတာနုပဿနာနာမ ဝိမောက္ခမုခံ ဟောတိ။
>
> (သင်္ဂဟပါဠိ)

တတ္ထ၊ ထိုဝိမောက္ခ၌။ အနတ္တာနုပဿနာ၊ အနတ္တဟုအဖန်တလဲလဲရှုခြင်းသည်။ အတ္တာဘိနိဝေသံ၊ အတ္တဟုနှလုံးသွင်းခြင်းကို။ မုဉ္စန္တီ၊ စွန့်ပစ်သည်ဖြစ်၍။ သုညတာနုပဿနာနာမ၊ သုညတာနုပဿနာအမည်ရှိသော။ ဝိမောက္ခမုခံ၊ မဂ်၏အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ အနိစ္စာနုပဿနာ၊ အနိစ္စဟုအဖန်တလဲလဲရှုခြင်းသည်။ ဝိပလ္လာသနိမိတ္တံ၊ မြဲ၏ဟူသောယူခြင်းကို။ မုဉ္စန္တီ၊ စွန့်သည်ဖြစ်၍။ အနိမိတ္တာနုပဿနာနာမ၊ အနိမိတ္တာနုပဿနာမည်သော။ ဝိမောက္ခမုခံ၊ မဂ်၏အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒုက္ခာနုပဿနာ၊ ဒုက္ခဟုအဖန်တလဲလဲရှုခြင်း

သည်။ တဏှာပဏိဓိ၊ တဏှာဟူသောတောင့်တခြင်းကို။ မုဥ္စိတွာ၊ စွန့်သည်ဖြစ်၍။ အပ္ပဏိဟိတာနုပဿနာနာမ၊ အပ္ပဏိဟိတာနုပဿနာမည်သော။ ဝိမောက္ခမုခံ၊ မဂ်၏အကြောင်းသည်။ ဟောတိ၊ ဖြစ်သည်သာတည်း။

## မုဒိတမထေရ်

ဤမထေရ်သည် ရှေးရှေးဘုရားရှင်တို့၌ ဆုတောင်းပါရမီရှိဖူးသည်၊ ထိုထိုသို့သောဘဝတို့၌ ကုသိုလ်ပြုဖူးသည်၊ ဝိပဿီဘုရားရှင်လက်ထက် အမျိုးကောင်းသားဖြစ်၍ ဘုရားရှင်အားကြည်ညိုသဖြင့် ညောင်စောင်းတခုလှူသည်၊ ထိုကုသိုလ်ကြောင့် လူ့ပြည်, နတ်ပြည်၌ကျင်လည်ရ၍ ဂေါတမဘုရားရှင်လက်ထက် ကောသလတိုင်း သူကြွယ်မျိုးမှာဖြစ်၍ မုဒိတ မည်၏။

ထိုအခါ၌ ထိုအမျိုးကို မင်းသည် တစုံတခုကြောင့် မင်းဒဏ်သင့်စေ၏၊ မုဒိတသည် ကြောက်၍ထွက်ပြေးစဉ် တောဝ၌ရဟန္တာတပါးနေရာသို့ ရောက်သွား၏၊ ရဟန္တာက မကြောက်ပါလင့် ခုနစ်လ,ရှစ်လဆိုလျှင် ဤအမှုအေးမှာပဲဟု မိန့်တော်မူ၏။

မုဒိတာသည် ကြောက်လွန်းအားကြီး၍ ရှင်ရဟန်းပြုရန် တောင်းပန်သဖြင့် ရှင်ရဟန်းပြုကာ သာသနာ၌ကြည်ညို၍ မင်းဘေး မင်းဒဏ်ငြိမ်းအေးသော်လည်း ရဟန္တာ မဖြစ်မချင်း နေရာအခန်းမှ ပြင်သို့မထွက်ဟု ပဋိညာဉ်ပေး၍ ဝိပဿနာအားထုတ်ရာ ရဟန္တာ ဖြစ်သည်၊ နောက်–သူများအား အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

### မုဒိတထေရ် ဟောတော်မူသောဂါထာ

တဿ မေဝံ ဝိဟရတော၊ ပဿ ဝီရိယပရက္ကမံ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

(ထေရဂါထာပါဠိတော်–၂၇၄)

ဧဝံ၊ ဤသို့။ ဝိဟရတော၊ ရဟန္တာ မဖြစ်လျှင် အခန်းထဲမှ ငါ မထွက်ဟု ပဋိညာဉ်ပြု၍ တရားအားထုတ်နေသော။ တဿ၊ ထိုငါ မှဒိတထေရ်အား။ ဝီရိယပရက္ကမံ၊ အရိုး ကြေ ကြေ အရေခန်းခန်း တကယ်တန်းဖြင့် လုံ့လ ကြိုး ကုတ် အားထုတ်သောဝီရိယတရားကို။ ပဿ၊ ရန်သူမျိုးငါးပါး ကင်းဝေးရာအမှန် မြတ်နိဗ္ဗာန်ကို အလိုရှိကြ ကုန်သော ပုဂ္ဂိုလ်များသည် ပမာတန္တု နမူနာပြု၍ ရှုပါလေလော့။ တိဿော၊ ရေတွက်ပိုင်းခြား သုံးပါးကုန်သော။ ဝိဇ္ဇာ၊ ရှေးဘဝက ဖြစ် ဖူး သည် ကို သိ တတ် သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်, လောဘစသော အာသဝတရားတို့၏ကုန်ရာကုန်ကြောင်းကိုသိတတ်သော အာသဝက္ခယအဘိညာဉ်,နတ်တို့၏မျက်စိကဲ့သို့ မြင်စွမ်းနိုင်သောဒိဗ္ဗစက္ခု အဘိညာဉ်တို့ကို။ အနုပ္ပတ္တာ၊ နောက်တခါ သံသရာသို့ပြန်မလာသော အားဖြင့် ရောက်ရလေပြီ။ ဗုဒ္ဓဿ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာသနံ၊ ဆုံးမပေရာ ပရိယတ်,ပဋိပတ်,ပဋိဝေဓသောသနာကို။ ကတံ၊ သံသရာဒုက္ခကိုလည်းကြောက် ဘုရားရှင်စကားတော်ကိုလည်းထောက် ဆ၍ လိုက်နာကျင့်သုံးအပ်ပြီးသည်သာတည်း။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စတုဓာတုဝဝတ္ထာန် ပိုင်းကိုရှု)

## (၁) နဝသိဝထိကအကြောင်း သိကောင်းစရာ

ဤခန္ဓာကိုယ်သည် တွယ်တာစရာတပ်မက်စရာ မရှိ၊ အရိုး,အသား, အကြောတို့ဖြင့် တည်ဆောက်ထား၏၊ ၎င်းစက်ဆုပ်ဖွယ်ကို သူ,ငါကစ သက္ကာယ မကင်းကြသောသူတို့သည် တပ်မက်မောနေကြ၏။

ငါးဖမ်းယောကျ်ားသည် မြွေကို ငါးကြီးထင်၍ တင်းတင်းကိုင်ဆုပ် ထားသကဲ့သို့လည်းကောင်း၊ ရွှေလိမ်ခံရသောသူသည် ကြေး ထုပ် ကို ရွှေစစ်ထင်၍ ဆောင်ထားသကဲ့သို့လည်းကောင်း၊ အပြင်ကဝင်းဝါဝါ အတွင်းကပိုးအတိပြီးသော ကျီးအာသီးကို စားစရာထင်မှတ်နေသကဲ့သို့ လည်းကောင်း၊ အတွင်းကနောက်ချေးခံ အပြင်ကရွှေစက္ကူကပ်ထား

သော ပြာသာဒ်တလားကဲ့သို့လည်းကောင်း၊ ဘီလူး မ က လူယောင်ဖန်ဆင်းနေသကဲ့သို့လည်းကောင်း ကြောက်မက်ဖွယ်ကောင်းလှပါ၏။

ဖြစ်တတ်သောတရားဟူသမျှ ဘေးဒုက္ခ၊ မဖြစ်တတ်သောတရားမရှိခြင်းဟူသမျှသည် သုခဟူ၍မှတ်အပ်၏။

ဤရုပ်နာမ်တရားတို့သည်ကား အ ဆိပ် မျိုး စေ့ ကို စိုက် သ ကဲ့ သို့လည်းကောင်း၊ ခွေးတောက်, တမာစသော ခါး သော မျိုး စေ့ ကို စိုက်သကဲ့သို့လည်းကောင်း ကြီးပွားလာသော ၎င်းအသီးအပွင့်တို့ကဲ့သို့ မကောင်းသော သ ဘော တ ရား အ ကျိုး များ သာ ပေါ် ထွက် လာ ပေမည်။

ရော ဂါ ဟူ က ဒုက္ခသာဖြစ်သကဲ့သို့ ရုပ် နာမ် ဖြစ် လာ က ဒုက္ခသာတည်း။

ဤခန္ဓာကိုယ်ကြီးသည် မိ ဘ တို့ ၏ သုက် သွေး တည်း၊ အမိဝမ်း၌ဖြစ်သော သတ္တဝါတို့၏ကိုယ်၌ ကံကြောင့်ဖြစ်သောရုပ် စိတ်ကြောင့်ဖြစ်သောရုပ်တို့ကား နည်း နည်း ပါး ပါး ပါ ရှိ သာ၊ ဥတုကြောင့်ဖြစ်သောရုပ် အာဟာရကြောင့်ဖြစ်သောရုပ် များလှ၏၊ နွား နို့ နှင့် ဒိန်ခဲ ကြံရည်နှင့် ထန်းလျက် ထမင်းနှင့် မစင်ကဲ့သို့ တူလှပေ၏။

သံသရာမပြတ်သမျှ ဤရုပ်ကြီးသည် လူတယောက်၏ တအိမ်မှတအိမ် တရွာမှတရွာ ထွက် ဝင် သွား လာ သ ကဲ့ သို့ ဘဝမပြတ်သမျှ ထပ်ခါထပ်ခါ ဖြစ်ရပြန်သည်၊ ဖြစ်သမျှလည်း ဒုက္ခချည်းသာ။

ပေါ့ပေါ့ဆဆမနေပဲနှင့် ဉာဏ်နှင့် မြင်အောင် ရှုပါ၊ ဉာဏ်ပညာမထက်သန်စဉ်၌ကား မိုးရွာရေပွက်များဖြစ်ပျက်ခြင်း၊ လျှပ်စစ်များဖြစ်ပျက်ခြင်းကို ထင်မြင်နိုင်သည်၊ ဉာဏ်ပညာထက်သန်လာလျှင်ကား ဆောက်သွားပေါ်မှုန်ညင်းစေ့ကိုတင်ပြီး လိမ့်ကျသလောက်မြန်အောင် ထင်မြင်နိုင်၏၊ ထို့ထက်ဉာဏ်ပညာထက်မြက်ပါမူကား ရုပ်နာမ်တို့၏ ဥပါဒ်,ဌီ,ဘင် ဖြစ်ပျက်ခဏကို မြင်လာပါလိမ့်မည်။

ကာ ယ ဂ တာ သ တိ ကို ပွားသောယောဂီပုဂ္ဂိုလ်အား ပညာနှင့် စပ်သောတရားဟူသမျှ အကျုံးဝင်ကုန်သည်ဖြစ်၏၊ မြစ်ကြီး,မြစ်ငယ်, ချောင်း,မြောင်းဟူသမျှသည် မဟာသမုဒ္ဒရာနှင့်စပ်သကဲ့သို့ ဖြစ်၏။

ကာယဂတာသတိကို ကြိမ် ဖန် များ စွာ မ ပွား အပ် သည် ရှိ သော် ကိလေသာမာရ်မင်း၏ အာရုံဖြစ်သည်၊ ကိ လေ သာ မာရ် ဝင် ရောက် ရသည်၊ စိုသောမြေ၌ ကျောက်တုံးကိုချ၍ ဝင်သွားသည်နှင့် တူပေ၏၊ ထင်းခြောက်ကိုမီးမွှေး၍ လွယ်ကူသည်နှင့်လည်း တူ၏၊ ရေ မ ရှိ သော ရေအိုးကြီးကို ရေထည့်၍ ဝင်သွားသည်နှင့်လည်း တူပေ၏၊ ရေပြည့် အိုးကို ရေထည့်၍မရသည်နှင့်လည်း တူ၏။

ကာယဂတာသတိကို ပွားများသောသူသည်သာလျှင် ထူး သော ဉာဏ်ဖြင့်သိအပ်သောတရားတို့၌ စိတ် သည် ညွတ် ၏၊ ရေ အိုး ကြီး ကို ယူလာ၍ ရေသည် ပါလာသည်နှင့် တူ၏၊ ရေပြည့်သောလေးထောင့် ကန်မှ ရေကိုဖောက်ချ၍ ရေထွက်လာသည်နှင့်လည်း တူ၏၊လိမ္မာသော သူသည် ရပ်ကားသောမြင်းလှည်းကိုမောင်းသွားသည်နှင့်လည်း တူ၏။

ကာယဂတာသတိကို ပွားများသောသူသည် အောက် ဖော် ပြ ပါ အကျိုးဆယ်ပါးတို့ကို ရနိုင်၏။

(၁) ကာမဂုဏ်ကို သည်းခံနိုင်၏။
(၂) ကြောက်စိတ် ကင်း၏။
(၃) အချမ်း အပူ စသည်ကို သည်းခံနိုင်၏။
(၄) ဈာန်တရားကို လွယ်လွယ်ကူကူ ဝင်စားနိုင်၏။
(၅) တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်၏။
(၆) ဒိဗ္ဗသောတဉာဏ်ကို ရနိုင်၏။
(၇) ပရစိတ္တဝိဇာနနအဘိညာဏ်ကို ရနိုင်၏။
(၈) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရနိုင်၏။
(၉) ဒိဗ္ဗစက္ခုဉာဏ်ကို ရနိုင်၏။
(၁၀) အာသဝက္ခယဉာဏ်ကို ရနိုင်၏။

ကာယဂတာယ ဘိက္ခဝေ သတိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဣမေ ဒသာနိသံသာ ပါဋိကင်္ခါတိ။

(ဥပရိပဏ္ဏာသပါဠိတော်-၁၄၀)။

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယဂတာယ၊ ကိုယ်နှင့် ပတ်သက်သော။ သတိယာ၊ သတိတရားကို။ အာသေဝိတာယ၊ မှီဝဲအပ်သည်ရှိသော်၊ ဘာဝိတာယ၊ ပွားအပ်သည်ရှိသော်။ ဗဟုလီကတာယ၊ ကြိမ်ဖန်များစွာပွားအပ်သည်ရှိသော်။ ယာနီကတာယ၊ တက်စီးရာယာဉ်ကို ပြုအပ်သည်ရှိသော်။ ဝတ္ထုကတာယ၊ တည်ရာကိုပြုအပ်သည်ရှိသော်။ အနုဋ္ဌိတာယ၊ အဖန်တလဲလဲ ဖြစ်စေအပ်သည်ရှိသော်။ ပရိစိတာယ၊ လေ့လာအပ်သည်ရှိသော်။ သုသမာရဒ္ဓါယ၊ ကောင်းစွာ အားထုတ်အပ်သည်ရှိသော်။ ဣမေဒသာနိသံသာ၊ ဤဆယ်ပါးသော အကျိုးအာနိသင်တို့ကို။ ပါဋိကင်္ခါ၊ မုချမသွေ ရနိုင်ကုန်သည်သာတည်း။

ဘုရားရှင်သည် အကြင် ပုဂ္ဂိုလ်အား သဒ္ဓါ သီလ သုတ စာဂ ပညာ တရားတို့သည် သဒ္ဒေးသူကြွယ် စာတုမဟာရာဇ်စသော နတ်ဘုံ ဗြဟ္မပါရိသဇ္ဇာ စသောဘုံသို့ ရောက်စေတတ်၏၊ ၎င်းတရားတို့ကို မတောင်းတအပ်၊ အာသဝါတရား ကုန်ရာမဂ်ဖိုလ်နိဗ္ဗာန်ကို ရအောင်သာ တောင်းတတော်မူစေသည်။

သော အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အယံ ဘိက္ခဝေ ဘိက္ခု န ကတ္ထစိ ဥပပဇ္ဇတီတိ။

(ဥပရိပဏ္ဏာသပါဠိတော်-၁၄၆)။

သော၊ ထိုရဟန်းသည်။ အာသဝါနံ၊ အာသဝတရားတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝမရှိသော။ စေတောဝိမုတ္တိံ၊ အရဟတ္တဖိုလ်ပညာနှင့် ယှဉ်သော ရာဂမှ လွတ်သော သမာဓိကို။ ပညာ

ဝိမုတ္တိံ၊ အရဟတ္တဖိုလ်ပညာနှင့်ယှဉ်သော အဝိဇ္ဇာမှလွတ်သောပညာကို။ ဒိဋ္ဌေဝဓမ္မေ၊ပစ္စုပ္ပန်ဘဝ၌ပင်လျှင်။သယံ၊ကိုယ်တိုင်။ အဘိညာ၊ ထူးသော ဉာဏ်ဖြင့် သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံဘိက္ခု၊ ဤရဟန်းသည်။ ကပ္ပတ္တိ၊တစုံတခုသောဘဝ၌။န ဥပပဇ္ဇတိ၊ မကပ်ရောက်သည်သာတည်း။

ဤခန္ဓာကိုယ်သည်ကား မဟာဘုတ်လေးပါး အစုအပေါင်းတည်း၊ ၎င်းရုပ်၏ ဖြစ်ပေါ်လာခြင်းသည် ဒုက္ခဖြစ်ပေါ်လာခြင်းတည်း၊ ရောဂါတို့၏ တည်ရာဖြစ်၏၊ ဇရာမရဏ ဖြစ်ပေါ်လာရန် အကြောင်းတို့တည်း၊ ဇာတိစသော မီးများ စုဝေးရာလည်း မည်၏။

ယော ဘိက္ခဝေ ရူပဿ ဥပ္ပါဒေါ ဌိတိ၊ အဘိနိဗ္ဗတ္တိ ပါတုဘာဝေါ ဒုက္ခဿ သော ဥပ္ပါဒေါ ရောဂါနံ ဌိတိ ဇရာမရဏဿ ပါတုဘာဝေါ။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၂၆)။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပဿ၊ ပထဝီ စသော ရုပ်တရား၏။ ယော ဥပ္ပါဒေါ၊ အကြင် ရှေးဦးစွာ ဥပါဒ်ဟူသော ဖြစ်ပေါ်လာခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ထိုသို့ဖြစ်ပေါ်လာခြင်းသည်။ဒုက္ခဿ၊ဇာတိစသော များလှစွာသည့် ဆင်းရဲအပေါင်း၏။ ဥပ္ပါဒေါ၊ ကေန်မုချဖြစ်ပေါ်လာ ခြင်းပေတည်း။ ယာဌိတိ၊ အကြင် တည်ခြင်းသည်။ ယာအဘိနိဗ္ဗတ္တိ၊ အကြင် ဥပါဒ်ဌီအားဖြင့် ပြည့်စုံစွာဖြစ်ပေါ်လာခြင်းသည်။ ယောပါတု ဘာဝေါ၊အကြင် ခဏသုံးပါးပြည့်စုံစွာထင်ရှားဖြစ်ပေါ်လာခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုဖြစ်ပေါ်လာခြင်းသည်။ ဒုက္ခဿ၊ ဇာတိစသော ဆင်းရဲအပေါင်း၏။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်လာခြင်းမည်၏။ ရောဂါနံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့၏။ ဌိတိ၊ တည်ခြင်းမည်၏။ ဇရာမရဏဿ၊ အိုခြင်း သေခြင်း၏။ ပါတုဘာဝေါ၊ထင်ရှားမသေ့ ဖြစ်ပေါ်လာခြင်းပေတည်း။

ထို့ကြောင့် ဘုရား ရဟန္တာတို့သည် အာသဝကင်းစင်သဖြင့် သတ်ရာတိုင်မှ လွတ်လာသော နွားသတ္တဝါ စသည်သို့ ထင်မြင်ပေ၏။

ပါရဂူ အနုပါဒါနော၊ ကတကိစ္စော အနာသဝေါ။

တုဋ္ဌော အာယုက္ခယာ ဟောတိ၊ မုတ္တော အာဃာတနာ ယထာ။

အနုပါဒါနော၊ ရုပ်နာမ်တရားတို့ကို ချစ်ခင်စွဲလမ်းခြင်း အကုန်ကင်းတော်မူ၍။ ပါရဂူ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ရောက်တော်မူပြီးသော်။ ကတကိစ္စော၊ ပြုအပ်ပြီးသော မဂ်ကိစ္စရှိသော။ အနာသဝေါ၊ အာသဝကုန်ပြီးသော ဘုရားရဟန္တာသည်။ အာယုက္ခယာ၊ အသက်ကုန်သည်ရှိသော်။တုဋ္ဌော၊ အတိုင်းမသိ နှစ်သက် ဝမ်းမြောက်တော်မူသည်။ အာဃာတနာ၊ သတ်ရာကားစင် တိုင်မှ၊ မုတ္တောယထာ၊ လွတ်ဘိသည့်အလား။ဟောတိ၊ မုချကေန် အမှန်ဖြစ်တော့သည်သာတည်း။

မင်းသမီး သုမေဓာသည် မိမိကို မင်း သားတယောက်နှင့် ထိမ်းမြား စေလိုသည်ကို အလိုမရှိ၍ အောက်ပါအတိုင်း ပြောလေသည်။

ယောပိ နံ ဝိနိဗ္ဘုဇိတ္ဝာ၊ အဗ္ဘန္တရမဿ ဗာဟိရံ ကယိရာ။

ဂန္ဓဿ အသဟမာနော၊ သကာပိမာတာ ဇိဂုစ္ဆေယျ။

(သုမေဓာထေရီဂါထာ–၄၃၁)။

ယောပိ၊ အကြင်သူသည်လည်း။ နံ၊ ထိုခန္ဓာကို။ ဝိနိဗ္ဘုဇ္ဇိတွာ၊ ဉာဏ်ဖြင့် ခွဲခြမ်း ဝေဖန်ခြင်းကိုပြု၍။ အဿ၊ ထိုခန္ဓာ၏။အဗ္ဘန္တရံ၊အတွင်းကို။ ဗာဟိရံ၊ အပဥ္စ။ ကယိရာ၊ ပြုငြားအံ့။ အဿ၊ ထိုကိုယ်ခန္ဓာအကောင်ပုပ်၏။ ဂန္ဓံ၊ အနံ့ကို။ အသဟမာနော၊ သည်းမခံနိုင်သည်ဖြစ်၍။ သကာပိ မာတာ၊ မိမိအမိကိုသော်လည်း။ ဇိဂုစ္ဆေယျ၊ မစက်ဆုပ်ပဲ မရှိသည်သာတည်း။

ဒိဝသေ ဒိဝသေ တိသတ္တိ သတာနိ'နဝါနဝါ ပတေယျုံ ကာယမှိ။

ဝဿသတမ္ပိစ ဃာတော၊ သေယျော ဒုက္ခဿ စေဝံ ခယော။

(သုမေဓာထေရီဂါထာ–၄၃၁)။

ဒိဝသေ ဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ နဝါ နဝါ၊ ထိုခဏ၌သွေးသဖြင့် အသစ်အသစ် ဖြစ်ကုန်လျက်။ တိသတ္တိသတာနိ၊ သုံးရာသောလှံတို့သည်။ ကာယမှိ၊ ကျွန်ုပ်၏ကိုယ်၌။ ပတေယျုံ၊ ကျကုန်ရာ၏။ ဧဝံ ဤသို့ကျခြင်း တည်းဟူသော အကြောင်းကြောင့်။ ဒုက္ခသာစ၊ ဝဋ်ဆင်းရဲ၏လည်း။ ခယော၊ ကုန်ခြင်းသည်။ စေဟောတိ၊ အကယ်၍ ဖြစ်ခဲ့ပါမူ။ ဝဿသတမ္ပိစ၊ အနှစ်တရာပတ်လုံးလည်း။ ဃာတော၊ လှံထိုးခံရခြင်းသည်။ သေယျော၊ မြတ်သည်သာတည်း။

လောကီအာရုံ ကာမဂုဏ် တရားတို့သည် သန်လျက်သွား၊ မြွေဦးခေါင်း၊ မြက်မီးရှူး အရိုးဆက်စု၊ အဆိပ်ရဲရဲပူသောသံတွေခဲ၊ သစ်သီး၊ သားတစ်၊ အိပ်မက်၊ မျက်လှည့်၊ ငှါးရမ်းဥစ္စာ၊ လှံသွား၊ အနာရောဂါ၊ အိုင်းအမာ၊ သေမင်း၊ မီးကျီတွင်း၊ လူသတ်သမားနှင့် တူကုန်၏။

လူမိုက်တို့သည် ရူပါရုံစသော လောကီအာရုံ ကာမဂုဏ်ငါးပါးဖြင့် ရောင့်ရဲခြင်း မရှိကုန်။

> သတ္တရတနာနိ ဝဿေယျ ဝုဋ္ဌိမာ ဒသဒိသာ သမန္တေန။
> န စတ္ထိ တိတ္တိကာမာနံ၊ အတိတ္တာဝ မရန္တိ နရာ။
>
> (သုမေဓာထေရီ-၄၃၂)။

သတ္တရတနာနိ၊ ရတနာ ခုနစ်ပါးတို့သည်။ ဒသဒိသာ၊ အရပ်ဆယ်မျက်နှာတို့ကို။ သမန္တေန၊ ထက်ဝန်းကျင်ဖြင့်။ ဝုဋ္ဌိမာ၊ မိုးရွာခြင်းသည်။ ဝဿေယျ၊ ရွာရာ၏။ ကာမာနံ၊ ကာမဂုဏ်တို့၏။ တိတ္တိ၊ ရောင့်ရဲခြင်းသည်။ နစအတ္ထိ၊ ရှိလည်းမရှိ။ နရာ၊ ပုထုဇဉ်လူမိုက်တို့သည်။ အတိတ္တာဝ၊ ကာမဂုဏ်ဖြင့် မရောင့်ရဲကုန်သည်ဖြစ်၍သာလျှင်။ မရန္တိ၊ သံသရာမှာ တဝဲလည်လည် သေကြရကုန်သည်သာတည်း။

ဇီဝက၏ သရက်ဥယျာဉ်သို့ သွားသော သုဘာထေရီ ဘိက္ခုနီမကို လူတယောက်သည် ချစ်ရေးဆိုရာ ဘိက္ခုနီမက ဤခန္ဓာကိုယ်သည် စက်ယန္တရားရုပ်ကို ကြိုးဆွဲက ကပြသည်၊ ပစ်ချက ဖရိုဖရဲ ပြန့်ကြဲနေသည်နှင့် တူသည်။

ပန်းချီဆေးရေးရုပ် လှပနေသည်နှင့်တူသည်–ဟု ပြောပြီး သင်သည် ကျွန်ုပ်၏ ခန္ဓာကိုယ်၌ အဘယ်အရာကို အကြိုက်အနှစ်သက်ဆုံးနည်းဟု မေးရာ သင်၏ မျက်လုံးကို အကြိုက် အနှစ်သက်ဆုံး–ဟု ပြောသဖြင့် ဘိက္ခုနီမက သူ၏မျက်လုံးကို ထုတ်ပေးလိုက်လေသည်။

ဥပ္ပါဋိယ စာရုဒဿနာ၊ နစ ပဇ္ဇိတ္ထ အသင်္ဂမာနသာ။
ဟန္ဒ တေ စက္ခုံ ဟရဿု တံ၊ တဿ နရဿ အဒါသိ တာဝဒေ။
(ထေရီဂါထာပါဠိတော်–၄၄၄)။

တာဝဒေ၊ ထိုခဏ၌ပင်လျှင်။ စာရုဒဿနာ၊ ရှုချင်စဖွယ် အမြင်ရှိသော သုဘာထေရီ ဘိက္ခုနီမသည်။ နစပဇ္ဇိတ္ထ၊ မတွယ်မတာတော့ပြီ။ အသင်္ဂမာနသာ၊ ငြိတွယ်သောစိတ် မရှိမူ၍။ ဟန္ဒ၊ ယခု။ တေ၊ သင့်အား။ စက္ခုံ၊ ငါ၏မျက်လုံးသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမျက်လုံးကို။ ဟရဿု၊ ယူဆောင်သွားလေပါလော့။ ဣတိ၊ ဤသို့။ ဥပ္ပါဋိယ၊ ထုတ်၍။ တဿ နရဿ၊ ထိုသူအား။ အဒါသိ၊ ရက်ရက်စက်စက် ပေးလိုက်လေသည် သာတည်း။

နောက်မှ ၎င်းယောက်ျားသည် သူမ၏ မျက်လုံးကိုလည်း မလိုချင်ပဲ ကန်တော့ကာ လွှတ်လိုက်လေသတည်း။

## ရာဇဒတ္တထေရ်

ဤမထေရ်သည် ရှေးရှေးသော ဘုရားရှင်တို့၌ ပါရမီဖြည့်ဆည်းပူးခဲ့၏၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကိုရည်၍ ကုသိုလ်ပြုလျက် ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် တဆယ့်လေးကမ္ဘာ အထက်၌ သုညကမ္ဘာဝယ် အမျိုးကောင်းသားဖြစ်၍ ကိစ္စတခုဖြင့် တောသို့သွားရာ ပစ္စေကဗုဒ္ဓါ တပါးအား သရက်သီးမှည့် ပေးလှူဖူး၏။

ထိုကောင်းမှုကြောင့် လူ့ပြည် နတ်ပြည်၌ သာလျှင် ကျင်လည်ရ၍ ငါတို့ ဂေါတမဘုရားရှင် လက်ထက်၌ လှည်းကုန်သည်မျိုးမှာ ဖြစ်သည်၊

ဝေဿဝဏ်နတ်မင်းမှ သားဆုတောင်း၍ မွေးဖွားသောကြောင့်ရာဇဒတ္တ အမည်မှည့်ကြ၏။

လှည်းကုန်သည် ငါးရာတို့ဖြင့် သွားစဉ် တယောက်သော မိန်းမ၌ ကျူးလွန်၍ အထီးကျန်၏၊ နောက် သံဝေဂ ရကာ ဝေဠုဝန်ကျောင်း ရောက်သွား၏၊ ဘုရားရှင်၏ တရားတော်ကို ကြည်ညို၍ ရဟန်းပြုကာ ဓုတင်ဖြင့် နေ၏။

နောက် လှည်းကုည်သည် တယောက် ၎င်းမိန်းမအား လွန်ကျူး၍ ၎င်းမိန်းမကို သတ်ကာ ပစ္စည်းယူ၍ သုသာန်၌ပစ်ထားသော ၎င်းမိန်းမ ရုပ်ကို အသုဘရှုရာ ရာဂစိတ် ဖြစ်၏၊ နောက် စိတ်ကိုပြုပြင်ကာ ဈာန်ကို ဖြစ်စေ၏၊ ၎င်းဈာန်ကို အခြေပြုပြီး ဝိပဿနာပွားရာ ရဟန္တာဖြစ်၏၊ ထို့ကြောင့် အောက်ပါအတိုင်း ဥဒါန်းကျူးရင့်လေသည်။

**ရာဇဒတ္တမထေရ်၏ ဥဒါန်းဂါထာ**

တတော စိတ္တံ ဝိမုစ္စိ မေ၊ ပဿ ဓမ္မ သုဓမ္မတံ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
(ထေရဂါထာပါဠိတော်-၂၇၄)။

မေ၊ သံသရာမှ လွတ်လိုအရေး မြော်ခေါ်တွေးသော ငါ ရာဇဒတ္တ ထေရ်အား။ တတော၊ ထိုသေပြီးကာစ အသုဘကို ရာဂစိတ်ရောက် နောက်ထပ်ဖျောက်၍ ကမ္မဋ္ဌာန်း ပေါက်ရောက်အောင် ရှုသည်၏အဖြစ် ကြောင့်။ စိတ္တံ၊ လောကချုပ်နှောင် ရာဂစသောစိတ်အမိုက်မှောင်သည်။ ဝိမုစ္စိ၊ ဝိပဿနာကမ္မဋ္ဌာန်း လွန်ကြိုးပမ်း၍ သံသရာမှ လွတ်ရလေပြီ။ ဓမ္မသုဓမ္မတံ၊ နိဗ္ဗာန်ရောက်ဖို့အတွက် သမထဝိပဿနာ ကမ္မဋ္ဌာန်းသာ ပဋ္ဌာနအချက်ဖြစ်၍ တရားစစ် တရားမှန်၏ အဖြစ်ကို။ ပဿ၊ ငါတို့ကဲ့သို့ သံသရာမှ လွတ်လိုကြပါမူ မနေမနား ကြိုးစားအားထုတ်ကာ ရှုပါလေ လော့။ တိဿော၊ ရေတွက်ပိုင်းခြား သုံးပါးကုန်သော။ ဝိဇ္ဇာ၊ ရှေး ဘဝက ဖြစ်ဖူးသည်ကို သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်,

နတ်တို့၏ မျက်စိကဲ့သို့ မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုအဘိညာဏ်, လောဘ စသော အာသဝတရားတို့၏ ကုန်ရာ ကုန်ကြောင်းကို သိတတ်သော အာသဝက္ခယ အဘိညာဏ်တို့သို့။ အနုပ္ပတ္တာ၊ နောက်တခါ သံသရာသို့ ပြန်မလာသောအားဖြင့် ရောက်ရလေပြီ။ ဗုဒ္ဓဿ၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏။ သာသနံ၊ ဆုံးမပေရာ ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာ ကို။ ကတံ၊သံသရာကိုလည်းကြောက် ဘုရားရှင်၏ စကားတော်ကိုလည်း ထောက်ဆ၍ လိုက်နာကျင့်သုံးအပ်ပြီးသည်သာတည်း။

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ဧကာဟမတံဝါ ဒွိဟမတံဝါ တီဟမတံဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကဇာတံ သော ဣမမေဝ ကာယံ ဥပသံဟရတိ၊ အယမ္ပိခေါ ကာယော ဧဝံ ဓမ္မော ဧဝံ ဘာဝီ ဧဝံ အနတီတောတိ။

(သုတ်မဟာဝါ မဟာသတိပဋ္ဌာနသုတ်ပါဠိတော်–၂၃၅)။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ နဝသိဝထိကနည်းဖြင့် သံသရာဝဋ်မှ ကင်းလွတ်လိုသောသူသည်။ သေယျထာပိ၊ ဥပမာမည်သည်ကား။ သိဝထိကာယ၊ သုသာန်၌။ ဆဍ္ဍိတံ၊ မလိုချင်၍ စွန့်ပစ်အပ်သော။ ဧကာဟမတံဝါ၊ သေ၍ တရက်ရှိပြီးသည်လည်းဖြစ်သော။ ဒွိဟမတံဝါ၊သေ၍နှစ်ရက် ရှိပြီးသည်လည်းဖြစ်သော။တီဟမတံဝါ၊ သေ၍ သုံးရက်ရှိပြီးသည်လည်း ဖြစ်သော။ ဥဒ္ဓုမာတကံ၊ ဖူးဖူးရောင်သော။ ဝိနီလကံ၊ များသောအား ဖြင့် ညိုမဲသော။ဝိပုဗ္ဗကဇာတံ၊ အထူးသဖြင့် သွေးပြည်ရှိသော။ သရီရံ၊ ငါ့ဟာ ငါ့ဥစ္စာဟု စွဲလမ်းနေကြသော ခန္ဓာကိုယ်ကို။ ပဿေယျ၊ ပညာ ဉာဏ်ရောင် အလင်းဆောင်၍ ၄ ကြည့်ရာ၏။ သော၊ ထိုကမ္မဋ္ဌာန်းအား ထုတ်သော ယောဂီသည်။ အယမ္ပိခေါကာယော၊ သေ၍ ကိုးဒွါရမှ ယိုကျသဖြင့် စက်ဆုပ်ဖွယ်ရှိသော ဤ ကိုယ်ကောင်သည်။ ဧဝံဓမ္မော၊ ဤသို့ သဘောရှိ၏။ ဧဝံဘာဝီ၊ ဤသို့ ဖြစ်လေ့ရှိ၏။ ဧဝံ အနတီတော၊

ဤသဘောကို မလွန်တတ်။ ဣတိ၊ ဤသို့။ ဣမမေဝကာယံ၊ ဤကိုယ် ခန္ဓာကြီးကို။ ဥပသံဟရတိ၊ ဉာဏ်ဖြင့် ရွေးရှုဆောင်သည်သာတည်း။

ဤသစ္စာလေးပါး တရားတော်သည် ဉာဏ်၌ သိမြင်ခြင်းငှါ ခက်ခဲသောကြောင့် ဂမ္ဘီရ မည်၏၊ ဆင်းဆင်းရဲရဲ သိအပ်သောကြောင့် ဒုဒ္ဒသ မည်၏၊ ဆင်းရဲစွာ သိအပ်သောကြောင့် ဒုရနုဗောဓမည်၏၊ ငြိမ်းအေးသော်ကြောင့် သန္တလည်း မည်၏၊ မွန်မြတ်သောကြောင့် ပဏီတလည်း မည်၏၊ ဉာဏ်ဖြင့်သာ သိအပ်သောကြောင့် အတက္ကာဝစရလည်းမည်၏၊ သိမ်မွေ့သောကြောင့် နိပုဏလည်းမည်၏၊ ပညာရှိတို့သာခံစားအပ်သော ကြောင့် ပဏ္ဍိတဝေဒနီယလည်း မည်၏၊ ပုထုဇဉ်တို့သည် ကာမဂုဏ် ၅ါး ပါး၌သာ တပ်တတ်သောကြောင့် အာလယာရာမ အာလယာရတာ အာလယသမ္မုဒိတလည်း မည်၏။

ပုထုဇဉ်သတ္တဝါတို့သည် ကာမုပါဒါန် ဒိဋ္ဌုပါဒါန် အတ္တဝါဒုပါဒါန် သီလဗ္ဗတုပါဒါန်တည်းဟူသော လောဘဒိဋ္ဌိဖြင့် သုံးဆယ့်တဘုံကိုစွဲလမ်း တတ်ကြသည်။

နဝသိဝထိက ပိုင်းဟူသည် သေ၍ အကောင်ပုပ် စသည်ကို ကိုးမျိုး အားဖြင့် ပိုင်း၍ ရှုခြင်းပင်တည်း။

ဤခန္ဓာကိုယ်သည် သေ၍ သုံးရက်လောက်ကြာလျှင် ဖူးဖူးရောင်၏၊ များသောအားဖြင့် ညိုသောအဆင်းရှိ၏၊ ယိုသောပြည်ရှိ၏ ဟူ၍ လည်း ကောင်း၊ ကျီး လင်းတ ခွေး ပိုး စသည် စား၏ဟူ၍ လည်းကောင်း၊ အရိုးဆက် အသားအသွေး အကြောဆက် ရှိ၏ဟူ၍ လည်းကောင်း၊ အရိုး အကြောဆက်ရှိ၍ အသားအသွေး လိမ်းကျံခြင်းမရှိဟူ၍ လည်း ကောင်း၊ အရိုးဆက်ရှိ၍ အသား အသွေး အကြော မရှိဟူ၍ လည်း ကောင်း၊ လက်ရိုး ခြေရိုး စသည် ကြဲပြန့်ခြင်းရှိ၏ဟူ၍ လည်းကောင်း၊ ခရုသင်း အဆင်း အရိုးသာရှိ၏ ဟူ၍ လည်းကောင်း၊ မိုးစွတ်သောအရိုး ပုံသည် ရှိ၏ဟူ၍ လည်းကောင်း၊ အရိုးများ ကြဲပြန့်ခြင်းရှိ၏ဟူ၍လည်း ကောင်း ရှုခြင်းပွားများခြင်းပေတည်း။

## သံဝေဂယူဖွယ်

ဘယ်လောက်ပင်လှ၊ ချမ်းသာကြ၊ တတ်က ထိုပညာ။
ဝတ်စားဆင်ယင်၊ တနေ့တွင်၊ မှတ်လျှင် သေကြမှာ။
ခဏကြာပင်၊ ဖူးဖူးထင်၊ သွေးလျှင် ယိုစီးကာ။
ရိုးရေတခြား၊ အသားများ၊ မှတ်သား ဤခန္ဓာ။
အနိစ္စပ၊ ဤဒုက္ခ၊ မှတ်ကြ အနတ္တာ။
သုံးပါးထင်မှ၊ နိဗ္ဗာန်ရ၊ မှတ်ကြ လူတကာ။
နိဗ္ဗာန်ရမှ၊ ရုပ်နာမ်က၊ ငြိမ်းကြ အဖြာဖြာ။

ကာယာနုပဿနာ အကြောင်း
သိကောင်းစရာ ပြီးပြီ။

---

## (၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်အကြောင်း သိကောင်းစရာ

ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဟူသည် ဝေဒနာကို အဖန်တလဲလဲ ရှုဆင်ခြင်ခြင်း၌ သတိကို ပဋ္ဌာနထားခြင်းပင်တည်း၊ ၎င်းဝေဒနာသည်-

နှစ်သက်စွာ ခံစားခြင်း သုခဝေဒနာ၊
ဆင်းရဲစွာ ခံစားခြင်း ဒုက္ခဝေဒနာ၊
နှစ်သက်သည်လည်း မဟုတ်၊ မနှစ်သက်သည်လည်း မဟုတ်သော ဥပေက္ခာဝေဒနာ (အဒုက္ခမသုခဝေဒနာ) တို့တည်း။

ယောဂီပုဂ္ဂိုလ်သည် ဝေဒနာတို့၏ဒုက္ခ၊ ဝေဒနာတို့၏ ဖြစ်ကြောင်း သမုဒယ၊ ဝေဒနာတို့၏ ချုပ်ရာနိဗ္ဗာန်၊ ဝေဒနာတို့၏ချုပ်ရာကို ရောက်ခြင်း အတွက် ပွားသင့်သော မဂ္ဂသစ္စာတို့ကို သိအပ်၏။

ဤဝေဒနာတရားတို့နှင့် ပတ်သက်၍ တပ်ခြင်းကင်းဖို့လိုပေ၏၊ သုခ ဝေဒနာကို ရှုပွားက ရာဂါနုသယ၊ ဒုက္ခဝေဒနာကို ရှုပွားက ပဋိဃာ

နုသယ၊ ဥပေက္ခာဝေဒနာကို ရှုပွားက အဝိဇ္ဇာနုသယကို ပယ်နိုင်၏၊ ပစ္စုပ္ပန်၌ပင်လျှင် အာသဝတရား ကင်းပျောက်၍ ရဟန္တာဖြစ်နိုင်သည်။

သမုဒ္ဒရာကို ကူးခတ်ရန်အတွက် ငါး မိချောင်းတို့ကို ကြောက်သည်ထက် ဤဝေဒနာတရားတို့ ဖြစ်ပွားခြင်းကို ကြောက်စရာ ကောင်းလှပေ၏။

သုခဝေဒနာကို ဒုက္ခ၊ ဒုက္ခဝေဒနာကို(ငြောင့်တံသင်းတည်းဟူသော) သလ္လ၊ ဥပေက္ခာဝေဒနာကို အနိစ္စအားဖြင့် ရှုအပ်၏။

ဝေဒနာတို့၏ဖြစ်ကြောင်း သမုဒယ၊ ချုပ်ခြင်းအတ္ထင်္ဂမ၊ သာယာခြင်း အဿာဒ၊ အပြစ် အာဒီနဝ၊ မှီရာနိဿရဏကို သိအပ်၏။

ဆီမီးကုန်ခန်းသော မီးခွက်သည် မီးတောက်ငြိမ်းသကဲ့သို့ ဝေဒနာငြိမ်းပျောက်ဖို့ အရေးကြီး၏။

နည်းတူ ထင်းချောင်းနှစ်ခု ပေါင်းက မီးတောက်ဖြစ်သည်၊ ၎င်းထင်းချောင်းကုန်က မီးတောက်ငြိမ်းသကဲ့သို့ ဝေဒနာ ငြိမ်းဖို့လို၏။

နည်းတူ မျိုးစေ့မှ အပင်ပေါက်ပုံ၊ ခွက်ခွင်း နှစ်ခုတီးက အသံထွက်ပုံ၊ လက်ခုပ် နှစ်ခုတီးက အသံထွက်ပုံ စသည် ဥပမာ များစွာ၏။

ပထမစျာန်ဝင်စားက ဝိတက်၊ဒုတိယစျာန်ဝင်စားက ဝိစာရ၊တတိယစျာန် ဝင်စားက ပီတိ၊ စတုတ္ထစျာန် ဝင်စားက အဿာသပဿာသ၊ နိရောဓသမာပတ်ကို ဝင်စားက သညာ ဝေဒနာ၊ ရဟန္တာပုဂ္ဂိုလ်အား ရာဂ ဒေါသ မောဟ ငြိမ်းအေးတော့၏။

ဤဝေဒနာတရားတို့သည် အရပ်လေးမျက်နှာမှ လေတိုက်ခတ်သကဲ့သို့ ဝိပဿနာ မရှုပွားသူအား ပွားများပေ၏။

ရေလောင်းက သစ်ပင်ကြီးပွားခြင်း စသော ဥပမာတို့ကို ရှုအပ်၏၊ အိမ် ကျောင်း စရပ် စသည်တို့၌ လူများ တည်းခိုလာသည်နှင့် တူ၏၊ ဖဿနိရောဓာ ဝေဒနာ နိရောဓော စသည်ကို သတိထားအပ်၏။

ဘုရားရှင်သည် သတ္တဝါတို့အား သံသရာမှ လွတ်ရန်အတွက် ဝေဒနာတခုတည်းကို အမျိုးမျိုး ဟောတော်မူခဲ့သည်၊ ထို့ကြောင့် ကာယိက

ဝေဒနာ စေတသိကဝေဒနာ ဟူ၍ နှစ်ပါး၊ သုခ ဒုက္ခ ဥပေက္ခာအားဖြင့် သုံးပါး၊ သုခ ဒုက္ခ ဥပေက္ခာ သောမနဿ ဒေါမနဿ ဟူ၍ ငါးပါး၊ စက္ခုသမ္ဖဿဇာဝေဒနာ စသည်ဖြင့် ခြောက်ပါး၊ အာရုံ ခြောက်ပါး၌ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ သုံးပါးစီအားဖြင့် တဆယ့်ရှစ်ပါး၊ ဂေဟသိတခေါ် ကာမဂုဏ်ကိုမှီသော အာရုံခြောက်ပါးတို့၌ သောမနဿဝေဒနာ ခြောက်ပါး၊ အာရုံခြောက်ပါးကို အနိစ္စ စသည်ဖြင့် ရှု၍ ဝမ်းမြောက်သော နိက္ခမနိဿိတ သောမနဿဝေဒနာ ခြောက်ပါး၊ ဂေဟသိတဒေါမနဿဝေဒနာ ခြောက်ပါး၊ နိက္ခမနိဿိတဒေါမနဿဝေဒနာ ခြောက်ပါး၊ ဂေဟသိတဥပေက္ခာဝေဒနာ ခြောက်ပါး၊ နိက္ခမနိဿိတ ဥပေက္ခာဝေဒနာ ခြောက်ပါးအားဖြင့် ဝေဒနာ သုံးဆယ့်ခြောက်ပါး၊ နည်းတူ အတိတ်ဝေဒနာ သုံးဆယ့် ခြောက်ပါး၊ အနာဂတ် ဝေဒနာ သုံးဆယ့်ခြောက်ပါး၊ ပစ္စုပ္ပန်ဝေဒနာ သုံးဆယ့်ခြောက်ပါး အားဖြင့် ဝေဒနာ တရာ့ရှစ်ပါး ရှိလေသည်။

ဎင်းဝေဒနာတို့တွင် ကုသိုလ်ကိုပွားစေက မှီဝဲအပ်သော ဝေဒနာမည်၏၊ အကုသိုလ်ကို ပွားစေက မမှီဝဲအပ်သော ဝေဒနာမည်၏။

(အကျယ်ကို ဝေဒနာသံယုတ်၊ သက္ကပဉှာသုတ်ပါဠိတော်အဋ္ဌကထာ စသည်ရှု)။

## တရားမရ၍ ငိုသောရဟန်း

မဟာသီဝထေရ်သည် တဆယ့်ရှစ်ဂိုဏ်းတို့ကို စာပေ ပို့ချသည်၊ သူ၏ ဝါဒ၌ ဆောက်တည်၍ ရဟန္တာသုံးသောင်း ဖြစ်ပြီးပြီ၊ ရဟန္တာတပည့် တပါးသည် ဆရာအား ရဟန္တာဖြစ်စေလို၍ ကောင်းကင်ဖြင့် သွားပြီး ဩဝါဒပေးရန်တောင်းရာ ဆွမ်းခံချိန်၌ လည်းကောင်း၊ သက်န်းလျှော် ချိန်၌ လည်းကောင်း၊ သူများအား ဩဝါဒပေးစရာရှိ၍ မအားလပ်ဟု မိန့်ကြား၏၊ တပည့်က ဤကဲ့သို့ဖြစ်ပါမူ သေဖို့ကိုကား အားပါ့မလားဟု လျှောက်၍သွား၏။

ဆရာက ဤကိုယ်တော်ကား တရားပြရန်လာသည်ဟု သိ၍ သပိတ် တလုံး သင်္ကန်း သုံးထည်ဖြင့် တောထွက်သွား၏၊ ငါကဲ့သို့သော ပုဂ္ဂိုလ် အား နှစ်ရက် သုံးရက်ဖြင့် ရဟန္တာဖြစ်လိမ့်မည် ထင်ခဲ့၏၊ ဣရိယာပုထ် အမျိုးမျိုးဖြင့် အားထုတ်သော်လည်းခြေထောက်သာလျှင်ကွဲပြီး တရား မရ၍ ဒေါမနဿဝေဒနာဖြစ်ကာ မျက်ရည်ကျရ၏၊ သူများနှင့် ရဟန္တာ ဘဝဖြင့် ပဝါရဏာပြုရန် ကြိုးစားခဲ့သော်လည်း တရားမရပေ၊ ခလေး များ ကဲ့ရဲ့ခံရ၏၊ နှစ်ပေါင်း သုံးဆယ် ကြာမြင့်ခဲ့ပြီ။

အနားမှာ နတ်သမီးတယောက် ငိုနေ၍ အကြောင်းကို မေးရာ သကဒါဂါမ် မဖြစ်နိုင်၍ငိုသည်ဟု လျှောက်၏၊ နတ်သမီးစကားကိုကြား လျှင် ငိုနေ၍ တရားမရဟု သိသဖြင့် တရားအားထုတ်ရာ ရဟန္တာဖြစ်၏၊ တပည့်များက ကောင်းကင်ခရီးဖြင့် နှစ်ပေါင်း သုံးဆယ် ခြေမဆေးပဲ နေသည်ကို ဆေးရန်လာကြ၏၊ ခွင့်မပေး၊ နောက်ဆုံး သိကြားမင်း လာ၍ ခြေဆေးရန် လျှောက်၏၊ လူစော်နံ၍ မလာနှင့်ဟု တားမြစ်ရာ နတ်ပြည်ထိအောင် သီလအနံ့ မွှေးပါသည်ဟု လျှောက်၏။

ဤသို့ ဝေဒနာတို့၏ ဖြစ်ပျက်ခြင်းကို ရှုရသည်၊ ဤသို့ ဝေဒနာကို သတိကပ်ကာ ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား ဝေဒနာပစ္စယာ တဏှာ စသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အတိုင်းတဏှာစသည် မဖြစ် ရကား သံသရာဝဋ် မလည်တော့ပေ။

ဤသို့ ဝေဒနာကို ရှုနေသူအား လောကကို မစွဲလမ်း၍ အကြောင်း ရုပ်နာမ်, ပျက်သဖြင့် အကျိုးရုပ်နာမ် မဖြစ်တော့ပဲ ရုပ်နာမ် ချုပ်ရာ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်တော့သည်သာတည်း။

ဤဝေဒနာကို ခံစားရာ၌ နို့စို့ခလေးများပင် ခံစားတတ်သည်ဟု သိ၏၊ဤကမ္မဋ္ဌာန်းကို ဘုရားရှင်သည် ဤမျှလောက်ကို ရည်ရွယ်၍ ဟော တော်မူ၏သည်မဟုတ်၊ ဤမျှလောက် သိခြင်းကား သတ္တဝါ ဟူသော အမှတ်သညာကို မစွန့်၊ အတ္တသညာမခွါ၊ သတိပဋ္ဌာန်ဘာဝနာ မဖြစ်၊

ဤဒေသနာကား သတ္တဝါဟူသောအမှတ်သညာကိုစွန့်သည်၊အတ္တသညာ ကွာသည်၊ သတိပဋ္ဌာန်ဘာဝနာ ဖြစ်သည်။

အဘယ်သူ ခံစားသနည်း၊

ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါကား မရှိ၊

အဘယ်သူ၏ ဝေဒနာနည်း၊

တစုံတယောက်သော ပုဂ္ဂိုလ် သတ္တဝါတို့၏ ဝေဒနာကား မဟုတ်၊

အဘယ်ကြောင့် ဝေဒနာဖြစ်သနည်း၊

ဝတ္ထုအာရုံပေါင်းဆုံမိ၍ ဖြစ်သည်။

ဤသို့သော ဝေဒနာကို ရည်ရွယ်၍ ဘုရားရှင်သည် ဟောကြားခဲ့ပေ၏။

**စိတ္တလတောင်နေ မထေရ်တပါး**

ဤမထေရ်သည် ပြင်းစွာသော ဝေဒနာကြောင့် ညည်းညူနေ၏၊ ဦးပဥ္စင်းတပါးသည် ဘယ်နေရာက နာသနည်းဟုမေး၏၊ နာရဋ္ဌာန အသီးမရှိပါ၊ ဝတ္ထုအာရုံ ပေါင်းဆုံမိ၍ ဖြစ်သည်ဟုပြော၏၊ဤသို့သိပါမူ သည်းခံနိုင်သလော၊ သည်းမခံနိုင်သလောဟု မေး၏၊ သည်းခံမည်၊ သည်းခံခြင်းသည် မြတ်၏ဟု မထေရ်ကြီးကဆို၍ သည်းခံလေ၏။

မထေရ်ကြီးသည် နှလုံးကို လေဖြတ်၍ အူများညောင်စောင်၌စုပုံနေ၏၊ မထေရ်ကြီးသည် ပဥ္စင်းငယ်အား ပြ၏၊ ဤကဲ့သို့သည်းခံ၍ ဤကဲ့သို့ ဖြစ်နေပြီဟု ဆို၏၊ ပဥ္စင်းငယ်သည် ဆိတ်ဆိတ်နေ၏၊ မထေရ်ကြီးသည် ဝီရိယကို မျှစေ၍ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်ပြုသည်။

ဝေဒနာကို ဘယ်သူ ခံစားသလဲ၊

ဝေဒနာမှာ၊ စံစားတာ၊ သတ္တာပုဂ္ဂိုလ် မဟုတ်ပါ၊

စေ့စေ့ရှုက၊ ငါးပါးမျှ၊ ကာမအာရုံ မစွဲရာ၊

မစွဲလျှင်မူ၊ ထိုသည့်သူ၊ ပြတ်ယူထိုခါ သံသရာ၊

သံသရာပြတ်မှ၊ များဒုက္ခ၊ လွတ်ကြ လူတကာ။

အာရုံငါးပါးကို စွဲလမ်းတတ်သော ပုထုဇဉ်ပုဂ္ဂိုလ်သည် သူများ ပစ္စည်းကိုယူ၊ လူသတ် စသည်ကို ပြုတတ်၏၊ ဒမြဗိုလ်နှင့် တူသည်။

ဒမြဗိုလ်၏ တပည့်သည် ခိုင်းစေရာ လုပ်သကဲ့သို့ လောဘ ဒေါသ မောဟ စသည့်ဘုရားတို့သည် အာရုံငါးပါးကို စွဲလမ်းတတ်၏၊ ဒမြတို့ သည် မြို့ရွာ စသည်ကို တိုက်ခိုက် လုယက်သကဲ့သို့ အကုသိုလ်စိတ် နာမ် တရားတို့သည် ပါဏာတိပါတစသည်ပြုတတ်၏၊သူဘပါးအိမ်ယာ ရွှေငွေ စသည်သည် ရူပါရုံ စသည်မည်၏၊ ဒမြတို့အား မင်းဒဏ် စသည်သင့်ခြင်း သည် ဇာတိစသောသံသရာဒုက္ခတည်း ဂေါတမဘုရားရှင်သည် ရာဇဂြိုဟ် ပြည် ဂိဇ္ဈကုဋ်တောင် ဝက်တူးလိုဏ်၌ နေတော်မူ၏။

ငင်းလိုဏ်သည် ကဿပဘုရားရှင် လက်ထက်၌လည်း ရသေ့ရဟန်းတို့ ၏ နေရာဖြစ်၏၊ ဂေါတမဘုရားရှင် လက်ထက်၌ကား မြေများ တိုးပွား နေ၍ မုဆိုးတယောက်သည် ငင်းလိုဏ်ဂူကို ပြုပြင်၍ ဘုရားရှင်သည် သီတင်းသုံး နေထိုင်တော်မူ၏။

ထိုအခါ၌ ဒီဃနခ အဂ္ဂိဝေဿန နှစ်မည်ရသော ပရိဗိုဇ်အား ဘုရား ရှင်သည် မိစ္ဆာဒိဋ္ဌိအယူဝါဒနှင့် ပတ်သက်၍ တရားဟောတော်မူ၏၊အယူ ဝါဒသည် ဤလောကသည် မြဲ၏-ဟူသော သဿတဝါဒ၊ ဤလောက သည် သေလျှင် ပြတ်၏-ဟူသော ဥစ္ဆေဒဝါဒ၊ တချို့ကား မြဲ၏ဟူသော ဧကစ္စသဿတဝါဒ-စသည် များပြားလှ၏။

သဿတဝါဒ အယူရှိသောသူသည် ငင်းဝါဒကို မစွန့်ပဲ ဥစ္ဆေဒဝါဒ၊ ဧကစ္စသဿတဝါဒ-စသည်ကိုကား မယူနိုင်၊ဥစ္ဆေဒဝါဒ စသည် နည်းတူ ၏။ မူလက သဿတဝါဒအယူရှိသူသည် တပါးသော သဿတဝါဒကို ကား ယူနိုင်၏၊ ဥပမာ ရုပ်၌ သဿတဝါဒရှိသူသည် ဝေဒနာ စသည်တို့၌ လည်း သဿတဝါဒကို ယူနိုင်၏၊ နည်းတူ ဥစ္ဆေဒဝါဒကို သိအပ်၏၊ ခန္ဓာ အာယတန စသည်တို့၌လည်း နည်းတူ၏။

ဘုရားရှင်က ဒီဃနခပရိဗိုဇ်အား ဤကိုယ်ခန္ဓာသည် ရုပ်ဖြစ်၏၊မဟာ ဘုတ်တည်း၊ မိဘတို့၏ သုက်သွေးကြောင့် ဖြစ်၏၊ ထမင်း မုယော

တို့ဖြင့်ကြီးပွား၏၊ အမြဲမတည်၊ ဖုံးလွှမ်းရခြင်း,ဆုပ်နယ်ရခြင်း, ကွဲခြင်း, ပျက်စီးခြင်းရှိ၏၊ မမြဲခြင်း, မချမ်းသာခြင်း ရောဂါများ၏၊ အိုင်းအမာဘည်း၊ မြား ငြောင့်စူးဝင်သည်နှင့်တူ၏၊ ဆင်းရဲ၏၊ အနာများ၏၊သူစိမ်းပြင်ပနှင့် တူ၏၊ ပျက်စီးတတ်၏၊ သတ္တမှ ကင်းဆိတ်တတ်၏၊ အနှစ်သာရ မရှိဟု ရှုရမည်။

ဤကဲ့သို့ ရှုသူအား ခန္ဓာကိုယ်၌ တပ်ခြင်းတဏှာ ကင်း၏။

အဂ္ဂိဝေဿန သုခဝေဒနာ ဖြစ်သောအခါ၌ ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာမဖြစ်၊ နည်းတူ ဒုက္ခဝေဒနာဖြစ်စဉ် စသည်ကိုသိအပ်၏၊သုခဝေဒနာ စသည်တို့သည် အနိစ္စစသော တရားတို့သာတည်း။

သုခါပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စ
သမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။
(မဇ္ဈိမပဏ္ဏာသပါဠိတော် ဒီဃနခသုတ်-၁၆၈)။

အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿန။အခါပိခေါဝေဒနာ၊ သုခဝေဒနာသည်။ အနိစ္စာ၊မမြဲ။သင်္ခတာ၊အကြောင်းတရားတို့ပြုပြင်အပ်၏။ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းကိုစွဲ၍ ဖြစ်၏။ ခယဓမ္မာ၊ ကုန်တတ်သော သဘောရှိ၏။ ဝယဓမ္မာ၊ ပျက်တတ်သော သဘောရှိ၏။ ဝိရာဂဓမ္မာ၊ ရာဂကင်းခြင်းသဘောရှိ၏။ နိရောဓဓမ္မာ၊ ချုပ်ခြင်းသဘော ရှိ၏။

ကျန်သော ဝေဒနာတို့လည်း နည်းတူ၏။

ဤသို့ ဝေဒနာတို့၌ ရှုသူအား နိဗ္ဗိန္ဒဉာဏ် ဝိရာဂဉာဏ်ဖြစ်၏၊ ကိလေသာကုန်၏-ဟူ၍ ဟောတော်မူ၏။

ထိုဒေသနာတော်၏ အဆုံး၌ ဒီဃနခပရိဗိုဇ်သည် သောတာပန်၊ အရှင်သာရိပုတ္တရာသည် ရဟန္တာဖြစ်လေသည်။

ဣတိ အဇ္ဈတ္တံဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ
ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါဝါ

ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ သမုဒယဓမ္မာ နုပဿီဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ။

(မဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၃၆)။

ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ အဇ္ဈတ္တသန္တာန်၌လည်း။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ဗဟိဒ္ဓါဝါ၊ ဗဟိဒ္ဓသန္တာန်၌လည်း။ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ ဝေဒနာကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။အဇ္ဈတ္တဗဟိဒ္ဓါဝါ၊အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌လည်း။ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သမုဒယဓမ္မာနုပဿီဝါ၊ဖြစ်ခြင်းဝေဒနာကို ရှုသည်ဖြစ်၍လည်း။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝိဟရတိ၊ နေ၏။ ဝယဓမ္မာနုပဿီဝါ၊ ပျက်ခြင်းဝေဒနာကို ရှုသည်ဖြစ်၍လည်း။ဝေဒနာသု၊ဝေဒနာတို့၌။ဝိဟရတိ၊နေ၏။ သမုဒယဝယဓမ္မာနုပဿီဝါ၊ အဖြစ်ဝေဒနာ အပျက်ဝေဒနာကိုရှုသည်ဖြစ်၍လည်း။ဝေဒနာသု၊ ဝေဒနာတို့၌။ဝိဟရတိ၊သတိတရား လက်ကိုင်ထားခါ ပွားများ အားထုတ်ရာတော့သည်သာတည်း။

ဝေဒနာနုပဿနာ သတိပဋ္ဌာန် အကြောင်း
သိကောင်းစရာ ပြီးပြီ။

---

## (၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်အကြောင်း သိကောင်းစရာ

စိတ္တာနုပဿနာသတိပဋ္ဌာန်ဟူသည် စိတ်နှင့် ပတ်သက်၍ သတိကို ခေါင်းဆောင်ကာ အဖန်တလဲလဲ ရှုခြင်းပင်တည်း။ ၎င်းစိတ်တို့သည်-

သရာဂစိတ် (ရာဂနှင့်တကွ ဖြစ်သောစိတ်)။

ဝီတရာဂစိတ် (ရာဂကင်းသောစိတ်)။

သဒေါသစိတ် (ဒေါသနှင့်တကွ ဖြစ်သောစိတ်)။
ဝီတဒေါသစိတ် (ဒေါသကင်းသောစိတ်)။
သမောဟစိတ် (မောဟနှင့်တကွ ဖြစ်သောစိတ်)။
ဝီတမောဟစိတ် (မောဟကင်းသောစိတ်)။
သံခိတ္တစိတ် (ကျဉ်းကျုံးသောစိတ်)။
ဝိက္ခိတ္တစိတ် (ပျံ့လွင့်သောစိတ်)။
မဟဂ္ဂုတ်စိတ် (ရူပ၊ အရူပစိတ်)။
အမဟဂ္ဂုတ်စိတ် (ရူပ၊ အရူပမှ တပါးသောစိတ်)။
သဉတ္တရစိတ် (ကာမ၊ ရူပ၊ အရူပစိတ်)။
အနုတ္တရစိတ် (လောကုတ္တရာစိတ်)။
သမာဟိတစိတ် (တည်ကြည်သောစိတ်)။
ဝိမုတ္တစိတ် (ကိလေသာမှလွတ်သော စိတ်တို့တည်း)။

ဘာဝနာပွားများသော ယောဂီသည် ဘယ်စိတ်ဖြစ်ဖြစ် ဖြစ်သည်ကို သိရမည်၊ မကောင်းသောစိတ်ဖြစ်က ပယ်ရသည်၊ ကောင်းသောစိတ် မဖြစ်သေးက ဖြစ်အောင် ပြုပြင်ပေးရ၏၊ ဘယ် စိတ် ပျက် ပျက် ပျက်သည်ကို သိအောင်ကြိုးစားပါ၊ ဤကဲ့သို့ ကြိုးစားပါမူ ဘယ်စိတ် ဖြစ်ဖြစ် ဖြစ်က ပျက်တတ်သည်၊ ရုပ်နာမ်မှတပါး ဘယ်တရားမှ မရှိပါတကားဟု သိလာ၏၊ တစုံတခုသော အာရုံ၌ မစွဲလမ်းတတ်ပေ၊ မစွဲလမ်းက သံသရာပြတ်သည်။

အနိစ္စံ ဘိက္ခဝေ ဘိက္ခု ဝိညာဏံ အနိစ္စံ ဝိညာဏန္တိ ပဿတိ၊
သာယံ ဟောတိ သမ္မာဒိဋ္ဌိ၊ သမ္မာ ပဿံ နိဗ္ဗိန္ဒတိ။
(သံယုတ်ပါဠိတော်)

ဒုက္ခ–အနတ္တ တို၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ အနိစ္စံ၊ အနိစ္စ ဖြစ်သော။ ဝိညာဏံ၊ စိတ်ဟူသောဝိညာဏ်ကို။ ဝိညာဏံ၊ စိတ်ဟူသော ဝိညာဏ်သည်။ အနိစ္စံ၊ အနိစ္စတည်း။ ဣတိ၊ ဤသို့။ ပဿတိ၊ ယထာ

ဘူတဉာဏ်ဖြင့် မြင်၏။ သာယံ၊ ထို သို့ မြင် ခြင်း သည်။ သမ္မာဒိဋ္ဌိ၊ ကောင်းမြတ်သော သမ္မာဒိဋ္ဌိမြင်ခြင်း မည်သည်။ ဟောတိ၊ ဖြစ်၏။ သမ္မာ၊ ကောင်းစွာ။ ပဿံ-ပဿန္တော၊ မြင်သောသူသည်။ ဝိညာဏ သ္မိံ၊ စိတ်ဟူသောဝိညာဏ်၌။ နိဗ္ဗိန္ဒတိ၊ ဘေးဟုထင်၍ ငြီးငွေ့သောဉာဏ် ဖြစ်သည်သာတည်း။

ဝိညာဏ်ကို အနိစ္စ, ဒုက္ခ, အနတ္တဖြစ်အောင် ရှုက သမ္မာဒိဋ္ဌိဉာဏ် မည်၏၊ သမ္မာဒိဋ္ဌိဉာဏ်ကိုရသောသူမှ နိဗ္ဗိန္ဒဉာဏ် စသည်ရ၏။

ဝိညာဏ်သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ၊ ထို့ကြောင့် ဝိညာဏ်ကို အတိတ်,အနာဂတ်,ပစ္စုပ္ပန်၌ မစွဲ လမ်းရာ၊ ငါ,ငါ၏ဥစ္စာ,ငါ၏ကိုယ်-ဟု မရှုပွားရာ၊ တဏှာ, မာန, ဒိဋ္ဌိ တို့ဖြင့် မစွဲလမ်းရာ၊ ဆန္ဒ, ရာဂ အ မြစ် ပြတ် ဖို့ လို ပေ ၏၊ ဝိညာဏ် တည်းဟူသောဇာတိဖြစ်က ဇရာ,မရဏစသည် ဖြစ်ပေါ်လာတတ်၏။

မော ဟ တည်း ဟူသော အ မိုက် တိုက် ၌ ဆန္ဒ, ရာဂတည်းဟူသော လက်ဖြင့် ကြေးတုံး,ကျောက်တုံးကို ရွှေတုံးမှတ်၍ဆွဲယူသူနှင့် ပုထုဇဉ် များ တူလှပေ၏။

## ဓမ္မိယ စိတ္တဝဂ်

ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုနိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။
ဝါရိဇောဝ ထလေ ခိတ္တော၊ ဩကမောကတ ဥဗ္ဘတော၊
ပရိဖန္ဒတိဒံ စိတ္တံ၊ မာရဓေယျံ ပဟာတဝေ။

ဖန္ဒနံ၊ ရူပါရုံစသည်၌တုန်လှုပ်သော။ စပလံ၊ တခုခုသောဣရိယာ ပုထ်၌ မတည်သည်ဖြစ်၍ ရွာသူသားငယ်ပမာတုန်လှုပ်ထသော။ ဒုရက္ခံ၊ စပါးကိုခိုးစားသောနွားကဲ့သို့ တခုခုလျောက်ပတ်သောအာရုံ၌ စောင့် ရှောက်နိုင်ခဲထသော။ ဒုနိဝါရယံ၊ ဝိသဘာဂအာရုံသို့ သွားသည်ကို တားမြစ်နိုင်ခဲထသော။ စိတ္တံ၊ ဘုံဝတ္ထုအာရုံ ကိ ရိ ယာ စ သည် ဖြင့်

ဆန်းကြယ်သောစိတ်ကို။ မေဓာဝီ၊ သံသရာဘေး ရှုခါတွေးသော ယောဂီသည်။ ဥဇုံ၊ ဓုတင် ၁၃ သည်ဖြင့် သစ်သားကိုအခွံခွာသကဲ့သို့ ကိလေသာကင်းသည်ကိုပြု၍ သဒ္ဓါ အစေး ဖြင့် စိုစေပြီး ကာယ,စေတသိက,ဝီရိယမီးကင်ခါ သမထ,ဝိပဿနာပြွန်ဖြင့် ညှစ် ထုတ် လျက်။ ကရောတိ၊ ဖြောင့်ခြင်း, အဆိပ်မရှိခြင်းဖြင့် အဝိဇ္ဇာဥခွံခွာ၍ လောကုတ္တရာတရားကို ရအောင်ပြု၏။ ယထာ၊ ဥပမာပုံဆို အဘယ်လိုနည်းဟူမူကား။ ဥသုကာရော၊ လိမ္မာဘိကြွား မြားသမားသည်။ တေဇနံ၊ ကွေ့ ကွေ့ ကောက် ကောက် လိုရာမရောက်နိုင်သောမြားကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရောတိဣဝ၊ စိတ် ထင် တိုင်း ပေါက် ဖြောင့် ဖြောင့်တန်းတန်း လိုရာရောက်အောင် ပြုလုပ်သကဲ့သို့ပါပေတည်း။

ဩကမောကတော၊ ရေတည်းဟူသောတည်ရာဌာနမှ။ ဥဗ္ဘတော၊ ထုတ်ဆောင်အပ်သည်ဖြစ်၍။ ထလေ၊ ဟာလာဟင်းလင်း ကြည်းကုန်းအခင်း၌။ ခိတ္တော၊ ပစ်ထားအပ်သော။ ဝါရိဇော၊ ရေ၌ကျက်စားငါးသတ္တဝါသည်။ ပရိဖန္ဒတိဣဝ၊ ရေကိုအောက်မေ့ တဆွေ့ဆွေ့ခုန်တုန့်တုန့်လူးလူးရှိသကဲ့သို့။ တထာ၊ ထို့အတူ။ ဣဒံစိတ္တံ၊ ကာမဂုဏ်၌ မွေ့ခုန်ပျော်ပါး ကျက်စားနေကျဖြစ်သော ဤစိတ်သည်။ ဝါ၊ ဤစိတ်ကို။ တဒေတာ၊ ထိုကာမဂုဏ်တရားမှ။ ဥဒ္ဓရိတွာ၊ ထုတ်နုတ်၍။ မာရဓေယျံ၊ ကိလေသာမာရ်၏ အရာတည်းဟူသောဝဋ်ကို။ ပဟာတဝေ၊ ပယ်ဖျက်ခြင်းငှာ။ ကမ္မဋ္ဌာနေ၊ ကမ္မဋ္ဌာန်း၌။ ခိတ္တံ၊ ချထားအပ်သည်ရှိသော်။ ပရိဖန္ဒတိ၊ တလွန့်လွန့်တုန်ခါလှုပ်တော့သည်သာတည်း။

ဤဒေသနာတော်ကို ဘုရားရှင်သည် စာလိယတောင်၌ နေတော်မူစဉ် သရက်တော၌ တရားအားထုတ်နေသော အရှင်မေဃိယအား ရှေးမင်းဘဝ၌ မောင်းမမိဿံ ခြွေရံပရိသတ်၌ ခံစားဖူးခြင်း ကာမဝိတက်, လူတို့အား မင်းဒဏ်သင့်စေခြင်း ဗျာပါဒဝိတက်,အကျဉ်းသားကိုနှိပ်စက်ခြင်း ဝိဟိံသဝိတက်များကိုသာ ပွားများနေ၍–

ကလျာဏမိတ္တ၊ ကျင့်သီလနှင့်၊ အပ္ပိစ္ဆတာ၊ ဝီရိယာ၊ ပညာ မေဃိယ–

ဟူသည်နှင့်အညီ ဟောတော်မူ၍ သောတာပန် ဖြစ်သည်။

(အင်္ဂုတ္တရနဝကနိပါတ်၊ ဥဒါန်းပါဠိတော် စသည်တို့၌ လာ၏။ အကျယ်ကို ဥဒါန်းအဋ္ဌကထာ၌ ရှုအပ်၏)။

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထ ကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

ဒုန္နိဂ္ဂဟဿ၊ လွယ်လွယ်ကူကူမဟုတ် ငြိုငြင်နှိပ်စက်တတ်သော။ လဟုနော၊ ဘယ်တရားနှင့်မတူ လျင်မြန်စွာ ဖြစ်ချုပ်ခြင်း ရှိထသော။ ယတ္ထ ကာမနိပါတိနော၊ မျိုးနွယ် နိမ့်မြင့် သင့်–မသင့်ကို မချင့် တွက်တတ် အမှတ်မရှိသော ကာမဂုဏ်၌ ကျလေ့ရှိထသော။ စိတ္တဿ၊ ကြမ်းတမ်း လှစွာ စိတ်ဆိုး စိတ်ယုတ်မာကို။ ဒမထော၊ လေးပါးသော အရိယာ မဂ်တို့ဖြင့် အဆိပ်မရှိအောင် ပြုခြင်းသည်။ သာဓု၊ ကောင်းပါ၏။ ဒန္တံ၊ အရိယာမဂ်တို့ဖြင့် ဆုံးမ၍ ယဉ်ကျေးပြီးသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ ပရမတ္ထအစစ်အမှန် မဂ်ဖိုလ်သုခကို ဆောင်တော့သည်သာတည်း။

ဤဒေသနာတော်ကို ဘုရားရှင်သည်သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မထင်ရှားသော ရဟန်းတပါးကိုအကြောင်းပြု၍ ဟောတော်မူ၏။

ကောသလမင်း၏ တိုင်းနိုင်ငံ၌ တောင်ခြေရင်းတွင် တခဲနက် စည်ကားသော ရွာတရွာရှိ၏၊ ခြောက်ကျိပ်မျှသော ရဟန်းတို့ကို မာတိကာမည်သော ဒါယိကာမကြီးသည် ခေါင်းဆောင်ပြုကာ ပစ္စည်းလေးပါးဖြင့် ကိုးကွယ်၏။

ထိုရဟန်းတို့သည် ဤဒါယိကာမကြီးကို ငါတို့ မှီ၍ ဘဝမှ လွတ်အောင် ပြုကြကုန်အံ့၊ ငါတို့အတွက် ငရဲကြီး ရှစ်ထပ် တံခါးဖွင့်ထားသည်။

အမှာကဥ္စ သကဂေဟံဝိယ အဌမဟာနိရယာ ဝိဝဋ္ဋဒွါရာယေဝ။

ဟိသစ္စံ၊ မှန်၏။ အမှာကံ၊ ငါပုထုဇဉ်တို့အား။ သကဂေဟံဝိယ၊ ကိုယ်ပိုင် အိမ်ကဲ့သို့။ အဌမဟာနိရယာ၊ ငရဲကြီး ရှစ်ထပ်တို့သည်။ ဝိဝဋ္ဋဒွါရာယေဝ၊ ဟာလာဟင်းလင်း တံခါးဖွင့်ထားသည်သာတည်း။

အကြောင်းမရှိက နှစ်ပါးအတူ မနေနှင့်၊ အကြောင်းရှိက ခေါင်းလောင်းထိုးပြီး ကူညီကြစတမ်းဟု ကတိကဝတ်ပြု၍ နေကြကုန်၏။

တနေ့သ၌ ၎င်း ဒါယိကာမကြီးသည် နောက်ပါတို့နှင့် တကွ သကာတင်လဲများ ယူကာလာ၏၊ ရဟန်းတပါး ခေါင်းလောင်းထိုး၍ ရဟန်းတို့သည် တပါးစီ မိမိနေရာမှ ကြွလာကြ၏၊ ဒါယိကာမကြီးသည် ခိုက်ရန်ဖြစ်နေကြသည်ထင်၍ မေး၏၊ ရဟန်းတို့က မဟုတ်၊ ဒွတ္တိံသကမ္မဋ္ဌာန်းကို အားထုတ်နေကြ၏၊ ခယဝယကို ဖြစ်စေကြ၏–ဟု မိန့်တော်မူကြ၏။

ဒါယိကာမကြီးက ၎င်းဒွတ္တိံသကမ္မဋ္ဌာန်းကို လူများ အားမထုတ်ရပါလားဟု လျှောက်၏၊တကာမကြီး ၎င်း ဒွတ္တိံသကမ္မဋ္ဌာန်းကိုလူမကျင့်ရဟု ဘုရားရှင်ကား မတားမြစ်ပါဟု ပြောကြ၏၊ ၎င်း ဒါယိကာမကြီးသည် ၎င်းဒွတ္တိံသကမ္မဋ္ဌာန်းကို သင်ယူ၍ မကြာမီ အနာဂါမ် ဖြစ်သည်၊ ပဋိသမ္ဘိဒါလေးပါး လောကီ အဘိညာဏ်များကို ရသည်။

၎င်း ဒါယိကာမကြီးသည် ဤရဟန်းတို့ကား ရဟန္တာဖြစ်နိုင်မလားဟု ကြည့်ရာ အာဟာရသပ္ပါယ လိုနေသည်ကိုမြင်၍ ပြည့်စုံအောင် ကပ်လှူ၏၊ အာဟာရမျှတ၍ ၎င်း ရဟန်းတို့သည် ပဋိသမ္ဘိဒါ လေးပါးတို့နှင့် တကွ ရဟန္တာဖြစ်ကြသည်၊ ဒါယိကာမကြီးကိုလည်း ကျေးဇူးတင်ကြသည်၊ သီတင်းကျွတ်၍ ဘုရားရှင်ထံတော်သို့ ရောက်သောအခါကျေးဇူးတင်စကား လျှောက်ကြားကြသည်။

၎င်းစကားတို့ကို ကြား၍ ရဟန်းတပါးသည် ၎င်းနေရာသို့ သွား၏၊ ၎င်းရဟန်းသည် ငါရောက်နေ၏၊ ၎င်းဒါယိကာမကြီးအား ကျောင်းကိုလာ၍ သုတ်သင်ရန် လူလွှတ်၏၊ ဆွမ်းလာ၍ပို့က ကောင်းမည်ဟု စိတ်ကူး

စဉ် ဆွမ်းလာ၍ပို့၏၊အဖျော်ရည်လာ၍ပို့က ကောင်းမှာပဲဟု စိတ်ကူးစဉ် အဖျော်ရည်ပို့ရန် လွှတ်၏၊ဒါယိကာမကြီးလာမှ ကောင်းမှာပဲဟုစိတ်ကူး စဉ် ဒါယိကာမကြီး ရောက်လာသည်။

ထိုအခါ ၎င်းရဟန်းသည် ဤဒါယိကာမကြီးကား သူတပါး၏စိတ်ကို သိ၏၊ ပုထုဇဉ်တို့မည်သည် တင့်တယ် မတင့်တယ်သည်ကို စိတ်ကူး တတ်၏။

ပုထုဇ္ဇနာနာမ သောဘဏံပိ အသောဘဏံပိ စိန္တေန္တိ။

ပုထုဇ္ဇနာနာမ၊ ပုထုဇဉ်တို့မည်သည်ကား။ သောဘဏံပိ၊ တင့်တယ်သည်ကို လည်းကောင်း။ အသောဘဏံပိ၊ မတင့်တယ်သည်ကိုလည်း ကောင်း။ စိန္တေန္တိ၊ ကြံစည်တတ်ကုန်၏။

ဤဒါယိကာမကြီးသည် ငါ၏ စိတ်ကို သိလိမ့်မည်ဟု ၎င်းနေရာမှ ထွက်ပြေး၏၊ ၎င်းရဟန်းသည် ဘုရားရှင်ထံတော်သို့ရောက်၍ ၎င်း ဒါယိ ကာမကြီးသည် သူတပါးစိတ်ကို သိ၏၊ ခိုးထုပ်နှင့်တကွ ဖမ်းမိသောသူခိုး နှင့်တူမှာကြောက်၍ ထွက်ပြေးလာပါသည်ဟု လျှောက်လေလျှင် ဘုရား ရှင်သည် ဤဒုန္နိဂ္ဂဟဿ လဟုနော စသောဒေသနာတော်ကို ဟောတော် မူ၏။

ဘုရားရှင်သည် ၎င်းရဟန်းအား တစုံတခုကိုမျှ စိတ်မကူးနှင့်ဟုဆုံးမ ဩဝါဒပေး၍ ပြန်လွှတ်သည်၊ဒါယိကာမကြီးကလည်းသိသည်၊ကောင်း စွာ လုပ်ကျွေးသည်၊ ၎င်းရဟန်းသည် ရဟန္တာဖြစ်သည်၊ဒါယိကာမကြီး အား ကျေးဇူးတင်သည်၊ အတိတ်ကိုတွေးရာ ကိုးဆယ့်ကိုးဘဝပတ်လုံး ခင်ပွန်းလင်မယားဖြစ်၍ ဤဒါယိကာမကြီးသည် သူတပါး၌ တပ်နှစ် သက်သောစိတ်ရှိသည်ဖြစ်၍ ငါ့ကိုသတ်ဖူးသည်ဟု ရဟန်းရော ဒါယိကာ မကြီးနှင့်တကွ သိကြသည်။

နောက် ၎င်းရဟန်းသည် ၎င်းကျောင်း၌ပင် ပရိနိဗ္ဗာန် ပြုသည်၊ ကိုးဆယ့်ကိုးဇာတ်၊ ယောက်ကျားသတ်၊ အကျွတ်မဂ်ဖိုလ်ဝင်။

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထ ကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

သုဒုဒ္ဒသံ၊ ရုပ်တရားမဟုတ်၍ အလွန်မြင်နိုင်ခဲထသော။ သုနိပုဏံ၊ နာမ်တရားဖြစ်၍ သိမ်မွေ့ထသော။ ယတ္ထကာမနိပါတိနံ မျိုးနွယ်နိမ့်မြင့် သင့်မသင့်ကို မချင့်တွက်တတ် အမှတ်မရှိသော ကာမဂုဏ်၌ ကျလေ့ရှိထသော။ စိတ္တံ၊ ဆန်းကြယ်လှသည့် စိတ်နာမ်တရားကို။ မေဓာဝီ၊ ပညာရှိသည်။ ရက္ခေထ၊ ကာမဂုဏ်တရား ရောက်မသွားအောင် စောင့်ရှောက်ရာ၏။ ဂုတ္တံ၊ လောကီအာရုံ ကာမဂုဏ်မှ လုံခြုံသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ လူနတ်နိဗ္ဗာန်အကျိုး အတန်တန်ကိုရစေသည်ဖြစ်၍ချမ်းသာကို ဆောင်တော့သည်သာတည်း။

ဤဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သာသနာတော်၌ ပျင်းရိငြီးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

သဌေးသားတယောက်သည် ဆွမ်းခံကြွလာသောရဟန်းတပါးအား သံသရာမှ လွတ်ကြောင်းတရားကို ဟောတော်မူပါဟု လျှောက်၏၊ ထိုရဟန်းက–

သလာကဘတ္တံ ဒေဟိ၊ စာရေးတံဆွမ်းကို လှူပါ။

ပက္ခိကဘတ္တံ ဒေဟိ၊ လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူအပ်သော ဆွမ်းကို လှူပါ။

ဝဿာဝါသိကံ ဒေဟိ၊ ဝါဆိုသင်္ကန်း လှူပါ။

စီဝရာဒယော ပစ္စယေ ဒေဟိ၊ သင်္ကန်းစသော ပစ္စည်းတို့ကို လှူပါ။

ပစ္စည်းများကို သုံးပုံ ပုံ၍ တပုံကို ရောင်းဝယ်ခြင်းစသည်ပြု၊ တပုံကို သားမယားကို ကျွေးမွေး၊ တပုံကို လှူပါ-ဟု မိန့်တော်မူ၍ ၎င်းအလှူတို့ကို လှူပြီးနောက် ထိုထက်ကောင်းသော ကုသိုလ်တရားတို့ကို ပေး၍ သရဏဂုံ ဆောက်တည်, ငါးပါးသီလ ဆောက်တည်, ဆယ်ပါးသီလ

ဆောက်တည်စေ၍ သဒ္ဓေးသားသည်ဆောက်တည်သဖြင့် အနုပုဗ္ဗသဒ္ဓေး သား ခေါ်ကြ၏။

ထိုထက်သာလွန်သော ကုသိုလ်တရားတို့ကို မေး၍ ရဟန်းပြုစေပြီး အဘိဓမ္မာတရားကို ဟောကြား၏၊ ဤအမှုကိုပြုအပ်,မပြုအပ် စသည်ဖြင့် ဝိနည်းတရားကို ဟောတော်မူ၏။

သဒ္ဓေးသား ရဟန်းသည် ဤသာသနာတော်၌ ဝန်လေးလှ၏ဟု လူထွက်လို၏၊ ထိုအခါ ဘုရားရှင်က စိတ်တခုတည်းကိုသာ ထိန်းပါဟု ဤဒေသနာတော်ကို ဟောတော်မူလေသည်။

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ မောက္ခန္တိ၊ မာရဗန္ဓနာ။

ဒူရင်္ဂမံ၊ ပင့်ကူအိမ်၌ ပင့်ကူပမာ ဝေးသောအာရုံသို့လည်းသွားတတ် သော။ ဧကစရံ၊ များစွာသောစိတ်တို့သည် တခုသောခဏ၌ ဖြစ်သည် ချုပ်သည်မရှိ တခုသောစိတ်သည်သာဖြစ်ချုပ်ခြင်းရှိသည်ဖြစ်၍။အဖော် မမှီး တခုတည်းလည်း ဖြစ်ထသော။ အသရီရံ၊ ပုံသဏ္ဌာန် အညိုစသည် အဆင်းလည်း မရှိသော။ ဂုဟာသယံ၊ လေးပါးသော မဟာဘုတ် တည်းဟူသော ဟဒယဝတ္ထုတည်ရာ လိုဏ်ဂူလည်းရှိထသော။စိတ္တံ၊ကိလေ သာဖြစ်ခြင်းငှါ မပေးသင့်သော စိတ်ကို။ ယေ၊ အကြင် ယောကျ်ား မိန်းမ လူရဟန်းတို့သည်။ သံယမေဿန္တိ၊ မပျံ့လွင့်အောင် စောင့်စည်း ကုန်၏။ တေ၊ ထိုသူတို့သည်။မာရဗန္ဓနာ၊ကိလေသာမာရ်မင်း၏အနှောင် အဖွဲ့မှ။ မောက္ခန္တိ၊ လွတ်ကြကုန်တော့သည်သာတည်း။

ပဥ္စင်းငယ်တပါးသည် ဦးလေး ဘုန်းကြီးကို ယပ်ခပ်ပေး၏၊ သင်္ကန်း တစုံရသည်နှင့် ပတ်သက်၍ သင်္ကန်းကိုရောင်းမည်၊ ဆိတ်မတကောင်ဝယ် မည်၊ ကလေးများ မွေးပြီးနောက် ရောင်း၍ နွားမတကောင် ဝယ်မည်၊ ကလေးများ မွေးပြီးလျှင် ရောင်းမည်၊ ငွေကြေးများ ရက မိန်းမ တယောက်ယူမည်၊ ကလေးမွေး၍ ကလေးပါ မိန်းမနှင့်တင်၍ ဆရာ

ဥပဇ္ဈာယ်ကို လာ၍ ကန်တော့မည်၊ ကလေး လမ်းပေါ်သို့ကျ၍ မိန်းမကို ရိုက်မည်ဟု စိတ်ကူးစဉ် ယပ်တောင်ဖြင့် ဆရာဥပဇ္ဈာယ်ခေါင်းကိုခေါက်မိလေ၏။

ဆရာ ဥပဇ္ဈာယ်က ပဥ္စင်းငယ်- မင်း၏မိန်းမကို မရိုက်ပဲနှင့် ငါ့အား အဘယ်ကြောင့် ရိုက်သနည်း-ဟု ပြောလေလျှင် ပဥ္စင်းငယ်သည် ရှက်နိုးသည်ဖြစ်၍ ထပြေးမည်ပြုစဉ် ဆရာ ဥပဇ္ဈာယ်က သင်္ကန်းစွန်းကို ဆွဲထားရသည်။

ဤ အကြောင်းအရာနှင့် ပတ်သက်၍ ဘုရားရှင်သည် ဤ ဒူရင်္ဂမံ စသော ဒေသနာတော်ကိုပင် ဟောတော်မူလေသည်။

အနဝဋ္ဌိတစိတ္တဿ၊ သဒ္ဓမ္မမဝိဇာနတော။
ပရိပ္လဝပသာဒဿ၊ ပညာ နပရိပူရတိ။
အနဝဿုတ စိတ္တဿ၊ အနန္វာဟတ စေတသော။
ပုညပါပ ပဟီနဿ၊ နတ္ထိ ဇာဂရတော ဘယံ။

အနဝဋ္ဌိတစိတ္တဿ၊ မြင်းကျောက်ကုန်းပေါ်၌ ရွှေဖရုံသီး၊ ဖွဲပုံ၌စိုက်အပ်သော တိုင်၊ ဆံပင်မရှိ ခေါင်း၌စိုက်အပ်သော ထိန်ပန်းပမာ တခါတလေ ဗုဒ္ဓ၏တပည့်သား၊ တခါတလေ အာဇီဝက၊တခါတလေ နိဂဏ္ဌ၊ တခါတလေ ရသေ့ဖြစ်၍ မရပ်မတည်လည်သော စိတ်ရှိသော။ သဒ္ဓမ္မံ၊ သုံးဆယ့်ခုနစ်ပါးအပြားရှိသော ဗောဓိပက္ခိယတရားကို။အဝိဇာနတော၊ မသိသော။ ပရိပ္လဝပသာဒဿ၊ နည်းသောသဒ္ဓါတရားရှိထသော။ ပုဂ္ဂလဿ၊မည်သူမဆို အကြင်ပုဂ္ဂိုလ်အား။ ပညာ၊ကာမ ရူပ အရူပ လောကုတ္တရာ ပညာသည်။ နပရိပူရတိ၊ သံသရာမှ လွတ်ရေးအတွက် တကယ်ပင် မပြည့်ဖြိုးသည်သာတည်း။

အနဝဿုတ စိတ္တဿ၊ ရာဂတည်းဟူသော မိုးသည် မစွတ်သောစိတ်ရှိသော။ အနန္វာဟတစေတသော၊ ဒေါသသည် မဖျက်ဆီးအပ်သော စိတ်ရှိထသော။ ပုညပါပဟီနဿ၊အရဟတ္တမဂ်ဖြင့် ပယ်အပ်သောကုသိုလ် အကုသိုလ်ရှိသော။ ဇာဂရတော၊ သဒ္ဓါ သီလ သုတ စာဂ ပညာ တရား

ငါးပါးတည်းဟူသော နှိုးကြားခြင်းရှိသော ရဟန္တာပုဂ္ဂိုလ်အား။ဘယံ၊ ကိလေသာဘေးသည်။ နတ္ထိ၊ မရှိသည်သာတည်း။

ဤဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ နေတော်မူစဉ် စိတ္တဟတ္ထထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်။

သာဝတ္ထိပြည်သား လယ်သမားတယောက်သည် လယ်လုပ်ကုန်သွယ်ခြင်း၌ ပျင်းရိ၍ ရဟန်းဘဝ၌ ကောင်းစွာစားသုံးရသည်ဟု ရဟန်းပြု၏၊ လူ့ဘဝကို တောင့်တပြန်၍ ခြောက်ကြိမ် လူထွက်၏၊ နောက်သူ၏မယားသည် ကိုယ်ဝန်ရှိစဉ် ကိုးယိုးကားယားအိပ်နေ၍ အနိစ္စ, ဒုက္ခ, အနတ္တ ထင်ကာ ရဟန်းပြုရန် ကျောင်းသို့သွားစဉ် လမ်းမှာ သောတာပန် ဖြစ်သည်၊ ရဟန်းတို့က အတော်ကြာ လူထွက်မှာပဲဟု ပြောကြ၏၊ နောက်–ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်သည်၊ ရဟန်းတို့က စိတ္တဟတ္ထ ယခုတခါကား လူမထွက်သည်မှာ အတော်ကြာပြီဟု ပြောကြရာ သံယောဇဉ်ပြတ်၍ မထွက်တော့ပေဟု လျှောက်၏၊ ရဟန်းတို့က ဘုရားရှင်အား ဤစိတ္တဟတ္ထထေရ်သည် ရဟန္တာ မဟုတ်ပဲ ရဟန္တာဟု ဝန်ခံနေကြောင်းကို လျှောက်ထား၍ ဤအနဝဋ္ဌိတ စိတ္တဿ–ဟူသော ဒေသနာတော်ကို ဟောတော်မူလေသည်။

ထိုနောက် ရဟန်းတို့က ကိလေသာဟူသည် ဝန်လေးသည်၊ ရဟန္တာဖြစ်မည့်သူပင်လျှင် ခြောက်ကြိမ် လူထွက်ရသည်ဟု လျှောက်ကြ၍ အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

> ဝေမေဝ ဘိက္ခဝေ ကိလေသာနာမ ဘာရိယာ၊ သစေ ဧတေ ရူပိနော ဟုတွာ ကတ္ထစိ ပက္ခိပိတုံ သက္ကာ ဘဝေယျုံ၊ စက္ကဝါဠံ အတိသမ္ဗာဓံ၊ ဗြဟ္မလောကော အတိနီစကောတိ ဩကာသော နေသံ န ဘဝေယျ၊ မာဒိသမ္ပိနာမေတေ ပညာ သမ္ပန္နံ ပုရိသာဇာနေယျံ အာလောဠေတွာ အဝသေသေသု ကာကထာတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေမေဝ၊ ဤအတူသာလျှင်။ ကိလေသာနာမ၊ လောဘစသော ကိလေသာတို့မည်သည်ကား။ ဘာရိယာ၊ ဝန်လေးကုန်၏။ သစေ၊ အကယ်၍။ တေ၊ ထိုကိလေသာတို့သည်။ ရူပိနော၊ ရုပ်တုံးအစိုင်အခဲတို့သည်။ ဟုတွာ၊ ဖြစ်၍။ ကတ္ထစိပိ၊ တခုသောခွက်စသည်၌လည်း။ ပက္ခိပိတုံ၊ ထည့်ခြင်းငှာ။ သက္ကာ၊ တတ်ကောင်းသည်။ ဘဝေယျုံ၊ ဖြစ်ကုန်ငြားအံ့။ စက္ကဝါဠံ၊ စကြဝဠာတံတိုင်းသည်။ အတိသမ္ဗာဓံ၊ အလွန် ကျဉ်းမြောင်း၏။ ဗြဟ္မလောကော၊ ဗြဟ္မာပြည်သည်။ အတိနီစကော၊ အလွန်နိမ့်၏။ ဣတိ၊ ဤသို့။ နေသံ၊ ထိုကိလေသာတို့အား။ ဩကာသော၊ နေရာသည်။ န ဘဝေယျ၊ မဖြစ်ရာ။ တေ၊ ထိုကိလေသာတို့သည်။ မာဒိသမ္ပိနာမ၊ ငါကဲ့သို့သော သူမည်သော။ ပညာသမ္ပန္နံ၊ ပညာနှင့်ပြည့်စုံသော။ ပုရိသာဇာနေယျံ၊ ယောကျ်ားအာဇာနည်ကို။ အာလောဠေန္တိ၊ ချောက်ချားစေကုန်၏။ အဝသေသေသု၊ ကြွင်းကုန်သော ပုဂ္ဂိုလ်တို့၌။ ကာကထာ၊ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ရှေးအတိတ်အခါက ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ် မင်း သည် မင်းပြုစဉ် ကုဒ္ဒါလပဏ္ဍိတသည် ရသေ့ပြုနေ၏၊ အိမ်မှာကျန်ရစ်သော ပြောင်းဖူးမျိုးစေ့ တကွမ်းစားနှင့် တုံး သော ပေါက်တူး ကို မြင်၍ ခြောက်ကြိမ် လူထွက်ကာ လုပ်စားဖူး၏။

ခုနစ်ကြိမ်မြောက်၌ ဤပေါက်တူးကိုမြင်က လူထွက်ချင်၏၊ မမြင်က လူထွက်ချင်မှာမဟုတ်ဟု ဂင်္ဂါမြစ်ထဲမှာ လွှင့်ပစ်၍ "ဇိတံ မေ" ငါသည် အောင်ပြီဟု သုံးခါ ကြွေး ကြော် ၏၊ မင်း က ကြား ၍ အ ဘယ် ကို အောင်သနည်းဟု မေးရာ သင်ကား ဗာ ဟိ ရ သူ ခိုး ဒ မြ ကို နိုင်၏၊ ငါကား အဇ္ဈတ္တိက လောဘ,ဒေါသ စသော အတွင်းသူခိုးဒမြတို့ကို နိုင်၏ဟု ပေါက်တူးကို မြစ်ထဲသို့ ချပစ်ကြောင်းကို ပြော၏။

န တံ ဇိတံ သာဓု ဇိတံ၊ ယံ ဇိတံ အဝဇီယတိ။
တံ ခေါ ဇိတံ သာဓု ဇိတံ၊ ယံ ဇိတံ နာဝဇီယတိ။

မဟာရာဇ၊ အို-မင်းမြတ်။ ယံဇိတံ၊ အကြင် အောင်ခြင်းသည်။ အဝဇီယတိ၊ ယုတ်သော အား ဖြင့် အောင် ၏။ ဝါ၊ အ ပ ရန် ကို အောင်၏။ တံ ဇိတံ၊ ထိုအောင်ခြင်းသည်။ န သာဓု ဇိတံ၊ ကောင်း သော အောင် ခြင်း မ မည်။ ယံ ဇိတံ၊ အကြင် အောင် ခြင်း သည်။ နာဝဇီယတိ၊ မယုတ်သောအားဖြင့် အောင်၏။ ဝါ၊ အတွင်းရန်သူကို အောင်၏။ ခေါ၊ စင်စစ်။ တံ ဇိတံ၊ ထိုအောင်ခြင်းသည်။ သာဓု ဇိတံ၊ ကောင်းသောအောင်ခြင်းမည်သည်သာတည်း။

ထိုခဏ၌ ထိုရသေ့သည် အာပေါကသိုဏ်းကို စီးဖြန်း၍ ဈာန်ဖြင့် ကောင်းကင်ပေါ်မှာ နေ၏၊ မင်းလည်း ဗိုလ်ပါပရိသတ်တို့နှင့် ရသေ့ ပြု၏၊ ပရိသတ်ကား တယူဇနာမျှ ရှိ၏၊ နောက်-ခု နစ် ပြည် ထောင် မင်းတို့ ပရိသတ်နှင့် လာ၍ ရသေ့ ပြုကြ၏၊ နောက်-ဘု ရား လောင်း ရသေ့လည်း ဗြဟ္မာပြည် ရောက်လေ သည်။

ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ၊
နဂရူပမံ စိတ္တမိဒံ ထပေတွာ။
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသိနော သိယာ။

ဣမံကာယံ၊ အသား,အသွေး,အရေတို့ဖြင့် စု ပေါင်း ထား သော ဤကိုယ်ကောင်ကို။ ကုမ္ဘူပမံ၊ အိုးနှင့်တူစွာ မကြာမရှည် ပျက်တတ် သည်ဟူ၍။ ဝိဒိတွာ၊ ပညာစက္ခု ဉာဏ်ဖြင့်ရှုခါ သိပြီးပါ၍။ နဂ ရူပမံ၊ ရန်သူမဝင်နိုင် ကြံ့ခိုင်ပြီးစီး မြို့ကြီးသဖွယ်ဖြစ်သော။ ဣဒံစိတ္တံ၊ ရုပ်နာမ်ရှုခါ ဤဝိပဿနာစိတ်ကို။ ထပေတွာ၊ ပညာ ရှေ့ ထား ခါ ဖြစ်စေပါ၍။ ပညာဝုဓေန၊ ပညာတည်းဟူသော လက်နက်မျိုးစုံဖြင့်။ မာရံ၊ လောဘ စသော ကိလေသာမာရ် ကိုယ်တွင်းရန်ကို။ ယော ဓေထ၊ တိုက်ထုတ်ကြပါကုန်လော။ ဇိတဉ္စ၊ ဖြစ်စေအပ်သော တရုဏ ဝိပဿနာကိုလည်း။ ရက္ခေ-ရက္ခေယျ၊ အပါယ်လွတ်ရေး နိဗ္ဗာန် တွေး ခါ စောင့် ရှောက် ရာ ၏။ အနိဝေသိနော၊ လောကီ ဈာန်

အဘိညာဏ်ချမ်းသာ အတန်တန်၌ သာယာငြိကပ်ခြင်းသည်လည်း။ နေ့သိယာ၊ နိဗ္ဗာန်အတွက် အန္တရာယ်အချက်အလက် ဖြစ်သ ဖြင့် မကပ်ငြိစေရာသတည်း။

ဤဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌နေတော်မူစဉ် တရားအားထုတ်သောရဟန်းတို့ကိုအကြောင်းပြု၍ ဟောတော်မူ၏။

ရဟန်းငါးရာတို့သည် တရားအားထုတ်ရန် တောသို့ ရောက်လာကြ၏။ နတ်တို့သည် ထိုရဟန်းတို့ပြေးအောင် အမျိုးမျိုးသောရုပ်၊ အမျိုးမျိုးသောအသံတို့ဖြင့် ခြောက်လှန့်ကြကုန်၏၊ မနေဝံ့ကြ၍ ပြန်လာပြီး ဘုရားရှင်အား အကြောင်းကို လျှောက်ကြ၏၊ ဘုရားရှင်က မေတ္တာသုတ်လက်နက်ပေး၍ ပြန်လာကြပြီး ၎င်းတော၌မေတ္တာပို့ကြ၏၊ ထိုအခါ နတ်တို့သည် ထိုရဟန်းတို့အား ခရီးဦးကြိုဆိုခြင်း စသော ဝေယျာဝစ္စပြုကြ၍ စိတ်ချမ်းသာကာ တရားအားထုတ်ကြ၏၊ ထိုအခါ ဘုရားရှင်သည် ဤကုမ္ဘူပမံစသော ဒေသနာတော်ကို ဟောတော်မူလေသည်။

အစိရံဝတ ယံ ကာယော၊ ပထဝိံ အဓိသေဿတိ။
ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။

အယံ ကာယော၊ အလျားတလံ အနံတထွာ ကေသာအစ ဒွတ္တိံသ အစုဖြစ်သော ဤကိုယ်ကောင်သည်။ ဆုဒ္ဓေါ၊ ရက်ရက်စက်စက် မငဲ့မညှာ မြေပထဗျာ၌ စွန့်ပစ်အပ်သည်ဖြစ်၍။ အပေတဝိညာဏော၊ လောဘစသော နာမ်ဝိညာဏ်သဘော ကင်းသည် ဖြစ်၍။ နိရတ္ထံ၊ လောကီရေးရာ လောကုတ္တရာရေးရာ အဖြာဖြာနှင့် လယ်လုပ်ကုန်သွယ် အသွယ်သွယ်၌ အသုံးမကျသော။ ကလိင်္ဂရံဣဝ၊ အစည်းလိုက်အပုံလိုက် တုံးလုံးလျားလျား ချ၍ထားသော ထင်းဖွဲ့ကဲ့သို့။ အစိရံ၊ နာရီ,ရက်လ မကြာမြင့်မီ။ ပထဝိံ၊ သူကောင်မြှုပ်ရာမြေကြီး၌။ အဓိသေဿတိဝတ၊ အသုံးမကျ တုံးလုံးမျှသာ အိပ်ရလိမ့်မည်ပါတကား။

ဤဂါထာကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ နေတော်မူစဉ် ပူတိဂတ္တတိဿထေရ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်သား တိဿရဟန်းခန္ဓာမှ အနာများ ဥ သျှစ် သီး လောက်ပင် ကြီးလာ၏၊ အရိုးများပင် ကွဲ၍ပုပ်ဟောင်လာ၏၊ ပြုစုမည့် သူပင် မရှိတော့ချေ၊ ဘု ရား ရှင် ကိုယ် တိုင် ပြုစုရ၍ ဤဂါထာကို ဟောတော်မူသည်၊ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ၎င်းရဟန်း ရဟန္တာ ဖြစ်သည်၊ ဘုရားရှင်က ဤ တိဿ ရ ဟန်း သည် ကဿ ပ ဘု ရား ရှင် လက်ထက်၌ ငှက်မုဆိုးဖြစ်ဖူး၍ ဤသို့ ခန္ဓာကိုယ် ပုပ်ဟောင်ညှီနံသည်၊ ရဟန္တာတပါးကို ဆွမ်းလှူဖူး၍ ရဟန္တာ ဖြစ်သည်ဟု ဟောတော်မူ၏။

ဒိသော ဒိသံ ယံ တံ ကယိရာ၊ ဝေရီဝါ ပန ဝေရိနံ။

မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ။

ဒိသော၊ တယောက်ဘည်းသောခိုးသူဒမြသည်။ ဒိသံ၊ ရန်ဘက်ဖြစ်သောခိုးသူဒမြတယောက်ကို။ ဝါပန၊ ခိုးသူဥပမာမှတပါး ရန်သူဥပမာဖြင့် နားလည်အောင် ပြဦးအံ့။ ဝေရီ၊ ရန်ငြိုးထားတတ်သော ရန် သူ တ ယောက် သည်။ ဝေရိနံ၊ ရန် ငြိုး ထား အပ် သော ရန်သူ တယောက်ကို။ ဒိသွာ၊ လတ်တလောကာလ တွေ့ရသောခဏ၌။ ယံတံ၊ သတ်ပုတ်ညှဉ်းဆဲခြင်းစသော အကြင်အကျိုးမဲ့ကို။ ကယိရာ၊ ဤဘဝ တွင်သာ ပြုနိုင်ရာ၏။ တတော၊ ထိုအကျိုးမဲ့ကိုပြုတတ်သောရန်သူထက်။ မိစ္ဆာပဏိဟိတံ၊ မ ကောင်း သ ဖြင့် ဆောက် တည် အပ် သော။ စိတ္တံ၊ အ ကု သိုလ် စိတ် ရန် ထိပ် ပိတ် သည်။ နံ အတ္တာနံ၊ ထို မိမိကိုယ်ကို။ ပါပိယော၊ ဘဝများစွာ သံသရာ၌ ယုတ်မာလေအောင်။ ကရေ၊ ဝါသနာဘာဂီ ဆက်တိုင်းမီသဖြင့် တကယ်ပင်ပြုသည်သာတည်း။

ဤဒေသနာတော်ကို ဘုရားရှင်သည် ကောသလဇနပုဒ်၌ နန္ဒနွားကျောင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏။

အနာထပိဏ်သူကြွယ်၏ နန္ဒနွားကျောင်းသားသည် ချမ်းသာသည်၊ တနေ့သ၌ နန္ဒနွားကျောင်းသားသည် ဘုရားအမှူးရှိသော သံဃာတော်

တို့အား နှိုးဆော်ရာ လူ၏၊ တဲ ရား နာ သည် ၏ အ ဆုံး ၌ သောတာပန် ဖြစ်သည်၊ အပြန်ခရီး၌ မုဆိုးတယောက် အသတ်ခံရကြောင်း သိ၍ ဤဒေသနာတော်ကို ဟောတော်မူလေသည်။

န တံ မာတာပိတာ ကယိရာ၊ အညေ ဝါပိစ ဉာတကာ။

သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။

တံ၊ ထိုတဘာဂတည်း၌ ယောကျ်ား ဖြစ် ခြင်း, မိန်း မ ဖြစ် ခြင်း အကြောင်းကို။ မာတာဝါပိ၊ မွေး သည့် မိ ခင် ကျေး ဇူး ရှင် သည် လည်းကောင်း။ ပိတာဝါပိ၊ မွေး သည့် ဖ ခင် ကျေး ဇူး ရှင် သည် လည်းကောင်း။ အညေ၊ မိဘနှစ်ပါးမှတပါးကုန်သော။ ဉာတကာစ၊ ရပ် ဝေး ရပ် နီး အသီးသီးသော ဆွေမျိုးများတို့သည်လည်းကောင်း။ န ကယိရာ၊ ထုံး စံ မ ရှိ ပြုလည်း မပြုကုန်။ သမ္မာ၊ ကောင်းစွာ။ ပဏိဟိတံ၊ ဆောက်တည်အပ်သော။ စိတ္တံ၊ စိတ်သည်။ နံ၊ ထိုကုသိုလ် ပြုသောသူကို။ တတော၊ ထိုသို့ကုသိုလ်ပြုခြင်းကြောင့်။ သေယျသော၊ မင်္ဂ,ဖိုလ်,နိဗ္ဗာန် ဝင်စံဖို့အတွက် မြတ်သောအားဖြင့်။ ကရေ၊ ပျက်အစဉ် ပြင်ခဏ မုချအားဖြင့် ပြုတတ်သည်သာလျှင်တည်း။

ဤဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ နေတော်မူစဉ် သောရေယျသဋ္ဌေးသားကို အကြောင်းပြု၍ ဟောတော်မူ၏။

ဘုရားရှင်သည် သာဝတ္ထိပြည်၌ နေတော်မူစဉ် သောရေယျမြို့သား သောရေယျသဋ္ဌေးသားသည် အခြံအရံများနှင့် ယာဉ်စီးကာ ရေချိုး ထွက်စဉ် ရုပ်ရည်သပ္ပါယ်သော အရှင်မဟာကစ္စည်းကိုမြင်၍ ဤရဟန်း သည် ငါ၏မိန်းမဖြစ်ပါမူကား ကောင်းလေစွ၊ သို့မဟုတ်ပါမူ ငါ၏ မိန်းမသည် ဤရဟန်းကဲ့သို့ အဆင်းအင်္ဂါ လက္ခဏာနှင့်ပြည့်စုံပါမူကား ကောင်းလေစွဟု စိတ်ကူးစဉ် ယောကျ်ားဘဝမှ မိန်းမ ဖြစ်သွားသည်။

သူသည် ရှက်၍ ထွက်ပြေး၏၊ တက္ကသိုလ်ပြည်၏လမ်းခရီးအတိုင်း သွား၏၊ မိဘများက ရှာမရ၍ မ တ က ဘတ္တ ဆွမ်း လှူ ၏၊ သူသည်

တက္ကသိုလ်ပြည်သို့ လှည်းတစီးနောက်က လိုက်သွား၏၊ နောက်-လက်စွပ်တခုကို အဖိုးအခပေး၍ လိုက်သွား၏၊ နောက်-သဌေးသား တယောက်၏ မိန်းမ ဖြစ်၏။

အရှင်အာနန္ဒာ အလောင်းသည် ပဒုဒါရိကကံကိုပြု၍ ငရဲသို့ ရောက်လာ၏၊ လွတ်လာက တဆယ့်လေးဘဝ မိန်းမ ဖြစ်သည်၊ မိန်းမ များ လင်ကို ကောင်းစွာလုပ်ကျွေးက နောက်ဘဝ ယောကျ်ား ဖြစ်တတ်သည်။

သောရေယျသည် ယောကျ်ားဘဝနှင့် ကလေးနှစ်ယောက် ယခု မိန်းမဘဝနှင့် ကလေးနှစ်ယောက် ရသည်။

ထိုနောက် သောရေယျ သဌေးသား၏ မိတ်ဆွေတယောက်သည် လှည်းပေါင်းငါးရာတို့ဖြင့် တက္ကသိုလ်ပြည်သို့ ရောက်လာသည်၊ ပြူတင်း ပေါက်မှမြင်၍ ခေါ်ပြီး လုပ်ကျွေး၏၊ မိတ်ဆွေကား မမှတ်မိ၍ အကြောင်းကို ပြောပြရ၏၊ မိဘများသတင်းကို မေး၏။

နောက်-မိတ်ဆွေ၏ပြောပြချက်အရ အရှင်မဟာကစ္စည်းထေရ်ကို ဆွမ်းလှူကာ တောင်းပန်၏၊ ထိုခဏ၌ ယောကျ်ားဘဝ ပြန်၍ဖြစ်သည်၊ ရဟန်းပြု၍ သာဝတ္ထိပြည် ရောက်လာသည်၊ သူတကာတို့ အမျိုးမျိုး မေးကြသဖြင့် ရှက်နိုးကာ တပါးတည်းနေပြီး တရားအားထုတ်သဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်သည်။

သူများက ယောကျ်ားဘဝနှင့် သားနှစ်ယောက် မိန်းမဘဝနှင့် သားနှစ်ယောက်တို့တွင် ဘယ်သားများကိုပို၍ချစ်သနည်းဟု မေးကြ၍ ဘယ်သားများကိုမျှလည်းမချစ်ကြောင်းကို ပြန်ပြော၏၊ ရဟန်းများက ဤကိုယ်တော်ကား ရဟန္တာဝန်ခံသည်ဟုပြောကြ၍ ဘုရားရှင်ကလည်း ရဟန္တာဖြစ်၍ မချစ်ကြောင်းကို ဤ-နတံ မာတာ စသောဒေသနာကို ဟောတော်မူ၏။

စိတ္တာနုပဿနာသတိပဋ္ဌာန်အကြောင်းသိကောင်းစရာ ပြီးပြီ။

## (၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်အကြောင်း သိကောင်းစရာ

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟူသည် နီဝရဏ, ခန္ဓာ, အာယတန, ဗောဇ္ဈင်, သစ္စာလေးပါး-စသည်ဖြင့် သတိတရားကို အဦးပြု၍ အဖန်တလဲလဲ ပွားများခြင်းပေတည်း။

### (က) နီဝရဏအကြောင်း သိကောင်းစရာ

(၁) ကာမစ္ဆန္ဒနီဝရဏ( လောဘ)။
(၂) ဗျာပါဒနီဝရဏ (ဒေါသ)။
(၃) ထိနမိဒ္ဓ နီဝရဏ။
(၄) ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ။
(၅) ဝိစိကိစ္ဆာနီဝရဏ။

နီဝရဏတရားဟူသည် ဈာန်မဂ်ဖိုလ်တရားတို့ကို တားမြစ် ပိတ်ပင်တတ်သော တရားတို့ပေတည်း။

ကာမစ္ဆန္ဒနီဝရဏဟူသည် လောကီအာရုံတို့၌ လိုချင်ခြင်း၊ ဗျာပါဒနီဝရဏဟူသည် ပြစ်မှားခြင်းဒေါသ၊ ထိနမိဒ္ဓနီဝရဏ ဟူသည် ကိုယ်စိတ်၏ ထိုင်းမှိုင်းခြင်း၊ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏဟူသည် ပျံ့လွင့်ခြင်း နောင်တဖန်ပူပန်ခြင်း၊ ဝိစိကိစ္ဆာ နီဝရဏဟူသည် ဘုရား တရား သံဃာ သိက္ခာ သီလ သံသရာ၏ ရှေ့အစွန်း နောက်အစွန်း ရှေ့နောက်အစွန်း ပဋိစ္စသမုပ္ပါဒ်တရား အတိတ် ပစ္စုပ္ပန် အနာဂတ်သံသရာတို့၌ ယုံမှားခြင်းတည်း။

အကြင် ယောဂီတဦးသည် ဤနီဝရဏ ငါးပါးတို့တွင် တခုခုသော နီဝရဏတရားရှိပါမူ ရှိသည်ဟု သိရမည်၊ မရှိသည်ကို မရှိဟု သိရမည်၊ မဖြစ်သေးသော နီဝရဏ ဖြစ်လာသည်ရှိသော် ဖြစ်သည်ဟု သိရမည်၊ ဖြစ်ပြီးသော နီဝရဏကို ပယ်သည်ရှိသော် ပယ်သည်ကိုလည်း သိရမည်၊ နောင်တဖန် နီဝရဏမဖြစ်သည်ရှိသော် မဖြစ်သည်ကိုလည်း သိရမည်၊ သို့မှသာ စွဲလမ်းခြင်း ဥပါဒါန်တရား ပျောက်ပေသည်။

ကတဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု၊ ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒော ဟိ ပဇာနာတိ၊ အသန္တံဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။ ယထာစ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာစ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာစ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

(မဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၃၉)။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စပန၊ အသို့သာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ဓမ္မေသု၊ နီဝရဏစသောတရားတို့၌။ ဓမ္မာနုပဿီ၊ တရားကိုအဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာထော်၌။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ နီဝရဏေသု၊ နီဝရဏဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ တရားကိုအဖန်တလဲလဲရှုသည်ဖြစ်၍။ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ ပန၊ အသို့သာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ နီဝရဏေသု၊ နီဝရဏဖြစ်ကုန်သော။ ဓမ္မေသု'တရားတို့၌။ ဓမ္မာနုပဿီ၊ တရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သန္တံဝါ၊ ထင်ရှားရှိသည်လည်းဖြစ်သော။အဇ္ဈတ္တံ၊အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊သိ၏။အသန္တံဝါ ထင်ရှားမရှိသည်လည်းဖြစ်သော။

အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ယထာစ၊ အကြင် အခြင်းအရာဖြင့်လည်း။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ ထိုဖြစ်ခြင်းကိုလည်း။ ပဇာနာတိ၊ သိ၏။ ယထာစ၊ အကြင် အခြင်းအရာဖြင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်သော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ ထိုပယ်ခြင်းကိုလည်း။ ပဇာနာတိ၊ သိ၏။ ယထာစ၊ အကြင်အခြင်းအရာဖြင့်လည်း။ ပဟီနဿ၊ ပယ်အပ်သော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ ထိုမဖြစ်ခြင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

> နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နော ဝါ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နော ဝါ ကာမစ္ဆန္ဒော ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတီတိ၊ ယထယိဒံ ဘိက္ခဝေ သုဘနိမိတ္တံ၊ သုဘနိမိတ္တံ ဘိက္ခဝေ အယောနိသော မနသိကရောတော အနုပ္ပန္နော စေဝ ကာမစ္ဆန္ဒော ဥပ္ပန္နော စ ကာမစ္ဆန္ဒော ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ။
>
> (အင်္ဂုတ္တရပါဠိတော် ပ-၂)။

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ယေန၊ အကြင်တရားကြောင့်။ အနုပ္ပန္နော၊ မဖြစ်သေးသော။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပ္ပန္နောဝါ၊ ဖြစ်ပြီးသည်လည်းဖြစ်သော။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ ဘိယျောဘာဝါယ၊ လွန်စွာဖြစ်ခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံသုဘနိမိတ္တံ၊ ဤသုဘနိမိတ်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ အညံ၊ တပါးသော။ ဧကဓမ္မမ္ပိ၊ တခုသောတရားကိုလည်း။ နသမနုပဿာမိ၊ မြင်တော်မမူ။ ဘိက္ခဝေ၊ ရဟန်းတို့။ သုဘနိမိတ္တံ၊ သုဘနိမိတ်ကို။ အယောနိသော၊ မသင့်သောအားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသော သူအား။

အနုပ္ပန္နော စေဝ၊ မဖြစ်သေးသည်လည်းဖြစ်သော။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပ္ပန္နောစ၊ ဖြစ်ပြီးသည်လည်းဖြစ်သော။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ ဘိယျောဘာဝါယ၊ လွန်စွာ ဖြစ်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ကာမစ္ဆန္ဒသည် သုဘနိမိတ်ကြောင့် ပွား၏၊ အသုဘနိမိတ်ကိုပွားက ပျောက်သည်။

ဗျာပါဒသည် ပဋိဃနိမိတ်ဒေါသကြောင့် ပွား၏၊ မေတ္တာကိုပွားက ပျောက်သည်။

ထိနမိဒ္ဓသည် လီနစိတ်ခေါ်ပျင်းရိသောစိတ်ကြောင့်ပွား၏၊ အာရမ္ဘဓာတုခေါ် ဝီရိယကြောင့် ပျောက်၏။

ဥဒ္ဓစ္စကုက္ကုစ္စသည် အဝူပသန္တစိတ္တခေါ် မငြိမ်းသော စိတ်ကြောင့် ပွား၏၊ ဝူပသန္တခေါ် ငြိမ်းသောစိတ်ကြောင့် ပျောက်၏။

ဝိစိကိစ္ဆာသည် အယောနိသောမနသိကာရခေါ် မသင့်မတင့် နှလုံးသွင်းသော စိတ်ကြောင့်ပွား၏၊ ယောနိသောမနသိကာရခေါ် အသင့်အတင့် နှလုံးသွင်းသောစိတ်ကြောင့် ပျောက်၏။

ဘုရားရှင်သည် လောဘ စသော တရားကို အာသဝ ဩဃ ယောဂ နီဝရဏ ဂန္ထ ကိလေသာ အနုသယ သံယောဇဉ် စသည်ဖြင့် ပုဂ္ဂိုလ်၏ အဇ္ဈာသယကို ကြည့်၍ ဟောတော်မူ၏။

**နီဝရဏတရား မဖြစ်ပွားနိုင်သောနည်း**

(က) ဝတ်ကြီးဝတ်ငယ်ကို ပြုနေသောသူအားလည်းကောင်း၊
(ခ) ကျမ်းဂန်ကို လေ့လာနေသောသူအားလည်းကောင်း၊
(ဂ) ဓုတင်ဆောင်သောသူအား လည်းကောင်း၊
(ဃ) သမာဓိဖြစ်ပွားနေသူအား လည်းကောင်း၊
(င) ဝိပဿနာစီးဖြန်းနေသောသူအား လည်းကောင်း၊
(စ) အမှုသစ်ကိုပြုလုပ်နေသောသူအား လည်းကောင်း၊

(ဆ) ပြဟ္မာပြည်မှလာသောသူအား လည်းကောင်း၊
(ဇ) ယောနိသောမနသိကာရခေါ် အသင့်အတင့် နှလုံးသွင်းသူ အား လည်းကောင်း နီဝရဏတရား မဖြစ်ပွားနိုင်ပေ။

(က) အချို့သောပုဂ္ဂိုလ်သည် ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်နေ၏၊ ထိုပုဂ္ဂိုလ်အား ရှစ်ဆယ့်နှစ်ပါးသော ဝတ်ငယ်, တဆယ့်လေးပါးသော ဝိနည်းဒေသနာတော်၌ လာသော ဝတ်ကြီး ဝတ်ငယ် စေတီရင်ပြင် ဗောဓိရင်ပြင် စသည်တို့၌ တံမြက်စည်းလှဲခြင်း သောက်ရေသုံးရေ တည်ထားခြင်း ဥပုသ်စရပ် ဆွမ်းစားစရပ် သိမ် ကျောင်း စသည်တို့၌ တံမြက်လှဲခြင်း အာဂန္တုတို့အား ပြုရသော ဝတ် ခရီးသွားသော ပုဂ္ဂိုလ်တို့အား ပြုရသောဝတ်–စသည်တို့ကို ပြုကျင့်နေသောသူအား ကာမစ္ဆန္ဒ နီဝရဏ–စသော ကိလေသာ မဖြစ်ပွားနိုင်။

ဝတ်ကြီးဝတ်ငယ်ကို မပြုကျင့်သောသူအား မသင့်မတင့် နှလုံးသွင်းခြင်း သတိလွတ်ခြင်းရှိသော သူအား ကိလေသာတရားများ ဖြစ်ပွားနိုင်၏။

(ခ) အချို့သော ပုဂ္ဂိုလ်သည် ကျမ်းဂန်ကို လေ့လာနေသည်၊ နိကာယ်တပါး နှစ်ပါး သုံးပါး လေးပါး ငါးပါးကို ဆောင်နေသည်၊ ပိဋကတ်သုံးပုံ ဘုရားရှင်၏ စကားတော်ကို ပါဠိအနက် အနုသန္ဓေ ရှေ့နောက်၏ အစွမ်းဖြင့် သင်ယူခြင်း သရဇ္ဈာယ်ခြင်း ပို့ချခြင်း ဟောပြောခြင်း ဖေါ်ပြခြင်းရှိသူအား ကိလေသာမဖြစ်ပွားနိုင်ပေ။

ကျမ်းဂန်နှင့်ပတ်သက်၍ ပယ်စွန့်ကာ ပျင်းရိသောသူအား အယောနိသောမနသိကာရခေါ် မသင့်မတင့် နှလုံးသွင်းခြင်း သတိလွတ်ခြင်း ရှိသူအား ကိလေသာ ဖြစ်တတ်၏။

(ဂ) အချို့သောသူကား ဓုတင်တို့ကို ဆောက်တည်နေ၏၊ ထိုသူအား ကိလေသာမဖြစ်။

ဓုတင်တရား မဆောက်တည်သောသူအား အယောနိသောမနသိကာ ရရှိခြင်း သတိလွတ်ခြင်းကြောင့် ကိလေသာဖြစ်၏။

(ဃ) အချို့သောသူကား သမာပတ်ရှစ်ပါးတို့၌ လေ့လာနေ၏၊ ပထမစျာန် စသည်တို့၌ အာဝဇ္ဇနဝသီဘော် စသည်တို့၏ အစွမ်းဖြင့် နေသောသူအား ကိလေသာတရား မဖြစ်ပွားပေ။

အချို့သောသူအား သမာပတ်ရှစ်ပါးတို့၌ မလေ့လာ၊ အယောနိသောမနသိကာရရှိခြင်း သတိလွတ်ခြင်းကြောင့် ကိလေသာတရား ဖြစ်ပွားတတ်၏။

(င) အချို့သူကား ဝိပဿနာတရား စီးဖြန်းနေ၏၊ခုနစ်ပါးသော အနုပဿနာ၊ တဆယ့်ရှစ်ပါးသော မဟာဝိပဿနာတို့ကို စီးဖြန်းနေ၏၊ ထိုသူအား ကိလေသာတရား မဖြစ်ပွားနိုင်။

အချို့သော ဝိပဿနာတရားကို မစီးဖြန်းပဲ နေသူအား အယောနိသော မနသိကာရရှိခြင်း သတိလွတ်ခြင်းတို့ကြောင့် ကိလေသာများ တိုးပွားနိုင်၏။

(စ) အချို့သော ပုဂ္ဂိုလ်အား အမှုကြီးငယ် ပြုလုပ်နေ၏၊ ဥပုသ်စရပ် ဆွမ်းစားစရပ် စသည်တို့ကို ပြုလုပ်နေ၏၊ ထိုသို့ ကြံစည်ပြုလုပ်နေသူအား ကိလေသာများ မဖြစ်ပွားနိုင်။

အချို့သောသူအား အမှုသစ် ပြီးသော်လည်းကောင်း၊ မလုပ်ပဲနေသော်လည်းကောင်း အယောနိသောမနသိကာရရှိခြင်း သတိလွတ်ခြင်းကြောင့် ကိလေသာ ဖြစ်ပွားနိုင်၏။

(ဆ) ဗြဟ္မာပြည်မှ ရောက်ကာစ ဖွားမြင်ကာစသူအား ကိလေသာ မဖြစ်ပွားနိုင်၊ နောက်မှ အလေ့အကျင့် ပြုသူအား အယောနိသောမနသိကာရရှိခြင်း သတိလွတ်ခြင်းကြောင့် ကိလေသာ ဖြစ်နိုင်၏။

(ဇ) မတွေ့မမြင်ဘူးသော ရူပါရုံ စသည်၌ အယောနိသောမနသိကာရကြောင့် ကိလေသာဖြစ်ပွားနိုင်၏၊ အယောနိသောမနသိကာရရှိခြင်း သတိလွတ်ခြင်းရှိသူအား ကိလေသာတရား ဖြစ်ပွားနိုင်၏။

## (က) ဝတ်ကြီးဝတ်ငယ်ကို ပြုသူ

ဤမထေရ်အလောင်းသည်ရောဟဏဇနပုဒ်၌ ဂါမေဏ္ဍဝါလကျောင်းကြီး၏ ဆွမ်းခံရွာတွင် မုဆိုးမျိုး၌ ဖြစ်၏၊ အရွယ်ရောက်လာ၍ သားမယားကို လုပ်ကျွေးမည်ဟု အဆိပ်ဖြင့် ပြုလုပ်ထားသော ကျော့ကွင်းတရာ လှံတရာ မီး ဆားတို့ကို ယူ၍ တောသို့သွား၏။

ကျော့ကွင်း၌ မိသော သားသမင်ကို သတ်၍ ဖုတ်စားစဉ် ရေဆာသည်ဖြစ်၍ ဂါမေဏ္ဍဝါလကျောင်းသို့ ဝင်၍ ရေအိုး ဆယ်လုံး၌ရေကို ကြည့်သော်လည်း ရေကို မတွေ့ရလေ၊ ရဟန်းတို့အား ရေကိုပင် ခပ်၍ မသောက်ကြလားဟု ကဲ့ရဲ့၏။

စူဠပိဏ္ဍပါတိကတိဿထေရ်သည် သူ၏စကားကို ကြား၍သူ့အနားသွားကာ ရေအိုးဆယ်လုံးကို စောင်းကြည့်၍ ရေမှိုတွေ့သဖြင့်–

ဇီဝမာနပေတကသတ္တော အယံ ဘဝိဿတီတိ။

အယံ၊ဤသူသည်။ဇီဝမာနပေတကသတ္တော၊အသက်ရှင်လျက် ပြိတ္တာသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။

ဤသို့ ကြံအောက်မေ့၍ ဒါယကာ ရေဆာသလား၊ဤမှာရေဟု အိုးကို စောင်း၍ သူ၏လက်ထဲသို့ ထည့်၏။

တဿ ကမ္မံ ပဋိစ္စ ပီတံ ပီတံ ပါနီယံ တတ္တကပါလေ ပက္ခိတ္တမိဝ နဿတိ၊ သကလေပိ ဃဋေ ပီဝတော ပိပါသာ နပစ္ဆိဇ္ဇိ။

တဿ၊ ထိုမုဆိုး၏။ ကမ္မံ၊ ကံကို။ ပဋိစ္စ၊ စွဲ၍။ ပီတံ ပီတံ၊ သောက်တိုင်း သောက်တိုင်းသော။ ပါနီယံ၊ ရေသည်။ တတ္တကပါလေ၊ လောလော်ပူသော အိုးကင်း၌။ ပက္ခိတ္တမိဝ၊ ထည့်သကဲ့သို့။ နဿတိ၊ ပျောက်၏။ သကလေပိ၊ အလုံးစုံလည်းဖြစ်သော။ ဃဋေ၊ ရေအိုး၌။ ပီဝတော၊ သောက်သောမုဆိုးအား။ ပိပါသာ၊ ရေငတ်ခြင်းသည်။ နပစ္ဆိဇ္ဇိ၊မပြေ။

ထိုအခါ မထေရ်ကသင်ကားကြမ်းတမ်းသောကံကိုပြုအပ်ပြီ၊ယခုပင်လျှင် ပြိတ္တာဖြစ်နေ၏၊ ဘယ်လိုအကျိုးနည်းဟု ပြော၏။

ထိုမှုဆိုးသည် ထိုမထေရ်စကားကိုကြား၍ အဆိပ်စသည်တို့ကို ဖျက်ဆီး၍ အိမ်သို့မြန်မြန်ပြေးကာ သားမယားတို့ကိုကြည့်၍ ခါး စသည်တို့ကိုလှင့်ပစ်ခါ တိန်ညင်, သားသမင်,ငှက်တို့ကိုလွှတ်၍ မထေရ် သို့ကပ်ကာ ရဟန်းအဖြစ်ကို ခွင့်တောင်း၏။

ရဟန်းအဖြစ်ဟူသည် မလွယ်ကူ၊ ရဟန်းပြုနိုင်အံ့လောဟု မထေရ်က မေး၏၊ အရှင်ဘုရား-ဤသို့လောလောဆယ်အကြောင်းအရာကိုတွေ့မြင် ပါလျက်နှင့် အဘယ်မှာ ရဟန်းမပြုပဲနေနိုင်ပါမည်နည်းဟု လျှောက်၏။

မထေရ်သည် တစပဥ္စကကမ္မဋ္ဌာန်းကိုပေး၍ ရဟန်းပြု၏၊ ဝတ်ကြီး ဝတ်ငယ်ကို ပြုသည်၊ ကျမ်းဂန်စာပေ သင်ယူသည်၊ တနေ့သ၌ ဘုရား ရှင်၏ ဒေဝဒူတသုတ်လာ-ထိုသူအား ငရဲစောင့်တို့သည် အဝီစိငရဲမှာ ထည့်ကြကုန်၏ဟူသောစကားကိုကြား၍ အရှင်ဘုရား-အဝီစိငရဲကိုပြပါ ဟုလျှောက်လေလျှင် တွေ့မြင်ဖို့တော့မလွယ်၊ အဝီစိငရဲနှင့်တူသည်ကို ပြပေအံ့ဟု သာမဏေတို့အား ကျောက်ဖျာအပြင်၌ ထင်းစိမ်းကိုစုရုံး စေ၏၊မထေရ်သည် တန်ခိုးဖြင့် အဝီစိငရဲမှပိုးစုန်းကြူးလောက်သောမီးကို ထည့်ရာ ချက်ချင်းပြာဖြစ်သွားသည်။

သူသည်မြင်၍ အရှင်ဘုရား-ဤသာသနာတော်၌ ဓုရဘယ်နှစ်ပါး ရှိပါသနည်းဟု လျှောက်ရာ ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ပါးရှိကြောင်း မိန့်တော်မူ၏၊ တပည့်တော်သည် ဂန္ထဓုရခေါ် ကျမ်းဂန်သင်ခြင်းကိုကား မတတ်နိုင်ပါ၊ ဝိပဿနာဓုရကိုသာ အားထုတ်ပေအံ့ဟု ကမ္မဋ္ဌာန်း တောင်းပြီး အားထုတ်၏၊ ဝတ်ကြီးဝတ်ငယ်ကိုလည်း ပြု၏၊ ငိုက်မျဉ်းက ဝတ်ပျက်မှာကြောက်၍ ကောက်ရိုးကရွတ်ခွေကို ရေဆွတ်ပြီး ခေါင်း ပေါ်မှာ တင်၏၊ ခြေတို့ကို ရေအိုင်၌ နှစ်ထား၏။

တနေ့သ၌ အရှေ့တောင်ကျောင်းနေ သာမဏေတပါးသည် အောက်ပါအရုဏဝတီသုတ်ကို ရွတ်၏။

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။
(အင်္ဂုတ္တရအဋ္ဌကထာပဌမ–ပ–၂၈)

ဗုဒ္ဓသာသနေ၊ ဘုရားရှင်၏ ဆုံးမပေရာ သာသနာ၌။ အာရမ္ဘထ၊ သမထ,ဝိပဿနာ အားထုတ်ကြပါကုန်လော့။ နိက္ကမထ၊ ကိလေသာကို နှင်ထုတ်ကြပါကုန်လော့။ ယုဉ္ဇထ၊ ကြိုးစားကြပါကုန်လော့။ ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ နဠာဂါရံ၊ ကျူထရံအိမ်ကို။ ဓုနာထဣဝ၊ မှုန့်မှုန့် ညက်ညက် ချေဖျက်သကဲ့သို့။ မစ္စုနော၊ သေမင်း၏။ သေနံ၊ ကိလေသာ စစ်သည်အပေါင်းကို။ ဓုနာထ၊ မှုန့်မှုန့် ညက်ညက် ချေဖျက်ကြပါကုန်လော့။

ယော၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤ သုတ်အဘိဓမ္မာဝိနည်း၌။ အပ္ပမတ္တော၊ မမေ့မလျော့သည် ဖြစ်၍။ ဝိဟဿတိ၊ နေလတ္တံ့။ သော၊ မည်သူမဆို ထိုထိုပုဂ္ဂိုလ်သည်။ ဇာတိသံသာရံ၊ ဇာတိတည်းဟူသောသံသရာကို။ ပဟာယ၊ ပယ်စွန့်၍။ ဒုက္ခဿန္တံ၊ ဆင်းရဲခြင်း၏ကုန်ရာနိဗ္ဗာန်ကို။ ကရိဿတိ၊ ပြုလတ္တံ့သည် သာတည်း။

ထိုစကားကိုကြား၍ ငါကဲ့သို့သောစီရိယရှိသောပုဂ္ဂိုလ်အား ဘုရားရှင်သည် ဟောကြားခဲ့သည်ဖြစ်လတ္တံ့ဟု ပီတိကို ဖြစ်စေ၍ နောက် ဈာန်ကိုဖြစ်စေပြီး ထိုဈာန်ကိုအခြေပြုလျက် အနာဂါမိဖိုလ်၌တည်၍ ဆက်ခါအားထုတ်သည်ရှိသော် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်သည်၊ ပရိနိဗ္ဗာန်ပြုခါနီး အောက်ပါဒေသနာကိုလည်း ဟောတော်မူသေး၏။

အလ္လံ ပလာလ ပုဉ္ဇာဟံ၊ သီသေနာဒါယ စက်မိ။
ပတ္တောသ္မိ တတိယံ ဌာနံ၊ ဧတ္ထ မေ နတ္ထိ သံသယော။
(အင်္ဂုတ္တရအဋ္ဌကထာပါဠ်-ပ-၂၉)

အဟံ၊ ငါသည်။ (တချို့အဋ္ဌကထာတို့၌ မာလကတိဿထေရ် မည်၏) အလ္လံ၊ စိုစွတ်သော။ ပလာလပုဉ္ဇံ၊ ကောက်ရိုးကရွတ်ခွေကို။ သီသေန၊ ဦးခေါင်းဖြင့်။ အာဒါယ၊ ယူ၍။ စက်မိ၊ စကြံသွား၏။ တတိယံဌာနံ၊ အနာဂါမိဖိုလ်သို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ မေ၊ ငါ့အား။ ဧတ္ထ၊ ဤအနာဂါမိဖိုလ်၌။ သံသယော၊ ယုံမှားသံသယ သည်။ နတ္ထိ၊ မရှိသည်သာတည်း။

## (ခ) ကျမ်းဂန်ကို ပြုသူ

မလိယဒေဝထေရ်သည် သုံးဝါအရတွင် ကလ္လရွာ မဏ္ဍလာရာမ ကျောင်း၌ ပါဠိသင်၏၊ ကမ္မဋ္ဌာန်းလည်း အားထုတ်၏။

တနေ့သ၌ ဒါယိကာမတယောက်သည် ၎င်း ပဉ္စင်း ငယ် အား သားကဲ့သို့ချစ်ခင်၍ ဆွမ်းကျွေးပြီး အမြဲတမ်း ဆွမ်းခံပင့်၏၊ သုခံ ဟောတု၊ ဒုက္ခာ မုစ္စတု-ဟူသော နှစ်ပုဒ်ဖြင့် အနုမောဒနာပြု၍ ပြန်ကြွ သွား၏၊ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ ဖြစ်၏၊ မထေရ်ကြီးသည် ပဉ္စင်းငယ်အား တရားဟော ခိုင်း၏။

ပဉ္စင်းငယ်များက ၎င်းဒါယိကာမကြီးအား ဒကာမကြီးသားသည် တရားဟောမည် လာခဲ့ပါဟု ဖိတ်ကြ၏၊ ဒါယိကာမကြီး က သုခံ ဟောတု၊ ဒုက္ခာ မုစ္စတု၊ ဤနှစ်ပုဒ်ကိုဟောပါလိမ့်မည်ဟု ပြော၏။

ဦးပဉ္စင်းငယ်များက ပြက်ရယ်မပြုပါနှင့်၊ ဒကာမကြီး လာသာ လာခဲ့ပါဟု ပြောပြီး ပြန်လာကြ၏၊ ဒါယိကာမကြီးလည်း ပန်းနံ့သာ လက်စွဲလျက် တရားနာ၏။

မလိယဒေဝထေရ်သည် သုခံ ဟောတု၊ ဒုက္ခာ မုစ္စတု နှစ်ပုဒ်ကို ဒါယိကာမကြီးအား တညလုံးဟောမည်ဟု ဟောလေရာ ဒါယိကာမကြီးသည် အာရုံလည်းတက် သောတာပန်လည်း ဖြစ်လေသည်။

## တိဿဘူတိထေရ်

ငှင်းကျောင်း၌ပင် တိဿဘူတိထေရ်သည် ဝိနည်း, ပိဋကတ်ကို သင်ယူစဉ် ဆွမ်းခံသွားခိုက် ဝိသဘာဂအာရုံကို ကြည့်မိ၍၊ ထိုရဟန်းအား လောဘ ဖြစ်၏၊ ထိုရဟန်းသည် ထိုရပ်နေသောခြေကို မလှုပ်ပဲ မိမိ၏သပိတ်မှ ယာဂုဆွမ်းကို နောက်ပါအလုပ်အကျွေးပဥ္စင်းငယ်၏ သပိတ်ထည်း၌ လောင်းထည့်ပြီးပြန်လာကာ ဆရာအားရှိခိုး၍ အရှင်ဘုရား-တပည့်တော်၏ ရောဂါကို ဆေးကုပေးပါဟု လျှောက်၏။

မထေရ်သည် ဤသူကား ရာဂစရိုက်များနေသည်ဟုသိ၍ အသုဘကမ္မဋ္ဌာန်းကို ပေး၍၊ သူသည် ယနေ့ပင် ချုံရင်းမှာ နေ၍ ဝိပဿနာပွားရာ ရဟန္တာ ဖြစ်သည်၊ သူသည် မနက် စာလာတက်၏။

## (ဂ) ဓူတင်ကျင့်ဆောင်သူ

အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း စသော ဂုဏ်ကျေးဇူးတို့ကြောင့် သီလ ဖြူစင်၍၊ ထိုဂုဏ်တို့ပြည့်စုံစေခြင်းမှာ သီလဆောက်တည်သူသည် ဓူတင်ကို ဆောက်တည်အပ်၏၊ ထိုဓူတင်ဆောက်တည်သူအား နည်းသောအလိုရှိသောသူ၏အဖြစ်, ရောင့်ရဲလွယ်သောသူ၏အဖြစ် ခေါင်းပါးအောင်ပြုခြင်း၊ ဆိတ်ငြိမ်ရာ၌နေခြင်း၊ ကိလေသာကို ဖျက်ဆီးခြင်း၊ အားထုတ်အပ်သောဝီရိယရှိခြင်း၊ မွေးမြူလွယ်ခြင်း-စသောဂုဏ်တည်းဟူသောရေဖြင့်ဆေးကြောမှု သီလအလွန်စင်ကြယ်၏၊ ဓူတင်အကျင့်လည်း ပြည့်စုံ၏၊ ငှင်းယောဂီသည် အရိယဝံသတရားသုံးပါး၌ တည်၍ ဘာဝနာ၌မွေ့လျော်သောသူတည်းဟူသော စတုတ္ထအရိယဝံသတရားကိုရခြင်းငှာ ထိုက်၏။

(၁) ပံသုကူလိကဓုတင်–ပံသုကူအဝတ်ကို ဝတ်ခြင်း၊
(၂) တေစီဝရိကဓုတင်–တိစီဝရိက်ဆောင်ခြင်း၊
(၃) ပိဏ္ဍပါတိကဓုတင်–ဆွမ်းခံ၍ သုံးဆောင်ခြင်း၊
(၄) သပဒါနစာရိကဓုတင်–အိမ်စဉ်ဆွမ်းခံခြင်း၊
(၅) ဧကာသနိကဓုတင်–တနေရာတည်း၌စားသောက်ခြင်း၊
(၆) ပတ္တပိဏ္ဍိကဓုတင်–တခွက်တည်း၌သာစားခြင်း၊
(၇) ခလုပစ္ဆာဘတ္တိကဓုတင်–တားမြစ်ပြီးမှနောက်ထပ်မစားခြင်း၊
(၈) အာရညိကဓုတင်– တောရဆောက်တည်ခြင်း၊
(၉) ရုက္ခမူလိကဓုတင်–သစ်ပင်ရင်း၌သာ နေခြင်း၊
(၁၀) အဗ္ဘောကာသိကဓုတင်–လွင်တီးခေါင်၌ နေခြင်း၊
(၁၁) သောသာနိကင်္ဂဓုတင်–သုသာန်၌သာနေခြင်း၊
(၁၂) ယထာသန္တတိကင်္ဂဓုတင်–လက်ဦးရသော ကျောင်း၌သာ နေခြင်း။
(၁၃) နေသဇ္ဇိကင်္ဂဓုတင်–ထိုင်၍ ကျင့်ခြင်း–

ဟူ၍ တဆယ့်သုံးပါး အပြားရှိ၏။

၎င်း ဓုတင်တို့သည် စေတနာသာလျှင် မှတ်ကြောင်းလက္ခဏာ ရှိကုန်၏၊ လောလုပ္ပတဏှာကို ဖျက်ဆီးခြင်းကိစ္စ ရသရှိကုန်၏၊လောလုပ္ပတဏှာကင်းပြီဟူ၍ ဉာဏ်အားထင်ခြင်း ပစ္စုပ္ပဋ္ဌာန် ရှိကုန်၏၊ စင်ကြယ်သောသူတော်ကောင်းတို့၏ တရားလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိကုန်၏။

စေတီယတောင်နေ မထေရ်နှစ်ပါးတို့တွင် နောင်တော်သည် နေသဇ္ဇိဓုတင်ဆောက်တည်သည်ကို တစုံတယောက်မျှ မသိကြ၊ တနေ့သ၌ ညောင်စောင်းမှာ ထိုင်နေစဉ် လျှပ်စစ်ရောင်ဖြင့် မထေရ်တပါးကတွေ့မြင်၍ အရှင်ဘုရား ထိုင်ခြင်း နေသဇ္ဇိဓုတင် ဆောက်တည်ပါသလားဟု မေး၏၊ မထေရ်သည် ဓုတင်၌ အလိုနည်းသည်၏အဖြစ်ကြောင့် အိပ်စက်၍ နောက်တဖန် ဆောက်တည်ပြန်လေသည်။

ကိလေသာ ဖျက်ဆီးကြောင်းတရားကို ဓုတင်ခေါ်သည်၊ဓုတင်အရာ၌ အရှင်မဟာကဿပ ကိုယ်တော်ကြီးသည် တေဒဂ်ရတော်မူ၏၊ အရှင်ဗာကုလမထေရ်သည် မိမိကား ဓုတင်ကျင့် ဆောက်တည်၏၊ သူတပါးကိုကား ဟောပြောခြင်းကို မပြု။

အရှင်ဗာကုလမထေရ်သည် ဒါယကာတို့လှူသော သင်္ကန်းကို မဝတ်စဘူး၊ ပံ့သုကူ သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်သည်၊ ဆွမ်းခံ၍ သာသုံးဆောင်သည်၊ သစ်ပင်အောက်၌သာ နေသည်၊ ဒါယကာတို့လှူသော ကျောင်း၌ မနေစဘူး၊ ဆေးမစားဘူး၊ ရှေး၌ ရဟန်းတို့အား ဆေးလှူဖူးသည်။

(အကျယ်ကို ဥပရိပဏ္ဏာသပါဠိတော်အဋ္ဌကထာ၌ရှု)။

ဥပနန္ဒမထေရ်ကား မိမိသည် ဓုတင်ကို မကျင့်၊ သူတပါးတို့အား ဟော၏၊ ဤမထေရ်သည် ရဟန်းတို့အား တရားဟောပြီး သူကား အိပ်ကာ စားကာနေ၏၊ သူများ ဓုတင်ဆောက်တည်လို၍ ပေးခဲ့သော သင်္ကန်းတို့ကို လှည်းနှင့်တင်ကာ သွား၏၊ရဟန်းနှစ်ပါးတို့သည် သင်္ကန်းဝေစုမတွေ့ ဖြစ်နေ၍ ၎င်း ဥပနန္ဒ ရဟန်းကို ဝေပေးရန် ခိုင်းရာ သူက အကောင်းကို ယူပြီး မကောင်းသော အထည်ကို ၎င်းရဟန်းနှစ်ပါးအား ပေးထားခဲ့၏၊ ၎င်းရဟန်းတို့က မကျေနပ်၍ ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်သည်-

ရှေးအခါက ဖျံနှစ်ကောင်တို့သည် ငါးကြင်း တကောင်ကို ရ၍ သူခေါင်းပိုင်း ရသင့်သည် ငါအလယ်သား ရသင့်သည်ဟု ငြင်းခုံကြရာ မြေခွေးတကောင်ကို တရားသူကြီး မြှောက်၍ အဝေခိုင်းရာတရားသူကြီးက ငါသည် တရားသူကြီးဖြစ်၍ အလယ်ပိုင်းကို ရသင့်သည်ဟု အလယ်ပိုင်းကို ယူသွား၏၊ ကျန် ဖျံနှစ်ကောင်တို့တွင် တကောင်အား ခေါင်းပိုင်း, တကောင်အား အမြီးပိုင်းပေး၍ သွားလေသဖြင့် ဖျံနှစ်ကောင်တို့သည် စိတ်မချမ်းမသာဖြစ်စေခဲ့ရသည်ဟု မိန့်တော်မူပြီး အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညျ မနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။
(ဓမ္မပဒအဋ္ဌကထာ သုဓမ္မဝတီမူ ဒု-၉၀)။

ပဌမံ၊ ရှေးဦးစွာ။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပတိရူပေ၊ သင့်တင့်လျောက်ပတ်သော အလိုနည်းခြင်း စသောဂုဏ်၌။ နိဝေသယေ၊ တည်စေရာ၏။ အထ၊ ထိုနောက်မှ။ အညံ၊ တပါးသောသူကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ကျိုးကြောင်းရှေ့နောက် မျှော်ထောက်ချင့်သော ပညာရှိသည်။ နကိလိဿေယျ၊ သူတပါးတို့ကဲ့ရဲ့ခြင်း တည်းဟူသော ညစ်နွမ်းခြင်းမှ မညစ်နွမ်းရာသည်သာတည်း။

လာဠုဒါယီ မထေရ်ကား ကိုယ်တိုင်လည်း ဓူတင်ကို မဆောင်၊ သူတပါးကိုလည်း ဆောင်ရန် မဟောပေ။ ၎င်းမထေရ်သည် ပညာနည်းသည်ဖြစ်၍ မင်္ဂလာတရားကို ဟောသင့်သော နေရာ၌ မသာတရားကို ဟော၏၊ မသာတရားကို ဟောသင့်သောနေရာ၌ မင်္ဂလာတရားကို ဟော၏၊ ရဟန်းတို့သည် သူ့အကြောင်းကို ဘုရားရှင်အား လျှောက်ကြ၍ ဘုရားရှင်က သူသည် ရှေးအခါကလည်း သူတို့ကို မင်းသည် သနား၍ လယ်ထွန်ရန် နွားနှစ်ကောင် ပေးလိုက်ရာ တကောင်သေသွား၍ သားက အဖအား နွားနှစ်ကောင်တွင် တကောင် သေသွား၍ နောက်နွား တကောင်ပေးပါဟု တောင်းရန် လွှတ်လိုက်သည်ကို မ မေ့ အောင် နွားတကောင်ပေးပါဟု စိတ်ကအောက်မေ့ပြီ မင်းထံသို့ရောက်သွား၏။ မင်းအား အရှင်သခင်ပေးလိုက်သောနွားနှစ်ကောင်တွင် တကောင် သေသွား၍ နောက်တကောင်ကိုပြန်၍ ယူပါဟုသာ ပြောမိ၏။

မင်းက သူ၏ပညာနည်းကြောင်းကို သိ၍ သနားသော အားဖြင့် နောက်နွားများကို ပေးလိုက်လေသည်။

## ကာဠုဒါယီ မထေရ်

သာဝတ္ထိပြည်မှာ ငါးရာမျှသောအရိယာ,နှစ်ကုဋေမျှသောပုထုဇန်တို့ ရှိကြ၏၊ လူအများက အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့အား

တရားဟောကောင်းခြင်းဂုဏ်စသည်တို့ကို ချီးမွမ်းသံကြား၍ ကာဠုဒါယီမထေရ်သည် သူတို့သာလျှင် တရားဟောတတ်သည် မဟုတ်၊ ငါလည်းဟောတတ်၏ဟု ဝါကြွားနေ၏။

လူများတို့က တရားဟောခိုင်းရာ ဟောမည်လိုလိုနှင့် ယပ်ကြီးကိုကိုင်ကာ တရားဟောပလ္လင်ခုံသို့တက်လာပြီးမှ မနက်အချိန် ဖြစ်ပါမူ နေ့လည် ဟောမည်၊ နေ့လည်ဖြစ်ပါမူ ညနေဟောမည်ဟု ဆင်းသွား၏၊ နောက်တနေ့၌ လူများခြောက်လှန့်လိုက်ကြ၍ ကုဋီထဲမှာ ပုန်းနေစဉ် ကုဋီထဲသို့ ကျသွားလေသည်။

ဘုရားရှင်က ဤကာဠုဒါယီသည် ရှေးအတိတ်ဘဝ ဝက်ဖြစ်စဉ်ကာလ၌လည်း မစင်အလူးလူးနှင့် ခြင်္သေ့ကို စစ်တိုက်ရန်ခေါ်ဖူးသည်ဟု ဟောလေသည်။

အရှင်သာရိပုတ္တရာကား ကိုယ်တိုင်လည်း ဓုတင်တရားတို့ကိုကျင့်သုံးဆောက်တည်၍ သူများကိုလည်း ကျင့်သုံးဆောက်တည်စေသည်။

(ဤနေရာ၌ ဝေဒနာနုပဿနာ၌လာသော မဟာသိဝထေရ်ဝတ္ထုကိုလည်း သိလေ)။

## (ဿ) သမာဓိဖြစ်ပွားနေသူ

မဟာတိဿထေရ်သည် ဝါမရသေးမီ သမာပတ်ရှစ်ပါးကို ရသည်၊ သူသည် သမာပတ်ဖြင့် ကိလေသာကိုခွါထားခြင်း၊ စာပေ ပရိယတ် မေး–ဖြေခြင်း၊ သင်ယူခြင်း၏ အစွမ်းဖြင့် အရိယာမဂ်၏အနီးအနား စကားကို ပြောဟောနေ၏၊ ဝါတော်ခြောက်ဆယ်ရှိပြီးသော်လည်း မိမိ၏ပုထုဇဉ်အဖြစ်ကို မသိ။

တနေ့သ၌ ဓမ္မဒိန္နထေရ်သည် မဟာတိဿထေရ်အား ရေကန်ဖန်ဆင်းခိုင်း၍ ဖန်ဆင်းပြ၏၊ ကြာပန်းများဖန်ဆင်းခိုင်း၍ ဖန်ဆင်းပြ၏၊ မိန်းကလေးရုပ်ဖန်ဆင်းခိုင်း၍ ဖန်ဆင်းပြရာ လောဘတဏှာစိတ်ပေါ်လာမှ မိမိ ပုထုဇဉ်ဖြစ်မှန်းကို သိ၏။

ထိုအခါမှ မဟာတိဿထေရ်သည် ဆောင့်ကြောင့်ထိုင်ပြီး တပည့် ဓမ္မဒိန္နရဟန်းအား ကမ္မဋ္ဌာန်း တောင်း၏၊ တပည့် ဓမ္မဒိန္နက လည်း ဤအတွက်လာပါသည်ဟု အသုဘကမ္မဋ္ဌာန်းကို ပေး၏၊ ရုပ်နာမ်သင်္ခါရ တို့ကိုလေ့လာလျက် ၎င်းနေရာမှထွက်လာသော မဟာတိဿထေရ်သည် ထွက် လျှင် ထွက် ချင်း ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်လေသည်။

## (င) ဝိပဿနာစီးဖြန်းသူ

ရဟန်းခြောက်ကျိပ်တို့သည် ဘုရားရှင်ထံတော်မှ ကမ္မဋ္ဌာန်းကိုယူ၍ တောရဆောက်တည်ကြ၏၊ ကိလေသာမဖြစ်ပဲနေသည်ကို မဂ်ဖိုလ်ရပြီ အောက်မေ့၍ ဘုရားရှင်အား လျှောက်ရန်လာကြ၏။

ဘုရားရှင်သည် ချစ်သားအာနန္ဒာ–ရဟန်းခြောက်ကျိပ်လာလိမ့်မည် ငါနှင့်တွေ့ခွင့်မပေးပဲ သုသာန်၌ လောလောဆယ်သေသော အသုဘ ကမ္မဋ္ဌာန်းရှုရန် လွှတ်လိုက်ဟု မိန့်တော်မူထား၏။

အရှင်အာနန္ဒာသည် ဘုရားရှင်မိန့်တော်မူတိုင်းလျှောက်ထားသဖြင့် ထိုရဟန်းတို့သည် ဘုရားရှင်က အကြောင်းရှိ၍မိန့်တော်မူခြင်းဖြစ်လိမ့် မည်ဟုတွေးကြံ၍ သုသာန်၌ ဝိပဿနာပွားမည်ပြုစဉ် ဂန္ဓကုဋီတိုက်မှ နေ၍ ဤဒေသနာတော်ကို ဟောတော်မူ၏။

ယာနိမာနိ အပတ္ထာနိ၊ အလာဗုနေဝ သာရဒေ။
ကာပေါတကာနိ အဋ္ဌီနိ၊ တာနိ ဒိသွာန ကာရတိ။

(ဓမ္မပဒပါဠိတော်–၃၆)

အပတ္ထာနိ၊ စွန့်ပစ်အပ်ကုန်သော။ သာရဒေ၊ တန်ဆောင်မုန်းလ၌။ ယာနိဣမာနိ အလာဗုနိဣဝ၊ ဗူးတို့ကဲ့သို့။ ကာပေါတကာနိ၊ ခိုခြေ အဆင်းရှိကုန်သော။ ယာနိအဋ္ဌီနိ၊ အကြင် အရိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုအရိုးတို့ကို။ ဒိသွာန၊ မြင်ရ၍။ ကာရတိ၊ အဘယ်မှာ မွေ့လျော်ဖွယ်ရှိပါအံ့နည်း။

ဂါထာအဆုံး၌ ရဟန္တာ ဖြစ်ကြသည်။

## (စ) အမှုသစ်ကိုပြုလုပ်နေသူ

စိတ္တလတောင်ကျောင်းနေ တိဿရဟန်းသည် ရှစ်ဝါမြောက် သာသနာတော်၌မထွေလျော်ပုံကိုမြင်၍ ဆရာမထေရ်သည် သူ၏ရဟန္တာဖြစ်အံ့သည်ကို မြင်သဖြင့် နေရာကျောင်းတခုကို ပြုပြင်စေသည်၊ တိဿရဟန်းသည် စာပေကိုလည်း သင်၏၊ ကမ္မဋ္ဌာန်းလည်း အားထုတ်၏၊ ကျောင်းဆောက်ပြီး၍ မထေရ်ကို လာလျှောက်၏၊ လာနေရန်လည်း လျှောက်၏၊ မထေရ်က တိဿအား အနေခိုင်း၏၊ တိဿရဟန်းသည် ဥပဇ္ဈာယ်ဆရာအတွက် ကျောင်းပြုပြင်ပေးရသည်ဟု ပီတိသောမနဿဖြစ်၏၊ သူသည် ၎င်းပီတိကို ခွါ၍ ဝိပဿနာပွားကာ ရဟန္တာဖြစ်လေသည်။

## (ဆ) ဗြဟ္မာပြည်မှလာသူ

ဗြဟ္မာပြည်မှလာသောသတ္တဝါသည် ကိလေသာစင်ကြယ်ပြီး ဖြစ်၏၊ ဘဝကို ခွါ၏၊ အရှင်မဟာကဿပ မထေရ်ကဲ့သို့တည်း။

အရှင်မဟာကဿပသည် အိမ်ရာတည်ထောင် လူ၏ဘောင်မှာမနေပဲ များစွာသောစည်းစိမ်ကိုပယ်စွန့်၍ တောထွက်လာစဉ် ခရီးဦးကြိုလာသော ဘုရားရှင်ကိုရှိခိုး၍ ဩဝါဒတရား သုံးပါးတို့ဖြင့် ရဟန်းအဖြစ်ကို ရ၍ ရှစ်ရက်မြောက်အရုဏ်တက်၌ ပဋိသမ္ဘိဒါလေးပါးတို့ဖြင့် ရဟန္တာဖြစ်သည်။

## (ဇ) ယောနိသောမနသိကာရရှိသူ

အကြင်သူသည် မဖြစ်ဖူးသော ရူပါရုံ စသည်ကိုရ၍ ထိုအခါ၌ပင် လျှင် ဝိပဿနာပွား၍ ကိလေသာ ကင်းစင်ကာ ရဟန္တာဖြစ်သည်၊ အဆိုပါပုဂ္ဂိုလ်အား ကာမစ္ဆန္ဒစသော ကိလေသာများ မဖြစ်ပေ။

တနည်း၊ ကာမစ္ဆန္ဒကိုပယ်နိုင်ကြောင်းတရား ခြောက်ပါးကား-

(၁) အသုဘနိမိတ္တဿ ဥဂ္ဂဟော=အသုဘနိမိတ်ကို သင်ယူခြင်း၊
(၂) အသုဘဘာဝနာနုယောဂေါ=အသုဘကို ပွားခြင်း၊
(၃) ဘောဇနေမတ္တညုတာ=ဘောဇဉ်၌ အတိုင်းအရှည်ကိုသိခြင်း၊
(၄) ဣန္ဒြိယေသုဂုတ္တဒွါရတာ=ဣန္ဒြေကို စောင့်စည်းခြင်း၊
(၅) ကလျာဏမိတ္တတာ=မိတ်ဆွေကောင်း ရှိခြင်း၊
(၆) သပ္ပါယကထာ=လျော်ကပ်သော စကားကို ဆိုခြင်းတို့ တည်း။

အသုဘဆယ်ပါးကို သင်ယူသောသူအား လည်းကောင်း၊ ပွားများ သောသူအား လည်းကောင်း၊ စက္ခုစသော ဣန္ဒြေခြောက်ပါး တံခါးကို ပိတ်သောသူအား လည်းကောင်း ကာမစ္ဆန္ဒသည် မဖြစ်ပေ။

အာဟာရကို သုံးဆောင်ရာ၌ ကမ္မဋ္ဌာန်းစီးဖြန်းရသည်။

အသုဘကမ္မဋ္ဌာန်စီးဖြန်းခြင်းရှိသော တိဿထေရ်နှင့်တူသော ကလျာ ဏမိတ္တကို ပေါင်းဖေါ်ကလည်း ကာမစ္ဆန္ဒကို ပယ်နိုင်သည်။

ကြွေးမြီယူထားသောသူသည် ပိုင်ရှင်က ကြမ်းကြမ်းတမ်းတမ်းပြော ဆိုကလည်း သည်းခံရ၏၊ အားလုံးကို သည်းခံရ၏၊ နည်းတူ အကြင် အရာဝတ္ထု စသည်ကို လိုချင်သူသည် ထိုသူက ဆဲဆဲရိုက်ရိုက် လိုချင်သော တဏှာကြောင့် သည်းခံရ၏၊ အိမ်စေကို အိမ်ရှင်ကဆဲဆဲရိုက်ရိုက် သည်းခံ ရ၏၊ ထိုနည်းပမာ ကာမစ္ဆန္ဒနီဝရဏတရား ဟူလှ၏။

ဧဝံ ဣဏံဝိယ ကာမစ္ဆန္ဒော ဒဋ္ဌဗ္ဗော။

(မူလပဏ္ဏာသအဋ္ဌကထာပါဠိ-၂၁၈)။

ဧဝံ၊ ဤသို့။ ဣဏံဝိယ၊ ကြွေးမြီယူထားသောသူကဲ့သို့။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

## တနည်းဗျာပါဒကို ပယ်နိုင်ကြောင်းတရား ခြောက်ပါး

(၁) မေတ္တာနိမိတ္တဿ ဥဂ္ဂဟော=မေတ္တာနိမိတ်ကို သင်ယူခြင်း၊
(၂) မေတ္တာဘာဝနာနုယောဂေါ=မေတ္တာဘာဝနာကို ပွားခြင်း၊
(၃) ကမ္မဿကတာပစ္စဝေက္ခဏာ=ကမ္မဿကတဉာဏ်ကို ဆင်ခြင်ခြင်း၊
(၄) ပဋိသင်္ခါနဗဟုလတာ=ပညာအဆင်အခြင် များခြင်း၊
(၅) ကလျာဏမိတ္တတာ=မိတ်ဆွေကောင်း ရှိခြင်း၊
(၆) သပ္ပါယကထာ=လျောက်ပတ်သော စကားကို ပြောဆိုခြင်းတို့တည်း။

ရည်ညွှန်းခြင်း မရည်ညွှန်းခြင်း ဩဒိဿက အနောဒိဿ အရပ်တို့၏ ပျံ့နှံ့ခြင်းတို့တွင် တခုခုဖြင့် မေတ္တာကို သင်ယူသောသူအား ဗျာပါဒ ပျောက်၏။

အပိုင်းအခြား ရှိ-မရှိသော အရပ်၊ အပိုင်းအခြားဩဓိသ အနောဒိသတို့၏ ပျံ့နှံ့ခြင်းတို့၏ အစွမ်းဖြင့် မေတ္တာကို ပွားသောသူအား ဗျာပါဒ ပျောက်၏။

သင်သည် ထိုသူအား အမျက်ထွက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ထိုသူ၏ သီလကို ဖျက်ဆီးခြင်းငှါ သင်သည် ဘယ်ကဲ့သို့ တတ်နိုင်မည်နည်း၊ သင်သည် မိမိကံဖြင့်လာ၍ မိမိကံဖြင့်သာသွားလတံ့သည် မဟုတ်ပါလော၊ သူတပါးတို့အား အမျက်ထွက်ခြင်းဟူသည် ရဲရဲတောက်လောင်နေသော မီးကျီခဲ၊ လောလော ပူလောင်နေသော သံတုံး၊ စက်ဆုပ်ဖွယ်သော မစင်စသည်တို့ကို ယူ၍ သူတပါးကို ခဲပစ်ခြင်းငှါ အလိုရှိသူနှင့် တူ၏။

ထိုသူသည်လည်း သင့်အား အမျက်ထွက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင်၏သီလကို ဖျက်ဆီးခြင်းငှါ ထိုသူသည် အဘယ်သို့ တတ်နိုင်အံ့နည်း၊ ထိုသူသည် သူ့ကံဖြင့်လာ၍ သူ့ကံဖြင့်သွားလတံ့၊ လေအောက်

ကနေ၍ ပြာဖြင့်ပစ်သောသူကဲ့သို့ အမျက်ထွက်ခြင်းသည် သူ၏ ခေါင်းပေါ် ရောက်လတံ့၊ ဤသို့ မိမိ၏ လည်းကောင်း, သူတပါး၏ လည်းကောင်း နှစ်ယောက်စုံ၏ လည်းကောင်း။

ကမ္မဿကတာဉာဏ်ကို ရှုသောသူအား လည်းကောင်း၊

နှစ်ယောက်စုံအား ပညာဖြင့် ဆင်ခြင်သောသူအား လည်းကောင်း၊

အဿဂုတ္တထေရ်နှင့်တူသော မေတ္တာဘာဝနာကို ပွားခြင်း၌ ကလျာဏမိတ္တကို မှီဝဲသောသူအားလည်းကောင်း ဗျာပါဒကို ပယ်နိုင်၏။

ရပ်ခြင်း ထိုင်ခြင်း စသည်တို့၌ မေတ္တာကိုမှီသော သပ္ပါယကထာဖြင့် လည်းကောင်း ဗျာပါဒကို ပယ်နိုင်၏။

သည်းခြေရောဂါရှိသူအား ပျားသကာ စသည်တို့ကို ပေးသော်လည်း စား၍ အရသာမရှိ၊ ခါး၏ဟူ၍ အံထွက်၏၊ ဤအတူ ဒေါသစိတ်ရှိသောသူအား အကျိုးကို အလိုရှိသော ဆရာဥပဇ္ဈာယ် စသည်တို့သည် အနည်းငယ်မျှ ဆုံးမသော်လည်း မနာယူ၊ ငါ့အား အလွန် နှိပ်စက်သည် စသည်ဖြင့် အမျိုးမျိုးပြော၍ လူထွက်၏၊ သည်းခြေရောဂါ ရှိသူကဲ့သို့ ပုထုဇဉ်ကို ပျားတင်လဲ အရသာကဲ့သို့ အမျက်ထွက်ခြင်းရောဂါ ရှိသဖြင့် ချန်ချမ်းသာ စသော သာသနအရသာကို မရနိုင်။

ဧဝံ ရောဂေါဝိယ ဗျာပါဒေါ ဒဋ္ဌဗ္ဗော။

(မူလပဏ္ဏာသ အဋ္ဌကထာပါဠိ)။

ဧဝံ၊ ဤသို့။ ရောဂေါဝိယ၊ ရောဂါကဲ့သို့။ ဗျာပါဒေါ၊ ဒေါသကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

**တနည်း ထိနမိဒ္ဓကို ပယ်နိုင်ကြောင်း တရားခြောက်ပါး**

(၁) အတိဘောဇနေ နိမိတ္တဂ္ဂါဟော=အလွန်စားခြင်း၌ နိမိတ်ကို ယူခြင်း၊

(၂) ဣရိယာပထသမ္ပရိဝတ္တနတာ – ဣရိယာပုထ်ကို ပြောင်းပြန်ပြန်ခြင်း၊

(၃) အာလောကသညာမနသိကာရော= အလင်းရောင်ကို နှလုံးသွင်းခြင်း၊
(၄) အဗ္ဗောကာသဝါသော=လွင်တီးခေါင်၌ နေခြင်း၊
(၅) ကလျာဏမိတ္တတာ=မိတ်ဆွေကောင်း ရှိခြင်း၊
(၆) သပ္ပါယကထာ=လျောက်ပတ်သော စကားကို ပြောဆိုခြင်းတို့သာတည်း။

လက်ကိုဆွဲထူရအောင်စားသောပုဂ္ဂိုလ်အား၊အနိဋ္ဌက်အောင် စားသောပုဂ္ဂိုလ်အား၊ မထနိုင်အောင် စားသောပုဂ္ဂိုလ်အား၊ပုဆိုးကျွတ်အောင် စားသောပုဂ္ဂိုလ်အား၊ပါးစပ်၌ ကျီးနှိုက်စားလောက်အောင် စားသောပုဂ္ဂိုလ်အား စသူတို့ကဲ့သို့ စားသောသူအား ရဟန်းတရားကို အားထုတ်စဉ် ထိနမိဒ္ဓသည် ဆင်ပြောင်ကြီးပမာ လွှမ်းမိုး၍လာ၏၊ မဝမီ လေးငါးလုပ်လောက် ချန်ထား၍ ရေသောက်သောသူအား ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်သည်ဟု အကြောင်းနိမိတ်ကို ယူသောသူအား ထိနမိဒ္ဓပျောက်၏။

ဣရိယာပုထ်ကို ပြောင်းပြန်သောသူအား လည်းကောင်း၊

လရောင် နေရောင် စသည်ကို ရှုသောသူအား လည်းကောင်း၊

လွင်တီးခေါင်၌ နေသောသူအားလည်းကောင်း၊

အရှင်မဟာကဿပထေရ်နှင့် တူသော ထိနမိဒ္ဓကို ပယ်တတ်သော ကလျာဏမိတ္တကို မှီဝဲသောသူအား လည်းကောင်း၊

ဓုတင် စသည်ကို ပြောဟောနေသောသူအား လည်းကောင်း ထိနမိဒ္ဓ ရောက်၏။

ထိနမိဒ္ဓ ပျောက်ဖို့အတွက် ဝီရိယခေတ်လိုသည်၊ ပထမအားထုတ်သော ဝီရိယကို အာရမ္ဘဓာတ်၊ ပျင်းရိခြင်းမှ လွတ်မြောက်သည်၏အဖြစ်ကြောင့် ထိုထက်အားရှိသော ဝီရိယကို နိက္ကမဓာတ်၊ အဆင့်ဆင့်အားထုတ်တတ် ကျော်နင်းတတ်သည်၏ အဖြစ်ကြောင့် ထိုထက်အားရှိသော ဝီရိယကို ပရက္ကမဓာတ် ခေါ်၏။

တနည်း- ကာမဂုဏ်တို့ကို ပယ်ခြင်းငှါ အားထုတ်သော စိတ်သည် အာရမ္ဘ၊ တံခါးခုံ တံခါးကျည်ကို ဖွင့်ခြင်းကဲ့သို့ အားထုတ်သောစိတ်သည် နိက္ကမ၊ အနှောင်အဖွဲ့ကို ဖြတ်ခြင်းငှါ အားထုတ်သော စိတ်သည်၊ ပရက္ကမဓာတ် မည်၏၊ ဆိုလိုရင်းကား-လွန်ကဲသော ဝီရိယကိုဆိုလိုသည်။

အလွန်လည်း မတွန့်ရ၊ အလွန်လည်း မမြောက်ရ၊ အဇ္ဈတ္တ၌လည်း မကျဉ်း မချုံးရ၊ ဗဟိဒ္ဓ၌လည်း မပျံ့လွင့်ရ၊ ဤလေးပါးသော အပြစ်မှ ကင်းရသည်။

ၡင်းသည် ကာယိကဝီရိယ စေတသိကဝီရိယဟူ၍ နှစ်ပါးရှိသည်။

ဤသာသနာတော်၌ ရဟန်းသည် တနေ့ပတ်လုံး စင်္ကြံသွားခြင်းဖြင့်လည်းကောင်း ထိုင်ခြင်းဖြင့်လည်းကောင်း ပိတ်ပင်အပ်ကုန်သော တရားတို့မှ စိတ်ကို သုတ်သင်၏-ဟူ၍ နေ့ညဉ့်၏ ငါးဖို့၌ ကိုယ်ဖြင့် အားထုတ်သောသူအား ကာယိကဝီရိယ ဖြစ်၏။

ငါသည် ဤလိုဏ်ဂူမှ အကြင်မျှလောက် ကာမဂုဏ်မှ မလွတ်ပါမူ မထွက်အံ့ဟူ၍ အရပ်ကို ပိုင်းခြားသဖြင့် လည်းကောင်း၊ ငါသည် ဤတင်ပလ္လင်ခွေ ထိုင်နေခြင်းကို မဖျက်အံ့ဟူ၍ ထိုင်ခြင်းစသော အပိုင်းအခြားဖြင့် လည်းကောင်း စိတ်ကိုဖွဲ့၍ အားထုတ်သောသူအား စေတသိကဝီရိယ ဖြစ်၏။

ဤနှစ်ပါးစုံသည် ဤနေရာ၌ အပ်၏၊ ဤသို့ ဝီရိယရှိသူအား မဖြစ်သေးသော ထိနမိဒ္ဓသည် မဖြစ်၊ ဖြစ်ပြီးသော ထိနမိဒ္ဓကို ပယ်နိုင်၏။

မိလ္လကတိဿထေရ်၊ ရွာနှစ်ခုကြား တောင်ချိုင့်၌နေသော မဟာသီဝထေရ်၊ ပီတိမလ္လကထေရ်၊ သူကြွယ်သား တိဿထေရ်တို့ ကဲ့သို့ တည်း။

ရှေး သုံးပါးကား ကာယိကဝီရိယ၊ နောက်တပါးကား စေတသိကဝီရိယရှိသူတို့တည်း။

ဥစ္စာဝါလုကအရပ်နေ မဟာနာဂထေရ်သည် ကာယိကစေတသိကဝီရိယရှိသူတည်း၊ ဤထေရ်သည် ခုနစ်ရက် စင်္ကြံကြွ၏၊ ခုနစ်ရက် ရပ်၏၊

ခုနစ်ရက်ထိုင်၏၊ ခုနစ်ရက် လျှောင်း၏၊ ၎င်းမထေရ်အား မလျောက်ပတ်သော ဣရိယာပုထ်ဟူ၍ မရှိ၊ လေးခုမြောက် သတ္တာဟ၌ ဝိပဿနာ ပွားကာ ရဟန္တာဖြစ်သည်။

ထောင်သွင်း အကျဉ်းခံရသူသည် သော်တာလ သူရိယ နေမင်း နက္ခတ်တာရာ ကြယ်တာရာတို့၏ အစ အလယ် အဆုံးကို မမြင်ရ၊ နက္ခတ်တာရာ ကြယ်တာရာတို့သည် နှစ်လိုဖွယ်ရှိ၏၊ ကခြင်းသည် အံ့ဩဖွယ်ရှိ၏၊ သီခြင်းဆိုခြင်းသည် အံ့ဩဖွယ်ရှိ၏-ဟု သူတကာများ ပြောသော်လည်း လွတ်လာသောနေ့၌ကား ပြန်၍မပြောနိုင်၊ နက္ခတ်ကို မတွေ့မမြင် မခံစားရသောကြောင့်တည်း။

နည်းတူ ထိနမိဒ္ဓ နှိပ်စက်သောသူသည် ဆန်းကြယ်သော စကားကို ဟောပြောသည်ရှိသော် အစ အလယ် အဆုံးကို မသိနိုင်၊ တရားနာခြင်းသည် အံ့ဩဖွယ်ရှိ၏၊ အကြောင်းအရာသည် အံ့ဩဖွယ်ရှိ၏၊ ဥပမာသည် ဆန်းကြယ်၏-ဟု တရားနာခြင်းကို ပြောဟောသည်ရှိသော်လည်း ပြန်၍ မပြောနိုင်၊ ထိနမိဒ္ဓ၏အစွမ်းဖြင့် တရားစကားကို မခံစားရသောကြောင့်တည်း။

ဧဝံ ပန္ဓနာဂါရံဝိယ ထိနမိဒ္ဓံ ဒဋ္ဌဗ္ဗံ။

(မူလပဏ္ဏာသအဋ္ဌကထာပါဠိ ၂၁၉-ဒု)။

ဧဝံ၊ ဤသို့။ ပန္ဓနာဂါရံဝိယ၊ နှောင်အိမ်ကဲ့သို့။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**တနည်း- ဥဒ္ဓစ္စကုက္ကုစ္စကို ပယ်ကြောင်းတရား ခြောက်ပါး**

(၁) ဗဟုဿုတတာ=အကြားအမြင် ရှိခြင်း၊
(၂) ပရိပုစ္ဆကတာ=မေးမြန်းစိစစ်ခြင်း၊
(၃) ဝိနယေပကတညုတာ=ဝိနည်းကျေးဇူးကို သိခြင်း၊
(၄) ဗုဒ္ဓသေဝိတာ=သိက္ခာကြီး, ဝါကြီးများကို ဆည်းကပ်ခြင်း၊

(၅) ကလျာဏမိတ္တတာ=မိတ်ဆွေကောင်း ရှိခြင်း၊
(၆) သပ္ပါယကထာ=လျောက် ပတ် သော စ ကား တို့ ကို ဆို ခြင်း တို့တည်း။

နိကာယ်တပါး, နှစ်ပါး, သုံးပါး, လေးပါး, ငါးပါးတို့ကို ပါဠိ အနက် အဓိပ္ပာယ် စသည်တို့ဖြင့် သင်ယူသောသူအား ဥဒ္ဓစ္စကုက္ကုစ္စ ပျောက်၏။

အပ်,မအပ်စသည်ကို မေးစိစစ်သူအားလည်းကောင်း၊

ဝိနည်းပညတ်ကိုလေ့လာသည်၏အစွမ်းဖြင့် ကျေး ဇူး ကို သိ သော သူအားလည်းကောင်း၊

သိက္ခာကြီး,ဝါကြီးတို့အား ဆည်းကပ်သောသူအားလည်းကောင်း၊

ဥပါလိထေရ်စသော ဝိနည်းမိုရ်ပုဂ္ဂိုလ် ကလျာဏမိတ္တတို့ကို ဆည်းကပ်သောသူအားလည်းကောင်း၊

သွားခြင်း,လာခြင်းစသည်၌ အပ်,မအပ်စသည်ကို ပြောဆိုသော သူအားလည်းကောင်း ဥဒ္ဓစ္စ ကုက္ကုစ္စ ပျောက်၏။

နက္ခတ်ပွဲသဘင်ကိုကစားလိုသောရှင်ဘုရင်စသည်တို့က အခိုင်းအစေ ကျွန်အား ယခုနေ ဆောင်လျင်စွာ ပြုဖွယ်ကိစ္စ ရှိသည်၊ မြန်မြန်လာခဲ့၊ မြန်မြန်မလာက သင်၏ခြေ, လက်, နား, နှာခေါင်းတို့ကို ဖြတ်မည်ဟု ပြော၍ လျင်မြန်စွာလာ၏၊ နက္ခတ်ပွဲ၏ အစ, အလယ်, အဆုံးကိုကား မခံစားရ၊ အဆက်အစပ်မရှိသောကြောင့်တည်း။

နည်းတူ ဝိနည်း၌ မလေ့လာ မဆည်းပူးသောသူသည် တော၌ တ ပါး တည်း နေသည်ရှိသော် အပ်,မအပ်သောအသားစသည်ကိစ္စနှင့် ပတ်သက်၍ တောမှနေပြီး သီလကြည်စင်စေရန် ဝိနည်းမိုရ်ဆရာတော် ထံသို့ သွားရသည်၊ ဝိဝေကသုခခေါ် အေးအေး ဆေးဆေး နေခြင်း အရသာကစ၍ မခံစားရ၊ ဘယ်ကြောင့်နည်းဟူမူကား ဥဒ္ဓစ္စကုက္ကုစ္စ နှိပ်စက်သောကြောင့်တည်း။

ဧဝံ ဒါသဗျံ ဝိယ ဥဒ္ဒစ္စကုက္ကုစ္စံ ဒဋ္ဌဗ္ဗံ။
(မူလပဏ္ဏာသအဋ္ဌကထာပါဠိ ၂၁၉-ဒု)

ဧဝံ၊ ဤသို့။ ဒါသဗျံဝိယ၊ ကျွန်ကဲ့သို့။ ဥဒ္ဒစ္စကုက္ကုစ္စံ၊ ဥဒ္ဒစ္စကုက္ကုစ္စကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**တနည်း-ဝိစိကိစ္ဆာပယ်ကြောင်းတရား ခြောက်ပါး**

(၁) ဗဟုဿုတတာ=အကြားအမြင်ရှိခြင်း၊
(၂) ပရိပုစ္ဆကတာ=မေးစိစစ်ခြင်း၊
(၃) ဝိနယေပကတညုတာ=ဝိနည်းကိုလေ့လာခြင်း၊
(၄) အဓိမောက္ခဗဟုလတာ=ဆုံးဖြတ်ခြင်း များခြင်း၊
(၅) ကလျာဏမိတ္တတာ=မိတ်ကောင်းရှိခြင်း၊
(၆) သပ္ပါယကထာ= လျောက်ပတ်သော စကား ကို ဆို ခြင်း တို့တည်း။

နိကာယ် တပါး, နှစ်ပါး စသည် ကို ပါဠိ, အနက် စသည်ဖြင့် သင်ကြားသူအားလည်းကောင်း၊

ရတနာ သုံးပါး ကို အကြောင်း ပြု၍ မေး စိ စစ် သော သူအား လည်းကောင်း၊

ဝိနည်း၌လေ့လာသောသူအားလည်းကောင်း၊

ရတနာသုံးပါးတို့၌ ဩကပ္ပနိယသဒ္ဓါဟုဆိုအပ်သော ဆုံးဖြတ်ခြင်း များသောသူအားလည်းကောင်း၊

သဒ္ဓါဝိမုတ္တ၊ သဒ္ဓါ ကို နှ လုံး သွင်း သော ဝက္ကလိထေရ်နှင့်တူသော ကလျာဏမိတ္တကို မှီဝဲသောသူအားလည်းကောင်း၊

ရပ်ခြင်း, သွား ခြင်း စ သည် တို့၌ ရတနာသုံးပါး၏ဂုဏ်ကိုမှီသော လျောက် ပတ် သော စ ကား ရှိ သော သူအားလည်းကောင်း ဝိစိကိစ္ဆာ ပယ်ပျောက်နိုင်၏။

ခိုးသူဒမြပေါသောလမ်းခရီးကိုသွားသောသူအား တုတ်သံ,ငှက်သံ စသည်ကြောင့် သူခိုး,ဒမြလာသည် ထင်၏၊ ထိုကြောင့် ပြန်ချင်လည်း

ပြန်တတ်၏၊ ဘေးကင်းရာသို့ ရောက်ချင် ရောက်မည်၊ မရောက်ချင် မရောက်နိုင်။

နည်းတူ ဝိစိကိစ္ဆာသည် ဘုရား ဟုတ်သလော၊ မဟုတ်လေသလော စသည်ဖြင့် ရှစ်ဌာနတို့၌ ယုံမှား၍ မဂ်,ဖိုလ်,နိဗ္ဗာန်ကိုရောက်ရန်မလွယ် ကူလှပေ။

ကန္တာရဒ္ဓါနံမဂ္ဂေါဝိယ ဒဋ္ဌဗ္ဗော။

(မူလပဏ္ဏာသအဋ္ဌကထာပါဠိ-၂၂၀၊ ဒု)

ကန္တာရဒ္ဓါနမဂ္ဂေါဝိယ၊ ခိုးသူ,ဒမြပေါသောခရီးခဲကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

သင်္ဂါရဝသုတ္တန်၌ သင်္ဂါရဝပုဏ္ဏားက ဘုရားရှင်အား ဗေဒင် သရဇ္ဈာယ်ရာ တခါတလေ မထင်သည်လည်း ရှိကြောင်းကို လျှောက် ထားရာ ဘုရားရှင်က နည်းတူ သမထ, ဝိပဿနာ တရား တို့ သည် ကာမစ္ဆန္ဒ နီဝရဏစသည်ကြောင့် မထင်နိုင်၊ ဥပမာကား-ဆေးရောင် ရှိသောရေ,မီးကြောင့် ဆူနေသောရေ,မှော်ရှိသောရေ,လှိုင်းထနေသော ရေ, အ မှောင် မှာ ထား သော ရေ သည် မျက်နှာရိပ် မထင်သည်နှင့် တူကြောင်း ဟောကြားတော်မူ၏။

၎င်းအဋ္ဌကထာ၌ ကာမရာဂမှာ အသုဘ၊ ဗျာပါဒမှာ မေတ္တာ၊ ထိနမိဒ္ဓမှာ အာလောကသညာ၊ ဥဒ္ဓစ္စကုက္ကုစ္စမှာ သမထ၊ ဝိစိကိစ္ဆာမှာ ဓမ္မဝဝတ္ထာနခေါ် တရားကိုပိုင်းခြားမှတ်သားခြင်းသည် ဆန့်ကျင်ဘက် ဖြစ်၏ဟု မှာတော်မူ၏။ (ကျမ်းမည္ဆန်းသောပါဠိတို့ကို ကောင်္ုတ္တရအဋ္ဌ ကထာ၊ နီဝရဏပ္ပဟာနဝဂ်ဟု မှတ်)။

နတ္တေဝိဒံ ကုသိတေန၊ ဗာလေန မဝိဇာနတာ။
နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဂန္ထ ပမောစနံ။

(ဣတိဝုတ်ပါဠိတော်-၂၆၆)

ကုသိတေန၊ ထိနမိဒ္ဓတရား ပြန့်ပွားသဖြင့် ပျင်းရိသော။ အဝိဇ္ဇာနတာ၊ ပညာမျက်စိ အမြင်မရှိပဲ ကိလေသာစသော တရားတို့ကြောင့် သံသရာ၏အပြစ်ကိုမသိသော။ ဗာလေန၊ သူမိုက်သည်။ သဗ္ဗဂန္ထပမောစနံ၊ နိဝရဏတရားတို့ မြေးယှက်ခြင်းကင်းသဖြင့် အလုံးစုံသောသံသရာအနှောင်အဖွဲ့မှလွတ်သော။ ဣဒံနိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာမှန် ဤနိဗ္ဗာန်ကို။ နတ္တေဝ အဓိဂန္တဗ္ဗံ၊ မုချကေန် အမှန်စင်စစ် မရောက်နိုင်သည်သာတည်း။

ပညာမျက်စိအမြင်ရှိဖို့ အရေးကြီး၏၊ ပညာမျက်စိအမြင်ရှိသောသူမှသာလျှင် ဟုတ်မှန်သည့်အတိုင်းသိ၍ သံသရာ၌ ငြီးငွေ့တတ်သည်၊ ရာဂကင်းခြင်းငှါ အလိုရှိသည်၊ ရာဂကင်းသော မဂ်, ဖိုလ်, နိဗ္ဗာန်အတွက် ကျင့်ဆောင်တတ်၍ သံသရာဝဋ်ဆင်းရဲ ကင်းငြိမ်းတတ်သည်သာတည်း။

## ပုဏ္ဏာမာသထေရ်

သူသည် မုဆိုးဘဝဖြင့် လေးကိုင်လျက်လာရာ တိဿဘုရားရှင်သည် သင်္ကန်းကိုသစ်ပင်မှာဆွဲ၍ ကုဋီတက်နေ၏၊ သူသည် ၎င်းသင်္ကန်း၌ ဘုရားရှင်၏ဂုဏ်ကိုအာရုံပြုကာ ရှိခိုး၏။

ထိုကုသိုလ်ကြောင့် လူ့ပြည်, နတ်ပြည် ကျင်လည်ပြီးနောက် ဂေါတမဘုရားရှင်လက်ထက်မှာ သာဝတ္ထိပြည်ဝယ် သူကြွယ်မျိုး၌ဖြစ်၏၊ သူ့ကိုမွေးဖွားစဉ် ခွက်၌ ရွှေ,ငွေများ ပြည့်နေ၏၊ ထို့ကြောင့် သူ့ကို ပုဏ္ဏာမာသ ခေါ်ကြ၏။

ကလေးတယောက်ရမှရဟန်းပြု၍ အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာဖြစ်၏၊ မယားသည် ဖျားယောင်းရန် အခြံအရံများနှင့်လာ၏၊ ငါကား ဤခန္ဓာကိုယ်ကို အတွင်းအပြင်အားလုံး အသုံးမကျစသည်ဖြင့် ရှု၍ ကာမစ္ဆန္ဒနီဝရဏစသော တရားများကင်းပျောက်လျက် မဂ်,ဖိုလ်, နိဗ္ဗာန်ကိုရပြီးသည်သာတည်းဟု တရားဟောကာလွတ်လိုက်သည်။

## ပုဏ္ဏာမာသထေရ် ဟောတော်မူသောဂါထာ

ပဉ္စနီဝရဏေ ဟိတွာ၊ ယောဂက္ခေမဿ ပတ္တိယာ။
ဓမ္မာဒါသံ ဂဟေတွာန၊ ဉာဏဒဿန မတ္တနော။
ပစ္စဝေက္ခိံ ဣမံ ကာယံ၊ သဗ္ဗံ သန္တရဗာဟိရံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ တုစ္ဆော ကာယော အဒိဿထ။

(ထေရဂါထာပါဠိတော်-၂၅၄)

ပဉ္စနီဝရဏေ၊မဂ်,ဖိုလ်,နိဗ္ဗာန်ကိုတားမြစ်တတ်သည့် ကာမစ္ဆန္ဒ စသည် အပြား နီဝရဏငါးပါးတို့ကို။ ဟိတွာ၊ ရှေးသူတော်ကောင်းတို့လမ်းစဉ် လိုက်ခါ မဂ်ဉာဏ်တရား အစားစားဖြင့် ပယ်ထားစွန့်ပစ်၍။ ယောဂက္ခေမဿ၊ သံသရာမှာဖွဲ့ချည်တတ်သည့် ကာမယောဂစသည်အပြား ထိုလေးပါး၏ ကုန်ခန်းရာအမှန် မြတ်နိဗ္ဗာန်သို့။ ပတ္တိယာ၊ လျင်မြန်ဆောစွာ ဝိသုဒ္ဓိခုနစ်ပါး ခုတ်လှေကားဖြင့် ရောက်ပါစေခြင်းငှာ။ ဓမ္မာဒါသံ၊ ရုပ်လှ,မလှ မှန်ကြည့်ကြသလို ဤကား တရား မဟုတ်၊ ဤကား နိဗ္ဗာန် ရောက်ကြောင်းတရားသာတည်းဟု အစစ်အမှန် သမ္မာဒိဋ္ဌိဉာဏ် စသည် ကို။ ဂဟေတွာန၊ ကိုင်၍။ အတ္တနော၊ မိမိ၏။ ဉာဏဒဿနံ၊ ယထာဘူတ ကိလေသမှလွတ်ရန် ဟုတ်မှန်တိုင်းသောဉာဏ်အမြင်သည်။ ဟောတိ၊ သံသရာဟိုဘက်ကမ်း နိဗ္ဗာန်နန်းသို့ စံမြန်းဖို့ရာရောက်ရသည်သာတည်း။

သဗ္ဗံ၊ အလုံးစုံသော။ သန္တရဗာဟိရံ၊ အသား,အသွေး,အရိုး,အရေ စသည်တွင်းပ နှစ်ပါးရှိသော။ ဣမံကာယံ၊ စက်ဆုပ်ဖွယ်ရာ ဤခန္ဓာကို။ ပစ္စဝေက္ခိံ၊သမ္မသန ဉာဏ်ကဇ၍ ဝိပဿနာပွားကာ ဓမ္မစက္ခုဖြင့် ရှုကြည့် ပြီးသည်သာတည်း။ အဇ္ဈတ္တဉ္စ၊ အသား,အသွေးစသော စက်ဆုပ်ဖွယ် မှန် အတွင်းသန္တာန်၌လည်းကောင်း။ ဗဟိဒ္ဓါ စ၊ ဆံပင်,အမွေး လက် သည်း,ခြေသည်းစသော အပြင်ဗဟိဒ္ဓသန္တာန်၌လည်းကောင်း။တုစ္ဆော၊ နိစ္စ,သုခ အတ္တစသည် ကင်းသဖြင့် အချည်းနှီးသော။ ကာယော၊ အသုံး မကျ နှစ်သက်စရာမရှိ လူပလ္လာတို့ စက်ဆုပ်ဖွယ်အတိဖြစ်၍ လူဗာလတို့သာ

နှစ်သက်အပ်သည့် ဤအပုပ်ကောင် ဟန်ဆောင်ထားသော ခန္ဓာကိုယ် သည်။ အဘဝိဿ၊ ပညာမျက်စိ ဉာတ တီရဏ ပဟာန ပရိညာဏ် တရားမှန်ဖြင့်ကြည့်ကာ တကယ်ပင်ဖြစ်သည်သာတည်း။

## (ခ) ခန္ဓာအကြောင်း သိကောင်းစရာ

သုံးဆယ့်တဘုံ အလုံးစုံသော ရုပ်နာမ်တရားတို့သည် မြဲခြင်း မရှိ၊ ဤခန္ဓာသည် ဟိုဘဝမှဤဘဝ စသည်ဖြင့် ပြောင်းနေတော့၏။

နတ္ထိ ကောစိ ဘဝေါ နိစ္စော၊ သင်္ခါရာဝါပိ သဿတာ။
ဥပ္ပဇ္ဇန္တိ စ တေ ခန္ဓာ၊ စဝန္တိ အပရာပရံ။
(ထေရဂါထာပါဠိတော်-၂၄၇)

ကောစိ၊ ဆန်းကြယ်များပြားလှသည့် သတ္တဝါအရာဝတ္ထုတို့၏ တည်ရာဌာနဖြစ်သော။ ဘဝေါ၊ ကာမ, ရူပ, အရူပဟုဆိုအပ်သော ဘဝသည်။ နိစ္စော၊ အစိုင်အခဲ သံတုံးသံခဲ ကျောက်ခဲ ကျောက် တောင် ကျောက်ခဲပမာ ယိမ်းယိုင်ခြင်းမရှိ ဘယ်တရားဖျက်ဖျက် မပျက်သဘော မြဲခြင်းတရားသည်။ နတ္ထိ၊ မုချအားဖြင့် မီးဖျက်သောကမ္ဘာ ရေဖျက် သောကမ္ဘာ,လေဖျက်သောကမ္ဘာ,တပါးပါးသောအခြင်းအရာကြောင့် ပျက်တတ်ငြား၍ အနိစ္စ, ဒုက္ခ, အနတ္တ သာ တည်း။ သင်္ခါရာဝါပိ၊ အကြောင်းပစ္စယကြောင့် အကျိုးဝိပါက် ပေါ်လာရသည့်အတွက် ဘယ်ကလာသည်ကိုမသိ အလိုအလျောက် ရောက်ရှိလာငြား သင်္ခါရ များတို့သည်လည်း။ သဿတာ၊ အိုခြင်း,နာခြင်း,သေခြင်းဘေးကြောင့် စွဲခြင်း,မြဲခြင်း,မဖေါက်ပြန်ခြင်းနှင့် မပျက်စီးခြင်းတို့သည်လည်း။ နတ္ထိ၊ ပြောစရာမလို မျက်မြင်ဒိဋ္ဌ သိမြင်ရသောကြောင့် မရှိရိုးမှန်လှပေကုန်၏။ တေခန္ဓာ၊ ဖေါက်ပြန်တတ်သောရုပ်, အာရုံသို့ညွှတ်တတ်သော နာမ်, ထိုခန္ဓာငါးတန်တို့သည်။ ဥပ္ပဇ္ဇန္တိစ၊ အကြောင်းအာရုံတိုက်ဆိုင်လာက သတ္တဝါဟူသော ရုပ်, နာမ်, သစ်ပင်, တော, တောင်, ကမ္ဘာမြေကြီး, ရေထု,လေထုအားဖြင့် ရုပ်ဟူ၍လည်း ဖြစ်ကုန်၏။ အပရာပရံ၊ သုံးဆယ့်

တဘုံမှာ ထက်,အောက်စုန်ဆန် အပြန်ပြန်အလှန်လှန်။စဝဋ္ဋ၊သံသရာက မလွတ်ရသေးသမျှ ဘင်ခဏအနေမျိုးဖြင့် ရွှေလည်းရွှေလျော့ပျက်စီး ဆုံးရှုံးရကုန်သည်သာတည်း။

ခန္ဓာဟူသည် အတိတ်, အနာဂတ်စသည်ဖြင့် ပေါင်းထားသော ကြောင့် ခန္ဓာ ခေါ်၏၊ ၎င်းခန္ဓာသည်–

ရူပက္ခန္ဓာ = ရုပ်နှစ်ဆယ့်ရှစ်ခု၊

ဝေဒနာက္ခန္ဓာ = ဝေဒနာစေတသိက်၊

သညာက္ခန္ဓာ = သညာစေတသိက်၊

သင်္ခါရက္ခန္ဓာ = ဝေဒနာသညာမှတပါး စေတသိက်ငါးဆယ်၊

ဝိညာဏက္ခန္ဓာ = စိတ် ရှစ်ဆယ့်ကိုးခုတို့တည်း။

ဤခန္ဓာငါးပါးတို့သည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်လာ ဝိညာဏ ပစ္စယာ နာမရူပံ စသည်ကို ထောက်ရှု၍ ဝိညာဏ်ကြောင့် ဤခန္ဓာ ငါးပါးတို့ ဖြစ်ကုန်၏။ ဝိညာဏ်ချုပ်လျှင် ဤခန္ဓာငါးပါး ချုပ်ကုန်၏ စသည်ဖြင့် ရှုအပ်၏။

ဣဓ ဘိက္ခဝေ ဘိက္ခု ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။

(သုတ်မဟာဝါမဟာသတိပဋ္ဌာနသုတ်ပါဠိတော်–၂၃၉)

ဘိက္ခဝေ၊ ခန္ဓာတရား ရှုပွား များ၍ သံသရာမှလွတ်လိုကြငြား အို–ရဟန်းများတို့။ ဣဓ၊ ဤလောက၌။ ဘိက္ခု၊ သံသရာဘေးကို ရှုတတ်သောသူသည်။ ဣတိ၊ ဤသို့။ ရူပံ၊ ရုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ရူပဿ၊ ရုပ်၏။ သမုဒယော၊ ဖြစ်ကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ရူပဿ၊ ရုပ်၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းသည်။ ဟောတိ၊ ဖြစ်သည်သာတည်း။ (ဝေဒနာစသည် တို့၏)။

ဘုရားရှင်၏ သံသရာမှလွတ်ရာလွတ်ကြောင်းအဆုံးအမစကားတော် တည်းဟူသောသာသနာသည် သီလ,သမာဓိ,ပညာ ဖြစ်၏။

သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာ
နိသံသော။ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ
မဟာနိသံသာ။ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ
ဝိမုစ္စတိ။ သေယျထိဒံ၊ ကာမာသဝါ ဘဝါသဝါ ဒိဋ္ဌာသဝါ
အဝိဇ္ဇာသဝါတိ။

(သုတ်မဟာဝါမဟာပရိနိဗ္ဗာနသုတ်ပါဠိတော်-၇၀)

သီလပရိဘာဝိတော၊ သီလဖြင့်ထုံအပ်သော။ သမာဓိ၊သမာဓိသည်။ မဟပ္ဖလော၊ များသောအကျိုးရှိသည်။ မဟာနိသံသော၊ များသော အာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။ သမာဓိပရိဘာဝိတာ၊ သမာဓိဖြင့် ထုံအပ်သော။ ပညာ၊ ပညာသည်။ မဟပ္ဖလာ၊ များသောအကျိုး ရှိသည်။ မဟာနိသံသာ၊ များသောအာနိသင်ရှိသည်။ ဟောတိ၊ဖြစ်၏။ ပညာပရိဘာဝိတံ၊ ပညာဖြင့်ထုံအပ်သော။ စိတ္တံ၊ စိတ်သည်။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ အာသဝေဟိ၊ အာသဝတရားတို့မှ။ ဝိမုစ္စတိ၊ လွတ်၏။ ဣဒံ ဣမာနိ၊ ဤ အာ'သ ဝ တရားတို့သည်။ သေယျထာ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ ကာမာသဝါ၊ ကာမာသဝ လည်းကောင်း။ ဘဝါသဝါ၊ ဘဝါသဝလည်းကောင်း။ ဒိဋ္ဌာသဝါ၊ ဒိဋ္ဌာသဝလည်းကောင်း။ အဝိဇ္ဇာသဝါ၊ အဝိဇ္ဇာသဝလည်းကောင်း။ ဣမာနိ၊ ဤသည်တို့ပင်တည်း။

ဤခန္ဓာကိုယ်တည်းဟူသောရုပ်တရားသည် ဆံဖြူ,သွားကျိုး ခါး ကိုင်း,နားထိုင်း အရေတွန့်ခြင်းစသော ပျက်စီးယိုယွင်းဆွေးမြေ့သည် ဖြစ်၍ ဇရာဇိဏ္ဏလည်း မည်၏၊ ပထမအရွယ်, ဒုတိယအရွယ်, တတိယ အရွယ်တည်းဟူသော အရွယ်သုံးပါးဖြင့်ကြီးသည်ဖြစ်၍ ဝယော ဝုဍ္ဎ လည်း မည်၏၊ အမျိုးဇာတ်အားဖြင့်လည်း ယိုယွင်းကြီးမြင့်ကြသည် ဖြစ်၍ မဟလ္လကလည်း မည်၏၊ အ ရွယ် သုံး ပါး သို့ ရောက်သည်ဖြစ်၍ အဒ္ဓဂတလည်း မည်၏၊ အ ရွယ် သုံး ပါး တို့ တွင် တ တိ ယ အရွယ်သို့ ရောက်သည်ဖြစ်၍ ဝယောအနုပ္ပတ္တလည်း မည်၏၊ အနာရောဂါ နှိပ်စက်

တတ်သည်ဖြစ်၍ အာတာပီလည်း မည်၏၊ ဤ ကိုယ် ခန္ဓာ သည် ရွှေအဆင်းလို ဝင်းဝင်းဝါဝါဘယ်လောက်လှလှ အမြဲတမ်း ကျင်ကြီး, ကျင်ငယ်တို့ဖြင့် ယိုစီးသည်ဖြစ်၍ အာတာပီ မည်၏၊အထူးအားဖြင့် ဇရာ,ဗျာဓိ,မရဏတို့ဖြင့် ကျင်နာကုန်၏၊ အမြဲတမ်းရောဂါနှိပ်စက်နေ၍ အဘိက္ခဏာတက် မည်၏၊ ရောဂါနှိပ်စက်နေသဖြင့် တစုံတယောက်သော ပုဂ္ဂိုလ် အရာဝတ္ထုတို့ကိုမြင်ခြင်းငှာ အလိုရှိသည်ဖြစ်၍ သွားခြင်းငှာ မစွမ်းနိုင်သဖြင့် အနိစ္စဒဿာဝီလည်း မည်၏။

ဘုရားရှင်တို့သည်ပင်လျှင် ကာယဒုက္ခ ရှိသေးသည်၊ ကျင်နာတတ်သောစိတ်ကို ဘာဝနာဖြင့်ပယ်ပြီး၍ စိတ္တဒုက္ခ မရှိတော့ပေ။

**တရားထင်မြင်၍ထွက်ပြေးသူ**

တိပိဋကစူဠနာဂထေရ်သည် လက္ခဏာရေးသုံးပါးနှင့်ပတ်သက်သော ကမ္မဋ္ဌာန်းကို ရွတ်ဖတ်သရဇ္ဈာယ်နေစဉ် ပုဏ္ဏားတယောက် တရား နာနေ၏၊ ထိုပုဏ္ဏားသည် ရုပ်နာမ်တရားသင်္ခါရတို့ကို အနှစ်သာရ မရှိ၊ သုညသာထင်မြင်သဖြင့် တောင်စောင်း, ချောင်းကမ်းပါး၌ လိမ့်ကျသကဲ့သို့ထင်၍ တံခါးဖွင့်ကာ ထိုနေရာမှ ထွက်ပြေးသည်၊ ကြောက်လွန်းအားကြီး၍ အိမ်သို့ရောက်လာစဉ် သားကို ဗိုက်ပေါ်တင်၍ထားဖူးသည်။

အရိယာတို့ကား ကြောက်စိတ်ကိုပယ်ပြီး၍ ဤ သို့ မကြောက်တော့ပေ။

ခြင်္သေ့မင်းဟောက်သံကြား၍ ချေငယ်, စိုင်, ဆတ် စသည်တို့သည် ကြောက် လန့် သ ကဲ့ သို့ ဤ ရုပ် နာမ် တ ရား တို့ ကား ကြောက် စ ရာ ကောင်းသည်။

အရှင်နီတထေရ်သည် ပန်းမှိုက်စွန့်အမျိုးမှ ရဟန်းလာ၍ ပြုသည်၊ ခေါင်းရိတ်စဉ် ရဟန္တာဖြစ်သည်၊ ၎င်းမထေရ်သည် အရိယာတို့၏အကျင့်ကို ကျင့်အံ့ဟု ပံသုကူသင်္ကန်းရှာစဉ် ဗြဟ္မာကြီးခုနစ်ယောက်လာ၍ ရှိခိုးကြသည်။

ဤခန္ဓာကိုယ်သည် နွားငယ်များ အမိနို့ရည် မသောက်ရသဖြင့် ညှိုးနွမ်းသကဲ့သို့ ညှိုးနွမ်းရသည်၊ ခရီးခဲကို သွား၍ ပင်ပန်းရသကဲ့သို့ ပင်ပန်းရသည်၊ ပန်းပွင့်သည် ရေမတွေ့ရ၍ ခြောက်သွေ့သကဲ့သို့ခြောက်သွေ့ရသည်၊ ထို့ကြောင့် အညထတ္တ ခေါ်သည်။

နွားငယ်များ ခရီးသွားသူများ ပန်းများ ညှိုးနွမ်းပြီး ပျက်စီးရသကဲ့သို့ ပျက်စီးရသဖြင့် ဝိပရိဏာမလည်း မည်၏။

လောကမှာ ရူပါရုံစသော လောကီအာရုံ ကာမဂုဏ်များသည် ညွှန်ပျောင်းပမာ ကြည်၍ မွေ့လျော်ဖွယ်ရှိ၏၊ သို့ရာတွင် ဆင်းကြည့်သူအား ဒုက္ခဖြစ်စေနိုင်သည်၊ တနည်း– အပါယ်စသည် ရောက်စေတတ်၏၊ လောကီအာရုံ ကာမဂုဏ်များသည် နည်းနည်းပါးပါး သာယာဖွယ်ရှိသလိုလိုနှင့် များစွာဒုက္ခကို ဖြစ်စေတတ်သည်၊ ပျက်စီးခြင်းသို့ ရောက်စေတတ်သည်။

လယ်ထွန်ယောက်ျားသည် မြေကို ပေါက်တူးစသည်ဖြင့် ခွဲ၍ စပါးစသည် စိုက်ပျိုးသကဲ့သို့ ကိလေသာတည်းဟူသော မြေကြီးကို ပညာပေါက်တူး ပေါက်ဆိန်ဖြင့် ခွဲရာ၏၊ သို့မှ ဒါန သီလ သမထ ဝိပဿနာ မျိုးစေ့စိုက်ကာ မဂ်သီး ဖိုလ်သီးသီး၍ အကျိုးရှိပေတော့မည်။

မဟာသမုဒ္ဒရာမှာ နဂါးတို့သည် ကျက်စားသကဲ့သို့သာသနာတည်းဟူသော မဟာသမုဒ္ဒရာမှာ အရိယာပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ကျက်စားနိုင်ဖို့လိုသည်။

အိမ်မှာ အထွတ်လိုရင်း ဖြစ်သကဲ့သို့ သာသနာတော်မှာ အနိစ္စလက္ခဏာ စသည် အရေးကြီးသည်၊ (တောလေးဆယ်ကို သတိပြု)။

လောကသံသရာမှာ မွေ့မွေ့လျော့လျော့နေ၍ကား မဖြစ်၊ ဤရုပ်နာမ် ဒုက္ခတရားမှ ကင်းလွတ်ဖို့ အရေးကြီးသည်၊ သမထဝိပဿနာတရားကို အားမထုတ်ပဲ မွေ့မွေ့လျော့လျော့နေလာ၍ အနမတဂ္ဂသံသရာကစပြီး ယနေ့ထက်တိုင် ဒုက္ခတရားကို တွေ့ကြုံနေကြရသည်၊ သမထဝိပဿနာ

တရားကို မကြိုးစား အားမထုတ်က ဤခန္ဓာကိုယ်တွင်းသို့ တဏှာ မာန ဒိဋ္ဌိ သံသရာကို ချဲ့ထွင်တတ်သည့် ပပဉ္စတရားများ ဝင်လာပေမည်။

သမထဝိပဿနာတရားကို ကြိုးစားအားထုတ်၍ မေ့မေ့လျော့လျော့ မနေသောသူကား ကျောက်စာတိုင်ကို လေတိုက်ခတ်သော်လည်း မယိမ်း ယိုင်သကဲ့သို့လည်းကောင်း၊ မြင့်မိုရ်တောင်ကို လေတိုက်ခတ်သော်လည်း မပြိုမလဲသကဲ့သို့လည်းကောင်း ဖြစ်ပေသည်။

ဖြစ်သမျှဒုက္ခချည်းသာ၊ သုခတရားကား မရှိ၊ ဒုက္ခကိုဒုက္ခဟုသိအောင် ကြိုးစားဖို့လို၏၊ သို့မှသာ လောဘစသော အာသဝတရား ကင်းပျောက် မည်။ (အာသဝတရားနှင့်ပတ်သက်၍ သဗ္ဗာသဝသုတ်ကိုရှု)။

ဤလောဘစသော အာသဝတရားတို့ ဖြစ်ကြောင်းကား သညာ ဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ၊ ဤတရားတို့နှင့် ပတ်သက် သည့် ၎င်းအာသဝတရားတို့ကို ပယ်နိုင်ကြောင်းကား–

ပုဗ္ဗေစကတပုညတာ= ရှေးဘဝ၌ ကောင်းမှုပြုဖူးခြင်း၊
ပတိရူပဒေသဝါသ=သင့်တင့်လျောက်ပတ်သောသောအရပ်၌ နေရ ခြင်း၊
သပ္ပုရိသူပနိဿယ=သူတော်ကောင်းကို မှီဝဲခြင်း၊
အတ္တသမာပဏိဓိ=ကောင်းမှု၌ စိတ်ထားနိုင်ခြင်း–
ဟူသော ဤသမ္ပတ္တိ စက်လေးပါးပင်တည်း။

သပ္ပုရိသူပနိဿယ စသည်ကို ဘုရားရှင်က မေဃိယ ရဟန်းအား ကလျာဏမိတ္တ ကျင့်သီလနှင့် အပ္ပိစ္ဆကထာ ဝီရိယာ ပညာမေဃိယ-ဟူ၍ ဤအင်္ဂါများနှင့် ပြည့်စုံက တရားရနိုင်သည်ဟူ၍လည်းကောင်း–
သပ္ပုရိသသံသေဝ=သူတော်ကောင်းကို မှီဝဲခြင်း၊
သဒ္ဓမ္မဿဝဏ=သူတော်တရားကို နာကြားရခြင်း၊
ယောနိသောမနသိကာရ=အသင့်အတင့်နှလုံးသွင်းခြင်း၊
ဓမ္မာနုဓမ္မပဋိပတ္တိ=လောကုတ္တရာတရားအားလျော်စွာ ကျင့်ခြင်း။

ဤလေးပါးသည် မဂ်ဖိုလ်ရကြောင်းဟူ၍လည်းကောင်း ဟောတော်မူဖူးသည်။

မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းတရား ခုနစ်ပါး ဟူသည်ကား-

သတ္တိမာ ဘိက္ခဝေ သညာ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောန္တိ မဟာနိသံသာ၊ အမတောဂဓာ၊ အမတပရိယောသာနာ။ ကတမာသတ္တ၊ အသုဘသညာ မရဏသညာ အာဟာရေ ပဋိကူလသညာ သဗ္ဗလောကေအနဘိရတိသညာ အနိစ္စသညာ အနိစ္စေဒုက္ခသညာ ဒုက္ခေအနတ္တသညာ။

(သတ္တင်္ဂုတ္တရပါဠိတော်-၄၃၂)။

ဘိက္ခဝေ၊ သံသရာစခန်းမှ လွတ်ထွက်ရန်မှန်းကြသည့် အိုရဟန်းတို့။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမေသညာ၊ ဤတရားတို့ကို။ ဘာဝိတာ၊ ထပ်ကာထပ်ကာ ပွားများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ မဟပ္ဖလာ၊ များသောအကျိုးရှိကုန်သည်။ မဟာနိသံသာ၊ များသော အာနိသင်ရှိကုန်သည်။ အမတောဂဓာ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်ကုန်သည်။ အမတပရိယောသာနာ၊ အမြိုက်နိဗ္ဗာန် လျှင်အဆုံးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတမာသတ္တ၊ အဘယ် ခုနစ်ပါးတို့နည်း ဟူမူကား။ အသုဘသညာ၊ သတ္တဝါတို့၌မတင့်တယ်ဟု အမှတ်ပြုခြင်း လည်းကောင်း။ မရဏသညာ၊ သေခြင်း၌အမှတ်ပြုခြင်း လည်းကောင်း။ အာဟာရေပဋိကူလသညာ၊ အစားအစာ အာဟာရ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုခြင်းလည်းကောင်း။ သဗ္ဗလောကေအနဘိရတိသညာ၊ အလုံးစုံသောလောက၌ မမွေ့မလျော်ခြင်းအမှတ် လည်းကောင်း။ အနိစ္စသညာ၊ မမြဲခြင်းကိုအမှတ်ပြုခြင်းလည်းကောင်း။ အနိစ္စေ၊ မမြဲခြင်း၌။ ဒုက္ခသညာ၊ ဆင်းရဲခြင်းကို အမှတ်ပြု၍ လည်းကောင်း။ ဒုက္ခေ၊ ဆင်းရဲခြင်း၌။ အနတ္တသညာ၊ အစိုးမရခြင်းကို အမှတ်ပြုခြင်း လည်းကောင်း။ ဣမေသတ္တ၊ ရေတွက်ပိုင်းခြား ဤခုနစ်ပါးတို့ပင်တည်း။ (အသေးစိပ် တခုစီ ချဲ့နိုင်သည်)။

ဤသို့သော အကြောင်းအကျိုးတို့ကိုသိသော ယောဂီသည် သီလ စသည် စင်ကြယ်စေလျက် နိဗ္ဗာန်လမ်းကို သုတ်သင်ရှင်းလင်းရာ၏။

ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာန ဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။
(ဓမ္မပဒပါဠိတော်-၅၄)။

ဧကမတ္ထဝသံ၊ ဤသို့ သံသရာ၏အပြစ် နိဗ္ဗာန်၏အကျိုးကို။ ဉတွာ၊ ဝိပဿနာဉာဏ် အတန်တန်ဖြင့် ရှုမြင်ပြီး၍။ သီလသံဝုတော၊ ဣန္ဒြိယသံဝရ သီလ စသည်၌ လုံခြုံသော။ ပဏ္ဍိတော၊ ကျိုးကြောင်း မြင်သိ ပညာရှိ ယောဂီသည်။ နိဗ္ဗာနဂမနံ၊ ဇာတိခပ်သိမ်း ကင်းငြိမ်းရာမှန် မြတ်နိဗ္ဗာန် သို့ သွားလာရာဖြစ်သော။ မဂ္ဂံ၊ မဂ္ဂင်ရှစ်ပါး လမ်းမှန်တရားကို။ ခိပ္ပမေဝ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေပဲ လျင်စွာသာလျှင်။ ဝိသော ဓယေ၊ လောဘစသည့် ကိလေသာဘေးရန် အညစ်အကြေး အတန်တန် ကို သုတ်သင် ရှင်းလင်းရာသတည်း။

ခန္ဓာငါးပါး စသည်နှင့် ပတ်သက်သော ယောဂီသည် ခန္ဓာငါးပါး နှင့် လက္ခဏာရေးသုံးပါး ကွဲပြားဖို့လို၏၊ ခန္ဓာငါးပါးသည် လက္ခဏာ ရေးသုံးပါး မဟုတ်၊ လက္ခဏာရေးသုံးပါးသည် ခန္ဓာငါးပါး မဟုတ်၊ သို့သော် လက္ခဏာရေးသုံးပါးသည် ခန္ဓာငါးပါးနှင့် ကင်း၍ မဖြစ်သည် ကို သိအပ်၏။

ဥပမာကား နွားမသည် လက္ခဏာမဟုတ်၊ လက္ခဏာသည် နွားမ မဟုတ်၊ သို့သော် နွားမနှင့် လက္ခဏာသည် ကင်း၍မဖြစ်သကဲ့သို့တည်း။

ဘဝသံသရာမှာ မိမိသာလျှင် အားထားရာရှိသည်၊ သူတပါးကိုအား ကိုး၍ မရဟု ဘုရားရှင် ဟောတော်မူသော တရားတော်သည်သာလျှင် ကိုးကွယ်ရာရှိသည်၊ သို့မဟုတ်ပါမူ ဇာတိစသော တရားများ ကင်းမည် မဟုတ်ပေ၊ သမထဝိပဿနာတရားကို အားမထုတ်ကလည်း သက္ကာဒိဋ္ဌိ အမြစ်မပြုတ်ရာ။

ဤခန္ဓာငါးပါးတို့သည်ကား ညီးညီးပြောင်ပြောင်တောက်လောင်နေသော မီးပုံကြီးထက် ကြောက်မက်ဖွယ်ရာကောင်း၏၊ဤခန္ဓာငါးပါးကား အမြဲတမ်း ဖောက်ပြန်တတ်သည်၊ ကျောက်တိုင် ကျောက်ခဲသို့အမြဲတည်နေသည်မဟုတ်၊ အချမ်းအပူ မှက် ခြင် ယင် လေ နေပူ မြွေ ပျားကင်း သန်း တို့၏ ကိုက်ခဲခြင်းနှင့် စားချင် သောက်ချင်ခြင်း စသည်ကြောင့် ဖောက်ပြန်တတ်ပေ၏၊ ကြောက်မက်ဖွယ်လည်း ကောင်း၏၊ မလိမ်မာသော သူကြွယ်သားနှင့် တူပေ၏။

မလိမ်မာသော သူကြွယ်သားသည် ပုထုဇဉ်၊

ရန်သူသည် ခန္ဓာငါးပါး၊

အနီးကပ်ဆက်ဆံခြင်းသည် ပဋိသန္ဓေ စသည်နေခြင်း၊

ရန်သူဟု မသိခြင်းသည် ခန္ဓာငါးပါး၌ ငါ ငါ၏ဉစ္စာ မဟုတ်ဟု မသိခြင်း အသတ်ခံရခြင်းသည် တဘဝ၌ သေရခြင်းနှင့် တူပေ၏။

မှန်ကြည့်သောသူသည် မျက်နှာရိပ်ကို မြင်သကဲ့သို့ ဥပါဒါန်စွဲလမ်းက ခန္ဓာငါးပါး ဘဝ ဖြစ်လာတတ်သည်။

(ဥပါဒါနပစ္စယာ ဘဝေါ စသည်ရှု)။

**ရုပ်ဖောက်ပြန်ပုံ**

သီတေနာပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနပိ ရုပ္ပတိ၊ ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။

သီတေနာပိ၊ အချမ်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဥဏှေနပိ၊ အပူကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဇိဃစ္ဆာယပိ၊ စားချင်သောကြောင့်လည်း။ ရုပ္ပတိ၊ဖောက်ပြန်တတ်၏။ ပိပါသာယပိ၊ သောက်ချင်သောကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနပိ၊ မှက် ခြင် ယင် လေ နေပူ

မြေ ပျား ကင်း သန်းတို့၏ ကိုက်ခဲခြင်း အတွေ့ကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဣတိ ခေါ တသ္မာ၊ ထို့ကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သည်သာတည်း။

အချမ်းကြောင့် ဖောက်ပြန်ရာ၌ လောကန္တရိက်ငရဲကို သိပါ၊ စကြဝဠာသုံးခုကြား၌ ယူဇနာရှစ်ထောင်ကျယ်သော လောကန္တရိက်ငရဲရှိ၏၊ မြေ လ နေရောင် မရှိ၊ အမြဲ မှောင်သည်၊ ငရဲသားကား သုံးဂါဝုတ်ရှိ၏၊ တောင်ခြေ၌ လင်းနို့ကဲ့သို့ တွဲလွဲဆွဲနေ၏၊ အစာရှာသွားရာတကောင်နှင့်တကောင်ထိမိ၍ အစာထင်ကာ လှမ်းဆွဲသဖြင့် ငရဲခံရေ၌ကျကြသည်၊ လေတိုက်၍ ကြေမွကြသည်၊ ဆားငံရေကြောင့် အပိုင်းပိုင်း ပြတ်သည်၊ ဆီ၌ထည့်သော မုန့်ညက်ကဲ့သို့ တဖြစ်ဖြစ် မြည်သည်။

နည်းတူ မဟိံသကတိုင်း ဆီနှင်းအေးသောအရပ်တို့ကို သိပါလေ။

အပူကြောင့် ရုပ်ဖောက်ပြန်ရာ၌ အဝီစိငရဲကို သိပါ။

ဒေဝဒူတသုတ်၊ သံကိစ္စဇာတ်၊ နေမိဇာတ်တို့ကို သိပါလေ။

ဆာလောင်၍ ရုပ်ဖောက်ပြန်ခြင်းကို ပြိတ္တာဘုံနှင့် ဒုဗ္ဘိက္ခန္တရကာကပ်ကာလ၌ ထင်ရှားသည်၊ ပြိတ္တာတို့သည် ဘုရားနှစ်ဆူ သုံးဆူတို့ကြား မစားရ၊ ဗိုက်သည် မီးလောင်သော သစ်ခေါင်းပမာ ရဲရဲတောက်နေ၏။

ရေသောက်၍ ရုပ်ဖောက်ပြန်ရာ၌ ကာလကိဉ္စိက အသုရာတို့သည် ဘုရား နှစ်ဆူသုံးဆူကြား ရေတပေါက်မျှ မရရှာကြပေ၊ ရေကိုမြင်၍ မြစ်ကိုဆင်း သဲအတိဖြစ်နေ၏၊ ကျောက်ဖျာ ဖြစ်နေ၏။

တနေ့သ၌ ပြိတ္တာတဦးသည် ရဟန်းတို့ ဆွမ်းခံသွားရာ တွေ့၍ ရေမသောက်ရ ပြောသဖြင့် ရဟန်းသုံးကျိပ် သပိတ်သုံးဆယ်နှင့် လောင်းရာ ဆွမ်းခံချိန် တန်လာသဖြင့် ရေသောက်ရသလားဟု မေးသော အခါ အောက်ပါစကားကို ပြောလေသည်။

ပေတော သစေ မေ ဘန္တေ တိံသမတ္တာနံ အယျာနံ တိံသ
မတ္တေဟိ ပတ္တေဟိ အာသိတ္တဥဒကတော အစ္စုပသတမတ္တမ္ပိ ပရ
ဂလဂတံ ပေတတ္တဘာဝတော မောက္ခော မာဟောတုတိ အာဟ။
(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)။

ပေတော၊ ပြိတ္တာသည်။ဘန္တေ၊ အရှင်ဘုရားတို့။ တိံသမတ္တာနံ၊
သုံးကျိပ်မျှကုန်သော။ အယျာနံ၊ အရှင်တို့၏။ တိံသမတ္တေဟိ၊ သုံးဆယ်
မျှကုန်သော။ပတ္တေဟိ၊သပိတ်တို့ဖြင့်။အာသိတ္တဥဒကတော၊သွန်းလောင်း
သောရေမှ။အစ္စုပသတမတ္တမ္ပိ၊ တလက်ဆွမ်းမျှလည်းဖြစ်သော ရေသည်။
ပရဂလဂတံ၊ တပည့်တော်၏ လည်မျိုသို့ ရောက်သည်။ သစေဟောတိ၊
အကယ်၍ဖြစ်ငြားအံ့။ ပေတတ္တဘာဝတော၊ ပြိတ္တာဘဝမှ။ မောက္ခော၊
လွတ်သည်။ မာဟောတု၊ မဖြစ်ပါစေသတည်း။ဣတိ၊ ဤသို့။ အာဟ၊
ဆို၏။

ခြင် မှက် စသည်ကိုက်ရာ၌ အဖုအပိန့်စသည် ပေါက်၍ သေရသည်။
လေနာကြောင့် လက်ခြေစသည်တို့ ကျိုးသည် ဆွံ့သည်။

နေပူ၍ ရုပ်ဖောက်ပြန်ရာ၌- သဲကန္တာရဝယ် မိန်းမတယောက်သည်
လှည်းမှ ကျကျန်ရစ်သည်၊ ခြေမချနိုင်၍ ခေါင်းခုကို ချနင်းသည်၊
မီးကျွမ်းသည်၊ နောက် ခေါင်းပေါ်က တောင်းကို ချ၍ နင်းသည်၊
မီးကျွမ်းပြန်သည်၊ ခါးစောင်းမှ သားကို ချနင်းပြန်၏၊ မီးကျွမ်းကာ
မိခင်ရော ကလေးပါ သေသည်။

တတ္ထ ကတမော ရူပက္ခန္ဓော၊ ယံကိဉ္စိ ရူပံ အတီတာနာဂတ
ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ
ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ အဘိ
သညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော။
(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)။

တတ္ထဝစနေ၊ ထိုစကားရပ်၌။ ရူပက္ခန္ဓော၊ရူပက္ခန္ဓာသည်။ကတမော၊
အဘယ်နည်း။ ယံကိဉ္စိ၊ အလုံးစုံသော။အတီတာနာဂတပစ္စုပ္ပန္နံ၊အတိတ်

အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော။ အဇ္ဈတ္တံဝါ၊ အတွင်းသန္တာန်၌ လည်းဖြစ်သော။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌လည်းဖြစ်သော။ ဩဠာရိကံဝါ၊ ရုန့်ရင်းသည်လည်းဖြစ်သော။ သုခုမံဝါ၊ သိမ်မွေ့သည်လည်း ဖြစ်သော။ ဟီနံဝါ၊ ယုတ်သည်လည်းဖြစ်သော။ ပဏီတံဝါ၊ မွန်မြတ်သည် လည်းဖြစ်သော။ ယံ ဒူရေဝါ၊ အကြင် အဝေး၌လည်း ဖြစ်သော။ ယံ သန္တိကေဝါ၊ အကြင် အနီး၌လည်းဖြစ်သော။ ရူပံ၊ ရုပ်ကို။ အဘိသညူတိတွာ၊ ရုံးစု၍။ အဘိသံခိပိတွာ၊ ပေါင်း၍။ အယံ၊ ဤအလုံးစုံကို။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သည်သာတည်း။

## ခန္ဓာငါးပါး ဥပမာ

ရူပက္ခန္ဓာသည် သူနာစရပ်နှင့် တူ၏၊ ဝိညာဏက္ခန္ဓာ၏ ဝတ္ထု ဒွါရ အာရုံ၏ တည်ရာ ဖြစ်သောကြောင့်တည်း။

ကြင်နာတတ်၍ ဝေဒနာက္ခန္ဓာသည် ဝေဒနာနှင့်တူ၏။

ကာမသညာ စသည်၏ အစွမ်းဖြင့် ရာဂစသည်နှင့်ယှဉ်သော ဝေဒနာ ဖြစ်ခြင်းကြောင့် ရောဂါဖြစ်ကြောင်းသည် သညာက္ခန္ဓာနှင့် တူ၏။

ကြင်နာခြင်း၏ အကြောင်းဖြစ်၍ မသင့်သည်ကို မှီဝဲခြင်းနှင့် သင်္ခါရက္ခန္ဓာနှင့်တူ၏၊ နည်းတူ အကုသိုလ်ကိုပြု၍ ဒုက္ခဝေဒနာနှင့်တကွကာယ ဝိညာဏ် ဖြစ်သည်။

ဝေဒနာမှ မလွတ်တတ်သောကြောင့် သူနာကဲ့သို့ ဝိညာဏက္ခန္ဓာကို သိပါလေ။

တခုခုကို သွားခြင်းသည် ရူပက္ခန္ဓာ၊
သွားခြင်း၏အကြောင်းသည် ဝေဒနာက္ခန္ဓာ၊
အပြစ်ရှိခြင်းသည် သညာက္ခန္ဓာ၊
အကြောင်းကိုပြုသူသည် သင်္ခါရက္ခန္ဓာ၊
အပြစ် လွန်ကဲခြင်းသည် ဝိညာဏက္ခန္ဓာနှင့် တူပေ၏။
စားခွက်သည် ရူပက္ခန္ဓာ၊

ဘော်ဇဉ်သည် ဝေဒနာက္ခန္ဓာ၊
ဟင်းလျာသည် သညာက္ခန္ဓာ၊
ပြုပြင်သူသည် သင်္ခါရက္ခန္ဓာ၊
စားတတ်သူသည် ဝိညာဏက္ခန္ဓာနှင့် တူပေ၏။

ဤခန္ဓာငါးပါးကို အာသီဝိသောပမသုတ်၌ လက်နက်ချီလာသော ရန်သူ၊ ဘာရသုတ်၌ ဝန်ထမ်းသူ၊ ခဇ္ဇနီယသုတ်၌ စားတတ်သူ၊ ယမက သုတ်၌ စားတတ်သူနှင့်တူ၏ဟူ၍ ပြဆိုထား၏။

ရေမြှုပ်သည် အနှစ် မရှိ၊ နည်းတူ ရုပ်သည်လည်း နိစ္စ(အမြဲ) ဓုဝ(အမြဲ) အတ္တ(အစိုးရခြင်း)မှကင်း၍ အနှစ်မရှိ ရေမြှုပ်ကို ခွက် စသည်ပြုလုပ်၍ မရ၊ ကိုင်ကာမျှပျက်သည့်နည်းတူ ရုပ်သည် နိစ္စ ဓုဝ အဟံ-ငါ၊ မမ-ငါ၏ဥစ္စာဟူ၍ယူခြင်းငှာ မတတ်နိုင်၊ ယူသော်လည်း မတည်၊ အနိစ္စ, ဒုက္ခ, အနတ္တ အသုဘသာ တည်း၊ ထို့ကြောင့် ရူပက္ခန္ဓာကား ရေမြှုပ်နှင့် တူ၏။

ရေမြှုပ်သည် အပေါက်ကြီး,ငယ် ရှိသည်၊ ရေမြှုပ်သည် ပိုးတို့၏ နေရာတည်း၊ နည်းတူ ရုပ်၌ အပေါက်များစွာ ရှိသည်၊ ပိုးလောက်မျိုး ရှစ်ဆယ် ရှိသည်၊ ၎င်းပိုးတို့၏ အိမ်,သားဖွားရာအိမ်,ကျင်ကြီးကျင်ငယ် အိမ်,သုသာန်ဖြစ်၍ ရေမြှုပ်နှင့် တူ၏။

ရေမြှုပ်သည် အစ၌ ဆီးသီးခန့်၊ နောက်-တောင်လောက် ကြီးလာ ၏၊ နည်းတူ ရုပ်သည် ကလလရေကြည်မှ တလံလောက် ကျွဲ,နွား,ဆင် ဖြစ်လာသည်၊ ငါး,လိပ်, ယူဇနာငါးရာ, ရာဟုအသူရိန်, ကမ္ဘာမြေထု စသည် ဖြစ်လာသည်၊ ထို့ကြောင့် ရေမြှုပ်နှင့် တူ၏။

ရေမြှုပ်သည် ဖြစ်ခါစ၌ ကွဲ၏၊ နောက်-အနည်းငယ် ငယ်သွား ၍လည်း ကွဲ၏၊ သမုဒ္ဒရာသို့ ရောက်လျှင် မချွတ် ကွဲရ၏၊ နည်းတူ ကလလရေကြည်မှ အသက်တရာပင် ရှည်သော်လည်း ကြား၌ သေတတ်သည်၊ ထို့ကြောင့် ရေမြှုပ်နှင့် တူသည်။

အဇ္ဈတ္တိကရုပ်ကို အသုဘရှုမှု ကဗဠီကာရာအာဟာရကို ပိုင်းခြား၍ သိ၏၊ အသုဘ၏ သုဘယူသော ဝိပလ္လာသကို ပယ်၏၊ ကာမောဃကို လွှမ်းမိုးနိုင်၏၊ ယောဂ ကင်း၏၊ ကာမာသဝ ကင်း၏၊ အဘိဇ္ဈာကာယ ဂန္ထ ကွဲ၏၊ ကာမုပါဒါန်ဖြင့် မစွဲလမ်းပေ၊ သဲအိတ်က သဲကျသကဲ့သို့ ရုပ်တရား ပျက်နေသည်ကို ရှုပါ။

ဤအာဟာရလေးပါးဖြင့် သဗ္ဗေ သတ္တာ အာဟာရ ဋ္ဌိတိကာဟု ဆိုသည့်အတိုင်း သုံးဆယ့်တဘုံမှာ သတ္တဝါများ ဖြစ်နေကြ၏။

(၁) ကဗဠီကာရာဟာရ-ဟူသည် ဩဇာဓာတ်တည်း။

(၂) ဖဿာဟာရ-ဟူသည် ဖဿတရားတည်း။

(၃) မနောသဉ္စေတနာဟာရ-ဟူသည် စေတနာတရားတည်း။

(၄) ဝိညာဏာဟာရ-ဟူသည် ပဋိသန္ဓေစိတ်တည်း။

(၁) ကဗဠီကာရာဟာရ ဩဇာဓာတ်သည် ဩဇာ လျှင် ရှစ် ခု မြောက်သော ပထဝီ,အာပေါ,တေဇော,ဝါယော,ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ ဟူသော အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။

(၂) ဖဿာဟာရသည် ဖဿပစ္စယာ ဝေ ဒ နာ ဟူ သည့် အတိုင်း ဖဿကြောင့် ဝေဒနာဖြစ်သည် စသည်ဖြင့် ပ ဋိစ္စ သ မုပ္ပါဒ် အ တိုင်း သိပါလေ။

(၃) မနောသဉ္စေတနာဟာရခေါ် စေတနာသည် စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ-ဟု ဘုရားဟောတော်မူသည့်အတိုင်း ကုသိုလ်, အကုသိုလ်သည် ၎င်း၏အကျိုးဝိပါက်ကို ဖြစ်စေ၏။

(၄) ဝိညာဏာဟာရခေါ် ပဋိသန္ဓေစိတ်သည် ဝိပါက်ကမ္မဇရုပ်ကို ဖြစ်စေသည်။

လမ်းခရီး၌ ရိက္ခာကုန်သောလင်မယားသည် သားငယ်ကိုသတ်စား ရာ၌ကဲ့သို့လည်းကောင်း၊ လက်ဖွေ့သည်တို့ကဲ့သို့ အားကိုလို၍လည်း မဟုတ်၊ ကချေသည်မကဲ့သို့ လှလို၍လည်း မဟုတ်-စ သည် ဆင် ခြင် ရမည်။

ရှေးအခါက လင်မယား နှစ်ယောက်တို့သည် ကန္တာရခရီးခဲကို သွားရာ ရိက္ခာကုန်၍ စားစရာမရှိရကား ကိုယ်မချိ အမိသော်လဲ သားတော်ခဲ ကမ္ဘာမီးလောင် သားကောင်ခုထိုင် ဆိုသည့် စကားပုံပမာ မသတ်ရဲ၍ အစာငတ်ဘေးကိုမခံနိုင်သောကြောင့် သတ်စေလို၍ မယားက လင့်ကိုသတ်ရန် လင်ကမယားကိုသတ်ရန် လင်နားရောက်လာသော သားငယ်ကို မင်းအမေထံသွားပါ, မယားနားရောက်လာသော်သားငယ်ကို မင်းအဖေထံသွားပါနှင့် လမ်းကြားမှာသာ သေ၏၊ ကဗဠီကာရာဟာရကို ပိုင်းခြား၍သိသော် ကာမဂုဏ်ငါးပါး၌ ရာဂကို သိ၏၊ ၎င်းကိုသိသော် သံယောဇဉ်မရှိ၊ သံယောဇဉ်မရှိက ဤဘဝသို့ ပြန်၍မလာ။

အာဟာရလေးပါးကား ခဝါသည်, ပန်းချီဆရာနှင့် တူသည်၊ အာဟာရလေးပါး၌ တဏှာတည်သည်၊ ထိုတဏှာကြောင့် ဝိညာဏ် ပြန့်ပွားသည်၊ နာမ်,သင်္ခါရ,ဇာတိ စသည် ပြန့်ပွားသည်၊ အာဟာရလေးပါး မရှိက နေရောင်သည် နံရံ၌တည်သည်၊ မရှိက မတည်သည်နှင့် တူ၏။

အာဟာရသည် ဝတ္ထုပုံသဏ္ဌာန်အမျိုးမျိုး ရှိသည်၊ မိကျောင်းကား ကျောက်ခဲစသည်ကို စား၏၊ ဥဒေါင်းကား မြွေစသည်ကို, ဆင်စသည်ကား' သစ်ခက်,သစ်ရွက်ကို စား၏၊ နည်းတူ တောရွာသူတို့ အစာထက် မြို့သူမြို့သား, မြို့သူမြို့သားတို့အစာထက် ရွာသူကြီး အမတ်မင်းတို့အစာ သိမ်မွေ့သည်၊ မင်းထက် စကြာမင်း, ၎င်းထက် စာတုမဟာရာဇ်နတ် စသည်တို့၏အစာ သိမ်မွေ့သည်။

အစာအာဟာရသည် ဩဇာဋ္ဌမကရုပ်ကို ဆောင်၏၊ ကဗဠီကာရာဟာရ၌ တပ်နှစ်သက်ခြင်းဘေး ရှိသည်၊ အပူ,အအေး မရှောင်နိုင်ပဲ လယ်လုပ်,ကုန်သွယ်,စာရေး,စာချီ လုပ်ရသည်၊ အချို့ရဟန်း ဆေးကုခြင်း စသည်ပြုသည်၊ ထို့ကြောင့် ပစ္စုပ္ပန်၌ ကဲ့ရဲ့ခြင်းကို ခံရ၍ သံသရာ၌ ပြိတ္တာ ဖြစ်သည်။

ရေထဲမှမိကျောင်းကို ရှုမြင်သကဲ့သို့ ဝဋ္ဋ သုံး ပါး ကို ရှု မြင် သော ယောဂီသည်-

မိကျောင်းကိုယ်ကိုမြင်သကဲ့သို့ အာဟာရလေးပါး၏အပြစ်ကို,

မိကျောင်းလည်ကိုမြင်သကဲ့သို့ တဏှာကို,

မိကျောင်းကျောကုန်းကိုမြင်သကဲ့သို့ တဏှာဝေဒနာစသည်ကို,

မိကျောင်းအမြီးကိုမြင်သကဲ့သို့ အဝိဇ္ဇာသင်္ခါရစသည်ကို မြင်အောင် ရှုအပ်၏။

ကဗဠီကာရာဟာရသည် ဩဇာလျှင်ရှစ်ခုမြောက်သောရုပ်ကိုဖြစ်စေရာ၌ ဩဇာသည် လျှာကို ထိသည်၊ ထိုဇိဝှါပသာဒသည် မဟာဘုတ်ကို မှီသည်၊ ထို့ကြောင့် ဩ ဇာ ဋ္ဌ မ က ရုပ်, ဇိဝှါပသာဒရုပ်,မဟာဘုတ်တို့သည် ရူပက္ခန္ဓာ, ထိုအာဟာရကိုသိမ်းဆည်းသော ဖဿ, ဝေဒနာ, သညာ,စေတနာ,ဝိညာဏ်တို့သည် နာမက္ခန္ဓာ မည်၏ဟူ၍ သိ၏။

ထိုတရားတို့၏ လက္ခဏာ,ရသစသည်တို့ကို ပိုင်းခြားသိ၍ အကြောင်းကိုရှာသော် ပဋိစ္စသမုပ္ပါဒ်ကို မြင်သည်၊ ဤကား ဉာတပရိညာတည်း။

ၓင်းရုပ်နာမ်တရားတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ သုံးသပ်ခြင်းသည် တီရဏပရိညာ မည်၏၊ ၓင်းရုပ်နာမ်တို့၌ ဆန္ဒ,ရာဂစသည်ကင်း၍ မင်္ဂဖိုလ်ရက ပဟာနပရိညာ မည်၏၊ ရောဂါဖြစ်၍ သေကြရာ၌ တခြားက လာသတ်သည် မဟုတ်၊ ရူပက္ခန္ဓာက သတ်သည်သာတည်း၊ နောက်-ဝေဒနာက္ခန္ဓာစသည်တို့၌လည်း နည်းတူသာတည်း။

ဝေ ဒ နာ စေ တ သိက် တည်း ဟူ သော ဝေဒနာက္ခန္ဓာသည်လည်း အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ,ဗဟိဒ္ဓ၊(ရုံ့ရင်းသော)ဩဠာရိက၊ (သိမ်မွေ့သော)သုခုမ၊ (အယုတ်)ဟီန၊ (အမြတ်)ပဏီတ၊ (အဝေး)ဒူရ၊ (အနီး)သန္တိက အားဖြင့် ပေါင်း ထား ၍ ခန္ဓာ ခေါ် သည်၊ ဝေဒနာက္ခန္ဓာသည် ခံစားခြင်းလက္ခဏာ ရှိ၏၊ သညာ,စေတနာတို့သည် အာရုံကိုခံစားသော်လည်း စားဖိုသည်ကဲ့သို့ ပြည့်ပြည့်စုံစုံ အားရပါးရ

မဟုတ်ချေ၊ ဝေဒနာကား ရှင်ဘုရင်၏ခံစားခြင်းကဲ့သို့ ပိုင်ပိုင်နိုင်နိုင် ခံစားရသည်။

ရေပွက်သည် အနှစ်သာရမရှိသကဲ့သို့ ဝေဒနာသည်လည်း အကျိုး မရှိ၊ ကိုင်ယူခြင်းငှာ မခန့်၊ ၎င်းရေပွက်ကိုယူ၍ ပျဉ်ချပ်, နေရာ, အိမ်, ကျောင်းစသည်ပြုခြင်းငှာမခန့်သကဲ့သို့ ဝေဒနာသည်လည်း မမြဲပေ။

တနည်း-ရေ ပေါက် ရေ ပွက် သည် ဖြစ်လည်း ဖြစ်၏၊ ချုပ်လည်း ချုပ်၏၊ ကြာမြင့်စွာ မတည်၊ ဤအတူ ဝေဒနာသည် ဖြစ်လည်း ဖြစ်၏၊ ချုပ်လည်း ချုပ်၏၊ ကြာမြင့်စွာလည်း မတည်၊ မျက်စိတမှိတ် လျှပ်တပြက်ခဏမှာ ကုဋေတသိန်းမက ဖြစ်ပျက်သည်၊ ရေပွက်သည် ရေအပြင်,ရေပေါက်,မြူ,လေ ဤလေးပါးပေါင်း၍ဖြစ်သကဲ့သို့ ဝေဒနာ သည် ဟာဒယဝတ္ထု, အာရုံ, ကိလေသာ တည်းဟူသော ကွန်ရက်၊ တွေ့ ထိခြင်းဖဿကိုစွဲ၍ ဖြစ်သောကြောင့် ရေပွက်နှင့် တူသည်။

ဤဝေဒနာသည် ဖဿကြောင့် ဖြစ်သည်၊ ဖဿချုပ်က ချုပ်သည်၊ ၎င်းဝေဒနာချုပ်က နိဗ္ဗာန်သို့ ရောက်သည်။

၎င်းဝေဒနာ ချုပ်ရာသို့ရောက်ကြောင်းကား မဂ္ဂင်ရှစ်ပါးတည်းဟု သိအောင် ပြုရာ၏။

အကြင်အခါ၌ သုခဝေဒနာ ဖြစ်၏၊ အလုံးစုံသော ကိုယ်ကို ချောက်ချားစေလျက်, နှိပ်နင်းလျက်ပျံ့နှံ့စေကာ အကြိမ်တရာဆေးပြီး သောထောပတ်ကို စားစေသကဲ့သို့ အကြိမ်တရာချက်အပ်သောဆီကို လိမ်းကျံသကဲ့သို့ ရေအိုးတထောင်ဖြင့်အပူငြိမ်းစေသကဲ့သို့ ဩော်- ချမ်းသာစွ....ချမ်းသာစွဟု စကားကိုမြွက်ဆိုလျက် ဖြစ်၏။

အကြင်အခါ၌ ဒုက္ခဝေဒနာ ဖြစ်၏၊ အလုံးစုံသော ကိုယ်ကို ချောက်ချားလျက်,နှိပ်နင်းလျက် ပျံ့နှံ့စေကာ ပူလောင်စွာ ကွဲသည်ကို သွင်းသကဲ့သို့ ကြေမွသော သံကြေးကို သွန်းလောင်းသကဲ့သို့ ဩော် ဒုက္ခ ဩော်-ဒုက္ခဟု ငိုမြည်တမ်းလျက် ဖြစ်၏။

အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာကား သိနိုင်ခဲ၏၊ ပြုနိုင်ခဲ၏၊ အမိုက်တိုက်သည် မထင်ရှားသကဲ့သို့ ဥပေက္ခာဝေဒနာသည် သုခဝေဒနာ,ဒုက္ခဝေဒနာ ကင်းပျောက်သော် သာယာအပ်,မသာယာအပ်သော ဆန့်ကျင်ဘက်၏ အစွမ်းဖြင့် လျစ် လျူ ရှု သော သူ အား သာဖြစ်၏။

ထိုဝေဒနာကို အနိစ္စဟုရှုက နိစ္စသညာကို ပယ်သည်၊ ဒုက္ခဟုရှုက သုခသညာကို ပယ်စွန့်သည်၊ အနတ္တဟုရှုမှု အတ္တသညာကို ပယ်၏၊ ငြီးငွေ့ဖွယ်ဟုရှုမှု နှစ်သက်ခြင်းကို ပယ်၏၊ တပ်ခြင်းကင်းမှု ရာဂကို ပယ်၏၊ စွန့်မှု ယူခြင်းကို ပယ်၏။

ဤသညာစေတသိက်ဟူသော သညာက္ခန္ဓာသည် အနှစ်သာရ မရှိခြင်းကြောင့် တံလှပ်နှင့် တူ၏၊ တံလှပ်သည် ကိုင်ယူခြင်းငှာ မခံသကဲ့သို့လည်းကောင်း၊ သောက် ခြင်း, ရေ ချိုး ခြင်း, ခွက်ကိုပြည့်စေခြင်းငှာ မတတ်နိုင်သည်နှင့် တူသည်သာတည်း။

တ နည်း အား ဖြင့် တံ လှပ် သည် တုန် လှုပ် ၏၊ လှိုင်းနှင့် တူ၏၊ ဤအတူ အညိုစသည်ကိုမှတ်ခြင်း,ခံစားခြင်းငှာ တုန်လှုပ်၏၊ တံလှပ်သည် လူ အ ပေါင်း ကို ဖျား ယောင်း ၏၊ ရေ ပြည့် ထုံး အိုင် ကဲ့ သို့လည်းကောင်း၊ ရေ ပြည့် မြစ် ကဲ့ သို့ လည်း ကောင်း ထင်စေသည်ကို သညာသည် ဖျားယောင်း၏၊ အညိုတည်း, တင့်တယ်၏, မြဲ၏၊ ဤသို့လည်း ဆိုစေ၏၊ ရွှေသောအရောင်စသည်တို့၌လည်း နည်းတူသာတည်း၊ ဤသို့ဖျားယောင်းခြင်းကြောင့် တံလှပ်နှင့် သညာ တူ၏။

ဤဝေဒနာသညာမှကင်းသော စေတသိက်ငါးဆယ်သည် အနှစ်သာရမရှိခြင်းကြောင့် ငှက်ပျောတုံးနှင့် တူ၏၊ ငှက် ပျော တုံး သည် အိမ်,ကျောင်းစသည်ဆောက်ခြင်းငှာမခန့်သကဲ့သို့ ဆောက်သော်လည်း တာရှည် မခံ၊ မြဲစွာလည်းမတည်သကဲ့သို့ ငှက်ပျောတုံးနှင့် တူ၏။

ငှက်ပျောတုံး၌ အဖတ်များကဲ့သို့ သင်္ခါရက္ခန္ဓာ, လောဘစသောတရားများ စုပေါင်းထားသည်၊ ငှက်ပျောတုံးပင်စည်၌ အစိမ်းရောင်,

အနီရောင်,အဝါရောင်၊ အရွက်၌ အစိမ်းရောင်,အပြာရောင်၊ အဖူး၌ အနီရောင်စသည်မျှားပြားသကဲ့သို့ လောဘကား လိုချင်ချင်းလက္ခဏာ၊ ဖဿကား တွေ့ထိခြင်းလက္ခဏာ၊ စေတနာကား စေ့ဆော်ခြင်းလက္ခဏာ စသည်ဖြင့် မျှားစွာ၏၊ ထို့ကြောင့် သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံး နှင့် တူပေ၏။

သင်္ခါရတရားတို့ကို အနတ္တဟုရှုမှု မနောသဥ္စေတနာဟာရကို ပိုင်းခြား၍ သိ၏၊ အနတ္တ၌ အတ္တဟူသောဝိပလ္လာသကို ပယ်၏၊ ဒိဋ္ဌောဃကို ကူးမြောက်နိုင်၏၊ ဒိဋ္ဌာယောဂ ကင်း၏၊ ဒိဋ္ဌာသဝ ပျောက်၏၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထကို ခွဲဖျက်၏၊ အတ္တဝါဒုပါဒါန် ဖြင့် မစွဲပေ။

မနောသဥ္စေတနာဟာရသည် မီးကျီးတွင်းဆွဲချခံရသူ သေဘေးမှ ကြောက်သည်နှင့် တူ၏၊ မနောသဥ္စေတနာဟာရကို ပိုင်းခြား၍သိသော် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာကို ပိုင်းခြား၍ သိ၏၊ ရဟန္တာ ဖြစ်နိုင်၏၊ မနောသဥ္စေတနာဟာရသည် ဘုံသုံးပါး၌ ဆောင်သည်၊ မနောသဥ္စေတနာဟာရကို အားထုတ်က ဘေးရှိသည်။

သင်္ခါရက္ခန္ဓာသည် တိုင်းပြည်ကိုအုပ်ချုပ်သော မင်း,မင်းသားတို့ အမေကဲ့သို့ အလိုမျိုးစုံ လိုက်နေရ၏၊ သက္ကာယဒိဋ္ဌိမကင်းနိုင်သမျှ သံသရာမှ မလွတ်နိုင်ရာ၊ မြွေညှိုခံရသူသည် မြွေခံတွင်းဝင်ရသည်နှင့် တူ၏၊ ငါးသည်မီးကိုကြောက်၍ ပြေးသော်လည်း နောက်ဆုံး မီးပုံထဲကိုသာ ဝင်ရသည်နှင့် တူ၏၊ မီးပုံးပျံသည် မီးစာ,မီးခိုး ကုန်က ပြန်၍ကျလာသည်နှင့် တူ၏၊ ခဏခဏမီးလောင်သော တောသည် မစည် ပင်သည်နှင့် တူ၏၊ သက္ကာယဒိဋ္ဌိတရားခံကို တရားစွဲသူတည်းဟူသော ပညာ လိုသည်၊ ဝိပဿနာဉပဒေ,ဝိပဿနာမီးရောင်လည်း လိုသည်။

ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့် တူ၏၊ မျက်လှည့်ပစ္စည်းသည် ကိုင်၍ ယူခြင်းငှာ မခန့်၊ တခြားသောပစ္စည်းကဲ့သို့ ထင်တတ်၏၊ လျင်သော ထင်ခြင်း ရှိ၏၊ နည်းတူ ဝိညာဏ်သည် မျက်လှည့်ထက်

မြန်၏၊ တခြားတပါးလည်း ထင်၏၊ ထို့ကြောင့် ယောကျ်ား,မိန်းမ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ ထင်တတ်၏၊ ယောကျ်ား,မိန်းမ သွားသည် လာသည် ထင်၏၊ ထိုင်သည်,ထသည်,အိပ်သည် ထင်တတ်၏၊ လာသောအခါ စိတ်တမျိုး၊ သွားသောအခါ စိတ်တမျိုး၊ ထိုင်သော အခါ စိတ်တမျိုး၊ အိပ်သောအခါ စိတ်တမျိုးတည်း၊ မျက်လှည့်ဆရာ သည် ရွှေမဟုတ်သည်ကို ရွှေ, ငွေမဟုတ်သည်ကိုငွေ စသည် ထင်စေ သည်နှင့် တူ၏။

ဝိညာဏ်ကို အနိစ္စဟု ရှုသောသူသည် ဝိညာဏ်၏သံသရာ၌ ဆောင်ပုံ ကို ပိုင်းခြား၍ သိ၏၊ အနိစ္စဟုရှု၍ နိစ္စဟူသော ဝိပလ္လာသ ပျက်၏၊ အစိဋ္ဌာ ပျောက်၏၊ သီလဗ္ဗတာပရာမာသည် ခွဲစေ၏၊ ဒိဋ္ဌုပါဒါန်ဖြင့် စွဲလမ်းခြင်း မရှိ။

ဝိညာဏာဟာရသည် ပဋိသန္ဓေနာမ်ရုပ်ကို ဆောင်၏၊ ဇာတိစသော ဘေးရှိ၏။

## ခန္ဓာငါးပါး ဆောင်ပုဒ်

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာ ဒိစ္စဗန္ဓုနာ။
(သဠာယတနသံယုတ်ပါဠိတော်)

ရူပံ၊ အချမ်း,အပူ စသည်တို့ကြောင့် ဖေါက်ပြန်တတ်ခြား ရုပ် တရားသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်နှင့်တူသည်သာတည်း။ ဝေဒနာ၊ ဝေဒနာတရားသည်။ ပုဗ္ဗုဠူပမာ၊ ရေပွက်နှင့်တူသည်သာတည်း။ သညာ၊ သညာတရားသည်။ မရီစိကူပမာ၊တံလျှပ်နှင့်တူသည်သာတည်း။ သင်္ခါရာ၊ လောဘစသော သင်္ခါရတရားတို့သည်။ ကဒလူပမာ၊ ငှက် ပျောတုံးနှင့် တူကုန်သည်သာတည်း။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ မာယူပမဉ္စ၊ မျက်လှည့်နှင့်တူသည်သာတည်း။ ဉာတိ၊ ဤသို့။ အာဒိစ္စ

ဗန္ဓုနာ၊ နေမင်း၏အဆွေဖြစ်တော်မူသော ဘုရားရှင်သည်။ ဒေသိတာ၊ ဟောတော်မူအပ်သည်သာတည်း။

မိမိ၏ ခန္ဓာ ကိုယ် ကို ဘု ရား ရှင် အား စွန့် ကြ ရာ ၏၊ သို့မှသာ အကောင်းဆုံးဖြစ်သည့် ကာသိတိုင်းစသည်၌ဖြစ်သော အဝတ်အထည် ကောင်းကို ရဟန်းတပါးပါးအားလှူ၍ ၎င်းရဟန်းသည် ၎င်းအထည် ကို သင်္ကန်းချုပ်ရန်အတွက် အပိုင်းပိုင်းဖြတ်သည်ကိုမြင်၍ နှမြောတွန့်တို ခြင်းမရှိ ဝမ်းမြောက်ခြင်းသာ ရှိသကဲ့သို့ နည်းတူ အ နာ အ မျိုး မျိုး ကိုးဆယ့်ခြောက်ပါးစသော လောကဘေး, ဇာတိစသော သံသရာ ဘေးကို မြင်သော်လည်း မကြောက်သည်နှင့် တူပေ၏။

ဘုရားလောင်းစသော သူတော်ကောင်းတို့သည် အ ပါယ် ဘေး စသည်ကိုမြင်၍ အလောဘ,အဒေါသ,အမောဟ သံသရာမှလွတ်မြောက် ခြင်း နေက္ခမ္မ, သံသရာမှ ကင်းဆိတ်ခြင်း ဝိဝေက, သံသရာမှလွတ် မြောက်ခြင်း နိဿရဏ တည်းဟူသော အဇ္ဈာ သ ယ ခြောက် ပါး ရှိကြသည်။

စူဠပိဏ္ဍပါတိကတိဿထေရ်၏ တပည့်သုံးယောက်တို့သည် ဘုရား ရှင်အား အရှင်ဘုရား အလိုရှိပါမူ အသူတရာနက်သောချောက်ထဲသို့ ခုန်ဆင်းဝံ့ပါ၏၊ တခန္ဓာလုံးကို ကျောက်ဖျာ၌ ပွတ် တိုက် ခံ ဝံ့ ပါ ၏၊ ထွက်သက်ဝင်သက်ကိုပိတ်ချုပ်၍ သေဝံ့ပါ၏-ဟု လျှောက်ဖူးကြသည်။

ညစ်နွမ်းသောအဝတ်သည် ပုထုဇဉ်စိတ်၊
ဆပ်ပြာဖြင့်လျှော်ဖွပ်ခြင်းသည် သမထ,ဝိပဿနာပွားခြင်း၊
စင်ကြယ်ခြင်းသည် အရိယာဖြစ်ခြင်း၊
၎င်းအဝတ်ကိုဝတ်ခြင်းသည် နိဗ္ဗာန်တည်း။

သစ်တုံးစသည်ရေ၌မျောပါသကဲ့သို့ ပုထုဇဉ်တို့သည်ကား လောကီ အာရုံ ကာမဂုဏ်တရားတို့၌ မျောပါတတ်သည်၊ ပိန်း ကြာ ဖက် တွင် ရေမတင်သကဲ့သို့ လောဘစသော ကိလေသာမကပ်ငြိဖို့ အရေးကြီး၏။

သဋ္ဌေး သူကြွယ် ပဒေသရာဇ် ဧကရာဇ် မန္ဓာတ် စကြာမင်း သိကြား သုရာ သန္တုဿိတနတ်မင်း နတ်မိဖုရား ပုထုဇဉ် ပြဟ္မာတို့၏ လောကီစျာန် လောကီအဘိညာဏ်တရားများသည် သင်္ခါရဒုက္ခတို့ ပေတည်း။

လက်သည်းပေါ် တင်ထားသော မြေမှုန့်၊ ပွတ် ဆောက်ဖျားပေါ် တင်ထားသော မုန်ညှင်းစေ့သည် အမြဲမတည်သကဲ့သို့ လောကီအာရုံ ကာမဂုဏ်တရားတို့ကား မမြဲတတ်ပေ၊ စကြဝဠာလည်း မီး ရေ လေဖြင့် ပျက်မြဲတည်း။

ပန်းချီဆရာသည် ပန်းချီရုပ်ရေးသကဲ့သို့လည်းကောင်း၊ ပန်းပုဆရာသည် ပန်းပုထုသကဲ့သို့ လည်းကောင်း၊ လက်သမားသည် အိမ်ကျောင်း စသည် ဆောက်သကဲ့သို့ လည်းကောင်း၊ ဆရာသည် ကပည့်များအား ပညာသင်ကြားသကဲ့သို့ လည်းကောင်း၊ မာလိမ်မူးသည် ခရီးဦးဆောင်သကဲ့သို့လည်းကောင်း၊အဝိဇ္ဇာ စသော အဲကြောင်းမကင်းသောသူသည် သင်္ခါရစသော အကျိုးဖြစ်တတ်သည်၊ သို့သော် ဖြစ်ဖြစ်သမျှဒုက္ခချည်း သာတည်း။

ရုပ် နာမ် ခန္ဓာ ကင်းရန် ဆုတောင်းနေရုံနှင့်မရ၊ကြက်မဝပ်မှုဥပေါက်သကဲ့သို့ သမထဝိပဿနာ ကြိုးစားရသည်၊သို့မှ အဝိဇ္ဇာစသောမကောင်းသော အကြောင်းပြတ်မည်၊အကြောင်းပြတ်က အရင်းလဲ အဖျား ထင်းဖြစ်သကဲ့သို့ သင်္ခါရစသော မကောင်းသောအကျိုး ပြတ်ပေမည်။

ကိလေသာကုန်ရာ၌ လက်သမား၏တူ၊ လှေ၌ တက်ခတ် ကြိုးကွင်း၊ ဓား ပဲကွပ် စသည်တို့သည် တုံးမှန်းမသိ တုံးသကဲ့သို့ ကိလေသာ ကုန်ရာ၌ကား ဘယ်နေ့က ဘယ်လောက် ကုန်သည်ဟုကား မပြောနိုင်၊ ကုန်တော့ ကုန်သည်သာတည်း။

ပင်လယ်ကြောမှာ မျောနေသူကဲ့သို့ ပုထုဇဉ်၊
ဆားငံရေကဲ့သို့ ခန္ဓာငါးပါး၊
ကူးမရောက်နိုင်သကဲ့သို့ သံသရာ၌ လည်ရပုံ၊
သေခြင်းကဲ့သို့ ဘဝပြောင်းသည်ကို မှတ်အပ်၏။

## တိုင်ချည် ခွေးပမာ

ခွေးသည် ပုထုဇဉ်၊ ထိုင်သည် သက္ကာယ။
ကြိုးသည်တဏှာ၊ လည်ခြင်းသည် သံသရာ။
အရိုက်ခံရခြင်းသည် ဇာတိစသော ဘေးတည်း။
တနည်း အိမ်ဂျင်လည်သည်နှင့်လည်း တူပေတော့၏။

ထို့ကြောင့် သက္ကာယ၊သက္ကာယ၏အကြောင်း၊ သက္ကာယ၏ချုပ်ရာ၊ သက္ကာယ ချုပ်ကြောင်းကို သိအပ်၏။

ခန္ဓာငါးပါး၌ သာယာခြင်းသည် အဿာဒ၊ ခန္ဓာငါးပါး ပျက်စီးခြင်းသည် အာဒီနဝ၊ ခန္ဓာငါးပါးမှ လွတ်မြောက်၍ အရိယာဖြစ်ခြင်းသည် နိဿရဏ၊ ဤတရားများကို ရှုကြည့်သင့်၏၊ မေ့မေ့လျော့လျော့နေ၍ကား မဖြစ်ပေ၊ မေ့မေ့လျော့လျော့နေက ခန္ဓာငါးပါး၌ ငါငါ၏ ဥစ္စာ စသည် သက္ကာယဒိဋ္ဌိ ဖြစ်တတ်သည်။

အလှူ၏ အကျိုးမရှိ၊ ယဇ်ကြီးယဇ်ငယ် ပူဇော်ခြင်းအကျိုး မရှိ၊ ကုသိုလ် အကုသိုလ်အကြောင်း အကျိုးမရှိ၊ ပစ္စုပ္ပန်လောက တမလွန်လောကမရှိ၊ အမိအဘ ဆရာသမား မိဘတိုးဘွားတို့၌ကောင်းမကောင်း ကျင့်၍ အကျိုးအပြစ်မရှိ၊ နတ် ဗြဟ္မာ မရှိ၊ ကောင်းစွာကျင့်တတ်သော ရဟန်းပုဏ္ဏားမရှိ စသည် ယူဆ၏။

ဤသို့ ယူဆသော ပုဂ္ဂိုလ်သည် သူ၏အသက်ကို သတ်ဖို့၊ သူ့ဥစ္စာ ခိုးဖို့ စသော အကုသိုလ်အတွက်လည်း တာဝန် လေးမည်မဟုတ်ပေ။

## ဂင်္ဂါတီရိယထေရ်

ဤမထေရ်အလောင်းသည် ပဒုမုတ္တရဘုရားရှင် လက်ထက်၌ အမျိုးကောင်းသားဖြစ်၍ လိမ်မာသော အရွယ်ရောက်လတ်သော် သာသနာတော်၌ ကြည်ညိုသဖြင့် ရဟန်းအပေါင်းတို့အား သောက်ရေလှူဘူးသည်၊ သူသည် ထိုကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်သည်၊ နောက်ကုသိုလ်များကိုပို့၍ လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်လျက် ဂေါတမ ဘုရားရှင်

လက်ထက် သာဝတ္ထိပြည်မှာ သူကြွယ်သား ဖြစ်၏၊ ဒတ္တဟု ခေါ်ကြ၏၊ အရွယ်သို့ရောက်လတ်သော် အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေစဉ် မသွားလာအပ်သည်၌ သွားလာမိသည်ကို သံဝေဂဖြစ်၍ ရဟန်းပြု၏၊ ဂင်္ဂါမြစ်နားမှာ ထန်းသုံးလက်ကာ တဲကျောင်း၌ နေ၏၊ ပံသုကူသင်္ကန်း ကို ဝတ်၏၊ မြေသပိတ်ကို ကိုင်ဆောင်၏၊ ထို့ကြောင့် ဂင်္ဂါတီရိယ ထေရ်ဟု တွင်သည်။

ရဟန္တာ မဖြစ်မချင်း စကားမပြောဟု ပထမတနှစ် နေ၏၊ ဒုတိယ နှစ်နှစ်မြောက်၌ ဆွမ်းခံရာဝယ် မိန်းကလေးတယောက်သည် စကား မပြောသည်ကို အ,သည်ထင်၍ စူးစမ်းလိုသဖြင့် နို့ရည် လောင်းလှူရာ တော်ပြီဟု လက်ပြသော်လည်း လောင်းနေ၍ တော်ပြီနှမဟုစကားပြော ဖူး၏၊ တတိယနှစ် ဝါတွင်း ရဟန္တာဖြစ်၏။

**ဂင်္ဂါတီရိယထေရ်ဟောတော်မူသော ဥဒါန်းဂါထာ**

ဒွိန္နံ အန္တရဝဿာနံ၊ ဧကာဝါစာ မေ ဘာသိတာ။
တတိယေ အန္တရဝဿမှိ၊ တမောခန္ဓော ပဒါလိတော။
(ထေရဂါထာပါဠိတော်-၂၄၇)။

မေ၊ ငါသည်။ ဒွိန္နံ၊ အန္တရဝဿာနံ၊ ရဟန်းပြုသောနှစ်မှ အရဟတ္တ ဖိုလ်သို့ မရောက်မီ နှစ်နှစ်အတွင်း၌။ ဧကာဝါစာ၊ နှမ တော်လောက်ပြီဟု နို့ရည်ကို ပစ်ပယ်သောစကား တခွန်းမျှကိုသာလျှင်။ ဘာသိတာ၊ ပြော ဆိုဖူးသည်သာတည်း။ တတိယေအန္တရဝဿမှိ၊ သုံးခုမြောက်နှစ်အတွင်း ၌။ တမောခန္ဓော၊ အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်တိုက် ကို။ ပဒါလိတော၊ ဖောက်ခွဲ ဖျက်ဆီးအပ်ပြီးသည် သာတည်း။

ဤသတ္တဝါတို့သည် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ရေချိုး ခြင်း အလုပ်လုပ်ခြင်း စားခြင်း စသည့် ဝန်ကိုထမ်းဆောင်နေရ၍ ခန္ဓာ ဘာရ မည်၏၊ ပဋိသန္ဓေက စ၍ အမျိုးမျိုး ပြုစုထားသော်လည်း ခန္ဓာ ကိုယ်သည် တဘဝပြီး တဘဝ ပြောင်းနေ၍ ဘာရဟာရ မည်၏။

ဤခန္ဓာကိုယ်သည် ဇာတိမီး စသည်ဖြင့် အမြဲတမ်း တောက်လောင်နေ၏၊ ထို့ကြောင့် ပညာတည်းဟူသော ဆီမီး,ပညာတည်းဟူသော မှီခိုရာကျွန်းကို ရှာသင့်သည်ဟု ဘုရားရှင်သည် ကိန္နုဟာသော- စသည် ဟောတော်မူ၏။

သီရိမာနှင့်ပတ်သက်၍ ဘုရားရှင်သည် ပဿ စိတ္တကတံဗိမ္ဗံ- စသည် ဟောတော်မူသောကြောင့် ဤခန္ဓာသည် ဆေးရေး ပန်းချီနှင့် တူ၏၊ အကြော အသား အသွေး အရိုးတို့ဖြင့် တည်ဆောက်ထား၏၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါကြောင့် ကြင်နာခံခက်လှ၏၊ များသော အားဖြင့် ရှုပါရုံ စသည်ဥ်သာ အကြံအစည် ရှိ၏၊ မမြဲသော တရားပေတည်း။

နှမတော် ဇနပဒကလျာဏီအား အဋ္ဋိနံ နဂရံ ကတံ၊မံသလောဟိတလေပနံ-စသည် ဟောတော်မူရကား အရိုး စသည် စုပေါင်းထားသောခန္ဓာဖြင့် မာန,သူ့ကျေးဇူးကို ချေဖျက်ခြင်း မက္ခ - စသည် လိမ်းကျံအပ်၏။

(အကျယ်ကိုမူ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-အဋ္ဌကထာ။ခန္ဓဝိဘင်းအဋ္ဌကထာ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသည်တို့၌ရှု)။

ဤခန္ဓာဝန်ထုပ်ကြီးကို ထမ်းဆောင်နေရခြင်းသည် ဘဝပေါင်းများလှပြီ၊ လောဘတဏှာမပြတ်က နောင်ကိုလည်း ထမ်းရွက်ရဦးမည်၊ခန္ဓာဝန်ထုပ်ကို ချထားနိုင်မှ ဘေးကင်းမည်။

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစ ပုဂ္ဂလော။
ဘာရာ ဒါနံ ဒုက္ခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။
(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၂၂)။

ပဉ္စက္ခန္ဓာ၊ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏဟု ပေါင်းစုပြုသည့် ခန္ဓာငါးခုတို့သည်။ ဟဝေ၊ မုချကေန် အမှန်စင်စစ်အားဖြင့်။ ဘာရာ၊ ရှေးရှေးဘဝကစ၍ ယခုထက်ထိ လောလောဆယ်မှာ အန္တရာယ်အမျိုးမျိုး ဒုက္ခအဖုံဖုံ တွေ့ကြုံရတတ်၍ တကယ်အားဖြင့် သက်သာမရ ဝန်ထုပ်

ဝန်ပိုးကြီးမျှသာတည်း။ ပုဂ္ဂလော၊ ရေ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် လူနတ်ဗြဟ္မာ မည်သည်ကား။ ဘာရဟာရောစ၊ သုံးဆယ့်တဘုံ ကန္တာရခြိုမှ မလွတ်ရသေးသမျှ နောင်ကိုလည်း သည်ပိုးထမ်းရွက်ရဦးမည့် ပုဂ္ဂိုလ်သည်သာတည်း။ လောကေ၊ သတ္တဝါ တည်းဟူသော သတ္တလောက, ရုပ်နာမ်တည်းဟူသော သင်္ခါရလောက, တောတောင်မြေကြီး စသော ဩကာသလောက၌။ ဘာရာဒါနံ၊ရှုပက္ခန္ဓာ အစဖြာသည် ခန္ဓာငါးပါး ကြောက်စရာကောင်းသော ဤတရားများမကင်းသောအားဖြင့် ဖြစ်လာသမျှသည်။ ဒုက္ခံ၊ မြေကြီးထဲက မှိုင်ငုံထွက်ရာ မြေမှုန့် ပါလာသကဲ့သို့ အိုခြင်း ဆင်းရဲ နာခြင်းဆင်းရဲ သေခြင်းဆင်းရဲ တွဲကာ တွဲကာဖြစ်ပေါ်လာ၍ သုခဟူသည် မှုံမျှမဖက် ဒုက္ခတရားသက်သက် သာတည်း။ ဘာရနိက္ခေပနံ၊ သမ္မာသနညာဏ် စသော လောကီပညာ အစ အရဟတ္တမဂ်ဖိုလ် ပညာအဆုံး တည်းဟူသော ဝိပဿနာလက်ချောင်းတို့ဖြင့် ပယ်ချခြင်းသည်။ သုခံ၊ ဇာတိစသော ရုပ်နာမ်ကင်း၍ ခေါင်းပေါ် ပခုံးပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီးကို ချသဖြင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရသည် ထက် အဆပေါင်း မြောက်မြားစွာ သာလွန်သည့် အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ကေန်မုချ ရောက်ရမည်ဖြစ်၍ ချမ်းသာတော့သည်သာတည်း။

## (ခ) အာယတနအကြောင်း သိကောင်းစရာ

ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုဉ္စ ပဇာနာတိ၊ ရူပေစ ပဇာနာတိ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ၊ ယထာစ အနုပ္ပန္နဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာစ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊ ယထာစ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

(သုတ်မဟာဝါမဟာသတိပဋ္ဌာနသုတ်–၂၄၀)။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ စက္ခုဉ္စ၊ စက္ခုပသာဒရုပ်ကိုလည်း။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ ရူပေစ၊ ရူပါရုံတို့ကိုလည်း။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ တဒုဘယံ၊ ထိုနှစ်ပါးစုံကို။ ပဋိစ္စ၊ စွဲ၍။ ယဉ္စသံယောဇနံ၊ အကြင်သံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ် ကိုလည်း။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ ယထာစ၊ အကြင်အခြင်းအရာ အားဖြင့်လည်း။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ သံယောဇနဿ၊ သံယောဇဉ်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ တဉ္စ၊ထိုသံယောဇဉ်ကိုလည်း။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ ယထာစ၊ အကြင်အခြင်းအရာအားဖြင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ သံယောဇနဿ၊ သံယောဇဉ်၏။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ်ကိုလည်း။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ ယထာစ၊ အကြင် အခြင်းအရာအားဖြင့်လည်း။ ပဟီနဿ၊ ပယ်အပ်သော။ သံယောဇနဿ၊ သံယောဇဉ်၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ်ကိုလည်း။ ပဇာနာတိ၊ အပြားအားဖြင့် သိသည်သာတည်း။ (သောတပသာဒရုပ် စသည်နည်းတူ၏)။

> ဒွါဒသန္နံ အာယတနာနံ ဥဂ္ဂဟ မနသိကာရ သဝန ဓာရဏ
> ပရိစ္ဆေဒ ဇာနနက ပညာ အာယတနကုသလတာ နာမ။
>
> (အဋ္ဌသာလိနီအဋ္ဌကထာပါဠိ-၄၂၄)။

ဒွါဒသန္နံ၊ တဆယ့်နှစ်ပါးကုန်သော။ အာယတနာနံ၊ အာယတနတို့ကို။ ဥဂ္ဂဟ မနသိကာရ သဝန ဓာရဏ ပရိစ္ဆေဒ ဇာနနက ပညာ၊ သင်ယူခြင်း နှလုံးသွင်းခြင်း နာခြင်း ဆောင်ခြင်း ပိုင်းခြားခြင်းကို သိတတ်သော ပညာသည်။ အာယတနကုသလတာ နာမ၊ အာယတန၌ လိမ်မာသည် မည်သည်သာတည်း။

အာယတနဟူသည် သံသရာကိုချဲ့ထွင်တတ်သော တရားတို့ပေတည်း။

ငင်း အာယတနတို့သည်–

စက္ခာယတန (မျက်စိ)
သောတာယတန (နား)
ဃာနာယတန (နှာခေါင်း)
ဇိဝှါယတန (လျှာ)
ကာယာယတန (ကိုယ်)
မနာယတန (စိတ်)
ရူပါယတန (အဆင်း)
သဒ္ဒါယတန (အသံ)
ဂန္ဓာယတန (အနံ့)
ရသာယတန (အရသာ)
ဖောဋ္ဌဗ္ဗာယတန (အတွေ့)
ဓမ္မာယတန (ကျန်သော ရုပ်နာမ်များ)

ဟူ၍ တဆယ့်နှစ်ပါး ရှိ၏။

စက္ခုပသာဒရုပ် ရူပါရုံကို စွဲ၍ စက္ခုဝိညာဏ်စိတ်ဖြစ်၏၊ ငင်းသုံးပါးကိုစွဲ၍ အာရုံကို တွေ့ထိတတ်သော ဖဿဖြစ်၏၊ ဖဿပစ္စယာ ဝေဒနာ စသည်ဖြင့် ဝေဒနာ တဏှာ စသော ပဋိစ္စသမုပ္ပါဒ် ဖြစ်ပေါ်လာတတ်၏။

ထို့ကြောင့် ငင်း စက္ခုပသာဒရုပ်ကို လည်းကောင်း၊ ရူပါရုံကိုလည်းကောင်း၊ စက္ခုဝိညာဏ်စိတ်ကို လည်းကောင်း၊ ဖဿဝေဒနာ စသည်ကိုလည်းကောင်း သိအပ်၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ခြင်းကိုလည်းကောင်း၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ခြင်းကိုလည်းကောင်း၊ ပယ်ပြီးသော သံယောဇဉ်၏ တဖန် မလာခြင်းကို လည်းကောင်း သိအပ်ပေ၏။ (နည်းတူ သောတပသာဒရုပ် စသည်ကို သိအပ်၏)။

## အာရုံငါးပါး ဝတ္ထုသက်သေ

ရူပါရုံကြောင့် သံသရာလည်ပုံကို- တောကစား ထွက်လာသော ပြဟ္မဒတ်မင်းသည် ကိန္နရာမကို မြင်၍လိုက်ရာ ကိန္နရာမကိုလည်း မမိ၊ နန်းတော်ကပါလာသော အသိတာဘူမိဖုရားလည်း အနီးအနား ရသေ့ သင်္ချိုင်းကျောင်းကပ်ကာ တချီးအားထုတ်၍ စျာန်ရနေသဖြင့် ငါးစိမ်းလည်း မရ ငါးကင်လည်းမရ ဖြစ်ရရှာ၏။

သုဘာထေရီသည် ပန်းထိမ်သည်သားက မျက်စိလှသည်ဆို၍ မျက်စိကို ထုတ်ပေး၏။

သဒ္ဒါရုံကြောင့် သံသရာလည်ပုံကို- အနိတ္ထိဂန္ဓမင်းသား ဝတ္ထုကို ရှုအပ်၏။

ဂေါတမဘုရားအလောင်းတော် အနိတ္ထိဂန္ဓမင်းသားသည် မွေးကာစ မိန်းမများပင် အထိမခံ၊ အမိနို့ရေကိုပင် ရွှေခွက်မှာ ထည့်၍ တိုက်ရ၏၊ နောက် ကချေသည်မ တယောက်၏ အသံကြောင့် တလောကလုံးရှိသမျှ မိန်းမ ငါနှင့်သာ ဆိုင်သည်၊ ယောကျ်ားဆိုယင် ဘယ်သူမှ မထားဟု သံလျက်ကိုပင် ဆွဲ၍ ဖခင်ဘုရင်မှ စပြီး လိုက်ဖူး၏။

ဂန္ဓာရုံကြောင့် သံသရာလည်ပုံကို- ကြာပန်းကိုနမ်းနေသော ဘုရားလောင်းကို နတ်သမီးတယောက်က အနံ့သူခိုးဟု စွပ်စွဲလိုက်၏။

ရသာရုံကြောင့် သံသရာလည်ပုံကို-ဥယျာဉ်၌ အစာအာဟာရများကို စားမိ၍ သတိသံဝေဂရကာ မင်းတဦး ပစ္စေကဗုဒ္ဓါ ဖြစ်သွား၏။

ဖောဋ္ဌဗ္ဗာရုံကြောင့် သံသရာလည်ပုံကို- ဒါနောရက္ခိုက် ဘီလူးသည် လူမိန်းမတယောက်ကို မယားပြုကာ သူများနှင့်မဆက်ဆံရအောင် ကြုတ်နှင့်ဗိုက်မှာ ထည့်ထား၏၊ ဂင်္ဂါမြစ်မှာ ရေချိုးကာနီး ကြုတ်ကိုချထား၍ ရေဆင်းချိုးရာ ကောင်းကင်မှ ဝိဇ္ဇာဓိုရ် တယောက်လာ၍ ၎င်းမိန်းမနှင့် ပျော်ပါး၏၊ ဤဝတ္ထုများကို ထောက်ဆအပ်၏။

စက္ခုရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္ထကရော သောဟိ၊ သံဝါသံ တေန ဝါရယေ။

## ရှေးဆရာတော်တပါး

စက္ခုရုပေန၊ စက္ခုပသာဒရုပ် တည်းဟူသော အဖိုသတ္တဝါ မျက်စိထဲက အမြဲမထွက်သည့် ရူပါရုံတည်းဟူသော အမသတ္တဝါနှင့်။ သံဝါသာ၊ စိတ်အလိုလိုက်၍ အကြိုက်တွေ့ကာ ပေါင်းဖော်ကြပါသောကြောင့်။ ရာဂပုတ္တံ၊ ရာဂတည်းဟူသော ချစ်ဖွယ် ခင်ဖွယ် ကြင်နာဖွယ်ဟု လောကီရတနာပစ္စည်းဥစ္စာ၌ စွဲလမ်းပြုရာ သားပုတ္တာကို။ ဝိဇာယတိ၊အကြောင်းဆုံလာသဖြင့် သံသရာထဲရောက်ကာ ဖွားမြင်လာရပါ၏။ သော ဟိ၊ ထိုမြင်မြင်သမျှ အာရုံငါးပါး ကာမဂုဏ်တရား၌ ရာဂဖြစ်မြောက် သားလူလှ တယောက်သည်သာလျှင်။ မဟာနုတ္တကရော၊ ပစ္စုပ္ပန်၌ ကပ်ကြီးသုံးပါး ရစ်ပြစ်ရှစ်ပါး စသော အကျိုးမဲ့သံသရာ၌ ဇာတိစသောအကျိုးမဲ့ကို ပြုတတ်ပါ၏။ တေန၊ ထိုသို့ ပစ္စုပ္ပန်သံသရာ ဒုက္ခသစ္စာ ရုပ်နာမ်နှစ်မျိုး အကျိုးမဲ့ကို ပြုတတ်ပါသောကြောင့်။ သံဝါသံ၊ မစဉ်းမစားသတိမထားပဲ သံဝေဂတရား လက်လွှတ်ကာ ဆက်ဆံ ပေါင်းသင်းခြင်းကို။ပါရယေ၊ဝဋ္ဋသံသရာ ကင်းလွတ်ပါ၍ မဂ်ဖိုလ်ရရေး မျှော်ခေါ်တွေး ပြီး အစဉ်တားမြစ်ရာသတည်း။

> မနုဿာနံ ဟိ အဇ္ဈတ္တာဃရံ ဝိယ အဇ္ဈတ္တိကာယတနာနိ ဃရူပစာရံ ဝိယ ဆဗာဟိရာယတနာနိ။

(သဠာယတနသံယုတ် အဋ္ဌကထာ)။

ဟိ–တပ္ပါကဋီကရောမိ၊ ထိုစကားကို ထင်စွာပြဦးအံ့။ မနုဿာနံ၊ လူတို့၏။ အန္တောဃရံဝိယ၊ အိမ်တွင်းကဲ့သို့။ ဆအဇ္ဈတ္တိကာယတနာနိ၊ စက္ခုပသာဒရုပ်စသော ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတနတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ဃရူပစာရံဝိယ၊ အိမ်၏ဥပစာကဲ့သို့။ ဆဗာဟိရာယတနာနိ၊ ရူပါရုံစသော ခြောက်ပါးသော ဗာဟိရာယတနတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်သည်သာတည်း။

ပုထုဇဉ်တို့သည် စက္ခာယတနစသော အဇ္ဈတ္တိကာယတနခြောက်ပါးတို့၌ ပို၍ ဆန္ဒရာဂပြင်းပြသည်၊ အိမ် တွင်း မှာ ရှိ သော ပစ္စည်း ဥစ္စာရတနာတို့ကို သူများ ခိုးယူမှာကြောက်၍ အရေးစိုက်သည်နှင့် တူ၏၊ ကြောင်စသည်ကြောင့် ခွက်စသည်တခုခု လိမ့်ကျသောအခါ ဘယ်သူနည်းဟု မေးလေ့ရှိသည်နှင့် တူ၏။

ရူ ပါ ရုံ စ သော ဗာဟိရာယတနခြောက်ပါးတို့၌ကား အဇ္ဈတ္တိကာယတနခြောက်ပါးတို့၌ကဲ့သို့ ဆန္ဒ ရာ ဂ မပြင်းပြပေ၊ နွား စ သည် တို့ အိမ်၏ဥပစာကိုဝင်သော်လည်း အရေးမစိုက်သည်နှင့် တူပေ၏။

ပုထုဇဉ်တို့စိတ်ကား အကန့်အသတ် အပိုင်းအခြား မရှိ၊ မြင်မြင်သမျှအာရုံကို လိုချင်တပ်မက်မော၏၊ အရိယာတို့မှာကား တပ်နှစ်သက်တတ် သော စိတ် ကို မဂ် ဖြင့် ပယ် ပြီး ဖြစ် ၍ အာရုံ၌ အပိုင်းအခြား ရှိပေ၏။

ပုထုဇဉ်တို့၏စိတ်သည်အာရုံကိုတောင့်တ၍ ပင်ပန်းရ၏၊အိမ်လောက်ကြီးသော ကျောက်ဖျာကိုခေါင်းပေါ်၌တင်၍ ပင် လယ် ကို ကူး သောသူနှင့် တူပေ၏၊ တနည်း–လ,နေကို အောက်ရောက်အောင် ဆွဲချသောသူနှင့်လည်း တူပေတော့၏။

ဤ ရူပါရုံစသောတရားတို့သည် ဇာတိဓမ္မ,ဇရာဓမ္မ,ဗျာဓိဓမ္မ,မရဏဓမ္မ,သောကဓမ္မ,ပူပန်စေတတ်နှိပ်စက်တတ်၍ သံကိလေသိကဓမ္မ,ခယဓမ္မ,ဝယဓမ္မသဘောတို့သာတည်း။

စက္ခုဝိညာဏ်စသည်တို့ဖြင့်ရှုအပ်၍ စက္ခုဝိညေယျဓမ္မ၊ အလိုရှိအပ်၍ ဣဋ္ဌ၊ နှစ်သက်အပ်၍ ကန္တ၊ နှလုံးကိုပွားစေတတ်၍ မနာပ၊ ချစ်အပ်သော သ ဘော ရှိ ၍ ပိယရူပ၊ ကာမဂုဏ်တို့၏အစီးအပွားဖြစ်၍ ကာမူပသံဟိတ၊ တပ်နှစ်သက်ဖွယ်ဖြစ်၍ ရဇနီယ၊ လိုချင်ဖွယ်ဖြစ်၍ နန္ဒီ၊ သံသရာ၌ဖွဲ့ချည်တတ်၍ သံယောဇဉ်တရားလည်း မည်၏။

တဏှာသည် တုန်လှုပ်ခြင်းရှိ၍ ဧဇာ, ကျင်နာခြင်းရှိ၍ ရောဂ, ဒန္ဓာကိုယ်တွင်းဖျက်ဆီးတတ်၍ ဂဏ္ဍာ,တပ်နှစ်သက်ခြင်းရှိ၍ သလ္လလည်း

မည်၏၊ ဤခန္ဓာသည်ကား ကျွန်မမှ မွေးသောသားသည် ကျွန်သာ ဖြစ်သည်နှင့် တူ၏။

ရူပါရုံစသောတရားတို့သည် စက္ခုပသာဒရုပ် ရူပါရုံ စက္ခုဝိညာဏ် စသည် ပေါင်းစုဖြစ်တတ်၍ သင်္ဂတိ,သန္နိပါတ,သမဝါယလည်း မည်၏၊ ဤတရားတို့နှင့် တွေ့က မယဉ် ကျေး တတ် ၍ အဒန္တ၊ စောင့် ရှောက် နိုင်ခဲ၍ အဂုတ္တ- အရက္ခိတ အသံဝုတ၊ ဒုက္ခကို ဆောင်တတ်၍ ဒုက္ခာဝိ ဝါဟလည်း မည်၏။

ဤရူပါရုံ စသောတရားတို့သည် ဒိဋ္ဌေ ဒိဋ္ဌမတ္တ၊ သုတေ သုတမတ္တ၊ မုတေ မုတမတ္တ၊ ဖုဋ္ဌေ ဖုဋ္ဌမတ္တ၊ ဝိညာတေ ဝိညာတမတ္တ သာတည်း။ ရူပါရုံကား မြင်လျှင် မြင်ရုံသာ၊ သဒ္ဒါရုံကား ကြားလျှင် ကြားရုံသာ၊ ဂန္ဓာရုံကား နံလျှင် နံရုံသာ၊ ဖောဋ္ဌဗ္ဗာရုံကား ထိလျှင် ထိရုံသာ၊ ဓမ္မာရုံ ကား သိလျှင် သိရုံသာ။

ရူပါရုံစသည်ကား မြင်ပြီးပျောက်သွားသည်၊ အမြဲနေသည်မဟုတ်၊ စက္ခုပသာဒရုပ် ရူပါရုံစသည်တို့ကား ရုပ်၊စက္ခုဝိညာဏ် စသည်တို့ကား နာမ်သာ၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား,မိန်းမ မဟုတ်၊ စက္ခုပသာဒ ရုပ်က ငါမြင်သည်၊ ရူပါရုံက ငါမြင်သည်၊ စက္ခုဝိညာဏ်က ငါမြင်၏ ဟူ၍လည်း အချင်းချင်း မသိကြ၊ သူ့ကိစ္စနှင့် သူ ဖြစ်ပြီး ပျောက် သွား၏။ ဤသို့ စသည်ဖြင့် ဘုရားရှင်သည် အရှင် မာလုကျပုတ္တ ရဟန်း အား ဟောတော်မူသည်။

ဤခန္ဓာကိုယ်သည် မိဘတို့၏ သုက်သွေးကြောင့် ဖြစ်တတ်၍ မာတာ ပေတ္တိကသမ္ဘဝ မည်၏။

အစာအာဟာရကြောင့် ကြီးပွားတတ်၍ ဩဒနကုမ္မာသူပစယလည်း မည်၏၊မမြဲသောသဘောသာ၊ အနံ့မကောင်း ထွက်တတ်၍ အမွှေးနံ့သာ စသည်ဖြင့် လိမ်းကျံရ၏၊ အညောင်းအညာ ပျောက်စေခြင်းငှာ နှိပ်နယ် ပေးရ၏၊ ငယ်စဉ်ကပင် မိဘများ ကလေးတို့၏ ကိုယ်လက်အင်္ဂါကို ပြုပြင် ပေးရ၏၊ သို့သော်လည်း ကွဲပြို ပျက်စီးတတ်သော သဘောဖြစ်၍ ကွဲပြို

ပျက်စီးတတ်၏၊ ကိလေသာ မာရ်မင်း၏ ကျော့ကွင်း အစွပ်ခံရ၏။ ဤ ရုပ်နာမ်တရားကား ပျက်စီးတတ်၍ သခ်ါရလောကလည်း မည်၏။

ထို့ကြောင့် ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကိုလည်း ဟောတော်မူခဲ့သည်။

## မြစ်ရေယဉ်သည် တဏှာ

နဒိယာ သောတောတိ ခေါ ဘိက္ခဝေ တဏှာယေတံ အဓိဝစနံ။
(ဣတိဝုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ နဒိယာ သောတောတိ ခေါ ဧတံ၊ မြစ်ရေယဉ်ဟူသော ဤအမည်သည်။ တဏှာယ၊ တဏှာ၏။ အဓိဝစနံ၊ အမည် ပါပေတည်း။

တဏှာ၏ မြစ်ရေအယဉ်နှင့် တူပုံကား- တောင်ထိပ်ကုန်းပြင်မှ ရွာသွန်းသော မိုးရေသည် တောင်ချောက်၊ ထိုမှ အင်းအိုင်၊ ထိုမှ ချောင်း မြစ် သမုဒ္ဒရာတို့ကို ပြည့်စေသည်၊ နည်းတူ လောဘတဏှာသည် အဇ္ဈတ္တ ဗဟိဒ္ဓ ရူပါရုံစသည် တို့၌ ဖြစ်၍ ကြီးပွားသောကြောင့် တဏှာသည် မြစ်ရေ အယဉ်တည်း။ ထို့ကြောင့် ၎င်း အဋ္ဌကထာ၌ အနုက္ကမ ပရိဝဍ္ဎိတော ဟု လာသည်။

ရေအယဉ်သည် ပြတ်ခြင်း မရှိပဲ သမုဒ္ဒရာကို ပြည့်စေတတ်သည့် နည်းတူ တဏှာသည် ဖြစ်သည်ရှိသော် ပျက်ခြင်းမရှိပဲ အပါယ်စသည်၌ ဖြစ်စေတတ်သည်၊ ထို့ကြောင့် ၎င်း အဋ္ဌကထာ၌ အနုပ္ပဗန္ဓတော-ဟု မိန့်ဆိုရလေသည်။

မြစ်ရေသည် ကျရောက်သော သတ္တဝါတို့ကို နစ်မြုပ် စေတတ်၏၊ ခေါင်းပေါ်အောင်ပင် မပေး၊ သေခြင်း, သေလောက်သော ဒုက္ခကို ပေးစေတတ်၏၊ နည်းတူ တဏှာသည် ဖြစ်စေတတ်သော သတ္တဝါတို့ကို သံသရာ၌ နစ်မြုပ် စေတတ်၏၊ ပညာ တည်းဟူသော ဦးခေါင်းကိုပင် မပေါ်စေတတ်၊ ကုသိုလ် အမြစ်အရင်းကို ပြတ်စေခြင်းဖြင့် လည်း

ကောင်း၊ ကိလေသာတရားသို့ ရောက်စေခြင်းဖြင့် လည်းကောင်း သေခြင်း, သေလောက်သော ဒုက္ခကို ပေးစေတတ်၏၊ ထို့ကြောင့် ၎င်း အဋ္ဌကထာ၌ ဩသီဒါပနတော-ဟု လာသည်။

မြစ်၌ မိုးကြီးလာ၍ ရေကြမ်း ကျလာသော် လှေဖောင် စသည်ဖြင့် ကူးခြင်းငှာ မလွယ်ကူသကဲ့သို့ နည်းတူ တဏှာယဉ်သည် ကာမောဃ, ဘဝေါဃဖြစ်၍ သီလသံဝရကို ဖြည့်ခြင်းငှာ သမထ ဝိပဿနာအမှုကို ပြုခြင်းငှာ, ရင့်ကျက်သော ပညာဖြင့် ရဟန္တာ ဖြစ်စေအံ့ဟု အလို အဇ္ဈာသယကို ဖြစ်စေ၍ ကလျာဏမိတ္တကို မှီပြီး သမထ ဝိပဿနာလှေ သင်္ဘောသို့တက်၍ သမ္မာဝါယာမကိုပြုသဖြင့် ကူးခြင်းငှာ မလွယ်ကူပေ၊ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌ ဒုရုတ္တရဏတော-ဟု လာ၏။

၎င်းတဏှာသည် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဟူ၍ သုံးမျိုးရှိသည်။

> ကာမတဏှာတိ ကာမေ တဏှာ၊ ပဉ္စ ကာမဂုဏိကရာဂဿေတံ အဓိဝစနံ။ ဘဝတဏှာတိ ဘဝေ တဏှာ၊ ဘဝပတ္ထနာဝသေန ဥပ္ပန္နဿ သဿတဒိဋ္ဌိသဟဂတဿ ရာဂဿ ရူပါရူပဘဝရာဂဿစ စျာနနိကန္တိယာစ ဧတံ အဓိဝစနံ။ ဝိဘဝတဏှာတိ ဝိဘဝေ တဏှာ၊ ဥစ္ဆေဒဒိဋ္ဌိသဟဂတရာဂဿေတံ အဓိဝစနံ။
>
> (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဌ်)

ကာမတဏှာတိ၊ ကာမတဏှာ ဟူသည်ကား။ ကာမေ၊ ကာမဂုဏ်ငါးပါး၌။ တဏှာ၊ တပ်ခြင်း လောဘတည်း။ ဧတံ၊ ဤကာမတဏှာ ဟူသောအမည်သည်။ ပဉ္စကာမဂုဏိကရာဂဿ၊ ရူပါရုံစသော ကာမဂုဏ်ငါးပါးတို့၌ တပ်တတ်သော ရာဂ၏။ အဓိဝစနံ၊ အမည်တည်း။ ဘဝတဏှာတိ၊ ဘဝတဏှာ ဟူသည်ကား။ ဘဝေ၊ ဘဝ၌။ တဏှာ၊ တပ်ခြင်း တဏှာတည်း။ ဘဝပတ္ထနာဝသေန၊ ဘဝကိုတောင့်တသည်၏အစွမ်းဖြင့်။ ဥပ္ပန္နဿ၊ ဖြစ်သော။ သဿတဒိဋ္ဌိသဟဂတဿ၊ ဘဝမြဲ၏ ဟူသော ဒိဋ္ဌိနှင့်တကွ ဖြစ်သော။ ရာဂဿစ၊ ရာဂ၏လည်းကောင်း။ ရူပါရူပ ဘဝ

ရာဂဿ၊ ရူပဘဝ အရူပဘဝ၌ တပ်တတ်သော ရာဂ၏ လည်းကောင်း။ ဈာနနိကန္တိယာစ၊ ဈာန်၌ တပ်တတ်သောရာဂ၏ လည်းကောင်း။ တေံ အဓိဝစနံ၊ ဤ အမည်တည်း။ ဝိဘဝ တဏှာတိ၊ ဝိဘဝ တဏှာဟူသည်ကား။ ဝိဘဝေ၊ ဘဝပျက်ခြင်း၌။ တဏှာ၊ တပ်ခြင်း တဏှာတည်း။ ဥစ္ဆေဒဒိဋ္ဌိသဟဂတရာဂဿ၊ သေလျှင်ပြတ်၏ ဟူသော ဒိဋ္ဌိနှင့်တကွ ဖြစ်သော ရာဂ၏၊ တေံအဓိဝစနံ၊ ဤအမည်ပါပေတည်း။

ပိယရူပံ သာတရူပန္တိ ခေါ ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ။

(ဣတိဝုတ် ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပိယရူပံ သာတရူပန္တိ ခေါ တေံ၊ ပိယရူပံ သာတရူပံ ဟူသော ဤအမည်သည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကာနံ၊ အတွင်းသန္တာန်၌ ဖြစ်ကုန်သော။ အာယတနာနံ၊ စက္ခုပသာဒ စသော အာယတနတို့၏။ အဓိဝစနံ၊ အမည်ပါပေတည်း။

သတ္တဝါတို့သည် သမုဒ္ဒရာ၏ ရေအပြင်ကို ချစ်နှစ်သက်ဖွယ် ထင်မှတ်သကဲ့သို့ စက္ခာယတန စသည်တို့၌ စွဲလန်းတတ်ကြသည်၊ အာယတနဟူသည် စက္ခုပသာဒရုပ် ရူပါရုံစသည်တို့၌ စက္ခုဝိညာဏ်စသည်တို့သည် ခံစားခြင်းကိစ္စဖြင့် ဆွဲငင်တတ်သောကြောင့် အာယတန၊ ထိုတရားတို့ကို ဖြစ်စေ တတ်သောကြောင့် အာယတန၊ ထိုတရားတို့ကို စေ့စပ်တတ်၍ အာယတန၊ ထိုတရားတို့ကို အားထုတ်တတ်၍ အာယတနမည်၏။

တနည်း နေရာ၏အဖြစ်ကြောင့် လည်းကောင်း၊ ပွင့်မြဲ၍ဖြစ်တတ်သော သဘောကြောင့်လည်းကောင်း၊စုဝေးရာ ဖြစ်သောကြောင့်လည်းလည်းကောင်း၊ ဖြစ်ရာဖြစ်သောကြောင့် လည်းကောင်း၊ အကြောင်း ဖြစ်သောကြောင့်လည်းကောင်း အာယတနမည်၏။

တဏှာ၏ တည်ရာ ဖြစ်သောကြောင့်လည်းကောင်း အလွန် ချစ်အပ်သောဝတ္ထု၏ အဖြစ်ကြောင့် လည်းကောင်း ပိယရူပ သာတရူပမည်၏။

ပေဋ္ဌာရဟာဒေါတိ ခေါ ဘိက္ခဝေ ပဉ္စန္နေတံ ဩရမ္ဘာဂိယာနံ
သံယောဇနာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့. ပေဋ္ဌာရဟာဒေါတိ ခေါ တော်၊ အောက်ရေအိုင်ဟူသော အမည်သည်။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကာမဓာတ်ဟု ဆိုအပ်သော အောက် အဖို့၌ ဖြစ်ကုန်သော။ သံယောဇနာနံ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမရာဂ ဗျာပါဒတို့၏။ အဓိဝစနံ၊ အမည်တည်း။

ဥမ္မိဘယန္တိ ခေါ ဘိက္ခဝေ ကောဓုပါယာသဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥမ္မိဘယန္တိ ခေါ တော်၊ လှိုင်းဘေးဟူသော အမည်သည်။ ကောဓုပါယာသဿ၊ အမျက်ထွက်ခြင်း ကောဓ၊ ဉာတိ, ဘောဂ, ရောဂ, သီလ, ဒိဋ္ဌိဗျသန၊ (ပြင်းစွာပင်ပန်းခြင်း)ဥပါယာသ ၏။ အဓိဝစနံ၊ အမည်တည်း။

အာဝဋ္ဋန္တိ ခေါ ဘိက္ခဝေ ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ အာဝဋ္ဋန္တိ ခေါ တော်၊ ဝဲဟူသော ဤအမည်သည်။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ကာမဂုဏာနံ၊ ရူပါရုံ စသည်တို့၏။ အဓိဝစနံ၊ အမည်ပါပေတည်း။

ဂဟာရက္ခသောတိ ခေါ ဘိက္ခဝေ မာတုဂါမဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဂဟာရက္ခသောတိ ခေါ တော်၊ ဖမ်းစားတတ်သော ရက္ခိုက်ဘီလူးဟူသော ဤအမည်သည်။မာတုဂါမဿ၊ မာတုဂါမ ၏။ အဓိဝစနံ၊ အမည်တည်း။

ပဋိသောတောတိ ခေါ ဘိက္ခဝေ နေက္ခမ္မဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဋိသောတောတိ ခေါ တော်၊ ရေဆန်ဟူသော ဤအမည်သည်။ နေက္ခမ္မဿ၊ သုတ်အဘိဓမ္မာဝိနည်း၏။အဓိဝစနံ၊အမည်ပါပေတည်း။

ဟတ္ထေဟိစ ပါဒေဟိစ ဝါယာမောတိ ခေါ ဘိက္ခဝေ ဝီရိယာ ရမ္ဘဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟတ္ထေဟိစ ပါဒေဟိစ ဝါယာမောတိ ခေါ တော်၊ လက်တို့ဖြင့်လည်းကောင်း ခြေတို့ဖြင့် လည်းကောင်း အားထုတ်ခြင်းဟူသော ဤအမည်သည်။ ဝီရိယာရမ္ဘဿ၊ဝီရိယအားထုတ်ခြင်း၏။ အဓိဝစနံ၊ အမည်ပါပေတည်း။

စက္ခုမာ ပုရိသော တိရေ ဌိတောတိ ခေါ ဘိက္ခဝေ တထာ ဂတဿေတံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုမာ ပုရိသော တိရေ ဌိတောတိ ခေါ တော်၊ မျက်စိအမြင်ရှိသော ကမ်းနားဌတည်သော ယောကျ်ားဟူသော ဤအမည်သည်။ တထာဂတဿ၊ ရှေးဘုရားရှင်ကဲ့သို့လာခြင်း ကောင်းတော်မူသော။ အရဟတော၊ သံသရာစက်၏ အကန့်အကွက်ကိုဖျက်ဆီးတော်မူသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော ဘုရားရှင်၏။ အဓိဝစနံ၊ အမည်တော်ပေတည်း။

ဣဓ ဓမ္မံ စရိတ္ဝာန၊ မဂ္ဂံ သုဂတိဂါမိနံ။
နန္ဒိနော ဒေဝလောကသ္မိံ၊ မောဒန္တိ ကာမကာမိနော။
(ဣတိဝုတ်ပါဠိတော်)။

သုဂတိဂါမိနံ၊ နတ်ရွာသို့သွားလိုသော သူတို့၏။ မဂ္ဂံ၊ လမ်းခရီးဖြစ်သော။ ဓမ္မံ၊ ဒါန သီလ သမထ ဝိပဿနာဘရားကို။ ဣဓ၊ ဤသာသနာတော်၌။ စရိတ္ဝာန၊ ကျင့်၍။ ဒေဝလောကသ္မိံ၊ နတ်ရွာ၌။ နန္ဒိနော၊ နှစ်လိုဖွယ်ရှိကုန်သည်ဖြစ်၍။ ကာမကာမိနော၊ နတ်ရွာကို အလိုရှိသော သူတို့သည်။ မောဒန္တိ၊ ဝမ်းမြောက်ရကုန်သည်သာတည်း။

## ဣန္ဒြေတရား စင်ကြယ်ဖို့ အရေးကြီး

ဤရှုပါရုံစသော တရားတို့မှ ကင်းလွတ်ဖို့ ဣန္ဒြေတရား စင်ကြယ်ဖို့ လို၏။

သဒ္ဓါမရှိသူကို ရှောင်ကြည်ခြင်း၊
သဒ္ဓါရှိသူကို မှီဝဲခြင်း၊
ကြည်ညိုဖွယ် တရားဒေသနာကို လေ့လာခြင်းသည်၊ သဒ္ဓိန္ဒြေ=သဒ္ဓါ တရားတည်းဟူသော ဣန္ဒြေစင်ကြယ်ကြောင်း မည်၏။
သတိမရှိသူကို ရှောင်ကြည်ခြင်း၊
သတိရှိသူကို မှီဝဲခြင်း။
သတိပဋ္ဌာန် တရားကို ဆင်ခြင်ခြင်းသည် သတိန္ဒြေ=သတိတရား တည်းဟူသော ဣန္ဒြေစင်ကြယ်ကြောင်း မည်၏။
သမာဓိ မရှိသူကို ရှောင်ကြည်ခြင်း၊
သမာဓိ ရှိသူကို မှီဝဲခြင်း၊
ဈာန်ဝိမောက္ခတရားကို ဆင်ခြင်ခြင်းသည် သမာဓိန္ဒြေ=သမာဓိ တည်းဟူသော ဣန္ဒြေတရား စင်ကြယ်ကြောင်း မည်၏။
ပညာမဲ့သူကို ရှောင်ကြဉ်ခြင်း၊
ပညာရှိသူကို မှီဝဲခြင်း၊
ဉာဏ်ပညာ ပွားကြောင်း တရားကို ဆင်ခြင်ခြင်းသည် ပညိန္ဒြေ= ပညာတည်းဟူသော ဣန္ဒြေတရား စင်ကြယ်ကြောင်း မည်၏။
တနည်းအားဖြင့် သဒ္ဓါစသော ဣန္ဒြေ ငါးပါး၊ အနိစ္စသညာ၊ ဒုက္ခ သညာ၊ အနတ္တသညာ၊ ပဟာနသညာ၊ နိဗ္ဗေဓဘာဂိယသညာ- ဟူသော တရားငါးပါး။ အရှင်မေဃိယထေရ်အား ဟောတော်မူအပ်သော ကလျာဏမိတ္တ ကျင့်သီလနှင့်။ အပ္ပိစ္ဆကထာ၊ ဝီရိယာ, ပညာမေဃိယ- ဟူသော တရားငါးပါး၊ ဤတဆယ့်ငါးပါးသော တရားတို့သည် ကိလေသာမှ လွတ်ကြောင်းအကျင့်ခေါ် ဝိမုတ္တိပရိပါစနိယာ တရားတို့ မည်ကုန်၏။
ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ စက္ခုပသာဒရုပ် စသည်တို့သည် ပြည့်နိုင်ခဲ သည်၏ အဖြစ်ကြောင့် သမုဒ္ဒရာမည်၏။ ရူပါရုံစသည်တို့ကို အကနိဋ္ဌ ဗြဟ္မပြည်တိုင်အောင် လိုက်စားပါငြားသော်လည်း ရောင့်ရဲမည်မဟုတ်၊

ရူပါရုံစသည်နှင့် ပတ်သက်၍ ရာဂ၊ ဒေါသ၊ မောဟ စသည်ဖြစ်တတ်ရကား ၎င်းရာဂစသည်တို့သည် အတောမသတ်နိုင်၍ သမုဒ္ဒရာမှာ ရေအယဉ် ရေအဟုန်စသည်နှင့် တူတတ်၍ ဝေဂမည်၏။ သမုဒ္ဒရာကား ဘယ်မျှကျယ်ကျယ်ကမ်းရှိ၏။ ဤရာဂစသည်တို့မှာကား ကမ်းမရှိပေ။ လောဘစသောကိလေသာ လှိုင်းတံပိုးရှိ၍ သဥမိ ၊ ကိလေသာဝဋ္ဋ ရှိ၍ သာဝဋ္ဋ၊ ကိလေသာတရား ဆောင်ယူခြင်းရှိ၍ သဂါဟ၊ ကိလေသာဘီလူး ရက္ခိုက်ရှိ၍ သရက္ခ၊ သကောဓ ဥပါယာသရှိ၍ သဦမိ ၊ ကာမဂုဏ်၏ အစွမ်းဖြင့်သာဝဋ္ဋ၊မာတုဂါမတို့သည် သဂါဟ, သရက္ခသမည်၏။

ဒုက္ခတရားဖြစ်၍ ဒုက္ခဓမ္မမည်၏။ ပူလောင်စေတတ်၍ မီးကျီတွင်းနှင့်လည်း တူလှ၏၊ ဆူးတော လက်ပံတောနှင့်တူ၍ သကဏ္ဋကလည်းမည်၏ လမ်းမှန်တရားမဟုတ်၍ ကုမဂ္ဂ၊ ဥမ္မဂ္ဂ မည်၏၊ ဒုက္ခကိုဖြစ်စေတတ်၍၊ ဒုဟိတိကမည်၏၊ မသူတော်တရားဖြစ်၍ အသပ္ပုရိသသေဝိတ၊ တပ်နှစ်သက်တတ်၍ ရဇနိယ၊ လိုချင်တတ်၍ ကမနိယ၊ မူးယစ်စေတတ်၍ မဒနိယ၊ တွေဝေတတ်၍ မုစ္ဆနီယ၊ နှောင်ဖွဲ့တတ်၍ ဗန္ဓနိယ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းတတ်၍ မညနာ၊ ကိလေသာမာရ်ဖွဲ့တတ်၍ ဗဒ္ဓ၊ ကိလေသာတို့ဖြင့် တုန်လှုပ်စေတတ်၍ ဣဉ္ဇန၊ ကိလေသာအားရှိ၍ ဗလ၊ ကိလေသာတည်းဟူသော ကြောင့်ကြခြင်းရှိ၍ သကိဉ္စနလည်း မည်၏။

ဤရူပါရုံစသော တရားတို့သည် ခန္ဓာကိုယ်ကို ပင်ပန်းစေတတ်၍ အတ္တကိလမထလည်း မည်၏။

ထို့ကြောင့် သတိပဋ္ဌာန်တရားများကို ပွားများအပ်၏၊ ၎င်းတရားတို့သည် တဏှာကင်း၍ အနတ္တ၊ အာသဝေါတရားကင်း၍ အနာသဝ၊ ရေမတ္တသစ္စာ ဖြစ်၍ သစ္စ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်ကို ရောက်မစေတတ်၍ ပါရ၊ သိမ်မွေ့၍ နိပုဏ၊ မြင်နိုင်ခဲ၍ သုဒုဒ္ဒသ၊ ဇရာစသည်ပရှိ၍ အဇဇ္ဇရ၊ မြဲ၍ ဓုဝ၊ ပျက်စီးခြင်းကင်း၍ အပလောကိတံ၊ စက္ခုဝိညာဏ်စသည်ဖြင့် မမြင်အပ်၍ အနိဒဿန၊ တဏှာမာန ဒိဋ္ဌိတည်းဟူသော သံသရာကို ချဲ့ထွင်တတ်သော တရားကင်း၍ နိပ္ပပဥ္စ၊ ငြိမ်သက်

၍ သန္တ၊ သေခြင်းမရှိ၍ အမတ၊ မွန်မြတ်၍ ပဏီတ၊ ကြက်သရေရှိ၍ သိဝ၊ ဘေးကင်း၍ ခေမ၊ တဏှာကုန်၍ တဏှက္ခယ၊ အံ့ဖွယ်ရှိ၍ အစ္ဆရိယ၊ မဖြစ်တတ်၍ အဗ္ဘုတ၊ ဒုက္ခကင်း၍ အနီတိက၊ တဏှာကင်း၍ နိဗ္ဗာန၊ ကြောင့်ကြခြင်းကင်း၍ အဗျာပဇ္ဈ၊ ရာဂကင်း၍ ဝိရာဂ၊ ကိလေသာစင်ကြယ်၍ သုဒ္ဓိ၊ ဘဝသုံးပါးမှလွတ်တတ်၍ မုတ္တိ၊ ကာမဂုဏ်အာလယကင်း၍ အနာလယ၊ တည်ရာဖြစ်၍ ဒီပ၊ ပုန်းအောင်းရာဖြစ်၍ လေဏ၊ လဲလျောင်းရာ ဖြစ်၍ တာဏ၊ ကိုးကွယ်ရာဖြစ်၍ သရဏ၊ တပါးသော တည်ရာဖြစ်၍ ပရာယဏ မည်၏။

နဂရံ ယထာ ပစ္စန္တံ၊ ဂုတ္တံ သန္တရ ဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊ ခဏော ဝေ မာ ဉပဇ္ဈဂါ။

ပစ္စန္တံ၊တိုင်းပြည်၏ အချက်အချာမကျ တိုင်းပြည်တကာနှင့်နီးစပ်ပြီး နယ်စပ် နယ်ခြားနားမှာ ရောက်နေသော။ နဂရံ၊ ကုန်းလမ်း ရေလမ်း ကောင်းကင်လမ်းပင် လက်နက်များ တပ်ဆင်လျက် ရန်သူများလာက ခုခံကာကွယ်ရန် တည်ဆောက်ထားသော မြို့သည်။ သန္တရဗာဟိရံ၊ မြို့တွင်းမြို့ပ မနီးမဝေး ဘေးပတ်လည်၊ ဂုတ္တံယထာ၊ရန်သူတိုင်းပြည်တို့မှ လာ၍ တိုက်ခိုက်ငြားသော်လည်း ထိးကျိုးစည်ပေါက် အုပ်ချုပ်ခြင်းမရှိ လုံခြုံဘိသကဲ့သို့။ ဧဝံ၊ အများတကာ နားလည့်ဘို့အတွက် အတုယူရန်ဉပမာပေးချက်အဘူ။ အတ္တာနံ၊ ခေတ်ကြီးလေးပါး စုပေါင်းထားသည့် သတ္တခေါ်ဆို လူတိုင်းလူတိုင်းတို့၏ မိမိခန္ဓာကိုယ်ကို။ ဂေါပေထ၊ နိုင်ငံတကာ ရန်သူများလက်နက်ထက် ကြောက်မက်ဖွယ် ကောင်းသည့် အပါယ်လေးပါးသို့ ရောက်စေကြောင်းဖြစ်သဖြင့် လောကီအာရုံ ကာမဂုဏ်သဘော လောဘစသား နယ်ခြားတပ်သားတို့ ဝင်ရောက်မဖျက်ဆီးရအောင် သမ္မသနစသော လက်နက်ကောင်းများ စွဲကိုင်ထားကာ ခံခုကာကွယ် လုံခြုံကြစေကုန်လော့။ ဝေ၊ ကုသိုလ်လက်နက် တပ်ဆင်ချက်များ စုံလင်ငြားက စင်စစ်အားဖြင့်။ ခဏော၊ ဘုရားရှင်တို့ပွင့်ရာ ဉာဏ်ခေတ်ဉာဏ်ကာလ ဉာဏ်ဒေသတည်းဟူသော အခွင့်ကောင်း အခါကောင်း

ကို။ မာဉပဏ္ဍုဂါ၊ ပတ္တမြားငမောက် တွင်း ထွက် ကျောက် ကို တွေ့ပါ လျက် ဖွဲနုကိုသာစား၍ သွားသော တောကြက်ကဲ့ သို့ အကျိုးမရှိပဲ မလွန်စေသင့်သည်သာတည်း။

တရက်နှစ်ဆယ့်လေးနာရီတွင် တရားအားထုတ်၍ မရသော အချိန် နာရီမရှိ သမ္ဗုဇ္ဈပဗ္ဗ၌ ဉစ္စာရပဿာဝကမ္မေ စသည် ဘုရားရှင်ဟောတော် မူသည်ကို သတိပြုအပ်၏။

ထေရိကာ ဘိက္ခုနီမသည် ထမင်းချက်နေစဉ် အနာဂါမ် ဖြစ်သည်။

အရှင်အာနန္ဒာသည် ပထမသင်္ဂါယနာတင်ခါနီး အားထုတ်ရာ ဥရှိ ပုတ်လေးပါးမှလွတ်၍ ခေါင်း အုံး သို့ ခေါင်းချကာနီး ရဟန္တာ ဖြစ် သည်။

နည်းတူ အောက်ပါ ဉဂ္ဂသေနသဋ္ဌေးသားကိုလည်း ရှု။

ဤသတ္တဝါတို့၏ ခန္ဓာကိုယ်တည်းဟူသော ရေကန် ရေအိုင်ကြီးသည် လည်း ဆံပင်အမွေးစသောငါး၊လောကီအာရုံ ကာမဂုဏ်တည်းဟူသော ကြာ၊ လောဘစသော ကိလေသာတည်းဟူသော လူ-စသည့်သတ္တဝါ များ ပျက်စီးရ၏။ ကံဘောင်ကြီး ပျက်သကဲ့သို့ ဤခန္ဓာကိုယ်ကြီးသည် ဉပါဒ်ဋ္ဌီဘင်အားဖြင့် ပျက်ရ၏။

တနည်းအားဖြင့် ဇာတ်တော်နိပါတ်တော်များမှာ ဘီလူးမဖန်ဆင်း သော ဉယျာဉ်သစ်ပင် သစ်သီး ပန်းမာလ်များကို တကယ်အဟုတ်ထင်၍ အသိဉာဏ်ကင်းမဲ့ကာ စားသုံးကြ၍ လူပေါင်းများစွာတို့သည် ပျက်စီး ရသကဲ့သို့ လောကတည်းဟူသော ဉယျာဉ်ကြီးထဲမှာ ရှုပါရုံစသော သစ် သီး ပန်းမာလ်ပေါ်လှသည်၊ ထိုသစ်သီးစသည်ကို တကယ်အသိဉာဏ် မရှိပဲ မှီဝဲသုံးဆောင်ကြသော ပုထုဇဉ် သတ္တဝါများသည် အပါယ်ငရဲ စသော ဘီလူးမင်းအစားကို ခံကြရသည်နှင့် တူပေ၏။

ထို့ကြောင့် ဘီလူးမဖန်ဆင်းထားသော ဉယျာဉ်မှလွတ်မြောက်ကြ စေကုန်သတည်း။

## ဥဂ္ဂသေနသဌေးသား

သမထဝိပဿနာစသော တရားများကို မကြိုးစား အားမထုတ်၍ လောကီအာရုံ ကာမဂုဏ်များဘေးရန်ကြောင့် သံသရာမှာ ဒုက္ခများပုံ၊ ထို့နောက် သတိသမ္ဗောဇ္ဈင် ရှိလာသောအခါ၌ကား သံသရာကလွတ်ပုံများကို ထင်ရှားသိသာအောင် ဥဂ္ဂသေန သဌေးသား အကြောင်းကို ထုတ်ဆောင်ပြပေအံ့။

ဂေါတမ ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ငါးရာသော ဇာတ်သမားတို့သည် နှစ်တိုင်း နှစ်တိုင်း ခြောက်လတကြိမ် ရာဇဂြိုဟ်ပြည်သို့ ရောက်လာကြ၍ မင်းရင်ပြင်မှာ ခုနစ်ရက်တိုင်တိုင် ပွဲကပြကြရသည်၊ သူတို့သည်များစွာသော ဆုလာဘ်ရကြ၏။ လူများစွာတို့ကောင်းချီးပေးကြ၏။ တယောက်ထက် တယောက် အလုအယက် ခုတင်ပေါ်မှာ ခုတင်ဆင့်ကာ ဆင့်ကာ ကြည့်ရှုကြသည်။

ထိုပွဲမှာ တယောက်သော ကချေသည်မသည် ဝါးလုံးကိုထောင်၍ ထိုဝါးလုံးပေါ်မှာ စကြာလျှောက်ပြ၍ ကခြင်းသီခြင်းကို ပြုသည်။

ထိုခဏ၌ ပညာမသင် သောက်စားမူးယစ်နေသော ဥဂ္ဂသေနသဌေးသားသည် ခုတင်ပေါ်မှာ ခုတင်ဆင့်၍ ကြည့်နေစဉ် ထိုကချေသည်မ၏ လက်ဟန်ခြေဟန် မျက်နှာ နှုတ်ခမ်းမျက်စိ ခန္ဓာကိုယ်တို့၏ မြှောက်ခြင်းချီခြင်းကိုကြည့်၍ ဥဂ္ဂသေန သဌေးသား၏ မျက်စိတည်းဟူသော စက္ခုပသာဒရုပ်နှင့် ကချေသည်မ၏ ကိုယ်အမူအရာ တည်းဟူသော ရူပါရုံ၊ ထိုနှစ်ခုတို့ ပေါင်းဆုံသဖြင့် မီးခြစ်ခြစ်သောမီးတောက်ပမာ အကြောင်းအာရုံ တိုက်ဆိုင်လာ၍ ဥဂ္ဂသေနသဌေးသား၏ စက္ခုဝိညာဏ်စိတ် တရားတို့ကြောင့် အာရုံကိုတွေ့ထိခြင်း ဖဿ၊ ခံစားခြင်း ဝေဒနာ၊ လိုချင်ခြင်း တဏှာ၊ စွဲလမ်းခြင်း ဥပါဒါန် စသော သံသရာစက်ရဟတ်ကြီး လည်တော့၏။

နည်းတူ သောတပသာဒရုပ် နား၊ အသံတည်းဟူသော သဒ္ဒ၊ သောတဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန် စသော ချားရဟတ်ကြီး လည်တော့၏။

သစ်ရွက်ခြောက်ပေါ်မှာ မီးကျသကဲ့သို့ လည်းကောင်း၊ ယမ်းပုံပေါ်မှာ မီးကျသကဲ့သို့လည်းကောင်း။ ဟုံးခနဲတဏှာဖြစ်ခါ ကချေသည်မကို လိုချင်ကြောင်းကို မိဘတို့အား သွားရောက်ပြောသည်။ ၎င်းမင်းသမီးကိုမရက သေမှာဘဲဟု မိဘတို့ကိုဆန္ဒပြသည်၊ အကြပ်ကိုင်လာ၏။ ကြိုက်မရှက်တော့ပေ လောဘမှောင်ကြီးကား ကြီးကျယ်လှပေ၏တကား။ ၎င်းသဌေးသားကား ၎င်းကချေသည်မကို မရ၍ ထမင်းပင်မစားပဲနေ၏၊ အိပ်ရာမှာ ပက်လက်လန်နေလေပြီ။

မိဘတို့က ချစ်သား ငါတို့မှာပစ္စည်းဥစ္စာ ပေါများပါ၏။ ဤကချေသည်မထက် အဆင့်အတန်းမြင့်သော အမျိုးသမီးတယောက်ကို တောင်းပေးနိုင်၏ဟု ပြောသော်လည်း သားကား မိဘတို့၏စကားကို နားမထောင်ပဲ ဤကခြေသည်မကိုသာလျှင် လိုချင်၏။ တခြားသော မိန်းကလေးကို မလိုချင်ဟုပြောသဖြင့် မိဘတို့သည် သား၏ သေဘေးမှကြောက်၍ သား၏ မိတ်ဆွေတယောက်အား ထိုမိန်းမအတွက် ငွေတထောင်သွား၍ပေးပါ၊ ငါတို့နှင့်အတူ လာနေပါဟုလည်းမှာ၏။

သာ သည် မိဘတို့၏စကားကိုပင် ဆုံးအောင်နားမထောင်ပဲ၊ ငွေတထောင်ကိုယူကာ မင်းသမီးနောက်သို့ လိုက်သွားလေ၏။

ထိုလင်မယားတို့သည် မြို့တကာ ရွာတကာ လှည့်ပတ်၍ ကပြစဉ် ကလေးတယောက် မွေးဖွားသည်၊ ကလေးသည် အတန်ငယ်ကြီးရင့်လာသောအခါ ကချေသည်မသည် ငါကားသဌေးသားဆိုပြီး မှီခိုရမလားဟု ယူထားသည်၊ ယခုကား ငါ၏လုပ်စာကိုသာ စားသည်၊ လှည်းစောင့်ဖို့ပဲရ၏၊ ခလေးကိုပင် ကောင်းကောင်းမထိန်းတတ် စသည်ဖြင့် မိန်းမတို့၏သဘာဝ စားရကလင်၊ မစားရကနင်–သဘော ပြောလာလေပြီ။

တနေ့သောအခါ ကျယ်လောင် ကျယ်လောင် ရန်ဖြစ်လာကြ၏။ နောက်သဌေးသား ခွဲသွားလေသည်။

ဥဂ္ဂသေန သဌေးသားလည်း ဝမ်းရေးအရေးကြီး၍ ယောက္ခမထံမှ ပညာသင်ခါ တိုင်းပြည်ကို လှည့်လည်ကပြရလေသည်။

နောက်ရာဇဂြိုဟ်ပြည်သို့ရောက်လာ၍ ဤနေ့မှခုနစ်ရက်မြောက်လျှင် ဥဂ္ဂသေန သဌေးသား ပွဲကပြလိမ့်မည်ဟု မြို့ကိုကြေညာသည်၊ ခုနစ်ရက်မြောက်၌ ခုတင်ပေါ်မှာ ခုတင်ဆင့်ကာ သူ့ထက်ငါ အခကြေးငွေ ပေး၍ လာကြည့်ကြသည်။ လူထုကား ကြောက်ခမန်းလိလိဖြစ်၏။

ထိုနေ့ မိုးသောက်ယံကာလ၌လည်း အစိန္တေယျသခင် ဘုရားရှင်သည် ယနေ့ ဥဂ္ဂသေန သဌေးသားသည် အတောင် ခြောက်ဆယ် ရှိ ဝါးလုံးပေါ်မှာ ဂျွမ်းဘားကစားပြမည် ငါသည် လေးပါဒတပါထဲကို တရားဟောရပါ မူကား ရှစ်သောင်းလေးထောင်သော ပရိသတ်များ တရားကိုထိုးထွင်း၍ သိကြမည်၊ ဥဂ္ဂသေန သဌေးသားလည်း ရဟန္တာဖြစ်မည်ဟု မြင်တော်မူသည်။

ထို့ကြောင့် နံနက်စောစော ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံ လျက် ဆွမ်းခံကြွတော်မူစဉ်ပင်လျှင် ဥဂ္ဂသေန သဌေးသားသည် လူတို့ သြဘာပေးအောင် အတောင် ခြောက်ဆယ်မြင့်သောဝါးကို ခုနစ်ကြိမ် ဂျွမ်းပစ်ပြီး တက်လေသည်။

ဘုရားရှင်ကြွလာတော်မူရာ လူများတို့သည် ဥဂ္ဂသေန သဌေးသား ဂျွမ်းသမားအား ဘယ်သူမှ မကြည့်ကြ ပဲ ဘုရားရှင်အားသာလျှင် ကြည့်နေကြသဖြင့် ဥဂ္ဂသေနဂျွမ်းသမားကား ငါသည် တနှစ်ပတ်လုံး သင်ပြီး ကနေသည်ကို ဘယ်သူမှ မကြည့်ကြ၊ ဘုရားရှင်အားသာလျှင် ကြည့်နေကြပါတကားဟု စိတ်ပျက်ခါ နေလေ၏။

ထိုသူ၏စိတ်ကို ဘုရားရှင်ကသိ၍အရှင်မောဂ္ဂလာန်အား ၎င်းသဌေး သားသို့ ကပြစေရန် သွားပြောစေရာ အရှင်မောဂ္ဂလာန်လာ၍ ပြော

သဖြင့် ဥဂ္ဂသေနက ဘုရားရှင်သည်ပင်လျှင် ငါ၏ကခြင်းကို ကြည့်ချင်ပေသည်ဟု ဝမ်းမြောက်ကာ ကပါမည်ဘုရားဟု လျှောက်၏။

ထိုဥဂ္ဂသေန သဌေးသားက တဆယ့်လေးကြိမ် အတောင်ခြောက်ဆယ်မြောက် ဝါးလုံးတန်းပေါ်မှာ ဂျွမ်းထိုးပြသည်၊ ထိုအခါဘုရားရှင်က ဥဂ္ဂသေန သဌေးသား၏ ပညာရှိတို့သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ခန္ဓာတို့၌ လောဘ တဏှာကိုပယ်၍ ဇာတိဒုက္ခစသည်မှလွတ်သင့်ပါ၏ ဟု ဟောတော်၏။

မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော၊ မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ။
သဗ္ဗတ္ထ ဝိမုတ္တမာနသော၊ န ပုန ဇာတိဇရံ ဥပေဟိသိ။
(ဓမ္မပဒပါဠိတော်)

ပုရေ၊ မိမိသူဟပါး ရုပ်နာမ် တရားတည်းဟူသော အတိတ်ဘဝကို။ မုဉ္စ၊ အာသာတဏှာ ကင်းပသောအားဖြင့် သံယောဇဉ် ဖြတ်ပါလော့။ ပစ္ဆတော၊ မိမိသူတပါး ရုပ်နာမ် တရားတည်းဟူသော အနာဂတ်ကာလကို။ မုဉ္စ အာသာတဏှာ ကင်းပသောအားဖြင့် သံယောဇဉ်ဖြတ်ပါလော့။ ဘဝဿ၊ ဇာတိဒုက္ခ များလှသောင်းသောင်း ဆင်းရဲအပေါင်း၏။ ပါရဂူ၊ သံသရာရေယဉ်ကြောမှ ကူးမြောက်ပြီးသောသူ မည်၏။ သဗ္ဗတ္ထ၊ အလုံးစုံသော ဒုက္ခသစ္စာ ရုပ်နာမ်နှစ်ဖြာ၌။ ဝိမုတ္တမာနသော၊ မဂ်သန်လျက် အသွားထက်ထက်ဖြင့် ဖြတ်ပြီးသောစိတ် ရှိပေ၏။ ပုန၊ နောက်ထပ်တဖန်။ ဇာတိဇရံ၊ ပဋိသန္ဓေနေခြင်း အိုခြင်းစသော သံသရာဝဲဂရက်သို့။ နဥပေဟိသိ၊ အကြောင်းပြတ်၍ အကျိုးရပ်ကာ မကပ်လာရတော့သည်သာတည်း။

ထိုအခါ ရှစ်သောင်းလေးထောင်သော ပရိသတ်များ တရားထူးကို ထိုးထွင်း၍ သိကြလေပြီ၊ ဥဂ္ဂသေန သဌေးသားလည်း ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ကာ ၎င်း ဝါး လုံး တန်း ပေါ် မှ ဆင်းလာ၍ ဘုရားရှင်အား ရှိခိုးပြီး ရဟန်းအဖြစ်ကို တောင်းပန်လေသည်။

ဘုရားရှင်သည် ဥဂ္ဂသေန သဌေးသားအား ဟောဘိက္ခုခေါ်တော်မူ၍ လူ၏အသွင် အပြင် အမူအရာပျောက်ကာ ပရိက္ခရာ ရှစ်ပါးစုံလင်စွာနှင့် ဝါတော်ခြောက်ဆယ်ရ မထေရ်ကဲ့သို့ ဖြစ်လေသည်။

တချို့ပုဂ္ဂိုလ်များက သင် သည် အတောင်ခြောက်ဆယ်ရှိ ဝါးတန်းပေါ်မှာနေစဉ်က မကြောက်ဘူးလားဟု မေးကြရာ မကြောက်ပါဟု ပြော၍ သင်သည် မိမိမှာ မရှိသေးသော အရဟတ္တဖိုလ်ကို ပြောကြားသည်ဟု စွပ်စွဲကြ၏၊ ဘုရားရှင်က သူကား သံယောဇဉ် ကုန်နေပြီဖြစ်၍ မကြောက်တော့ပေဟု ဟော တော် မူ သ ဖြင့် များစွာသော ပရိသတ်တရားထူးရကြသည်။

သဗ္ဗ သံယောဇနံ ဆေတွာ၊ ယော ဝေ နပရိတဿတိ။
သံဂါတိဂံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(ဓမ္မပဒပါဠိတော်)

သဗ္ဗသံယောဇနံ၊ ကာမရာဂ သံယောဇဉ်စသည်ဖြင့် အလုံးစုံသောအနှောင်အဖွဲ့တရားကို။ ဆေတွာ၊ ဝိပဿနာလက်နက် မဂ်သံလျက်ဖြင့် ပယ်ဖျက်ပြီးသောကြောင့်။ ယော၊ ကိလေသာကင်းစင် အကြင်သူသည်။ ဝေ၊ စင်စစ်။ နပရိတဿတိ၊ လိုချင်ကြောက်ဖွယ် အသွယ်သွယ်ကြောင့် တုန်လှုပ်ခြင်းမရှိ။ သံဂါတိဂံ၊ လောကီအာရုံ ကာမဂုဏ်၌ တပ်နှစ်သက်ခြင်းကို လွန်မြောက်ပြီးသော။ ဝိသံယုတ္တံ၊ လောဘတဏှာ ဓမ္မတာတည်းဟူသော လိုချင်ခြင်းကင်းသော။ တံ၊ ကိလေသာကင်းဘိ ထိုသည့်သူကို။ အဟံ၊ အလုံးစုံသောတရားကို ထင်ရှားသိမြင် ငါဘုရားရှင်သည်။ ဗြာဟ္မဏံ၊ မကောင်းမှုမှ အပပြုပြီး ရဟန္တာ ပုဂ္ဂိုလ်ကြီးဟူ၍။ ဗြူမိ၊ အလုံးစုံသော ပုဂ္ဂိုလ်တို့၏ သံ သ ရာ မှ ထွက်မြောက်ရေးအတွက် မုချမသွေ ဟောတော်မူပေသတည်း။

ထိုနောက် များစွာသော ရဟန်းတို့သည် ဤဥဂ္ဂသေန သဌေးသားကား ရဟန္တာဖြစ်ခါနီး ဘဝ၌ပင်လျှင် ကချေသည်မနှင့် သွားလာနေပါလျက် အဘယ်ကြောင့် ရဟန္တာဖြစ်နိုင်သနည်း စသည်ဖြင့် စကားများ

ဖြစ်ပေါ်လာ၍ ဘုရားရှင်သည် သူတို့၏အတိတ်ကို ဆောင်တော်မူရ လေသည်။

ကဿပဘုရားရှင် လက်ထက်က စေတီတည်ရာသို့ စားဖွယ်သောက် ဖွယ်များထည့်ကာ လုပ်အားပေးဖို့သွားကြ၏။ ထိုအခါ ရဟန်းတပါး ဆွမ်းခံကြွနေသည်ကိုမြင်၍ ဆွမ်းလောင်းပြီး သူတို့လင်မယားနှစ်ယောက် တို့သည် အရှင်ဘုရားတို့ သိအပ်သောတရားတော်ကို တပည့်တော်တို့ လည်း သိပါရစေဟု ဆုတောင်းကြ၏။

ရဟန္တာဖြစ်သော ၎င်းရဟန်းက သူတို့၏ဆုတောင်း ပြည့်မပြည့်ကို မြင်၍ ပြုံးခါသွား၏၊ ထိုအခါယောကျ်ားကို မယားက ဤရဟန်းကား ကချေသည်နှင့်တူပါရဲ့ဟုပြော၏၊ လင်ကလဲဟုတ်မှာဘဲဟူသော ရဟန္တာ အရိယာကို ပြစ်မှားဖူးသည့် ဝစီကံဝိပါက်ကြောင့် ရဟန္တာဖြစ်မည့် ဘဝ၌ ကချေသည်ဖြစ်ရသည်။

ဆွမ်းအလှူဒါနစသည်ကြောင့် ရဟန္တာဖြစ်ရသည်ဟု ဟောတော်မူ လေသည်။ ထို့နောက် ကချေသည်မလည်း ရဟန်းပြု၍ ရဟန္တာမ ဖြစ် လေသည်။

ထို့ကြောင့်ပညာတည်းဟူသော ဆိမီးကို ရှာကြကုန်ရာသတည်း။

ကိန္နုဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ နဂဝေသထ။

(ဓမ္မပဒပါဠိတော်)

နိစ္စံ၊ နေ့မလပ် ညမလပ် နာရီ မိနစ် စက္ကန့်မလပ် အခါခပ်သိမ်း အထပ်ထပ်၌။ ပဇ္ဇလိတေသတိ၊ လောဘစသား မီးများမှာမူ အစမထင် ဘဝသံသရာ အဆက်ဆက်ကပင် အဟုံးဟုံး တပြောင်ပြောင် တောက် လောင်သည် ဖြစ်ပါလျက်။ ကိန္နုဟာသော၊ ပျော်သင့် မပျော်သင့်ကို လေးလေးနက်နက် မစဉ်းစားပဲ ဘယ်တရားကို မြော်မြင်၍ ပျော်ရွှင်နေ ပါသနည်း။ ကိမာနန္ဒော၊ ပစ္စည်းရောလူပါ အနိစ္စသာ ဒုက္ခသာ အနတ္တ သာတည်းဟု သတိမထားမိပဲ ဘယ်ဟာကို တွေးသိ၍ မရှက် မကြောက်

နှစ်သက် ဝမ်းမြောက် နေဘိသနည်း။ အန္ဓကာရေန၊ သံသရာ ရေယဉ် ကြောမှ မလွတ်နိုင်သည့် အဝိဇ္ဇာမှောင်ကြီး ပိတ်ခါဆီးခြင်းဖြင့်။ ဩနဒ္ဓါ၊ ကုသိုလ်ကိုမမြင် အကုသိုလ်ကိုလည်း မထင်၊ အရပ်ဆယ်မျက်နှာ အပြင်၌ စကျွန်နှစ်ကွင်း အလင်းမရသူ ပမာ မြေးယှက် ပိတ်ကာအပ်သည် ဖြစ်ပါကုန်လျက်။ ပဒီပံ၊ ရေဉ်ရေးသော်စာ ပွတ်ဆောက်ဖျား၌ တင်ထားအပ်သော မုံညင်းစေ့ပမာ ခဏတ္တယမျှသာ တည်သည်ဟု မှီခိုရာ အလင်းရောင်တည်းဟူသော ဝိပဿနာပညာကို။ နဂဝေသထ၊ ဒမြသေမင်း သူ့တပ်နင်းက မငြင်းဆန်သာ သင့်ခန္ဓာသည်ပြာပုံအပြီး ဖြစ်လုနီးသဖြင့် ယီးတီး ယားတားနှင့် အဘယ်ကြောင့်မရှာမှီးပဲ နေကြပါကုန်သနည်း။

## (သ) ဗောဇ္ဈင်အကြောင်း သိကောင်းစရာ

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ အသန္တံဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ၊ ယထာစ အနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာစ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

(မဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၄၁)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ ဓမ္မေသု၊ တရားတို့၌။ သတ္တသု၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင်တရားတို့၌။ ဓမ္မာနုပဿီ၊ တရားကို အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စပန၊ အသို့သာလျှင်၊

ဘိက္ခု၊ ရဟန်းသည်။ ဓမ္မေသု၊ တရားတို့၌။ သတ္တသု၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင်တို့၌။ ဓမ္မာနုပဿီ၊ တရားကိုအဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သန္တံဝါ၊ ထင်ရှားရှိသည်လည်းဖြစ်သော။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ့အား။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အသန္တံဝါ၊ ထင်ရှားမရှိသည်လည်းဖြစ်သော။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊သတိသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ့အား။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ယထာစ၊ အကြင် အခြင်းအရာ ဖြင့်လည်း။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုဖြစ်ခြင်းကိုလည်း။ ပဇာနာတိ၊ သိ၏။ ယထာစ၊ အကြင်အခြင်းအရာဖြင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္ဗောဇ္ဈင်၏။ ဘာဝနာယ၊ ပွားခြင်းငှာ။ ပါရိပူရီ၊ ပြည့်စုံလုံလောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုပြည့်စုံခြင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

နောက်ဗောဇ္ဈင်တို့ကိုလည်း ဤနည်းအတူ သိအပ်၏။

ဗောဇ္ဈင်တရားတို့သည်–

သတိသမ္ဗောဇ္ဈင် (သတိ)

ဓမ္မဝိစယသမ္ဗောဇ္ဈင် (ပညာ)

ဝီရိယသမ္ဗောဇ္ဈင် (ဝီရိယ)

ပီတိသမ္ဗောဇ္ဈင် (ပီတိ)

ပဿဒ္ဓိသမ္ဗောဇ္ဈင် (ပဿဒ္ဓိ)

သမာဓိသမ္ဗောဇ္ဈင် (သမာဓိ)
ဥပေက္ခာသမ္ဗောဇ္ဈင် (တတြမဇ္ဈတ္တတာ) ဟူ၍ ခုနစ်ပါးရှိ၏။

သရဏဋ္ဌေနသတိ-

သရဏဋ္ဌေန၊ အောက်မေ့တတ်သော အနက်ကြောင့်။ သတိ၊ သတိမည်၏။

သာပနေသာ ဥပဋ္ဌာနလက္ခဏာ၊ အပိလာပန လက္ခဏာဝါ။

သာပနေသာ၊ ထိုသတိသည်။ ဥပဋ္ဌာနလက္ခဏာ၊ ထင်ခြင်းလက္ခဏာရှိ၏။ ဝါ၊ ကနည်းကား။ အပိလာပနလက္ခဏာ၊ ပြောဟောခြင်း လက္ခဏာရှိ၏။

မင်း၏ ဘဏ္ဍာစိုးသည် မင်းအား ဤကားရွှေ၊ ဤကားငွေ၊ ဤကား ဥစ္စာနှစ် စသည်ပြောဟောသကဲ့သို့ မင်းကြီး၏ ဤအတူ သတိဖြစ်သည် ရှိသော် ကုသိုလ်၊ အကုသိုလ်၊ အပြစ်ရှိ၊ မရှိ၊ အယုတ်အမြတ်၊ အမည်းအဖြူ သဘောတူသော တရားတို့ကို ပြောပြစေ၏။ ဤကား သတိပဋ္ဌာန် လေးပါးတည်း စသည်ဖြင့်ပြောပြစေ၏။

အပိလာပနရသာ ပြောဟောခြင်းကိစ္စ ရှိ၏။

အသမ္မောသရသာဝါ-မတွေဝေခြင်းကိစ္စ ရှိ၏။

ဂေါစရာဘိ မုခီဘာဝ ပစ္စုပ္ပဋ္ဌာနာ-ကျက်စားရာသို့ ရှေးရှုခြင်းလျှင် ထင်ခြင်းရှိ၏။

ဗောဓိယာ ဗောဓိဿ ဝါ အင်္ဂါတိ ဗောဇ္ဈင်္ဂေါ။

ဗောဓိယာ၊ လောကီ လောကုတ္တရာမဂ်ခဏာ၌။ ဝါ၊ တနည်းကား။ ဗောဓိဿ၊ လောကီ လောကုတ္တရာမဂ်ခဏာ၏။ အင်္ဂေါ၊ အကြောင်းအင်္ဂါ အစိတ်အပိုင်းတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗောဇ္ဈင်္ဂေါ၊ ဗောဇ္ဈင်္ဂ်မည်၏။

ဤ သတိသမ္ဗောဇ္ဈင် စသော တရား အပေါင်းသည် လောကီ လောကုတ္တရာ မဂ်ခဏာ၌ ဖြစ်သည် ရှိသော် တွန့်တိုခြင်း ပျံ့လွင့်ခြင်း၏

တည်ရာ အားမထုတ်ခြင်း ကာမဂုဏ်ကို ခံစားခြင်း ကိုယ်၏ပင်ပန်းခြင်း အကျင့်ကို အားထုတ်ခြင်း ဥစ္ဆေဒဝါဒ သဿတ ဝါဒ စသည်တို့ကို မှားသော အားဖြင့် နှလုံးသွင်းခြင်း အစရှိ ကုန်သော ဘေးရန်တို့၏ ဆန့်ကျင်ဘက်၏ အဖြစ်ဖြင့် သိတတ်သောကြောင့် ဗောဓိ။

ထိုတရားအပေါင်းကို သိခြင်း၏ အစိတ်အပိုင်း အကြောင်း အင်္ဂါ ဖြစ်၍ ဗောဇ္ဈင် ခေါ်သည်။

သော ပဝိစယလက္ခဏော။

သော၊ ထို ဓမ္မဝိစယ သမ္ဗောဇ္ဈင်သည်။ ပဝိစယ လက္ခဏော၊ ပွား ခြင်းလက္ခဏာရှိ၏။

ဩဘာသန ရသော၊ ထွန်းလင်းခြင်း ကိစ္စရှိ၏။

အသမ္မောဟပစ္စုပ္ပဋ္ဌာနော၊ မတွေမဝေခြင်းလျှင် ထင်ခြင်းရှိ၏။

တံ ပဂ္ဂဟလက္ခဏံ။ တံ၊ ထိုဝီရိယသည်။ ပဂ္ဂဟလက္ခဏံ၊ ချီးမြှောက် ခြင်းလက္ခဏာ ရှိ၏။

ဥပတ္ထမ္ဘန ရသံ၊ ထောက်ပံ့ခြင်း ကိစ္စရှိ၏။

အနောသီဒန ပစ္စုပ္ပဋ္ဌာနံ၊ မဆုတ်နစ်ခြင်းလျှင် ထင်ခြင်းရှိ၏။

သာ ဖရဏလက္ခဏာ၊ တုဋ္ဌိလက္ခဏာဝါ။

သာ၊ ထိုပီတိသည်။ ဖရဏလက္ခဏာ၊ ပျံ့နှံ့ခြင်း လက္ခဏာရှိ၏။ တုဋ္ဌိ လက္ခဏာဝါ၊ နှစ်သက်ခြင်း လက္ခဏာလည်းရှိ၏။

ကာယစိတ္တာနံ ပီဏနရသာ။ ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့၏။ ပီဏန ရသာ၊ နှစ်သက်ခြင်းကိစ္စရှိ၏။

နေသံယေဝ ဩဒဂျပစ္စုပဋ္ဌာနာ။ နေသံယေဝ၊ ထိုပီတိတို့၏သာလျှင်။ ဩဒဂျပစ္စုပဋ္ဌာနာ၊ ဝမ်းမြောက်ခြင်းလျှင် ထင်ခြင်းရှိ၏။

သာ ဥပသမလက္ခဏာ။

သာ၊ ထိုပဿဒ္ဓိသည်။ ဥပသမလက္ခဏာ၊ ငြိမ်းအေးခြင်းလက္ခဏာ ရှိ၏။

ကာယစိတ္တ ဒရထ မဒ္ဒနရသာ– ကိုယ်စိတ်တို့၏ ပူပန်ခြင်းကို နှိပ်နင်းခြင်းကိစ္စရှိ၏။

ကာယစိတ္တာနံ အပရိဖန္ဒန သီတိဘာဝပစ္စုပဋ္ဌာနာ။ ကာယစိတ္တာနံ၊ ကိုယ်စိတ် တို့၏။ အပရိဖန္ဒန သီတိဘာဝ ပစ္စုပဋ္ဌာနာ၊ မတုန်လှုပ်ခြင်း, ငြိမ်းအေးခြင်းလျှင် ထင်ခြင်းရှိ၏။

သော အဝိက္ခေပလက္ခဏော၊ အဝိသာရလက္ခဏော ဝါ။

သော၊ ထိုသမာဓိသည်။ အဝိက္ခေပလက္ခဏော၊ မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ အဝိသာရလက္ခဏောဝါ၊ မရွှေလျောခြင်း လက္ခဏာရှိ၏။

စိတ္တ စေတသိကာနံ သမ္ပိဏ္ဍန ရသော။ စိတ္တစေတသိကာနံ၊ စိတ်, စေတသိက်တို့၏။ သမ္ပိဏ္ဍနရသော၊ ပေါင်းခြင်း ကိစ္စရှိ၏။

စိတ္တဋ္ဌိတိ ပစ္စုပဋ္ဌာနော၊ စိတ်၏တည်ခြင်းလျှင် ထင်ခြင်း ရှိ၏။—

သာ ပဋိသင်္ခါနလက္ခဏာ၊ သမဝါဟိတလက္ခဏာ ဝါ။

သာ၊ ထိုဥပေက္ခာသည်။ ပဋိသင်္ခါန လက္ခဏာ၊ ဆင်ခြင်ခြင်းလျှင် လက္ခဏာရှိ၏။ သမဝါဟိတ လက္ခဏာဝါ၊ အတူတကွ ဖြစ်ခြင်းလျှင် လဏာရှိ၏။

ဦနာဓိက နိဝါရဏရသာ၊ ပက္ခပါတုပစ္ဆေဒန ရသာဝါ။

ဦနာဓိက နိဝါရဏ ရသာ၊ အယုတ် အလွန်ကို တားမြစ်ခြင်း ကိစ္စရှိ၏။ ပက္ခပါတုပစ္ဆေဒန ရသာဝါ၊ ဆန့်ကျင်ဘက်၏ ဖြစ်ပေါ်ခြင်းကို ဖြတ်ခြင်းလျှင် ကိစ္စရှိ၏။

မဇ္ဈတ္တဘာဝ ပစ္စုပဋ္ဌာနာ၊ လျစ်လျူ ရှုသော အဖြစ်လျှင် ထင်ခြင်း ရှိ၏။

## သတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းလေးပါး

(၁) သတိသမ္ပဇည–သတိပညာ ရှိခြင်း။
(၂) မုဋ္ဌသတိပုဂ္ဂလပရိဝဇ္ဇနတာ– သတိမရှိသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်း။

(၃) ဥပဋ္ဌိတသတိပုဂ္ဂလ သေဝနတာ–သတိ ရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း။

(၄) တဒဓိမုတ္တတာ သတိ တရားကို နှလုံးသွင်းခြင်း တို့တည်း။

ရှေးသို့တက်ခြင်း အစရှိသော ခုနစ်ပါးသော အရာဌာနတို့၌ သတိပညာနှင့် ပြည့်စုံခြင်း။

ထမင်းကို ချထားသော ကျီးနှင့်တူသော သတိ မရှိသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်း။

တိဿဒတ္တထေရ်, အဘယထေရ်စသည်တို့ကဲ့သို့ သတိရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း။ ရပ်ခြင်း, ထိုင်ခြင်း စသည်တို့၌ သတိကို ဖြစ်စေခြင်းငှါ ညွတ်သောစိတ်ရှိသည်၏အဖြစ်ဖြင့် သတိသမ္ဗောဇ္ဈင်ဖြစ်သည်။

အစဉ်၌ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း အမှုရှိသောအမျိုးကောင်းသားသည် ဤလေးပါးသော အကြောင်းတို့ဖြင့် သတိသမ္ဗောဇ္ဈင်ကိုဖြစ်စေ၍ ထိုသတိသမ္ဗောဇ္ဈင်ကို အကြီးအမှူး အဦးပြု၍ နှလုံးသွင်းခြင်းကို ဖြစ်စေ၍ အစဉ်သဖြင့် ရဟန္တာ ဖြစ်သည်။ ထိုသူသည် အရဟတ္တမဂ် တိုင်အောင် သတိသမ္ဗောဇ္ဈင်ကို ပွါးသည် မည်၏။ အရဟတ္တဖိုလ်ကို ရသည် ရှိသော် ပွါးပြီးသည်မည်၏။

အင်ကြင်းမြိုင်နေ ဝါတော် ခြောက်ဆယ်ရ မထေရ် တပါးသည် သေခါနီး ညီးညူနေ၏၊ တိဿမင်း ဖူးရန်လာရာ ဤဝါတော် ခြောက်ဆယ်ရ ရဟန်းက ညီးရသလားဟု ပြန်သွားသည်ကို မထေရ်ငယ်တပါး လာပြော၍ သတိဖြင့် ဝေဒနာကို ခွါကာ ရဟန္တာဖြစ်သည်။

### ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းခုနစ်ပါး

(၁) ပရိပုစ္ဆကတာ–မေး စိစစ်ခြင်း။

(၂) ဝတ္ထုဝိသဒကိရိယာ–အတွင်းအပ စင်ကြယ်အောင်ပြုခြင်း။

(၃) ဣန္ဒြိယသမတ္တပဋိပါဒနာ–ဣန္ဒြေမျှအောင်ကျင့်ခြင်း။

(၄) ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ–ပညာမဲ့သူကိုကြဉ်ရှောင်ခြင်း။

(၅) ပညဝန္တပုဂ္ဂလသေဝနာ–ပညာရှိသူကိုမှီဝဲခြင်း။
(၆) ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာ–နက်နဲသောဉာဏ်ရှိအောင် ဆင်ခြင်ခြင်း
(၇) တဒဓိမုတ္တတာ–ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိုနှလုံးသွင်းခြင်းတို့ တည်း။

အတွင်းအပဝတ္ထုတို့၏ 'သန့်ရှင်းခြင်းတို့ကို ပြုရသည်။ အကြင်သူအား လက်သည်းခြေသည်း ခေါင်းမွေးရှည်၏။ ခန္ဓာကိုယ်၌ ချွေးအညစ်အကြေးရှိ၏။ အတွင်းမသန့်ရှင်းက အဝတ်ခန္ဓာကိုယ် အနံ့မကောင်း။ ကျောင်းအိမ် အိပ်ရာနေရာအမှိုက်များ၏၊ ထိုအခါ အပမသန့်ရှင်း၊ ၎င်းတို့ကိုသန့်ရှင်းရသည်၊ အတွင်းအပ မသန့်ရှင်းက စိတ်စေတသိက် ဉာဏ်မသန့်ရှင်း၊ ဆီမီးစာမကောင်းက မီးရောင်မလင်းသည်နှင့် တူ၏။

သဒ္ဓါဣန္ဒြေမျှဖို့လိုသည်၊ သဒ္ဓါအားရှိ၏ ဣန္ဒြေစသည်တို့ အားနည်းကလည်းဝီရိယ၏ ချီးမြှောက်ခြင်းကိစ္စ၊ သတိ၏ထင်ခြင်းကိစ္စ၊ သမာဓိ၏ မပျံ့လွင့်ခြင်းကိစ္စ၊ ပညာ၏မြင်ခြင်းကိစ္စကို မပြုနိုင်၊ ထို့ကြောင့် ထိုတရားတို့ကို ဆင်ခြင်နှလုံးသွင်းသော ပုဂ္ဂိုလ်အားသာ ထိုထိုတရားအားရှိသည်၊ ထို့ကြောင့် အမနသိကာရ မဖြစ်စေဖို့ အရေးကြီး၏၊ (ဝက္ကလိထေရ်ကိုရှုအပ်၏။

အကယ်၍ ဝီရိယအားရှိအံ့၊ သဒ္ဓါသည် ဆုံးဖြတ်ခြင်းကိစ္စကိုမပြုနိုင်၊ တခြားသော တရားတို့ကလည်း တခြားကိစ္စကိုမပြုနိုင်၊ ထိုပုဂ္ဂိုလ်အား ထိုအခါ ပဿဒ္ဓိစသည်ပွားခြင်း ဆုတ်ယုတ်၏။ (သောဏထေရ်ကိုရှု။)

နောက်တရားတို့၌လည်း ဤနည်းအတိုင်းသိအပ်၏။

အထူးအားဖြင့်ကား သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယတို့မျှဖို့လို၏။ သဒ္ဓါအားရှိ၍ ပညာအားနည်းက မကြည်ညိုသင့်သည်၌ ကြည်ညိုသည်၊ ပညာအားရှိ၍ သဒ္ဓါနည်းက ကောက်ကျစ်တတ်သည်၊ ဆေးစားမှားသည်ကို ဆေးကုခက်သည်နှင့်တူ၏။ ဒါနစသည် မပြုသဖြင့် ငရဲရောက်တတ်သည်၊ သဒ္ဓါ ပညာမျှမှသာလျှင် ရတနာသုံးပါး၌ ကြည်ညိုတတ်

သည်၊ သမာဓိအားရှိ၍ ဝီရိအားနည်းက ပျင်းရိတတ်၏။ ဝီရိယအားရှိ၍ သမာဓိအားနည်းက ပျံ့လွင့်တတ်သည်၊နှစ်ပါးမျှတမှုရှိပါမှ စျာန်မဂ်ဖိုလ် ဖြစ်စေတတ်သည်။

သမာဓိအလုပ်လုပ်နေသောသူအား သဒ္ဓါအားရှိဖို့လို၏၊ သဒ္ဓါအား ရှိမှ မဂ်ဖိုလ်ရမည်၊သမာဓိအားရှိက စျာန်ကိုရ၏၊ပညာအားရှိက ရုပ်နာမ် လက္ခဏာကိုသိ၏၊ နှစ်ပါးမျှတမှုရှိမှ စျာန်မဂ်ဖိုလ်ရ၏။

သတိကားနေရာတိုင်း၌ အား ရှိ ဖို့ လို ၏၊ ဆားနှင့်လည်းကောင်း၊ ဘဏ္ဍာစိုးနှင့်လည်းကောင်း တူ၏။ စိတ်မှာ သတိတရားသည်သာလျှင် ကိုးကွယ်ရာတည်း။

ခန္ဓာစသည်တို့၌ မဆင်ခြင်သော ပညာမဲ့သူကို ရှောင်ရသည်။ လက္ခဏာ စသည်တို့၌ သိမ်းဆည်းတတ်သော ဥဒယဗ္ဗယဉာဏ် စသည်တို့၌ လိမ္မာသော ပုဂ္ဂိုလ်ကိုမှီဝဲရသည်။

ခန္ဓာစသည်တို့၌ နက် နဲ သော ဉာဏ် ပ ညာ ရှိ ရ သည်။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၌ ညွတ်သောစိတ် ရှိရသည်။

ဤတရားခုနစ်ပါးနှင့် ပြည့်စုံက မဂ်ဖိုလ်နိဗ္ဗာန်ရသည်၊ ဤပုဂ္ဂိုလ် သည် အ ရ ဟ တ္တ မဂ် တိုင် အောင်၊ ဓမ္မဝိစယ သ မ္ဗောဇ္ဈင်ကို ပွားသည် မည်၏။

မဟာဂတိ ဂမိယ တိဿဒတ္တထေရ်သည် လှေဖြင့် ဘုရားဖူးသွားရာ သမုဒ္ဒရာ၌သံသရာ၏အကျယ်၊ အမုဒ္ဒရာ၏အကျယ်၊ ပဋ္ဌာန်းနည်းအကျယ်၊ ဘုရားရှင်၏ ဉာဏ်တော်အကျယ် ဟူသော သာဂရ လေးမျိုးကို စိတ် ကူးမိရာ ရဟန္တာဖြစ်လေသည်။

**ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ဆယ့်တပါး**

( ၁ ) အပါယ်ဘေးကို ဆင်ခြင်ခြင်း။

( ၂ ) အကျိုးရှိသည်ကို ဆင်ခြင်ခြင်း။

( ၃ ) ခရီးသွားကို ဆင်ခြင်ခြင်း။

(၄) ဆွမ်းဖြင့်လုပ်ကျွေးခြင်း။
(၅) အမွေကြီးမြတ်သည်ကို ဆင်ခြင်ခြင်း။
(၆) ဘုရားရှင်၏ဂုဏ်ကို ဆင်ခြင်ခြင်း။
(၇) အမျိုး၏ဂုဏ်ကို ဆင်ခြင်ခြင်း။
(၈) သီတင်းသုံးဖော်တို့၏ဂုဏ်ကို ဆင်ခြင်ခြင်း။
(၉) ပျင်းရိသူကို ရှောင်ကြဉ်ခြင်း။
(၁၀) ဝီရိယရှိသူကို မှီဝဲခြင်း။
(၁၁) ဝီရိယ သမ္ဗောဇ္ဈင်ကို နှလုံးသွင်းခြင်းတို့တည်း။

ငရဲ၌ လက်ခြေဖြတ်ခြင်းကိုခံရ၍ ကြီးစွာသော ဒုက္ခကိုခံရသော အခါ၌ လည်းကောင်း၊ တိရစ္ဆာန်ဘဝ၌ ပိုက်ကွန်မြုံးမိခြင်းကို ခံရသောအခါ၌ လည်းကောင်း၊ ထွန်သွားနှင့် ထွန်တန်စသည်တို့ဖြင့် ထိုးဆွခံရခြင်း လှည်းနင်းခံရခြင်း စသော ပြိတ္တာဘဝ၌ လည်းကောင်း၊ နှစ်ပေါင်းများစွာ ဘုရား နှစ်ဆူ ကြား ရေငတ်သောကာလ၌ လည်းကောင်း၊ကာလ ကိဉ္စက အသုရာတို့၌ အတောင်ခြောက်ဆယ် အတောင်ရှစ်ဆယ်မျှဖြင့် အရိုးအရေမျှသာ ရှိသော ခန္ဓာဖြင့် လေနေပူ စသော ဒုက္ခကို ခံရသောဘဝ၌ လည်းကောင်း၊ ဝီရိယမ္ဗောဇ္ဈင်တရားကို အားထုတ်ခြင်းငှါမလွယ်၊ ယခုရဟန်းဘဝ၌သာ လွယ်ကူသည်ဟု အပါယ်ဘေးကို ဆင်ခြင်သောသူအား ဝီရိယသမ္ဗောဇ္ဈင်မည်၏။

ပျင်းရိသဖြင့် လောကုတ္တရာတရား ကိုးပါး ကို ရခြင်းငှါမလွယ်၊ ဝီရိယတရားဖြင့်သာ ရလွယ်၏-ဟု အကျိုး ရှိသည် ကို ဆင်ခြင်သောသူအား သာလျှင် ဝီရိယသမ္ဗောဇ္ဈင်ဖြစ်၏။

အလုံးစုံသော ဘုရားပစ္စေကဗုဒ္ဓါ မဟာ သာ ဝ က တို့ ၏ သွားရာလမ်းခရီးတည်း၊ ပျင်းရိသဖြင့် မရောက်နိုင်ဟု ဆင်ခြင်သူအားသာလျှင် ဝီရိယသမ္ဗောဇ္ဈင်ဖြစ်၏။

အကြွင်သူတို့သည် ဆွမ်းစသည်ဖြင့် လှူဒါန်းကြ၏။ ထိုသူတို့သည် ငါ၏ အမျိုး ကျွန် အခိုင်းအစေမဟုတ်၊ ထိုသူတို့ကို မှီ၍ ငါ အသက် ရှင်နေသည်မဟုတ်၊ သူတို့လည်း လူ နတ် နိဗ္ဗာန်အကျိုးကို လိုလား၍ သာ လှူဒါန်းကြ၏။ ဘုရားရှင်ကလည်း တကာတို့လှူသော ပစ္စည်းများ ကို မှီဝဲသုံးဆောင်ပြီး အိပ်နေဖို့ရန် ခွင့်ပြုခဲ့သည်မဟုတ်၊ စင်စစ်ကား ရဟန်းတရားကို ကြိုးစားအားထုတ်၍ သံသရာဝဋ်မှ လွတ်စေရန် ခွင့်ပြု ခဲ့၏၊ ပျင်းရိသောသင့်ကို မလှူ လတံ့ဟု ဆွမ်းစသည်တို့၌ ဆင်ခြင်သော ရဟန်းတို့အား ဝီရိယသမ္ဗောဇ္ဈင်ဖြစ်၏။

## မဟာမိတ္တထေရ်

မဟာမိတ္တထေရ်သည် ကဿကလိုဏ်၌နေ၏၊ ထိုရဟန်း၏ ဂေါစရ ဂါမ်၌ တယောက်သော ဥပါသိကာမသည် ထိုမထေရ်ကို သားကဲ့သို့ လုပ်ကျွေး၏။

တနေ့သ၌ တကာမကြီးသည် တောသို့သွားခါနီး သမီးကို သမီး– ဤနေရာ၌ ဆန်ရှိ၏၊ နို့ရှိ၏၊ ထောပတ်တင်းလဲရှိ၏၊ သင်၏မောင် အရှင် မိတ္တလာက ဆွမ်းချက်လောင်းပါ၊ နောက်သမီးစားပါ၊ ငါကားမနေ့က သိုးနေသော ထမင်းကို စားပြီးပြီဟုပြောနေ၏၊ နေ့လည်ဘယ်လိုစား မည်နည်းဟု သမီးကပြန်၍မေးရာ ဟင်းရွက်ဆန်ကွဲကို ကြိုထားပါဟု လည်း မှာ၏။

မဟာမိတ္တထေရ်သည် ဆွမ်းခံလာရာ၊ ကြားသဖြင့် ဒါယိကာမကြီး သည် ငါကားသိုးလေပြီးသော ထမင်းကို ပုံးရည်နှင့်စားပြီးပြီ၊ နေ့လည် အတွက် ဟင်းရွက်ဆန်ကွဲ ယာဂုကြိုထားပါဟု မှာ၏၊ ငါ့အတွက်ကား ဆန် ထောပတ် တင်လဲ စသည်လောင်းလှူပါဟုမှာ၏၊ သူသည်ငါ့ကို မှီခိုနေခြင်းသည် လယ်ယာ ထမင်းအဝတ်ကို မျှော်ကိုး၍နေသည်မဟုတ်၊ သင်သည် လူနတ်နိဗ္ဗာန်အကျိုးကို မျှော်ကိုး၍နေသည်မဟုတ်၊ သင်သည် ၎င်းဒါယိကာမကြီးအား ၎င်းအကျိုးများကို ပေးနိုင်မလား၊ မပေး

နိုင်ဘူးလား၊ စဉ်းစားပါ၊ သင်သည် ဤဆွမ်းကို ရာဂ, ဒေါသ, မောဟဖြင့် ခံယူသုံးဆောင်ခြင်းငှါ မသင့်ဟု သပိတ်ကို သပိတ်အိပ်၌ ထည့်၍ သက်န်းကြိုးကိုဖြေခါ လိုဏ်သို့ပြန်၍ ရဟန္တာ မဖြစ် မချင်း ငါမထဟု ဝီရိယထားကာ ထိုင်၏။

ရှေ့ကလည်း ရက်ပေါင်းများစွာ တရားအားထုတ်ဖူး၍ ဝိပဿနာ ပွားရာ ဆွမ်းမစားမီ ရဟန္တာဖြစ်၍ ပဒုမာကြာပန်းပွင့်သကဲ့သို့ ရဟန္တာ ကြီးလည်း ပြုံးရယ်လျက် လိုဏ်မှထွက်၏၊ လိုဏ်တံခါး၌ ရုက္ခစိုးနတ်သည် အောက်ပါအတိုင်း ဥဒါန်းကျူး၏။

နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယျောသိ မာရိသ။

ပုရိသာဇည၊ ယောကျ်ားအာဇာနည်။ တေ၊ သင့်အား။ နမော၊ ရှိခိုးပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ်။ တေ၊ သင့်အား။ နမော၊ ရှိခိုးပါ၏။ ယဿတေ၊ အကြင်သင့်အား။ အာသဝါ၊ အာသဝတရားတို့ သည်။ ခီဏာ၊ ကုန်ပြီ။ မာရိသ၊ အချင်းရဟန်း။ တွံ၊ သင်သည်။ ဒက္ခိဏေယျော၊ မြတ်သောအလှူကိုခံထိုက်သည်။ အသိ၊ ဖြစ်ပါပေတော့ သည်သာတည်း။

အရှင်ဘုရား အရှင်ဘုရား ဆွမ်းခံကြွပါလျှင် အရှင်ဘုရားတို့ကဲ့သို့ ရဟန္တာတို့အား ဆွမ်းကိုပေးလှူရ၍ အဖွားကြီးသည် ဆင်းရဲမှလွတ်လ တံ့ဟု လျှောက်၏။

မထေရ်သည် တံခါးကိုဖွင့်ကြည့်ရာ စောသေးသည်ကိုသိ၍ ဆွမ်းခံ ကြွ၏။ သမီးကလည်း မောင်ရဟန်း ဆွမ်းခံလာလိမ့်မည်ဟု မျှော်နေ၏၊ သမီးသည် အမေမှာတိုင်း ဆွမ်းလောင်း၏၊ မထေရ်သည် သုခံ ဟောတု ဟု ဆုပေးခါပြန်ကြွ၏။ သမီးသည် မျက်နှာကိုမော်ကြည့်ရာ ခါတိုင်းနှင့် မတူ အရေအဆင်းသန့်ရှင်း၏။ ဣန္ဒြေကြည်လင်၏၊ မျက်နှာသည် ကြွေ ကျသောထန်းသီးမှည့်ကဲ့သို့ အလွန်တင့်တယ်၏။

ဒါယိကာမကြီးသည် ပြန်ရောက်၍ ဆွမ်းလောင်းလိုက်သလားဟု မေးရာ သမီးကအကြောင်းကိစ္စ အားလုံးကိုပြောကြား၏၊ ဒါယိကာမကြီးသည် ငါ၏သားကား ရဟန်းကိစ္စပြီးပြီဟုသိ၍ ချစ်သမီးသင်၏မောင်သည် ဘုရားရှင် သာသနာတော်၌ မွေ့လျော်၏၊ မပျင်းမရိတော့ပေဟု ပြောလိုက်လေသတည်း။

**ဆွမ်းခံရဟန်းတိဿ**

မဟာဂါမရွာမှာ ထင်းရောင်းစားသော သူဆင်းရဲတယောက်ရှိ၏၊ ထို့ကြောင့်သူ့ကို ဒါရုဘဏ္ဍက မောင်တိဿခေါ်ကြ၏။ သူတို့လင်မယားဆွမ်းလောင်းသည်ကို ဆွမ်းဟင်းမကောင်းဟု သာမဏေငယ်များ သူတို့မြင်စဉ်ပင်လျှင် စွန့်ပစ်၍သွားကြ၏၊ သို့သော်လည်း သူတို့လင်မယားကား သဒ္ဓါတရား မပျက်ပေ၊ လင်မယား နှစ်ယောက်တို့သည် ရဟန်းတို့အား ဆွမ်းဟင်းကောင်းကောင်း လောင်းလှူနိုင်အောင် သမီးကို သူများအိမ်မှာ ကြေးငွေ တဆယ့်နှစ်ကျပ်နှင့် စာရင်းငှါး ထားပြီး နွားမတကောင်ဝယ်၏၊ သူတို့၏ကုသိုလ်ကြောင့် ၎င်းနွားမသည် မနက်လေးစိတ်ဝင်တအိုး ညနေလေးစိတ်ဝင်တအိုး နို့ထွက်၏၊ ၎င်းတို့ကို ထောပတ်စသည်ပြု၍ လောင်းလှူ၏။

တနေ့သ၌ လင်သည် သမီးကို ရွေးရန် ကြံညစ်စက် တခုမှာ ဝင်၍ ခြောက်လ လုပ်ရာ ကြေးငွေ တဆယ့်နှစ်ကျပ် ရ၏၊ ထိုတဆယ့်နှစ်ကျပ်ဖြင့် ဆက်၍ ခရီးထွက်၏။

ထိုခဏ၌ အမ္ဗရိယ မဟာဝိဟာရမှာ နေသော ပိဏ္ဍပါတ် ဓူတင်ဆောက်တည်သော တိဿထေရ်သည် တိဿမဟာဝိဟာရ ကျောင်း၌ ဘုရားဖူးအံ့ဟု လာစဉ် ခရီးအတူ တွေ့၏၊ ၎င်းတကာသည် ဤ ရဟန်းနှင့်အတူသွားက တရားစကား ကြားရအံ့၊ သီလရှိသူကို အခါခပ်သိမ်းတွေ့နိုင်ခဲ၏ဟု အမှီလိုက်၏၊ ထိုအခါ ထိုသူသည် ဤရဟန်းအား ဆွမ်းလည်းမပါ၊ ဆွမ်းစားချိန်လည်း နီးလာ၏၊ တခုသော ရွာတံခါးသို့ရောက်က ဆွမ်းကပ်အံ့ဟု စိတ်ကူး၏။

ထိုသို့ စိတ်ကူးစဉ် ထမင်းထုပ်နှင့် လူတယောက် တွေ့၏၊ ဒါရုဘဏ္ဍက မောင်တိဿ က ငွေတကျပ်နှင့် ဝယ်၏၊ ထိုသူသည်အရေးကြီးပုံကို သိ၍ မရောင်းပေ၊ နောက်ပိတ်ဆုံး ငွေတဆယ့်နှစ်ကျပ်နှင့်ဝယ်၍ တိဿ ရဟန်းအား ဆွမ်းကပ်၏၊ တိဿရဟန်းက တဝက်ကို ပြန်၍ စွန့်သော်လည်း တပည့်တော်အား သနားသဖြင့် အားလုံးကို ဘုဉ်းပေးပါဟု ကပ်၏။ နောက် ခရီးဆက်ကြ၏။

တိဿရဟန်း က မေးရာ မောင်တိဿက အကြောင်းစုံကို လျှောက်၏၊ ထိုအခါ တိဿရဟန်းက ငါသည် လျှောက်ပတ်သော နေရာကို ရက အရိုးကြေကြေ အရေခန်းခန်း အားထုတ်မည်ဟု စိတ်ကူးကာ တိဿမဟာဝိဟာရကျောင်းသို့ ရောက်၍ အခင်းခင်းလျက် မူလကမ္မဋ္ဌာန်းကို အားထုတ်၏၊ တိဿရဟန်းသည် ထိုနေ့ည အရိပ်အရောင်မျှ မထင်၊ မနက်ကျက ဆွမ်းခံ မထွက်ပဲ ၎င်းကမ္မဋ္ဌာန်းကို အနုလောမ ပဋိလောမ အားထုတ်၏ ခုနစ်ရက်နေ့ အရုဏ်တက်မှသာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်၏၊ ပင်ပန်းလွန်းသဖြင့် ငါတော့ ပရိနိဗ္ဗာန် ပြုတော့မည်ဟု သိ၍ စည်တီးကာ ရဟန်းတို့ကို စည်းဝေးစေ၏။

ရဟန်းတို့အား ယုံမှားရှိက မေးနိုင်သည်ဟု လျှောက်ရာ ရဟန်းတို့က ယုံမှားစရာ မရှိ၊ သင်၏ သံဝေဂဉာဏ်ဖြစ်ပုံကိုသာ လျှောက်ပါဟု မေးကြ၍ မောင်တိဿကြောင့် တရားအားထုတ်ရပုံ အလုံးစုံကိုလျှောက်၍ ရဟန်းတို့ သာခု ခေါ်ကြ၏။

သကဘာဝေန သဏ္ဌာတုံ သမတ္ထော နာမ နာဟောသိ။

သကဘာဝေန၊ မိမိ၏ အစွမ်းဖြင့်။ သဏ္ဌာတုံ၊ တည်ခြင်းငှါ။ သမတ္ထောနာမ၊ စွမ်းနိုင်သော သူမည်သည်။ နာဟောသိ၊ မဖြစ်။

တိဿရဟန်းသည် ရဟန်းတော်တို့အား တပည့်တော်၏ ပြာသာဒ်သည် ဒါရုဘဏ္ဍက မောင်တိဿ လက်နှင့်ထိမှ လှုပ်ပါစေသတည်းဟု အဓိဋ္ဌာန်၍ အနုပါဒိသေသ နိဗ္ဗာန်ဓာတ်သို့ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ကာကဝဏ္ဏ တိဿမင်း ကိုယ်တိုင် လာ၍ အလောင်းကို ထင်းပုံသို့ တင်ရာ မရပေ၊ ရဟန်းတို့အား လျှောက်ရာ ဒါရုဘဏ္ဍက မောင်တိဿ အကြောင်းကို ပြောကြ၏။ ၎င်း ဒါရုဘဏ္ဍက မောင်တိဿကို ခေါ်၍ အလောင်းကို မစေရာ ကောင်းကင်သို့ ပျံတက်၍ ထင်းပုံ၌ ကျပြီး အလိုလို တေဇောဓာတ် မီးလောင်၏။

သူတော်ကောင်းဥစ္စာ ရတနာ ခုနစ်ပါးသည် ဘုရား၏အမွေတည်း၊ ၎င်းကို ပျင်းရိသဖြင့် မရနိုင်၊ သားဆိုးကို မိဘတို့က အမွေ မပေးသကဲ့သို့ ပျင်းရိသောသူအား ဘုရားရှင်၏ အမွေကို မရနိုင်ဟု အမွေ ကြီးမြတ်သည်ကို ဆင်ခြင်သောသူအား ဝီရိယသမ္ဗောဇ္ဈင် ဖြစ်သည်။

သင်၏ဆရာ ဘုရားရှင်သည် လောကမှာ အမြတ်ဆုံးတည်း၊ သင်၏ ဆရာဘုရားရှင်၏ ပဋိသန္ဓေ နေသောအခါ၊ တောထွက်သော အခါ၊ သစ္စာလေးပါးကို သိသောအခါ၊ ဓမ္မစကြာ တရားကို ဟောတော်မူသောအခါ၊ ယမကပြာဋိဟာကို ပြတော်မူသော အခါ၊ တုသိတာနတ်ပြည်မှ ဆင်းသက်သောအခါ၊ အာယုသင်္ခါရ လွှတ်တော်မူသော အခါ၊ ပရိနိဗ္ဗာန်ပြုသောအခါတို့၌ လောကဓာတ် တသောင်း တုန်လှုပ်သည်။

ဤသို့ သတ္တိရှိသော ဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြု၍ ပျင်းရိသဖြင့် မဂ်ဖိုလ်ရခြင်းငှါ မဖြစ်နိုင်ဟု ဘုရားရှင်၏ ကြီးမြတ်သော ဂုဏ်ကို ဆင်ခြင်ရသည်။

ဇာတ်အားဖြင့် သင်သည် အောက်တန်းစား မဟုတ်၊ အသမ္ဘိန္န မဟာသမ္မတမင်းမျိုးဖြစ်သော သြက္ကာကရာဇ် မင်းမျိုး၌ဖြစ်၏၊ သုဒ္ဓေါဒနမင်းကြီး မဟာမာယာ၏ မြေးဖြစ်၏၊ ရာဟုလာ၏ ညီတည်း၊ သင်သည် ဤသို့ ဘုရားရှင်၏ သားတော် ဖြစ်လျက် ပျင်းရိသဖြင့် မဂ်ဖိုလ် မရနိုင်ဟု ဇာတ်၏မြင့်မြတ်ပုံကို ရှုအပ်၏။

အရှင် သာရိပုတ္တရာ၊ အရှင် မောဂ္ဂလာန်၊ ရှစ်ဆယ်သော မဟာသာဝကတို့သည် ဝီရိယဖြင့် သာလျှင် လောကုတ္တရာ တရားကို ရကြ၏၊

သင်သည် သင်တို့၏ သီတင်းသုံးဖော် လမ်းစဉ် လိုက်ပါလားဟု သီတင်းသုံးဖော်တို့၏ဂုဏ်ကို ရှုရသည်။

ဝမ်းပြည့်အောင် စားပြီးလျှင် စပါးကြီးမြွေနှင့် တူသော ဝီရိယကင်းသော ကိုယ်စိတ်ရှိသော ပျင်းရိသောပုဂ္ဂိုလ်ကို ကြဉ်ရှောင်သောသူအားလည်းကောင်း၊ အာထုတ်အပ်သော ဝီရိယရှိ၍ နိဗ္ဗာန်သို့ စေလွှတ်သောပုဂ္ဂိုလ်ကို မှီဝဲသောသူအား လည်းကောင်း၊ ထိုင်ခြင်း ရပ်ခြင်း စသည်တို့၌ ဝီရိယကို ဖြစ်စေခြင်းငှါ စိတ်ရှိသော သူအားလည်းကောင်း ဝီရိယသမ္ဗောဇ္ဈင် ဖြစ်၏။

**ပီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ဆယ့်တပါး**

(၁) ဗုဒ္ဓါနုဿတိ၊ ဘုရား၏ဂုဏ်တော်ကို အောက်မေ့ခြင်း၊
(၂) ဓမ္မာနုဿတိ၊ တရား၏ ဂုဏ်တော်ကို အောက်မေ့ခြင်း၊
(၃) သံဃာနုဿတိ၊ သံဃာ၏ဂုဏ်တော်ကို အောက်မေ့ခြင်း၊
(၄) သီလာနုဿတိ၊ မိမိ၏သီလဂုဏ်ကို အောက်မေ့ခြင်း၊
(၅) စာဂါနုဿတိ–စွန့်ကြဲခြင်းကို အောက်မေ့ခြင်း။
(၆) ဒေဝတာနုဿတိ–နတ်တို့၏ဂုဏ်ကို အောက်မေ့ခြင်း။
(၇) ဥပသမာနုဿတိ–နိဗ္ဗာန်၏ဂုဏ်ကို အောက်မေ့ခြင်း။
(၈) လူခပုဂ္ဂလပရိဝဇ္ဇနတာ–သဒ္ဓါစသည် ခေါင်းပါးသူကို ကြဉ်ခြင်း။
(၉) သိနိဒ္ဓပုဂ္ဂလသေဝနတာ–ဘုရားစသည် ကြည်ညိုသူကို မှီဝဲခြင်း။
(၁၀) ပသာဒနီယသုတ္တန္တပစ္စဝေက္ခဏတာ – ကြည်ညိုဖွယ် သုတ်ကို ဆင်ခြင်ခြင်း။
(၁၁) တဒဓိမုတ္တတာ–ပီတိသမ္ဗောဇ္ဈင်ကို ဆင်ခြင်ခြင်းတို့တည်း။

ဘုရားရှင်၏ ဂုဏ်တော်ကို အောက်မေ့သောသူအား ဥပစာရသမာဓိတိုင်အောင် ပီတိသမ္ဗောဇ္ဈင်ဖြစ်သည်။ တရားဂုဏ်၊ သံဃာဂုဏ်တို့လည်း နည်းတူ၏။

ရဟန်းတို့အား စတုပါရိသုဒ္ဓိသီလ၊ လူတို့အားဆယ်ပါးသီလ၊ ငါးပါးသီလကို ဆင်ခြင်ရသည်။

ဒုမ္ဘိက္ခန္တရကပ် စသည်တို့၌ သီတင်းသုံးဖော်တို့အား လှူဘူးသည်ကို အောက်မေ့သော ရဟန်းအားလည်းကောင်း၊ လူတို့အား ထိုကာလမျိုး စသည်တို့၌ သီလရှိသောသူတို့အား လှူဘူးသည်ကို ဆင်ခြင်သောသူအား လည်းကောင်း–

သဒ္ဓါစသည်နှင့် ပြည့်စုံသူတို့သည် နတ်ဖြစ်ကုန်၏၊ ထိုဂုဏ်တို့သည် မိမိ၌ရှိသည်ဟု ဆင်ခြင်သောသူအားလည်းကောင်း–

သမာပတ်ကိုခွါသည်မှ ကိလေသာတို့သည် နှစ်ပေါင်းခြောက်ဆယ် ခုနစ်ဆယ်တို့ ကာလပတ်လုံး မဖြစ်ကုန်ဟု ဆင်ခြင်သောသူအားလည်း ကောင်း–

စေတီ ဗောဓိပင် သံဃာတို့အား ဖူးမျှော်ရာ၌ မရိုမသေပြုခြင်းဖြင့် လည်းကောင်း၊ ဘုရားဖူးစသည်တို့၌ သဒ္ဓါတရားသည် မြင်းကျောက် ကုန်းမှုပမာခေါင်းပါးသည်ကို ကြည်ရှောင်သူအားလည်းကောင်း–

ဘုရားစသည်တို့ကို ကြည်ညိုခြင်း၌ နူးညံ့ပြေပြစ်သောစိတ်ရှိသော စိတ်ရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲသောသူအားလည်းကောင်း–

ရပ်ခြင်းစသည်တို့၌ ပီတိသမ္ဗောဇ္ဈင်ကို ဆင်ခြင်သောသူအားလည်း မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်သည်။

ပက္ကုသာတိမင်းကြီး၊ အနာထပိဏ်သဌေး၊ ကပ္ပိနမင်းစသည်တို့ကို ရှုအပ်၏။

## ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းခုနစ်ပါး

(၁) ပဏီတဘောဇနသေဝနတာ–မွန်မြတ်သော ဘောဇဉ်ကို မှီဝဲခြင်း၊

(၂) ဥတုသုခသေဝနတာ–လျောက်ပတ်သောဥတုကို မှီဝဲခြင်း၊

(၃) ဣရိယာပထသုခသေဝနတာ–ချမ်းသာသော ဣရိယာပုထ်ကို မှီဝဲခြင်း၊

(၄) မဇ္ဈတ္တုပယောဂတာ-လျစ်လျူရှုခြင်း၌အားထုတ်ခြင်း၊
(၅) သာရဒ္ဓကာယပုဂ္ဂလပရိဝဇ္ဇနတာ-ခက်ထန်သူကိုကြဉ်ခြင်း၊
(၆) ပဿဒ္ဓကာယပုဂ္ဂလသေဝနတာ-နူးညံ့သူကိုမှီဝဲခြင်း၊
(၇) တဒဓိမုတ္တတာ-ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို နှလုံးသွင်းခြင်းတို့တည်း။

မွန်မြတ်ပြေပြစ် လျောက်ပတ်သော ဘောဇဉ်ကို မှီဝဲသူအားလည်းကောင်း၊ လျောက်ပတ်သော ဣရိယာပုတ်ကို မှီဝဲသောသူအားလည်းကောင်း ( ဘုရားလောင်းကဲ့သို့သော ပုဂ္ဂိုလ်တို့ကို မဆိုလို )။ မိမိ၏လည်းကောင်း၊ သူတပါး၏ လည်းကောင်း၊ ကမ္မဿကတာ ဉာဏ်ကိုဆင်ခြင်သောသူအားလည်းကောင်း၊ သူတပါးကို ခဲစသည်ဖြင့် ပေါက်တတ်သောခက်ထန်သူကိုကြည်ရှောင်သူအားလည်းကောင်း၊စောင့်စည်းသော လက်ခြေရှိသောသူကို မှီဝဲသော သူအားလည်းကောင်း၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ ညွတ်သောစိတ် ရှိသောသူအားလည်းကောင်း ရဟန္တာဖြစ်နိုင်သည်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီး ဘုရားရှင်နှင့် တွေ့ရအောင် သူများကတိဿရဟန်းကိုသွား၍ ခေါ်ရာမလာပဲ တရားအားထုတ်နေ၏။ နောက်မှလာ၍ အဘယ်ကြောင့် နောက်ကျ နေသနည်းဟုမေးကြရာ ဘုရားရှင်နှင့်အတူလိုက်နိုင်ရန် မဂ်ဖိုလ်ရအောင် တရား အားထုတ်နေသည်ဟုလျှောက်၏၊ ဘုရားရှင်က သာဓုခေါ်၏။

### သမာဓိ သမ္ဗောဇ္ဈင်ဖြစ်ကြောင်း ဆယ့်တပါး

( ၁ ) ဝတ္ထုဝိသဒကိရိယာ-အတွင်းအပဝတ္ထုသန့်ရှင်းခြင်း၊
( ၂ ) ဣန္ဒြိယသမတ္တပဋိပါဒနတာ-ဣန္ဒြေ၏မျှသည်ကိုကျင့်ခြင်း၊
( ၃ ) နိမိတ္တကုသလတာ-နိမိတ်၌လိမ္မာခြင်း၊
( ၄ ) သမယေ စိတ္တဿပဂ္ဂဏှတာ-ချီးမြှောက် သင့်သည့် စိတ်ကိုချီးမြှောက်ခြင်း၊

(၅) သမယေ စိတ္တဿ နိဂ္ဂဏှနတာ–နှိပ်သင့်သည့်စိတ်ကို နှိပ်ခြင်း၊
(၆) သမယေ သမ္ပဟံသနတာ–ရွှင်လန်းသင့်သည့်အခါ၌ စိတ်ကို ရွှင်ခြင်း၊
(၇) သမယေ အဇ္ဈုပေက္ခနတာ–လျစ် လျူ ရှု သင့် သည့် အ ခါ ရှုခြင်း၊
(၈) အသမာဟိတ ပုဂ္ဂလပရိဝဇ္ဇနတာ–သမာဓိမရှိသူကို ရှောင် ခြင်း၊
(၉) သမာဟိတ ပုဂ္ဂလသေဝနတာ–သမာဓိရှိသူကို မှီဝဲခြင်း။
(၁၀) ဈာနဝိမောက္ခ ပစ္စဝေက္ခဏတာ–ဈာန်ဝိမောက္ခကို ဆင်ခြင် ခြင်း၊
(၁၁) တဒဓိမုတ္တတာ–သမာဓိ သမ္ဗောဇ္ဈင်ကို နှလုံးသွင်းခြင်းတို့ တည်း။

(ဝတ္ထုဝိသဒ ကိရိယတာ,ဣန္ဒြိယ သမတ္တပဋိပါဒနတာတို့ကို ရှေ့၌ဆို ခဲ့ပြီ)။

ကသိုဏ်းနိမိတ်ကို သင်ယူခြင်း၌ လိမ္မာသောသူအားလည်းကောင်း၊ ပေါ့လျော့ တွန့်တိုသောစိတ်ကို ဓမ္မဝိစယသမ္ဗောဇ္ဈင် စသည်တို့ဖြင့် ချီး မြှောက်သောသူအားလည်းကောင်း–

အလွန်ဝီရိယများခြင်း၊ ဥဒ္ဓစ္စ များ ခြင်း ရှိသော စိတ် ကို ပဿဒ္ဓိ သမ္ဗောဇ္ဈင် စသည်တို့ဖြင့် နှိပ်သောသူအားလည်းကောင်း–

ပညာစသည် နည်းသော စိတ်ကို သံဝေဂဝတ္ထု ရှစ်ပါးဖြင့် ဆင်ခြင် သောသူအားလည်းကောင်း–

ဇာတိ, ဇရာ, ဗျာဓိ, မရဏ, အပါယ, အတီတ, အနာဂတ, ပစ္စုပ္ပန္န အာဟာရ ပရိယေဋ္ဌိမူလကဒုက္ခ အားဖြင့် သံဝေဂဝတ္ထု ရှစ်ပါး ရှိ၏။ ပစ္စုပ္ပန္နအာဟာရပရိယေဋ္ဌိမူလက ဒုက္ခဟူသည် ပစ္စုပ္ပန်၌ အာဟာ ရတို့ကို ရှာမှီးခြင်းလျှင် အကြောင်းရင်း ရှိသော ဒုက္ခတည်း။

ရထာထိန်းကဲ့သို့ တွန့်တိုသောစိတ် တက်ကြွသော စိတ်စသည်ကို လျစ်လျူရှုသူအားလည်းကောင်း–

သမာဓိစိတ် စသည် မရသော သူကို ကြဉ်ရှောင်သော သူအား လည်းကောင်း–

သမာဓိစိတ်စသည်ကိုရသောသူ၌ မှီဝဲသော သူအားလည်းကောင်း–

သမာဓိသမ္ဗောဇ္ဈင်၌ ညွတ်သော စိတ်ရှိသောသူအား လည်းကောင်း သံသရာမှ လွတ်နိုင်သည်။

အရှင်ရာဟုလာကို မာရ်နတ်သည် ဆင်ပြောင်ကြီးပုံ ဖန်ဆင်း၍ ခြေသလုံးကို ထိုးသတ်မည့်ဟန်ဖြင့် လာ၍ သုံးသပ်၏။

ဘုရားရှင်က မာရ်နတ်ယုတ် ငါ၏ သားတော်သည် ကျောက်တိုင်ပမာ မတုန်လှုပ်ပေဟု မိန့်တော်မူဖူး၏။

### ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်ကြောင်း ငါးပါး

၁။ သတ္တမဇ္ဈတ္တတာ၊ သတ္တဝါတို့၌ လျစ်လျူခြင်း၊
၂။ သင်္ခါရမဇ္ဈတ္တတာ၊ သင်္ခါရတို့၌ လျစ်လျူရှုခြင်း၊
၃။ သတ္တသင်္ခါရကေလာယန ပုဂ္ဂလ ပရိဝဇ္ဇနတာ၊ သတ္တဝါတို့၌ချစ်မြတ်နိုးသူကို ကြဉ်ရှောင်ခြင်း၊
၄။ သတ္တသင်္ခါရ မဇ္ဈတ္တပုဂ္ဂလသေဝနတာ၊ သတ္တဝါသင်္ခါရတို့၌ လျစ်လျူရှုသူကို မှီဝဲခြင်း၊
၅။ တဒဓိမုတ္တတာ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်ကို နှစ်လုံးသွင်းခြင်း တို့တည်း။

သူသည်လည်းကောင်း၊ မိမိသည်လည်းကောင်း ကံအားလျော်စွာ သွားလာကြသည်ဟု ကမ္မဿကတဉာဏ်ကို ရှုခြင်းနှင့် ပရမတ္ထအားဖြင့် သတ္တဝါ မရှိပဲ အဘယ့်ကြောင့် ချစ်မြတ်နိုးနေသနည်း ဟူ၍ လည်းကောင်း, သင်္ကန်းစသည်တို့သည် ဆွေးမြေ့တတ်သည်၊ ခဏသာ တည်တတ်သည် စသည်ဖြင့် လျစ်လျူရှုသောသူအားလည်းကောင်း–

သားသမီး မြေးမြစ်စသည်၌ ချစ်မြတ်နိုးခြင်း၊ တပည့်စသည်၌ ချစ်မြတ်နိုးခြင်း၊ သင်္ကန်းစသည်၌ ချစ်မြတ်နိုးခြင်းသည် မိမိ ပင်ပန်းရုံသာ စသည်ဖြင့် လျစ်လျူရှုသောသူအားလည်းကောင်း-

ဂုဏ်းသတ္တ သင်္ခါရတို့၌ လျစ်လျူရှုသောသူအားလည်းကောင်း-

ဂုဏ်း သတ္တ သင်္ခါရတို့၌ လျစ်လျူရှုသူကို မှီဝဲသော သူအားလည်းကောင်း-

ဥပေက္ခာ သမ္ဗောဇ္ဈင်ကို နှလုံးသွင်းသူအား လည်းကောင်း မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်သည်။

အဓိမုတ္တ သာမဏေသည် ရဟန်း ခံရန် မိခင်တို့အား အသက်ကို သွားမေးစဉ် လမ်းခရီး၌ သူခိုးတို့ဖမ်း၍ ဘယ်သူကိုမှ မပြောပါဟု အာမခံသောကြောင့် လွှတ်လိုက်ရာ မိခင်တို့ကို ဖမ်း၍ သူခိုးတို့ ရိုက်နှက် ပုတ်ခတ်သော်လည်း မပြောပေ၊ မိခင်တို့က လမ်းမှာခိုးသူတို့ ရှိသည်ဟု အဘယ့်ကြောင့် မပြောသနည်းဟု မေးရာ မပြောပါဟု ဝန်ခံ လာ၍ မပြောပါဟု ဆိုလေ၏။

ခိုးသူတို့သည် ဂုဏ်းသာမဏေအား ကြည်ညို၍ ရှင်ပြုကာ ရဟန်းခံပြီး ရဟန္တာဖြစ်ကြသည်။

> ဣတိ ဣမေပိ သတ္တ ဗောဇ္ဈင်္ဂါ လောကိယ လောကုတ္တရာ မိဿကာဝ ကထိတာ။

ဣတိ၊ ဤသို့။ ဣမေပိ သတ္တ ဗောဇ္ဈင်္ဂါ၊ ဤခုနစ်ပါးသော ဗောဇ္ဈင်တို့ကို။ လောကိယ လောကုတ္တရာမိဿကာဝ၊ လောကီလောကုတ္တရာ ရောကုန်သည် ဖြစ်၍သာလျှင်။ ကထိတာ၊ ဘုရားရှင် ဟောတော်မူသည် သာတည်း။

### ဗောဇ္ဈင် တရားကို ပွားများသင့်ကြောင်း

အာဟာရသည် ရောဂါကင်းစေ၍ ခန္ဓာကိုယ် တည်နေနိုင် သကဲ့သို့ ဗောဇ္ဈင်တရားသည် နိဗ္ဗာန်ကို ရောက်နိုင်၏။

မင်းသည် အဝတ်များကို ခဏခဏ လဲသကဲ့သို့ ဗောဇ္ဈင်တရားကို အလိုရှိရမည်။ ရွှေသည် သံ ကြေး ခဲမဖြူ ခဲပုပ် ငွေ ဤငါးပါးကြောင့် အညစ်အကြေး တင်သကဲ့သို့ လူတို့သည် နီဝရဏတရားတို့ဖြင့် အညစ်အကြေးတင်သည်ကို ဤဗောဇ္ဈင်တရားတို့ဖြင့် စင်ကြယ်စေနိုင်၏။

သစ်ပင်ကို ညောင်ပင် ဖျက်သကဲ့သို့ လူများကို နီဝရဏ တရားတို့ ဖျက်ဆီးရာ၌ ဤဗောဇ္ဈင်တရားကသာ ဖျက်နိုင်၏။

မဖျင်း မအ,သူ၊ ပညာရှိသူ၊ ပစ္စည်းရှိသူကဲ့သို့ ဗောဇ္ဈင်တရားရှိသူ တူပေ၏။

နဂါးတို့သည် အိုင်ကိုမှီ၍ ကြီးပွားသကဲ့သို့ သီလကို မှီ၍ ဗောဇ္ဈင် တရားကို ပွားသည်ရှိသော် မဂ်ဖိုလ် နိဗ္ဗာန် ကြီးပွားသည်။

အိမ်၏အခြင်တို့သ ည်အိမ်၏အထွတ်၌ စုဝေးသကဲ့သို့ ဗောဇ္ဈင်တရား တို့သည် နိဗ္ဗာန်သို့ ညွတ်ကုန်၏။

ဤ ဗောဇ္ဈင် တရားတို့သည် ဘုရားရှင်တို့ ပွင့်တော်မူရာ ခေတ်မှ ရှိပေ၏။

ဣရိယာပုထ်လေးပါးတို့သည် မြေကြီးကိုမှီသကဲ့သို့ သီလမြေကြီးကို မှီ၍ ဗောဇ္ဈင်တရားများကို ပွားအပ်၏။

အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ အကြောင်း ဖြစ်သကဲ့သို့ သူ တော်ကောင်းနှင့် ပေါင်းခြင်း, တရား နှလုံးသွင်းမှု၌ ပြည့်စုံခြင်းသည် ဗောဇ္ဈင် ဖြစ်ကြောင်းတည်း။ ဗောဇ္ဈင်တရားများကို ပွားသောသူအား ရာဂ, ဒေါသ, မောဟ စသည် ကင်းပျောက်၏။

စကြာမင်းပေါ်လာမှ သာကြီးရတနာ၊ သူကြွယ်ရတနာ၊ မိန်းမ ရတနာ၊ ပတ္တမြားရတနာ၊ မြင်းရတနာ၊ ဆင်ရတနာ၊ စကြာရတနာ ပေါ်လာသကဲ့သို့ ဘုရားရှင်ပွင့်ပေါ်လာမှ ဤဗောဇ္ဈင် တရားများ ထင်ရှားပေါ်လာ၏။

ဂင်္ဂါမြစ်သည် အရှေ့သို့ ကိုင်းညွတ်သကဲ့သို့ ဗောဇ္ဈင်တရားသည် နိဗ္ဗာန်သို့ ကိုင်းညွတ်သည်။ (နာညတြ ဗောဇ္ဈာတပဿာ ဂါထာကို ဟော နိုင်၏)။

(ကောက်ုတ္တရအဋ္ဌကထာ၊ အပရအစ္ဆရာသင်္ဃာတဏ္ဍနာ၊ ဗောဇ္ဈင် သံယုတ် ပါဠိတော်-စသည်ရှု)။

## (င) သစ္စာလေးပါးအကြောင်း သိကောင်းစရာ

လောကဥ္စသက်ရှိသက်မဲ့ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုအားလုံးကို ပေါင်းသော် ရုပ်တရား နာမ်တရား နှစ်ပါးသာရှိသည်၊ ထိုရုပ်နာမ် နှစ်ပါးကို ဘုရားရှင်သည် ခန္ဓာငါးပါး၊ အာယတန တဆယ့်နှစ်ပါး၊ ဓာတ်တဆယ့်ရှစ်ပါး၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး-စသည်ဖြင့် ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ကိုကြည့်၍ ဟောတော်မူခဲ့ပေ၏။

ပစ္စုပ္ပန်လောကမှာ ဖြစ်ပျက်နေသမျှသော ရုပ်နာမ် နှစ်ပါးတို့သည် ဆင်းရဲအမှန်တရား ဒုက္ခသစ္စာမည်၏၊ ၎င်း ရုပ် နာမ် နှစ်ပါးတို့သည် ဇာတိပဋိသန္ဓေ နေရသည်ကအစ ဆင်းရဲလှ၏၊ အညစ်အကြေးရှိသော အမိဝမ်းတွင်းမှာ ဒုက္ခခံနေရ၏ ရှင်သိဝလိအလောင်းတော် ခုနစ်နှစ် ခုနစ်ရက်အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေရ၏။ အရှင်ဗာကုလအလောင်း အမိဝမ်း ငါးဝမ်းမှာ နှစ်ခါနေရ၏။ သံကိစ္စသာမဏေတို့ ပဋိသန္ဓေ နေစဉ်အမိသေသဖြင့် မီးဖုတ်သင်္ဂြိုဟ်ရာ ကလေးငိုသံကြားရသော ကြောင့် ဗိုက်ခွဲယူရသည်၊ ပူတိဂတ္တတိဿထေရ်သည် ရှေးဘဝက ငှက် မုဆိုးဖြစ်ဘူး၍ ခန္ဓာကိုယ်မှာ အနာများ ဥသျှစ်သီးမျှပေါက်ခါ ပြုစု မည့်သူမရှိ၍ ဘုရားရှင်ကိုယ်တိုင် ပြုစုရ၏။ ကောကာလိရဟန်းသည် အရှင်မောဂ္ဂလာန် အရှင်သာရိပုတ္တရာတို့ကို ဆဲရေး၍ ခန္ဓာကိုယ်မှ အနာ များထန်းသီးလုံးမျှပေါက်ခါ ဖြဟ္မာပြည်တိုင်အောင် ပုပ်စော်နံ၏။

ဇီဝန္တီနာမည်နှင့် သေ၍ တခုတည်းသော နေရာမှာ ဘဝပေါင်း ရှစ်သောင်းလေးထောင် မြှုပ်ပြီးပြီ။

သူကြွယ်တယောက် တောင်သုံးလုံးကြားမှာ သေ၍ မြှုပ်ရသော ဘဝပေါင်း တသောင်းလေးထောင်ရှိပြီး တခြားနာမည်နှင့် တခြား နေရာမှာ မြှုပ်ရသော ဘဝပေါင်းကား မရေတွက်နိုင်ပေ။

ဤသို့ဇာတိဒုက္ခ စသည်ဖြင့် များလှပေ၏။

> ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ဒုက္ခာ။
>
> (မဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၄၃)

ဇာတိပိ၊ ပဋိသန္ဓေနေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ အိုရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ မရဏမ္ပိ၊ သေရခြင်းသည် လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာ သာပိ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ကိုယ် စိတ်ပင်ပန်းခြင်းတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အပ္ပိယေဟိ၊ မချစ်မနှစ်သက်သော သူတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ နေရခြင်း သည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်မြတ်နိုးသော သား သမီး,သားမယား,လင်သားတို့နှင့်လည်း။ ဝိပ္ပယောဂေါ၊ သေကွဲ ရှင်ကွဲ ကွဲရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ယမ္ပိစ္ဆံ၊ အကြင်အလိုကိုလည်း။ နလဘတိ၊ မရအပ်။ တမ္ပိ၊ ထိုသို့မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ၊ ဥပါဒါန်၏ အာရုံ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည်။ ဒုက္ခာ၊ မုချကေန် အမှန်စင်စစ် ဆင်းရဲကုန်သည် သာတည်း။

ဤဒုက္ခသစ္စာ တရားတို့သည် လိုချင်ခြင်း သမုဒယသစ္စာ လောဘ တဏှာ ကြောင့်ဖြစ်ကုန်၏။

ဤရုပ်နာမ်တရားတို့၏ ချုပ် ရာ နိ ဗ္ဗာန် ကို နိရောဓသစ္စာ ခေါ်၏။ ၎င်းနိရောဓသစ္စာသို့ ရောက်ကြောင်းသည် သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး တရားတည်း၊ ဤသို့အားဖြင့်ရှုအပ်၏။

**သစ္စာလေးပါးကို ထပ်ဆင့်ပြခြင်း**

**ဒုက္ခသစ္စာ - အပါယ်ဒုက္ခ**

ပါဏာတိပါတစသော အကုသိုလ်ဒုစရိုက်ကို ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြုသောသူသည် သေသည်ရှိသော် ငရဲသို့ရောက်တတ်၏၊ ငရဲထိန်းတို့သည် ရဲရဲတောက်သော သံမြေအပြင်၌အိပ်စေ၍ သံမှိုင်းချက်ရိုက်နှက်ကြသည်၊ မိမိ၏ အကုသိုလ်မကုန်သမျှ ခံနေရ၏။ သိဦးစသော ငရဲကြီး ရှစ်ထပ်ရှိ၏၊ ၎င်းငရဲကြီးတို့၏ ပတ်လည်၌ ပြာပူငရဲ၊ ဘင်ပုပ်ငရဲ၊ လက်ပံတောငရဲ၊ သံလျက်တောငရဲရှိ၏။

ဘုရားရှင်က ငရဲ၌ခံရသူသည် မင်းဒဏ်သင့်သော လူတယောက်ကို မနက်လှံတရာ၊ နေ့ လည် လှံ တ ရာ၊ ညနေလှံတရာ၊ အထိုးခံရသောသူ၏ ဒုက္ခထက် များလှ၏ဟု ဟောတော်မူ၏။

လက်သီးဆုတ်မျှသော ကျောက်ခဲသည် မြင့်မိုရ်တောင်နှင့် နှိုင်းဆ၍ မရသကဲ့သို့ ကြီးကျယ်လှ၏-ဟု ဟောတော်မူ၏။

ပါဏာတိပါတ စသောကုသိုလ် ဒုစရိုက်ကို ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြုသောသူသည် ခွေးဝက် ကြက်ငှက်စသော တိရစ္ဆာန်၌ ဖြစ်ရ၏၊ ကျွဲ၊ နွား၊ မြင်း၊ ဆင်စသည်တို့သည် လူတို့အား လုပ်ကိုင်ပေးရ၏။ မကျန်းမာလည်း မပြောတတ်၊ မိုးရွာ နေပူမရှောင် လုပ်ရ၏။ ကြက်၊ ဝက်၊ ဘဲစသည်ကို လူတို့သတ်စားကြ၏။ တိရစ္ဆာန်အချင်းချင်း ကြီးနိုင်ငယ်ညှင်းပြုကြ၏။

ပါဏာတိ ပါတစသော အကုသိုလ် ဒုစရိုက်ကို ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြုသောသူသည် အရိုးစုပြိတ္တာ၊ သံလျက်၊ အမွေးရှိသော

ပြိတ္တာ၊ အသားတုံးပြိတ္တာ၊ ကျီးပြိတ္တာ၊ မြွေပြိတ္တာ–စသည်ဖြစ်ရ၏၊ အသုရကာယ် ဖြစ်ရ၏၊ ပြိတ္တာတို့သည် တသက်လုံး ရေတပေါက်မျှ မသောက်ရပေ။

## လူဒုက္ခ

ကာမာဝစရ ကုသိုလ်ကံကြောင့် လူဖြစ်ရ၏၊ ကုသိုလ်ကံကား အနိမ့်အမြင့်ရှိ၏၊ ထို့ကြောင့် ဆင်းရဲသူဆင်းရဲသား၊ သဌေးသူကြွယ်၊ ပဒေသရာဇ်၊ ကေရာဇ်၊ မန္ဓာတ်မင်း ဟူ၍ အမျိုးမျိုးရှိ၏။

ဆင်းရဲသားတို့ကား လယ်လုပ်၊ ထင်းခွေ၊ ကူလီလုပ်–စသည်ဖြင့် မနားမနေ၊ သမုဒ္ဒရာဝမ်းတတွာ အတွက် ကြိုးစားကြရ၏၊ ပစ္စည်းရှာရင်းသေကြရသူကား မရေတွက်နိုင်၊ တယောက်နှင့်တယောက် တတိုင်းပြည်နှင့် တတိုင်းပြည် သတ်ကြ လုကြ စစ်ဖြစ်ကြ၏။

ဘုရားလောင်း သုမေဓာ သဌေးသားတို့ကား ပေး၍မကုန်၊ လှူ၍မခန်း၊ သုံး၍မကုန် ဆောင်း,နွေ,မိုးနှင့်, လျော်သော,ရမ္မ,သုဘ,သုရမ္မ, နန်းမသုံးဆောင်၌ ကချေသည်မတို့နှင့် ပျော်မွေ့ရ၏၊ သောဏသဌေးသားခြေဘဝါး၌ အမွေးပေါက်၏၊ ရွှေရည် ငွေရည် နို့ရည်တို့နှင့် စိုက်သော ဆံကို စားသုံးရ၏။

ဇောတိကသဌေးမယား မြောက်ကျွန်းသူသည် ဗိမ္ဗိသာရမင်းကြီး အလည်လာရာ တံခါးပေါက်၌ အစေခံ မိန်းမတယောက်၏ ရပ်ရည် အဝတ်အစားကိုမြင်၍ သဌေးကတော်ထင်မိ၏။

သဌေးကတော်သည် မင်း၏ အဝတ်ရောင်ကြောင့် မျက်ရည်ကျ၏၊ မင်းက– ပစ္စည်းများကိုလည်းကောင်း, သင့်ကို လည်းကောင်း သိမ်းမှာ စိုး၍ ငိုသလားဟုမေး၏၊ သဌေးကတော်က–မဟုတ်ပါ၊ ကျွန်ုပ်မတို့ကား မီး မထွန်းရ၊ ပတ္တမြားရောင် စသည်ဖြင့် နေရပါ၏၊ သင်မင်းကြီးတို့ကား မီးရောင်ဖြင့် နေရ၍ ၎င်း အဝတ်ရောင်သည် မျက်စိကို ဟတ်မိ၍ မျက်ရည် ကျရပါသည်ဟု လျှောက်၏။

သား အဇာတသတ်ကား ဗိဇအား လျော်စွာ ဇော်တိက၏ ပစ္စည်းများကိုမြင်၍ ခိုးလိုတိုက်လိုစိတ်ပေါ်၏။

ဇင်္ဂိလ သဌေးသည် အဲဖိုးများစွာ ထိုက်သော ကမ္ဗလာတထည်ကို ဝယ်မည့်သူရှိက ငါ့ထက် ချမ်းသာသူ ရှိသည်၊ အကြောင်း မထူး၊ ငါ ရဟန်းပြုအံ့ဟု ရောင်းရာ ဇောတိကသဌေး ဝယ်ပြီးလျှင် ကျွန်မအား ပေးရာ ဤမျှ ကြမ်းတမ်းသော အဝတ်ကို ခြုံရန် ပေးရမလားဟု ငို၏၊ သဌေးက ခြုံဖို့ ပေးသည်မဟုတ်၊ ခြေသုတ်ဖို့ပေးသည်ဆိုမှ အငိုတိတ်၏။

အဇာတသတ်သည် ကြီးပြင်းလာသော အခါ ဇောတိက သဌေး ကျောင်းသို့ သွားနေခိုက် သွား၍ ဒမြတိုက်၏၊ အိမ်နံရံ စသည်တို့၌ သူတို့၏ စစ်တပ်ရောင် ထင်နေသည်ကို တခြား စစ်တပ်များ လာသည် ထင်၍ ထွက်ပြေးကြ၏။

သဌေးက သူ့လက်မှာ ဝတ်ထားသော လက်စွပ်ကို ချွတ်ရက ယူစေရာ ချွတ်၍မရပေ၊ သဌေး ချွတ်ပေးမှ ရ၏၊ တခြား ပစ္စည်းကိုလည်း ခိုးသူဒမြ ယူ၍မရပေ၊ ကံတရားကား ဆန်းကြယ်ဘိ၏။

မြောက်ကျွန်းသူ မြောက်ကျွန်းသား တို့သည် အလို ရှိအပ်သော အဝတ်အစားကို ပဒေသာပင်မှ ခူး၍ အသုံးပြုကြ၏၊ ကိုယ်တိုင် လုပ်ကိုင် စရာ မလိုပေ။

လူတို့၏စည်းစိမ် အဆင့်အတန်း အမြင့်ဆုံးကား မန္ဓာတ်စကြာမင်း တည်း၊ စကြာရတနာဖြင့် လေးကျွန်းလုံးကို လှည့်ပတ်နိုင်၏၊ သူ၏ ဘုန်းတန်ခိုးကြောင့် တဆယ့်နှစ်ယူဇနာမှ လူများလိုက်နိုင်၏၊ လူများတို့ သည် စာတုမဟာရာဇ်နတ်ဘုံသို့တိုင် လိုက်နိုင်၏၊ တာဝတိံသာ နတ်ဘုံ သို့ကား သူတယောက်သာ သွားနိုင်၏။

ပဒေသရာဇ်မင်း သီရိဓမ္မာသောကမင်းကိုပင်လျှင် နတ်များက အနဝ တတ်အိုင်မှ ရေများကို ခပ်၍ လာပေးရ၏၊ သို့သော် ဘယ်တရားမှ မမြဲပေ။

ဘုရားရှင်ကို ပုဏ္ဏားတယောက်က အရှင်ဘုရား– ရှေးအခါက ပြည်ရွာတို့သည် ကြက်ပျံမကျ စည်ကား၏၊ ယခုကား အဘယ့်ကြောင့် မစည်ကားသနည်းဟု လျှောက်ရာ– လူတို့သည် တရားပျက်၍ ဝတ်မှတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခန္တရကပ်, ရောဂါအမျိုးမျိုးကြောင့် သေရခြင်း ရောဂန္တရကပ်, တုတ်ဓားစသည်ဖြင့် သေရခြင်း သတ္ထန္တရကပ်-တည်းဟူသော ကပ်သုံးပါး ဆိုက်၍ လည်းကောင်း၊ ဘီလူးဝင်စား၍လည်းကောင်း၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် လည်းကောင်း မစည်ကားတော့ပေဟု မိန့်တော်မူ၏။

## နတ် ဒုက္ခ

တာဝတိံသာနေ သိကြားမင်းကား မိမိစည်းစိမ်ကို လုမှာကြောက်၍ အသုရာတို့နှင့် စစ်တိုက်ရ၏၊ တရား အားထုတ်နေသော ဣသိသိင်ရသေ့ကို အလမ္ဗုသာ နတ်သမီးနှင့် ဖျားယောင်း၍ ဈာန်လျှောစေ၏။ နည်းတူ နိလိနိကာနှင့်လည်း ဖျက်စေ၏။

ဝိသယှသဌေး အလှူ လုပ်နေသည်ကို သူ့နေရာသို့ ရောက်မှာစိုး၍ အလှူမလုပ်ရန် သွား၍ တားမြစ်၏။

မရှိနတ်ကား အရှင်မောဂ္ဂလာန်၏ မျက်တောင်၌ စကြံလျှောက်နိုင်၏။

သုပြဟ္မာ နတ်သားသည် နတ်သမီး တထောင်နှင့် ဥယျာဉ်ထဲမှာ ပျော်ပါး နေစဉ် လောလောဆယ် နတ်သမီး ငါးရာ သေ၍ ငရဲသို့ ရောက်၏။

ပတိပူဇိကာနတ်သမီးကား လူ့ပြည်သို့ လာ၍ အိမ်ထောင်သားမွေးပြုပြီးမှ နတ်ပြည်၌ ဆွေမျိုးများက ပျောက်နေသည်ဟု ရှာစဉ် နတ်ပြည်သို့ပြန်ရောက်သွား၏။

## ဗြဟ္မာ ဒုက္ခ

ဗြဟ္မာတို့သည် ရပြီးသော ဈာန် အဘိညာဏ်များ မပျောက်ပျက်အောင် လုံ့လပြုရ၏၊ အထက်အထက် ဈာန်အဘိညာဏ်များ ရရန်

ကြိုးစားရ၏၊ ပြဟ္မာတို့သည် မရေမတွက်နိုင်အောင် အသက်ရှည်၏၊ လက်ညှိုးဘချောင်းထောင်က စကြဝဠာတသိန်း လင်းနိုင်၏။

ဗကပြဟ္မာသည် အသက်ရှည်လွန်း၍ မသေတော့ဘူးဟု အောက်မေ့ပြီး ဘုရားရှင်ကို "ဂေါတမ- ဤပြဟ္မာပြည်ကို လာခဲ့ပါလား၊ နိဗ္ဗာန်တည်း" ဟု ခေါ်ဖူး၏။

ကမ္ဘာကို မီး ရေ လေ ဖျက်နိုင်၏၊ စကြဝဠာပေါင်း များစွာ ပျက်စီး၏၊ အစ အိုင်ကြီး ခုနစ်အိုင်၊ နောက် မြစ်ငယ်ငါးရာ၊ မြစ်ကြီး ငါးသွယ်၊ သမုဒ္ဒရာများ ခန်းခြောက်၍ လောကကြီး ဟာလာဟင်းလင်းသာ ကျန်တော့၏။

ရုပ်နာမ် နှစ်ပါးသာ ရှိသည်၊ ဘယ်တရားမှ မမြဲပေ။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

( ဓမ္မပဒ ပါဠိတော်-၅၃ )

သဗ္ဗေ၊ အပါယ်လေးဘုံ လူနတ်ဘုံနှင့် အထက်ဘုံပြဟ္မာ အဖြာဖြာ ကုန်သော။ သင်္ခါရာ၊ ပြုပြင်တတ်ကြသော ရုပ်နာမ်တရားတို့သည်။ အနိစ္စာ၊ တလောကလုံးကို လိုက်ရှာကြည့်ပါ ဘယ်တရားမှ မမြဲတတ်ကုန်သည် သာတည်း။ ဣတိ၊ ဤသို့။ ယဒါ၊ မနက်နေ့ည ရက်လနှစ်ပါ အကြင် အခါ၌။ ပညာယ၊ ဝဋ်ဆိုးများမှ လွတ်ပါစေရန် သမ္မာသန စသော ဝိပဿနာဉာဏ်ကို အဖန်ဖန်ရှုခြင်းဖြင့်။ ပဿတိ၊ ဇာတိ ဇရာ မရဏနှင့် ဒုက္ခအပြား အစားစားကို မြင်ငြားစေရန် သတိတမာန် ဉာဏ်မြေကတုတ် ခုတုံးလုပ်ခါ ရှုတတ်ပါ၏။ အထ၊ ထိုသို့ဆင်ခြင် ရုပ်နာမ်များကို အမြဲတမ်း မြင်သောအခါ၌။ ဒုက္ခေ၊ ဘုံဝဋ်မြုံမှ မလွတ်ရသဖြင့် တွေ့ပြီး တွေ့ဆဲ တွေ့လတံ့သော ဆင်းရဲဒုက္ခဟူသမျှ၌။ နိဗ္ဗိန္ဒတိ၊ ကြာမျိုး ငါး ဖြာ ရေကန်သာ၌ မွေ့ ခါပျော်၍ မြို့ရွာသို့မလာ ရွှေဟင်္သာမင်းပမာ ငြီးငွေ့ပါ၏။ ဧသော၊ ဤသို့လောကကို မသာယာ ရုပ်နာမ်ကိုအပြစ် မြင်လာသော ဝိပဿနာပညာသည်။ ဝိသုဒ္ဓိယာ၊ လောဘစသား ကိလေ

သာများကင်းရာ ခေမာဘုံနန်း၊ နိဗ္ဗာန် စခန်းသို့ ရောက်ခြင်း၏။ မဂ္ဂေါ၊ ဘေးရန်အကင်းဆုံး အ သင့် ဆုံး ဖြစ် သ ဖြင့် ဘုရားစသော အရိယာ သူတော်စင်တို့ သွားရာလမ်းခရီး ဖြစ်တော့သည်သာတည်း။

## ပ ညတ်

ပရမတ္ထဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။

ရုပ်နာမ်ပရမတ်တရားမှ လွတ်သောတရား မရှိ။ ငမဲ ငဖြူ စသည်တို့ သည် ပညတ်သာတည်း။

ပညတ္တိံ ထပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ။

ပညတ္တိံ၊ နာမ်ပညတ်စသည်ကို။ ထပေတွာ၊ ထား၍။ ဝိသေသေန၊ အထူးအားဖြင့်။ ပဿတိ၊ ရှုဘတ်၏။ ဣတိ တ သ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

ပညတ်သဘောကို ပယ်ရှား၍ ပရမတ်သဘောကိုသာ ဝိပဿနာ ရှုရသည်၊ ထို့ကြောင့် ဝိပဿနာ အားထုတ်သော ယောဂီသည် ပညတ် တရားများကို တင်ကြို၍သိဖို့လို၏၊ ထိုပညတ်တရားတို့သည်–

နာမပညတ်=မောင်ဖြူ၊ မောင်မဲ၊ တော၊ တောင်၊ မြေ၊ ရေ၊ လေ၊ မီး စသော အမည်ဘည်း၊ ထင်ရှားရှိသော တရားမဟုတ်။

သန္တတိပညာ=မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှု၊ လျှောင်း ထိုင် ရပ် သွားအစဉ်များကို သန္တတိပညတ် ခေါ်သည်။ မြင်စိတ် ရုပ်ကတခြား၊ သွားစိတ် ရုပ်ကတခြား စသည်ကို သိရမည်။

သမူဟပညတ်=လူ၊ သစ်ပင်၊ အိမ်၊ ကျောင်း၊ စ ရပ် စသောအပေါင်း ပညတ်တည်း။ အမှန်မှာ လက်ခြေ ခေါင်းစ သည်ကို စုပေါင်း၍ ထားသည်ကို လူ၊ အကိုင်းအခက်၊ အရွက်စသည် စုပေါင်းထား သည်ကို သစ်ပင်။လှည်းသန် လှည်းဘီး စသည်ကို စုပေါင်းထား သည်ကိုလှည်း၊ ထုတ် လျှောက်စသည်ကို စုပေါင်းထားသည်ကို အိမ်, ကျောင်း, စရပ်, စသည် ခေါ်ဆိုသည်နှင့် တူ၏။

ပုဂ္ဂလပညတ်=ယောကျ်ား၊ မိန်းမ၊ ရဟန်း၊ မင်း၊ ပုဏ္ဏားစသော ပညတ်တည်း၊ ယောကျ်ား၊ မိန်းမ စသည်မရှိ၊ ရုပ်နာမ်သာရှိ၏။

သတ္တပညတ်=လူ၊ နတ်၊ ဗြဟ္မာ စသည်အကောင်အထည် ထင်မှတ်ခြင်းတည်း။ လူ၊ နတ်၊ ဗြဟ္မာမရှိ ရုပ်နာမ်သာ။

အတ္တပညတ်=သတ္တ၊ အတ္တ၊ ဇီဝ၊ ဝိညာဏ်၊ လိပ်ပြာကောင် ထင်မှတ်ခြင်းတည်း။ အမှန်မှာ သတ္တအတ္တ စသည်မရှိ။

ဃနပညတ်=သက်ရှိ သက်မဲ့ကို အ တုံး လိုက် အ ခဲ လိုက် ထင်မှတ်ခြင်းတည်း။ အမှန်မှာ အဋ္ဌကလာပ်ရုပ်ကို ကြားက အာကာသဓာတ်ခံ၍ စုပေါင်းထားခြင်းတည်း။

## အဋ္ဌကလာပ်ရုပ်

ပထဝီ၊ ခက်မာခြင်းသဘော။ အာပေါ၊ ဖွဲ့စည်းယိုစီးခြင်းသဘော။ တေဇော၊ အအေး အပူသဘော။ ဝါယော၊ လှုပ်ရှားတွန်းကန်ခြင်းသဘော။ ဝဏ္ဏ၊ အဆင်းဓာတ်။ ဂန္ဓ၊ အနံ့ဓာတ်။ ရသ၊ အရသာဓာတ်။ ဩဇာ၊ အဆီဓာတ်။ ၎င်းရှစ်ပါးကို ရှစ်ခုအစု အပေါင်းဖြစ်၍ အဋ္ဌကလာပ်ခေါ်၏။ ဘယ်လောက်ပင် သေးငယ်သော အရာဝတ္ထု ဖြစ်ပါစေ၊ ပြတင်းပေါက်က ဝင်လာသော မှုန်မှုန်ထက် သေးငယ်သော်လည်း အနည်းဆုံး ၎င်းရုပ်ရှစ်ပါး ရှိရသည်၊ တခုခုသော ဓာတ်၌ အနည်းအများ ရှိ၏။

၎င်းအဋ္ဌကလာပ်ကို တခုစီခွဲမရပေ။ ထို့ကြောင့် ရေမှာ အနံ့မရှိ၊ အဆင်းမရှိ၊ အရသာမရှိ-ဟူသောဝါဒသည် ဘုရားရှင်၏ ဝါဒနှင့် ဆန့်ကျင်၏၊ ၎င်းရှစ်ပါးကို ကြားက အာ ကာ သ ဟင်းလင်းဓာတ် ခံ၍ စုပေါင်းထားသဖြင့် မြေထု၊ ရေထု၊ လေထု၊ စကြဝဠာ သီတာ၊ သမုဒ္ဒရာ၊ တောင်စဉ် ခုနစ်ထပ်၊ မြင်း မိုရ် တောင်၊ လူ၊ နတ်၊ ဗြဟ္မာ ဖြစ်နေ၏။

## ဃနပညတ်

အာရမ္မဏဃနပညတ်=အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့သဘောကို တစုတခဲတည်း ထင်မှတ်နေခြင်းတည်း။

သန္တတိဃနပညတ်=မြင်ခြင်းစသည့် ရှေ့မြင်ခြင်းနှင့် နောက်မြင်ခြင်း၊ ရှေ့ကြားခြင်းနှင့် နောက်ကြားခြင်း၊ ရှေ့နံခြင်းနှင့် နောက်နံခြင်း၊ ရှေ့အရသာနှင့် နောက်အရသာ၊ ရှေ့အတွေ့နှင့် နောက်အတွေ့၊ ရှေ့စိတ်နှင့် နောက်စိတ်တို့ကို တခုတည်း တသားတည်း တဆက်တည်း ထင်ခြင်းပညတ်တည်း။ အမှန်မှာ ရှေ့မြင်ခြင်းစိတ်ရုပ်နှင့် နောက်မြင်ခြင်းစိတ်ရုပ် တခြားစီ စသည်သိပါလေ။

ကိစ္စဃနပညတ်=မြင်စိတ်၊ ကြားစိတ် စသည်တို့ကို တစိတ်တည်းပြု၍ အသက်၊ လိပ်ပြာ၊ အရာဝတ္ထု၊ အကောင်အထည် ထင်ခြင်း ပညတ်တည်း။

သမူဟဃနပညတ်-အဋ္ဌကလာပ် ရုပ်ကို အစိုင်အခဲ အနေဖြင့် လက်ခြေ ဦးခေါင်းစသည် ထင်မှတ်ခြင်းပညတ်ပင်တည်း။

ဤပညတ်တရားတို့ကို မလွန်နိုင်သမျှ ပရမတ်ကို မရောက်၊ ပရမတ်ကိုမရောက်က ဝိပဿနာ မဖြစ်နိုင်ပေ။

## ခန္ဓာငါးပါးရုပ်နာမ်တရားဖြစ်ပေါ်ပုံ

ဥပမာ-မျက်စိအကြည်ဓာတ်မှာ ထင်လာသည့် အဆင်း အရိပ်ရူပါရုံကို ရူပက္ခန္ဓာ ခေါ်၏၊ မျက်စိနှင့် ရူပါရုံ တွေ့ဆုံခြင်းကို ပြုပြင်တတ်သော စေတနာ စသည်ကို သင်္ခါရက္ခန္ဓာ၊ ရူပါရုံကို ကောင်းကောင်းဆိုးဆိုး ခံစားခြင်း ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ၊ မှတ်သားခြင်းသည် သညာက္ခန္ဓာ၊သိခြင်းသည် ဝိညာဏက္ခန္ဓာမည်၏၊ အသံစသည်၌လည်း နည်းတူ၏။

ၚင်းခန္ဓာငါးပါး တရားတို့သည် ရုပ်နာမ်သာတည်း၊ သတ္တ, အတ္တ, ဇီဝ, ဝိညာဏ်, လိပ်ပြာကောင်, ယောကျ်ား, မိန်းမ မဟုတ်၊ နိစ္စ, သုခ,

အတ္တ မဟုတ်၊ အနိစ္စ, ဒုက္ခ, အနတ္တသာတည်း၊ ထို့ကြောင့် ဒုက္ခသစ္စာ။ ကာရက၊ ပြုပြင်တတ်သော ပုဂ္ဂိုလ်မဟုတ်။ ဝေဒက၊ ခံစားတတ်သော ပုဂ္ဂိုလ်မဟုတ်။ သယံဝသီ၊ အလိုလို သာဖြစ်တတ်၏။

ရုပ်နာမ် တရားတို့သည် ဘယ်ကလာသည်ဟု ဘယ်သူမျှ မပြော နိုင်၊ ပျောက်ပျက် သွားကလည်း၊ဘယ်ကို ရောက်သွားသည်ဟု မပြော နိုင်၊သို့သော် ဥပါဒ်ခဏ,ဌီခဏ, ဘင်ခဏအားဖြင့် ဖြစ်ပေါ်လာတတ်၏။

ဥပမာ မိုးကြိုးခြိမ်းခြင်း၊ လျှပ်စစ်ပြက်ခြင်း၊ မှန်ဘီလူးမှမီး၊ လက် နှိပ်ဓာတ်မီးမှ မီးရောင်၊ သစ်သားချောင်းနှစ်ခုမှမီး၊ စောင်းသံ၊ လက် ခုပ်သံ၊ ဓာတ်စက်သံ၊ လင်းကွင်းသံ၊ ရယ်သံ၊ ဝါးနှစ်ခု ကြိတ်သံ၊ မျိုးစေ့ ကြောင့် အညှောက်စသည် ပေါ်လာသည်နှင့်တူ၏။

အဒဿနတော အာယန္တိ၊ ဘင်္ဂါဂစ္ဆန္တျဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။
(မိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ-၂၆၀)

အဒဿနတော၊ ရုပ်နာမ်ဓမ္မ သဘာဝတို့သည် တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော သူတို့ပင် မမြင်ရာ အရပ်မှ။ အာယန္တိ၊ အလိုအလျောက် ဘယ်ဘုရား ဘယ်နတ် ဘယ်ဗြဟ္မာမှ မပြုပြင် မဖန်တီးပဲ ဥပါဒ် အစ ဌီ အလယ်အနေအားဖြင့် ဖြစ်ပေါ်လာကုန်၏။ ဘင်္ဂါ၊ ဖြစ်လျှင် ပျက်ရမြဲ ထုံးစံဖြစ်၍ ပျက်ခြင်း ဘင်ခဏတို့သည်။ အဒဿနံ၊စက်နာရီ ရပ်နေသလို ဖြစ်ရာအရပ်၌သာလျှင် ဘယ်သူမှ မမြင်ခြင်းသို့။ ဂစ္ဆန္တိ၊ သိဖို့မြင်ဖို့ လက် ဆုပ် လက်ကိုင် ပြဖို့ မရ ပျောက်ပျက်ခြင်းသို့ ရောက်ကုန်သည်သာ တည်း။ အာကာသေ၊ ရေးခြစ်မထင် အဇဋာကာသပြင် ဟင်းလင်း ထင်ရာ မိုး ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ ဘယ်အရပ်က လာသည်ကို မတွေ့ရမမြင် ရ သို့ပါသော်လည်း ဓာတ်ကြီး လေးပါးတို့ တခုနှင့် တခု မညီမျှမှု ဝိရောဓိဖြစ်၍ အတိုက်အခံ ဆက်စပ်တွေ့ထိလာပြန်က ကြောက်မက်ဖွယ် ရာကောင်းသော အသံများဖြင့် ဝင်းကနဲ လက်ခနဲ ဖြစ်ပေါ်လာသော

လျှပ်စစ်ကဲ့သို့။ ဥပ္ပဇ္ဇန္တိစ၊ ဘယ်သူမှ တားမနိုင် ဆီးမရ သူဖြစ်ချင်က ကာလမရွေး ဒေသမရွေး အချိန် မရွေး အသံကြီး ပေးကာ ထူးထူး ထွေထွေ အံ့ဩဖွယ်ရာ ရုပ်နာမ်များ ဖြစ်ကုန်သည်သာတည်း။ ဝယန္တိစ၊ ဖြစ်ပြန်သော်လည်း အမြဲတာရှည် နေသည် မဟုတ် မပြောပလောက် အောင် မြန်လွန်းလှသော အချိန်ကာလ အတွင်း ရုပ်နာမ်များ ချုပ်ပျောက်ကုန်တော့သည်သာတည်း။

## ဝဋ်သုံး ပါး

ခန္ဓာ အာယတန ဓာတ်တရား တို့၏ မပြတ် ဖြစ်ပျက် နေသည်ကို သံသရာ ခေါ်၏။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာနစ။
အဗ္ဗောစ္ဆိန္နာ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။
(သမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ-၂၄၂)

ခန္ဓာနဉ္စ၊ ရူပက္ခန္ဓာ စသော ခန္ဓာ ငါးပါးတို့၏ လည်းကောင်း။ ဓာတုအာယတနာနံ စ၊ ဓာတ်တဆယ့်ရှစ်ပါး အာယတန တဆယ့်နှစ်ပါး တို့၏ လည်းကောင်း။ အဗ္ဗောစ္ဆိန္နာ၊ မပြတ်။ ဝတ္တမာနာ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာစသောနည်းဖြင့်ဖြစ်သော။ ပဋိပါဋိ အစဉ်ကို။ သံသာ ရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ သူငါစသော ပညတ်ကား ထင်ရှား ဖြစ်ပျက်ခြင်းမရှိ ရုပ်နာမ် တရားသာ ဖြစ်ပျက်ခြင်းကြောင့် ဆိုအပ် သည်သာတည်း။

ဋ္ဌင်းသံသရာ၌ လောဘ ဒေါသ မောဟစသော ကိလေသာတရား တို့၏ မပြတ်ဖြစ်ပျက်နေသည်ကို ကိလေသာဝဋ် ခေါ်၏။

မဖြစ်ဖြစ်အောင် လှုပ်ဆော်ပေးနေသော သင်္ခါရပစ္စယာ ဝိညာဏံ ဟူသည့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အတိုင်း စေတနာတရားကို ကမ္မ ဝဋ်ခေါ်၏။

အဝိဇ္ဇာစသော အကြောင်း တရားကြောင့် သင်္ခါရစသော အကျိုး တရားတို့ ဖြစ်ပျက်နေသည်ကို ဝိပါကဝဋ် ခေါ်၏။

၎င်းရုပ်နာမ် နှစ်ပါး ခန္ဓာ ငါးပါးကိုပင် သတ္တဝါတို့၏ ပျက်ခြင်း သတ္တလောက ရုပ်နာမ်တို့၏ ပျက်ခြင်း သင်္ခါရလောက၊ တောတောင် ရေမြေစသော ဩကာသလောက ခေါ်၏။

**ပရိညာ သုံးပါး**

၎င်းသည်ဒုက္ခသစ္စာ၌ ပိုင်းခြား၍သိခြင်း စသည်ဖြင့် ပရိညာသုံးပါး ရှိ၏။

ဉာတပရိညာ=ခန္ဓာငါးပါးကို မှတ်ကြောင်း လက္ခဏာ၊ ကိစ္စရသ၊ ရှေးရှု ထင်ခြင်း ပစ္စုပ္ပဋ္ဌာန်၊ နီးစွာသော အကြောင်း ပဒဋ္ဌာန်-ဟူ၍ လေးချက်ဖြင့် ပိုင်းခြားမှု။

တီရဏပရိညာ=ခန္ဓာငါးပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တဟုပိုင်းခြားမှု။

ပဟာနပရိညာ=ကာမာဝစရ ကုသိုလ်ကြောင့် တဒင်္ဂအားဖြင့် ပယ်ခြင်း။ မဟဂ္ဂုတ်ကုသိုလ်ကြောင့် အာရုံမပြုသောအားဖြင့် ပယ်ခြင်း ဝိက္ခမ္ဘနပဟာန်၊ မဂ်ဖြင့်ပယ်ခြင်း သမုစ္ဆေဒပဟာန်၊ ဖိုလ်ဖြင့် ပယ်ခြင်း ပဋိပဿမ္ဘန ပဟာန်၊ နိဗ္ဗာန်ဖြင့် ပယ်ခြင်း နိဿရဏ ပဟာန်ဖြင့် ပိုင်းခြားမှု။

သစ္စဉာဏ်=ဒုက္ခသစ္စာကို အမှန်အတိုင်းသိခြင်း။

ကိစ္စဉာဏ်=ဒုက္ခသစ္စာကို သိအောင် ဆောင်ရွက်ခြင်း။

ကတဉာဏ်=ဒုက္ခသစ္စာကို သိခြင်းသို့ ရောက်သည်ဟု သိသောဉာဏ်။

ထို့ကြောင့်ဗုဒ္ဓရှင်တော်သည် အောက်ပါ ဒေသနာတော်ကို ဟော တော်မူရလေသည်။

ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလော ကော ဥဒပါဒိ။ (ဝိနည်းမဟာဝါပါဠိတော်-၁၅)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ ဒုက္ခံ၊ ဤရုပ်နာမ်နှစ်ပါး ဒုက္ခတရားသည်။ အရိယသစ္စံ၊ မြတ်သော သူ တို့ သာ သိအပ်သောသစ္စာတည်း။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားရှင်အား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု၊ သူတပါးထံမှ မကြားဘူးကုန်သော။ ဓမ္မေသု၊ ဒုက္ခသစ္စာတရားတို့၌။ စက္ခုံ၊ မျက်ဉာဏ်စက္ခုသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ မျက်ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ မျက်ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ မျက် ဉာဏ် ပ ညာ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ မျက်ဉာဏ် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်သည်သာတည်း။ (နောက်သစ္စာတို့၌လည်း ဤနည်းတူ သိ)

## သမုဒယသစ္စာ

ပုထုဇဉ်သတ္တဝါတို့သည်ကား ရူပါရုံစသော လောကီအာရုံ ကာမဂုဏ်တရားတို့၌ လောဘတဏှာ သမုဒယသစ္စာစွဲလမ်းကြသည်၊ ငါ့သား ငါ့သမီး ငါ့မယား ငါ့လယ် ငါ့ကျွဲ ငါ့နွား ငါ့အိမ် ငါ့ထီး ငါ့ကြငှန်းစသည်ဖြင့် သုံးဆယ့်တဘုံမှာ စွဲလမ်းတပ်မက်မောကြသည်၊ ထို့ကြောင့်လည်း သုံးဆယ့်တဘုံမှ မလွတ်နိုင်ပဲ ထပ်ခါထပ်ခါ ဇာတိစသော ဒုက္ခသစ္စာတရား ဖြစ်ပွားကြသည်။

သတ္တဝါတို့သည် သံသရာ၌ အဝိဇ္ဇာတဏှာတည်းဟူသော မူလတရားကြောင့် ကျင်လည်ရသည်။

အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနိစ ဝေဒိတဗ္ဗာနိ။

(သင်္ဂဟပါဠိ)

အဝိဇ္ဇာတဏှာဝသေန၊ သစ္စာလေးပါးကို မသိတတ်သော အဝိဇ္ဇာ၊ လိုချင်တတ်သော တ ဏှာ ၏ အစွမ်းဖြင့်။ ဒွေ၊ နှစ်ပါးကုန်သော။ မူလာနိစ၊ အမြစ်ရင်းတို့ကိုလည်း။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

တဏှာဖြစ်က ဥပါဒါန် စသည်ဖြစ်သည်၊ တဏှာပြတ်က ဥပါဒါန် စသည်ပြတ်တော့၏။

တဏှာပစ္စယာ ဥပါဒါနံ။ တဏှာနိရောဓာ ဥပါဒါန နိရောဓော။

တဏှာပစ္စယာ၊ တဏှာဟူသောအကြောင်းကြောင့် ဥပါဒါနံ။ ဥပါဒါန်သည်၊ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာနိရောဓာ၊တဏှာချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ ဥပါဒါန် ချုပ်ခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏

ဤသမုဒယသစ္စာ တဏှာလောဘ တရားသည် တပ်တတ်သော ကြောင့် ရာဂ၊ ပြင်းစွာတပ်တတ်သောကြောင့် သာရာဂ၊ အဖန်တလဲလဲ ဆောင်တတ်သောကြောင့် အနုနယ၊ လိုချင်တတ်သောကြောင့် အနုရောဓ၊ နှစ်သက် တတ်သောကြောင့် နန္ဒီ၊ နှစ်သက်၍ တပ်တတ်သော ကြောင့် နန္ဒီရာဂ၊ ပြင်းစွာ တပ်တတ်သောကြောင့် စိတ္တဿသာရာဂ။

အလိုရှိတတ်သောကြောင့် ဣစ္ဆာ၊ တွေဝေတတ်သောကြောင့် မုစ္ဆာ၊ မျို၍ယူတတ်သောကြောင့် အဇ္ဈောသာန၊ တပ်တတ်သောကြောင့် ဂေဓ၊ ထက်ဝန်းကျင်မှ တပ် တတ် သော ကြောင့် ပလိဂေဓ၊ ကပ်ငြိတတ် သောကြောင့် သင်္ဂ၊ နစ်မြုပ် စေတတ်သောကြောင့် ပင်္က၊ ဆွဲငင်တတ် သောကြောင့် ဧဇာ၊ လှည့်ပတ်တတ်သောကြောင့် မာယာ၊ ဝဋ်ဆင်းရဲ၌ ဖြစ်စေတတ်သော ကြောင့် ဇနိကာ၊ ဒုက္ခကို ဖြစ်စေတတ်သောကြောင့် သဉ္ဇနနီ၊ ဘဝ၌ စပ်တတ်သောကြောင့် သိဗ္ဗိနီ၊ ပိုက်ကွန်နှင့် တူသော ကြောင့် ဇာလိနီ။

အောက်မေ့သကဲ့သို့ ဖြစ်တတ်သောကြောင့် သရိတာ၊ အဆိပ်နှင့် တူသောကြောင့် ဝိသတ္တိကာ၊ ကြိုးနှင့်တူသောကြောင့် သုတ္တ၊ ပျံ့နှံ့တတ် သောကြောင့် ဝိသဋ၊အားထုတ်စေတတ်၍ အာယူဟိနီ၊အဖော်ဖြစ်သော ကြောင့် ဒုတိယ၊ တောင့်တတတ်၍ ပဏိဓိ၊ ဘဝ၌ကြိုးနှင့်တူ၍ ဘဝနေတ္တိ၊ ကပ်ငြိ တတ်၍ ဝန၊ တောင့်တတတ်၍ ဝနထ၊ ပေါင်း ဖော် တတ် ၍ သန္ထဝ၊ အစေးနှင့်တူ၍သိနေဟ၊ ငဲ့တတ်၍ အပေက္ခာ၊ အာရုံ၌ အသီးသီး ဖွဲ့တတ်၍ ပဋိဗန္ဓု၊ အာရုံတို့ကို စားတတ်၍ အာသာ၊ တောင့်တတတ်၍ အာသီသနာ၊ တောင့်တသော သူ၏ အဖြစ်ကြောင့် အာသိသတ္တ၊ ရုပ်၌

တပ်တတ်၍ ရူပါသာ၊ ဖြစ်စေတတ်၍ ဇပ္ပ၊ ဖြစ်စေတတ်သော အခြင်းအရာ ဖြစ်၍ ဇပ္ပနာ၊ ဖြစ်စေတတ်သောသူ၏ အဖြစ်ကြောင့် ဇပ္ပိတတ္တ၊ လျှာပေါ်၍ လောလုပ္ပ- လောလုပ္ပါယနာ-လောလုပ္ပါယိတတ္တ။

ခွေးမြီးကဲ့သို့ တုန်လှုပ်တတ်သောကြောင့် ပုစ္ဆဉ္စိကတာ၊ ကောင်းစွာ အလိုရှိ၍ သာခုကမျတာ၊ မိခင်စသော မသင့်သည်၌ တပ်တတ်သောကြောင့် အဓမ္မရာဂ၊ သင့်ရာ၌လည်း အားကြီးစွာ ဖြစ်တတ်၍ ဝိသမလောဘ။

တပ်တတ်၍ နိကန္တိ၊ တပ်သော အခြင်းအရာ ဖြစ်၍ နိကာမနာ၊ တောင့်တတတ်၍ ပတ္ထနာ၊ ချစ်တတ်၍ ပိဟနာ၊ ကောင်းစွာ တောင့်တတတ်၍ သမ္ပတ္ထနာ၊ ကာမဂုဏ်တို့၌ တပ်တတ်၍ ကာမတဏှာ၊ ရူပအရူပဘဝတို့၌ တပ်တတ်၍ ဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိ၌ တပ်တတ်၍ ဝိဘဝတဏှာ၊ ရုပ်၌ တပ်တတ်၍ ရူပတဏှာ၊ နာမ်၌ တပ်တတ်၍ အရူပတဏှာ၊ ချုပ်ခြင်း၌ တပ်တတ်၍ နိရောဓတဏှာ၊ အာရုံငါးပါး၌ တပ်တတ်၍ ရူပတဏှာ စသည်မည်၏။

ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်၍ အာဝရဏ၊ ဖုံးလွှမ်းတတ်၍ ဆာဒန၊ နှောင်ဖွဲ့တတ်၍ ဗန္ဓန၊ စိတ်ကို ညစ်နွမ်းစေတတ်၍ ဥပက္ကိလေသ၊ ကိန်းတတ်၍ အနုသယ၊ စိတ်ကို ထိုးကျင်တတ်၍ ပရိယုဋ္ဌာန၊ ရစ်ပတ်တတ်၍ နွယ်နှင့် တူသောကြောင့် လတာ၊ အမျိုးမျိုးကို လိုတတ်၍ ဝေဝစ္ဆ၊ ဒုက္ခ၏ အကြောင်းဖြစ်၍ ဒုက္ခမူလ-ဒုက္ခနိဒါန၊ ဒုက္ခကိုဖြစ်စေတတ်၍ ဒုက္ခပ္ပဘဝ၊ မာရ်မင်း၏ ကျော့ကွင်းနှင့်တူ၍ မာရပါသ မာရ်မင်း၏ ငါးမျှားချိတ်နှင့် တူ၍ မာရဗဠိသ၊ မာရ်မင်း၏ အရာဖြစ်၍ မာရဝိသယ၊ တဏှာ တည်းဟူသော မြစ်ဖြစ်၍ တဏှာနဒီ၊ တဏှာပိုက်ကွန်ဖြစ်၍ တဏှာဇာလ၊ ခွေးချည်ကြိုးနှင့် တူ၍ တဏှာဂဒ္ဒုလ၊ တဏှာသည် သမုဒ္ဒရာနှင့် တူ၍ တဏှာ သမုဒ္ဒရာ-ဟု အဋ္ဌသာလိနီ နိက္ခေပ ကဏ္ဍ၌ လာ၏။

ပုထုဇဉ်အများတို့မှာ ဃနတို့ ပညတ်တို့မကွာသဖြင့် အနိစ္စ မမြဲသော ရုပ်နာမ်တို့၌ သညာဝိပလ္လာသ အမှတ်မှား, စိတ္တဝိပလ္လာသ အသိမှား, ဒိဋ္ဌိဝိပလ္လာသ အယူမှား ဖြစ်တတ်၏၊ နည်းတူ ဒုက္ခ၌ သုံးပါး, အနတ္တ၌ သုံးပါး, အသုဘ၌ သုံးပါးအားဖြင့် ဝိပလ္လာသ တဆယ့်နှစ်ပါး ဖြစ်တတ်သည်။

သက္ကာယဒိဋ္ဌိစသော တရားများလည်း ဖြစ်တတ်သည်။

တဏှာ မာန ဒိဋ္ဌိတည်းဟူသော သံသရာကို ချဲ့ထွင်တတ်သောတရား သုံးပါးလည်း ဖြစ်တတ်သည်။

ရူပနန္ဒာထေရီ၊ ခေမာထေရီ၊ လင်ကို မတ်နှင့် ပေါင်း၍ လူ, ခွေး, နွား, မြွေ လေးဇာတ် သတ်ခြင်းစသည်သည် တဏှာစွဲမည်၏။

ပေါဋ္ဌိလ ရဟန်းကြီးသည် ဘုရား အဆက်ဆက်တို့၌ ပိဋကတ်သုံးပုံ အာဂုံဆောင်ဖြစ်၍ မာနတက်ကာ တရား အားမထုတ်ပဲ နေရာ နောက်ဆုံး ကိုရင်လေး၏ တောင်ပို့ တခု၌ အပေါက် ခြောက်ပေါက် ရှိသည်တွင် ငါးပေါက်ကို ပိတ်၍ တပေါက်မှ ဝင်သော ဖွတ်ကို ဖမ်းပါဟူသော ကမ္မဋ္ဌာန်းတရားဖြင့် ရဟန္တာဖြစ်သည်၊ ဤမထေရ်ကား မာနစွဲတည်း။

မက္ခလိဂေါသာလ၊ ပုရာဏကဿပတို့ကား ဒိဋ္ဌိစွဲတည်း။

ဝနံ ဆိန္ဒထ မာ ရုက္ခံ၊ ဝနတော ဇာယတေ ဘယံ။
ဆေတွာ ဝနံ ဝနထဉ္စ၊ နိဗ္ဗာနာ ဟောထ ဘိက္ခဝေါ။

(ဓမ္မပဒပါဠိတော် ၅၄)

ဘိက္ခဝေါ၊ သံသရာခရီး လမ်းရှည်ကြီးကို ဖျက်ဆီးလိုငြား အိုချစ်သားတို့။ တုမှေ၊ လမ်းခရီးတိုတိုနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်လိုကုန်သော သင်တို့သည်။ ဝနံ၊ ဆူးခြုံပမာ တပ်နှစ်သက်တတ်သည့် ရာဂစသော ကိလေသာတောကို။ ဆိန္ဒထ၊ ဝိပဿနာ လက်နက် ထားသန်လျက်ဖြင့် ဖြတ်ကြကုန်လော့။ ရုက္ခံ၊ သင်တို့အား တကယ်အကျိုး ပြုသည် သစ်ပင်တည်းဟူသော တောကြီးကို။ မာဆိန္ဒထ၊ သတ္တဝါများ အနားခိုရန်အလို့ငှါ ခုတ်ခြင်း မပြုကြ ပါကုန်လင့်။ ဝနတော၊

ရာဂစသော ကိလေသာ တောကြောင့်။ ဘယံ၊ ခြသေ့ဆစ်ကျားပမာ ဇာတိစသော ဘေးသည်။ ဇာယတေ၊ ရာဂစသော တောကို မခုတ် မရှင်းလင်း၍ ဖြစ်ရ တွေ့ရမည်သာတည်း။ ဝနဥ္စ၊ ဘဝကိုဖြစ်စေတတ် သော အားကြီးသည့် ကိလေသာ ဟူသော တောကို လည်းကောင်း။ ဝနထဥ္စ၊ ပဝတ္တိ အကျိုးကိုသာ ဖြစ်စေတတ်သော အားနည်းသော ကိလေသာဟူသော တောကို လည်းကောင်း။ ဆေတွာ၊ ဝိပဿနာ လက်နက် ဓားသန်လျက်ဖြင့် ဖြတ်၍။ နိဗ္ဗာနာ၊ ရာဂစပြီး ကိလေသာမီး ငြိမ်းအေးကြကုန်သည်။ ဟောထ၊ ဘုရား စသော သူတော်ကောင်းတို့ နည်းလမ်းအတိုင်း လိုက်နာကျင့်ကြံကြကုန်ရာသတည်း။

## နိရောဓ သစ္စာ

နိရောဓသစ္စာဟူသည် အကြောင်း သမုဒယသစ္စာ, သမုဒယကြောင့် ဖြစ်ပေါ်လာသော ဒုက္ခသစ္စာ၊ ဤနှစ်ပါးတို့၏ ချုပ်ခြင်းတည်းဟူသော အကြောင်းကြောင့် လောဘစသော ကိလေသာကုန်၍ ခန္ဓာကိုယ် ပရိနိဗ္ဗာန် မပြုသေးသော,ကိလေသာကုန်၍ ခန္ဓာကိုယ်မချုပ်သေးသော သဥပါဒိသေသနိဗ္ဗာန်။ နောက်ဆုံး ဘုရားရဟန္တာတို့သည် ခန္ဓာကိုယ် ပြန်၍ မဖြစ်ခြင်းဖြင့် ပရိနိဗ္ဗာန်ပြုသော ခန္ဓာလည်းချုပ်သော အနုပါဒိ သေသနိဗ္ဗာန်တည်း။

ပဒမစ္စုတမစ္စန္တံ၊ အသင်္ခတမနုတ္တရံ။
နိဗ္ဗာနမိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။

အစ္စုတံ၊ သင်္ခါရဋ္ဌ၏ ရှင်းလင်းခြင်းကြောင့် ရွှေလျောခြင်း မရှိထ သော။ အစ္စန္တံ၊ လူခန္ဓာကိုယ် ထိုထိုရောက်ခါ ပေါ်ပေါက်လာဘိ စုတိ ဟု ဆိုအပ်သော အဆုံးကိုလွန်သော။ အသင်္ခတံ၊ ကံစိတ်ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ပေါင်း၍ ပြုပြင်ခြင်း လည်းမရှိထသော။ အနုတ္တရံ၊ လောကသုံးခွင် ဘုံသုံးပြင်ဝယ် လွန့်မြတ် သောတရား မရှိထသော။ ပဒံ၊ သံသရာဝဋ္ဋ ကျော့ကွင်းညွတ်မှ ထွက်ရာ

ထွက်ကြောင်း တရားကောင်းကို။ နိဗ္ဗာနမိတိ၊ ဘေးငြိမ်းရာခေတ် နိဗ္ဗာန်မြတ်ကြီးဟူ၍။ ဝါနမုတ္တာ၊ ပူပြင်းပါလှ ဝါနဟု ဆိုအပ်သော တဏှာမှ လွတ်တော်မူကုန်သော။ မဟေသယော၊ သီလက္ခန္ဓ စသည် ကျေးဇူး ဂုဏ်အထူးကို ရှာမှီးလေ့ရှိကုန်သော ဘုရားရှင်တို့သည်။ ဘာသန္တိ၊ ထက်လှစွာသော ဉာဏ်တော်ရှိကုန်သဖြင့် ဟောတော်မူကြကုန်သည်သာတည်း။

## မဂ္ဂသစ္စာ

မဂ္ဂသစ္စာဟူသည် သမ္မာဒိဋ္ဌိစသောတရား ရှစ်ပါးတည်း၊ တခုခုသော ဝိပဿနာတရားကို သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိခုနစ်ပါး အစဉ်အတိုင်း ဉာဏ်စဉ်ဖြစ်တတ်၏၊ သောတာပန်မှာ ဒိဋ္ဌိဝိစိကိစ္ဆာပျောက်၏၊ သကဒါဂါမ်မှာ ကာမရာဂ စသည်ခေါင်းပါး၏။ အနာဂါမ်မှာ ကာမရာဂ စသည်ပျောက်၏၊ ရဟန္တာမှာ အားလုံးသော ကုသိုလ်အကုသိုလ် ကုန်ခန်း၍ ပူဇော်အထူးကို ခံတော်မူထိုက်၏။

ထို့ကြောင့် ကိလေသာတရားတို့ ကင်းပျောက်၍ ဇာတိစသော သံသရာမှ လွတ်တတ်သော သောတာပန်စသည် အဆင့်အတန်းသို့ ရောက်ရှိရန် ဤမဂ္ဂင်ရှစ်ပါးတရားကို ပွားများရသည်။

ဤမဂ္ဂင်ရှစ်ပါးသည် လှေသင်္ဘောဖောင်တို့ ဟိုဘက်ကမ်းကို ရောက်စေသကဲ့သို့ နိဗ္ဗာနခေတ်သို့ အာရုံပြုသောအားဖြင့် ရောက်စေတတ်၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်သကဲ့သို့ မဂ္ဂသစ္စာတည်းဟူသော အကြောင်းတရားရှိက နိရောဓသစ္စာနိဗ္ဗာန် တည်းဟူသော တရားရှိလိမ့်မည်ဟု မှန်းဆ၍သိခြင်းတည်း၊ အနုမာန သိဒ္ဓိခေါ်၏။

သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့မှာကား သူတို့၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်ဝါးထင်ထင်အာရုံပြုနိုင်၏၊ ပစ္စက္ခသိဒ္ဓိခေါ်၏။

ထို့ကြောင့် သစ္စာလေးပါးကိုသိမှ သံသရာမှ လွတ်ကြမည်။

စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။
သန္ဓာဝိသံ သံသရိတံ၊ တာသုတာသွေဝ ဇာတိသု။
(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်-၇၇)

စတုန္နံ၊ ရေတွက်ပိုင်းခြား သဗ္ဗညုတဉာဏ်အားဖြင့် သတ္တဝါတို့အား ရာဟုလာသားပမာ သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ပါစေကြောင်း စိတ်ရည်ညောင်း၍ ဟောကြားတော်မူသဖြင့် လေးပါး အပြားရှိကုန်သော။ အရိယသစ္စာနံ၊ မြတ်သောသူတို့သာ သိအပ်၍ တိကျမှန်ကန်ကုန်သော သစ္စာတရားဖူးပွင့်များတို့ကို။ ယထာဘူတံ၊ ဝိပဿနာတရားကြိုးစားအားထုတ်ပါမှ ဖြစ်ပေါ်လာတတ်သော သမ္မသနအစ မဂ်ဉာဏ်ဖိုလ်ဉာဏ်အဆုံး ကိုယ်ပိုင်သုံးသပ်ခြင်းဖြင့် အဟုတ်အဟတ်။ အဒဿနာ၊ တလောကလုံးကို ကျားရဲ ခြသေ့်မက ကြောက်မက်ဖွယ်ရာပါ တကားဟု သံဝေဂရှုခါ မမြင်လာသောကြောင့်။ တာသုတာသွေဝဇာတိသု၊ အပါယ်ဘဝ လူနတ်ဘဝ ဗြဟ္မာဘဝခေါ် ဒုက္ခသစ္စာတရားအစားစားတည်းဟူသော ထိုထိုသုံးဆယ့်တဘုံတို့၌။ သန္ဓာဝိသံ၊ အပါယ်ဘုံမှာ တပြောင်းပြန်ပြန် လူ့ဘုံများမှာအဖန်ဖန် နတ်ဘုံများမှာ အတန်တန် ဗြဟ္မာဘုံမှာ ထပ်ခါထပ်ခါ ပြေးသွားရရှာလေပြီ။ သံသရိတံ၊ ဗြဟ္မာဘုံမှာတဝင်းဝင်း ဝက်စားကျင်းမှာ တရှုတ်ရှုတ် စကားပုံ ထုတ်ကြသည့်အတိုင်း သုံးဆယ့်တဘုံမှာ ထက်အောက် ပြောင်းပြန် စုန်ဆန်များစွာ ရွှေလျော သွားလာရလေသည်သာတည်း။

## သစ္စာလေးပါးအရေးကြီးပုံ

သစ္စာလေးပါးကို သိမြင်ဖို့ အရေးကြီး၏၊ သစ္စာလေးပါးကို သိက အရိယာဖြစ်၍ သံသရာကလွတ်မည်၊ ထို့ကြောင့် သစ္စာလေးပါး သိမြင်ဖို့အရေး သမာဓိကိုမရ ရအောင် ကြိုးစားသင့်၏။

ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက် အကုသိုလ်တရားများ မဖြစ်စေပဲ သစ္စာလေးပါးကို သိအောင် ကြံစည်အားထုတ်သင့်၏။

လောကသည်မြဲ၏၊ မမြဲ၊ အဆုံးရှိ၏၊ အဆုံးမရှိ၊ သတ္တဝါတို့သည် နောက်ပြန်ဖြစ်၏၊ မဖြစ်-စသည်မတွေးဆအပ်၊ အကျိုးလည်းမရှိ၊ မြတ်သောအကျင့်လည်းမဟုတ်၊ငြီးငွေ့ခြင်း၊ ရာဂကင်းခြင်း၊ ကိလေသာချုပ်ခြင်း၊ ကိလေသာ ငြိမ်းခြင်း၊ သစ္စာလေးပါးကို ပိုင်းခြား၍ သိခြင်း၊ ထိုးထွင်း၍သိခြင်း နိဗ္ဗာန်အကျိုးငှါလည်း မဖြစ်ပေ။

ရာဇကထာစသော တိရစ္ဆာနကထာတို့ကိုလည်း ရှောင်ရှားအပ်၏။ အဝိဇ္ဇာတရားသည် သစ္စာလေးပါးကို မသိအောင်ပိတ်ပင်ထား၏၊ ထို့ကြောင့် သစ္စာလေးပါးကို သိတတ်သော ဝိဇ္ဇာဉာဏ်လိုပေ၏၊ သစ္စာလေးပါးကိုသိသော ပုဂ္ဂိုလ်အား အာသဝတရား ကင်းပျောက်တော့၏။

ဘုရားရှင်သည် ယင်းတိုက်ရွက် အံနည်းငယ်ကို ကောက်ခါ ရဟန်းတို့- ငါ၏ လက်ထဲ၌ရှိသော ယင်းတိုက်ရွက်သည် တောထဲမှာ ရှိသော ယင်းတိုက်ရွက်ထက် မပြောပလောက် နည်းသကဲ့သို့ ငါ ဘုရားရှင်သည် သတ္တဝါတို့အား အကျိုးမရှိသော တရားတို့ကို မဟောပေဟု မိန့်တော်မူဖူးသည်။

သျှိသျှားရွက် ရှားရွက်တို့ဖြင့် ရေကို ထုပ်၍မရသကဲ့သို့ သစ္စာလေးပါးကို မသိပဲ သံသရာက မလွတ်နိုင်။

ကြာဖက် ပေါက်ဖက်တို့ဖြင့်သာ ရေကိုထုပ်၍ ရသကဲ့သို့ သစ္စာလေးပါးကို သိမှ သံသရာက လွတ်နိုင်၏။

ကောင်းကင်သို့ ပစ်အပ်သော တုတ်ချောင်းသည် အရင်း အလယ် အဖျား ကျချင်ရာ ကျသကဲ့သို့ သတ္တဝါတို့သည် သုံးဆယ့်တဘုံ၌ ရောက်ချင်တဲ့ဘဝသို့ ရောက်တတ်၏။

ဦးခေါင်းကိုသော် လည်းကောင်း၊ ခေါင်းပေါင်းကိုသော် လည်းကောင်း မီးလောင်သည် ရှိသော် ငြိမ်းအေးခြင်းငှါ အားထုတ်သည်ထက် သစ္စာလေးပါးကို သိရန် သတိပညာ ပြုအပ်၏။

အသက်တရာ ရှည်လတ့်သောသူကို တနေ့သုံးကြိမ် လှံ့ချက်ပေါင်း တရာစီ အထိုးခံက သစ္စာလေးပါးကို သိမည်ဆိုလျှင် အထိုးခံဖို့ကောင်း

ပါ၏။ ဇမ္ဗူဒီပါမှာ ရှိသောမြက်သစ်ပင် အပေါင်းကို အကြီး အလတ် အငယ် တံကျင်လုပ်၍ သမုဒ္ဒရာမှာရှိသော ငါးကြီးများကို အကြီး တံကျင်, အလတ်ငါးကို အလတ်တံကျင်, အငယ်ငါးကို တငယ်တံကျင် ဖြင့် ထိုးသော်လည်း မကုန်နိုင်ရာသကဲ့သို့ ထိုထက်ပင် အပါယ်၌ သတ္တဝါ ကား များလှ၏၊ ထို့ကြောင့် အပါယ် စသည်မှ လွတ်စေရန် သစ္စာ လေးပါးကို သိအောင် အားထုတ်အပ်၏။

အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ပုဗ္ဗနိမိတ် ဖြစ်သကဲ့သို့ မဂ္ဂင် ရှစ်ပါးသည် သစ္စာလေးပါးကို သိရန် ပုဗ္ဗနိမိတ်တည်း။

ဘုရားရှင်သည် နေမင်း လမင်းနှင့် တူပေ၏။

ဝါဂွမ်းသည် လေတိုက်က လွင့်သကဲ့သို့ သစ္စာ လေးပါးကို မသိသူ သည် သာသနာတော်မှ အပ ရဟန်း ပုဏ္ဏားကို ရှာတတ်၏၊ တံခါးခုံ သည် မတုန်လှုပ်သကဲ့သို့ သစ္စာလေးပါးကို သိသူသည် သာသနာတော် မှ အပ ရဟန်း ပုဏ္ဏားကို မရှာတော့ပေ၊ သစ္စာလေးပါးကိုသိသူအား အခြားဝါဒဖြင့် တိုက်ခိုက်ငြားသော်လည်း တုန်လှုပ်ခြင်း မရှိပေ။

လောကကို ကြံစည်လျက် ရေကန်နားမှာ ထိုင်နေသော လူ တယောက်သည် စစ်အင်္ဂါ လေးပါး ခင်းကျင်းလျက် စစ်သားများ ကျူရိုးထဲသို့ ဝင်နေသည်ကိုမြင်၍ ငါကား ရူးပြီဟု အောက်မေ့၏၊ သူ များကို မေးကြည့်ကလည်း သင်ကား ရူးပြီဟု ပြောကြ၏။

ဘုရားရှင်က သူကား ရူးသူမဟုတ်၊ အသုရာများ သိကြားမင်းနှင့် စစ်တိုက်၍ ရှုံးသဖြင့် ပြန်လာခြင်း ဖြစ်၏။ သို့သော်လည်း ဤသို့ လောကသည် မြဲ၏၊ မမြဲစသည့် မကြံစည်အပ်၊ သံသရာမှ လွတ်ကြောင်း မဟုတ်၊ သစ္စာ လေးပါးသည်သာလျှင် သံသရာမှ လွတ်ကြောင်း ဖြစ်၍ ကြံစည်အပ်၏ဟု ဟောတော်မူ၏။

လောကသံသရာကား ချောက်ကမ်းပါးထက် ကြောက်ဖွယ်ကောင်း ၏။ ရူပါရုံစသည်တို့သည် ငရဲမီးထက် ပူလောင်၏။

တိုင်မရိုက်ပဲ အိမ်အပေါ်ထပ်ကို မပြုပြင်နိုင်သကဲ့သို့ သစ္စာလေးပါးကို မသိပဲ သံသရာမှမလွတ်နိုင်။

လိစ္ဆဝီမင်းသားတို့သည် စူးဖြင့် သားမြီးကို ခုနစ်စိတ် ကွဲအောင်ပစ်နိုင်သဖြင့် အရှင်အာနန္ဒာ ချီးမွမ်းသည်ကို ဘုရားရှင်က ထိုထက်ပင် သစ္စာလေးပါးကို သိဖို့ခဲယဉ်းသည်ဟု ဟောတော်မူ၏။

နေရောင်လရောင် မထွန်းပြောင်နိုင်သော လောကန္တရိက် ငရဲမှောင်ထက် သစ္စာလေးပါးကို မသိခြင်းအဝိဇ္ဇာသည် သာ၍မှောင်၏။

အန္ဓစ်တရာမှ တခါသာ ပေါ်လာသော လိပ်ကန်းတကောင်သည် သမုဒ္ဒရာ၌ အရပ်လေးမျက်နှာမှ လေတိုက်ခတ်နေသော တပေါက်သာရှိသည့် ထမ်းပိုးတခု၏ အပေါက်နှင့် စွပ်ချင် စွပ်မိမည်၊ လူ့ဘဝကိုကား ထိုထက်ပင်ရခဲ၏၊ သမုဒ္ဒရာ၌ ငါးကြီးများသည် ငါးအသေးအဖွဲ့များကို ဖမ်းစားနေသည်နှင့်လည်း တူ၏။

ပဲနောက်စေ့နှင့် မြင်းမိုရ်တောင်သို့ သောတာပန်စသော အရိယာတို့၏ ဒုက္ခသည် ပဲနောက်စေ့မျှ ကွယ်ပျောက်၍ မြင်းမိုရ်တောင်မျှ ဒုက္ခကျန်သေး၏။

နည်းတူ လက်သည်းပေါ်မြေမှုန့်နှင့် ကမ္ဘာမြေကြီး၊ သမန်းမျက်ဖျားရေနှင့် မဟာသမုဒ္ဒရာရေ၊ ရေတပေါက်နှင့် ဂင်္ဂါယမုနာရေ၊ ဆီးစေ့နှင့် ကမ္ဘာမြေကြီး၊ ကျောက်စရစ်နှင့် မြင်းမိုရ်တောင် တူလှပေ၏။

လက်သည်းဖျားပေါ် မြေမှုန့်ကဲ့သို့ သစ္စာလေးပါးကို သိသူကား နည်းပါး၏၊ ကမ္ဘာမြေကြီးကဲ့သို့ မသိသူများလှပေ၏။

နည်းတူမဇ္ဈိမဒေသ၌ ဖြစ်သူနည်းပါး၏၊ ပစ္စန္တရစ်၌ဖြစ်သူ များပြား၏၊ ပညာစက္ခုနှင့် ပြည့်စုံသူနည်းပါး၏၊ မပြည့်စုံသူများ၏၊ အကုသိုလ်ပြုသူများ၏၊ မပြုသူနည်း၏၊ ကုန်းသတ္တဝါနည်း၏၊ ရေသတ္တဝါများ၏၊ သီလရှိသူနည်း၏၊ မရှိသူများ၏၊ အပါယ်ဘုံသတ္တဝါ များ၏၊ သုဂတိဘုံသတ္တဝါ နည်း၏။

ထို့ကြောင့် အပ္ပမာဒတရား အရေးကြီးလှပေ၏။

ဘုရားရှင်ကား ဤသတိပဋ္ဌာန်တရားတို့ကို အားထုတ်က ခုနစ်ရက်ဖြင့် ရဟန္တာဖြစ်နိုင်သည် ဟူရာ၌ အလယ်အလတ်တန်းစား ပုဂ္ဂိုလ်ကို ရည်၍ ဟောတော်မူ၏၊ ထက်မြက်သော ဉာဏ်ရှိသော ပုဂ္ဂိုလ်ဖြစ်ပါမူ မနက်အားထုတ်က ညနေဖြစ်နိုင်သည်။

> ယော ဟိ ကောစိ ဘိက္ခဝေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ။ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာတိ။
>
> (သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာနသုတ်-၂၇၂)

ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊ အကြင်အမှတ်မရှိ တစုံတယောက်သောသူသည်။ ဣမေစတ္တာရောသတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်တရား လေးပါးတို့ကို။ ဧဝံ၊ ဤသို့။ သတ္တာဟံ၊ ခုနစ်ရက်။ ဘာဝေယျ၊ ပွားရာ၏။ တဿ၊ ထိုယောဂီအား။ ဒိဋ္ဌေဝဓမ္မေ၊ ပစ္စုပ္ပန်ဘဝ၌သာလျှင်။ အညာ၊ အရဟတ္တဖိုလ်ဖြစ်စေ။ သတိဝါ ဥပါဒိသေသေ၊ ခန္ဓာငါးပါး ဥပါဒါန်တရား အကြွင်းရှိသေးလျှင်။ အနာဂါမိတာဝါ အနာဂါမိဖိုလ်ဖြစ်စေ။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ၊ တပါးပါးသော။ ဖလံ၊ ဖိုလ်ကို။ ပါဋိကင်္ခံ၊ ရနိုင်သည်သာတည်း။

ဘုရားရှင်သည် သဋ္ဌေးသမီး ပဋ္ဌာစာရီအား ချစ်သမီး ပဋ္ဌာစာရီ-ခန္ဓာကိုယ်၏ အဖြစ်အပျက်ကို မရှုပဲ အသက်တရာရှည်သော အကြင်သူထက် ခန္ဓာကိုယ်၏ အဖြစ်အပျက်ကို ရှုသဖြင့် တနေ့ တရက် တမနက်မျှ အသက်ရှင်နေသော ထိုသူက မြတ်ကြောင်းကို ဟောတော်မူခဲ့ပေသည်။

> ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
> ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။
>
> (ဓမ္မပဒပါဠိတော်-၁၀)

ယောဇ၊ ရုပ်နာမ် သံသရာ ဒုက္ခအဖြာဖြာကို သတိမထား ဝီရိယ မပွား ပညာတရား မတိုးပြွားသော မည်သူမဆို အကြင် ပုဂ္ဂိုလ်သည် ကား။ ဥဒယဗ္ဗယံ၊ ခန္ဓာရုပ်နာမ်တို့၏ ဥပါဒ်ဌီဘင် ဓမ္မနိယာမ အားဖြင့် မျက်စိတမှိတ် လျှပ်တပြက် ခဏ၌ ကုဋေတသိန်း မက ဖြစ်ပျက်ခြင်း ခဏိကမရဏ, တဘဝမှ တဘဝသို့ မပြောင်းချင် မသွားချင်၍ မရ ပြောင်းကြရ သွားကြရသော သမ္မုတိမရဏ ဖြစ်ခြင်း ပျက်ခြင်းမျှကို။ အပဿံ-အပဿန္တော၊ အနောတတ် ရေအိုင်၌သာ ပျော်မွေ့သော ရွှေ ဟင်္သာ, တောကြီး ဟေမဝန္တာမှာ ပျော်ရှာသော ကေသရာဇာ, ဆန္ဒန် အိုင်မှာသာ နေလိုသော ဆန္ဒန်ဆင်မင်းပမာ မေ့မေ့လျော့လျော့ နေကာ မရှုရှာပဲ။ ဝဿသတံ၊ နာရီရက်လ ရေတွက်စစ်က အနှစ်တရာ အနှစ် တထောင် အနှစ်တသောင်း မရေတွက်နိုင်သောကာလပတ်လုံး။ ဇီဝေ-ဇီဝေယျ၊ အတ္တဒိဋ္ဌိ စွဲငြိနေသောသူ ဖြစ်၍ အသက်ရှင်၍ နေငြားအံ့။ ဥဒယဗ္ဗယံ၊ ခန္ဓာနာမ်ရုပ်တို့၏ ခြသေ့် သစ်ကျား ကြမ်းငြား တိရစ္ဆာန် သုသာန်မိုးကြိုး ဘီလူးတမျိုး စစ်မြေပျိုး၍ မီးကျီးတွင်း အလား ကြောက်မက်ဖွယ်ရာပါတကားဟု နေ့ညမပြတ် ဖြစ်ပျက်ခြင်းကို။ ပဿ တော၊ ပိုက်ကွန်ထဲမှ ငါး ကြောက်အားသန်ကာ လွတ်လိုမှုဖြင့် ကိုယ် ရောစိတ်ပါ လုံ့လပြုသကဲ့သို့ ဝိပဿနာ တရားကို ရှုသောသူအား။ ကောဟံ၊ အမိဝမ်းတွင်းမှ ဖွားပြီးကာစ တရက်မျှသာ။ ဇီဝိတံ၊ ဥပမာ ပြရပါမူ ယုတ်စွအဆုံး ယနေ့မွေး နက်ဖြန် သေသောသူ၏ တနေ့တရက် တမနက်မျှ လူ့ရွာသို့ရောက်လာရသည်ဟု ပြောစမှတ်ပြုရရုံသာ အသက် ရှင်ခြင်းသည်။ သေယျော၊ နောင်ဘဝအတွက် ဝိပဿနာ ပညာ အထုံ ပါရာပါကြောင်း ဖြစ်၍ အဆင့်ဆင့် ဉာဏ်ရင့်သန်ပြီး အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို ကေန်မုချ ရောက်ရမည် ဖြစ်သဖြင့် တကယ်ပင်မြတ်လှပေ သည်သာတည်း။

(ဤဂါထာကို ဝိပဿနာနှင့် ပတ်သက်သမျှ အစ အလယ် နိဂုံး ဟောနိုင်၏)။

**တသုတ်လုံး ဆောင်ပုဒ်**

အာနာ, ဣရိ, မှတ်ဘိ သမ္ပဇည်။
ပဋိက္ကူလ, ရူပ ဓာတ်မှန်။
သိဝထိက, ဝေဒနာ, စိတ္တံ၊
နီ, ခံ, အာ, ဗောမှာ လေးသစ္စံ။

# ကျမ်းပြီးနိဂုံး

ဣမိနာ ပုညကမ္မေန၊ ပညာဓိကော ဘဝါမဟံ။
ဣစ္ဆိတတ္ထော စ ပါဏီနံ၊ သုခေနေဝ သမိဇ္ဈတု။
( ယ-ဇ-ယ-ဇ )

အဟံ၊ဦးဝရသာမိဘိဝံသ ခေါ်ကြ သမုတ် အကျွန်ုပ်သည်။ ဣမိနာ ပုညကမ္မေန၊ မဟာသတိပဋ္ဌာန် အကြောင်း သိကောင်းစရာ သညာ တင့်ဆန်း ဤသည့်ကျမ်းကို ကြိုးပမ်းအားထုတ် ပြုလုပ်ရသော ကောင်းမှု ရှိန့်စော် အာနုဘော်ကြောင့်။ ပညာဓိကော၊ နန်းနိဗ္ဗာန် မရမချင်း ဘဝတိုင်း ဘဝတိုင်း အတွင်း၌ ဝရဇိန်စက်ပမာ ပညာ ဉာဏ်ရောင် လက်လက် ဝေ၍ ထိန်ထိန် ပြောင်သော အမျိုးကောင်းသားသည်။ ဘဝါမိ၊ ကြံတိုင်းလည်းအောင် ဆောင်တိုင်းလည်းမြောက် စိတ် ထင်တိုင်း ရောက်ရပါလို၏။ ပါဏီနံ၊ ကြွင်းကျန်များစွာ သတ္တဝါအနန္တ ဝေနေယျတို့၏။ ဣစ္ဆိတတ္ထောစ၊ ကြံစည် တောင့်တ လုံးဝ အကျိုး ပြည့်ဖြိုး ကြွယ်စုံ ကုံလုံခြင်းသည်လည်း။ သုခေနေဝ၊ စိတ်ချ လက်ချ ကိုယ်စိတ် ချမ်းသာ သုခဖြင့်သာလျှင်။ သမိဇ္ဈတု၊ ကိုယ့်နည်း ကိုယ့်ဟန် ကိုယ့်အကြံဖြင့် အလိုရှိတိုင်း မဆုတ်ဆိုင်းပဲ ပြီးပြည့်စုံပါစေ**သ**တည်း။

မဟာသတိပဋ္ဌာန် အကြောင်း သိကောင်းစရာ
ပြီးပြီ။